www.burmeseclassic.com

# ချစ်ဦးညို

## ဗုဒ္ဓယာဉ်ကျေးမှုဝတ္ထု

ပေါင်းချုပ်



BURMESE CLASSIC .com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် လေးရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး။
* ဖြစ်ပေါ် လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် လေးရပ်

* စိုက်ပျိုးရေးကို အခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် လေးရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

သီရိဒွေစာအုပ် ၁၇

# ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုပေါင်းချုပ်

## ချစ်ဦးညို

[ တန်ဖိုး – ၁၅၀၀ ကျပ် ]

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုအမှတ်** - ၈၄၈/၂၀၀၄ (၁၂)

**မျက်နှာဖုံးခွင့်ပြုအမှတ်** - ၃၂၀၁၀၅ ၀၅ ၀၂

**ပုံနှိပ်ခြင်း**

တတိယအကြိမ်၊ ဇွန်လ၊ ၂၀၀၅ ခုနှစ်

**အုပ်ရေ**

၅၀၀

**မျက်နှာဖုံးဒီဇိုင်း**

သန်းမြင့်အောင်

**စာအုပ်ချုပ်**

စွယ်တော်

**အတွင်းဖလင်**

မဟာမီဒီယာ

**မျက်နှာဖုံးပုံနှိပ်**

ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်

အမှတ် - ၈၇၊ ၅၆-လမ်းတို၊ အမှတ်(၁)ရပ်ကွက်၊

ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်

အမှတ် - ၈၇၊ ၅၆-လမ်းတို၊ အမှတ်(၁)ရပ်ကွက်၊

ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကျော်ဟင်း၊ (၀၉၁၀) ယုံကြည်ချက်စာပေ၊

၁၁၁၊ ၃-ထပ်(ညာဘက်)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## မာတိကာ

၁။ ထိပ်ထားရွှေစင် ... ၁
၂။ လရောင်ဝင်းအလင်းမြှာ ... ၁၁
၃။ မိုးရေပေါက်ကလေးများ ... ၂၁
၄။ အချစ်ငါမသိ ... ၂၉
၅။ အဘိုးအိုနှင့်သူ၏ဂီတာ ... ၄၁
၆။ အပေါ်ရှိပုဆိုးလေးတစ်ထည် ... ၅၁
၇။ အတုမဲ့သက်သေ ... ၆၁
၈။ စိန် ... ၆၉
၉။ မိုးကျိုးတွင်းမှပဒုမ္မာ ... ၇၉
၁၀။ စောင်းသံ ... ၈၉
၁၁။ အဘယမင်းသား ... ၁၀၁
၁၂။ ကမ်းပါးမြတ်ပေါ်မှသစ်ပင် ... ၁၁၁
၁၃။ မဟာဇနကမင်းကြီးတောထွက်ခန်း ... ၁၂၉
၁၄။ ဘုံပျံနန်းသခင် ... ၁၆၉
၁၅။ တိုင်ထိပ်များမှတရားရှင် ... ၁၈၁
၁၆။ သပြေခက်၏စိန်ဒေါ်သံ ... ၁၉၅
၁၇။ အရိန္ဒမနှင့်သောဘဏ ... ၂၀၉
၁၈။ သောကတောင်ထုချစ်မှုပိုခဲ့တယ် ... ၂၁၉
၁၉။ မဟာပဇာပတီဂေါတမီ ... ၂၃၁

www.burmeseclassic.com

www.burmeseclassic.com

# ထိပ်ထားရွှေစင်

အသက်တစ်ချောင်း မကြွကောင်းမစည်ရာမို့သာ ထိပ်ထား အသက် ရှင်သန်နေခြင်း ဖြစ်ပါတော့သည်။ သူတကာ သာမန်မိန်းမသူတွေလိုသာဆိုရင်ဖြင့် ထိပ်ထားကိုယ် ထိပ်ထား အဆုံးစီရင်ပစ်ရန်သာ ရှိပါတော့သည်။

ယခုတော့ ထိပ်ထား၏ဘဝမှာ ရှင်လျက် သေနေသူပါ။

*

ရတနာမျိုးစုံတို့၏ အရောင်တို့ဖြင့် ပြိုးပြက်တင့်တယ်နေသော ရွှေနန်းတော်ကြီးထဲမှ ပင်တိုင်နန်းဆောင်သည်လည်း ထိပ်ထားအတွက် အဓိပ္ပာယ်မရှိတော့ပါ။ အမျိုးဇာတ် မြင့်မြတ်ကြကုန်သော သကျသာကီနွယ် ဆွေတော်မျိုးတော်များသည်လည်း ထိပ်ထားအတွက် အားတက်ဖွယ်ရာ မဖြစ်တော့ပါ။

အလုံးစုံသော စည်းစိမ်ချမ်းသာများသည် ထိပ်ထားအတွက် အချည်းနှီး ဖြစ်နေပါသည်။ အမျိုးဇာတ် မြင့်မားခြင်းဖြင့် ဘုရင့်သမီးတော်ဟူသော အဖြစ်သည်လည်း ထိပ်ထားအတွက် အလဟဿ ဖြစ်နေပါသည်။

အို…အဆုံးစွန်သော စကားကိုသာ ဆိုပါရစေတော့။

အသက်ရှင်သန်နေခြင်းပင်လျှင် ထိပ်ထားအတွက် သောကအပင်ကြီး ရှင်သန်ပွင့်ထွားနေခြင်း၊ ဒုက္ခအနန္တ ရာယ်ကြီး ရစ်ပတ်ဖွဲ့စည်းနေခြင်းပင် ဖြစ်ပါတော့သည်။ ထွက်သက် ဝင်သက်နှင့်အမျှပင် ထိပ်ထား၏ ဆင်းရဲဒုက္ခသည် တောက်လောင်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လောကရှိမိန်းမသူအပေါင်းတို့ လိုချင်တောင့်တကြကုန်သော ချမ်းသာသုခ မှန်သမျှတို့ကို ထိပ်ထား ပိုင်ဆိုင်ထားရှိးအမှန်ပါ။ မိန်းမသားတို့ ဘာကို အလိုရှိကြပါသလဲ။ လက်ဝတ်လက်စား ရတနာ ရွှေငွေလား၊ ထိပ်ထားမှာ ခုနစ်ပါးသော ရတနာတို့ အစုံလိုက် အစုံလိုက် ပိုင်ဆိုင်ပါသည်။

အမျိုးဇာတ် မြင့်မြတ်ခြင်းလား၊ ထိပ်ထားသည် သကျသာကီဝင် မင်းသမီး တစ်ပါး ဖြစ်ပါသည်။ အခြွေအရံပေါများခြင်းလား၊ ထိပ်ထားမှာ နှုတ်တစ်ခွန်း ဟ၊ လက်တစ်ဖွဲ့ယမ်းလိုက်ရုံဖြင့် အလိုရှိရာ ဆောင်ကြဉ်းပေးကြမည့် ကျေးကျွန်များ ရှိပါသည်။

သို့သော်...

မိန်းမသားတို့ အတောင့်တအပ်ဆုံးသော ဆုလာဘ်ရတနာတစ်ပါး ရှိပါသေးသည်။ ဒါကလည်း မိန်းမသားတို့၏ တကယ့်အထွတ်အမြတ် တန်ဖိုးထားရာ ဖြစ်ပါသည်။ အခြားမဟုတ်ပါ၊ လှပခြင်းဆိုသော ရတနာ။ အလှဆိုသော တန်ဖိုး။

အလှ။ မိန်းမသားတို့ အလိုချင် အတောင့်တဆုံးအရာ။

လှပြီးသား မိန်းမတွေက ပိုလှချင်သည်။ မလှရှာသူများကလည်း အလှပြင်သည်။ သိပ်လှသူများကကော၊ သူတို့ကလည်း အလှဆုံးဆိုသောဘွဲ့ကို လိုချင်ကြသည်။

အလှသည် မိန်းမတို့၏ အမြင့်ဆုံးဆန္ဒ၊ တန်ဖိုးအထားဆုံး ဂုဏ်အင်္ဂါ။ မိန်းမတို့၏ အချင်းမှာ အဆင်းဟုပင် ဆိုကြသေးသည်။ ယောကျ်ားတွေကကောရှင်၊ မိန်းကလေးတစ်ဦးကို ကြည့်မြင်ကြရာမှာ လှပချောမောခြင်းဖြင့်သာ ပထမဆုံး ဆုံးဖြတ်ကြပါသည်။ မိန်းမဆိုသည်မှာ တစ်ခုမဟုတ် တစ်ခုတော့ လှနေရမည်ဟု လောကကြီးက ကမ္ဘည်းထိုးထားပါသည်။ ဤကမ္ဘည်းမှတ်ကျောက်တွင် တစ်နည်း မဟုတ် တစ်နည်းဖြင့် စံအတင်ခံနိုင်ရအောင် မိန်းမသားတို့ကလည်း ကိုယ့်အလှတည်ရာ၊ ကိုယ့်အလှရှိရာ အစိတ်အပိုင်းကို ထုတ်ဖော်ဖွင့်ပြကြရသည်။ အရွယ်၏ လှပခြင်း၊ ရုပ်ရည်၏ လှပခြင်း၊ အသားအရေ၏ လှပခြင်း၊ ဆံပင်၏ လှပခြင်း၊ အဆစ်အပိုင်း၏ လှပခြင်း၊ အို... ဋီကာချဲ့၍ပင် မကုန်နိုင်ပါ။

သည်တော့ မိန်းမသားတို့အတွက် အမျိုးဇာတ် မြင့်မြတ်တာ၊ စည်းစိမ်ချမ်းသာ ကြွယ်ဝတာ၊ အခြွေအရံပေါများတာ... အားလုံးသော ဂုဏ်ရည်တို့သည် အလှနှင့်စာလျှင် သာမည ဖြစ်သွားကြပါပြီ။ အလှသည်သာ ရတနာ။



ထိပ်ထားမှာလေ... ကျန်သော အရာတွေအားလုံးနှင့် ပြည့်စုံနေသည်။ သို့သော် အလှ... အလှ။ သူသာ ကင်းမဲ့လျှင် ကြွင်းသမျှ ပြည့်စုံခြင်းတွေ ခပ်သိမ်းကို ချေဖျက်ပစ်သည့် အလှ...။

အရေးမပါသည့် သာမည ဂုဏ်အင်္ဂါတွေအားလုံးနှင့် ပြည့်စုံနေပါသော်လည်း အဓိကအကျဆုံး အရည်အသွေးကျခါမှ ထိပ်ထားမှာ...။

အို... မတွေးချင်ပါ၊ ဒါတွေ မတွေးချင်ပါ။

သာမန် ရွက်ကြမ်းရေကျိုဆိုလျှင်လည်း သနပ်ခါး ပန်းမန်အမွှေးအကြိုင်တွေဖြင့် အလှသွေးတွေ ကြွလာအောင် လုပ်လို့ရသေးသည်။

အို... အကျည်းတန် အရုပ်ဆိုးနေရင်တောင်မှ ရတနာစိန်ရွှေတွေနှင့် ဖုံးဖိခြယ်သလို့ ဖြစ်နိုင်ပါသေးသည်။

အခုတော့ ထိပ်ထားမှာ ဘာတစ်ခုနဲ့မှ အလှပေါ်လာအောင် ဖန်တီးယူလို့ မရသည့် ဘဝ။ အလှအစား မရဏကိုသာ ရွေးပစ်လိုက်ဖို့ကောင်းသည့် ဘဝ။

'ထိပ်ထားသခင်မလေး ဘုရား... ဆေးဝါးများ လိမ်းဖို့ အချိန်ကျနေပါပြီ၊ ဟောဒီမှာ ဆေးဝါးရည်ပါ၊ ဟောဒီမှာ ကြေးမုံပြင်ပါ'

'ဘာ...'

ဒါ... ဒါ... ငါ့ကို သေအောင် သတ်နေကြတာ၊ သတ်နေကြတာ၊ ဆေးဝါးရည်နဲ့ ကြေးမုံပြင်...။

'သွား... အားလုံးပြန်ယူသွား၊ ဆေးလဲ မလိမ်းဘူး၊ ပြီးတော့ အဲဒီ ကြေးမုံပြင်ကိုလဲ နောက်ထပ် ဘယ်တော့မှ ယူမလာကြနဲ့၊ ကြေးမုံပြင်ထဲမှာ ငါ့မျက်နှာ ငါ ပြန်ကြည့်ပြီး ငါ့ကိုယ်ငါ သတ်သေအောင် လုပ်နေကြတာလား'

ဟိမဝန္တာနှင်းရည်ဖြင့် ရောနှောဖျော်စပ်ထားသော ဆေးဝါး၊ အခြား လိမ်းကျံစရာများ နှင့်သာသွေးနှင့်တကွ ကြေးမုံပြင်ကိုပါ ဆွဲယူပစ်ပေါက်လိုက်တော့သည်။ ထို့နောက် သဥ္ဇာလီသို့ ပြေးဝင်လာခဲ့ကာ ညောင်စောင်းပေါ်သို့ ထိုးချပစ်လှဲလျက် မှူလောင်ပြင်းထန်စွာ သိမ့်သိမ့်တုန် ငိုကြွေးမိပါတော့သည်။

အို... ငါ့ဘဝ၊ ရောဟိနီမင်းသမီး ဆိုသော မိန်းမသား။

ငါ့ကိုမှ ဒီကုဋ္ဌနူနာရောဂါကြီးက ဖွဲ့ကပ်ရသတဲ့လား...။

*

^



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတော် အရှင်အနုရုဒ္ဓါ၊ နောက်ပါ ရဟန်းငါးရာနှင့်တကွ ကပိလဝတ္ထုမြို့တော်သို့ ရောက်ရှိတော်မူလာကြောင်း သတင်းရသည်။

ဩော်…အစ်ကိုတော်ကား မြင့်မြတ်သော ရဟန်းဘဝကို ရရှိသွားခဲ့ပေပြီ။

အစ်ကိုတော်အနုရုဒ္ဓါ၊ ကပိလဝတ် နန်းစည်းစိမ်နှင့်တကွ ဆွေတော်မျိုးတော် သာကီဝင်မင်းများကို စွန့်လွှတ်ကာ ဘုရားရှင်နောက်သို့ လိုက်ပါသွားခဲ့ချေသည်။ အနုရုဒ္ဓါမင်းသားဘဝတုန်းက ဆိုလျှင် မတောင့်မတ မကြောင့်မကြဘဝနှင့် ပြည့်စုံလိုက်ပုံများ။ ‘မရှိ’ ဆိုသော စကားကိုပင် နားမလည်သူ။

မှတ်မိပါသေးတယ် အစ်ကိုတော်ရယ်။

နှမတော်လေး ရောဟိနီ ငယ်စဉ်ကလေးဘဝပေမယ့် အစ်ကိုတော့်သတင်းက ကပိလဝတ်ရွှေနန်းတော်မှာ သတင်းမွှေးလွှန်းခဲ့ပါတယ်။

အစ်ကိုတော်အနုရုဒ္ဓါသည် အခြားသကျမင်းသားများနှင့်အတူ မုန့်ပေးတမ်းခုံညင်းဒိုး ကစားကြသည်။ အစ်ကိုတော်က အရှုံးများသည်။ ရှုံးကြေးအဖြစ် ကစားရာမှာပင် မယ်တော့်ထံ မုန့်အတောင်းခိုင်းသည်။ အသင့်စီမံထားသော မုန့်များကို မယ်တော်က ပေးလိုက်သည်။ အစ်ကိုတော်က ရှုံးပွဲတွေချည်း ဆက်နေသောကြောင့် မုန့်များ ကုန်သွားသည်။ နောက်တစ်ခါ ရှုံး၍ မုန့်အတောင်းခိုင်းလိုက်သောအခါ မယ်တော်က ‘မရှိ’ ဟု မိန့်လိုက်သည်တဲ့။

မရှိစကား မကြားဖူးသော အစ်ကိုတော်တို့များ ‘မရှိ’ ဆိုသော စကားကို မုန့်တစ်မျိုး၏အမည်ဟု ထင်မှတ်ကာ ‘မရှိမုန့်ကိုပင် ယူခဲ့ရှေ’ ဟု ခိုင်းလိုက်သည် တဲ့။ မယ်တော်က မရှိဆိုသော စကားကို သားတော်နားလည်သွားအောင် ဗလာဟင်းလင်း ဖြစ်သော ရွှေခွက်ကို ပေးလိုက်သည်။

အစ်ကိုတော့်ဘုန်းကံကား ထူးခြားလှပါပေသည်။

ဗလာဟင်းလင်း ရွှေခွက်ထဲတွင် နတ်သုဒ္ဓါများ အပြည့်ပါလာသည်။

‘သည်မျှကောင်းသောမုန့်ကို ဘာကြောင့် မယ်တော် ယခင်က မကျွေးခဲ့ရသလဲ’ ဟု အစ်ကိုတော်က အထင်သေးသည်တဲ့။ သည်လိုနှင့်ပင် မရှိမုန့်ကို စားချင်တိုင်း မယ်တော်က ရွှေခွက်အလွတ်တွေကို ပို့ပို့ပေးနေခဲ့သည်။

သည်သို့ သတင်းကြီးသော အစ်ကိုတော် အနုရုဒ္ဓါ။

မှတ်မိပါသေးသည်။ အစ်ကိုတော်တို့ သတင်းမွှေးပုံ။

‘ထမင်း ဘယ်က ရသနည်း’ ဟူသော မေးခွန်းကို အစ်ကိုတော်တို့ မင်းသား



သီအစ်ကိုတွေ အဖြေထုတ်ကြသည်တဲ့။ ဘဒ္ဒိယ၊ အာနန္ဒ၊ ဘဂု၊ ကိမိလ အစရှိသော အခြားမင်းသားများက ထမင်းသည် စပါးကျီမှ လာသည်၊ မီးဖိုမှ လာသည်၊ အိုးထဲမှ လာသည်ဟု ဖြေကြချိန်မှာ အစ်ကိုတော်က ‘ထမင်းသည် ရွှေခွက်ထဲမှ ဖြစ်ပေါ်လာသည်’ ဟု ဖြေသည်တဲ့။ သည်မျှပင် မတောင့်မတ၊ မကြောင့်မကြနေခဲ့ရသော ဘဝမှ အစ်ကိုတော်သည် လောကစည်းစိမ်ကိုစွန့်ပယ်ကာ မဟာနာမ်မင်းသားကြီး၊ ဘဒ္ဒိယမင်းသား၊ အာနန္ဒမင်းသား၊ ဘဂု မင်းသား၊ ကိမိလမင်းသားတို့နှင့်အတူ ဘုရားရှင်နောက် မလ္လတိုင်းသို့ လိုက်ပါသွားခဲ့ချေသည်။

ယခုကား အစ်ကိုတော်သည် ဘုရားရှင်၏ အဆုံးအမအောက်တွင် ဒိဗ္ဗစက္ခုအဘိညာဉ် ရရှိကာ မဟာဝိတက္ကသုတ်ကို ကြားနာပြီးသည့်အဆုံး၌ တရား အားထုတ်၍ ရဟန္တာမထေရ်မြတ် ဖြစ်တော်မူချေပြီ။

အစ်ကိုတော် အရှင်အနုရုဒ္ဓါသည် ကပိလဝတ်သို့ ကြွမြန်းလာခဲ့ပြီ။ အို… သကျသာကီဝင် ဆွေတော်မျိုးတော်များကလည်း အစ်ကိုတော့်ကို ရှိခိုးနှုတ်ဆက်ကြသည် တဲ့။

ဒီအချိန်မှာ…ဒီအချိန်မှာ ထိပ်ထားနှမတော်လေး ရောဟိနီကတော့ အရှင်ဘုရားကို အဖူးမြော် မဝင်နိုင်ခဲ့ပါလား အစ်ကိုတော်ရယ်။

ဒီ ကုဋ္ဌနူနာရောဂါကြီးနဲ့ နှမတော်လေးဟာ လူပုံအလယ် မဝင်ရဲ မတိုးရဲ ဖြစ်နေပါပြီ အစ်ကိုတော်ဘုရားရယ်။

*

လူမြင်မခံဝံ့သည့် ကိုယ့်ရောဂါကြီးကြောင့် ရှောင်ပုန်းနေမည်ကြံပါသော်လည်း အရှင်အနုရုဒ္ဓါ အခေါ်တော်ရှိသည် ဆိုသဖြင့် ရွှေကျင်ခတ်ပဝါကို မျက်နှာတစ်ခုလုံး လွှမ်းခြုံမိအောင် ရစ်ပတ်လျက် ရှေ့တော်မှောက် ဝင်ခဲ့ရပါပြီ။

‘ဒကာမလေးရောဟိနီ ပိုင်ဆိုင်တဲ့ လက်ဝတ်လက်စား ရတနာတွေကို ရောင်းချ ထုခွဲပြီး ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းရမယ်’

‘ဆွမ်းစားကျောင်းအတွက် လိုအပ်တဲ့ သစ်သားအစရှိတဲ့ ပစ္စည်းများကို ဆွေတော် မျိုးတော်များက စုဆောင်းရှာဖွေပေးရမယ်’

ထိပ်ထား၏ လက်ဝတ်လက်စား ရတနာများကို ထုခွဲရောင်းချလိုက်ပါသည်။ ထို့နောက် ဘုံခုနစ်ဆင့်ရှိသော ဆွမ်းစားကျောင်း တစ်ဆောင်ကို ဆောက်လုပ်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းစားကျောင်း ဆောက်နေစဉ် အထက်ဆင့်၌ ပျဉ်ခင်းသောအခါမှ စ၍ ထိပ်ထားသည် အရှင်အနုရုဒ္ဓါ မိန့်ကြားတော်မူသည့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ပါသည်။

ဆွမ်းစားကျောင်းအောက်၌ ထိပ်ထား မပြတ် တံမြက်လှည်းသည်။

နေရာထိုင်ခင်းများကို ခင်းကျင်းစီမံသည်။

သောက်ရေအိုးများတွင် ရေခတ်သည်။

အို... ထိပ်ထား၏ အနိဋ္ဌာရုံ အမှောင်တိုက်ကြီးထဲတွင် အသက်ရှင်သန်နေထိုင်ရခြင်းသည် တစ်စုံတစ်ခုသော အဓိပ္ပာယ်ကို ဆောင်၍ အလင်းပွင့်လေးများ ဝင်းလက်စ ပြုနေကြပါပြီ။

ဟိမဝန္တာနှင်းရည် ရောထားသော ဆေးရည်၊ နံ့သာချောင်းနှင့် ထိပ်ထား မှန်းသော ကြေးမုံပြင်တို့ကိုပင် ထိပ်ထား အမှတ်မရတော့ပါပြီ။ အရှင်အနုရုဒ္ဓါ မိန့်တော်မူသည့်အတိုင်း ဆွမ်းစားကျောင်းအောက်မှာ တံမြက်လှည်းရ၊ နေရာထိုင်ခင်းများ စီမံခင်းကျင်းရ၊ သောက်ရေအိုးများကို ဆေးကြောသန့်စင် ရေဟောင်းရေသစ် လဲရဖြင့် ထိပ်ထား မအားလပ်ပါ။

တစ်ခုသောနံနက်တွင် ထုံးစံပြုမြဲအတိုင်း တံမြက်လှည်းပြီး၍ ဆွမ်းစားကျောင်းထောင့်မှာ လှည်းပြီး အမှိုက်သရိုက်များကို စုပုံကာ ကျုံးယူနေစဉ် အနီးရှိ ရံရွေတော်တစ်ယောက်က တအံ့တသြ ဆိုပါသည်။

'အို... ထိပ်ထား၊ ထိပ်ထားရဲ့ လက်ချောင်းလေးတွေ'

အမှိုက်သရိုက်တွေကြားမှ ထိပ်ထား၏ လက်များကို ဖြန့်ကြည့်လိုက်ပါသည်။

'ဟင်...'

'အို... ထိပ်ထားရဲ့ မျက်နှာကော၊ ဟို... ဟို... ကြေးမုံပြင် အမြန်ယူခဲ့ကြပါ၊ ထိပ်ထားလေး... ကြေးမုံမှာ ထိပ်ထားရဲ့ မျက်နှာကို ပြန်ကြည့်လိုက်စမ်းပါဦး'

ရံရွေတော်တစ်ယောက် အပြေးအလွှား ယူလာသော ကြေးမုံပြင်ကို မျက်နှာရှေ့မှာ ထိပ်ထား ထောင်ကြည့်လိုက်ပါသည်။

အို... ပါးစုံ့လေးတွေ ပြည့်ပြည့်ဖြိုးဖြိုး။ အသားအရေတွေလည်း စိုစိုပြည်ပြည်၊ အနီကွက်တွေလည်း ကျိုးကျဲညှိုးမှိန်လွှား။ မျက်ခုံး၊ မျက်တောင်တွေလည်း ရေးရေးထင်ပေါ်လာ...။



'ထိပ်ထားလေး... ထိပ်ထားလေးရဲ့ရောဂါ သိသိသာသာကြီး သက်သာလျော့ပါးလာပါပကော၊ အို... ဝမ်းသာလိုက်တာ ထိပ်ထားရယ်'

*

မည်မျှပင် သက်သာလျော့ပါးစေကာမူ ရှင်းရှင်းပျောက်ကင်းသွားသည်မဟုတ်ပါ။ ထို့ကြောင့် အရှင်အနုရုဒ္ဓါ၏ ပင့်ဖိတ်ချက်အရ ထိပ်ထား ဆောက်လုပ်ပြီးစီးသွားသော ဆွမ်းစားကျောင်းသို့ ဘုရားရှင်နှင့်တကွသော ရဟန်းသံဃာတော်များ ရောက်ရှိတော်မူလာကြပြီးနောက် ထိပ်ထားကပ်လှူသော ဆွမ်းအလှူပွဲသို့ ထိပ်ထား မတက်ရောက်ပါ။

အရှင်အနုရုဒ္ဓါက အစ်ကိုဖြစ်နေ၍ မထောင်းတာသော်လည်း အတုမဲ့ ဘုရားရှင် နှင့် ရဟန်းသံဃာတော်တို့ရှေ့တော်မှောက်သို့ကား ထိပ်ထား မျက်နှာမပြလိုပါ။ ထိပ်ထား ရှက်ရွံ့သည်ထက် ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းမှုကိစ္စကြီး အနှောင့်အယှက်ဖြစ်မည်ကို စိုးလှပါသည်။

သို့သော်...

'ထိပ်ထားသခင်မလေး... ဘုရားရှင်က ခေါ်တော်မူပါတယ်'

မြတ်စွာဘုရား ကိုယ်တော်တိုင်က ထိပ်ထားကို ခေါ်တော်မူသတဲ့။ အို... ထိပ်ထား ရှေ့တော်မှောက်သို့ အခစား အဖူးမြော် ဝင်လိုက်ပါတော့သည်။

ဘုရား... ဘုရား... ကြောက်စရာကောင်းလှပါကလား။

အဖြစ်သနစ်တို့သည် ထိပ်ထား၏ အသိဉာဏ်ထဲတွင် ရုပ်ပုံများအဖြစ် ထင်ရှားစွာ လှုပ်ရှားဖြစ်ပေါ်နေကြပါသည်။

အတိတ်ဘဝက အကြောင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ရပါပြီ။

ထိပ်ထား... ထိပ်ထားကိုယ်တိုင်ပါပဲ။ ဗာရာဏသီမင်း၏ မိဖုရားကြီးဘဝဖြင့် ဖြစ်ပါသည်။ ပွဲကြည့်ဆောင် ရင်ပြင်တွင်တော့ 'သူ' ကခုန်နေပါသည်။ သူကား ချောမောလှပ၍ ဆွဲဆောင်မှုကြီးမားသော ကချေသည်မလေး ဖြစ်ပါသည်။ မောင်တော် မင်းကြီးနှင့်တကွ နန်းတွင်းရှိအမှူးအမတ်များအားလုံး သူ့အလှ၊ သူ့အက၊ သူ့အနုပညာနောက်သို့ ထက်ကြပ်မကွာ ကောက်ကောက်ပါ အဓိုက်မိနေကြသည်။

ဩော်... သင်းက ကချေသည်ပီပီ ဖမ်းစားညှို့ငင်သတဲ့လား။

မိဖုရားကြီးဟူသော မာနနှင့် အမျက်ဒေါသတို့ ရိုပ်ခနဲ လှိုင်းထသွားသည့်အဖြစ်ကို သိလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကချေသည်မရဲ့ အိပ်ရာ၊ ပဝါ၊ ကော်ဇော၊ ခြုံထည်၊ ကမ္ဘလာ၊ အို… သူ ထိကိုင်မိမယ့် နေရာမှန်သမျှကို ခွေးလေးယားသီး အမှုန့်တွေ ဖြူးကြစမ်း၊ ကြဲပက်ကြစမ်း၊ နေရာလပ် မရှိစေနဲ့ဟေ့။

ဟုတ်ပြီ၊ ဟိုမှာ သင်း ကနေပြန်ပြီ။ ပွဲကြည့်ဆောင်အပေါ်ဘက်ကနေ သင်းကိုယ်ပေါ်ကို ခွေးလေးယားသီးတွေ ဖြန့်ကြဲချလိုက်စမ်း။ ဟုတ်ပြီ၊ ဟင်း ဟင်း… ဘာတတ်နိုင်သေးသလဲ ကချေသည်မ။ သင်းကိုယ်သင်း သိပ်လှ၊ သိပ်က၊ သိပ် ဆွဲဆောင်တယ်မပေါ့လေ။ ဟား ဟား… ကြည့်ကြစမ်း… ကြည့်ကြစမ်း။ ဘယ်မှာလဲ အလှ၊ အက၊ အနုပညာ။ ကဦးလေ၊ ဆိုဦးလေ၊ ကြာဇံပါတွေ ပြဦးလေ။

အခု မင်းတစ်ကိုယ်လုံး ယားယံပြီး ပရိသတ်ဗိုလ်ပုံအလယ်မှာ ဣန္ဒြေတွေ ပျက်ကုန်ပြီ မဟုတ်လား။ ကိုင်း… ပွဲကြည့်ဆောင်တစ်ခုလုံးလည်း တဝေါဝေါ ရယ်ကုန်ကြပြီ။ မှတ်ပလား ကချေသည်မ။

အိုး အိုး… မင်း ထွက်ပြေးပြီလား။ မင်း အိပ်ခန်းထဲကိုလား။

သွားလေ… သွားစမ်းလေ။ အဲဒီမှာလည်း နေရာလပ်မရှိ ခွေးလေးယားသီး အမှုန့်တွေ ကြဲချထားတယ် ကချေသည်မရဲ့။

အဲဒီတော့မှ မင်းတစ်ကိုယ်လုံး ယားယံပြီး ခြေ၊ လက်၊ မျက်နှာတွေမှာလည်း နေရာလပ်မရှိ အဖုအပိမ့်တွေ ထွက်လာပြီး ဟင်း ဟင်း…။

*

ဘုရား… ဘုရား… ကြောက်စရာကောင်းလှပါကလား။

ထိပ်ထား၏ အတိတ်ဘဝကို ဆောင်တော်မူသော ဘုရားရှင် ဟောကြားတော်မူသည့် အဖြစ်ကို ကြားနာရင်း ထိပ်ထားပြုမိခဲ့သမျှ အဝဝကို ကွင်းကွင်းကွက်ကွက် ဖြစ်လာသည်။ ဘုရား… ဘုရား၊ အမျက်၊ ဒေါသ၊ မာန်မာန။ အမျက်၊ ဒေါသ၊ မာန်မာန။

'အမျက်ကို စွန့်ရာ၏။
မာနကို ပယ်ရာ၏။
သံယောဇဉ် ဟူသမျှကို ကျော်လွန်ရာ၏။
နာမ်ရုပ်၌ မငြိတွယ်၊ မကြောင့်ကြသူတို့ထံ
ဆင်းရဲဒုက္ခတို့သည် မကျရောက်လာကြကုန်'



ရှင်တော်ဘုရား၏ ဒေသနာတော် အဆုံးသတ်သွားပါပြီ။
အို…
ထိပ်ထား၏ လက်၊ မျက်နှာ၊ ခြေ၊ အားလုံးသော အသားအရေ…။
အို… ရောဂါဆိုးကြီး တစ်မုဟုတ်ချင်း ပျောက်ကင်းလွင့်စဉ်သွားပါပေါ့လား။

ရွှေရောင်ဝင်းသည့် ကိုယ်ရေအဆင်းဖြင့်။
စိုပြည်ကြော့ရှင်းသည့် အလှကျက်သရေတို့ဖြင့်။
ရောဟိနီ အလှနတ်မိမယ်ကလေး၊ သို့မဟုတ်
ထိပ်ထားရွှေစင် တဲ့ရှင်။

{ဓမ္မပဒ၊ ကောဓဝဂ်၊ ဒေသနာတော် – ၂၂၁}

○

www.burmeseclassic.com

www.burmeseclassic.com

# လရောင်ဝင်း အလင်းဖြာ

ဇေတဝန်ကျောင်းတော်သို့ သွားရာလမ်းရှိ အချက်အချာကျသော လမ်းခွ
ကြီးတွင် အရိပ်အာဝါသ ကောင်းသော စခန်းထောက်တစ်ခု ရှိသည်။ ကျောင်းတော
သို့ သွား၍ ဘုရားရှင်အား အဖူးအမြင် တင်ကြသူ အရိယာ သာဝကတို့သည်
စခန်းတွင် တစ်ထောက်နားကာ ခေတ္တခဏ အပန်းဖြေကြရင်း မလှမ်းမကမ်း
ကျောင်းတော်ဆီသို့ မျှော်ကြည့်ကြပြီး ဘုရားရှင်၏ ဂုဏ်တော်၊ တန်ခိုးတော်၊ ကျေးဇူ
တော်တို့ကို အောက်မေ့ပွားများကြမြဲ ဖြစ်သည်။

ထိုစခန်းသည် တရားဓမ္မ၏ ငြိမ်းအေးချမ်းမြေ့မှု ဗိမာန်သို့ ဝင်သော မုခ်ဦ
သဖွယ်လည်း ဖြစ်သည်။ သံသရာမှ လွတ်မြောက်ကြောင်းသို့ ကူးဝင်ရာ တံတား
ကူးတို့ဆိပ်သဖွယ်လည်း ဖြစ်သည်။

မနီးမဝေးရှိ ကျောင်းတော်မြင်ကွင်းသည်လည်းကောင်း၊ ညိုနေသော သစ်ပ
ရိပ်ကြီးများသည်လည်းကောင်း အရိယာသာဝကတို့အတွက် သံသရာတစ်လျှော
လုံး၏ အမောအပန်းမှန်သမျှကို စတင်၍ ပစ်ခွာချလိုက်ရာ ရိပ်နန်းလည်း ဖြစ်သည်
ဤနေရာသည် ခြေလှမ်းဟောင်း ဟူသမျှတို့၏ ကုန်ဆုံးရာ၊ ခြေလှမ်းသစ်တ
၏ စတင်ဖွင့်လှစ်ရာ ခရီးမှတ်တိုင်တစ်ခုလည်း ဖြစ်ပေသည်။

ထို့ကြောင့် ဤနေရာသည် ငြိမ်းချမ်းမှု၊ ရှင်သန်မှုတို့ ဖူးငုံပွင့်အာနေသော စခန်
ရိပ်သာယာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယနေ့အဖို့မူကား စခန်းသာယာ၏ အေးမြမှုသည် အနှောင့်အယှက်နှင့် ကြုံနေရသည်။ ငြိမ်းချမ်းမှု၏ တည်ငြိမ်သော ရေပြင်တွင် လှိုင်းဂယက်တို့ ပေါ်နေသည်။ ဘုရားရှင်၏ အဆုံးအမ စကားများကိုသာ အပြန်အလှန်ဆွေးနွေးခဲ့ကြသော တရားဓမ္မသံတို့ နေရာတွင် ငြင်းခုံသံများ ပေါ်ပေါက်နေသည်။

'သင်တို့က မယုံဘူးလား၊ စီးပွားချမ်းသာ တိုးတက်ဖို့၊ ဂုဏ်သတင်း ကျော်စောဖို့အတွက်များတော့ ဘုရားကျောင်းတော်ဆီ သွားမနေကြစမ်းပါနဲ့၊ တရားနာ သွားမနေကြစမ်းပါနဲ့'

'စော်ကားလှချည်လား၊ အတုမဲ့ ဘုရားရှင်ကို သင်တို့က ဒီလိုပြောသလား'

'စော်ကားတာ မဟုတ်ပါဘူးလေ၊ အမှန်ကို ပြောပြတာပါ၊ အချိန်ကုန်ခံပြီး တရားနာ သွားမနေကြစမ်းပါနဲ့လို့၊ ဟောဒီကိုလာ၊ ဟောဒီယာဉ်ပေါ်က အမျိုးသားကောင်း လုလင်ရှေ့ကို လာ'

'အဲဒီ ယာဉ်ပေါ်က လုလင်က ဘာမို့လို့လဲ'

'မှတ်ထား... လုလင်လေးရဲ့ အမည်က စန္ဒာဘ တဲ့၊ သူဟာ မြင့်မြတ်တဲ့ ဗြာဟ္မဏမျိုးနွယ်က ဆင်းသက်လာတယ်၊ ချမ်းသာကြွယ်ဝတဲ့ မိဘများရဲ့ သားရတနာလဲ ဖြစ်တယ်၊ မာဂဓတိုင်းမှာ ထင်ပေါ်ကျော်စောနေတဲ့သူလဲ ဖြစ်တယ်၊ ရာဇဂြိုဟ်မှာဆိုရင် စန္ဒာဘ လုလင်အတွက် အသပြာ အရာအထောင် အကုန်အကျခံမယ့်သူတွေ ကြိတ်ကြိတ်တိုးနေတယ်၊ သင်တို့ သာဝတ္ထိသားတွေရဲ့ အကျိုးစီးပွားအတွက် ပြောနေတာ'

'ဘာအကျိုးစီးပွားလဲ၊ ခပ်သိမ်းသော သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ကျုပ်တို့ရဲ့ ဘုရားရှင်က လွဲပြီး ဘယ်သူမှ မဆောင်နိုင်ဘူး'

'ခက်ပါလား၊ သင်တို့ သာဝတ္ထိသားတွေဟာ စီးပွားတိုးတက်ဖို့၊ ဂုဏ်သတင်း ကျော်စောဖို့ သင်တို့ရှိရာ တကူးတကန့်အရောက်လာတဲ့ ပုဂ္ဂိုလ်ထူးရဲ့ တန်ခိုးကို မသိကြလို့သာ ခုလို ပြောနေကြတာ'

'ဘာတန်ခိုးလဲ၊ သင်တို့ရဲ့ စန္ဒာဘ ထက် ကျုပ်တို့ရဲ့ ဘုရားရှင်က ပိုပြီး တန်ခိုးကြီးတယ်'

'အတုမဲ့ ဘုရားရှင်... တန်ခိုးတော်အနန္တ ရှင်ကို သင်တို့ ဒီလိုမပြောပါနဲ့'

ခွန်းတင်ခွန်းကျ ငြင်းခုံမှုမှာ ခိုက်ရန်ဖြစ်ပွားမှုဆီသို့ ရွေ့ရှုလာသည်။ တစ်ဖက်နှင့် တစ်ဖက်လည်း အလျှော့မပေးကြ။



ထိုစဉ် နောက်ထပ်ရောက်လာသော အရိပ်ယာသာဝကများထဲမှ အသက် ခပ်ကြီးကြီး လူတစ်ယောက်က အနီးရှိလူကို မေးလေသည်။

'ဒီမှာ ဘာဖြစ်နေကြတာလဲ'

'ဘာဖြစ်ရမှာလဲ၊ ဟောဟိုယာဉ်ပေါ်မှာ ထိုင်နေတဲ့ လုလင်ကို အကြောင်းပြုပြီး ငြင်းခုံနေကြတာလေ'

သစ်ပင်ရိပ် တစ်ရိပ်အောက်ရှိ ယာဉ်ဆီသို့ လှမ်းကြည့်ကာ လူကြီးက မေးသည်။

'ယာဉ်ပေါ်က လုလင်က ဘာဖြစ်လို့လဲ'

'သူ့နာမည်က စန္ဒာဘ တဲ့၊ ရာဇဂြိုဟ်က လာကြတာတဲ့၊ ဟောဟို တောက်ပြောင် သားနားစွာ ဝတ်စားထားသူတွေဟာ သူ့လူတွေပေါ့၊ ကြုံရပုံကတော့ ထူးထူးဆန်းဆန်းပဲ၊ အဲဒီ စန္ဒာဘ ဆိုတဲ့ လုလင်ရဲ့ ခန္ဓာကိုယ်ကို ထိကိုင်လိုက်ရင် ထိကိုင်သူဟာ စီးပွားဥစ္စာ တိုးတက်မယ်တဲ့၊ ဂုဏ်သတင်း ကျော်စောမယ် တဲ့'

'ဘယ့်လို...၊ သူ့ခန္ဓာကိုယ်ကို ထိကိုင်လိုက်ရင်...'

'ဟုတ်တယ်၊ စန္ဒာဘ ဟာ တန်ခိုးရှင်တဲ့၊ သူ့ကို ထိကိုင်ခွင့် ရကြဖို့အတွက် ရာဇဂြိုဟ်မှာတော့ လူတွေဟာ အသပြာ အရာအထောင် ပေးကြရသတဲ့'

'ဟ... ဘယ်လိုပုဂ္ဂိုလ်ထူးမို့လဲ'

'ဘယ်လိုထူးတာလဲတော့ မသိဘူးလေ၊ သူတို့လူတွေက ပြောတာကတော့ စန္ဒာဘ ရဲ့ ကိုယ်ကနေ လရောင်တွေ ဖြာထွက်နေသတဲ့၊ ဟော... ဟော... ဟိုမှာ သူ့လူတွေက စန္ဒာဘ ထိုင်တဲ့ ယာဉ်ကို ဒီဘက် ယူလာကြပြီ'

မေးသူ၊ အမေးခံရသူနှင့် အနီးအနားရှိ လူအုပ်ကြီးပါ ယာဉ်ဆီသို့ လှမ်းကြည့်ကြသည်။ ရာဇဂြိုဟ်သားတို့ အားလုံးမြင်သာသည့် နေရာလောက်တွင် ယာဉ်ကို ရပ်ပြီး ယာဉ်ပေါ်တွင် ထိုင်နေသော စန္ဒာဘ ၏ ကိုယ်ပေါ်မှ ထူထဲတောက်ပြောင်သော နက်ပြာရောင် ဝတ်ရုံ သင်တိုင်းစကြီးကို ဖယ်ရှားလိုက်ကြသည်။ စခန်းရိပ်သာယာတစ်ဝိုက်ရှိ လူအုပ်ကြီးမှာ သဲသဲလှုပ်သွားလေသည်။

လုလင် စန္ဒာဘ ၏ ကိုယ်မှ အကယ်ပင် ပြာလဲ့ဖြူလွ အလင်းရောင်များ လင်းဖြာ ထွက်ပေါ်နေလေသည်။

'တွေ့ကြလား၊ သူဟာ တန်ခိုးရှင်အစစ်ပဲ၊ သူ့ကိုယ်ကနေ လရောင်ဝင်းဖြာနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီလရောင်ဟာ စင်စစ်တော့ သူ့ရဲ့ ချက်ကနေ ထွက်ပေါ်လာတာ၊ ကျုပ်တို့ရဲ့ စန္ဒာဘ လုလင်ဟာ မွေးကတည်းက အဲဒီလိုထူးခြားတဲ့ ပုဂ္ဂိုလ်ရှင် ဖြစ်တယ်၊ ချက်ကနေ လရောင်ထွက်၊ ဒါကြောင့်လဲ သူ့ကို စန္ဒာဘလို့ ခေါ်ကြတာ တွေ့ကြပြီလား'

'အင်း...သူ့ကိုယ်ကနေ လရောင်အဆင်းလို အလင်းတွေ ဖြာထွက်နေတာတော့ အမှန်ပဲ၊ ဒါဟာ လိမ်ညာမှုတစ်ခုမဟုတ်တာတော့ သေချာတယ်'

စောစောက မေးခွန်းထုတ်သူ လူကြီး၏ မှတ်ချက်ချသံ ဖြစ်သည်။ အချို့သောသာဝတ္ထိသားများက ယာဉ်အနီးသို့ တိုးကပ်ကာ စန္ဒာဘ လုလင်ကို အနီးကပ် ကြည့်နေကြသည်။ ပြာလဲ့ဖြူလွ အလင်းရောင်များ ဖြာထွက်နေသော လုလင်၏ အဆင်းမှာ တင့်တယ်သည်ကတော့ အမှန်ပင်။

'တွေ့ကြပြီလား သာဝတ္ထိသားတို့၊ ကျုပ်တို့ဟာ ဟောဒီ တန်ခိုးရှင်လုလင်ကို မြင့်မြတ်တဲ့ ယာဉ်ပေါ်မှာ တင်ပြီး ရာဇဂြိုဟ်ကနေ လှည့်လည်လာခဲ့တယ်၊ ရောက်သမျှ နေရာတိုင်းမှာ ကိုယ့်အကျိုးစီးပွား ကိုယ် နားလည်သူတွေဟာ တန်ခိုးရှင်လုလင်ရဲ့ ခန္ဓာကိုယ်ကို ထိကိုင်ကြရဖို့အတွက် အသပြာ အရာအထောင်ပေးပြီး အလှုအယက်ဖြစ်နေကြတယ်၊ အခု သင်တို့ရှေ့မှောက်ကို တန်ခိုးရှင် ရောက်လာခဲ့ပြီ၊ ဒါကြောင့် ဇေတဝန်ကျောင်းတော်ကိုသွားပြီး တရားနာနေကြမယ့်အစား မိမိရှေ့မှောက် ရောက်လာတဲ့ အခွင့်ထူးကြီးကို လက်မလွှတ်တမ်း ရယူလိုက်ကြစမ်းပါ၊ သင်တို့ အကျိုးစီးပွားကို ဆောင်မယ့် စန္ဒာဘ လုလင် ရောက်လာပြီ'

အောင်မြင်သော အသံဖြင့် ဟစ်အော်ကြေညာသူမှာလည်း ယုံကြည်မှုအပြည့်ရှိနေသည်။ အနယ်နယ်အရပ်ရပ်တွင် အောင်ပွဲခံခဲ့ကြသည်ဟူသော သူ့စကားမှာ သံသယဖြစ်ဖွယ်မရှိ။ လရောင်ဝင်းနေသော ယာဉ်ပေါ်မှ လုလင်၏ အသရေကလည်း ရှုမငြီးစရာ ဖြစ်နေသည်။

သို့သော် ဇေတဝန်ကျောင်းတော်သွား တရားနာပရိသတ်ကလည်း နည်းနည်းလေးမှ အလျှော့မပေးကြချေ။

'သင်တို့ စန္ဒာဘ ထက် ငါတို့ဘုရားရှင်က ပိုပြီး တန်ခိုးကြီးတယ်'

'မဟုတ်ဘူး၊ စန္ဒာဘ လုလင်သာလျှင် တန်ခိုးရှင်အစစ်'

ပြင်းထန်တင်းမာလာသော ငြင်းခုံမှုသည် သည်အတိုင်း သွားနေပါက အဆုံးသတ်နိုင်တော့မည် မဟုတ်ကြောင်း စောစောက မေးခွန်းထုတ်သော လူကြီး သိလာသည်။ လူကြီးသည် အငြင်းပွားနေကြသော လူအုပ်ကြားထဲသို့ ဝင်လိုက်လေသည်။



'ကဲ...ဒီလိုလုပ်ကြပါ၊ ဒီလိုငြင်းခုံနေကြလို့ကတော့ ဆုံးမှာမဟုတ်တော့ဘူး၊ ဒီတော့ ရာဇဂြိုဟ်က မိတ်ဆွေကြီးများကို တစ်ခု တောင်းပန်ပါရစေ၊ သင်တို့ရဲ့ တန်ခိုးရှင်လုလင်ကိုပါ ခေါ်ပြီး ကျုပ်တို့နဲ့အတူ ဇေတဝန်ကျောင်းတော်ကို လိုက်ခဲ့ကြပါ၊ သာဝတ္ထိက တရားနာသာဝကများကလဲ ကိုယ့်နေရာ ကိုယ့်ဒေသမှာ တစ်ဆိတ် သည်းခံပြီး ဧည့်သည်တွေကို ဇေတဝန်ကျောင်းတော် ခေါ်ခဲ့ကြပါ၊ အခု ဖြစ်နေတဲ့ ဘုရားရှင်နဲ့ စန္ဒာဘ လုလင် ဘယ်သူက ပိုပြီး တန်ခိုးကြီးသလဲဆိုတာကို လက်တွေ့ ယှဉ်ပြိုင်ကြည့်ကြရအောင်'

'အို...သိပ်လိုက်တာပေါ့၊ ကျုပ်တို့ စန္ဒာဘ လုလင်ဟာ မန္တြိမတစ်ခွင်မှာ လှည့်လည်လာခဲ့တဲ့ တန်ခိုးရှင်ပဲ'

'အို...ကျုပ်တို့ကလဲ သိပ်ခေါ်တာပေါ့၊ ဇေတဝန်ကျောင်းတော်မှာ လက်တွေ့ ယှဉ်ပြိုင်ကြည့်ကြတာပေါ့'

ချက်မှ လရောင်ထွက်နေသည်ဟူသော စန္ဒာဘ လုလင်နှင့် ဘုရားရှင်တို့ တန်ခိုးပြိုင်ကြတော့မည် ဟူသောသတင်းကြောင့် တစ်ဆင့်စကား ကြားကြသူများလည်း ဇေတဝန်ကျောင်းတော်သို့ တန်ခိုးပြိုင်ပွဲကြည့်ရန် လိုက်ပါသွားကြလေသည်။

*

စန္ဒာဘလုလင်၏ ကိုယ်မှ လရောင်များ ဖြာထွက်နေခြင်းမှာ ဂန္ဓာရီအတတ်၊ မှော်အတတ် စသည်တို့ဖြင့် စီရင်ထားခြင်းမဟုတ်ဘဲ အကယ်ပင် ပကတိ ကိုယ်ရောင်ဖြစ်သည်။ ဤသည်မှာလည်း စန္ဒာဘ၏ ရှေးဘဝကုသိုလ်ကြောင့်ပင် ဖြစ်၏။ တစ်ခုသော ရှေးဘဝဝယ် စန္ဒာဘသည် ဗာရာဏသီ၏ နယ်စွန်နယ်ဖျား တောအရပ်ဒေသမှ တောရွာသားတစ်ယောက် ဖြစ်ခဲ့ဖူးသည်။ သူတို့နေထိုင်ရာ ဝေးလံသီခေါင်သော တောအရပ်ဒေသတွင် စန္ဒကူးတောကြီးတစ်တော ရှိသည်။ အသိဉာဏ် ခေါင်းပါးသော တောသားကား စန္ဒကူးမှန်းမသိ။ အကိုင်းနီနီနှင့် သစ်ပင်များဟုသာ သိသည်။ ထို့ကြောင့်လည်း ဗာရာဏသီမြို့မှလာသော စန္ဒကူးကုန်သည်အား စန္ဒကူး တောကြီးကို လိုက်ပြပေးခဲ့သည်။ စန္ဒကူးပင်များ ခုတ်လှဲပိုင်းဖြတ်ရာ၌ အကူအညီပေးခဲ့သည်။ တောသား၏ ရိုးအ,မှုကို တွေ့ရသော စန္ဒကူးကုန်သည်က လှည်းငါးစီးဖြင့် အပြည့်တင်ရုံမျှမက နောက်ထပ်တစ်ခါ သူကိုယ်တိုင် ဝေးလံသီခေါင်သောတောအရပ်ဒေသသို့ မလာတော့ဘဲ တောသားကိုသာ စန္ဒကူးသားများကို လှည်းနှင့် တင်ယူလာရန် မှာကြားခဲ့သည်။

သီရိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တေလသား လူရှိုး လူအ,ကလည်း မြို့သားကုန်သည်စကားကို နားထောင်ကာ အကောင်းဆုံး စန္ဒကူးပင်များကို လှဲ၍ စန္ဒကူးသားများကို လှည်းဖြင့်တင်ကာ ဗာရာဏသီ သို့ လာခဲ့သည်။ သူ ဗာရာဏသီမြို့သို့ ရောက်ချိန်ကား ထူးကဲသော အခါ သမယကြီးတစ်ခု ဖြစ်နေသည်။ ဗာရာဏသီတစ်မြို့လုံး ရွှေစေတီကြီးတစ်ဆူကို တည်ထားပူဇော်နေကြချိန် ဖြစ်သည်။ ထိုရွှေစေတီကြီးကား ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးသည့်နောက် ကြွင်းကျန်ရစ်သော တစ်ခဲနက် ဓာတ်တော်ကို ပူဇော်ရာ စေတီမြတ် ဖြစ်သည်။

တေလသားသည် ထိုပူဇော်ပွဲနှင့် ကြုံကြိုက်နေလေသည်။

စန္ဒကူးကုန်သည်က တေလသားကို ကြိုဆိုကာ ရွှေစေတီ ဓာတ်တော်ပူဇော်ပွဲတွင် ပါဝင်ကုသိုလ်ပြုရန် တိုက်တွန်းသည်။

'ကျုပ်က ဘယ်လိုကုသိုလ်ပြုရမလဲ' ဟု တေလသားက မေးသည်။

'မင်း ယူလာတဲ့ စန္ဒကူးသားတွေနဲ့ ကုသိုလ်ပြုပေါ့'

'စန္ဒကူးသားတွေနဲ့ ရွှေစေတီပူဇော်ပွဲကို ဘယ်လိုလုပ်ရမှာလဲ'

တေလသားကား အကယ်ပင် ရိုးအ,လွန်းသူပင်။

'စန္ဒကူးသားတွေကို ကျောက်ပျဉ်မှာ သွေးပေါ့ကွ၊ စန္ဒကူးနှစ်တွေ ရတာပေါ့၊ စန္ဒကူးနှစ်တွေကို ရွှေစေတီပူဇော်ပွဲ ယူသွားပေါ့'

တေလသား လူအ,သည် စန္ဒကူးသားများကို ကျောက်ပျဉ်တွင် အားကြိုး မာန်တက် သွေးလေသည်။ အလုပ်ကြမ်းမှန်သမျှကို ကျွဲတစ်ကောင်နှင့်မခြား ကုန်းရုန်းလုပ်နိုင်သူ ဖြစ်သည့်အတွက် စန္ဒကူးနှစ် အမြောက်အမြားကို သူ သွေးယူရရှိလာသည်။ ထိုစန္ဒကူးနှစ်များကို ရွှေစေတီပူဇော်ပွဲသို့ သူ ယူသွားသည်။ ကဿပဘုရားရှင်၏ ဓာတ်တော်များ ကိန်းဝပ်ရာ ရွှေစေတီတွင် သူ့နည်းနှင့်သူ အတင့်အတယ် ပူဇော်နေကြသော ဗာရာဏသီသားတို့၏ ကုသိုလ်ပြုကြပုံကို တွေ့ရပြီး တေလသားသည် သူသွေးယူလာသော စန္ဒကူးနှစ်တွေကို ဘယ်လိုသုံးရမှန်းမသိ ဖြစ်နေသည်။

သို့သော် ရွှေစေတီမြတ်ကို ကြည့်ရင်း တေလသား၏ နှလုံးအိမ်ထဲဝယ် သဒ္ဓါ လှိုင်းတံပိုးတို့ ထကြွရိုက်ခတ်လာသည်။ ထို့နောက်တွင်ကား တေလသားသည် သူ ပင်ပန်းကြီးစွာ ခုတ်လှဲခဲ့သော၊ ပင်ပန်းကြီးစွာ ဖြတ်တောက်သယ်ဆောင်လာခဲ့သော၊ ပင်ပန်းကြီးစွာ ကျောက်ပျဉ်ထက်၌ သွေးယူလာသော စန္ဒကူးနှစ်များကို စေတီတော်ဝမ်းပြင်၌ လဝန်းသဏ္ဍာန် သုတ်လိမ်းပူဇော်လေသည်။



ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့၏ အကြားကာလတွင် နတ်စည်းစိမ်ကို ခံစားခဲ့ပြီးနောက် သူသည် ဂေါတမဘုရားရှင်လက်ထက်တော်၌ ရာဇဂြိုဟ်မြို့တော် ဗြာဟ္မဏသူဌေးအိမ်တွင် မွေးဖွားလာသည်။ စေတီတော်ဝမ်းပြင်တွင် စန္ဒကူးနှစ်များဖြင့် လဝန်းသဏ္ဍာန်သုတ်လိမ်းပူဇော်ခဲ့သော ကုသိုလ်အဟုန်သည် သူ့အား ကောင်းမှုအရာ ထင်လေပြီဖြစ်သည်။

ထို့ကြောင့်ပင် ချက်မှ လရောင်ထွက်နေသော သူ့အား ထူးခြားသော တန်ခိုးရှင်အဖြစ် 'စန္ဒာဘ' ဟု ခေါ်ကြခြင်း ဖြစ်လေသည်။

*

စန္ဒာဘ စီးနင်းလိုက်ပါလာသော ယာဉ်ကို ဇေတဝန်ကျောင်းတော် မုခ်ဝတွင် ရပ်တန့်ကာ ပရဝုဏ်အတွင်းသို့ ခြေကျင်လျှောက်ခဲ့ကြသည်။ နက်ပြာရောင် ကတ္တီပါ သင်တိုင်းဝတ်ရုံကြီးကား စန္ဒာဘ၏ ကိုယ်ပေါ်တွင် ခြုံလွှမ်းလျက် ပါလာသည်။ ဘုရားရှင်ရှေ့တော်မှောက် ရောက်မှပင် ကတ္တီပါ ဝတ်ရုံကြီးကို ဖွင့်ကာ လရောင် အလင်း ဝင်းဖြာစေမည်ဟု စန္ဒာဘ၏ လူများက တိုင်ပင်ထားကြသည်။

တရားနာပရိသတ်၊ အရိယာသာဝကများနှင့်အတူ တန်ခိုးပြိုင်ပွဲကို ကြည့်ကြမည့် လူအများလည်း ကျောင်းတော်တွင်းသို့ လိုက်ပါလာကြသည်။

ဘုရားရှင်၏ ရှေ့တော်မှောက်သို့ ရောက်ကြလေပြီ။

စန္ဒာဘသည် တင့်တယ်သော အသွင်ဖြင့် ဒူးတုပ်ထိုင်လျက်ရှိသည်။

သူ့လူနှစ်ယောက် စန္ဒာဘ၏ ဘေးတစ်ဖက်တစ်ချက်မှ နေရာယူလိုက်ကြသည်။ တစ်ယောက်ကိုတစ်ယောက် အချက်ပေး မျက်လုံးများဖြင့် ကြည့်လိုက်ကြသည်။ ထို့နောက် ကတ္တီပါဝတ်ရုံကို စန္ဒာဘ၏ ပခုံးထက်မှနေ၍ တစ်ယောက် တစ်ဖက် ကိုင်ကာ ဆွဲခွာလိုက်ကြသည်။

ပရိသတ်ကြီးဆီမှ ဝေါခနဲ အသံထွက်ကျလာသည်။

စန္ဒာဘ၏ ကိုယ်မှ ပြာလဲ့ဖြူလွ လရောင်အလင်းကြောင့် မဟုတ်။

လရောင်ဝင်းသော အလင်းအစား စန္ဒာဘ၏ ကိုယ်ခန္ဓာအနီးအနားတစ်ဝိုက်တွင် မည်းမှောင်သော အမိုက်တိုက် ဖြစ်ပေါ်နေသောကြောင့်ပင်။

သူ့လူနှစ်ယောက်က ဝတ်ရုံကြီးကို ကမန်းကတန်း ပြန်၍ ခြုံလွှမ်းလိုက်ကြသည်။ စန္ဒာဘ၏ မျက်နှာပေါ်မှာ မာန်အပြုံးလည်း ပျောက်ကွယ်သွားသည်။

'နေကြဦးလေ ... နေကြဦး၊ တစ်ခုခုတော့ လွဲချော်နေလို့ပဲ'



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဘ၏ လူများသည် စန္ဒာဘကို ဝတ်ရုံကြီးနှင့်တကွ လုံးထွေးမွေ့ပိုက်ကာ ပရိသတ်အလယ်မှ ဆွဲထုတ်သွားသည်။ ကျောင်းတော်ခန်းမ၏ အပြင်ဘက်၊ ဘုရားရှင်နှင့် ကွယ်ရာနေရာတစ်ခုတွင် ဝတ်ရုံစကို ဖြုတ်ချလိုက်ကြသည်။

စန္ဒာဘ၏ ကိုယ်မှ ပြာလဲ့ဖြူလွှ အလင်းရောင်သည် တင့်တယ်စွာ လင်းလက်ထွက်ဖြာလာလေသည်။

'ဘယ်လိုဖြစ်တာလဲ၊ တစ်ခုခုတော့ လွဲချော်နေပြီ'

ဝတ်ရုံကြီးကို လွှမ်းခြုံစေပြီး ဘုရားရှင်ရှေ့တော်မှောက်သို့ စန္ဒာဘကို ခေါ်ခဲ့ကြပြန်သည်။

'လရောင်ထွက်တဲ့ တန်ခိုးဟာ ပျောက်ကွယ်မသွားပါဘူးလေ၊ ကြည့်ပေါ့'

ဝတ်ရုံကို ဆွဲခွာလိုက်သည်။

မီးသွေးကဲ့သို့ မည်းနက်သော အဆင်းသာ ပေါ်ထွက်လာပြန်သည်။

ပရိသတ်ကြီးကား လှုပ်လှုပ်ရွရွဖြစ်လာလေသည်။ အသံများလည်း ကျွက်စီကျွက်စီ ဖြစ်လာသည်။ စန္ဒာဘသည် သူ့လူများကို မစောင့်တော့ဘဲ လူအုပ်အလယ်မှ ထသွားကာ ခန်းမအပြင် ထောင့်တစ်နေရာသို့ ထွက်ခွာသွားသည်။ ထို့နောက် ဝတ်ရုံကို ဖယ်ရှားလိုက်သည်။ လရောင်အလင်းကား ဖြူပြာလဲ့ ထွက်ဖြာလျက်။

စန္ဒာဘသည် တစ်ခုခုကို နားလည်လိုက်ဟန်ဖြင့် တစ်ကိုယ်တည်း ခေါင်းညိတ်သည်။ ထိုအတွေးကို သူ့တစ်ကိုယ်တည်းပင် နှုတ်မှ ထုတ်ဖော်ရေရွတ်သည်။

'ဘုရားရှင်မျက်ကွယ်ရောက်ရင် ငါ့ကိုယ်ရောင်တွေဟာ ပကတိအတိုင်း ပြန်ထွက်လာတယ်၊ ဘုရားရှင်ရှေ့မှာတော့ မီးသွေးလို မည်းနက်တဲ့ အရောင်တွေချည်း ထွက်နေတယ်၊ ဒီလိုဖြစ်ရတာဟာ ဧကန္တ မန္တန်တန်ခိုးကြောင့် ဖြစ်မှာပဲ၊ ဘုရားရှင်ဆီမှာ ကိုယ်ရောင်ကိုယ်ဝါကို ပျောက်စေနိုင်တဲ့ မန္တန်တစ်ခုခုတော့ ရှိနေပြီ၊ ဒီတော့ ငါ့ရဲ့ လရောင်အလင်းကိုလဲ ထိန်းသိမ်းထားနိုင်အောင်၊ သူတစ်ပါးရဲ့ ကိုယ်ရောင်ကိုလဲ ကိုယ်ကြိုက်သလို စီရင်ကိုင်တွယ်နိုင်အောင် ဒီမန္တန်ကို ဘုရားရှင်ဆီက ငါတောင်းယူရမယ်၊ ဒါမှသာ ငါဟာ တုံ့ဖက်ကင်းလွတ်သူ တန်ခိုးရှင် ဖြစ်မယ်'

ဝတ်ရုံကို ခြုံလျက် စန္ဒာဘသည် ပရိသတ်အလယ်၊ ဘုရားရှင်ရှေ့တော်မှောက်ကို ဝင်ခဲ့သည်။ စန္ဒာဘ တစ်ကိုယ်တည်း ထွက်သွားကာ ပြန်ဝင်လာသည်ကို ကြည့်ပြီး သည်တစ်ခါတော့ အသေအချာ တန်ခိုးပြတော့မည်ဟူ၍ ပရိသတ်က မျှော်လင့်တကြီး စောင့်နေကြသည်။



စန္ဒာဘ သည် ဘုရားရှင်ရှေ့တော်တွင် ဒူးတုပ်လိုက်သည်။

'အရှင်ဘုရား... ကိုယ်ရောင်ကိုယ်ဝါ ပျောက်စေနိုင်တဲ့ မန္တန်ကို သင်ကြားပေးတော်မူပါ ဘုရား'

'စန္ဒာဘ... ရဟန်းမဟုတ်သူအား မန္တန်သင်မပေးနိုင်၊ ရဟန်းပြုသူကိုမှ သင်ပေးနိုင်မယ်'

'တပည့်တော်ကို ရဟန်းပြုပေးတော်မူပါဘုရား'

*

သုံးရက် လွန်မြောက်ခဲ့ပြီ။

အရှင်စန္ဒာဘထံသို့ ယခင်က ယာဉ်ပေါ်ထမ်းတင်သူ၊ ဝတ်ရုံသင်တိုင်း ဖြုတ်ခွာခြုံလွှမ်းပေးခဲ့သူ နောက်လိုက်တပည့်များ၊ ဆွေမျိုးများ ရောက်လာကြသည်။

'ကိုယ်ရောင်ပျောက်စေတဲ့ မန္တန် သင်ပြီးပြီမဟုတ်လား၊ ရာဇဂြိုဟ်ကိုပြန်ကြပါစို့'ဟု ပြောကြသည်။

ဘုရားရှင်က မန္တန်အပြင် ကမ္မဋ္ဌာန်းတရားများကို သင်ကြားပေးခဲ့ပြီ။ ထိုကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း နှလုံးသွင်းခဲ့သော အရှင်စန္ဒာဘ သည် သုံးရက်မျှဖြင့် ရဟန္တာဖြစ်ခဲ့ကြောင်း မသိကြချေ။

အရှင်စန္ဒာဘသည် ပကတိနက်ရှိုင်းစွာ မိန့်တော်မူလသည်။

'သင်တို့သာ ပြန်သွားကြကုန်၊ ငါ့မှာ နောက်ကြောင်းပြန်သွားဖို့ မထိုက်တော့'

ရဟန္တာ အရှင်စန္ဒာဘအတွက် အကယ်လည်း နောက်ကြောင်းပြန်စရာ မလိုတော့ချေ။

[ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၊ ဒေသနာတော် – ၄၁၃]

၀

www.burmeseclassic.com

www.burmeseclassic.com

# မိုးရေပေါက်ကလေးများ

အလိုလိုနေရင်းဖြင့်ပင် ဤနိဗ္ဗာန်ဆော်ကို သူမုန်းတီးနေသည်။

အလုပ်မရှိအလုပ်ရှာ နာမည်ကောင်းယူနေသူဟုလည်း ထင်သည်။ ကိုယ်တိုင်ကိုယ်ပိုင် ပစ္စည်းဥစ္စာဟူ၍ မည်မည်ရရလည်း မရှာဖွေ၊ ထုပ်ထုပ်ပိုက်ပိုက်လည်း မစုဆောင်း။ သူတစ်ပါး ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာများကို အကြောင်းပြုပြီး သူ့ကိုယ်သူ 'နိဗ္ဗာန်ဆော်' ဟု ဂုဏ်ပုဒ်တပ်နေသူအဖြစ် မြင်သည်။

သာဝတ္ထိမြို့တော်မှာ လူတိုင်းလူတိုင်း သူကျွမ်းကျင်ရာ လိမ္မာရာ ပညာအတတ်ဖြင့် လုပ်ကိုင်စားသောက်နေကြသည်။ ဗြာဟ္မဏဇာတ်ဝင်တွေက အကျင့်သီလကို အရင်းပြု၍ ရှင်သန်နေထိုင်ကြသည်။ ခတ္တိယတွေက လက်ရုံးရည် နှလုံးရည်ဖြင့် သူတို့ဘဝ သူတို့တည်ဆောက်ကြသည်။ ဝဿတွေကလည်း ကုန်သွယ် ရောင်းဝယ်ခြင်းဖြင့် စီးပွားရှာကြသည်။ ယုတ်စွအဆုံး အနိမ့်ဆုံးဇာတ်ဖြစ်သော သုဒ္ဒြနွယ်ဝင် ကျွန်များပင်လျှင် အစေခံအလုပ်ဖြင့် အသက်မွေးကြသေးသည်။

သာဝတ္ထိမှာ လူတိုင်းလူတိုင်း ကိုယ့်အထွာနှင့် ကိုယ် လှုပ်ရှားရုန်းကန်နေထိုင်ကြသည့်အထဲတွင် ဤ 'နိဗ္ဗာန်ဆော်' ဟူသော လူစားမျိုးကို သူကြည့်မရ ဖြစ်နေသည်။ အတတ်ပညာ ဗလာနတ္ထိ၊ ကြိုးစားအားထုတ်မှု မရှိဘဲ လူတွေအပေါ်မှာ နာမည်ကောင်းယူ အညွန့်ခူးစားနေသူတွေပဲဟု သူယူဆထားသည်။ ဤအမြင်ဖြင့် ကြည့်လိုက်သောအခါ 'နိဗ္ဗာန်ဆော်' ကို သူမုန်းတီးလာသည်။

'အလကား ကိုယ့်ဘာသာ ကိုယ် တတ်နိုင်သလောက် လှုပ်ရှားရုန်းကန်မယ် မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သူများတွေကိုပဲ လိုက်နှိုးဆော်နေတယ်၊ ဒါ အသက်မွေးဝမ်းကျောင်းပညာ မတတ်လို့ နိဗ္ဗာန်ဆော်လုပ်နေတာပဲဖြစ်ရမယ်၊ အလကားသူ့နာမည်ကောင်းယူပြီး အညွန့်ချူးစားနေတာ'

နိဗ္ဗာန်ဆော်ကား သူ့အလုပ်သူ လုပ်မြဲတိုင်းသာ လုပ်သွားသည်။ ဘုရားရှင်အမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ရန် သာဝတ္ထိမြို့ထဲ၌ လိုက်၍ လှည့်လည်နှိုးဆော်သည်။

'သူတော်စင် သူမြတ်လောင်း သာဝတ္ထိမြို့တော်သူ မြို့တော်သားအပေါင်းတို့... ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားရှင်နဲ့ တကွသော သံဃာတော်များအား ဆွမ်းကပ်လှူကြရန်အတွက် ကုသိုလ်အဖို့ အကျိုးမျှော်ကာ နှိုးဆော်လိုက်ရပါပြီ ခင်ဗျား...'

ဤအသံကို နံနက်တိုင်းကြားနေရဖန် များသောအခါ သူ့စိတ်ထဲမှာ နိဗ္ဗာန်ဆော်ကို မကျေမနပ်ဖြစ်လာသည်။ အသံကိုလည်း မကြားချင်၊ လူကိုလည်း မမြင်ချင်ဖြစ်လာသည်။ သူတော်စင် သူတော်ကောင်း၊ မြို့တော်သူမြို့တော်သားအပေါင်းတို့... ဟူသောအသံကို အဝေးမှ စကြားလိုက်သည်နှင့် သူ့ရင်ထဲ၌ အလကား နေရင်း မုန်းတီးစိတ်တွေ တလိပ်လိပ်တက်လာတော့သည်။

'အလကားလူ... ကိုယ့်ဘာသာကိုယ် လုပ်ကိုင်စားသောက် ရှာဖွေစုဆောင်းပြီး လှူမယ်စိတ်မကူးဘူး၊ သူများတွေ လှူဖို့ပဲ လိုက်နှိုးဆော်နေတယ်၊ ပြီးတော့ နာမည်တစ်လုံး ခံထားသေးတယ်၊ နိဗ္ဗာန်ဆော်... တဲ့... ဟင်း'

နိဗ္ဗာန်ဆော်ကတော့ သူ မကျေမနပ် မနှစ်မမြို့ဖြစ်နေသည်ကို မသိရှာ။ အချိန်မှန်ပင် သူ၏ စံအိမ်ရှေ့ ရောက်လာတတ်သည်။ စံအိမ်နှင့် မလှမ်းမကမ်း ဝင်းခြံတွင် ရပ်ကာ အသံဝါကြီးဖြင့် နှိုးဆော်သံ ပေးသည်။ သူ့စံအိမ်မှာ လမ်းလေးခွဆုံ၏ အချက်အချာကျသောနေရာဖြစ်သဖြင့် နိဗ္ဗာန်ဆော်ရောက်လာပြီဆိုလျှင် ဝဲယာရှေ့နောက် အိမ်များမှ သာဝတ္ထိသားများ ထွက်လာကြသည်။ ထို့နောက် နိဗ္ဗာန်ဆော် ယူလာသော တောင်းပလုံး၊ ခြင်းများထဲသို့ ဆွမ်းအလှူပစ္စည်းများ ထည့်ဝင် လှူဒါန်းကြသည်။

လူတွေကလည်း ခက်သည်ဟု သူက ထင်သည်။ ကိုယ်စီကိုယ်င ထည့်ဝင်လောင်းလှူကြရုံနှင့် မပြီးသေးဘဲ သူ့စံအိမ်ဆီသို့ လှမ်းကြည့်ကြသည်။ အချို့ကမူ လှမ်းမျှော်ကြည့်ရုံသာမက...



'သူဌေးမင်း... နိဗ္ဗာန်ဆော် ရောက်လာပြီဗျို့၊ အလှူခံ လာပြီဗျို့'ဟု သတင်းပေး အော်ဟစ်တတ်ကြသည်။ သူ မနေသာတော့။ နိဗ္ဗာန်ဆော်ကို သူ ကြည့်မရသော်လည်း သူဌေးတစ်ယောက်ဖြစ်နေသော သူ့အဖို့ မလှူလျှင် ပြောစရာကြီး ဖြစ်နေမည်။ သူသည် သာဝတ္ထိတွင် လူသိများသော ဥစ္စာဓနကြွယ်ဝသူ သူဌေး တစ်ယောက်လည်း ဖြစ်နေသည်။

ထို့ကြောင့်ပင် စံအိမ်ဝင်းတံခါးဝသို့ ထွက်ကာ လောင်းလှူရတော့သည်။

သို့သော် တောင်းတွေ၊ ခြင်းပလုံးတွေနောက်မှ ရပ်နေသော နိဗ္ဗာန်ဆော်ကို မကျေမနပ် တစ်ချက်လှမ်းကြည့်ရင်း လက်သုံးချောင်းတည်းဖြင့် ကော်၍ ပါသမျှ ဆန်စေ့များကိုသာ တောင်းထဲ ထည့်လိုက်သည်။

ဆန်သာမက ပဲနောက်၊ ပဲလွန်း၊ ပဲကြီး စသည်များ လှူရာတွင်လည်း ဤနည်းအတိုင်းသာ ဖြစ်သည်။ အပြည့်အမောက်ရှိနေသော တောင်းထဲသို့ လက်တစ်ဖက်ထည့်၊ လက်သုံးချောင်းဖြင့် ကော်၊ ပါသမျှကိုသာ လောင်းလှူသည်။ ထောပတ်၊ တင်လဲ၊ ပျားရည်တို့ကို လှူရာတွင်လည်း ပါသည်ဆိုရုံမျှ ခပ်ယူ၍ ထည့်သည်။

နိဗ္ဗာန်ဆော်ကို မနှစ်မြို့သောကြောင့် အရွဲ့တိုက်လှူလိုက်သော သူ့အပြုအမူကို အေးလူများက အံ့အားသင့်သွားကြသည်။ သို့သော် ဓနဥစ္စာ အရှိန်အဝါဖြင့် သြဇာတိက္ကမ ရှိထားသော သူ့ကို မည်သူမျှ မဝေဖန်ရဲ။ သူကလည်း လူတွေကို ဂရုမစိုက်။ လက်သုံးချောင်းဖြင့် ကော်ယူကာ လှူလိုက်ပြီးနောက် နိဗ္ဗာန်ဆော်ကိုသာ မထီတရီ လှမ်းကြည့်ပစ်လိုက်သည်။

အကယ်၍ နိဗ္ဗာန်ဆော်ကသာ 'သူဌေးမင်းရယ်... သူဌေးတစ်ယောက်လုံး လုပ်နေပြီး ဒီလောက်ကလေး လှူတာကတော့...' ဘာညာ ပြောလာလျှင် ပက်ခနဲ ပြန်ပြောလိုက်ဖို့လည်း အသင့်ပြင်ထားသည်။

'ဟေ့လူ... ကျုပ် ရှာဖွေထားတဲ့ပစ္စည်း ကျုပ်ပိုင်တဲ့ ပစ္စည်း၊ ကျုပ် လှူချင်သလောက် လှူတာကို ဘာပြောချင်သလဲ၊ သင့်လို ကိုယ်ကိုယ်တိုင်က တစ်ပြား တစ်ချပ်၊ တစ်စေ့တစ်ခြမ်းမျှ မရှာဖွေဘဲ သူများတွေကို လှူဖို့ လိုက်နှိုးဆော်၊ ကိုယ်ကိုယ်တိုင်ကတော့ မလှူဘဲ နိဗ္ဗာန်ဆော်ဆိုပြီး နာမည်ကောင်း အသံကောင်း ဟစ်နေတာ မဟုတ်ဘူး' ဟုပင် ဖိဖိနှိပ်နှိပ် ပြောချလိုက်မည် စိတ်ကူးထားသည်။ သို့သော် နိဗ္ဗာန်ဆော်က ဘာမှမပြောဘဲ သူထည့်ဝင်လောင်းလှူလိုက်သမျှကိုသာ လက်ခံ၍ ရှေ့ခရီးသို့ ထွက်ခွာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ဆော်က ဘာမျှမပြောဘဲ ဤသို့သာ ထွက်ခွာသွားသော်လည်း လက်သုံးချောင်းဖြင့် ကော်ခပ်လောင်းလှူသော သူ့အပြုအမူကို ကြည့်ကာ သာဝတ္ထိမြို့သူမြို့သားများက သူ့ကို နာမည်တပ်လိုက်ကြသည်။

သူဌေးမင်း ဇိဋ္ဌာလပဒက သို့မဟုတ် 'လက်တစ်ဖက်စာ အလှူရှင်'။

*

နိဗ္ဗာန်ဆော်ရောက်လာ၊ အသံဝါကြီးဖြင့် အော်ဟစ်နှိုးဆော်၊ သူ့စံအိမ်ရှေ့မှာ ရပ်၊ သူက ထွက်ပြီး လက်သုံးချောင်းဖြင့် ခပ်ကော်လောင်းလှူ တစ်နေ့လည်း မဟုတ်၊ နှစ်နေ့လည်း မဟုတ်၊ အကြိမ်ပေါင်း များလာသည်။ 'လက်တစ်ဖက်စာ အလှူရှင်' ဟူသော အမည်ကလည်း သာဝတ္ထိတွင် သတင်းမွှေးပျံ့လာသည်။

နိဗ္ဗာန်ဆော်ကလည်း သူ့အလုပ် သူ လုပ်မြဲ။ သူကလည်း သာဝတ္ထိက သူ့အပေါ် ဘယ်သို့ပင် ခေါ်ခေါ် ဂရုမစိုက်၊ နိဗ္ဗာန်ဆော်ကို မနှစ်မြို့စွာဖြင့်ပင် အချိန်တွေ ကုန်လာခဲ့သည်။

သည်လိုနှင့် တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးလာပြီးသည့်နောက်တွင် သူ သတိထားမိလာသည်။ အစကတော့ နိဗ္ဗာန်ဆော်ကို မလိုမုန်းထားဖြစ်နေရသည့်အတွက် ထိုအပြုအမူကို သူ သတိမထားမိခဲ့။ နိဗ္ဗာန်ဆော်၏ ထူးခြားသော ထိုအပြုအမူကို တွေ့လာရပြီးနောက်တွင် သူ တုန်လှုပ်သွားသည်။

ဤတွင် သူသည် သူ့တပည့်ကျေးကျွန်များထဲမှ အယုံကြည်ရဆုံး လူငယ်တစ်ယောက်ကို ခေါ်လိုက်လေသည်။

'ဒီမှာ သေသေချာချာ နားထောင်စမ်း၊ ငါ့ဆီကို ရောက်ရောက်လာတဲ့ နိဗ္ဗာန်ဆော်ကို သိတယ်မဟုတ်လား၊ သင်းဟာ ငါလှူတဲ့ ပစ္စည်းတွေနဲ့ တခြားလူတွေ ပစ္စည်းတွေ သိမ်းဆည်းယူဆောင်ခြင်း မတူဘူး၊ သူတစ်ပါး လှူတဲ့ပစ္စည်းတွေကို အမျိုးချင်း တူရာတူရာ ပေါင်းထည့်တယ်၊ ငါလှူတဲ့ ပစ္စည်းကျတော့ သီးသန့် ထားတယ်၊ ဆန်တောင်းထဲမှာ တစ်မြို့လုံးက လောင်းလှူလိုက်တဲ့ ဆန်တွေ မှန်သမျှကို ပေါင်းထည့်တယ်၊ ငါလောင်းလှူလိုက်တဲ့ ဆန်ကိုတော့ သီးခြား ဖယ်ထားတယ်၊ တခြားလှူဖွယ်ပစ္စည်းတွေလဲ ဒီလိုပဲ၊ ငါ့ပစ္စည်းတွေကို သီးခြား ဖယ်ဖယ်ထုတ်ထားတယ်၊ ဒါ ထူးခြားတယ်၊ သင်း ဒီလိုလုပ်နေတာဟာ ငါ တစ်ခုခု ဒုက္ခရောက်အောင် သင်းကြံစည်နေသလား မသိဘူး၊ အရှက်တကွဲအကျိုးနည်းဖြစ်အောင် သင်း လုပ်နေပြီနဲ့ တူတယ်၊ ဒီတော့ ဒီနိဗ္ဗာန်ဆော်နောက်ကို မင်း တိတ်တဆိတ်နောက်ယောင်ခံပြီး လိုက်စမ်း၊ အလှူခံလို့ရလာတဲ့ ပစ္စည်းတွေကို သူ ဘယ်လိုလုပ်သလဲ၊ ငါ့ပစ္စည်းတွေကို ဘယ်လိုလုပ်သလဲဆိုတာ အတိအကျသိရအောင် ထောက်လှမ်းစုံစမ်းခဲ့၊ ကြားလား'



တပည့်လူငယ်သည် အရှင်သခင် သူဌေးမင်း၏ အထူးတာဝန်ပေး ခိုင်းစေချက်ကို ဝမ်းမြောက်ဝမ်းသာစွာ လက်ခံကာ နိဗ္ဗာန်ဆော်နောက်သို့ နောက်ယောင်ခံ၍ စုံစမ်းလေသည်။ ရက်အတန်ကြာရှည်သာအခါ တပည့်က စုံစမ်းရသမျှကို အစီရင်ခံသည်။

'နိဗ္ဗာန်ဆော်ဟာ အလှူခံလို့ ရလာတဲ့ ဆွမ်း ပစ္စည်းတွေကို ရောနှောပြီး ယာဂုအိုး၊ ဆွမ်းအိုး၊ မုန့်ကြော်ဒယ် စသည်ဖြင့် ချက်ပြုတ်ကြော်လှော်ပါတယ် သခင်'

'ဟဲ့အကောင် ...အဲဒါက သူများပစ္စည်းတွေကို လုပ်တာမဟုတ်လား၊ ငါ့ပစ္စည်းတွေကိုကော၊ သင်း ဘာလုပ်သလဲ၊ သင်း သီးခြားဖယ်သိမ်းသွားတဲ့ ငါလောင်းလှူလိုက်တဲ့ ပစ္စည်းတွေလေ'

'သခင်လှူလိုက်တဲ့ ဆန်တို့၊ တင်လဲတို့၊ ပဲတို့၊ ထောပတ်တို့ကို စောစောက သူ ချက်ပြုတ်စီမံထားတဲ့ အိုးကြီးတွေ၊ ဒယ်ကြီးတွေထဲ တစ်စေ့စီ တစ်စက်စီ အစုံအစေ့ လျှောက်ထည့်ပါတယ် သခင်'

'ဘာ ...ဘာ ...ဘယ်လို ...'

တပည့်က ထပ်ရှင်းပြသည်။ သူ စိတ်ရှုပ်ထွေးသွားသည်။ နိဗ္ဗာန်ဆော်၏ အပြုအမူကို နားမလည်ဖြစ်သွားသည်။

'ဘာအဓိပ္ပာယ်လဲ၊ ဘာသဘောလဲ၊ အများလှူလိုက်တာတွေအားလုံးကို စုပေါင်း ရောနှောချက်ပြုတ်ပြီးမှ ငါလှူလိုက်တာတွေကို အဲဒီ အိုးတွေ၊ ဒယ်တွေထဲ တစ်စေ့စီ တစ်စက်စီ လိုက်ထည့်တယ်ဆိုတာ ဘာသဘောလဲ'

စိတ်ရှုပ်ရှုပ်ဖြင့် နားမလည်နိုင်စွာ သူ့ဘာသာသူ ရေရွတ်မြည်တမ်းလိုက်သည်ကို တပည့်လူငယ်က မေးသည်ဟု ယူဆပြီး ဖြေလိုက်သည်။

'သခင် ကုသိုလ်ပွားအောင် လုပ်ပေးတာနေမှာပေါ့ သခင်'

'တိတ်စမ်း ...'

တပည့်၏ အဖြေမှာ ကြောင်းကျိုးဆီလျော်၍ အသင့်ယုတ္တိရှိနေမှန်း သိသော်လည်း သူက ခက်ထန်စွာ ငေါက်ငမ်းကာ 'သွား ...မင်းအလုပ် မင်းလုပ်စမ်းတော့' ဟု နှင်ထုတ်လိုက်သည်။ သူကမူ မကျေမချမ်းခြင်းကြီးစွာဖြင့် တစ်ကိုယ်တည်း



www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်နေသည်။ 'နိဗ္ဗာန်ဆော်ဟာ ပရိသတ်အလယ်မှာ ငါ့ကို အရှက်ခွဲမလို့လား မသိဘူး၊ သင်းမှာ အကြံအစည်တစ်ခုခုတော့ ရှိရမယ်၊ သိကြသေးတာပေါ့ကွာ'

*

ဇေတဝန်ကျောင်းတော်၏ နံနက်ခင်းသည် အခါတိုင်းလိုပင် ကြည်ညိုပူဇော်ဖွယ် အတိဖြင့် သက်ဝင်လှုပ်ရှားနေသည်။

နိဗ္ဗာန်ဆော်သည် ကူညီဆောင်ရွက်သူများနှင့်အတူ ဘုရားရှင် အမှူးပြုသော သံဃာတော်များအား ဆွမ်းအမှု လုပ်ကျွေးရန် ပြင်ဆင်နေသည်။ အထူးတလည် ချက်ပြုတ်စီမံထားသော အိုးကြီး အိုးငယ်များကို နေရာချရင်း အလုပ်များနေသည်။ ဆွမ်းလုပ်ကျွေးပွဲကို ကြည်ညိုရန် လာကြသော သာဝတ္ထိပရိသတ်များကလည်း သတ်မှတ်ထားသော နေရာများတွင် အသင့် ရောက်ရှိနေကြသည်။

ထိုပရိသတ်ထဲတွင် သူဌေးမင်း ဗိဋ္ဌာလပဒကလည်း အပါအဝင်ဖြစ်သည်။

သူသည် ပရိသတ်ထဲတွင် နေရာယူရင်း အိုးကြီး အိုးငယ်များနှင့် အလုပ်များနေသော နိဗ္ဗာန်ဆော်အနားသို့ မရောက် ရောက်အောင် မသိမသာချဉ်းကပ်လာသည်။

သူ့အကြည့်များက နိဗ္ဗာန်ဆော်ထံမှ တစ်ရွေ့တစ်ချက် မခွာ။

သူ့မျက်နှာကလည်း တင်းတင်းမာမာ။

သူ့ယာလက်ကို သားမွေးပွအင်္ကျီ၏ အောက်သို့ ထိုးသွင်းထားသည်။

သူ့စိတ်ထဲမှာလည်း အခါမလပ် ကြိုးစားနေသည်။

'ပရိသတ်အလယ်မှာ မင်း ငါ့ကို အရှက်ခွဲရင်တော့လား … မင်း ငါ့နာမည်ကို မင့်နှုတ်က တစ်ချက်ဖွင့်လိုက်တာနဲ့ မင်းတော့လား …'

သားမွေးပွအင်္ကျီအောက်ရှိ ဓားမြှောင်ရိုးကို သူ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ နိဗ္ဗာန်ဆော်၏ ရင်အုံ လက်ဝဲဘက်သို့ ထိုးစိုက်ရန် သူ ရွေးချယ်ထားသည်။

နိဗ္ဗာန်ဆော်ကား သူ ရောက်နေသည်ကိုပင် မသိ။ အိုးကြီးအိုးငယ်များဖြင့်သာ အလုပ်များနေသည်။ သို့ဖြင့်ပင် ဆွမ်းပွဲပြင်ပြီးသွားသည်။ ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်ကြသည်။ သို့ဖြင့်ပင် ဆွမ်းအမှု လုပ်ကျွေးပြီးစီးသွားသည်။

ထိုအချိန်မှပင် နိဗ္ဗာန်ဆော်၏ အသံ စတင်ထွက်ပေါ်လာသည်။

'အရှင်မြတ်ဘုရား …'



သူ့တစ်ကိုယ်လုံးရှိ အကြောအမျှင်တွေ တောင့်တင်းသွားကာ လက်ကလည်း ဓားရိုးကို ပို၍တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။ နိဗ္ဗာန်ဆော်နှုတ်မှ သူ့အမည် ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ခါးကြားမှ ဓားမြှောင်ကို ထုတ်ကာ လျှပ်ပြက်သလို ထိုးစိုက်ရန် သူ အသင့်ပြင်ထားသည်။

နိဗ္ဗာန်ဆော်က ဘုရားရှင်ရှေ့မှောက်တွင် လက်အုပ်ချီလျက် လျှောက်ထားလေသည်။

'အရှင်မြတ်ဘုရား … တပည့်တော်ဟာ လူအများကို နှိုးဆော်တိုက်တွန်းလျက် ဤအလှူကို လှူပါသည်။ လူအများဟာ စွမ်းအားရှိသလောက် ထည့်ဝင်လှူဒါန်းကြပါသည် …'

နှလုံးသွေး တဒိတ်ဒိတ်ခုန်သံကို သူ့ဘာသာသူ ပြန်ကြားနေရသည်။ နိဗ္ဗာန်ဆော်က ဆက်လက်လျှောက်တင်သည်။

'နည်းများမဟူ လှူဒါန်းသူအားလုံးအား အကျိုးကြီးမြတ်ပါစေဘုရား'

သူဌေး ဗိဋ္ဌာလပဒကသည် တစ်ကိုယ်လုံး အရည်ပျော်သွားသလို ခံစားလိုက်ရသည်။ ဓားရိုးကို ကိုင်ထားသော လက်ချောင်းသည် အလိုအလျောက် လျော့ပြေသွားသည်။ ကတုန်ကယင်လည်း ဖြစ်လာသည်။

ခါးကြားမှ ဓားကို သူ ဆွဲထုတ်သည်။ သို့သော် နိဗ္ဗာန်ဆော်၏ ရင်အုံဆီသို့ ဓားသွား မရောက်တော့။ ဓားမြှောင်သည် ဒေါက်ခနဲ ရှေ့တွင် ကျသွားသည်။

'အရှင်မြတ်ဘုရား … တပည့်တော်ဟာ ဟောဒီ သာဝတ္ထိက ဗိဋ္ဌာလပဒက အမည်ရှိတဲ့ သူဌေးတစ်ဦး ဖြစ်ပါတယ်ဘုရား၊ လက်တစ်ဆုပ်စာ အလှူရှင်ရယ်လို့ အများက ခေါ်ကြပါတယ်ဘုရား၊ တပည့်တော်က ဟောဒီ စိတ်သဘောထား မြင့်မြတ်လှတဲ့ နိဗ္ဗာန်ဆော်ကြီးအပေါ်မှာ အထင်အမြင်တွေ လွဲ၊ မတော်မတရား ကျူးလွန် စော်ကားမိပြီး …'

သူ တောင်းပန်ဖြေရှင်းသည်။ ရင်ထဲမှ ထွက်ကျလာခြင်းမျိုးဖြင့် သည်းထန် လှိုက်လှဲနေလေသည်။ နိဗ္ဗာန်ဆော်ဘက်သို့လည်း ဒူးတုပ်ဝတ်ကာ အညွတ်အနူး တောင်းပန်ဝန်ချပြန်သည်။ ဆွမ်းလုပ်ကျွေးသော ပရိသတ်ကား အုတ်အုတ် ကျက်ကျက် ဖြစ်သွားလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



'အနည်းငယ်မျှသော ကောင်းမှုသည် အကျိုးသက်ရောက်လိမ့်မည် မဟုတ်ဟု၍ ကောင်းမှုကို အထင်မသေးရာ၊ မိုးရေပေါက် ကျဖန်များသောအခါ ရေအိုးသည် ပြည့်လာဘိသကဲ့သို့ ကောင်းမှုကိုဆည်းပူးဖန် များလတ်သော ပညာရှိသည် ကောင်းမှုဖြင့် ပြည့်သည်သာ ဖြစ်၏'

ဘုရားရှင်၏ အဆုံးအမတော်ကို ခံယူကာ၊ တရားတော်ကို နာယူကာ သူဌေးဗိဠာလပဒကသည် သောတာပန်ဖြစ်ခဲ့လေပြီ။

နိဗ္ဗာန်ဆော်ကြီးကား သာဝတ္ထိမြို့တော်၏ လမ်းမ လမ်းသွယ်များတစ်လျှောက် လှည့်လည်နှိုးဆော်နေမြဲပင်။

'သူတော်စင် သူမြတ်လောင်း သာဝတ္ထိ မြို့တော်သူ မြို့တော်သားအပေါင်းတို့...'

[ဓမ္မပဒ၊ ပါပဝဂ်၊ ဒေသနာတော်-၁၂၂]

၀

## အချစ် ငါမသိ၊ ငါ့၌ မရှိ

လှည်းတန်းကြီးနောက်မှ အစဉ်တစိုက် လိုက်ခဲ့သော ခြေကျင်ခရီးသည် ကြာလေ ကန္တာရပိုကြမ်းလာလေပင်။ နုနယ်သော ငါ့ခြေဖဝါးများသည် နေပူ လေပူ သဲပူနှင့် ဆူးကြမ်း ခြေကျစ်စာတို့ကြောင့် ဖူးရောင်ပေါက်ကွဲကုန်ကြပြီ။ ဒူးများ ညွတ်ခွေကာ မကြာခဏ ယိမ်းယိုင်ပြိုလဲရပြီ။

သို့သော် လှည်းတန်းကြီး၏ နောက်ဆုံးလှည်းနောက်မှပင် ငါ အစဉ်တစိုက် လိုက်ခဲ့သည်။ ငါ့ကို လှည်းပေါ် တင်ဆောင်ခေါ်ယူမည့်သူလည်း မရှိ၊ သွေးခြင်းခြင်းနီလာသော ခြေအစုံတို့ကို ငုံ့ကြည့်လိုက်၊ အဝေးဆီသို့ မျှော်ကြည့်လိုက်ဖြင့် ငါ ဆက်လျှောက်သည်။

ငါ့ကို ဖေးမကူညီမည့်သူ မရှိတော့ဘူးလား။ ငါ့ကို သနားကြင်နာမည့်သူ မရှိတော့ဘူးလား။ အို...မရှိလျှင်လည်း နေကြစမ်းပါစေ၊ တစ်လောကလုံးက ငါ့အား စွန့်ပစ်ကြစမ်းပါစေ၊ ငါကိုယ်တိုင်ကလည်း လောကကြီးကို စွန့်ပစ်ချင်နေသူပဲ မဟုတ်လား။

မဆုံးနိုင်သော ကန္တာရခရီးကို လျှောက်ကာ ဤလောကထဲမှ ထွက်ပြေးသွားချင်သည်။ ဘယ်သူမှ မရှိသော နေရာဒေသတစ်ခုသို့ သွားရောက်ပုန်းခိုနေချင်သည်။ လောက၏ မျက်နှာကို ငါ မကြည့်ချင်။ လူတွေ၏ မျက်နှာကို ရင်ဆိုင်နိုင်သည့် ခွန်အား ငါ့မှာ မရှိ။

ခြေထောက်တွေ ဖူးရောင်ပေါက်ကွဲသလား၊ ခြေဖမိုး ခြေဖဝါးတွေ သွေး ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ခြင်း နီနေသလား။ ပေါက်ကွဲနီရဲစမ်းပါစေ၊ သည့်ဝေဒနာ၊ သည်ဒုက္ခသည် ရင်ထဲမှ ဝေဒနာနှင့်စာလျှင် ပီဘိ အသေးအဖွဲ့မျှသာ။ ရင်ထဲက ဝေဒနာအစိုင်အခဲကား ရင်နှင့် မဆံ့ ကြီးမားပြင်းထန်လွန်းလှသည်။ သည် ဝေဒနာအကြောင်း မည်သူ့ကိုမျှလည်း ငါ ထုတ်ဖော်ပြောခွင့် မသာ။ တစ်ကမ္ဘာမှာ တစ်ယောက်၊ တစ်သက်မှာ တစ်ခါသာ ငါ့လိုအဖြစ်ဆိုးမျိုး ကြုံရမည်ထင်သည်။ ထူးဆန်းလွန်းသည်နှင့်အမျှ ပြင်းထန်စွာ တုန်လှုပ်ရသော ဝေဒနာ၊ ကမ္ဘာလောကတွင် အကြီးဆုံးသော အရှက်ကွဲမှုမျိုး။

ဤအရှက်ကို တစ်သက်လုံးသာ မျိုသိပ်သွားတော့မည်။ အရှက်တရား၏ ပေါက်ကွဲမှုကြောင့် ငါ့အသက် ဆုံးချင်လည်း ဆုံးစေ။

'ဟဲ့...ဒီမိန်းကလေးဟာ ဘယ်ကလဲ၊ ဘယ်သူလဲ၊ လှည်းနောက်က တောက်လျှောက် လိုက်ပါလာတာ မဟုတ်လား'

နောက်ဆုံးလှည်းပေါ်မှ သူငယ်အသံကို ကြားရသည်။ ခေါင်းကို တွင်တွင်ငုံ့ကာ မျက်နှာကို မဖော်စတမ်း ငုံ့ထားလိုက်ရသည်။

'ဟုတ်ပါရဲ့၊ တက္ကသိုလ်ကို စ ထွက်တဲ့ လမ်းခွဲကတည်းက ဒီမိန်းကလေး လှည်းနောက်မှာ ခြေကျင်လိုက်ပါလာတာ၊ အင်း...အရွယ်လေးကလဲ ငယ်ငယ်၊ လူပုံလေးကလဲ နုနုနယ်နယ်နဲ့ ဘယ်ကပါလိမ့်'

'မသိပေါင်ကွာ၊ တစ်ခါမှလဲ မမြင်ဖူးပါဘူး'

မသိကြနဲ့၊ မမြင်ဖူးကြနဲ့။ ငါ့ဘာသာ ငါ ကမ္ဘာအစွန်အထိ ရောက်ချင်ရာရောက် လျှောက်သွားလိုက်မယ်၊ ကမ္ဘာကြီးရဲ့ အစွန် တစ်နေရာမှာ အသူတစ်ရာချောက်ကမ်းပါးကြီး ရှိနေမယ်ဆိုရင် သိပ်ကောင်းမယ်၊ အဲဒီချောက်ကမ်းပါးကြီးထဲကို ငါ ခုန်ချလိုက်မယ်။

'ဟဲ့...ကလေးမ၊ နင် ဘယ်ကလဲ၊ ဘယ်သူလဲ'

'မိန်းကလေး...ဘာကြောင့် လှည်းနောက်က တစိုက်စိုက်လိုက်နေရတာလဲ'

မပြောဘူး၊ မပြောဘူး။ သူတို့ ငါ့ကို မသိလက်စနဲ့ မသိကြတာပဲ ကောင်းတယ်။ ငါ့ကို သိစရာမလိုဘူး။ အို...ငါ့ကိုယ်ငါတောင် မသိချင်ဘူး။

'ဟဲ့...ဟဲ့...လဲကျသွားပြီ၊ လှည်းရပ်လိုက်ကြဟေ့'

'ဩော်...ဒုက္ခပါပဲ၊ နုနယ်တဲ့ မိန်းမသားလေးတစ်ယောက် ဖြစ်နေမှတော့၊ ဒီခရီးကြမ်းကိုလဲ ဒီလောက်လျှောက်နေမှတော့ ဒုက္ခရောက်တော့မပေါ့ကွယ်'



'ကြည့်စမ်းပါဦး...သူ့ခြေဖဝါးတွေ ဖူးရောင်ပေါက်ကွဲနေလိုက်တာ'

'သွေးတွေလဲ ရဲလို့၊ မြင်မကောင်းဘူး'

စိုးရိမ်တကြီး ပြောဆိုသံတွေကိုသာ သဲ့သဲ့ကြားလိုက်ရသည်။ သတိသည် ငါ့ထံမှ ကင်းကွာချင်နေပြီ။ မခံမရပ်နိုင်သော နာကျင်ပင်ပန်းခြင်းဖြင့် နှလုံးသားသည် ခံတွင်းမှတစ်ဆင့် ခုန်ထွက်သွားတော့မည် ထင်ရသည်။ အို...ငါ မလျှောက်နိုင်တော့ဘူး။ လျှောက်နိုင်ဖို့ ဝေးစွ၊ မြေပေါ်မှာတောင် မတ်မတ်မရပ်နိုင်တော့ပါလား။

ဟင့်အင်း...ဟင့်အင်း၊ ငါ မသေချင်သေးဘူး။ သေဆုံးသွားရမှာကို ငါ မလိုလားဘူး။ ဘာပဲဖြစ်ဖြစ် ငါ အသက်ရှင်သန်နေချင်သေးတယ်လေ။

'ကျွန်မ...ကျွန်မကို လှည်းပေါ် တင်ခေါ်သွားပေးကြပါ၊ ဟောဒီ ကျွန်မလက်စွပ်ကို အဖိုးအခ ယူကြပါ၊ ကျွန်မ မသေချင်...'

ဝေးလံသောအရပ်မှ သဲ့သဲ့လွင့်ပျံလာသလို ထင်ရသော်လည်း စင်စစ် ငါ့နှုတ်မှ ထွက်ကျသွားသောအသံပင် ဖြစ်သည်။ ထို့နောက် တစ်လောကလုံး မှောင်မည်းသွားသည်။ နာကျင်ဆင်းရဲခြင်းဝေဒနာတို့၏ အဆုံးစွန်ဝယ် အမိုက်တိုက်ထဲသို့ ငါ လွင့်စဉ်ကျသွားတော့မည်။ သတိသည် ငါ့ကိုယ်မှ လွင့်ခွာတော့မည်။

'ကျွန်မ လိုက်ပါရစေ...ကျွန်မ ဒုက္ခသည်ပါ၊ ကျွန်မကို...'

ငါ ဘာမှမသိတော့။

*

သတိရလာသောအခါ ပထမဆုံးသိလိုက်သည်မှာ နွေးထွေးနူးညံ့သော အိပ်ရာ ပင် ဖြစ်သည်။ ထို့နောက် သင်းရီမွှေးပျံ့သော ပန်းနံ့ကို ရှူရှိုက်မိသည်။ နာကျင်ခြင်း တို့လည်း သိသိသာသာ ယုတ်လျော့နေသည်။

မျက်တောင်များကို ဖြည်းလေးစွာ ပုတ်ခတ်၍ မျက်လွှာကို အသာအယာ ဖွင့် ကြည့်လိုက်သည်။ အမြင်အာရုံများ ဝေဝါးနေသည်။ ငှက်ခါးရောင် မျက်နှာကြက် ကို ဦးစွာမြင်ရသည်။ ထို့နောက် အပြာနုရောင် နံရံများ။ တဖျတ်ဖျတ်လှုပ်ခါ နေ သော ပိုးဆန်းဆီးစ နှင့် နေရောင်ခြည်တောက်ပနေသော ပြတင်းပေါက်တစ်ခု။

'သတိရလာပြီလား နှမငယ်'

ခေါင်းရင်းဘေးဘက်မှ အသံတစ်သံကို ကြားရသဖြင့် ဝေ့ဝိုက်ကြည့်လိုက်မိ သောအခါ အို...ကရုဏာရိပ်သန်းသော ယောကျ်ားတစ်ဦး၏ မျက်နှာ။

'မင်း သုံးရက်လုံးလုံး သတိမေ့နေခဲ့တယ် နှမငယ်၊ ခြေထောက်က ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ခရီးကြမ်းကြောင့် အပြင်းအထန်ဖျားခဲ့တယ်၊ ဒါပေမဲ့ အခုတော့ မင်း နေကောင်းသွားပါပြီ နှမငယ်၊ မင်းပါးပြင်လေးတွေမှာ၊ နှုတ်ခမ်းတွေမှာ ပန်းနုရောင်သန်းနေပြီပဲ၊ ဟောဒီမှာ ကြေးမုံပြင်ကို ကြည့်ပါဦး'

ရှေ့ဖြာက်လာသော ကြေးမုံထဲတွင် ချောမောလှပသော မျက်နှာတစ်ခုကို တွေ့ရသည်။ ငါ့ရဲ့မျက်နှာပြင်၊ ငါ့ရဲ့ မျက်နှာပြင်။

အို...အရာခပ်သိမ်းကို ငါ သတိရပြီ၊ ငါဟာ...။

'အို အို... လှုပ်လှုပ်ရှားရှား မနေနဲ့ဦး နှမငယ်၊ နေကောင်းသွားပြီဆိုပေမယ့် အိပ်ရာထက်မှာ မင်း ကောင်းကောင်းအနားယူရဖို့ လိုဦးမယ်၊ ငြိမ်ငြိမ်ကလေး နေရမယ်၊ မင်းရဲ့လှပမှုတွေ အစွမ်းကုန် ဖူးပွင့်လာသည်အထိ မင်း အားမွေးရလိမ့်မယ်လေ'

မျက်နှာပေါ်တွင် အပူငွေ့တစ်ခု ဖြတ်သန်းသွားသည်လားမသိ။ အို...ဒါက ရှက်ခြင်း ဆိုတာလား။

'ဘာမှ အားမငယ်နဲ့တော့ နှမလေးရေ၊ မင်းဟာ အခု တက္ကသိလာက သူဌေးလေး တစ်ဦးရဲ့ စံအိမ်ပေါ် ရောက်နေပါပြီ၊ စံအိမ်ရှင်သူဌေးလေးက မင်းကို လှိုက်လှဲစွာ ကြိုဆိုလက်ခံနေပါတယ်၊ ကဲ...အိပ်ရာထက်မှာပဲ အသာလေး မှိန်းနေလိုက်ဦးနော်'

သူ အပါးမှ ခွာသွားသည်။ နှစ်လှမ်း သုံးလှမ်း လှမ်းအပြီးတွင် ရပ်တန့်၍ နောက်သို့ လှည့်ပြန်သည်။ ကြံ့ခိုင်ကျစ်လျစ်သော ယောကျ်ားပီသသည့် ခန္ဓာကိုယ်၊ ပြုံးရွှင်အေးချမ်းသော မျက်နှာပြင်။

'နှမငယ်...ဒီစံအိမ်မှာ မင်းပျော်သလောက် နေနိုင်ပါတယ်၊ ဒီစံအိမ်ဟာ မင်းကို ကရုဏာအပြင် ချစ်ခြင်းမေတ္တာတွေနဲ့ပါ လက်ခံမှာပါ၊ ခုချိန်မှာ ဒီစကား ပြောရတာကို ခွင့်လွှတ်ပါကွာ၊ ဒါက ကျုပ်ရင်ထဲက တကယ့်စကားပါ'

သူ အခန်းထဲမှ ထွက်သွားသည်။ အလိုလေး...ဒါ...ဒါ...သူချစ်စကား ဆိုသွားတာပါလား။ ချစ်ခြင်းမေတ္တာနဲ့ပါ လက်ခံမှာတဲ့၊ အို...ယောကျ်ားပီသတဲ့ အပြုံးနဲ့ နွေးထွေးကြင်နာတဲ့ ဆက်ဆံမှု၊ ဟင်...ငါဘာတွေ တွေးမိပါလိမ့်။

*

ဘဝဆိုသည့် ခရီးရှည်ကြီးကို ဘယ်လိုနားလည်ရမှန်းပင် မသိတော့။

အစကမူ ကိုယ့်ဘဝ ကိုယ် ရှက်ရွံ့မုန်းတီးစွာ၊ စက်ဆုပ်စွာဖြင့် ရောက်ချင်ရာ



ရောက် ကမ္ဘာမြေအနှံ့ လျှောက်သွားပစ်လိုက်တော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ ကမ္ဘာလောကကြီးရဲ့ အစွန်ဆုံးက ချောက်ကမ်းပါးကြီးမှတစ်ဆင့် ခုန်ချလိုက်တော့မည်ဟုပင် စိတ်ရူးတွေ ပေါက်ခဲ့မိသည်။

ယခုတော့လည်း လောကကြီးကို စိတ်မနာရက်တော့။ နာကြည်းစရာတွေ အတိပြီးလျက်ရှိသည်ဟု ထင်ခဲ့သော လောကကြီးထဲမှာ နှီးနှောစရာ ကွန်းရိပ်သာယာလေးတွေ ရှိနေပါသေးလားဟု သတိအသိ ဝင်ခဲ့ပြန်သည်။

မိန်းမသားဘဝမှာ ခင်ပွန်းဆိုသည့် အရိပ်အာဝါသ ကား အေးမြကြီးမားလှပါဘိခြင်း။ မောင်ကြီးသည် ကယ်တင်ရှင်၊ ကရုဏာရှင် ဖြစ်သလို ခင်ပွန်းကောင်းလည်း ပီသပါလေသည်။ တက္ကသိုလ်သူဌေးလေးဟူသော ဂုဏ်ဖြင့် အခြား သူဌေးတွေလို ဟော့ဟော့ရမ်းရမ်းလည်း မရှိ။ ဤစံအိမ်ကြီးသို့ ရောက်ခဲ့ပြီး သတိပြန်လည်ရရှိသော့နေ့က အိပ်ရာဘေးမှာ သူပြောခဲ့သလိုပင် သူသည် ကရုဏာအပြည့် ချစ်ခြင်းမေတ္တာအပြည့်ဖြင့် လက်ခံခဲ့ပါပေသည်။

ကိုယ့်ဘဝကိုယ် နာကြည်းစက်ဆုပ်ခြင်းများဖြင့် လောကကြီးကို ကန်ကျောက်သတ်ပုတ်တော့မည်ပြင်လိုက်သော်လည်း ချစ်ခြင်းမေတ္တာက ဆီးကြိုခံလင့်နေသောအခါ လောကကြီးသည် ထိရက်စရာပင် မရှိတော့ပါချေ။

ထိုအခါ ချမ်းမြေ့သောဘဝ၌ပင် သူဌေးကတော်အိမ်ရှင်မကောင်းတစ်ယောက်အဖြစ် ဘဝကို ကုန်ဆုံးစေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မှန်တိုင်းလွန်သောအခါ ပင်လယ်သည် ချစ်စရာအတိပင် မဟုတ်လား။ သန်းခေါင် လွန်သောအခါ အရုဏ်ဦးက ပျို့လာတတ်သည်ပင် မဟုတ်လား။

အို...သည်လိုနှင့်ပင် လတွေ နှစ်တွေ ကုန်ဆုံးခဲ့ပေပြီ။

ချစ်သော ခင်ပွန်းအပြင် ချစ်သော သားရင်သွေးလေးနှစ်ယောက်ပင် ထွန်းကားခဲ့ပေပြီ။ အို...မိန်းမသားတို့ဘဝဆိုတာ သည်လိုနှင့်ပင် ပြည့်စုံချမ်းမြေ့လာရပေတော့သည်။ ကြင်နာတတ်သော ခင်ပွန်းလင်၊ ချစ်စရာကောင်းသော သားလေး နှစ်ယောက်၊ တည်ဆောက်ထားသော မိသားစုသံယောဇဉ် အသိုက်အဝန်းလေးထဲမှာ ချမ်းမြေ့ငြိမ်းအေးစွာ ဖြတ်သန်းရှင်သန်နေရပြီ။

အင်း...သည်လိုတော့လည်း မိန်းမသားတစ်ယောက်ရဲ့ ဘဝဟာ အဓိပ္ပာယ်ရှိသွားတာပါပဲလား။

*

သီရိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လှည်းဘီးသံ၊ နွားခြုံသံများကို စီစီဝေဝေ ကြားရသောကြောင့် လေသာဆောင်သို့ ထွက်ကြည့်လိုက်သည်။ အင်း…တက္ကသိုလ်သို့ အပျော်ခရီး ထွက်လာသောရပ်ဝေးခရီးသွားများပင် ထင်ရဲ့။ လှည်း အစီးငါးရာဖြင့် တပျော်တပါး။

ရှေ့ဆုံးလှည်း၏ ခေါင်းမိုးက ခေါင်းဆောင်ထင်ရဲ့။ ကတ္တီပါအုပ်မိုးလို့၊ ပိုးတွန့် အနားမြိတ်တွေနဲ့။ ပြီးတော့ လှည်းသမားဘေးမှ ထိုင်လိုက်လာသူကလည်း၊ အလိုလေး…။

တစ်စုံတစ်ခု ကွဲပြိုအက်သွားသံလိုလို၊ မိုးကြိုးထစ်ချုန်းသံလိုလို၊ အမှန်တော့ ရင်ထဲမှာ ပေါက်ကွဲသွားသော အသံပင် ဖြစ်ပေမည်။

သူ…သူ…လှည်းသမားဘေးမှာ ထိုင်လိုက်လာတဲ့ လှည်းဦးက လူ။

အတိတ်ဖြစ်ရပ်များက ကျိုးပေါက်သော တာတမံနှယ် တဝေါဝေါ တဝုန်းဝုန်း ဆင့်ကဲဆင့်ကဲ လှိမ့်ဝင်လာကြသည်။ ဟုတ်ပါတယ်၊ သူမှ သူ၊ ငါ့ရဲ့မိတ်ဆွေ။

မေ့ပျောက်ထားခဲ့သော အတိတ်သည် ဘွားခနဲ ပေါ်လာပြီ။ ကုန်ဆုံးသွားပြီထင်ရသော ဖြစ်ရပ်သည် အသစ်တစ်ဖန် လွန့်လူးနိုးထလာပြန်ပြီ။ အလိုလေး… ဒီအတိတ်တစ္ဆေကြီးဟာ ငါ့ကို ခုအချိန်မှာ ခြောက်လှန့်ဖမ်းစားဖို့အတွက် နှစ်ကာလများစွာ စောင့်ဆိုင်းနေခဲ့လေသလား။

လှည်းက စံအိမ်ရှေ့မှ ဖြတ်အသွားမှာပင် ငါ့သတိတရားနှင့် တည်ဆောက်မှုအလုံးစုံသည် ပြိုကွဲပျက်စီးသွားပြီ။ ရှိခဲ့လေသော အတိတ်ဆိုသည်မှာ ဖျောက်ဖျက်ပစ်လို့ မရနိုင်ပါလား။ ချောက်ချားတုန်လှုပ်နေသည့်ကြားထဲမှပင် ငါ့အသံကို ငါပြန်ကြားလိုက်ရတော့သည်။

'အဲဒီလှည်းတွေကို ရပ်ခိုင်းလိုက်ကြပါ၊ ရှေ့ဆုံးလှည်းပေါ်က ဟိုလူကို ကျွန်မဆီ ခေါ်ခဲ့ကြပါ၊ သူဌေးကတော်က ဖိတ်ကြားတယ်လို့ ပြောပြပါ'

ငါ ငါ…ဘာတွေ လုပ်မိပါလိမ့်။ အို…ဒါက ငါ မလုပ်ဘဲ မနေနိုင်။

ညှို့သည်ယောကျ်ားပျိုက စံအိမ်ညွှန့်ခန်းဆောင်မှာ ရောက်နေပြီး လှေကားမှ ငါဆင်းသွားသောအခါ သူက မတ်တတ်ရပ်လျက် ဆီးကြိုသည်။ ထိုင်ခုံတွင် ထိုင်ကြပြီးနောက် သူကပင် စတင်စကားပြောလာသည်။

'သူဌေးကတော်လား ခင်ဗျာ၊ ကျွန်တော်တို့ လှည်းကို ရပ်စေပြီး ကျွန်တော့်ကို ဖိတ်ကြားလိုက်တယ်ပြောလို့ ရောက်လာရပါတယ်၊ သူဌေးကတော်အတွက် ကျွန်တော် ဘာများ ဆောင်ရွက်ပေးနိုင်ပါမလဲ ခင်ဗျာ'



ဟုတ်ပါတယ်၊ သူမှ သူပါ။ နှစ်နှစ် သုံးနှစ်ဆိုတဲ့ ကာလဟာ တကယ့် ခဏလေးပါ။ ဒါပေမဲ့ သူ ငါ့ကို မမှတ်မိဘူး။ အေးလေ…ဘယ်သိနိုင်ပါ့မလဲ။ သူ သိခဲ့တဲ့ ငါဟာ အခု ငါမှ မဟုတ်ပေဘဲ။

'သူဌေးကတော်အတွက် ကျွန်တော် ဘာများဆောင်ရွက်ပေးနိုင်ပါသလဲ'

သူ့ကို မေ့လျော့စွာ စူးစိုက်ကြည့်နေမိသည့်အတွက် သူ မနေတတ် မထိုင်တတ်ဖြစ်သွားဟန်ဖြင့် မျက်နှာငုံ့သွားသည်။ ငါ့ကိုယ်ငါ ထိန်းသိမ်းချုပ်တည်းဖို့ သတိမထားနိုင်မိမှာပင် ပထမဆုံးမေးခွန်းက ငါ့နှုတ်မှ လွင့်သွားပြီ။

'ရှင် သောရေယျပြည်က မဟုတ်လား'

'ဟုတ်ပါတယ် သူဌေးကတော်'

'သောရေယျရဲ့ အရှေ့နိဂုံးမှာ မိုးပြာရောင်စံအိမ်ကြီးတစ်ခု ရှိတယ်မဟုတ်လား'

'ဟုတ်ပါတယ် သူဌေးကတော်'

'အဲဒီစံအိမ်ကြီးက သူဌေးကြီးနဲ့ သူဌေးကတော်တို့ နေကောင်းကြရဲ့လား'

'နေကောင်းကြပါတယ် သူဌေးကတော်'

'သူတို့ရဲ့ ချွေးမလေးကော ကျန်းကျန်းမာမာပဲလား'

'ကျန်းကျန်းမာမာပါပဲ သူဌေးကတော်'

'အဲဒီချွေးမရဲ့ သားလေးနှစ်ယောက်ကော နေကောင်းကြရဲ့လားဟင်'

'ကလေးတွေလဲ နေကောင်းပါတယ် သူဌေးကတော်'

အဖြေစကားတွေကို ဆက်တိုက်ဆိုရင်း သူ အံ့ဩလာပုံရသည်။ အို…မေးနေသော ငါ့ကိုယ်ငါလည်း အံ့ဩနေတာပါပဲ။

'အဲဒီ ကလေးနှစ်ယောက်ရဲ့ ဖခင်၊ သူဌေးကြီးတို့ရဲ့သား၊ ဟို ချွေးမလေးရဲ့ ခင်ပွန်း သောရေယျ သူဌေးသားတစ်ယောက်ကော'

'ခင်ဗျာ…'

'သောရေယျ သူဌေးသားလေ'

'သူ သူ…ပျောက်ဆုံးသွားတာ သုံးနှစ်လောက် ရှိသွားပါပြီ သူဌေးကတော်၊ ဘယ်မှာမှ ရှာမတွေ့တော့လို့ သူသေဆုံးပြီလို့ ဆုံးဖြတ်ပြီး ကျွန်တော်တို့အားလုံး သူ့ကို ရည်စူးပြီး သင်္ဂြိုဟ်ပြီးကြပါပြီ'

'ဩော်…သောရေယျ သူဌေးသား ဆုံးသွားပြီတဲ့လား'

'ဟုတ်ပါတယ် သူဌေးကတော်၊ ဘာဖြစ်လို့ပါလဲ ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ကြာရှည်ကြာလျား ခိုအောင်းနေသော အတိတ်ဝဲဩဃကြီးသည် မြုံနေသော အနာကြီးတစ်ခုပမာ ပေါက်ကွဲစီးယိုသွားပေပြီ။

'အဲဒီ သောရေယျသူဌေးသား မသေသေးပါဘူး'

'ဗျာ… မသေသေးဘူး၊ ဟုတ်လား'

'ဟုတ်တယ်၊ သူ အသက်ရှင်နေဆဲ ရှိတယ်'

'အို… ဟုတ်လား၊ သူ ဘယ်မှာလဲ၊ သူဌေးကတော် သူ့ကို သိသလားဟင်'

'သိတယ်၊ ရှင်နဲ့ အနီးဆုံးနေရာမှာ ရှိနေတယ်'

'အို… ဝမ်းသာလိုက်တာဗျာ၊ သူဟာ ကျွန်တော့်ရဲ့ အချစ်ဆုံးသူငယ်ချင်းပါ၊ သူ ဘယ်မှာလဲဟင်၊ သူ့ကို ကျွန်တော် တွေ့ချင်လှပါပြီ'

'ရှင့်ရှေ့မှောက်မှာ သူ ရှိနေတယ်လေ'

ဝုန် 'ဗျာ'

'ရှင်နဲ့ စကားပြောနေတယ်'

ထင်၊ 'ဗျာ…'

ဒီအ 'အဲဒီ သောရေယျသူဌေးသားဟာ ကျွန်မပဲ'

များ အံ့ဩထိတ်လန့်မှု၊ မယုံကြည်မှုများဖြင့် ဆတ်ခနဲတုန်သွားသော သူ့ကို တွေ့ရသည့်နည်းတူ ငါကိုယ်တိုင်လည်း အတိတ်မည်းအမှောင်တိုက်ကြီးထဲမှ အလင်းပန်းပွင့်ထဲသို့ ထွက်လာရသည့်အတွက် ပေါက်ကွဲလွင့်စဉ်သွားတော့မလား ထင်ရသည်။

'ဟုတ်တယ်၊ ကျွန်မဟာ သောရေယျသူဌေးသားပဲ'

ချောက်ချားတုန်ယင်စွာ သူပြောလာသည်။

'သူဌေးကတော် ကျိုစယ်နောက်ပြောင်စကားတွေ ပြီးရင် ဘာပြောချင်ပါသလဲခင်ဗျာ'

'ဘာမှပြောစရာမရှိဘူး၊ ကျိုစယ်နောက်ပြောင်တာလဲ မဟုတ်ဘူး၊ ရှင်နဲ့အတူ ရေချိုးဆိပ်ကို အတူသွားရင်း ပျောက်ဆုံးသွားခဲ့တဲ့ သောရေယျသူဌေးသားဆိုတာ ကျွန်မပဲ၊ လွန်ခဲ့တဲ့ သုံးနှစ်က ကျွန်မဟာ ယောကျ်ား၊ အခု မိန်းမ…'

*



အရှင်မဟာကစ္စည်း မထေရ်မြတ်ကြီး၏ ခြေတော်အစုံကို ဦးတိုက်ရှိခိုးလိုက်သည်။ ကြီးစွာသော နောင်တ တရားတို့၏ ဖြန့်ကျက်စီးဆင်းမှုဖြင့် တစ်ကိုယ်လုံး သိမ့်သိမ့်ခါနေတော့သည်။

'အရှင်ဘုရား… သည်းခံတော်မူပါဘုရား'

'သည်းခံခြင်းအကြောင်းက မည်သို့လဲ ဒကာမငယ်'

'အရှင်ဘုရား… တပည့်တော်မဟာ သောရေယျပြည်က သောရေယျ အမည်ရှိ ယောကျ်ားပျိုတစ်ဦး ဖြစ်ခဲ့ပါတယ်ဘုရား၊ လွန်ခဲ့သော သုံးနှစ်ရဲ့ နေ့တစ်နေ့မှာ ရေကစားရန် အလို့ငှာ မိတ်ဆွေသူငယ်ချင်းများနဲ့ ထွက်လာခဲ့ပါတယ် ဘုရား၊ အဲဒီအချိန်မှာ သောရေယျပြည်ထဲသို့ ဆွမ်းခံကြွဖို့အတွက် သင်္ကန်းတော်ကို ဒုကုဋ်ရုံလွှမ်းဖို့ သပ္ပာယ်ပြင်ဆင်နေတော်မူတဲ့ အရှင်ဘုရားကို တွေ့လိုက်ရတဲ့အခါမှာ အရှင်ဘုရားကို တပည့်တော်မဟာ စိတ်ထဲက ပြစ်မှားမိခဲ့ပါတယ်ဘုရား၊ အရှင်ဘုရားရဲ့ ရွှေအဆင်းနဲ့ တူတော်မူသော ဝင်းပတင့်တယ်တဲ့ အဆင်းကို ကြည့်ပြီး တပည့်တော်မ အမိုက်မဟာ အဆင်းကို တပ်မက်စိတ်နဲ့ ဒီမထေရ်မြတ်သာ ငါ့မယားဖြစ်လိုက်ပါတော့၊ ဒါမှမဟုတ်ဘဲ ငါ့မယားသာ ဒီမထေရ်လို လှပတင့်တယ်လိုက်စမ်းပါတော့လို့ ပြစ်မှားမိလိုက်ပါတယ်ဘုရား၊ အဲဒီအခိုက်မှာပဲ တပည့်တော်မရဲ့ ယောကျ်ားအသွင်၊ ယောကျ်ားသဘာဝ ကွယ်ပျောက်ပြီး မိန်းမသားအသွင်၊ မိန်းမသားသဘာဝ အဖြစ် ပြောင်းလဲသွားခဲ့ရပါတယ်ဘုရား၊ သည်းခံတော်မူပါ အရှင်မြတ်ဘုရား'

'ကျွန်ုပ် သည်းခံတယ် ဒကာမငယ်'

အို… ဘုရား… ဘုရား… အရှင်မြတ်၏ သည်းခံစကားအဆုံးမှာပင် မယုံနိုင်စရာ ကောင်းလောက်အောင် ထူးထွေဆန်းကြယ်မှုက ဖြစ်ပေါ်လာတော့သည်။

ချောမွေ့သွယ်ပျောင်းသော လက်ချောင်း ခြေချောင်းများ ကွယ်ပျောက်၊ လှပနုနယ်သော မျက်နှာပြင် ကွယ်ပျောက်၊ ညှို့သက်ဖြူဖွေးသော အသားအရေများ ကွယ်ပျောက်။

ငါ ငါ… ယောကျ်ားပြန်ဖြစ်ပြီ၊ ယောကျ်ားပြန်ဖြစ်ပြီ။

*

ယောကျ်ားဘဝမှ မိန်းမဘဝသို့ ပြောင်း၊ တစ်ဖန်တုံ မိန်းမဘဝမှ ယောကျ်ားဘဝသို့ ပြန်ရောက်၊ ထိတ်လန့်ဖွယ်အဖြစ်ကို ငါ အလုံးစုံ စက်ဆုပ်ပြီးသည့်၏ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဝယ် အရှင်မဟာကစ္စည်း မထေရ်မြတ်ထံတော်မှာပင် ငါ ရဟန်းအဖြစ်ကို တောင်းပန် လျှောက်ထားကာ 'သောရေယျမထေရ်' ဖြစ်ခဲ့လေပြီ။

တက္ကသီလာသူဌေးသား ခင်ပွန်းဟောင်းနှင့်တကွ သူနှင့် ရခဲ့သော သားနှစ်ယောက်ကိုလည်း ငါ စွန့်ပစ်ခဲ့ပြီ။ အရှင်မဟာကစ္စည်း မထေရ်မြတ်၏ နောက်ပါးမှ လိုက်ပါကာ သောရေယျပြည်သို့ ငါဝင်ခဲ့ပြီ။

'ယောကျာ်းကနေ မိန်းမဖြစ်၊ မိန်းမကနေ ယောကျာ်းပြန်ဖြစ်ပြီး အခု ရဟန်းဘဝနဲ့ သောရေယျ မထေရ်တဲ့'

သောရေယျတစ်ပြည်လုံးလည်း အုန်းအုန်းကျွက်ကျွက်ညံပြီး ထိုအသံနှင့်အတူ ကပ်လျက်ပါလာသော အမေးစကားကလည်း ငါ့နားဝမှာ လျှံခဲ့ပြီ။

'အရှင် သောရေယျ၊ သူဌေးသားဘဝက ရခဲ့တဲ့ သားနှစ်ယောက်နဲ့ တက္ကသီလာသူဌေးကတော်ဘဝမှာ ရခဲ့တဲ့ သားနှစ်ယောက်မှာ ဘယ်သားများကို အရှင် ပိုပြီး ချစ်ခြင်းအားကြီးပါသလဲ'

သောရေယျတစ်ပြည်လုံးက မေးလာသော ထိုမေးခွန်းကို ငါကလည်း တစ်ခုတည်းသော အဖြေဖြင့် တုံ့ပြန်ခဲ့သည်။

'ဝမ်းဌာလွယ်၍ မွေးဖွားခဲ့သော သူဌေးကတော်ဘဝ သားနှစ်ယောက်ကို ပို၍ ချစ်ခြင်းအားကြီးပါတယ်'

တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်။ တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်။ ရက်ပေါင်း၊ အကြိမ်ပေါင်းများစွာ အထပ်ထပ်အခါခါ ဤစကားကိုပင် သူတို့ မေးနေကြသည်။ ငါကလည်း တစ်ခုတည်းသော အဖြေကိုသာ ဖြေခဲ့သည်။ ဘုရား ... ဘုရား ... ရှက်ဖွယ်လိလိပါတကား။ ရဟန်းတစ်ပါးအား မေးသော မေးခွန်း၊ ရဟန်းတစ်ပါးက ဖြေသောအဖြေ။ အကြိမ်ကြိမ် အလီလီ။

ဤအဖြေစကား ငါ့နှုတ်မှ မထွက်ချင်တော့။ သို့ဆိုလျှင် မေးမည့်သူများနှင့် ကင်းလွတ်ရာမှာ ငါ နေရမှ ရတော့မည်။

တစ်ပါးတည်းသာ ငါ နေတော့မည်။

တစ်ပါးတည်း။ တစ်ပါးတည်း။ တစ်ပါးတည်း။

*

'အရှင်သောရေယျ ... ယောကျာ်းဘဝက သားနှစ်ယောက်နဲ့ မိန်းမဘဝက သားနှစ်ယောက် ဘယ်သားများကို ပိုပြီး ချစ်အားကြီးပါသလဲ'



တစ်မှဟုတ်ချင်းပင် မဆိုင်းမတွ ငါဖြေလိုက်ပြီ။

'ငါ့အား တစ်စုံတစ်ယောက်သော သားတို့အပေါ်၌ ချစ်ခြင်းမည်သည် မရှိ'

ဤအဖြေစကားကိုကြားကြကုန်သော ရဟန်းတို့က မြတ်စွာဘုရားအား အရှင်သောရေယျသည် အရဟတ္တဖိုလ်စကားကို ပြောကြားနေပါသည်ဟု လျှောက်ထားကြသည်။

ဘုရားရှင်ကိုယ်တော်မြတ်၏ ဟောတော်မူသော စကားသည် ငါ့အား လည်းကောင်း၊ အလုံးစုံသော သတ္တဝါတို့အားလည်းကောင်း အလင်းသို့ ညွှန်ပြဆုံးမတော်မူချေပြီ။

'ချစ်သား ရဟန်းများတို့ ... ငါ၏ သားတော်သောရေယျမထေရ်သည် အရဟတ္တဖိုလ် စကားကို ပြောကြားသည်မဟုတ်၊ ကောင်းစွာ ဆောက်တည်အပ်သောစိတ်ဖြင့် မဂ်တရားကို မြင်သည်မှစ၍ ငါ့သားတော်အား တစ်စုံတစ်ယောက်သော သားတို့၌ ချစ်ခြင်းမရှိလေပြီ၊ ဤမဂ်ဖိုလ်တည်းဟူသော စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို အမိသည်လည်းကောင်း၊ အဖသည်လည်းကောင်း၊ အဆွေအမျိုးသည်လည်းကောင်း ပြုခြင်းငှာ မတတ်နိုင်။ ဤသတ္တဝါတို့အား မိမိကိုယ်တွင်း၌ ကောင်းစွာဖြစ်သော စိတ်သည်သာလျှင် ထိုစည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို ပေးခြင်းငှာ စွမ်းနိုင်၏'

'နတံ မာတာပိတာ ကယိရာ၊ အညေဝါပိစ ဉာတကာ၊ သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတောကရေ'

'သာဓု ... သာဓု ... သာဓုပါ အရှင်ဘုရား'

[ဓမ္မပဒ၊ စိတ္တဝဂ်၊ ဒေသနာတော် - ၄၃]

○

www.burmeseclassic.com

www.burmeseclassic.com

# အဘိုးအိုနှင့် သူ၏ဂါထာ

သူ့ကို မြင်ရသည်မှာ လူသားတစ်ယောက်နှင့်ပင် မတူတော့။

သူ့ကို မြင်လိုက်ရသည့်ခဏတွင် မြင်ရသူအဖို့ သစ်ပင်အိုကြီးတစ်ပင်ကို ချက်ချင်း အမှတ်ရစေပေလိမ့်မည်။ အခက်အလက် အရွက်ဟူသမျှ တစ်ခုမှ မကျန်တော့ဘဲ ပင်စည်ကိုင်းကိုင်း၊ အရိုးပြိုင်းပြိုင်းနှင့် ခြောက်သွေ့ချုံးကျနေသော သစ်ပင်အိုကြီးတစ်ပင်လို ဖြစ်နေသည်။ လေဒဏ် နေဒဏ် မိုးဒဏ်တို့ကို နှစ်ရှည်လများ ခါးစည်းခံခဲ့ရကာ အမြစ်အုံ ကျွတ်လျက် ဗုန်းဗုန်းလဲကျနေသော သစ်ပင်သေကြီးတစ်ပင်လို ဖြစ်နေသည်။

သူ့မျက်နှာ၊ သူ့လက်မောင်း၊ သူ့လည်ပင်း၊ သူ့ရင်အုပ်တွေမှာ ဇရာ၏ အရေးအကြောင်းများက ထောင်ချီ၍ ရှိလိမ့်မည်။ တစ်ကိုယ်လုံးမှာ ကြွက်သားစိုင် ဟူ၍ ဘယ်နေရာမှ မရှိတော့ဘဲ အရိုးပေါ်မှာ အရေပြားသာ ကပ်နေသည်။ ထိုအရေပြားတို့မှာလည်း အသားရောင်နှင့် အသွေးရောင်တို့ မရှိတော့ဘဲ 'ကော' သွားသော လယ်တစ်ကွက်ကဲ့သို့ ပပ်ကြားအက်များသာ အထပ်ထပ်စွဲထင်နေသည်။

ချောင်ကျနေသော နားထင် နားရင်း၏ အောက်၊ ချိုင့်ခွက်နေသော ပါးပြင်၏ အထက်မှ မျက်လုံးအစုံတို့မှာ မွဲသီရီဝေသောအကြည့်များသည် ချည့်နဲ့စွာ ထွက်ပေါ်နေကြသည်။ တစ်ခုခုကို လှမ်းမျှော်ကြည့်ရင်း အားယူ၍ လှုပ်ရှားပုတ်ခတ်လိုက်သော မျက်ခွံများက အိတွဲလေးလံ နွေးကွေးနေကြသည်။

သည်မျှ အိုမင်းရင့်ရော်နေသော အဘိုးအိုကြီးတစ်ယောက်အဖို့ အသက် ရှင်

www.burmeseclassic.com

www.burmeseclassic.com



သန်နေခြင်းပင်လျှင် အံ့သြစရာဖြစ်နေသည်။ ဇရာနှင့် ဗျာဓိသည် သူ့ကိုယ်ပေါ်၌ နေရာလပ်မရှိ တံခွန်အလံများ စိုက်ထူထားကြပြီ ဖြစ်သည်။ ချုံးချုံးကျသော ထို ခန္ဓာကိုယ်ပေါ်၌ မရဏာသည်သာလျှင် ရစ်သီရစ်ဝဲ လုပ်နေသည်။

သူ့တစ်ကိုယ်လုံးတွင် အသက်ရှိနေသေးသည်ဟု ထင်ရသောအရာနှစ်ခု ရှိသည်။ ယင်းတို့မှာ သူ့လက်ထဲက တောင်ဝှေးနှင့် သူ့ခါးပေါ်က နံငယ်ပိုင်းအဖြူတို့ပင် ဖြစ်သည်။ တောင်ဝှေး၏ တဒေါက်ဒေါက်အသံနှင့် နံငယ်ပိုင်းအဖြူစ၍ ဖလပ်ဖလပ် လှုပ်သံသည်သာ လှုပ်ရှားမှုရှိနေသေးသော အစိတ်အပိုင်းဟု ဆိုနိုင်သည်။

တောင်ဝှေးပေါ်တွင် သူ့တစ်ကိုယ်လုံးကို အားပြုထောက်လှမ်းလျက် ပရိသတ်ကြားသို့ သူ ဝင်လာသည်။ ရွက်ခြောက်တစ်ခု လွင့်မျောလာသကဲ့သို့ ဖြစ်သည်။ လူများက သူ့ကို ရှဲပေးကြသည်။

တောင်ဝှေးသံတဒေါက်ဒေါက် အဆုံးတွင် သူ့နှုတ်မှ တိုးတိမ်တုန်ယင်သော စကားပြောသံ ထွက်လာလေသည်။

'ရှုထုပရိသတ် စုံညီတဲ့ ဒီသဘင်မှာ ဒုက္ခသည်အဘိုးကြီးကို ဂါထာတစ်ပုဒ် ရွတ်ခွင့်ပေးကြပါ'

*

လူများက သူ့ကို ဂါထာရွတ်ခွင့်ပြုလိုက်ကြသည်။

တောင်ဝှေးကိုင် လက်ဖမိုးပေါ်တွင် မေးကိုတင်လျက် ခဏကြာ သူ နားနေရသေးသည်။ ဝမ်းဗိုက်ပြင်တစ်ခုလုံး နိမ့်မြင့်ရှုံ့တွဖြစ်သွားအောင် သူ ခက်ခဲစွာ အသက်ရှူရသေးသည်။ သူ့နှုတ်မှ 'ဂါထာ' မပေါ်လာသေး။ လူအများကလည်း ဤမျှချည့်နဲ့နွမ်းရော်နေသော အဘိုးအိုကြီးတစ်ယောက်ထံမှ မည်သို့သောဂါထာမျိုး ထွက်ပေါ်လာမည်နည်းဟူ၍ စိတ်ဝင်တစား နားစွင့်နေကြသည်။

သူ့နံငယ်ပိုင်း အဝတ်ဖြူမှာ ပရိဗိုဇ်များ ဝတ်ဆင်လေ့ရှိသော အဆောင်အယောင်မျိုး ဖြစ်သည့်အတွက် အချို့က သူ့ဆီမှ တန်ခိုးရှိသော ဂါထာမန္တ ရားများ ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်နေကြသည်။

အဘိုးအိုသည် မွဲသီသော မျက်စိများဖြင့် ပရိသတ်အစုအဝေးဆီသို့ တစ်ချက် ဖြန့်ကျက်ကြည့်လိုက်သည်။ ထိုခဏမှာပင် သူ့နှလုံးသွေးများ တဒိတ်ဒိတ်ခုန်သွားလေသည်။



အလိုလေး ... ဒီပရိသတ်ထဲမှာ သူတို့ ရှိနေကြပါလား။

မည်မျှပင် မွဲသီနေကြစေကာမူ ပရိသတ်အစွန် လူအုပ်ကြီးတွင် လှစ်ခနဲ တိုးဝင်ကာ ကိုယ်ရောင်ဖျောက်လိုက်ကြသော လူလေးယောက်ကိုတော့ အဘိုးအို အမိအရမြင်လိုက်လေသည်။ ထိုယောကျ်ားလေး လေးယောက်သည် အဖိုးတန် ဝတ်ကောင်းစားလှအပြည့် ဆင်မြန်းထားသည်။ သို့သော် အဘိုးအိုကမူ ထိုသူတို့ကို ရိပ်ခနဲ မြင်လိုက်ရုံဖြင့် ကောင်းစွာမှတ်မိလိုက်လေသည်။

သား လေးယောက်၊ ငါ့ရဲ့ သားလေးယောက်။ သူတို့ ဒီလူအုပ်ထဲမှာ ရှိနေကြတယ်။ အလိုလေး ... သူတို့ ရှိနေကြတယ်။

ခွန်အားများ ပြန်လည်ပြည့်တင်းလာသလို သူ ခံစားလိုက်ရသည်။ သားတွေကို တွေ့လိုက်ရသော ဖခင်၏ မေတ္တာစာတ်ကြောင့်လား၊ သားတွေနှင့် ဆက်စပ်ပတ်သက်နေသော ဖြစ်ရပ်တွေကြောင့်လား၊ ဘာကြောင့်မှန်းတော့မသိ။ အဘိုးအို အဖို့မှ ဂါထာရွတ်ရန်အတွက် အင်အားများ ပြည့်လာသည်။ ဇရာနှင့် ဗျာဓိအပေါ်တွင် နာကြည်းကြေကွဲမှုက အင်အားအဖြစ် ထိုးဖောက်လင်းလက်လာသည်။

အဘိုးအို၏ နှုတ်မှ တုန်ယင်ချည့်နဲ့သော၊ သို့သော် ပီသသဲကွဲနေသေးသော အသံ ထွက်ပေါ်လာသည်။

*'ဖခင်အိုကြီးတစ်ယောက်အကြောင်း*
*ပြန်ပြောင်းပြောပြချင်ပါသည်*
*မျက်နှာစုံညီ*
*ထိုဇာတ်လမ်းကို မှတ်တမ်းပြုပါမည်'*

သူ အလွတ်အာဂုံဆောင်လာခဲ့သော ဂါထာ၏ ပထမအပိုဒ်ကို အဆင်ပြေပြေ ရွတ်ချလိုက်သည်။ လူအများက သူ့ဂါထာကို ငြိမ်သက်စွာ နားထောင်နေကြမှန်း သိရသောအခါ ပို၍အားတက်လာသည်။

*'ဖခင်အိုကြီး မေတ္တာရေကြည်*
*သားတို့အပေါ် သွန်းလောင်းဖြာစီ*
*ရင်သွေးဟူက ချစ်မဝပါသည်*
*ကောင်းစားရေးကို အမြဲပင် တွေးကြံခဲ့ပါသည်'*



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအပိုဒ်ကို ရွတ်ဆိုနေရင်းနှင့် သူ့အတွေးတို့သည် မဝေးသေးသော အတိတ်ဆီသို့ လျှပ်ပြက်သလို ရောက်ရှိသွားလေသည်။

သာဝတ္ထိနေပြည်တော်တွင် နေထိုင်သော 'သူ' သည် တစ်ချိန်က အသပြာ ရှစ်သိန်း တိတိကို ပိုင်ဆိုင်ခဲ့သော ချမ်းသာကြွယ်ဝသည့်ပုဏ္ဏားတစ်ယောက်ဖြစ်ခဲ့သည်။ ရှစ်သိန်းသော ဥစ္စာစည်းစိမ်တို့နှင့်အတူ လိမ္မာရေးခြားရှိသော ဇနီးသည် ပုဏ္ဏေးမ ကိုလည်း သူပိုင်ဆိုင်ခဲ့သည်။ သို့သော် ထိုစည်းစိမ်ဥစ္စာ ရတနာနှင့် ဇနီးရတနာတို့ ထက် သူ ပိုချစ်ခင်တွယ်ရသော ရတနာမှာ သားရတနာ ဖြစ်သည်။

နှစ်နှစ်ကြီး နှစ်နှစ်ငယ် သားလေးယောက်သည် သူ့အတွက် အပြိုင်းအရိုင်း ဖွံ့ဖြိုးရှုမဝသော ရတနာလေးပါးသဖွယ် ဖြစ်လေသည်။

ထိုသားလေးယောက် အရွယ်ရောက် လူလားမြောက်ကြသောအခါ လောကီ ဘုံဓလေ့အရ အိမ်ထောင်ပြုကြသည်။ သားတို့အပေါ် ချစ်ခြင်းဖြင့် ပုဏ္ဏားအိုသည် တစ်ယောက်လျှင် အသပြာတစ်သိန်းစီ ခွဲဝေပေးလိုက်လေသည်။

'မင်္ဂလာလက်ဖွဲ့အဖြစ် ပေးတာလား၊ အမွေခွဲဝေပေးတာလား အဖ' ဟု သားများက မေးသောအခါ သူက ဖခင်တို့၏ မေတ္တာဖြင့် 'မင်္ဂလာလက်ဖွဲ့ပဲဖြစ်ဖြစ်၊ အမွေပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်ပေါ့ သားတို့ရယ်၊ အဘက သားတို့ကို ပေးတာဟာ ပေးတာပဲပေါ့၊ အဘပစ္စည်းဟာ သားတို့ပစ္စည်းပဲ မဟုတ်လား' ဟု ဖြေခဲ့သည်။

များမကြာမီတွင် ဇနီးဖြစ်သူ ပုဏ္ဏေးမကြီး ကွယ်လွန်သည်။ သားလေးယောက်မှာ အသပြာတစ်သိန်းစီနှင့် အိုးခွဲ အိမ်ခွဲ ရှိနေကြပြီ။ သူ့မှာသာ အသပြာလေးသိန်း ကိုပိုက်လျက် မုဆိုးဖိုအဖြစ် ဘဝခရီးကို ဆက်လျှောက်ခဲ့ရသည်။ အသပြာလေး သိန်း ကို ပိုင်ဆိုင်ထားရခြင်းမှတစ်ပါး သူ့မှာ အထီးကျန်ဘဝ။

သို့သော် သူ့အထီးကျန်ဘဝ လုံးဝသွေ့ခြောက်သွားသည်ဟု မဆိုနိုင်။

သားလေးယောက်နှင့် ချွေးမလေးယောက်တို့ သူ့မှာ ရှိသေးသည်။

ထိုလေးစုံတွဲတို့ သူ့ဆီသို့ ရောက်လာကြသည်။ မိခင်ကြီး ကွယ်လွန်သည့် အတွက် ယခုတိုင် ပူဆွေးဝမ်းနည်းနေကြရကြောင်း၊ ဖခင်အိုကြီးအတွက် စိုးရိမ် ပူပန်နေရပါကြောင်းဖြင့် တတွတ်တွတ် ပြောဆိုကြပြီးနောက် သူတို့အားလုံး၏ လေသံမှာ တစ်သံတည်း ထွက်လာသည်။

'အဘ…အဘအသက်လဲ ကြီးလှပြီ၊ တစ်ကိုယ်တည်း နေလို့ မတော်ပေဘူး၊ ဆေးပေးမီးယူလဲ မရှိဘူး၊ နာမကျန်းဖြစ်မှဖြင့် ဒုက္ခ၊ ဒါတင်မကပါဘူး အဘရယ်၊



စားရေးသောက်ရေးကလဲ ဆင်းရဲလှပါတယ်၊ အဘမှာ အသပြာလေးသိန်း ရှိနေပေမယ့် သားသမီး အခြွေအရံက မရှိဘူး၊ အသက်ကြီးသူများဟာ တစ်ယောက် ထီးတည်း နေရင် ပိုပြီး ချောက်ချားအားငယ်လာတတ်ပါတယ်၊ အဘကို ဒီလိုထားရတာ ကျွန်တော်တို့ ကျွန်မတို့ စိတ်မချနိုင်ပါဘူး'

သားတို့၏ ကရုဏာစကားကို ကြားရသဖြင့် သူကြည်နူးနေစဉ်မှာပင် နောက်ထပ် စကားတစ်ခွန်းက တစ်သံတည်းလိုလို ထွက်လာသည်။

'ဒီလိုလုပ်ကြရအောင်၊ သားတို့ သမီးတို့အားလုံး သဘောတူထားပြီးကြပြီ၊ အဘဆီမှာ အသပြာလေးသိန်း ကျန်သေးတယ်မဟုတ်လား၊ အဲဒါကို သားတို့ကို တစ်ယောက် တစ်သိန်းစီ အမွေထပ်ပေးပါ၊ အမွေနော်၊ ဟိုအရင်တစ်ခါ အိမ်ထောင်ပြုစဉ်က အဘပေးသလိုမျိုး မဟုတ်ဘူး၊ ခုဟာက အမွေအနေနဲ့ တောင်းတာပါ အဘရယ်၊ ပြီးရင် သားတို့ သမီးတို့အိမ်တွေမှာ အဘ တစ်လှည့်စီ လာနေပေါ့၊ အိမ်ဦးခန်းမှာ တင်ပြီး စိတ်ချမ်းသာ လက်ချမ်းသာဖြစ်အောင် ထားမယ်၊ အဘ နားပါတော့၊ ဒီတစ်ခါတော့ သားတို့ သမီးတို့ရဲ့အလှည့်ပါ၊ အဘကို လုပ်ကျွေးပြုစုပါရစေ၊ သားသမီး ဝတ္တရား ကျေပွန်ပါရစေ၊ အဘလဲ အထီးကျန်မဖြစ်တော့ဘူး၊ သားတို့ သမီးတို့လဲ တစ်ပြန်တစ်လှည့် ကျေးဇူးဆပ်ခွင့်ရတာပေါ့နော်'

သူ ဘာမှပြန်မပြောနိုင်မီ သူတို့စကားကို သူတို့ အတည်ပြုကြသည်။

'အဘရဲ့ အသပြာလေးသိန်းကို တစ်သိန်းစီ ခွဲဝေစောင့်ရှောက်ထားရင်း ဒီ အသပြာတွေနဲ့ အဘကို လုပ်ကျွေးပြုစုရတာပေါ့'

'အမှန်တော့ ဘကိုယ်တိုင် လက်နဲ့ ကိုင်သုံးစရာတောင် မလိုတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ'

'သူခိုး သူဝှက်ဘေးကလဲ စိတ်ချရတာပေါ့နော်'

'သားတို့က တစ်ပြန်တစ်လှည့် ပြုစုချင်တာပါ၊ ဒါက အဓိကပါ'

ဖခင်တို့၏ မေတ္တာကန့်သည် အဆီးအတားမဲ့ ကျိုးပေါက်သွားသည်။ သားနှင့် ချွေးမတို့စကားကို ကြည်နူးစွာဖြင့် အသပြာတစ်သိန်းစီ ခွဲဝေပေးလိုက်သည်။ အသပြာ တစ်သိန်းစီ၊ စုစုပေါင်း ရှိသမျှ စည်းစိမ်လက်ကျန် လေးသိန်း၊ ဒါ့ပြင် ဖက ပစ္စည်းအသုံးအဆောင်မှန်သမျှ ဘာတစ်ခုမှ ချန်မထားတော့ဘဲ အမွေပေးလိုက်သည်။

'အဘမှာ အသက်ကြီးပြီပဲ၊ ဘာလိုတော့သလဲကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ခါးပေါ်ရှိ ကိုယ်ဝတ်နှစ်ထည်ကိုသာ ချန်ထားလိုက်တော့သည်။

သားတို့စကား၊ ပြီးတော့ သူတို့၏ ဇနီးမယားစကားများကို အကြွင်းမဲ့ ယုံမှတ်ကာ ပုံအပ်ခဲ့ပြီးသည်၏ နောက်ဝယ်...

*'တုံ့ပြန်ကရုဏာ ယခုခါ မရပြီ*
*သားတို့ပျက်ယွင်း လက်ငင်းတုံ့ပြန်*
*ဇနီးမယား သမီးသားနှင့် စည်းခြားကြပြီ*
*ဖခင်ကြီးအား နှင်ထုတ်ကြသည်*
*ဝက်အိုကြီးအား ခွေးများနှင်သည့်ပမာညီ'*

ဂါထာ တတိယအပိုဒ်ကို သူ ဆက်ရွတ်လိုက်သည်။

ဂါထာရွတ်နေရင်းဖြင့် သူ့ရင်ထဲမှာ နာကျင်မှုဝန်းဖွဲ့လာသည်။ ခါးသီးသော ဖြစ်ရပ်များက ကြေကွဲနေသော နှလုံးသားများအပေါ် တရိပ်ရိပ်ဖြတ်သန်းလာလေသည်။

ကိုယ်ဝတ်နှစ်ထည်သာ ချန်လှပ်ပြီး ရှိရှိသမျှပစ္စည်းများ အားလုံးကို အမွေခွဲဝေပေးလိုက်ပြီးနောက်တွင် သားအကြီးဆုံးအိမ်တွင် သူ စ,နေသည်။ သားနှင့် ချွေးမတို့ကား ကြည်ဖြူစွာ လုပ်ကျွေးပြုစုကြသဖြင့် သူ့မှာ ဝမ်းသာမဆုံး ရှိရသည်။

သို့သော် နှစ်ရက် သုံးရက်သာ ခံသည်။

တစ်နေ့ သူ ရေချိုးရာမှအပြန် အိမ်ပေါ်မှ မတက်ရသေးမီ လှေကားခုံထက်မှ နေ၍ ချွေးမဖြစ်သူက ဆီးပြောလေသည်။

'အဘိုးကြီး...ကျွန်မယောက်ျား တော့်သားကြီးကို အကြီးဆုံးဆိုပြီး တော်က အသပြာ တစ်ပြားတစ်ချပ် ပိုပေးထားတာမဟုတ်ဘူး၊ သားလေးယောက် လေးပုံ ပုံပြီး အညီအမျှခွဲဝေပေးထားတာ၊ တခြားသားတွေဆီမှာ သွားနေဖို့များ မစဉ်းစားတော့ဘူးလား၊ ဒီအိမ်မှာပဲ နေတော့မှာလား၊ လူကြီးလုပ်နေပြီး မျှမျှတတလေးများ မစဉ်းစားတတ်တော့ဘူးလား၊ ကျုပ်တို့မှာက...'

မမျှော်လင့်သော စကားကို ကြားလိုက်ရသောအခါ ပထမ သူ အံ့အားသင့်သွားသည်။ ပြီးတော့ စိတ်ရှုပ်ထွေးနောက်ကျိသွားသည်။ ထို့နောက်တွင်ကား ဒေါသ အမျက် ခြောင်းခြောင်းထွက်လာသည်။



'ဟဲ့...အမျိုးယုတ်မ၊ တိရစ္ဆာန်မ...ကျေးဇူးကန်းမ၊ နင့်အိမ်မှာ နင့်လင် နင့်သားတွေနဲ့ပဲ နေရစ်၊ ငါ့မှာ တခြားသားတွေ ချွေးမတွေ ရှိတယ်၊ နင်တို့ မနေစေချင်ရင် ငါမနေဘူး'

သားအလတ်အိမ်သို့ သူရွှေ့ခဲ့သည်။ သားအလတ်ဆီမှာလည်း နှစ်ရက် သုံးရက်သာ ခံသည်။ သူ နှင်အထုတ်ခံရပြန်သည်။ သည်လိုနှင့်ပင် သားအငယ်၊ သားအထွေး လေးယောက်စလုံးသာ စေ့သွားသည်။ နောက်ဆုံးတွင်ကား သူ့မှာ နံငယ်ပိုင်း ခါးဝတ်နှင့် တောင်ဝှေးသာ အားကိုးစရာကျန်ခဲ့လေသည်။

မွဲသီသော မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ တွေတွေကျဆင်းလျက် ဂါထာကို သူဆက်ရွတ်လေသည်။

*'မြင်းအိုမြင်းနာ အစာမကျွေး ရေမပေးကြပြီ၊*
*ဖခင်အိုမှာ အိမ်တကာလှည့် ချို့ငဲ့တောင်းရမ်းရပါပြီ'*

ခိုကိုးရာမဲ့ခဲ့ပြီးနောက်တွင် သူသည် အဝတ်ဖြူဝတ် ပရိဗိုဇ်အဖြစ်ကို ခံယူကာ လှည့်လည်တောင်းရမ်း၍ အသက်ဆက်ခဲ့ရလေသည်။

သို့သော် အသက်အရွယ်ကလည်း ထောက်လာပြန်၊ အစားဆင်းရဲ အနေဆင်းရဲ ကာယိကဒုက္ခတို့တွင် စိတ်နှလုံးကြေကွဲခြင်း၊ သောကဗျာပါဒကလည်း ဖိစီးလာပြန်သောအခါ သူ့မှာ အင်အားဟူသမျှ ဆုတ်ယုတ်လျက် ချုံးချုံးကျသွားလေတော့သည်။

ရှေ့ရေးအတွက် ဤလောကကြီးတွင် ဘာကိုမျှ အားကိုးစရာ မမြင်တော့။ ဒုက္ခလှိုင်းတံပိုးတို့အလယ်တွင် ကောက်ရိုးတစ်ပင်မျှပင် ဆွဲကိုင်စရာ မတွေ့ရတော့။

သည်အခါတွင် သူသည်...

*

*'လက်စွဲတောင်ဝှေး၊ အရေးထား အားကိုးရသည်*
*ငါ့အား တာတွယ် အကာအကွယ်ပေးလေသည်၊*
*သားလူမိုက်များ အားမထားရပါပြီ*
*သည်တောင်ဝှေးမှ မြတ်လှပါသေးသည်'*



www.burmeseclassic.com

www.burmeseclassic.com



*'လက်စွဲတောင်ဝှေး၊ အလေးထားရပြီ*
*မှောင်မိုက်ကာလ လမ်းပြပါသည်*
*ရေနက်ကမ်းစောက် ထောက်တည်ရသည်*
*လဲပြိုယိမ်းယိုင် မတ်ခိုင်ရပ်တည်*
*သည်တောင်ဝှေးမှ သားထက်မြတ်သေးသည်'*

ဂါထာကို ... အဆုံးသတ်လိုက်သည်။ လူအုပ်ကြီးမှာ အသံတဝေါဝေါ ဆူညံသွားသည်။ နာကျင်ကြေကွဲမှုသည် လူထုပရိသတ်ထံ ကူးစက်သွားပြီးနောက် အမျက်ဒေါသအဖြစ် ပြောင်းလဲသွားသည်။

ဖခင်အိုကြီးတစ်ဦးအား ဤအဖြစ်မျိုး ရောက်အောင် ဤမျှရက်စက်ရိုင်းပျကြသည့် သားဆိုးသားမိုက်များကား မည်သူတွေနည်းဟု ရှာဖွေကြတော့သည်။ သာဝတ္ထိလူ့အဖွဲ့အစည်းမှာလည်း 'မိဘများကို ပြုစုလုပ်ကျွေးခြင်းမရှိသော သားဆိုး သားမိုက် များကို အရှင်မထား၊ သတ်ပစ်ကြစတမ်း' ဟူသော ပြင်းထန်ပြတ်သားသည့် ကျင့်ဝတ်တစ်ခု ရှိနေသည်။

အဘိုးအို၏ ဂါထာသည် သာဝတ္ထိနေပြည်တော်သားများ၏ ဒေါသမီးကို တဝုန်းဝုန်းတောက်လောင်စေလိုက်ပေပြီ။

ဝတ်ကောင်းစားလှ ဝတ်ထားကြသော သားလေးယောက်သည် လူအုပ်ကြီးထဲမှ ထိတ်လန့်ကြောက်ရွံ့စွာ ထွက်ပြေးတိမ်းရှောင်သွားကြလေသည်။

သတ်မည်ဖြတ်မည် တကဲကဲပြင်နေသော လူအုပ်ကြီး၏ အန္တရာယ်မှ လွတ်ရာလွတ်ကြောင်း ပြေးရှောင်ရင်း သားဆိုး သားမိုက် လေးယောက်တို့၏ နောက်ဆုံးခိုအောင်းရာကား ဖခင်ကြီးသာ ဖြစ်လေသည်။

မိဘတို့၏ ခွင့်လွှတ်ခြင်း ကြီးမားသော မေတ္တာစိတ်ဖြင့် အဘိုးအိုသည် သားလေးယောက်ကို လက်ခံကာကွယ်စောင့်ရှောက်လိုက်သည်။ သတ်မည်ပြုနေသော လူအုပ်ကြီးကိုလည်း တောင်းပန်လွှတ်သည်။ ရက်စက်စွာ စွန့်ပစ်ခံရသော ဖခင်ကြီးကိုယ်တိုင်က သည်းခံခွင့်လွှတ်လိုက်သောကြောင့် လူအုပ်ကြီးသည်လည်း သားလေးယောက်ကို ချမ်းသာခွင့် ပေးလိုက်ကြသည်။

ပျပ်ဝပ်ကျိုးနွံသွားကြပြီဖြစ်သော သားများကလည်း သူတို့၏ဇနီးသည်များကို ယခင်ကလို အလိုမလိုက် အကြိုက်မပေးကြတော့၊ ဖခင်ကြီးကို မဖွယ်မရာ ဆက်



ဆံလျှင်၊ ပြုစုလုပ်ကျွေးရန် ပျက်ကွက်လျှင် အပြင်းထန်ဆုံး အပြစ်ပေးမည်ဟု ခြိမ်းခြောက် ကိုင်တွယ်လိုက်ကြသည်။

ဒုက္ခဆင်းရဲ ချောက်ကမ်းပါးအတွင်းသို့ ကျရောက်ခဲ့သော ပုဏ္ဏားအိုကြီးကား ဘဝသစ်တစ်ဖန် ပြန်လည်ရရှိခဲ့ပေပြီ။ ဇရာဗျာဓိတို့၏ နှိပ်စက်မှုနှင့် နှလုံးနာကျင်ကြေကွဲမှုတို့ဖြင့် မရဏာခံတွင်းသို့ သက်ဆင်းရတော့မည့်ဆဲဆဲတွင် လွတ်မြောက်ချမ်းသာခွင့် ရခဲ့လေပြီ။

*

အဘိုးအိုသည် ကြည်နူးဝမ်းမြောက်စွာဖြင့် တသသရေရွတ်ရှာလေသည်။

'အခု ငါ့မှာ သားတွေရဲ့ ပြုစုလုပ်ကျွေးမှုကို ပြန်လည်ရရှိခဲ့ပြီ၊ အစွန့်ပယ်ခံ ဒုက္ခသည် ဘဝက လွတ်ကင်းခဲ့ပြီ၊ နေ့စဉ်နေ့တိုင်း သားတွေ ပို့လွှတ်တဲ့ ထမင်းအုပ် လေးအုပ်ကိုလဲ ရရှိနေပြီ၊ အစခပ်သိမ်း ချမ်းသာပြည့်စုံတဲ့ဘဝကို ငါပြန်လည် ရရှိပြီ၊

'...ငါ့ရဲ့ နေ့စဉ် ရတဲ့ ထမင်းအုပ် လေးအုပ်အနက်က နှစ်အုပ်ကို အထွတ်အမြတ် ထားပြီး ဇေတဝန်ကျောင်းတော်ဆီ ပို့သလှူဒါန်းရမယ်၊ ငါရရှိနေတဲ့ ပုဆိုးအစုံကိုလဲ ဇေတဝန်ကျောင်းတော်ဆီကို ပို့ရမယ်၊ ဘာကြောင့်လဲဆိုတော့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ဟာ ငါ့ရဲ့ကျေးဇူးရှင်အစစ်ဖြစ်လို့ပဲ၊

'...ဒုက္ခသည်ကြီးဘဝနဲ့ ငါ လှည့်လည်ခဲ့ရစဉ်က ငါဟာ ဘုရားရှင်ကို ရှေ့ရေးအတွက် ဘာတစ်ခုကိုမှ အားကိုးစရာမမြင်ခဲ့ရစဉ်က ငါဟာ ဘုရားရှင်ကို သတိရပြီး ဇေတဝန်ကျောင်းတော်ကို သွားခဲ့တယ်၊ ငါ တမမြတ်စွာဘုရားရှင်ဟာ မျက်နှာထားလဲ ချိုသာလှတယ်၊ စကားပြောလဲ ချိုသာလှတယ်၊ ဘုရားရှင်ထံ ချဉ်းကပ်ရင်တော့ ငါ့ကို စောင့်ရှောက်မှာပဲလို့ တွေးပြီး ဘုရားရှင်ထံ ငါသွားခဲ့တယ်၊ ငါ့အဖြစ်ကို လျှောက်ထားခဲ့တယ်၊

'...ဒီအခါမှာ ဘုရားရှင်က လူအများစုဝေးရာ သဘင်များမှာ ယောဒီဂါထာကို ရွတ်ဆိုပေတော့လို့ မိန့်တော်မူပြီး ဂါထာကို စီကုံးသင်ကြားပေးတော်မူတယ်၊

'...ဘုရားရှင် သင်ကြားပေးတော်မူတဲ့ ဂါထာကို အာဂုံဆောင်ပြီး ဘုရားရှင်မှာကြားတဲ့အတိုင်း လူအများ စုဝေးရာသဘင်ပွဲတွေမှာ ငါဟာ ဂါထာကို ရွတ်ဆိုတယ်၊ ဒီဂါထာကြောင့် ငါဟာ ချမ်းသာရာရခဲ့တယ်၊ ဘုရားရှင်ကြောင့် ငါဟာ ချမ်းသာရာရခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



'...သားတို့ သမီးတို့ ...လာမယ့် သုံးရက်မြောက်မှာ သားအကြီးဆုံး အိမ်က မင်္ဂလာပွဲတစ်ခု ကျင်းပမှာ မဟုတ်လား၊ ဒီမင်္ဂလာပွဲမှာ ဘုရားရှင်နဲ့တကွ ရဟန်းငါးရာကို ငါ ပင့်ဖိတ်မယ်၊ နို့ဃနာဆွမ်းနဲ့ မွန်မြတ်သော ခဲဖွယ်တို့နဲ့ ပြုစုလုပ်ကျွေးရမယ်၊

'...အို...သုံးလောကထွတ်ထား မြတ်ဘုရားရှင်၊ ဂါထာစီကုံးပေါင်းရုံး သင်ကြားပေးလိုက်တဲ့ အရှင်ဘုရားရဲ့ ကျေးဇူးတော်ဟာ တပည့်တော်အပေါ်မှာ ကြီးမားလှပါပေတယ်'

*

ဖခင်ပုဏ္ဏားအိုကြီးနှင့်တကွ သားများ၊ ချွေးမများအားလုံး မြတ်စွာဘုရား၏ ဒေသနာတော်ကို ကြားနာကြအပြီး၌ သောတာပန်ဖြစ်သွားကြသည့်အကြောင်း၊ မြတ်စွာဘုရား ပေးသော ဂါထာကို ရွတ်ဆို၍ အဘိုးအိုကြီး ချမ်းသာရာရသွားပုံ အကြောင်းတို့ကို သာဝတ္ထိမြို့သူ မြို့သားများ တသသ ပြောမဆုံးရှိနေကြလေသည်။

[ဓမ္မပဒ၊ နာဂဝဂ်၊ ဒေသနာတော် - ၃၂၄]

○

# အပေါ်ရုံ ပုဆိုးလေးတစ်ထည်

'မောင်ကြီးရေ...ဇေတဝန်ကျောင်းတော်မှာ နေ့ရောညပါ တရားပွဲကြီး ကျင်းပမလို့တဲ့တော့၊ အဲဒီတရားပွဲကြီးကို ကောသလမင်းကြီးကိုယ်တော်တိုင်လဲ တက်ရောက်မှာတဲ့ တော့'

အိမ်နောက်ဖေးမှာ ထင်းပေါက်နေရင်း မီးဖိုဆောင် အဖီလေးဆီက လှမ်းပြောလိုက်တဲ့ ဇနီးသည်ရဲ့အသံကို ကြားရတယ်။

'အေး...အဲဒါ ဘာဖြစ်သလဲဟ'

'ကျွန်မ တရားနာ သွားချင်လိုက်တာတော်'

'သွားချင်လဲ သွားပေါ့ဟ'

'ဒါဆို ဒီထမင်းအိုးလေး တည်ပြီးရင် ကျွန်မသွားတော့မယ်နော်၊ ဟင်းကတော့ ရင်ပေါင်စာငါးလေးတွေကို အဲဒီမှာ ရေလုံပြုတ်ထားခဲ့တယ်၊ ရေခန်းရင် မီးဖိုပေါ်က ချ၊ စားခါနီးမှ ဆားခတ်ပြီး စားနော်'

'အေးပါဟာ၊ အထွေအထူး ပြောစရာမရှိ ပြောနေပြန်ပါပြီ'

'တော် ဒီနေ့တစ်နေ့လုံး အပြင်မထွက်နဲ့တော့'

'မလိုတာတွေ ပြောမနေစမ်းပါနဲ့ ရှင်မရာ၊ မင်းက တရားပွဲသွားဖို့ အပြင်ထွက်ပြီ ဆိုမှတော့ ငါက အပြင်ထွက်လို့ ရပါဦးမလားဟ'

ထင်းခြမ်းကို နောက်ဆုံးတစ်ချက် ပေါက်ခွဲလိုက်ပြီးနောက် နဖူးပြင်ထက်မှာ စို့နစ်နေတဲ့ ချွေးတွေကို လက်ညှိုးနဲ့ သပ်ချလိုက်တယ်။ အား...ထင်းခြမ်းတွေ အတော်များနေပြီ။ နွားချေးချောက်တွေ မီးဖုတ်ဖို့ လုံလောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပုဆိန်ကို အိမ်နံရံမှာ ထောင်ပြီး နောက်ဖေးပေါက်ကနေ အိမ်ထဲ ဝင်ခဲ့တယ်။ ဇနီးသည်ကတော့ ထမင်းရည်ငှဲ့ပြီးလို့ ဖိုခုံလောက်ပေါ်ကို မြေအိုးတင် နှပ်နေပြီ။

သူ့ကြည့်ရတာ ကပျာကသီနိုင်နေတယ် ထင်တာနဲ့ ...

'ကဲ ,... ရှင်မရေ၊ ထမင်းအိုး အနှပ်ကို စောင့်မနေနဲ့တော့၊ သွား ... သွား ... မင်း တရားပွဲကို သွားချင်လှပြီမဟုတ်လား၊ သွားချေတော့၊ ငါ ကြည့်လုပ်ထားလိုက်မယ်'

ဇနီးက ကျေးဇူးတင်ဟန်နဲ့ လှမ်းကြည့်ပြီး မတ်တတ်ရပ်လိုက်တယ်။ ပြီးတော့ ခါးပန်းပေါ် လှမ်းတင်ထားတဲ့ အပေါ်ရုံပုဆိုးလေးကို ဆွဲရုပ်ပြီး သူ့ပခုံးပေါ် လွှမ်းခြုံတယ်။ ခနော်ခနဲ့ လှေကားထစ်ပေါ် မဆင်းခင်မှာ သူက နောက်ပြန်လှည့်ကြည့်ပြီး ...

'မောင်ကြီး ... ကျွန်မ တရားပွဲသွားနေတုန်း အပြင်မထွက်နဲ့နော်၊ ကျွန်မ ပြန်လာမှ အပြင်ထွက်ချင် ထွက်' လို့ ပြောရင်း ဆင်းသွားတယ်။

ဒီတော့မှပဲ မိန်းမလုပ်သူက နောက်ပြောင်ကျီစယ်သွားတာပါလားလို့ သဘော ပေါက်မိတော့တယ်။ ဟုတ်တယ်လေ၊ ပြောစရာမလိုတဲ့ စကားကို သူ တမင်ပြော သွားတာဟာ အမှန်တော့ နောက်ပြောင်ကျီစယ်တာပါပဲ။

ဘာတဲ့ ... သူ့ တရားပွဲသွားနေတုန်း အပြင်မထွက်နဲ့ တဲ့၊ သူပြန်လာမှ အပြင် ထွက်ချင်ထွက် တဲ့၊ ဟုတ်လိုက်လေ။ သူ အပြင်ထွက်နေခိုက်မှာ ကိုယ်ကလည်း ဘယ်အပြင်မှ ထွက်နိုင်တာမှ မဟုတ်ဘဲ။ သူပြန်လာမှ ထွက်ချင်ထွက်လို့ရမှာပေပဲ။

ဘာကြောင့်လဲဆိုတော့ ကျုပ်တို့လင်မယားမှာ နှစ်ယောက်ပေါင်းမှ အပေါ်ရုံ ပုဆိုးလေးတစ်ထည်ပဲ ရှိတာကလား။ တစ်ထည်တည်းသော အပေါ်ရုံပုဆိုးကို လင် မယား နှစ်ယောက် တစ်ယောက်တစ်လှည့် ဝတ်ကြရတာကလား။ အင်း ... ခါးဝတ် ကတော့ တစ်ထည်စီ ရှိကြပါတယ်လေ။ အပေါ်ရုံသာ တစ်ထည်တည်းရှိတာ ...။

ဒီတော့ သူတကာ ဇနီးမောင်နှံတွေလို ကျုပ်တို့မှာ လင်စုံမယား နှစ်ယောက် သား တွဲပြီး အပြင်ကို အတူမထွက်နိုင်ကြဘူးလေ။ သူ အပြင်ထွက်တဲ့အခါ ကျုပ် က နေရစ်၊ ကျုပ်အပြင်ထွက်တဲ့အခါ သူ နေရစ်။

ဒါပေါ့လေ။ လင်မယားနှစ်ယောက်ပေါင်းမှ အပေါ်ရုံတစ်ထည်တည်း ရှိပါ တယ် ဆိုနေမှတော့ သူဆင်းရဲမောင်နှံပေါ့။ အလုပ်ကလည်း ရရစားစားပေါ့။ အလုပ် တော့ မရွေးပါဘူး။ လင်ရောမယားပါ လုပ်နိုင်သမျှအလုပ်ဆို အကုန်လုပ်တာပဲ။ ကျုပ်ဆိုရင် နွားချေးခြောက်တွေကို မီးဖုတ်ပြီးထင်းအသုံးပြုတဲ့အိမ်၊ အနွေးဓာတ် အတွက် မီးလှုံတဲ့အိမ်တွေဆီ လိုက်ရောင်းတယ်၊ သစ်ပင်ကြီးတွေ ခုတ်လှဲပေးတယ်၊



ထင်းပေါက်တယ်၊ သူများလှည်းနဲ့ အငှားတိုက်တယ်၊ ဟိုအိမ် သည်အိမ်တွေက အလုပ်ကြမ်းတွေမှန်သမျှ ခေါ်ခိုင်းရင် လိုက်လုပ်တယ်။ လက်နှစ်ဖက်နဲ့ လုပ်လို့ ရတာ မှန်သမျှ အကုန်လုပ်တာပဲ။

မိန်းမခမျာလည်း ဒီလိုပါပဲ။ အိမ်တကာ အဝတ်ဟောင်းတွေကို မြစ်ဆိပ်မှာ လျှော်ဖွပ်ပေးတယ်၊ ချုံနွယ်ပိတ်ပေါင်းတွေ ရှင်းခိုင်းရင် ရှင်းပေးတယ်၊ ဈေးထဲမှာ တောင်းတွေ၊ ပလုံးတွေ၊ အထုပ်အပိုးတွေကို ခေါင်းရွက်သယ်ပေးတယ်။ ပြောရရင် သူလည်း သူ့ခွန်အားနဲ့ သူ့လက်နှစ်ဖက်နဲ့ လုပ်လို့ရတဲ့ အလုပ်မှန်သမျှ အကုန်လုပ် တာပါပဲ။

ဒီလိုနဲ့ပဲ ခိုင်းစေသူတွေ ပေးကြ ကမ်းကြတဲ့ ငွေစ သပြာလေးတွေနဲ့ ကျုပ်တို့ မနက်စာ မနက်၊ ညစာ ည ချက်ပြုတ်စားသောက်ကြတယ်။

တစ်ခုတော့ ပြောရဲတယ်။ အလုပ်မရွေး လုပ်တယ်ဆိုပေမယ့် အပြစ်မကင်း တဲ့ ဟာမျိုး၊ ရာဇဝတ်သင့်မယ့်ဟာမျိုး၊ မဟုတ်မဟပ်တာမျိုးတော့ ကျုပ်တို့ လင် မယား နှစ်ယောက်စလုံး လက်ဖျားနဲ့တောင် မတို့ဘူး။

ဘယ့်နှယ်၊ ကိုယ်မှာ အကြောင်းပေါင်း မသင့်လို့ ရရစားစား လက်လှုပ်မှ ပါးစပ်လှုပ်နိုင်တဲ့ဘဝ။ မဟုတ်မဟပ်လုပ်တာမျိုးတော့ မလုပ်နိုင်ပါဘူး။ ဝေးဝေး က ရှောင်ပါတယ်။

သည်လိုနဲ့ နှစ်ဝမ်းတော့ ဝတယ်ဆိုပါစို့။ မနက် ည ထမင်းလေး နှစ်နပ်တော့ အလျှင်မီတယ် ဆိုပါစို့။ အဲ ... ဝမ်းဝပေမယ့် ခါးမလှတာတော့ အမှန်ပဲ။

အို ... အဝတ်အထည်ဆိုတာလည်း အရှက်လုံဖို့နဲ့ ရာသီဥတုဒဏ် ကာကွယ်ဖို့ က အဓိကပဲလို့ ဆိုကြတာပဲ။ လှချင် ပချင် ဝတ်စားချင်စိတ် မရှိပါဘူး။

ဒီတော့ ခါးဝတ်ကိုယ်စီရှိကြပေမယ့် အပေါ်ရုံပုဆိုးကတော့ နှစ်ယောက်ပေါင်း မှ တစ်ထည်တည်း။ ဒီတစ်ထည်တည်းသော အပေါ်ရုံပုဆိုးကလည်း လင်မယား နှစ်ယောက် အလဲအလှယ် ဝတ်ကြဖန်များလွန်းလို့ အရောင်တွေမှိန်၊ အသွေးတွေ ကျ၊ အဆင်တွေ ဖြယ်နေပါပြီ။

အခု ဒီအပေါ်ရုံပုဆိုးလေးကို မိန်းမ ယူဝတ်သွားတယ်။ သွားရှာပါစေ။ ဝတ် ရှာပါစေ။ ခမျာ ဇေတဝန်ကျောင်းတော်က တရားပွဲကြီးမှာ တရားနာချင်လွန်းလို့ သွားတာ။ သူ အပြင်ထွက်သွားလေတော့ အဟဲ ... ကျုပ်က အိမ်မှာ နေရစ်ခဲ့ရုံပေါ့ လေ။



www.burmeseclassic.com

www.burmeseclassic.com



အင်း…အပေါ်ရုံ တစ်ထည်တည်းကို လင်မယားနှစ်ယောက် ဝတ်ကြလို့ပဲ သာဝတ္ထိက ကျုပ်ကို 'ဧကသဋကပုဏ္ဏားဲ'လို့ နာမည်ပေးကြတာပေါ့။

ဘာဖြစ်သေးလဲ။ လောကမှာ ဒိုးတူပေါင်ဖက် အလုပ်လုပ်နိုင်တဲ့ ဇနီးသည်ရယ်၊ အပေါ်ရုံပုဆိုးတစ်ထည်ရယ်၊ ဧကသဋကပုဏ္ဏားဆိုတဲ့ နာမည်နာမရယ် ဒီသုံးခုကိုတော့ ကျုပ်ပိုင်ဆိုင်သေးတာပဲ။

အား…ထမင်းအိုးတူးပြီနဲ့ တူရဲ့။

အဟဲ…များများစားစား မရှိလှတဲ့ ကိုယ့်အကြောင်းကိုယ် တွေးနေရတာနဲ့ပဲ ထမင်းအိုးတောင် တူးသွားပြီ။ အင်း…တူးသွားတော့လည်း ထမင်းချိုးလေးပါ ကိုက်ရတာပေါ့လေ။

*

'တရားနာလို့ ကောင်းလိုက်တာတော်' တဲ့…မိန်းမက။

ဘာတွေကောင်းသလဲ။ မြတ်စွာဘုရားရှင်က ဘယ်လို ဟောတော်မူသလဲ။ ကောသလမင်းကြီးကော တွေ့ခဲ့သလား။ မေးပေမယ့် မိန်းမက ဘာကိုမှ အတိအကျ မဖြေနိုင်ပါဘူး။ မြတ်စွာဘုရားရှင် ဘယ်တရားတော်တွေကို ဟောကြားတယ် ဆိုတာလည်း မပြောနိုင်ဘူး။ ကောသလမင်းကြီးလည်း တရားပွဲလာရောက်တယ် ဆိုပေမယ့် မြင်တွေ့ခွင့် မရခဲ့ဘူး။ 'တရားနာလို့ ကောင်းလိုက်တာတော်' လို့ပဲ ပြောတယ်။

အင်း…သူ့အပြစ်လည်း မဆိုသာဘူး။ ကျုပ်တို့မှာက ဗိုက်ထဲ ထမင်းလုတ်လေး သွတ်ဖို့အရေးကိုသာ နေ့နေ့ညည လုံးပန်းနေကြရတာဆိုတော့ ဘာတစ်ခုမှ ရေရေရာရာ သိကြတာမဟုတ်ပေဘူး။ ဇေတဝန်ကျောင်းတော် ဆိုတာလည်း သဝတ္ထိ တစ်မြို့လုံးက ခြိမ့်ခြိမ့်သဲသဲ ဝင်ထွက်ဖူးမြော်နေကြတာ။ ကျုပ်တို့မှာက သွားဖို့ အချိန်မရှိ၊ အခြေအနေ မပေး။ တရားပွဲ ဆိုတာလည်း အဝေးကသာ ကြားဖူးတာ။ ပရိသတ်ထဲ ဝင်ပြီး တရားနာဖို့ စိတ်မကူးနိုင်ဘူး။

အခုလည်း မိန်းမက 'တရားနာလို့ ကောင်းလိုက်တာတော်'တဲ့။ ဒါ သူ့အပြောတတ်ဆုံး၊ အပြောနိုင်ဆုံး စကားပဲလေ။

'ဟေး…ရှင်မ၊ အပေါ်ရုံပုဆိုးကို ရေမြန်မြန်လျှော်ပြီး လှန်းကွာ၊ မြန်မြန်ခြောက်အောင် ငါနွားချေးခြောက် ကင်တဲ့ မီးဖိုမှာ မီးပြကွာ'

'ဘာလုပ်မလို့လဲတော့်'



'နေ့ခင်းတရားပွဲကို မင်းသွားပြီးပြီလေ၊ အခု ညတရားပွဲလဲ ရှိတယ်မဟုတ်လား၊ ညဘက် ငါသွားချင်လို့'

'တော် တရားပွဲသွားမယ်ဆိုရင် ကျွန်မ အိမ်မှာပဲ နေရစ်မယ်လေ'

မိန်းမပြောပုံ အကဲပါလွန်းလို့ ကျုပ် ဟက်ခနဲရယ်ချလိုက်တယ်။ ဟုတ်တယ်လေ၊ အပေါ်ရုံပုဆိုးကို ကျုပ်က ယူသွားမှာဆိုတော့ သူ အိမ်မနေရစ်ခဲ့လို့ ဘယ်သွားနေရမှာတုံး။

'ဟော့…ဟော့… ရှင်မရဲ့၊ ပုဆိုးကို အဲဒီလို ရိုက်ပြီးမလျှော်ပါနဲ့ဟာ၊ အမယ်လေး ပိတ်သားချင်း ပွတ်လျှော်ပါ၊ တော်ကြာ ပြဲစုတ်သွားမှဖြင့်'

တဗွမ်းဗွမ်း ရေလောင်းချသံတွေ ကြားထဲက မိန်းမက ပြန်ပြောတယ်။

'သူ့အပေါ်ရုံကဖြင့် ခုကတည်းက ရိပြီး ထောင့်တန်းဆွဲနေတာကိုများ'

'ဟော့…မင်းစကား ပြင်ပြောပါကွ၊ သူ့အပေါ်ရုံပုဆိုးလို့ မပြောပါနဲ့၊ ဒါ ငါ တစ်ယောက်တည်းရဲ့ အပေါ်ရုံပုဆိုး မဟုတ်ပါဘူး'

'ဩော်…မေ့လို့…မေ့လို့ တော်ရေ၊ ကျုပ်တို့ရဲ့ အပေါ်ရုံပုဆိုး၊ ကျုပ်တို့ နှစ်ယောက်ရဲ့ အပေါ်ရုံပုဆိုး'

'အေး…အဲဒီလို မှန်သောစကားကို ဆိုစမ်းပါကွ'

'တကတည်းမှပဲတော်၊ တရားပွဲဖြင့် မသွားရသေးဘူး၊ လေသံက တရားသံ ခမ္ဘသံနဲ့'

'ဧကသဋကပုဏ္ဏားပဲကွာ၊ ဒီလောက်တော့ ပြောမိမှာပေါ့'

လင်မယားနှစ်ယောက် ပြောရင်း ရယ်မိကြပြန်တယ်။

'ကိုင်း…လျှော်ပြီးပြီတော်ရေ၊ တွေ့လား…အရောင်ကို တောက်လာတာပဲ'

ဘာရောင်မှန်း မသိနိုင်တော့တဲ့ ခပ်မွဲမွဲ အရောင်နဲ့ ပုဆိုးကို ဖြန့်ပြရင်း မိန်းမက ပြောပြန်တယ်။

တရားပွဲက ပြန်လာလို့လား မသိဘူး၊ မိန်းမက စိတ်လက်ရွှင်မြူးပေါ့ပါးစွာနဲ့ စိတ်ချမ်းသာစရာ စကားတွေချည်း ပြောနေတယ်။

ရေမခြောက်တခြောက်၊ အစိုဓာတ် မဖန့်တဖန့် အပေါ်ရုံကိုမီးဖိုမှာဖြန့်ပြလိုက်တော့ တစ်ခဏချင်းမှာပဲ ခြောက်သွားတယ်။ ရေနံ့လေး သင်းနေတဲ့၊ ပြီးတော့ ကျုပ်တို့ လင်မယားနှစ်ယောက်ရဲ့ ချွေးနံ့လေး မပြယ့်တပြယ်ရှိနေတဲ့ ပုဆိုးလေးကို ပုခုံးပေါ် ပတ်ပြီး ခြုံလိုက်တယ်။

သိရိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ရှင်မရေ ...ငါသွားတော့မယ်ဟေ့'

'သိပ်ညဥ့်နက်အောင် မနေနဲ့နော်၊ ဘဏ္ဍာပစ္စည်းတွေ အများကြီးနဲ့ ကျွန်မ တစ်ယောက်တည်း ကြောက်တယ်'

'အို ...မုခ်ဦးခြံဝမှာ ကျေးကျွန်အစေခံတွေကို အစောင့်ချထားလိုက်ပေါ့ကွာ'

ကျုပ်တို့နဲ့ ဘာမှမဆိုင်တဲ့ စကားလုံးတွေကို နောက်ပြောင်ကျီစယ် ပြောဆိုရယ်မောကြရင်း ကျုပ်လည်း သာဝတ္ထိလမ်းမကြီးဘက် ထွက်လာခဲ့တယ်။

ဇေတဝန်ကျောင်းတော်ကြီးဆီကို တဖွဲဖွဲသွားနေကြတဲ့ လူအုပ်ကြီးထဲ ဝင်လိုက်တယ်။ အပေါ်ရုံပုဆိုးလေးကို ကိုယ်ပေါ်မှာ တင်းတင်းကျပ်ကျပ် လွှမ်းခြုံလို့။

*

အို ...ကြက်သီးမွေးညင်းတွေ ထလာပါကလား။

တစ်ကိုယ်လုံးဟာ နှစ်သိမ့်ခြင်းပီတိတွေ ဖြာဆင်းသွားပါကလား။

ဘုရားရှင်ရဲ့ အသရေတော်၊ အသံတော်၊ တရားတော် ...။

အကြိမ်တစ်ရာ ဖန်ပြီးတဲ့ ဝါဂွမ်းကို အကြိမ်တစ်ရာစစ်ပြီးတဲ့ ဆီထဲမှာ အကြိမ်တစ်ရာ နှစ်စိမ်လိုက်သလို ဆိုတာ ဒါမျိုးပဲလား။

ပရိသတ်ကြီးရဲ့ ရှေ့မှောက်မှာ စံပယ်နေတော်မူတဲ့ မြတ်စွာဘုရားရှင်ကို ဖူးမြင်လို့ မဝ ရှိလိုက်ပါဘိ။ တရားတော်ကိုလည်း နာကြားလို့မညည်းနိုင် ရှိလိုက်ပါဘိ။ အသံတော်ကလည်း လောကအရေးမှာ တုဖက်ကင်းသော သာယာခမ်းနားတဲ့ အသံတော်။

အို ...ဘုရားရှင်ကို ငါ လှူချင်လိုက်တာ။

ဒါပေမဲ့ လှူဒါန်းစရာ ငါ့မှာ ဘာမှမရှိ။

ကြည့်စမ်းပါဦး ...ကောသလမင်းကြီးနဲ့ အမျုးအမတ် ဗိုလ်ပါ၊ နန်းတွင်းသူ နန်းတွင်း သားတွေ။ တောက်ပြောင်ပြိုးပြက်တဲ့ အဆင်းတွေနဲ့။ ပြီးတော့ သာဝတ္ထိမြို့တော်က သူဌေးသူကြွယ်ကြီးတွေ။ ပြည့်စုံကုံလုံကြလေတဲ့ တရားနာ ပရိသတ်တွေ။ ပြီးတော့ ဘုရားရှင်ကို လှူဒါန်းပူဇော်ကြမယ့် အဖိုးထိုက် အဖိုးတန် လှူဖွယ် ဝတ္ထုပစ္စည်းတွေ။

ငါ့မှာတော့ ...ငါ့မှာတော့ ...။

ဟေး ...ငါ့မှာ အပေါ်ရုံပုဆိုး ရှိနေသားပဲ။

အို ...တစ်ထည်တည်းသော အပေါ်ရုံပုဆိုးလေ။ ဒါကို လှူရမှာပေါ့။



အို ... ဖြစ်ပါ့မလား။ ဒီအပေါ်ရုံဟာ ငါတို့လင်မယား ချမ်းသာသမျှ တစ်ခုတည်းသော ပိုင်ဆိုင်မှုပစ္စည်းလေး။ ဒါကို လှူလိုက်လို့ ဘယ်ဖြစ်မလဲ။ ဒါကို လှူလိုက်ရင် ငါရော ငါ့မိန်းမပါ အပြင်ထွက်လို့မရ ဖြစ်သွားမယ်။

မလှူတော့ဘူး၊ မလှူတော့ဘူး။

ဟာ ...ဒီလိုမဟုတ်သေးဘူးလေ။ ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရပြီးတဲ့နောက် ငါ့မှာ သဒ္ဓါတရားတွေ ဖိတ်ဖိတ်လက်လာတာ။ ငါ့ကိုယ်ငါ အသိဆုံး။ ဒီတော့ ဘာပဲဖြစ်ဖြစ် လှူလိုက်တော့မယ်။

ဟင် ...စိတ်နောက်ကိုယ်ပါ မလုပ်နဲ့လေ။ လှူတာ ကိစ္စမရှိဘူး၊ တစ်ထည်တည်းသော အပေါ်ရုံပုဆိုးလေးကို ငါ ဆုံးရှုံးသွားရလိမ့်မယ်။ နောက်ထပ် အစားဝယ်နိုင် ခြမ်းနိုင်တာလည်း မဟုတ်။ လင်မယားနှစ်ယောက်စလုံး ဒုက္ခရောက်မှာ။ ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှာလည်း လှူဒါန်းထားတဲ့ ဝတ္ထုပစ္စည်းတွေ၊ အဖိုးအနဂ္ဃထိုက်တာတွေ အပြည့်။ ဟိုမှာ ကောသလမင်းကြီး။ ဟိုမှာ မှူးမတ်သူဌေး သူကြွယ်တွေ။ သူတို့ လှူကြလိမ့်မယ်။ သူတို့ကို အားကျပြီး ငါလှူလိုက်ရင် ငါ့မှာ ငါ့မှာ အား ...ဘဝပျက်သွားမယ်။ ဘယ့်နှယ် ဒီအပေါ်ရုံပုဆိုးလေးတစ်ထည်သာ ပိုင်ဆိုင်တဲ့ဘဝ။ ဒါလေးမှ မရှိရင်တော့ ...။

အို ...မဟုတ်သေးပါဘူး၊ ဧကသာဋကပုဏ္ဏားရယ်။

မင်း ဘာကြောင့် ဒီလောက်နှမြောတွန့်တိုနေရတာလဲ။ ဟိုမှာ ကြည့်စမ်း၊ မင့်ပုဆိုးထက် အဆ အရာအထောင်မကတဲ့ ပစ္စည်းတွေကို လှူဒါန်းဖို့ ပြင်ဆင်ရည်ရွယ်နေကြတာ။ မင်းက ဘာမဟုတ်တဲ့ ဒီအပေါ်ရုံအစုတ်ပလုတ်ကိုများ ...။

ဟေး ဟေး ...ဒီလို မတွေးနဲ့လေ။ သူတို့နဲ့ မင်းနဲ့ ဘာဆိုင်လို့တုံး။ သူတို့က တတ်နိုင်သူတွေ၊ ဘယ်လောက်လှူလှူ ဘာအရေးလဲ။ မင်းက ဒီတစ်ထည်တည်း ချမ်းသာတဲ့ အကောင်၊ ဘာဖြစ်လို့ သွားယှဥ်ချင်တာလဲ။

*

အလို ...ညဥ့်ဦးယံ၊ သန်းခေါင်ယံတို့တောင် ကျော်လွန်ခဲ့မှပဲ။

ကြည့်စမ်း ...သဒ္ဓါစိတ်နဲ့ နှမြောဝန်တိုစိတ်နှစ်ခု ထွေးလုံးရစ်ပတ်နဲ့ အကြိမ်အနယ် တိုက်ခိုက်နေကြတာ။

အခု ပစ္ဆိမယံတောင် ရောက်လာပါပေါ့လား။

ကိုင်း ...ဘယ်လိုလဲ ဧကသာဋက၊ မင်း လှူမှာလား မလှူဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



'လှူမယ်'

စူးရှသေးငယ်တဲ့ အလင်းရောင်လေးတစ်ခု ဖျတ်ခနဲ ပွင့်လာပြီးနောက်မှာ ရုတ်ခြည်းပဲ တစ်ကိုယ်လုံးအနှံ့ လင်းပြန့်သွားသလို ခံစားလိုက်ရတယ်။

ဒီတစ်ခါတော့ တိတိပြတ်ပြတ် ဆုံးဖြတ်လိုက်ပြီး…

ပခုံးပေါ်မှာ လွှမ်းခြုံထားတဲ့ အပေါ်ရုံပုဆိုးကို ခွာယူ၊ လက်နှစ်ဖက်အစုံနဲ့ တရိုတသေ ဖွဖွညင်သာ ဆုပ်ကိုင်။

ဘုရားရှင်ရှေ့တော်မှောက်ကို တရွေ့ရွေ့တိုးချဉ်းကပ်ပြီး…

ရေနံ့လေး သင်းနေတဲ့ အပေါ်ရုံပုဆိုးလေးကို ဘုရားရှင်ခြေတော်ရင်းမှာ ချထားလိုက်တယ်။

အို…ပီတိရဲ့ ရိုက်ခတ်မှုကို ငါအောင့်အည်းမထားနိုင်တော့ပါလား။ ငါ့ကိုယ်လည်း ငါ သတိမထားနိုင်မီမှာပဲ နှုတ်က ဟစ်ကြွေးသံ ထွက်ကျသွားတော့တယ်။

'အောင်ပြီ…အောင်ပြီ…အောင်ပြီ'

တရားနာပရိသတ်ကြီး အားလုံးရဲ့ အကြည့်ဟာ ကျုပ်အပေါ် စုပြုံကျရောက်လာတယ်။ ကျုပ်ကလည်း 'အောင်ပြီ' လို့ သုံးကြိမ်တိုင်တိုင် ဟစ်ကြွေးမိလိုက်ပြီးနောက်မှာ ပရိသတ်ကြီးကို ပြန်ကြည့်နေမိတယ်။ ဒီအထဲမှာ အစူးရှအတောက်ပြောင်ဆုံး မျက်လုံးတစ်စုံနဲ့ ရင်ဆိုင်လိုက်ရတော့တယ်။

ကောသလမင်းကြီးရဲ့ မျက်လုံးအစုံ။

ဘာများ ဖြစ်တော့မလဲလို့ စောင့်ကြည့်နေစဉ်မှာ မင်းချင်းတစ်ယောက် ကျုပ်အနားကို ရောက်လာတယ်။

'သင် ဘာကို အောင်သလဲ လို့ မင်းကြီး အမေးတော်ရှိလိုက်တယ်'

ဩ…ကောသလမင်းကြီး ဒါကို သိချင်တာကိုး။ ကျုပ်က အားလုံးကို အသေးစိတ် အစကနေ အဆုံး ပြောပြလိုက်တယ်။ အထူးသဖြင့် ညဦးယံ၊ သန်းခေါင်ယံ၊ ပစ္ဆိမယံတွေကို လွန်လာပြီးနောက်မှာ ကျုပ် ဟဒယနှလုံးအိမ်ထဲ အကြိတ်အနယ် တိုက်ခိုက်နေကြတဲ့ သဒ္ဓါနဲ့ နှမြောစိတ်တို့ရဲ့ တိုက်ပွဲဟာ သဒ္ဓါစိတ်ရဲ့ အောင်မြင်ခြင်းနဲ့ အဆုံးသတ်သွားတဲ့အကြောင်း၊ ဒါကြောင့် အပေါ်ရုံပုဆိုးကို ဘုရားရှင် ခြေတော်ရင်း ချပြီး လှူဒါန်းလိုက်ကြောင်း၊ ဒါကြောင့် အောင်ပြီလို့ ဟစ်ကြွေးလိုက်ခြင်း ဖြစ်ကြောင်း…။

'ပြုနိုင်ခဲ့သော အမှုကို ပြုပေစွ'



ကောသလမင်းကြီးက ကျုပ်ကို လေးနက်စွာ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက်မှာ နှုတ်ကလည်း အဲဒီလို ရေရွတ်တယ်။ ဒါတင် ဘာဟုတ်လိမ့်မလဲ။

'ကေသာင္ကပုဏ္ဏား… ပြုနိုင်ခဲ့တဲ့ အမှုကို ပြုတဲ့အတွက် သင့်ကို ကျွန်ုပ် ပုဆိုးတစ်စုံ ဆုချလိုက်တယ်'

အဲဒီပုဆိုးကို ကျုပ်က ချက်ချင်းပဲ ဘုရားထံ ဆက်ကပ်လိုက်ပြန်တယ်။ သဒ္ဓါစိတ်ရဲ့ အောင်ပွဲမှာ ကျုပ်ဟာ အတောမသတ်နိုင်အောင် လှူဒါန်းချင်နေပြီလေ။ မင်းကြီး ဆုချတဲ့ အဖိုးတန်ပုဆိုးတွေကို ကျုပ်လုံးဝတွယ်တာခြင်း မရှိဘူး။

ဒီလိုနဲ့ ပြီးမသွားဘူး။ ကောသလမင်းကြီးက တစ်ဆ တစ်ဆ တက်ပြီး ပုဆိုးတွေ ဆုချပြန်တယ်။ ကျုပ်ကလည်း လက်ဝယ်ရပြီးတာနဲ့ ဘုရားရှင်ခြေတော်ရင်းဆီကိုပဲ မဆိုင်းမတွ ချထားလှူဒါန်းတယ်။

ဒီလိုနဲ့ ပုဆိုး သုံးဆယ့်နှစ်စုံအထိ ဖြစ်လာတယ်။

ကျုပ် စဉ်းစားလိုက်မိတယ်။ ဆုချရသမျှတွေကို ကျုပ်က ဘုရားရှင်ထံကိုပဲ လှူဒါန်းပစ်နေလေတော့ ဒီအတိုင်းသာဆိုရင် ကောသလမင်းကြီး ကျုပ်အပေါ် အထင်လွဲလာနိုင်တယ်။ ဒီပုဏ္ဏားဟာ ဆုလာဘ်ရတဲ့ ပုဆိုးတွေကို တန်ဖိုးမထားဘဲ လှူပစ်နေတာလား၊ ဒါမှမဟုတ် ပုဆိုးတွေရဲ့ အဖိုးတန်ပုံကို မသိဘဲ လွယ်လွယ်နဲ့ လှူပစ်နေတာလား၊ ဒါမှမဟုတ် ငါသို့သော ပြည့်ရှင်ဘုရင်က တစ်ဆ တစ်ဆ တက်ပြီး ဆုချပေးသနားတာကို လက်ခံသိမ်းဆည်းခြင်းမပြုဘဲ ဘုရားရှင်ထံ လှူပစ်နေတာလား စသည်ဖြင့် မင်းကြီး တွေးလာနိုင်တယ်။ အထင်လွဲလာနိုင်တယ်လေ။

ဒါကြောင့် ပုဆိုး သုံးဆယ့်နှစ်စုံအရောက်မှာ ဇနီးမောင်နှံနှစ်ယောက်အတွက် နှစ်စုံကို ယူပြီး ကျန်တဲ့ အစုံသုံးဆယ်ကို လှူဒါန်းလိုက်တယ်။

မင်းကြီးဟာ ကျုပ်ကို ကျေနပ်နှစ်ခြိုက်တဲ့အပြုံးနဲ့ ကြည့်နေတယ်။ ပြီးတော့ ခေါင်းတစ်ချက် ဆတ်ညိတ်ပြီး…

'ကေသာင္ကပုဏ္ဏား…သင့်ကို ကျွန်ုပ် ကမ္ဗလာနှစ်ထည် ဆုချလိုက်မယ်'တဲ့။

မင်းကြီးရဲ့ နှစ်လိုဖွယ်အပြုံးကို ကျုပ်ကလည်း လိုက်လိုက်လှဲလှဲ ပြုံးပြပြီး ကမ္ဗလာနှစ်ထည်ကို လက်ခံလိုက်တယ်။

ကမ္ဗလာနှစ်ထည် လက်ထဲရောက်တာနဲ့ ကျုပ်ရဲ့ ခေါင်းထဲမှာလည်း ဘယ်လို လှူဒါန်းမယ်ဆိုတဲ့ စိတ်ကူးက ချက်ချင်းပေါ်လာပြီလေ။ ဒီမှာတော့ ပုဆိုးတွေတုန်းကလို ဘုရားရှင်ခြေတော်ရင်းကို ချပြီး မလှူဒါန်းတော့ပါဘူး။

သီရိုဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စိတ်ကူးက ကမ္ဘာလှနှစ်ထည်အနက် တစ်ထည်ကို ဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးတော်မူတဲ့နေရာရဲ့ အထက်မှာ မျက်နှာကြက် ကြက်ပြီး ပူဇော်တယ်။ တစ်ထည်ကိုတော့ ကျုပ်တို့ရဲ့ နှုတ်ချာလှတဲ့ မြသာယာအိမ်ကလေးထဲမှာ ဆွမ်းခံကြွလာတဲ့ ရဟန်းတော် ထိုင်မယ့်နေရာရဲ့ အထက်မှာ မျက်နှာကြက် ကြက်ပြီး ထားမယ်လေ။

*

ဘုရားရှင် သီတင်းသုံးတော်မူရာ နေရာရဲ့ အထက်မှာ ကြက်ပြီး ပူဇော်ထားတဲ့ ကျုပ်ရဲ့ မျက်နှာကြက်ကို ကောသလမင်းကြီး တွေ့သွားတယ်။

မင်းကြီး ကျုပ်ကို ဆုလာဘ်ချီးမြှင့်ပြန်ပြီ။

ဒီတစ်ခါတော့ အဝတ်အထည် မဟုတ်တော့ဘူး။

ဆင် လေးစီး၊ မြင်း လေးစီး၊ အသပြာ လေးထောင်၊ မိန်းမ လေးယောက်၊ ယောကျ်ား လေးယောက်၊ ကျွန်မ လေးယောက်၊ ရွာကြီး လေးရွာ။

လေး ခုနစ်လီ ဆုတော်ကြီး ဖြစ်တယ်။

*

'ကောသဇကပုဏ္ဏား...ကုသိုလ်ကံ အကျိုးပေး ကောင်းလှပေတယ်' လို့ ရဟန်းတော်တွေဟာ တရားသဘင်မှာ ကျုပ်အကြောင်းကို ပြောဆိုကြကြောင်း သိရတယ်။

ဒီအခါမှာ ဘုရားရှင်က ကျုပ်အကြောင်းနဲ့ ဆက်စပ်ပြီး ဒေသနာတော်တစ်ရပ်ကို ဟောကြားတော်မူတယ်။

'စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏၊ ကောင်းမှုပြုသောသူအား နှန့်နှေးတတ်ရကား၊ စိတ်ကို မကောင်းမှုမှ တားမြစ်ရာ၏၊ ကုသိုလ်ကောင်းမှုကို သောလျင်စွာ ပြုရာ၏'

ဒေသနာတော်ဟာ ကျုပ် ကောသဇကပုဏ္ဏားရဲ့ ရင်ထဲ အသည်းထဲ၊ အသွေးအသားထဲမှာ မပြတ်လှည့်ပတ်ပဲ့တင်ရိုက်ခတ်နေပါတယ်၊ ဒေသနာတော်ကို အမြဲကြားယောင်နေခြင်းနဲ့အတူ ကျုပ်အမြင်အာရုံထဲမှာ အမြဲမြင်ယောင်နေတာကတော့ ရေနံ့ ချွေးနံ့ သင်းနေတဲ့ ကျုပ်ရဲ့ 'အပေါ်ရုံပုဆိုးလေး' ပါပဲ။

[ဓမ္မပဒ၊ ပါဠိပဝဂ်၊ ဒေသနာတော် - ၁၁၆]

○

# အတုမဲ့သက်သေ

သာဝတ္ထိမြို့တော်၏ မြောက်ပြင်နိဂုံး အစွန်ဒေသကို မြို့သူမြို့သားတို့သည် ဝေးဝေးမှပင် ရှောင်တတ်ကြသည်။ အထူးသဖြင့် တစ်နေ့တာ ကုန်ဆုံးပြီး အနောက်ဘက် တောင်စွယ်တွင် နေလုံးကြီး နစ်မြုပ်ပျောက်ကွယ်တော့မည့် အချိန်မျိုးကို ပို၍ရှောင်ရှားကြသည်။

သာဝတ္ထိ၏ အခြားသော ဂါမ၊ နိဂုံး၊ ဇနပုဒ်တို့တွင် ညနေခင်းသည် ကျက်သရေရှိစွာ လှပတောက်ပြောင်နေတတ်သော်လည်း ဤမြောက်ပြင်နိဂုံးအစွန်ဒေသကား ထီးတည်းဆန့်ကျင်ဘက်အရပ်ပင်။

ဤအရပ်၏ ညနေခင်းသည် ချောက်ချားဖွယ် အတိပြီးနေသည့် ထိတ်လန့်တုန်လှုပ်စရာများဖြင့် ပြည့်နှက်နေသည်။ ကျက်သရေကင်းမဲ့မှုနှင့် အမင်္ဂလာ မြင်ကွင်းများသာ ဖုံးလွှမ်းနေသည်။ အကြောင်းမှုကား ဤအရပ်ဒေသတွင် 'လူသတ်ကုန်း သုသာန်' ထားရှိသောကြောင့်ပင်တည်း။

*

ရာဇဝတ်သားများကို နှောင်ကြိုးတည်း၍ခေါ်ထုတ်ရာ၊ ကျူးလွန်သောပြစ်မှုများအလျောက် ပြစ်ဒဏ်စီရင်ရာ ဤအရပ်ဒေသကို မြို့သူမြို့သားတို့ အဝေးမှ ရှောင်ရှားကြသော်လည်း မြောက်ပြင်ဂါမနေ လူထုအဖို့ကား တွေ့နေမြင်နေကျဖြစ်လေသည်။

လူသတ်ကုန်း သုသာန်သို့ ထုတ်လာသော ရာဇဝတ်သား အမြောက်အမြားကို

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အမျိုးမျိုး တွေ့မြင်နေကြရသည်။ အမြင်အကြား ကျင့်သားရနေကြသည်။ အုပ်စုလိုက် ဖမ်းဆီးလာသော သူခိုး သူသတ်များ၊ နှစ်ဦး သုံးဦး ပါဝင်သော ဂိုဏ်းများ၊ တစ်ကိုယ်တော်လူဆိုးကြီးများသည် သူသတ်ကုန်းသို့သွားသော ဤလမ်းမတွင် ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းသွားခဲ့ကြသည်။

များသောအားဖြင့်မူ မည်မျှပင် ရက်စက်ကြမ်းကြုတ်သော ခိုးသားဓားပြ လူသတ်ကောင်ပင်ဖြစ်စေ၊ ဤလမ်းမတစ်လျှောက်ကိုဖြတ်၍ ခေါ်ဆောင်သွားခြင်း ခံရချိန်မှာတော့ တုန်လှုပ်ချောက်ချားသွားကြသည်သာဖြစ်သည်။ ခိုးဆိုးလုယက် သတ်ဖြတ်ခဲ့ကြသော ထိုလူဆိုး လူမိုက်ကြီးများသည် သူသတ်ကုန်း၏ သေမင်းခံတွင်းဝ ဆီသို့ လာရာလမ်းတွင် အားလုံးအတူတူဖြစ်သွားကြသည်။ အချို့က ရုပ်ပျက်ဆင်းပျက် အော်ဟစ်ရန်းကန်နေတတ်ကြသည်။ အချို့က အကြောက်လွန်၍ ပျော့ခွေမေ့မျောကာ ပါသွားကြသည်။ အချို့ကမူ ကယ်ပါ ယူပါ တစာစာ အော်ဟစ်လျက် ပါသွားကြသည်။ အချို့ကတော့ ကြောက်ရွံ့ခြင်း၏ ဟိုမှာဘက်သို့ ရောက်ရှိသွားလေသလား မသိ၊ ပြူးကြောင်နေသော မျက်လုံးကြီးများဖြင့် ရူးသွပ်နေသူပမာ လိုက်ပါသွားကြသည်။

အလွန့်အလွန် သတ္တိကောင်းသော၊ သို့မဟုတ် မိမိပြုခဲ့သမျှကို အလုံးစုံ ဝန်ခံတော့မည်ဟု ဆုံးဖြတ်ထားဟန်တူသော တစ်ဦးတလေသာလျှင် ဣန္ဒြေမပျက်၊ ခြေလှမ်း မပျက် ရှိတတ်ကြသည်။ သာဝတ္ထိမြောက်ပြင်နိဂုံးအစွန်မှ နေသူများအဖို့ သူသတ်ကုန်းသို့ ထုတ်လာသော ရာဇဝတ်ကောင်များအကြောင်းကို အမျိုးမျိုး အဖုံဖုံ ကြုံတွေ့ကြရသည်။ မျက်စိရည် နားရည် ဝနေကြပြီဟုလည်း ဆိုနိုင်သည်။

အမင်္ဂလာမြင်ကွင်းပင် ဖြစ်စေကာမူ စပ်စုလိုတတ်သော လူ့သဘောအရ မြောက်ပြင်နိဂုံးအလွန်မှ လူများသည် 'လူသတ်ကုန်းထုတ် မြင်ကွင်း' ကိုမလွတ်တမ်း ထွက်ကြည့်တတ်ကြသည်ပင်။

ထိုထိုသော မြင်ကွင်းများအကြောင်းကိုလည်း အချင်းချင်း မမောနိုင် မပန်းနိုင် တစ်ဆင့်စကား တစ်ဆင့်နား ဖောက်သည်ချတတ်ကြသည်။ ဤမြင်ကွင်းကား သူတို့အဖို့ ဘယ်တော့မျှမရိုးနိုင်သည့် စိတ်နှလုံးတုန်လှုပ်စရာ ဆွဲဆောင်မှုတစ်ရပ် ဖြစ်နေလေသည်။

ယနေ့ညနေအဖို့လည်း သူတို့သည် သူသတ်ကုန်းအဝင်လမ်းမထိပ်ဆီသို့ စုရုံးငေးမျှော်နေကြပြန်လေပြီ။ ပါးကွက်အာဏာသားများ၏ ကြိုတင်ပြင်ဆင်မှု၊ လက်



မရွံ့သားတို့၏ လှုပ်ရှားမှုကို ကြည့်ပြီး ယနေ့ညနေလည်း ရာဇဝတ်ကောင်တစ်ဦး ရောက်ရှိလာဦးမည်ဖြစ်ကြောင်း သူတို့ ကြိုတင်သိနှင့်နေကြသည်။

ထိုသူသည် အဘယ်သူဖြစ်လေမည်လဲ၊ တော့ပုန်းဓားပြကြီးလား၊ မုဒိမ်းတန္တလား၊ ခိုးသူသတ်သမားလား၊ သူပုန်သူကန်လား၊ ထိုသူကို မည်သို့ စီရင်မည်လဲ။ ထိုသူသည် တုန်လှုပ်ချောက်ချားစွာ ပါလာမည်လား၊ ရဲဝံ့တည်ငြိမ်စွာ လိုက်ပါလာမည်လား။ ရူးသွပ်ခမန်း အော်ဟစ်လာမှာလား။

လူသတ်ကုန်းဝင်လမ်း၏ တစ်ဖက်တစ်ချက်စီတွင် စပ်စုလိုသောသူများ တစ်စတစ်စ များပြားလာသည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မြိန်ရေရှက်ရေ ဖောက်သည်ချဖို့ လမ်းမဟိုဘက်ထိပ်ဆီသို့ စိတ်အားထက်သန်စွာ ငေးမျှော်စောင့်ကြိုနေကြသည်။

'ခေါ်လာပြီ ... ခေါ်လာပြီ၊ ရာဇဝတ်သားကို ခေါ်လာပြီ'

တစ်ဆင့် တစ်ဆင့် သတင်းစကားပါးသံများနှင့်အတူ ရာဇဝတ်သား လာမည့်ဘက်ဆီသို့ လှမ်းကြည့်လိုက်ကြလေသည်။

*

အမျှော်လင့်ကြီး မျှော်လင့်ထားသော ပရိသတ်မှာ စိတ်ပျက်သွားကြသည်။

ပရိသတ်အလယ် လမ်းထဲသို့ နှောင်ကြိုးအထပ်ထပ် တုပ်ချည်လျက် ခေါ်ဆောင်ခြင်း ခံလာရသူမှာ မျှော်လင့်ထားသလို မဟုတ်။

ထွားကျိုင်းခက်ထန်သော ပုံမျိုး မရှိ။ ရက်စက်ကြမ်းကြုတ်သည့် အသွင်မျိုးကို မဆောင်။ မုတ်ဆိတ်ပါးမြိုင်းမွေးများ၊ ကြွက်သားစိုင်များရှိသည့် အင်းကွက်နှင့် မဆေးမင်ကြောင် ထိုးထားသည့် ခန္ဓာကိုယ် စသည့် လူဆိုးလူမိုက်ကြီးမျိုး မဟုတ်။

အရပ် ခပ်ပျပ်ပျပ်။ နေလောင်ထားသော အသားညိုညို ဖျင်ကြမ်းခါးတို ကိုယ်ဝတ်နှင့်၊ သျှောင်သေးသေးလေးကို ခပ်စောင်းစောင်း ထုံးထားသော အသက် လေးဆယ် ခန့် ယောကျ်ားတစ်ဦးဖြစ်သည်။ မျက်နှာသွင်ပြင် ကိုယ်နေဟန်ထားမှာ သာမန် သူလိုကိုယ်လိုပင်။ သာဝတ္ထိမြို့တော်၏ အရပ်လေးမျက်နှာ ဇနပုဒ်များတွင် တွေ့မြင်နေကျ ပုံစံမျိုး၊ ဘာမှစိတ်ဝင်စားစရာ ထူးခြားသည့်အသွင်မျိုး မရှိ။

လူဆိုး လူမိုက်ကြီးများလို ကြမ်းတမ်းခက်တရော်သော မျက်နှာမျိုးလည်း မရှိ။ လူသတ်သမားတစ်ယောက်၏ စူးရှရက်စက်ပုံမျိုးလည်းမရှိ။ ထိုပြင် နှောင်ကြိုးများ



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ် တုပ်နှောင်ထားသည့်ကြားမှ ပါးကွက်သားများအလယ်မှာ လိုက်ပါလာပုံကလည်း စိတ်လှုပ်ရှားစရာအသွင်မျိုး မရှိ။

လမ်းဘေးတွင် ရပ်ကြည့်နေသော လူအုပ်အတွင်းမှ မိန်းမကြီးတစ်ဦးသည် စိတ်ဝင်စားစရာမကောင်းသော ထိုမြင်ကွင်းကိုကြည့်ရင်း သူ့ရှေ့မှ ဖြတ်သွားသည့် ပါးကွက်သားကို လှမ်းမေးလိုက်သည်။

'ဘာပြစ်မှုတဲ့လဲ ပါးကွက်သားကြီးရဲ့'

'ခိုးမှု၊ အသပြာတစ်ထောင်ထုပ်'

ပါးကွက်သားက တိုတိုပြတ်ပြတ် ဖြေသည်။ မိန်းမကြီးက ကြဲဖန်၍ စိတ်လှုပ်ရှားစရာကို ရှာဟန်ဖြင့် ရေရွတ်ပြန်သည်။

'အသပြာထောင်ထုပ်ခိုးမှု ... ဆိုပါလား၊ ကြည့်စမ်း ... လူပုံက ရိုးတိရိုးအနဲ့ ထောင်ထုပ်အထိ တက်ခိုးတာကိုး၊ ကြည့်ရတာတော့ ခိုးသားဓားပြနဲ့ တယ်မတူဘူး၊ ဘယ်လိုများ ဖြစ်တာပါလိမ့်နော်'

'ဒါပ ... ရာဇဝတ်သားဟာ ခိုးသားဓားပြ မဟုတ်ဘူးတဲ့ဗျ၊ လယ်သမားတစ်ယောက်တဲ့ဗျ'

အနီးမှ ယောကျ်ားတစ်ယောက်က သတင်းဦးဦးဖျားဖျား ရလာသလို ဝင်ပြောသည်။

'ဟုတ်လား၊ လယ်သမားတဲ့လားဟင်၊ တောင်သူလယ်လုပ် စားမခုတ် လုပ်နေပြီး အသပြာထောင်ထုပ် တက်ခိုးရသတဲ့တော်၊ အေးလေ ... သူ့ခေါင်း သူ မနှမြောလို့ လုပ်တာပဲ'

စိတ်ဝင်စားစရာမကောင်းသော မြင်ကွင်းနှင့် သတင်းကိုပင် စိတ်ဝင်စားစရာ လုပ်၍ ပြောကြပြန်သည်။

'ထောင်ထုပ်ဆိုတော့လဲ နည်းတဲ့အသပြာမှ မဟုတ်ဘဲကလား၊ အပြစ်ကလဲ ကြီးလေးပေသပေါ့၊ ကောသလမင်းကြီးရဲ့ နန်းတော်က အမိန့်ဘယ်လိုချလိုက်သတဲ့လဲ၊ အေးလေ ... သေဒဏ်ပဲပေါ့'

'ဒါပေါ့၊ သေဒဏ်ပေါ့၊ သူ လယ်ထွန်တဲ့ လယ်ကွက်ထဲမှာ အသပြာထုပ်ကို မြေမြှုပ်ပြီး ဝှက်ထားတာတဲ့၊ အပြစ်က ထင်ရှားနေတယ်၊ သေဒဏ်က လွဲပြီး ဘာရှိမှာလဲ'



'တစ်ခါခိုး တစ်ခါမိပဲ တူပါရဲ့နော်၊ ရာဇဝတ်သား ကြည့်ရတာ အရင်က ဒါမျိုး လုပ်ဖူးဟန် မတူဘူး'

ပြောစရာစကား ကုန်သွားကြသည်။ သည့်ထက်ပို၍ စိတ်ဝင်စားစရာမရှိတော့ကြောင်းလည်း အချင်းချင်း သိနေကြသည်။ သည်တစ်ညနေအဖို့ ထင်သလောက် 'ပွဲကောင်း' မကြုံရ၍ အားမလို အားမရလည်း ဖြစ်နေကြသည်။

သို့သော် ...

စိတ်ဝင်စားစရာမရှိဟု ထင်နေကြသော အထင်များသည် ထိုတစ်ခဏမှာပင် မှားယွင်းသွားလေသည်။ ခြောက်ခြေ့နေသော ဤအဖြစ်ကို စတင်လှုပ်ရှားစေလိုက်သူမှာ ကလေးငယ်တစ်ယောက် ဖြစ်သည်။

'ရာဇဝတ်သားပါးစပ်က တဖွဖွ ရွတ်သွားတယ်တဲ့ဗျ၊ တစ်လမ်းလုံး ပါးစပ်တလှုပ်လှုပ်နဲ့ ရွတ်သွားတာတဲ့၊ သူ ဘာရွတ်သွားသလဲဆိုတော့ မြွေဆိုးကိုမြင်တယ်၊ မြွေဆိုးကိုမြင်တယ် ဆိုလားပဲ'

'ဘာ ... ဘာ ... ဘယ်လို ...'

'မြွေဆိုးကိုမြင်တယ်၊ မြွေဆိုးကိုမြင်တယ်၊ အဲဒီလို ရွတ်သွားတာတဲ့'

'ဟာ ... အဲဒါတော့ ထူးခြားတယ်ဟေ့'

လူအုပ်သည် သူသတ်ကုန်းထိပ်ဆီသို့ တစ်စုတစ်ဝေး လိုက်ပါသွားကြပြန်သည်။ စိတ်ဝင်စားစရာသတင်း၏ အနံ့ကို ရကြပြီ။

*

ကလေးငယ် လာပြောသည့် သတင်းကား အမှန်ပင် ဖြစ်လေသည်။

သူသတ်ကုန်းထိပ်သို့ ရောက်နေသော ရာဇဝတ်သားသည် အမှန်ပင် စကားတစ်ခွန်းကို ထပ်တလဲလဲ ရွတ်ဆိုနေသည်။ သူ့စကားကို အတိုင်းသား ကြားကြရသည်။

'အာနန္ဒာ ... ကြည့်လော့၊ အဆိပ်ထန်သည့် မြွေကို ကြည့်လော့၊ ဘုရားရှင်က ဒီလို မိန့်တော်မူတယ်၊ အရှင်အာနန္ဒာက အဆိပ်ထန်သည့် မြွေကိုမြင်ပါသည်ဘုရားလို့ လျှောက်တယ်'

နေလုံးသည် အနောက်ဘက်တောင်စွယ်ထိပ်များတွင် တွဲခိုလျက်၊ ရာဇဝတ်သား၏ နှုတ်မှလည်း တတွတ်တွတ် ရွတ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



'အာနန္ဒာ...ကြည့်လော့၊ အဆိပ်ထန်သည့်မြွေကို ကြည့်လော့၊ ဘုရားရှင်က ဒီလိုမိန့်တော်မူတယ်၊ အရှင်အာနန္ဒာက အဆိပ်ထန်သည့်မြွေကို မြင်ပါသည်ဘုရားလို့ လျှောက်တယ်'

တောင်စွယ် နေကွယ်တော့မည်။ ရာဇဝတ်သားကား ရေရွတ်ဆဲ။

'အဆိပ်ထန်သည့် မြွေကိုကြည့်လော့...ဘုရားရှင်က မိန့်တော်မူတယ်၊ အရှင်အာနန္ဒာက အဆိပ်ထန်သည့် မြွေကို မြင်ပါသည်ဘုရားလို့...'

အခြား တစ်ပါးသောစကားကို မရွတ်စေဘဲ ဤစကားကိုသာ ထပ်ကာတလဲလဲ ရေရွတ်နေသည်။

ပါးကွက်အာဏာသားအဖွဲ့ ခေါင်းဆောင်က ဓားလွတ်ကို ဇွေယမ်းမြှောက်ချီလိုက်သည့် ပါးကွက်သားဆီသို့ လှမ်း၍အမိန့်ပေးလိုက်သည်။

'ဟေ့...နေဦး၊ ရာဇဝတ်သားဟာ ဒီစကားကိုပဲ ထပ်တလဲလဲ ရေရွတ်နေတယ်၊ ဒါဟာ အကြောင်းမဲ့ မဟုတ်နိုင်ဘူး'

ဒူးထောက်နေသော ရာဇဝတ်သားရှေ့တွင် ပါးကွက်သား ခေါင်းဆောင်က ရပ်လိုက်ပြီး...

'ရာဇဝတ်သား...မောင်မင်းဟာ ဘုရားရှင်နဲ့ အရှင်အာနန္ဒာတို့ရဲ့ စကားကို ဘာကြောင့် ထပ်တလဲလဲရေရွတ်နေရတာလဲ၊ ပြောစမ်း'

ငုံ့ထားသော ရာဇဝတ်သား၏မျက်နှာ မော့လာသည်။ ကွယ်လုဆဲဆဲ နေလုံး၏ နီကြန်သော အလင်းတန်းသည် သူ့မျက်လုံးများပေါ်သို့ ထိုးကျနေသည်။ ရာဇဝတ်သားက ပြန်ဖြေလေသည်။

'ကောသလမင်းကြီးကို ဖူးမြင်ခွင့်ရရင် ကျွန်တော် ဖြေပါမယ်'

ပါးကွက်သားခေါင်းဆောင် ရှုးရှူးရဲရဲအကြည့်ကို ရာဇဝတ်သားက အတူတန်ပြန်တုံ့ပြန်သည်။ အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ပါးကွက်သား ခေါင်းဆောင်က...

'မသတ်နဲ့ဦး၊ ဒီအကြောင်းကို ဘုရင်မင်းမြတ်ထံ သံတော်ဦးတင်...'

နေလုံးကြီး ပြုတ်ကျသွားသည်။ သို့သော် ရာဇဝတ်သား၏ လည်ကုပ်ပေါ်သို့ ဓားသွားကား ကျရောက်မလာသေး။ ဓားသွားအစား ရောက်လာသော အရာမှာ ဘုရင့်နန်းတော်မှ အမိန့်စာချွန် ဖြစ်သည်။



ရာဇဝတ်သားအား ဘုရင့်ရှေ့တော်သွင်းရန် ဟူသော အမိန့်စာချွန်ပင်။

*

အဖြစ်သနစ် စ,လယ်,ဆုံး ပေါ်ပေါက်ခဲ့ပြီဖြစ်လေသည်။

ခိုးသားတစ်စုသည် သာဝတ္ထိမြို့တော်အတွင်းသို့ ရေမြှုန်ပေါက်မှ ဝင်ရောက်ကာ သူဌေးတစ်ဦး၏အိမ်ကို ဥမင်လိုဏ်ခေါင်း တူးဖောက်ခဲ့ကြသည်။ ထို့နောက် ရွှေငွေဥစ္စာများကိုယူကာ လာလမ်းအတိုင်း ပြန်ထွက်ခဲ့ကြသည်။ မနီးမဝေးရှိ လယ်ကွက် တစ်ခုထဲတွင် ခိုးသားတို့ ဝေစုခွဲကြသည်။ သည်တွင် ခိုးသားတို့ထုံးစံ မိမိအတွက် အခြားသူများမသိအောင် ကဲ့ဝှက်ယူလာခဲ့သော တစ်ယောက်သော ခိုးသားသည် အသပြာထောင်ထုပ်ကို ခါးတောင်းကျိုက်အတွင်း တိတ်တဆိတ်ထည့်လာခဲ့သည်။ လယ်ကွက်ထဲ၌ ဝေစုခွဲကြချိန်တွင် ထိုခိုးသားသည် ကဲ့ဝှက်ခဲ့သော ထောင်ထုပ်ကို လယ်ကွက်ထဲမှာပင် တိတ်တဆိတ် ထားလိုက်သည်။ ဝေစုခွဲရင်း ထုံးစံအတိုင်း အချင်းများကြ၊ အဝေမတည့်ကြဖြင့် နောက်ဆုံး ထိုခိုးသားသည် သူ့ဝေစုကိုသာ သူယူပြီး ထွက်သွားသည်။ လယ်ကွက်ထဲမှာဝှက်ထားသော အသပြာထုပ်ကို သူ မေ့သွားသည်။ သူ့ဝေစုမှာ အခြား ရွှေငွေဥစ္စာတွေ များပြားသောကြောင့် မေ့သွားသည်လား၊ လယ်ကွက်ထဲမှ အလျင်အမြန် ထွက်ခွာရန် အရေးကြီးနေသောကြောင့် မေ့သွားသည်လား ဆိုသည်ကိုတော့ ထိုခိုးသားမှပင် သိတော့မည်။

အသပြာထုပ်ရှိနေရာ လယ်ကွက်ထဲသို့ လယ်သမား လယ်ထွန်ရန် ဆင်းလာသည်။ မိမိလယ်ကွက်ထဲတွင် အသပြာထုပ်ရှိနေမှန်း လယ်သမား မသိ။

ရာဇဝတ်သင့် လယ်သမားက ကောသလမင်းကြီး၏ ရှေ့တော်တွင် ဆက်လက်၍ ရှင်းလင်းလျှောက်ကြားလေသည်။

'ကျွန်တော်မျိုး လယ်ကွက်ထဲ ဆင်းလာချိန်မှာ ဘုရားရှင်နဲ့ အရှင်အာနန္ဒာတို့ဟာ ကျွန်တော်မျိုးရဲ့ လယ်ကွက်မှာ ရောက်ရှိတော်မူနေကြပါတယ်၊ ဒီအချိန်မှာပဲ ကျွန်တော်မျိုး ကြားလိုက်ရခြင်း ဖြစ်ပါတယ်၊ ဘုရားရှင်က မိန့်တော်မူပါတယ်၊ 'အာနန္ဒာ...ကြည့်လော့၊ အဆိပ်ထန်သည့် မြွေကိုကြည့်လော့၊ ဒီအခါမှာ အရှင်အာနန္ဒာက အဆိပ်ထန်သည့် မြွေကိုမြင်ပါသည်ဘုရားလို့ လျှောက်ပါတယ်၊ ဒီလို မိန့်တော်မူကြပြီးနောက်မှာ ဘုရားရှင်နဲ့ အရှင်အာနန္ဒာတို့ဟာ လယ်ကွက်ထဲကနေ ကြွသွားတော်မူကြပါတယ်၊ ကျွန်တော်မျိုးလဲ အဆိပ်ထန်သည့်မြွေကိုသတ်ဖို့ နှင်တံ



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုင်ပြီး ရှာတဲ့အခါမှာ မြွေကို မတွေ့၊ အသပြာထုပ်ကိုသာ တွေ့ပါတယ်၊ ဒီအခါမှာ ဘုရားရှင်နဲ့ အရှင်အာနန္ဒာတို့ မိန့်ကြားတော်မူတဲ့ မြွေဆိုတာ ဒီအသပြာထုပ်ကို ရည်ညွှန်းဟန်တူတယ်လို့ သဘောပိုက်ပြီး ငွေထုပ်ကို ယူလာခဲ့ပါတယ်၊ သို့သော် ကျွန်တော်မျိုးဟာ ဒီငွေထုပ်ကို သိုသိုသိပ်သိပ် ဝှက်မထားတတ်တဲ့အတွက် တစ်နေရာမှာပဲ ဖုန်မှုန့်တွေနဲ့ ဖုံးပြီး လယ်ထွန်နေခဲ့ပါတယ်'

ခိုးသားများနောက်သို့ ခြေရာခံလိုက်ရင်းမှ လယ်ကွက်ထဲသို့ ရောက်လာကြကာ လယ်သမားဝှက်ထားသော ငွေထုပ်ကို တွေ့သွားကြသည်။

ကောသလမင်းကြီး၏ အသွင်မှာ လေးနက်တည်ငြိမ်သွားသည်။

'ဂုဏ်ဇဝတ်သားဟာ လောကကြီးမှာ အမြတ်ဆုံးဖြစ်တဲ့ ဘုရားရှင်ကို သက်သေပြထားတယ်၊ သူ့ကို အပြစ်မပေးနဲ့ဦး၊ ကျွန်ုပ်ကိုယ်တိုင် စုံစမ်းရလိမ့်မယ်'

ဇေတဝန်ကျောင်းတော်သို့ ထိုနေ့ညနေမှာပင် ကောသလမင်းကြီး သွားရောက်ကာ ဘုရားရှင်အား မေးလျှောက်လေသည်။ လယ်သမားပြောသည့်အတိုင်း ဟုတ်မှန်ကြောင်း ဘုရားရှင်က မိန့်တော်မူသည်။ ဘုရားရှင်ရှေ့တော်မှောက် သောတာပန် တည်ပြီးလေသော လယ်သမားကို ကြည့်လျက် ကောသလမင်းကြီးလည်း နှစ်ထောင်း အားရစွာ ရွှတ်ဆိုလေသည်။

'အရှင်ဘုရား ... လယ်သမားကို ကယ်တင်ရန်အတွက် အရှင်ဘုရားနှင့် အရှင်အာနန္ဒာ မထေရ်မြတ်နှစ်ပါး လယ်ကွက်သို့ ကြွတော်မူခဲ့ကြတယ်ဆိုတာ ထင်ရှားပါပြီဘုရား၊ လယ်သမားဟာ အရှင်ဘုရားအား သက်သေထားနိုင်တဲ့အတွက် သေဘေးမှ လွတ်ခဲ့ပါပြီ ဘုရား'

[ဓမ္မပဒ၊ ဗာလဝဂ်၊ ဒေသနာတော် - ၆၇]

○

# ၀ိနည်း

ကျိန်းစက်ရာမှ လန်းဆန်းစွာ နိုးလာသည်။

နံနက်အရုဏ်ပျိုးစအချိန်ပင် ရှိသေးသည်။ သို့သော် ဝေဠုဝန်ကျောင်းတော် ပရဝုဏ်အတွင်းမှာကား ရဟန်းသာမဏေတို့သည် သူ့အစုလိုက် အစုလိုက် လှုပ်ရှားနိုးကြားနေကြလေပြီ။

ငိုက်မျဉ်းသန်းဝေခြင်းကင်းစွာ ကျွန်ုပ် စက်ရာမှ ထလိုက်သည်။ မိမိ အသုံးပြုသော အိပ်ရာကို သေသပ်စွာ သိမ်းဆည်းသည်။ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ပူဇော်လျက် တံပူဝါးရင်း ရေစင်ခုံရှိရာဘက်သို့ ထွက်လာခဲ့သည်။ တံပူကို သုံးပြီး ခြေလက်မျက်နှာ ဆေးကြောသန့်စင်လိုက်သည်။ ရေစင်ခုံတွင် အခြားသော ရဟန်းသာမဏေများကိုလည်း တွေ့ရသည်။

'ရေခပ်ဖို့ အလှည့်ကျသူတွေ စုံညီကြပြီလား'

ရဟန်းတစ်ပါး၏ မေးခွန်းကို ကျွန်ုပ် ဖြေလိုက်သည်။

'စုံညီကြပါပြီ ဘုရား၊ တပည့်တော်တို့ အလှည့်ပါ'

'ကောင်းလေစွ သာမဏေငယ်၊ ဘုရားရှင်အမှူးပြုတဲ့ သံဃာတော်တွေအတွက် ရည်သန်ရွယ်စူးပြီး မိမိတာဝန် မိမိ ယူကြပေတော့'

'ကောင်းပါပြီဘုရား'

နံနက်စောစော ရေခပ်အလှည့်တွင် ပါဝင်သော အခြားရဟန်းများနှင့် ကျွန်ုပ်နှင့် အသက်အရွယ်တူ ဝါတူ သာမဏေငယ်များနှင့်အတူ ဝေဠုဝန်ကျောင်းတော်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်သည်။ ကျောင်းတိုက်တွင် သီတင်းသုံးနေသော ဘုရားရှင်နှင့်တကွ သံဃာတော်များ ခြေလက်ဆေးကြောသုတ်သင်ရန်နှင့် အခြားပြုဖွယ်အမှုတို့အတွက် ရေစင်ခံ့ရှိ စရည်းအိုးများထဲသို့ ကျွန်ုပ်တို့ ရေလောင်းဖြည့်ကြရမည် ဖြစ်ပေသည်။

ငယ်ရွယ်နုနယ်သေးသော သာမဏေငယ်တစ်ပါးအနေဖြင့် ကျွန်ုပ်သည် ဝေဠုဝန်ကျောင်းတော်တွင် ဤသို့သော အလုပ်များကို တာဝန်ယူရသည်။ ထမ်းပိုး၏ တစ်ဖက်တစ်ချက်စီတွင် ပါလာသော ကျည်တောက်ကြီးများသည် ကျွန်ုပ်တစ်ရပ်စာလောက် ရှိနေကြသည်။ ကျည်တောက်ကြီးများ ရေပြည့်သောအခါတွင် ထမ်းပိုးသည် ကျွန်ုပ်၏ ပခုံးထက်၌ လေးလံလာကြသည်။

သို့သော် ဘုရားရှင်နှင့်တကွသော သံဃာတော်များအတွက်ဟူသော စေတနာပြဋ္ဌာန်းအပ်သည်ဖြစ်သောကြောင့် ဤရေခပ်တာဝန်ကို ကျွန်ုပ် စိုးစဉ်းမျှ မညည်းညူခဲ့ပေ။

ဝေဠုဝန်ကျောင်းတော်ပရဝုဏ်အပြင်ဘက်သို့ ရောက်လာကြသည်။ ရေအိုးကို ပိုက်လျက် ကျည်တောက်ထမ်းပိုးကို ထမ်းလျက် ကျွန်ုပ်တို့ ရဟန်းသာမဏေများ တိတ်ဆိတ်စွာပင် ရေကန်ရှိရာ လျှောက်ခဲ့ကြသည်။

အေးချမ်းငြိမ်သက်သော လောကကြီးသည် ပျို့အန်စ အရုဏ်အောက်တွင် တင့်တယ်သန့်ရှင်းနေသည်။ ဘုရားရှင် သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်၏ အရိပ်အာဝါသသည် ချမ်းမြေ့ငြိမ်းအေးလှပေသည်။

နှင်းဆွတ်သော မြက်ခင်းစပ် လမ်းကျဉ်းလေးအတိုင်း ကျွန်ုပ်တို့ လျှောက်ခဲ့ကြသည်။ ကျွန်ုပ်တို့အစုထဲတွင် ကျွန်ုပ်နှင့်ရွယ်တူ သာမဏေငယ်များအပြင် ကျွန်ုပ်တို့ထက် အသက်အရွယ်ရော ဝါစဉ်ပါ ကြီးသော ရဟန်းများလည်း ပါဝင်သည်။

ရဟန်းများသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော် တရားမွေ၏ ဂုဏ်ကျေးဇူးတော်တို့ကို နှလုံးသွင်းလျက်ရှိကြပေမည်။ ဖွဖွညင်သာ ခြေသံများမှအပ အရာရာသည် တိတ်ဆိတ်နေသည်။ ငယ်ရွယ်သော ကျွန်ုပ်လို သာမဏေတစ်ပါးအဖို့မှာကား ယခုလို နံနက်စောစောအချိန်တွင် ချမ်းအေးသော ပတ်ဝန်းကျင်လောကကြီးကိုပင် သဘောကျသည်။ အေးမြသော အထိအတွေ့ကို နှင်းဆွတ်မြက်ပင်များမှတစ်ဆင့် ခြေဖဝါး ခြေခုံတို့တွင် ခံစားရသည်။

ရှင်းသန့်သော လေအေးကို တစ်ဝရှူရှိုက်ရသည်။ အရုဏ်ဦးအလင်းတို့ ဖွား



မြင် ကွန့်မြူးတော့မည့် အရှေ့အရပ်ဆီက ပြာလဲ့နီကျင် ကောင်းကင်ပြင်ကြီးကို ကြည့်ရသည်မှာလည်း ရွှင်မြူးစရာကောင်းလှသည်။

ရဟန်းများနှင့် အခြားသာမဏေငယ်များက နောက်မှာ ကျန်ရစ်ခဲ့ကြသည်။ ကျည်တောက်နှစ်ခုပါ ထမ်းပိုးကို လက်ဖြင့်ပင် မထိန်းကိုင်တော့ဘဲ ပခုံးထက်တွင်သည်အတိုင်း ချိန်ဆထိန်းမတ်ကာ သွက်လက်သော ခြေလှမ်းများဖြင့် ရေကန်ရှိရာသို့ ကျွန်ုပ်လျှောက်လာခဲ့သည်။

ရှေ့မှာမြင်နေရသော တာရိုးလေးကို ကျော်၊ ခင်တန်းငယ်လေးကို ဖြတ်ပြီးလျှင် ရေကန်သို့ ရောက်တော့မည်။ မြေလမ်းကလေးအတိုင်း တာရိုးပေါ် တက်သည်။ ဆင်ခြေလျှောအတိုင်း ဆင်းသည်။ မိုးနံ့နှင့် ဆူးရစ်ချုံကလေးများ ဝန်းဖွဲ့သည့် ခင်တန်းစပ်ကလေးကို ဖြတ်သည်။ ရဟန်းများနှင့် အခြား ရွယ်တူသာမဏေငယ်များကို နောက်ချန်ထားခဲ့ပြီး မိမိက အလျင်ဦးအောင် လာနိုင်ခဲ့သဖြင့် ကျွန်ုပ် ပို၍ ရွှင်မြူးနေသည်။

ရေကန်စပ်သို့ ရောက်ပြီး ထမ်းပိုးမှ ဝါးကျည်တောက်ကို ဖြုတ်လိုက်သည်။ ဝါးကျည်တောက်နှစ်ခုစလုံးကို ဆွဲလျက် သဘာဝအတိုင်း ဖြစ်ပေါ်နေသော ရွှံ့မာ လှေကားထစ်ကလေးများအတိုင်း ရေကန်ရှိရာသို့ ဆင်းခဲ့သည်။

ရေကန်မျက်နှာပြင်မှ အငွေ့လေးများ ပျပျလွင့်ပျံနေသည်။ အောက်ဆုံး လှေကားထစ်သို့ ခြေချလိုက်သည်။ နောက်ကျကျန်ရစ်ခဲ့သော အခြား သာမဏေငယ်များကို တစ်ချက်လှမ်းကြည့်မိသည်။ သူတို့ အခုမှ ခင်တန်းစပ်ကို ဖြတ်လာကြဆဲရှိသေးသည်။

ထိုစဉ်မှာပင် ရေကန်စပ်တစ်နေရာ ပိန်းရွက်ချုံအုပ်များအကြားရှိ တစ်စုံတစ်ခုကို ကျွန်ုပ် တွေ့လိုက်ရသည်။ သစ်ပင်များ ဖားဖားအုပ်ဆိုင်းသော နေရာလည်း ဖြစ်ပြန်၊ နံနက်အရုဏ်ကလည်း ဖျော့တော့နေပြန်သဖြင့် ထိုနေရာတစ်ဝိုက်မှာ အမှောင်ရိပ် ကျနေသည်။ သဲသဲကွဲကွဲ မမြင်ရ။

ထို့ကြောင့် ချုံအုပ်ဆီသို့ချဉ်းကပ်၍ ပိန်းရွက်များကို ဖယ်ရှားကြည့်လိုက်သောအခါ ...

'အလိုလေး ...'

အလန့်တကြားအော်သံ ကျွန်ုပ်နှုတ်မှ ထွက်ကျသွားသည်။

ထိုအချိန်မှာပင် နောက်မှ ရဟန်းများ၊ သာမဏေများ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အော်သံကို ကြားလိုက်သောကြောင့် သူတို့ ရေကန်စပ်ဆီသို့ သုတ်သုတ် ပြေးဆင်းလာကြသည်။

'ဘာဖြစ်သလဲ၊ ဘာဖြစ်သလဲ သာမဏေငယ်'

ကျွန်ုပ် စကားဖြင့် အဖြေမပေးနိုင်။ ပိန်းရွက်တွေအောက် မြက်ခင်းထဲမှာ ရှိနေသော အရာဆီသို့သာ လက်ညှိုးထိုးပြလိုက်သည်။

ရဟန်းတစ်ပါးက ပိန်းရွက်များ၊ ချုံနွယ်များကို ရှင်းလင်းလိုက်သည်။ ထိုအခါမှပင် မြင်ကွင်းသည် ပို၍ ထင်ရှားပီသလာလေတော့သည်။ ကျွန်ုပ်မှာ ကြောက်ရွံ့တုန်လှုပ်နေသည့်ကြားမှပင် အနီးသို့ တိုးကပ်၍ အသေအချာကြည့်မိပြန်သည်။

ဦးခေါင်းနှင့် ပခုံးပြင်တွင် သွေးတွေ ရွှဲနစ်နေသည်။ မျက်လုံးနှင့် ပါးစပ်များ ဖူးရောင်ညိုမည်းလျက် ရှိသည်။ နှာခေါင်း၊ ပါးစပ်တွင်းမှ သွေးခဲများ ယိုစီးကျနေသည်။ လူတစ်ယောက် ဤမျှဒဏ်ရာပြင်းထန်စွာ ရရှိပြီး ဤမျှ သွေးသံရဲရဲဖြစ်နေသည်ကို ကျွန်ုပ် တစ်ခါမှ မတွေ့ဖူးချေ။

ကျွန်ုပ်ကြည့်နေစဉ်မှာပင် ထိုသူသည် တစ်ချက်မျှ လူးလွန့်လိုက်ရာ နားပေါက်ထဲမှ သွေးများ ပွက်ခနဲ ထွက်ကျလာပြန်သည်။ ကြောက်လန့်ခြင်း၊ ညှီစို့စို့ သွေးနံ့ဖြင့် ရွံရှာခြင်းတို့ကြောင့် ကျွန်ုပ် အော့အန်ချင်လာသည်။

'အလို... မဟာကာလ ဥပါသကာကြီးပါလား'

ရဟန်းတစ်ပါးက တအံ့တသြ ရေရွတ်သည်။

မဟာကာလ ဥပါသကာ...။ အလိုလေး... သည် ဒကာကြီးကို ကျွန်ုပ် ကောင်းကောင်း သိသည်။ မဟုတ်ပါစေနဲ့ဟု ရေရွတ်ရင်း သွေးအလူးလူး သူ့မျက်နှာကို အသေအချာ ငုံ့ကြည့်လိုက်သည်။ အို... သူပါပဲ။ မဟာကာလ ဥပါသကာကြီးပေပဲ။ အို... ဘယ်လိုများ ဖြစ်ရတာလဲ ဒကာကြီးရယ်။

ရဟန်းတစ်ပါးက သူ့ကို ပွေ့ထူရန် အနားတွင် ထိုင်ချကာ သူ့လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။ အမှန်တော့ သူ့တစ်ကိုယ်လုံးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားကာ နေရာတိုင်းမှာ သွေးများ ရွှဲနစ်နေသောကြောင့် ထိကိုင်ရက်စရာ နေရာပင် မရှိချေ။

'ဒကာကြီး... မဟာကာလ ဥပါသကာ...'

ကြောက်ရွံ့တုန်လှုပ်ခြင်းနေရာတွင် သနားကြင်နာခြင်းက အစားဝင်သွားသည်။ သူ့ဘေးတွင် ကျွန်ုပ်ပါ ထိုင်ချရင်း သူ့ကို တိုးတိုးခေါ်လိုက်သည်။



သူ့မျက်လုံးတွေ မဆိုစလောက်ပွင့်လာသည်။ ဖူးရောင်ညိုမည်းကာ သွေးတွေ စိုရွှဲနေသောကြောင့် သူ ကောင်းစွာမြင်ရဟန် မတူရှာ။

'ကျောင်းတော်ကလား၊ အရှင်ဘုရားတို့လား'

'ဒကာကြီး... ကျုပ်တို့ ရောက်နေကြတယ်၊ ဘာမှ မစိုးရိမ်နဲ့တော့'

'တပည့်တော် နေရမှာမဟုတ်တော့ဘူး၊ ခိုးသားတစ်ယောက် အိမ်ရှင်တွေ လိုက်ဖမ်းတာ ထွက်ပြေးရင်း တပည့်တော်မျက်နှာသစ်နေရာကို ရောက်လာတယ်'

'ဒကာကြီး... စကားမပြောနဲ့လေ'

'ခိုးသားက ဥစ္စာထုပ်ကို တပည့်တော်နား ပစ်ချပြီး ထွက်ပြေးသွားတယ်၊ ပိုင်ရှင်တွေ ရောက်လာတယ်၊ တပည့်တော် ဖြေရှင်းပေမယ့် မရ...'

'ဒကာကြီး... ဒကာကြီး'

'သူများပစ္စည်း ခိုးလာပြီးမှ တရားနာချင်ဟန်ဆောင်နေရသလားလို့ ပြောပြီး သူတို့ တပည့်တော်ကို ဝိုင်းရိုက်ကြတယ်၊ တပည့်တော် မနေရတော့ပါဘူး'

'ဘုရားတပည့်တော်...'

သွားရှာပြီ။ လက်အုပ်ချီရန် သူ ကြိုးစားသော်လည်း လမ်းခုလတ်မှာပင် သူ့လက်များ ပြုတ်ကျသွားလေပြီ။ ဖြစ်မှ ဖြစ်ရလေ ဒကာကြီးရယ်။

စိတ်မကောင်းခြင်းကြီးစွာ ကျွန်ုပ်ပင့်သက်ရှိုက်မိတော့သည်။ ဤမဟာကာလ ဥပါသကာကြီးကား ယမန်နေ့ ညဉ့်တစ်ညဉ့်လုံးပင် ဇေတဝန်ကျောင်းတော်မှာ တရားနာသွားရှာသေးသည်။ ဥပုသ်သီတင်းဆောက်တည်ကာ ညလုံးပေါက် တရားနာပြီး မှောင်မှောင်မည်းမည်းကြီးထဲမှာ ပြန်သွားခဲ့ရှာသည်။ ယမန်နေ့ ဥပုသ်ယူအပြီးမှာပင် ဤဒကာကြီးနှင့် ကျွန်ုပ် ရေစင်ခုံတွင် ဆုံခဲ့ကြသေးသည်။

ကျွန်ုပ်ကို ကြည့်လျက် 'အင်း... ဘုရားရှင်ရဲ့ ဇေတဝန်ကျောင်းတော်မှာ သာမဏေငယ်လေးတွေကအစ ကြည်ညိုစရာပါလား' ဟုပင် ပြောသွားရှာသေးသည်။

သူ ယခု သေဆုံးသွားရှာလေပြီ။

ဩော်... ဥပုသ်သီတင်း ဆောက်တည်၊ ညလုံးပေါက် တရားနာပြီး အပြန်ခရီးမှာမှ ခိုးသားတစ်ယောက် ပစ်ချသွားတဲ့ ဥစ္စာထုပ်ကို အကြောင်းပြုပြီး မှားမှားယွင်းယွင်းနှင့် အရိုက်နှက်ခံရကာ သေဆုံးရသတဲ့လား ဒကာကြီးရယ်။

ကျည်တောက်များ၊ အိုးများအတွင်း ရေဖြည့်ကာ ကျွန်ုပ်တို့ ထိုမိုက်ညှိုးငယ်



www.burmeseclassic.com

www.burmeseclassic.com



စွာပင် ပြန်လာခဲ့ကြသည်။ ရေကန်ဆီသို့ အလာခရီးနှင့် အပြန်ခရီး ခြားနားသွားသည်။ ကြေကွဲဖွယ် နံနက်ခင်း ဖြစ်သွားလေသည်။

*

ဥပုသ်သီတင်း ဆောက်တည်ကာ တစ်ညဉ့်လုံး တရားနာပြီး ကုသိုလ်ကောင်းမှုများဖြင့် ပြန်သွားသော မဟာကာလ ဥပါသကာကြီးမှာ သည်လိုအဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ရသတဲ့လား။

ရိုးသားအေးချမ်းသော သူတော်ကောင်းကြီးတစ်ဦးဟာ သည်လိုကြောက်စရာ ဘေးဒုက္ခနှင့် အသေဆိုး သေရသတဲ့လား။

ကြီးစွာသော ငါးအရိုးကြီးတစ်ခု လည်ချောင်းထဲတွင် ကန့်လန့်တည်နေသလို ကျွန်ုပ် ခံစားနေရသည်။ မဟာကာလ ဥပါသကာကြီး၏ ဘဝဇာတ်သိမ်းခန်းကို ကျွန်ုပ် ဘဝင်မကျနိုင်။ ဥပုသ်စောင့် တရားနာပြီး ဝေဠုဝန်ကျောင်းတော်မှ ပြန်သွားသူသည် ခိုးသားအမှတ်ဖြင့် လွဲမှားစွာ ယိုးစွပ်ခံရပြီး ရိုက်နှက်ညှဉ်းဆဲခြင်း ခံရကာ သည်းထန်သော ဒုက္ခဒဏ်ရာများဖြင့် သေဆုံးရသတဲ့။

သုံးလောကသခင် မြတ်စွာဘုရားရှင် ထံတော်မှောက် အဖူးအမြော် ဝင်ပြီး မဟာကာလ ဥပါသကာအကြောင်းကို ကျွန်ုပ်တို့ လျှောက်ထားလိုက်ကြသည်။

'ရဟန်းတို့...ဤအတ္တဘော၌ကား ဤဥပါသကာသည် မိမိနှင့် မလျော်သော သေခြင်းဖြင့် သေရ၏၊ သူ၏ သေဆုံးခြင်းသည် ရှေးက ပြုခဲ့ဖူးသော ကံနှင့် လျော်ပတ်လေ၏၊ ရှေးက ပြုခဲ့ဖူးသောကံ အတိတ်ကံ...'

ဘုရားရှင်သည် မဟာကာလ ဥပါသကာကြီး၏ အတိတ်ကံကို ဆောင်တော်မူလေသည်။ သာမဏေငယ်တစ်ပါးမျှသာ ဖြစ်သော်လည်း ကျွန်ုပ်၏ စိတ်အာရုံတွင် မဟာကာလ ဥပါသကာ၏ လွန်လေပြီးသော ဘဝတစ်ခုဆီမှ အတိတ်ဇာတ်ကြောင်း ရုပ်ပုံလွှာသည် ပြက်ပြက်ထင်ထင် ပေါ်ပေါက်လာလေသည်။

*

တောအုပ်စောင့် မင်းမှုထမ်းရာထူးကို သူ့အနေနှင့် လွန်စွာ သဘောကျနေသည်။ ဤသို့ သဘောကျခြင်းမှာ မင်းမှုထမ်းရိက္ခာတော် ရသောကြောင့် မဟုတ်။ ရိက္ခာတော်သည် သာမန်မျှသာ ဖြစ်သည်။ သူ့အတွက် ရိက္ခာတော်ထက် ပိုသော အဖိုးအခများကို ဤတောအုပ်၌ အမြဲပြု၍ ရရှိနေသည်။



ဤတောအုပ်သည် ကြီးမားကျယ်ပြန့်၍ ရှုပ်ထွေးသလောက် အချို့နေရာများတွင် ထူထပ်နက်ရှိုင်းသည်။ ထို့ကြောင့် ခိုးသားဓားပြများအကြိုက် ဖြစ်နေသည်။

ခိုးသားဓားပြများထက် သူက ပို၍ အကြိုက်တွေ့သည်။ အခြားသူများ၊ ခရီးသည်များအဖို့ တောနက်ခြင်း၊ ခိုးသားဓားပြ ဆူပူသောင်းကျန်းခြင်းသည် ဘေးဒုက္ခ ဖြစ်သော်လည်း ဤအချက်သည်ပင် သူ့အတွက်က ကြီးစွာသော လာဘ်လာဘ ဖြစ်နေသည်။

တောအုပ်အတွင်း ဘေးမသီ ရန်မခ ဖြတ်သန်းသွားလာလိုသူများအား သူက စောင့်ရှောက်ပို့ဆောင်ပေးသည်။ အစပိုင်းတော့ကတော့ ခရီးသည်များက သူ့အား ကျေးဇူးတင်စွာဖြင့် လက်ဆောင်ပဏ္ဏာများ ပေးဆက်တုံ့ပြန်ခဲ့ကြသည်။ တစ်စတစ်စ ထိုအစဉ်အလာသည် သူ့အတွက် တရားဝင်အခွင့်အရေးတစ်ခု ဖြစ်လာသည်။ လက်ဆောင်ပဏ္ဏာ မဟုတ်တော့၊ ကျေးဇူးတုံ့ပြန်မှု မဟုတ်တော့။

ဤတောအုပ်ကို ဖြတ်သန်းသွားလာသူများအနေနှင့် ပစ္စည်းဥစ္စာများ လုံခြုံစိတ်ချလိုပါက မည်ရွေ့မည်မျှ။ လှည်းနှင့် နွားများ လုံခြုံစိတ်ချရေးအတွက်ဆိုလျှင် မည်ရွေ့မည်မျှ။ မြင်းများအတွက်ဆိုလျှင် မည်ရွေ့မည်မျှ။ လူအတွက်ဆိုလျှင် မည်ရွေ့မည်မျှ။ အဖိုးအခကို သူ သတ်မှတ်လိုက်သည်။

အကြောင်းကြောင်းအရ မလွှဲမရှောင်သာ ဤတောအုပ်ကို ဖြတ်သန်းရမည့် ခရီးသည်များကလည်း သူ့သတ်မှတ်ချက်ကို မငြင်းပယ်နိုင်။

'တောအုပ်စောင့်ကြီး စောင့်ရှောက်ပို့ပေးပေလို့ ဘေးမသီ ရန်မခ ဖြတ်သန်းသွားလာရပါပေတယ်' ဟု ဆိုကာ သူသတ်မှတ်ထားသော အဖိုးအခများအတိုင်း ကျေကျေနပ်နပ်ကြီး ပေးဆောင်ကြလေသည်။

ထို့ကြောင့် ခိုးသားများ ထကြွသောင်းကျန်းသော ဤတောအုပ်တွင် တောအုပ်စောင့် မင်းမှုထမ်းအဖြစ် အမှုထမ်းရသည်ကို သူ အကြိုက်တွေ့နေသည်။

တစ်နေ့သောအခါ ပို၍ပို၍ သူအကြိုက်တွေ့စရာ ကြုံလာရပြန်သည်။

လှည်းအုပ် တစ်အုပ် ရောက်လာသည်။ တောအုပ်ကို ဖြတ်သန်းဖို့အတွက် လှည်းများ၊ နွားများ၊ ပစ္စည်းများနှင့်တကွ လူများကိုပါ စောင့်ရှောက်ပို့ဆောင်ပေးပါဟု သူ့ထံ အလုပ်အပ်ကြသည်။ ကျသင့်သလောက် အဖိုးအခကို တွက်ချက်ပြီး သူ ယူလိုက်သည်။ လှည်းတန်းကြီးကို သူ မြင်းတစ်စီးဖြင့် ထက်အောက်ဆုံးဆန် လှည့်လည်စောင့်ရှောက်ရင်း တောအုပ်ကို ဖြတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤ၌တွင် သူ့အတွက် ပို၍ အကြိုက်တွေ့စရာတစ်ခုကို ကြုံလာခြင်းပင်။

တစ်ခုသော လှည်းပေါင်းမိုးအောက်ဆီမှ လှပသော မိန်းမချောတစ်ဦးကို တွေ့လိုက်ရသည်။ သူ့တစ်သက်တွင် ဤမျှ ချောမောလှပသော မိန်းကလေးကို မတွေ့ဖူးခဲ့။ မြင်မြင်ချင်းပင် ဤမိန်းကလေးအား သူ အရယူတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့သော်ပြဿနာမှာ မိန်းကလေးက လွတ်လပ်သူမဟုတ်။ လှည်းမောင်းလာသူက သူ့ခင်ပွန်း ဖြစ်နေသည်။ သူ စိတ်ရှုပ်သွားသည်။ သို့သော် မိန်းမချောကို အရယူဖို့ စိတ်ပိုင်းဖြတ်ပြီးသော သူ့အဖို့ ချက်ချင်းပင် နည်းလမ်းရှာဖွေရရှိသွားသည်။

တောအုပ်အလယ်တွင် သူပိုင် စခန်းတစ်ခု ရှိသည်။ ထိုစခန်းတွင် တစ်ညဥ့် အိပ်ကြရမည်ဖြစ်သည်။ အမှန်တော့ မအိပ်ဘဲ ခရီးပြင်းနှင်သွားလို့လည်း ရသည်။ သို့သော် အကြံကြီးထားသော သူက စခန်းတွင် ညဥ့်အိပ်ရပ်နားကြရန် ခရီးသည်များကို အမိန့်ပေးလိုက်သည်။

တော၏ ညဥ့်သည် ပို၍တိတ်ဆိတ်နက်ရှိုင်းနေသည်။ အမှောင်ထုက ထူထပ်သိပ်သည်းစွာ ကျရောက်နေသည်။ ထိုအမှောင်ကို အကာအကွယ်ယူကာ သူက လျှို့ဝှက်စွာ လှုပ်ရှားလိုက်သည်။ သူ့လျှို့ဝှက်အကြံမှာ အခြားမဟုတ်၊ သူပိုင်သော ပတ္တမြားတစ်လုံးကို တစ်ခုသော လှည်းကြားတွင် ထည့်ဝှက်ထားလိုက်ခြင်းပင် ဖြစ်သည်။ ထိုလှည်းကား မိန်းမချောတို့ ဇနီးမောင်နှံ၏ လှည်း ဖြစ်လေသည်။

နံနက်မိုးသောက် အလင်းရောက်ပြီ။ တောအုပ်အတွင်း၌ကား နေရောင်ခြည်တို့ မလင်းဖြာကြသေး။ ထူထပ်သော တောနက်ထဲတွင် မလင်းတလင်း မှောင့်တမှောင် ဖြစ်နေသည်။ ထိုအချိန်ကလေးကို အခွင့်ကောင်းယူကာ သူ့တပည့်များကို ခိုးသားဓားပြတို့ လုယက်တိုက်ခိုက်သံများနှင့် တူအောင် ညာသံပေးခိုင်းလိုက်သည်။ သူကိုယ်တိုင်ပင် မြင်းတစ်စီးနှင့် ခိုးသားများအား လိုက်လံရှာဖွေသုတ်သင်ဟန် ပြုလိုက်သေးသည်။

နံနက်ခင်း လှည်းတန်းကြီး ခရီးဆက်မည်အပြုတွင် ပြဿနာတစ်ရပ် ပေါ်လာသည်။ ကြိုတင်အကွက်ချထားသည့်အတိုင်း သူ့တပည့်တွေက သူ့ဆီလာပြီး တိုင်ကြားကြသည်။

'တောအုပ်စောင့်ကြီးရဲ့ ပတ္တမြားကို ရှာမတွေ့တော့ဘူး၊ ခိုးသားတွေ လုယက်သွားကြပြီ'



'ဟော ... ဟုတ်လား၊ အင်း ... ခိုးသားတွေလဲ ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ ငါကိုယ်တိုင် ကြပ်ကြပ်မတ်မတ် စောင့်နေတာပဲ၊ ခိုးသားဓားပြအစစ်တွေလက်ချက် ဖြစ်နိုင်သလို ဟောဒီ ခရီးသည်တွေထဲကလဲ မသမာသူတွေ လုပ်နိုင်တာပဲ၊ ဒီ တောစခန်းက ထွက်လာတဲ့ ခရီးသည်တွေရဲ့ လှည်းတွေမှန်သမျှ အကုန်ရှာကြစမ်း'

အားလုံးပင် သူ ဆင်ထားသော အကွက်အတိုင်း ဖြစ်လာသည်။

ပတ္တမြားကို မိန်းမချောလင်မယားတို့၏ လှည်းခေါင်မိုးကြားမှ ရှာဖွေတွေ့ရှိသည်။ လှည်းရှင်ယောကျ်ား မိန်းမချော၏ ခင်ပွန်းကို သူတို့ ဖမ်းဆီးချုပ်နှောင်လိုက်ကြသည်။

'ကျုပ်ကတော့ တောအုပ်စောင့်ပဲ၊ ခိုးသားဓားပြတွေရန်က ကင်းရှင်းအောင် စောင့်ရှောက်ရမယ့် တာဝန်သာ ကျုပ်ရဲ့ အဓိကတာဝန်ဖြစ်တယ်၊ ခိုးသားကို ဘယ်သို့ စီစဥ်ရမယ်ဆိုတာ ကျုပ်နဲ့မဆိုင်ပေဘူး၊ စခန်းအပိုင် ရှာစားမင်းသာ ဒီကိစ္စနဲ့ ဆိုင်တယ်၊ ရှာစားမင်းလက်ထဲ အဲဒီလှည်းရှင်သူခိုးကို အပ်လိုက်ကြပေတော့'

ရှာစားမင်းကား တိကျပြတ်သားသူ ဖြစ်သည်။

'ကိုယ့်ကို စောင့်ရှောက်ပို့ဆောင်ပေးတဲ့ တောအုပ်စောင့်ရဲ့ ပတ္တမြားကိုမှ ခိုးရသလား၊ ကျေးဇူးရှင်ကို ပြစ်မှားတဲ့အမှု၊ အမှုထမ်းတစ်ဦးရဲ့ ပစ္စည်းကို မတော်မကရား ရယူမှု၊ သူတစ်ပါးဥစ္စာ ခိုးမှု၊ ကိုင်း ... ဒီလောက် မိုက်ရိုင်းတဲ့ လူယုတ်မာကို အပြီးတိုင်သာ ကွပ်မျက်လိုက်ကြ'

လှည်းရှင်ယောကျ်ား အသတ်ခံလိုက်ရချိန်တွင် တောအုပ်စောင့်ကား ခေါင်းကာဆတ်ဆတ် ညိတ်ရင်း ပြုံးနေလေသည်။

*

ကြီးစွာသော ထိတ်လန့်မှု၊ သံဝေဂနှင့်အတူ ကျွန်ုပ်သည် ဘုရားရှင်၏ အတိတ်[illegible]ကြောင်းပြန်တော်မူခြင်းကို နာကြားရမိလေသည်။

'တောအုပ်စောင့် မင်းမှုထမ်း သေလွန်သောအခါ အဝီစိငရဲ၌ ကြာမြင့်စွာ ခံ[illegible]ရပြီး အကျိုးပေး အကြွင်းအကျန်ဖြင့် နောက်ဘဝတစ်ရာတိုင်တိုင် ရိုက်ပုတ် သတ်[illegible]ဖြတ်ခြင်းကို ခံခဲ့ရပေတယ်'

မဟာကာလ ဥပါသကာကြီး၏ ရှေးအတိတ်ကံ မကောင်းမှုအကျိုးဆက်ကို ကျွန်ုပ် ယခင်ရှားစွာ တွေ့မြင်သဘောပေါက်ရချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်၏ ဒေသနာတော်နှင့် အဆုံးအမသည် ကျွန်ုပ် သာမဏေငယ်၏ နှလုံးအိမ်အတွင်း၀ယ် ထာ၀ရကိန်းအောင်းနေတော့မည်သာပင်။

'ကျောက်မှ ဖြစ်သော စိန်သည် မိမိ မှီရာ ကျောက်ကို ထွင်းဖောက်ဖျက်ဆီး သကဲ့သို့ မိမိပြုအပ်သော မိမိကြောင့် ဖြစ်ပေါ်လာသော မကောင်းမှုသည် မိမိတည်း ဟူသော ပညာမဲ့သူကို ဖျက်ဆီးပေ၏'

သြော်...မိမိ မှီရာ ကျောက်ကို ထွင်းဖောက်ဖျက်ဆီးသော 'စိန်' တဲ့။ သံဝေဂ နှင့်အတူ အသိဉာဏ်အလင်း တောက်ပကွန့်မြူးခဲ့ချေပြီတကား။

[ဓမ္မပဒ၊ အတ္တဝဂ်၊ ဒေသနာတော် - ၁၆၁]

o

## မီးကျီးတွင်းမှ ပဒုမ္မာ

ဂရုဟာဒိန္နသည် သူ့ကျေးကျွန်များ၏ အစီအစဉ် အခင်းအကျင်းကို နောက်ဆုံး အကြိမ်အဖြစ် စေ့စေ့စပ်စပ် စစ်ဆေးနေသည်။

သူ့အစီအစဉ်မှာ ကြီးကျယ်လှသည်နှင့်အမျှ လျှို့ဝှက်လုံခြုံမှုလည်း အပြည့် ရှိသည်ဟု သူ ယုံကြည်ထားသည်။

ဦးစွာပထမ သာဝတ္ထိမြို့တော်၏ အရှေ့ဘက် နိဂုံးရွာတစ်ရွာသို့ သူကိုယ်တိုင် သွားသည်။ ထိုရွာသည် သာဝတ္ထိမြို့တော်သို့ ထင်းများပို့သောရွာ ဖြစ်သည်။ သစ်တောနှင့် နီးသောကြောင့် ထိုရွာမှ ထင်းကောင်းများ ထွက်သည်။ ကောင်းပေ့ ဆိုသော ထင်းများထဲမှ အနှစ်အပြည့်ဆုံး၊ အမာဆုံး ရှားသားများကို သူ ရွေးချယ်၍ ဝယ်လိုက်သည်။

လှည်း ရှစ်ဆယ်တိုက် ရှားသားထင်းများကို ဝယ်ပြီးသောအခါ ရောင်းသူက သူ့ကို တအံ့တသြဖြစ်နေလေသည်။

'ရှားသားထင်းတွေ ဒီလောက်အများကြီးကို ဘာလုပ်ဖို့လဲ သူကြွယ်လေး' ဟု မေးသောအခါ ဂရုဟာဒိန္နက နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလျက်...

'ရှားသားဟာ ဘာလုပ်ဖို့ အကောင်းဆုံးလဲဆိုတာ ခင်ဗျားတို့ ထင်းသမားတွေ အသိဆုံးဖြစ်မှာပေါ့' ဟု ပြန်ပြောလိုက်သည်။

ထင်းသည်က 'ရှားသားဟာ မီးကျီးခဲလုပ်ဖို့ အကောင်းဆုံးပေါ့ဗျာ' ဟု ဆို

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ ဂရဟာဒိန္နကလည်း အလိုက်သင့်ပင် 'အဲဒါဆိုလဲ မီးကျီးခဲလုပ်ဖို့လို့ပဲ မှတ်ထားလိုက်ပေါ့ဗျာ' ဟု ဖြေလိုက်လေသည်။

လှည်းအစီး ရှစ်ဆယ်တိုက်မျှသော ထိုရှားသားထင်းများသည် ယခုအခါ သူ့စံအိမ်၏ လျှို့ဝှက်တစ်နေရာတွင် ရောက်နေကြပြီဖြစ်သည်။

ဂရဟာဒိန္နသည် အထူးစီမံထားသော ညောင်စောင်းမှ ကြမ်းပြင်များထက်သို့ သတိကြီးစွာဖြင့် နင်းလျှောက်သည်။ ဤပျဉ်ချပ်များကို ကြိုးဖြင့်သွယ်တန်း စီဖောက်၍ ခင်းထားခြင်းဖြစ်သည်။ ကြိုးထုံးအပေါက်များ ရှိရာတွင်သာ ခြေချနိုင်လောက်သော နေရာရှိသည်။ ထိုနေရာများပေါ်မှာ နင်း၍ ဂရဟာဒိန္နသည် ပျဉ်ချပ်တစ်ခု၏ အစွန်ကို လက်နှင့်အသာအယာ ဖယ်မ,လိုက်သည်။ ထို့နောက် အသင့်ယူလာသော အသားတစ်စကို အောက်သို့ ပစ်ချသည်။ ရဲခနဲမြည်သံနှင့်အတူ စူးရှပြင်းထန်သော အညှော်နံ့၊ မီးခိုးနံ့များက အောက်မှ တက်လာသည်။ ပစ်ချလိုက်သော အသားတစ်စသည်လည်း ချက်ချင်းပင် လောင်ကျွမ်းသွားလေသည်။

ဂရဟာဒိန္န ကျေနပ်စွာပြုံးလိုက်သည်။ သူ့အစီအစဉ်၏ စေ့စပ်သေချာမှုကို ကျေနပ်မဆုံး ရှိနေသည်။ ကြိုးသွယ်တန်းကာ ပျဉ်ချပ်ခင်းထားသော ဤညောင်စောင်း၏ အောက်ခြေ တွင်းကြီးထဲတွင် အရှေ့နိဂုံး ထင်းရှာမှ ဝယ်ခဲ့သော လှည်း အစီး ရှစ်ဆယ်တိုက် ရှားသားထင်းများသည် မီးကျီးခဲများအဖြစ် အလျှံတညီးညီး တောက်လောင်နေကြပေပြီ။ မီးစွယ် မီးလျှံများကို အာခံတွင်းမှ ထုတ်လွှတ်ကာ အပေါ်မှ ကျလာမည့် အစာကို ရှားမီးကျီးခဲများသည် ငံ့မှတ်စွာ ငံ့လင့်နေကြပြီ။ ဤရှားမီးကျီးခဲများထဲသို့ ကျလာသော မည်သည့်အရာမဆို တစ်မုဟုတ်ချင်း လောင်ကျွမ်း ပျက်စီးသွားရပေမည်။

ဂရဟာဒိန္နသည် ပျဉ်ချပ်ကိုပြန်ဖုံးကာ ညောင်စောင်းနေရာမှ ထွက်ခဲ့ပြီး စားဖိုဆောင်သို့ ဝင်သည်။ စားဖိုဆောင်တွင် ငှက်ပျောရွက်၊ ပိတ်ဖြူများဖြင့် အုပ်ထားသော အိုးကြီးများက အစီအရီ။

'အိုးတွေအားလုံး အဆင်သင့်ပဲလားဟေ့'

ဂရဟာဒိန္နက စားဖိုမှူးအား မေးလိုက်သည်။

'အဆင်သင့်ပါပဲ သူကြွယ်လေး၊ အထဲမှာ ထမင်းတွေ ဟင်းတွေလဲ အပြည့်အမောက်ပါပဲ၊ ကျွန်တော် အစွမ်းကုန်စီမံချက်ပြုတ်ထားပါတယ်၊ သူကြွယ်လေးရဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်းပါ'



နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်ကြလေသည်။ စားဖိုမှူး၏ အဖြေမှာ ထိရောက်လှသည်။ ငှက်ပျောရွက်နှင့် ပိတ်ဖြူဖုံး အိုးကြီးထဲတွင် ဘာမှ မရှိကြောင်း ဂရဟာဒိန္နနှင့် စားဖိုမှူး နှစ်ဦးသာ သိသည်။

'ဟင်းတွေ မအေးစေနဲ့… နွေးထား၊ အချိန် နီးကပ်လာပြီ'

ဂရဟာဒိန္နက တဟားဟားရယ်ရင်း စားဖိုဆောင်မှ ထွက်ခဲ့သည်။ ထို့နောက် စံအိမ် ဝင်းတံခါးဝထိပ်တွင် ထွက်ရပ်ကာ အရှေ့အရပ်သို့ လှမ်းမျှော်ပြန်သည်။ အချိန် နီးကပ်လာသည်နှင့်အမျှ ဂရဟာဒိန္န၏ ရင်မှာလည်း ဝမ်းသာအားရစိတ်ဖြင့် လှုပ်ခုန်လျက်ရှိသည်။ ကျေနပ်အားရမှုများက သူ့တစ်ကိုယ်လုံး ပြည့်လျှမ်းလာသည်။

ဂရဟာဒိန္နသည် ဝင်းတံခါးမှခ်တိုင်ကို လက်သီးဆုပ်ဖြင့် ခပ်ဖိဖိ ထုရင်း တစ်ကိုယ်တည်း ရေရွတ်လိုက်လေသည်။

'သိရိဂုတ္တရယ်၊ မင်းနဲ့ငါဟာ သူငယ်ချင်း သူကြွယ်ချင်းတွေပါ'

အချင်းချင်းအတူတူမှာ မင်းက ငါ့အပေါ် စော်ကားခဲ့ရုံမက ငါ့ဆရာတွေကိုပါ မင်းအရှက်ခွဲခဲ့တယ်။ ငါ့ကိုလည်း ကောသလမင်းကြီး ရှေ့တော်မှောက်မှာ သိက္ခာကျစေခဲ့ပြီးပြီ။ မင်း လုပ်ခဲ့တာတွေအတွက် မင်းရော မင်းရဲ့ဆရာသခင်ဆိုသူတွေပါ လှလှကြီး ဒဏ်ခတ်ခံရမယ်။

ဂရဟာဒိန္နရဲ့ အစွမ်းကို မင်းတို့ မကြာခင် သိရတော့မှာပေါ့ကွာ။

*

အကယ်လည်း ဂရဟာဒိန္နနှင့် သိရိဂုတ္တတို့သည် အလွန် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။ သာဝတ္ထိနေပြည်တော်တွင် ထင်ရှားသူများလည်း ဖြစ်ကြသည်။ ငယ်ရွယ်နုပျိုသော သူကြွယ်နှစ်ဦးအဖြစ် သူတို့ကို လူသိများသည်။ ငယ်ရွယ်သူများပီပီ သူတို့နှစ်ဦးသည် တပူးတွဲတွဲ မခွဲမခွာ ရှိကြသည်။

သို့သော် သူတို့နှစ်ဦးအကြားတွင် မတူခြားနားသော အချက်တစ်ချက်က ရှိနေသည်။ ထိုအချက်ကြောင့်လည်း သူတို့ချင်း မကြာခဏ စကားအချေအတင် ပြောကြရသည်။ ယင်းကား အခြားမဟုတ်။ သိရိဂုတ္တက ဘုရားရှင်၏ တပည့်ဖြစ်နေပြီး ဂရဟာဒိန္နက နိဂဏ္ဌာတိတ္ထိတို့ကို ကိုးကွယ်သူ ဖြစ်နေခြင်းပင်။

သိရိဂုတ္တ မည်သို့မျှ အထွေအထူး မပြောတတ်သော်လည်း ဂရဟာဒိန္နမှ အခွင့်သာတိုင်း ပြောလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်း...မင်းတို့ ဂေါတမဗုဒ္ဓဆိုတာ သကျသာကီဝင်မင်းမျိုး ဖြစ်ခဲ့ပြီးမှ အခုအခါမှာ အရပ်တကာလှည့်ပြီး ဆွမ်းခံစားသောက်နေတာ မတင့်တယ်ပေဘူး၊ အမျိုးဇာတ်ကို မထိန်းသိမ်းဘူး'

သီရိဂုတ္တ မည်သို့မျှ ပြန်မချေပခဲ့။

'သူငယ်ချင်း သီရိဂုတ္တ...မင်း အယူမမှားစမ်းပါနဲ့ကွာ၊ ငါ့အရှင် နိဂဏ္ဌဆရာကြီးတွေဆီကို မင်း ကူးပြောင်းလှည့်စမ်းပါ၊ မင့်စည်းစိမ်ဥစ္စာတွေ တိုးပွားအောင်၊ ဩဇာတိက္ကမ ပိုရှိလာအောင် ငါ့ဆရာတွေက မင်းကို လုပ်ပေးကြလိမ့်မယ်၊ မင့်ဆရာ သခင် ဂေါတမဗုဒ္ဓကို ကိုးကွယ်နေလို့ကတော့ မင်း ဘာမှကြီးပွားတိုးတက်မှာ မဟုတ်ဘူး'

သီရိဂုတ္တက မည်သို့မျှ မတုံ့ပြန်ခဲ့။

'သူငယ်ချင်း သီရိဂုတ္တ၊ ငါ့ဆရာ နိဂဏ္ဌတိတ္ထိတွေက အခုဆိုရင် သာဝတ္ထိမှာသာမက၊ ကောသလတစ်တိုင်းလုံးမှာသာမက မဇ္ဈိမတစ်ခွင်လုံးအထိ ဩဇာ အာဏာ ပျံ့နှံ့နေပြီကွ၊ မင်း အယူမလွဲစမ်းပါနဲ့၊ ငါတို့ဂိုဏ်းဘက်ကို ပြောင်းခဲ့စမ်းပါ'

စင်စစ်မူ ဆရာများဖြစ်သော နိဂဏ္ဌတိတ္ထိတို့က သွန်သင်ပေးသည့်အတိုင်း ဂရဟဒိန္နက စည်းရုံးနေခြင်းရဖစ်သည်။ နိဂဏ္ဌတို့အနေဖြင့် သီရိဂုတ္တလို ငယ်ရွယ်တက်ကြွသော သူကြွယ်တစ်ဦးကို ရရှိလိုက်လျှင် များစွာ အင်အားတောင့်တင်းသွားမည်ဖြစ်သည်။ ထို့ကြောင့် အခွင့်သင့်တိုင်း ဂရဟဒိန္နကို စည်းရုံးစေခြင်း ဖြစ်သည်။ သီရိဂုတ္တကမူ ပင်ကိုသဘာဝကပင် အေးဆေးတည်ငြိမ်သူဖြစ်သည့်အတွက် ဂရဟဒိန္န၏ စည်းရုံးသိမ်းသွင်းခြင်းများကို အလေးအနက်မထားခဲ့။ 'ကိုယ် ယုံကြည်ရာ ကိုယ် ကိုးကွယ်ရမှာပဲ၊ အေးအေးဆေးဆေး နေကြတာပေါ့ သူငယ်ချင်းရာ' ဟုသာ အေးအေးဆေးဆေး ပြန်ပြောလေ့ရှိသည်။

သို့သော် တစ်နေ့သောအခါတွင်မူ သီရိဂုတ္တအား သိမ်းသွင်းဖို့ အခွင့်အလမ်း ပွင့်သွားသည်။ ဂရဟဒိန္နက ထုံးစံအတိုင်း နိဂဏ္ဌဂိုဏ်းဝင်ရန် တိုက်တွန်းသောအခါ သီရိဂုတ္တက တစ်ခုမေးသည်။

'မင်းရဲ့ဆရာတွေက ဘာတွေကို သိထားကြသလဲ သူငယ်ချင်း'

ဂရဟဒိန္နသည် အခွင့်အရေးလမ်းစ ပေါ်ပြီဟူ၍ အားရပါးရ ဖြေသည်။

'ဟာ...ငါ့ဆရာတွေလား၊ သူတို့ မသိတဲ့ အရာ မရှိဘူး၊ အားလုံးကို သိတယ်၊ အရာရာကို သိတယ်၊ အတိတ် ပစ္စုပ္ပန် အနာဂတ် သုံးပါးစလုံးကို သိတယ်၊ ကိုယ်



နှုတ်မှု စိတ်မှု ကိစ္စအဝဝကို သိတယ်၊ ဒီလောကမှာ ငါ့ဆရာတွေ မသိတဲ့တရားရယ်လို့ မရှိဘူး'

'တကယ်လား သူငယ်ချင်း'

'တကယ်မို့ မင်းကို ငါက တိုက်တွန်းနေတာပေါ့'

'ဒါဆိုရင် မင်းပဲ မင့်ဆရာတွေကို ငါ့ကိုယ်စား ပင့်ဖိတ်ပေးပါလား'

ဂရဟဒိန္နက ဝမ်းသာအားရ လက်ခံလိုက်သည်။ သူ့ဆရာ နိဂဏ္ဌတိတ္ထိများက ပို၍ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ သီရိဂုတ္တသူကြွယ်ကို အမိအရ ပိုင်ဆိုင်နိုင်တော့မည် ဟူသော မျှော်မှန်းချက်ဖြင့် ပင့်ဖိတ်ချက်ကို လက်ခံခဲ့လိုက်ကြလေသည်။

သို့ဖြင့်ပင် သီရိဂုတ္တ၏ စံအိမ်သို့ နိဂဏ္ဌတိတ္ထိဂိုဏ်းဆရာကြီးများ ကြွရောက်လာကြသည်။ သီရိဂုတ္တသည် စံအိမ်ဝင်းတံခါးဝမှ ဆီးကြိုနေရင်း နိဂဏ္ဌတိတ္ထိတို့ကို စိတ်ထဲမှ လျှောက်နေသည်။

'အရှင်တို့သည် အလုံးစုံသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို သိသူများ ဖြစ်တယ်လို့ ဆိုပါတယ်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးတို့ကိုလဲ သိကြတယ်လို့ ဆိုပါတယ်၊ သည်အတိုင်း မှန်ရင် တပည့်တော်တို့ရဲ့ စံအိမ်ထဲကို အရှင်တို့ မဝင်ကြပါနဲ့'

သီရိဂုတ္တ၏ တားမြစ်ချက်မှာ စိတ်ထဲမှ လျှောက်ထား တားမြစ်ချက်သာ ဖြစ်သည်။ စိတ်ထဲမှ လျှောက်တင်ချက်ဖြင့် သီရိဂုတ္တက ရွတ်ဆိုနေသော်လည်း နိဂဏ္ဌတို့ကား စိတ်ထဲမှအသံကို မသိကြ။ ထို့ကြောင့် စံအိမ်ထဲသို့ တစ်သီတစ်တန်းကြီး ဝင်လာကြသည်။ သီရိဂုတ္တကား ထိုအချိန်မှစ၍ နိဂဏ္ဌတို့အပေါ် စိတ်ပျက်နေခဲ့ပေပြီ။

စံအိမ်အတွင်း ခင်းထားသော ညောင်စောင်းများ ရှိရာသို့ နိဂဏ္ဌများ ရောက်လာကြသည်။ သီရိဂုတ္တ၏ အမှုထမ်းကျေးကျွန်များက မှာထားသည့်အတိုင်း လျှောက်ထားလိုက်ကြသည်။

'အရှင်တို့အတွက် ညောင်စောင်းများ တန်းစီခင်းထားပါတယ်၊ ညောင်စောင်းများ ရှေ့မှာ ထေရ်စဉ်အလိုက် ရပ်တော်မူကြပြီးမှ တစ်ပြိုင်တည်း ထိုင်တော်မူကြပါ'

နိဂဏ္ဌတို့ကား သီရိဂုတ္တ လုပ်ကျွေးမည့် ဆွမ်း ခဲဖွယ်တို့ကို မျှော်လင့်ထားကြသည်။ စံအိမ်အတွင်း တစ်နေရာရှိ အိုးကြီး အိုးငယ်များကိုလည်း တွေ့ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိုးများတွင် ငှက်ပျောဖက်နှင့် ပိတ်ဖြူများ ပိတ်ထားသည်။ အိုးအဝနှင့် အပြင်ဘက်တွင် ပဲပဟင်းများ အစအနများကိုလည်း မြင်ရသည်။

စင်စစ်မူ...

ထိုအိုးများထဲတွင် ဘာမှမရှိကြောင်း နိဂဏ္ဌာတိတ္ထိတို့ မသိ။

ဟိုထက်ကား ညောင်စောင်းခင်းထားသော နေရာအောက်၌ လျှို့ဝှက် တွင်းရှည်ကြီးများ တူးထားကြောင်း၊ ထိုတွင်းများအပေါ်တွင် ကြိုးတန်းများ တန်း၍ ဖုန်များ ဖုံးလွှမ်းထားကြောင်း၊ ညောင်စောင်း၏ ခြေရင်း ခြေထောက်များကိုသာ တွင်းနှုတ်ခမ်း မြေကြီးပေါ်မှာ တင်ထားပြီး ခေါင်းရင်း ခြေထောက်များကိုကား ကြိုးတန်းပေါ်မှာ တည်းတည်းကလေး တင်ထားကြောင်းနှင့်...

အောက်မှ တွင်းကြီးများထဲတွင် မစင်များ ပြည့်လျက်ရှိကြောင်း နိဂဏ္ဌာတို့ မသိ။ သီရိဂုတ္တသည် အစစအရာရာ ဘာကိုမဆို သိသည်၊ အတိတ် ပစ္စုပ္ပန် အနာဂတ် အားလုံးကို သိသည်၊ ကာယကံ ဝစီကံ မနောကံ မှန်သမျှကို သိသည်ဆိုသော နိဂဏ္ဌာတိတ္ထိတို့အား အကယ်ပင် သိသလောဟူ၍ စမ်းသပ်ရန် ဗလာအိုးစရည်းများ၊ မစင်တွင်း ညောင်စောင်းများ စီမံထားခြင်းပင်။

'အရှင်တို့ သိကြတယ်ဆိုရင် မဝင်ကြပါနဲ့' ဟု စိတ်ထဲက လျှောက်ခဲ့သော်လည်း နိဂဏ္ဌာတို့သည် စံအိမ်တွင်း ရောက်နေကြပြီး 'အရှင်တို့ သိကြတယ် ဆိုရင် ညောင်စောင်းမှာ မထိုင်ကြပါနဲ့' ဟု သီရိဂုတ္တက စိတ်မှပင် လျှောက်ထားပြန်သည်။ သီရိဂုတ္တ လျှောက်နေဆဲမှာပင် နိဂဏ္ဌာတို့သည် ညောင်စောင်းပေါ်သို့ တစ်ပြိုင်ဘည်း ထိုင်ချလိုက်ကြသည်။ ဤတွင်...

ခေါင်းရင်း ခြေထောက်အောက်ရှိ ကြိုးတန်းတွင်သာ တည်းတည်းလေး တင်ထားသော ညောင်စောင်းများ ကျွမ်းထိုးမှောက်ခုံဖြစ်သွားသည်။ နိဂဏ္ဌာတိတ္ထိတို့သည်လည်း ထိတ်လန့်အံ့သြစွာ တအီးအီး တအားအား အော်ဟစ်လျက် မစင်တွင်းထဲသို့ အတုံးအရုံး တလိမ့်ခေါက်ကွေး။

*

ဤသတင်းသည် သာဝတ္ထိမြို့တော်တွင် ချက်ချင်း ကူးစက်ကျော်စောသွားသည်။ ဂရဟဒိန္နသည် ကြီးစွာသော အရှက်၊ ကြီးစွာသော အမျက်ဖြင့် ကောသလမင်းကြီးရှေ့တော်မှောက် အရောက်ဝင်၍ တိုင်ကြားလေသည်။



'သီရိဂုတ္တဟာ ကျွန်တော်မျိုးကိုရော၊ ကျွန်တော်မျိုးရဲ့ ဆရာသခင်တွေကိုပါ တမင်သက်သက် အရှက်ခွဲတာပါ အရှင်မင်းမြတ်၊ ကျွန်တော်မျိုးရဲ့ ဆရာသခင်တွေခမျာ မစင်တွင်းထဲကနေ တက်လာကြပြီးတော့လဲ သီရိဂုတ္တရဲ့ ကျေးကျွန်တွေက ရိုက်နှက်တာကို ခံရပါသေးတယ်၊ တွင်းဝမြေပြင်ကိုလဲ ပြောင်ချောနေအောင် စီမံထားတာမို့ နိဂဏ္ဌာဆရာတို့ခမျာ တမိုင်းမိုင်းလဲကျ၊ အရိုက်နှက်ခံကြရပါတယ်၊ သီရိဂုတ္တဟာ တမင်သက်သက် စော်ကားဖို့ ကြိုတင်ပြင်ဆင်ခဲ့တာပါ၊ ဒါကြောင့် သင်းဆီက လျော်ကြေး အသပြာတစ်ထောင် ရလိုကြောင်း အရှင်မင်းကြီးထံ ကျွန်တော်မျိုး ဦးတိုက်လျှောက်ထားအပ်ပါတယ်'

ကောသလမင်းကြီးက သီရိဂုတ္တအား စစ်မေးသည်။ သီရိဂုတ္တက မစင်တွင်းများ ကြိုတင်စီမံထားသည်ကို ဝန်ခံပြီးနောက် ဆက်လက်လျှောက်တင်သည်။

'အရှင်မင်းကြီး...ဂရဟဒိန္နရဲ့ စကားအရ ကျွန်တော်မျိုး သည်လိုစီမံခြင်း ဖြစ်ပါတယ်'

'သူ့စကားက ဘယ်သို့ရှိသလဲ သီရိဂုတ္တ'

'သူ့ဆရာ နိဂဏ္ဌာတိတ္ထိကြီးများဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အားလုံး၊ ကာယကံ၊ ဝစီကံ၊ မနောကံ အားလုံးကို သိကြတယ်လို့ သူက ပြောခဲ့ပါတယ်၊ ဒါကြောင့် သူပြောတဲ့တိုင်း ဟုတ် မဟုတ် သိရှိနိုင်ရန် စမ်းသပ်စစ်ဆေးခြင်း ဖြစ်ပါတယ်၊ ကျွန်တော်မျိုးမှာ သူငယ်ချင်း ဂရဟဒိန္နကိုလည်းကောင်း၊ နိဂဏ္ဌာ ဆရာကြီးများကိုလည်းကောင်း အရှက်တကွဲ အကျိုးနည်းဖြစ်စေဖို့ ရည်ရွယ်ချက် အလျဉ်းမရှိပါ'

ကောသလမင်းကြီးက သီရိဂုတ္တသို့ ဂရဟဒိန္နက အသပြာတစ်ထောင် ပေးဆောင်ရန်သာ ဒဏ်ရိုက်အမိန့်တော်ချလိုက်လေသည်။ ဂရဟဒိန္နကား မိမိက အသပြာတစ်ထောင် ရလိုခြင်းတွင် ရှုံးနိမ့်ရုံသာမက မိမိကပင် အသပြာ တစ်ထောင် ပေးလျော်လိုက်ရလေသည်။

ထိုအချိန်မှစ၍ ဂရဟဒိန္နက သီရိဂုတ္တကို လှလှကြီး လက်စားချေရန် ဆုံးဖြတ်လိုက်လေသည်။

*

အလှည့်အခွင့်ကို ပြန်လည်ရရှိခဲ့လေပြီ။

*သီရိဆွေစာအုပ်တိုက်*

www.burmeseclassic.com

www.burmeseclassic.com



သီရိဂုတ္တက ဂရဟာဒိန္နအား ဘုရားရှင်နှင့်တကွသော ရဟန္တာအရှင်သူမြတ်များအား ဆည်းကပ်ကိုးကွယ်ရန် တိုက်တွန်းသည်။ ဂရဟာဒိန္နကား ဤအချက်ကို စောင့်နေသူ ဖြစ်၏။

'မင်းရဲ့ ဆရာ ဂေါတမဗုဒ္ဓက ဘာတရားကို သိသလဲ'

'အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တရားအားလုံးကို သိတော်မူတယ်၊ သတ္တဝါတို့ရဲ့ စိတ်သဘာဝအားလုံးကို ခွဲခြားသိတော်မူတယ်'

ဤစကားကို ဂရဟာဒိန္န စောင့်နေခြင်းဖြစ်သည်။ ဤစကားအဖြေသည် သူ့လက်စားချေမှုအတွက် ပထမဆုံးလိုအပ်သော အခွင့်အရေးတံခါးပင် ဖြစ်သည်။ ထိုတံခါးသည် ပွင့်ဟသွားခဲ့ပေပြီ။ ဂရဟာဒိန္နက အားတက်သရော ပြောသည်။

'ဒါဆိုရင် သူငယ်ချင်း...မင်းရဲ့ ဘုရားရှင်နဲ့တကွသော သံဃာတော်များကို ငါ့အိမ် ဆွမ်းဘုဉ်းပေးကြွဖို့ ပင့်ပေးစမ်းပါကွာ'

သီရိဂုတ္တသည် ဇေတဝန်ကျောင်းတော်သို့ဝင်၍ ဘုရားရှင်အား လျှောက်ထားပင့်ခေါ်ပေးသည်။ သို့သော် ဂရဟာဒိန္န၏ အကဲမရပုံကို ရိပ်စားမိသဖြင့် နိဂဏ္ဌတို့တို့အား မိမိပင့်ဖိတ်၍ မစင်တွင်းထဲသို့ ချခဲ့ပုံအကြောင်း လျှောက်ထားကာ ဂရဟာဒိန္နသည် လက်စားချေဖို့လား၊ စေတနာသက်သက်လား မသိတတ်နိုင်ကြောင်း၊ ဆင်ခြင် စဉ်းစား၍ လက်ခံသင့်မှ လက်ခံတော်မူသင့်ကြောင်း လျှောက်ထားသည်။

ဘုရားရှင်ကမူ လက်ခံတော်မူလိုက်လေသည်။

ဘုရားရှင်နှင့် သံဃာတော်များ ဂရဟာဒိန္န၏ စံအိမ်သို့ ရောက်ရှိတော်မူလာကြသည်။ ဂရဟာဒိန္န ဝင်းတံခါးမှထွက်၍ ဆီးကြိုကာ 'ဘုရားရှင်တို့ဟာ အတိတ် ပစ္စုပ္ပန် အနာဂတ် ခပ်သိမ်း၊ ကာယကံ ဝစီကံ မနောကံခပ်သိမ်းတို့ကို သိရှိးမှန်လျှင် အိမ်ထဲကို မဝင်ကြပါနဲ့'ဟု စိတ်ထဲမှ လျှောက်ထားသည်။ ဘုရားရှင်က စံအိမ်တော်ထဲသို့ ဝင်တော်မူသည်။ ဂရဟာဒိန္နကတော့ အားရကျေနပ်နေသည်။

'လက်စားချေပွဲကို လှလှကြီး ဆင်နွဲတော့မယ်'ဟုလည်း စိတ်ထဲမှ ကြုံးဝါးနေသည်။

ဂရဟာဒိန္နသည် ဘုရားရှင်၏ သပိတ်တော်ကို လှမ်းယူကာ...

'အရှင်ဘုရား...တစ်ပါးချင်း တစ်ပါးချင်း လှမ်းကြွတော်မူပါ'ဟု လျှောက်ထားရင်း ညောင်စောင်းများ ရှိရာသို့ လှမ်းကြည့်သည်။

ဘုရားရှင်က ညောင်စောင်းရှိရာသို့ ကြွတော်မူကာ ခြေတော်ချလိုက်သည်။



ဂရဟာဒိန္နသည် မျက်စိအစုံကို မှိတ်လိုက်သည်။ သူ့စိတ်အတွေးထဲတွင်မူ ကျွမ်းထိုးမှောက်ခုံဖြစ်သွားသော ညောင်စောင်းနှင့် ရှားသားမီးကျီးခဲ နီနီရဲရဲများ၊ တရှိန်ရှိန် တညီးညီး မီးလျှံများကိုသာ မြင်ယောင်လျက် အားရဝမ်းသာဖြစ်နေသည်။ သို့သော်...

ဘာသံမှ မကြားရ။ မည်သို့သော လှုပ်ရှားမှုမှ မရှိ။

ဂရဟာဒိန္န မျက်စိဖွင့်ကြည့်သည်။

သူ တုန်လှုပ်သွားသည်။ အံ့သြခြင်းကြီးစွာ သူ ရေရွတ်သည်။

'အလိုလေး...တွင်းထဲက ရှားမီးကျီးခဲတွေ ဘယ်ရောက်ကုန်ပြီလဲ'

'ပဒုမ္မာကြာပွင့်ကြီးတွေ...လှည်းဘီးလောက် ကြီးတဲ့ ပဒုမ္မာကြာပွင့်ကြီးတွေ၊ မီးကျီးခဲတွင်းထဲကနေ ပဒုမ္မာတွေ ပေါက်လာတယ်၊ ဟော...ဟော...ဘုရားရှင်ဟာ ပဒုမ္မာကြာပွင့်ပေါ်မှာ နင်းဖြတ်ပြီး ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပြီ၊ ဟော ဟော...ပဒုမ္မာကြာပွင့်တွေ နောက်တစ်ပွင့်၊ နောက်တစ်ပွင့်၊ အို...အများကြီးပါလား၊ သံဃာတော်တွေရဲ့ရှေ့မှာလဲ ကြာပွင့်ကြီးတွေ ပေါ်လာတယ်၊ မီးကျီးခဲတွင်းထဲကနေ ကြာပွင့်ကြီးတွေ ပေါ်လာတယ်၊ ဘုရား...ဘုရား...'

အံ့သြခြင်းနှင့်အတူ ဂရဟာဒိန္နမှာ ဆောက်တည်ရာမရဖြစ်နေပေပြီ။ မီးကျီးခဲတွင်းမှ ကြာပွင့်များကိုကြည့်ပြီး အံ့သြနေရင်းမှ သူသည် တစ်စုံတစ်ခုကို သတိရလာပြန်သည်။

'ဒုက္ခပဲ...ဒုက္ခပဲ၊ မီးကျီးခဲကိစ္စတော့ ပျက်သွားပြီ၊ ဒါပေမဲ့ ပြဿနာက ဟို...ဘာမှ ချက်မထားတဲ့ ဗလာဟင်းလင်း အိုးတွေ၊ ထမင်းအိုး ဟင်းအိုးတွေ၊ ထမင်းဟင်း အစအနတွေကို အပြင်မှာ လိမ်းကျံထားပြီး အထဲမှာ ဘာမှချက်မထားတဲ့ အယောင်ဆောင် ဟန်ပြဆွမ်းအိုးတွေ၊ ငါ ဘာလုပ်ရမလဲ။ သီရိဂုတ္တကို ပြေးခေါ်ပြီး အကူအညီတောင်းမှပဲ၊ ဒုက္ခပါပဲ'

နောက်ထပ်အံ့သြစရာတစ်ခု ပေါ်လာပြန်သည်။ ဗလာဟင်းလင်းဖြစ်သော အိုးများထဲတွင် ဆွမ်းများ၊ ဟင်းများ အပြည့်ဖြစ်နေပြန်သည်။ ဂရဟာဒိန္နသည် တစ်အိုးပြီး တစ်အိုး ဖွင့်ကြည့်သည်။ ဆွမ်းအပြည့်၊ ဟင်းအပြည့်၊ ခဲဖွယ်ဘောဇဉ် အပြည့်။

*

ဘုရားရှင်၏ တန်ခိုးတော်အနန္တ ကိုလည်း သိရှိပြီးပြီ။
ဆွမ်းလုပ်ကျွေးခြင်းအမှုလည်း အောင်မြင်ထမြောက်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းအနုမောဒနာတရားလည်း ကြားနာရပြီးပြီ။

'ပညာမျက်စိမရှိကြသောသူတို့သည် ဘုရား၏ ဂုဏ်ကျေးဇူး၊ တရား၏ ဂုဏ်ကျေးဇူး၊ သံဃာ၏ ဂုဏ်ကျေးဇူးတို့ကို မသိနိုင်ကြကုန်၊ အမိုက်ပုံသဖွယ် ဖြစ်သော သတ္တဝါတို့အလယ်၌ နေမည့်ဘုရားရှင်၏တပည့်သည် အမှိုက်ပုံ၌ မွေးရနံ့လှိုင်သော ပဒုမ္မာကြာပန်း ပေါက်သကဲ့သို့ ပုထုဇဉ်ရဟန်းတို့ကို ပညာဖြင့် ကျော်လွန်၍ တင့်တယ်၏'ဟူသော ဒေသနာတော်တို့ကိုလည်း နာကြားရပြီးပြီ။

ဂရဟာဒိန္နသည် သူငယ်ချင်း သိရိဂုတ္တကို မွေ့ဖက်ကာ ဥဒါန်းကျူးရင့်လေသည်။

'သူငယ်ချင်း ...တို့ဟာ ဘုရားရှင်ရဲ့အဆုံးအမအောက်မှာ သောတာပန် တည်ကြပြီးပြီ၊ တို့ရဲ့ ချမ်းသာကြွယ်ဝမှု ပစ္စည်းဥစ္စာများကို လှူဒါန်းပြီး ကောင်းမှုကုသိုလ်မှာပဲ မွေ့လျော်ကြစို့ သူငယ်ချင်း'

[ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ဒေသနာတော်~ ၅၈၊ ၅၉]

# စောင်းသံ

ထက်အောက်စုန်ဆန် ပြေးလွှားနေသော လက်ချောင်းများကို ကြည့်ရင်း သူ့ကိုယ်သူ ကျေနပ်နေသည်။ ထွက်လာသော ဂီတသံသည် စောင်းကြိုးများဆီမှ မဟုတ်ဘဲ သူ့လက်ချောင်းများဆီမှ ဖြစ်သည်ဟုလည်း သူယုံကြည်နေသည်။ အောက်ဘက်ရှိ စောင်းကြိုးများကို အသားပေးကာ တီးခတ်သည့် စောင်းသံသည် လွင်လွင်စူးစူး ဝေ့ဝေ့ဝိုက်ဝိုက်။

တေးတစ်ပုဒ်အပြီးတွင် စောင်းကြိုးများအပေါ်မှ လက်ကို အသာအယာ သိမ်းကာ ငုံ့ထားသော မျက်နှာကို ပြန်ဖော်လိုက်သည်။ ဂုဏ်ယူဝင့်ကြွားသောအပြုံးသည် မျက်နှာပေါ်တွင် ပါလာပြီးသား။ ထိုအပြုံးဖြင့်ပင် ပန်းဥယျာဉ်ထဲမှာ ထိုင်နေကြသူ ပရိသတ်ကို သူ အကဲခတ်လိုက်သည်။

စိတ်ထဲမှာ တစ်ချက် ထင့်ခနဲဖြစ်သွားသည်။

ပရိသတ်၏ မျက်လုံးအစုံပေါင်းများစွာက သူ့ထံသို့ စူးစိုက်နေသော်လည်း ထိုမျက်လုံးများတွင် သူ မျှော်လင့်ထားသလို နှစ်သက်ကျေနပ်သည့် အရိပ်အသွင်ကို မတွေ့ရ။

'ဒီ ဗာရာဏသီက ကုန်သည်တွေဟာ ဘယ်လိုပါလိမ့်၊ ငါ့ရဲ့ စောင်းသံနဲ့ ဂီတအနုပညာကို လိုက်မီခံစားနိုင်ဖို့ အထုံပါရမီ မရှိကြဘူးနဲ့ တူရဲ့'

ပရိသတ်ကို သူ့စိတ်ထဲက ကျိတ်၍ အပြစ်ဆိုလိုက်သည်။ ထို့နောက် သူ ချက်ချင်း စိတ်တင်းကာ ဆုံးဖြတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အလယ်စောင်းကြိုးတွေကို အသားပေးပြီး တစ်မျိုးပြောင်းတီးပြလိုက်မယ်၊ သူတို့ဟာ ဂီတမှာ နစ်မွန်းယစ်မူးပြီး စကားမပြောနိုင်၊ လက်ခုပ်သြဘာမပေးနိုင်ဘဲ ငေးငိုင်သွားတာလဲ ဖြစ်နိုင်တယ်'

အလယ်စောင်းကြိုးကို သူ တစ်ချက် ဆွဲ၍ သပ်လိုက်သည်။ စောင်းကြိုးများ၏ အလျော့အတင်းသည် သူလိုချင်သော အနေအထားအတိုင်း အပိုအလိုမရှိ သင့်တင့် မျှတစွာ ရှိနေကြသည်။

ထို့နောက် 'ရမ္မက်ကြွယ်သော မိန်းမလှတစ်ဦး၏ အိပ်မက်' ဟု သူကိုယ်တိုင် အမည်ပေး သီကုံးရေးစပ်ထားသည့် တေးသွားကို သူ စတင်တီးခတ်သည်။

ဤတေးသွားကား ဉဇ္ဇေနီပြည်တစ်လွှားတွင် နာမည်ကျော် လူကြိုက်များသည့် ဂီတ ဖြစ်လေသည်။ ဤတေးသွား၏ ဂီတသံတွင် ရာဂကို နှိုးဆော်သည့် သံစဉ်အတွဲအဖက်များ အများဆုံး ပါဝင်သည်။ ဤတေးသွားဖြင့် သူသည် ဂုဏ်ပြုလက်ဆောင် ပဏ္ဏာ ဆုလာဘ် အများအပြားရခဲ့ဖူးသည်။

နောက်ဆုံးသံစဉ်၏ နောက်ဆုံးအတွဲအဖက်ကို နောက်ဆုံး စောင်းကြိုးဖြင့် အဆုံးသတ်လိုက်သည်။ စောင်းသံအတိတ်တွင် သူ့လက်ချောင်းများကို စောင်းကြိုးပေါ်က မခွာသေးဘဲ ခေါင်းပါ ငုံ့ထားလိုက်သည်။ နားကတော့ စွင့်လျက်။

လက်ခုပ်သြဘာသံ၊ ကောင်းချီးဟစ်ကြွေးသံများကို သူ စောင့်နေလိုက်သည်။

နတ္ထိ။ ပကတိငြိမ်သက်ခြင်း။ ဘာသံမှ ထွက်မလာ။

ဖျတ်ခနဲ သူ ခေါင်းပြန်မော့သည်။ ရှေ့တန်း ပရိသတ်ဆီသို့ တစ်ချက် ငွေ့ကြည့်သည်။ ထို့နောက် ပရိသတ်ထုဆီသို့ လည်ကို ဖွင့်ကာ ကြည့်သည်။

အသံမထွက်ဘဲ သူ တောက်ခေါက်မိပြန်သည်။

ပရိသတ်ကား ပြူးကြောင်သော မျက်လုံးများဖြင့်သာ သူ့ကို ကြည့်နေကြသည်။ စိုးစဉ်းမျှ လှုပ်ရှားမှုမရှိ။ မျက်နှာသေများ၊ မျက်လုံးသေများ ...။

'နားပင်းနေကြတယ်နဲ့ တူတယ်၊ အေး ... ကောင်းပြီ၊ သင်းတို့ပဲ အသေကောင်လို ငုတ်တုတ်ခံနိုင်မလား၊ ငါကပဲ သင်းတို့ကို မွှေနှောက်ချောက်ချားနိုင်မလား ... ကြည့်ကြသေးတာပေါ့၊ ဒီတစ်ခါ ခံနိုင်ရိုးလား၊ ငါတဲ့ကွနော်'

ဒေါသဖြင့် သူ့စိတ်ထဲမှ ကြုံးဝါးကာ နေရာပြင်ထိုင်လိုက်သည်။ စောင်းကိုလည်း အကျအနပြင်၍ ပွေ့လိုက်သည်။ စောင်းလက်ရုံးကို ဆုပ်ကိုင်ရင်း သူ ဖြိုး



သည့် အပြုံးကား စစ်ပွဲတွင် တစ်ဖက်စစ်သည်အား ရက်စက်စွာ ဖြိုခွင်းသတ်ဖြတ်တော့မည့် သူရဲကောင်းတစ်ဦး၏ ကြောက်စရာအပြုံးမျိုးပင်။

'ရာသီဘွဲ့အကြောင်းလဲ နားမဝင်၊ အချစ် ရာဂ ဘွဲ့အကြောင်းလဲ နားမစွဲ၊ ကောင်းပြီ ... ဒါလောက် ဒုံးဝေးတဲ့လူတွေကိုတော့ ထိတ်လန့်စရာ ဂီတတစ်မျိုးနဲ့ ကိုင်လှုပ်ပစ်မှ ရမှာပဲ၊ ကိုင်း ... တောင့်ခံနိုင်ရင် ခံပေတော့ အန္ဓပရိသတ်များ'

တတိယပုဒ်အဖြစ် သူ စတင်တီးခတ်လိုက်သော တေးသွားကား 'မိုးကြိုး မုန်တိုင်း၊ လှိုင်းပင်လယ်' ဟု အမည်ရှိသော တေးသွားဖြစ်သည်။ ပြင်းထန်ဆူညံသော သံစဉ်များဖြင့် အတိပြီးသည်။ ချောက်ချားရင်ဖိုဖွယ်ကောင်းသော တေးသွားဟု ဉဇ္ဇေနီ ပရိသတ်က တစ်ခဲနက်ကောင်းချီးပေးကြသည့် တေးသွားလည်းဖြစ်သည်။

အငြိုးဒေါသဖြင့် ကြမ်းကြမ်းတမ်းတမ်း တီးခတ်ပစ်လိုက်သဖြင့် သူ့လက်ချောင်းများပင် ကျိန်းစပ်နာကျင်လာသည်။ 'မိုးကြိုးမုန်တိုင်း၊ လှိုင်းပင်လယ်' ကို သူ တဝုန်းဝုန်းနေအောင် တီးခတ်ပစ်လိုက်သည်။ စောင်းသံသည် ဥယျာဉ်ထဲရှိ သစ်ပင်ပန်းမန်များကိုပင် ကြွေကျစေတော့မတတ် မြည်ဟည်းကျယ်လောင်နေသည်။

တေးသွား အဆုံးသတ်သွားပြီ။

သူ့ရင်ကို ဖွင့်ကာ ပရိသတ်ဆီသို့ လှမ်းကြည့်လိုက်သည်။

တွေ့ရသည်ကား စောစောကလိုပင် ပြူးကြောင်ငေးငိုင်သော မျက်လုံးများ၊ ထိခိုက်ခံစားမှုကင်းသော မျက်နှာသေများ၊ ဝေဒနာမဲ့အသွင်များ ...။

ကောင်းချီးသြဘာသံကား ဝေးစွ၊ ပရိသတ်မှာ မိမိတို့ရှိနေရာမှ ရွေ့ရွေ့မျှပင် မလှုပ်ရှား။

သူ့ဒေါသ ပေါက်ကွဲလာပြီဖြစ်သည်။ စောင်းကို ခပ်ဆောင့်ဆောင့်ပစ်ချလိုက်ပြီး အနီးဆုံးပရိသတ်ထဲမှ ရှေ့ဆုံးရှိ အသက်ကြီးကြီး လူကို သူ မေးသည်။

'မိတ်ဆွေ ... ခင်ဗျားဟာ ဒီအဖွဲ့မှာ ခေါင်းဆောင်တစ်ယောက်လို့ ထင်တယ်'

ထိုသူက ခေါင်းညိတ်သည်။

'ကောင်းပြီ၊ ကျုပ် မေးစမ်းမယ်၊ အခု ကျုပ်တီးပြသွားတာတွေကို ခင်ဗျားတို့ နားမလည်ကြဘူးနဲ့ တူတယ်'

'ဘာကိုပြောတာလဲ စောင်းဆရာ'

မထုံတက်သေးအမူအရာနှင့် ထိုသို့ မေးမြန်းသောစကားကို ကြားရသောအခါ သူ ဒေါသကို မထိန်းနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ ဗာရာဏသီက ကုန်သည်တွေ ကျုပ်ဆီရောက်လာကြတယ်၊ ဥယျာဉ်ပွဲ ကျင်းပချင်လို့ဆိုပြီး တေးဂီတသဘင်အတွက် ကျုပ်ကို ခင်ဗျားတို့ ငှားကြတယ်၊ ကျုပ်က စောင်းတီးတယ်၊ ခင်ဗျားတို့က နားထောင်တယ်၊ ကျုပ် အခု တေးသွားသုံးပုဒ် တီးပြခဲ့တယ်၊ သုံးပုဒ်သာပြီးသွားရော ခင်ဗျားတို့မှာ ဘာတစ်ခုမှ ထူးခြားမှုမရှိဘူး၊ ဒီမယ်...ပြောစမ်းပါ၊ ကျုပ်ရဲ့ဂီတကို တေးတွေကို ခင်ဗျားတို့ မကြိုက်ဘူးလား၊ မကြိုက်ရင် ပြော၊ ကျုပ် ယူထားတဲ့ အသပြာ ပြန်ပေးလိုက်မယ်၊ ကျုပ်ဟာ အတတ်နဲ့ လုပ်စားနေတာ၊ အငတ်ပြေသနာကြောင့် စောင်းကိုကိုင်တာမဟုတ်ဘူး'

'ဟင်...ခုနက ခင်ဗျားတီးသွားတာတွေဟာ တေးတွေလား'

ကုန်သည်ခေါင်းဆောင်က ပကတိအံ့သြစွာ ပြန်မေးလေသည်။

'ခင်ဗျား တေးသုံးပုဒ် တီးပြခဲ့တယ်...ဟုတ်လား စောင်းဆရာ'

'ဟုတ်တယ်...ဟုတ်တယ်၊ ဒါကိုမှ နားမလည် မခံစားတတ်တဲ့ ခင်ဗျားတို့ဟာ...'

'ကျွဲပါးစောင်းတီးတွေပဲ' ဟု သူ နင့်နင့်သီးသီး ဆိုလိုက်တော့မည်အပြုတွင် ကုန်သည်ခေါင်းဆောင်က...

'ဩော်...ခုနင်က တီးသွားတာ တေးတွေကိုး၊ အင်း...အင်း'

'ဘာလဲ၊ ခင်ဗျားက ဘာခေါင်းတဆတ်ဆတ်လုပ်နေတာလဲ'

'သည်းခံပါ စောင်းဆရာ၊ ကျုပ်တို့ စကားမှားရင်လဲ ခွင့်လွှတ်ပါ၊ အမှန်တကယ်တော့ ကျုပ်နဲ့တကွ ဟောဒီ ကျုပ်ရဲ့တပည့် ကုန်သည်ကြီးငယ်တွေအနေနဲ့ သင်စောစောက တီးပြသွားတာတွေကို တေးသီချင်းလို့ မထင်ခဲ့ဘူး၊ သင် စောင်းကြိုးညှိနေတာပဲလို့ အောက်မေ့နေကြတာ'

'ဘာ...'

ဆတ်ဆတ်ကြားလိုက်ရပါလျက် သူ့နားကို သူ မယုံ။

'တေးသွား မစသေးဘူး၊ စောင်းကြိုးညှိနေတာပဲလို့ ထင်နေကြတာ'

ဒေါသထွက်လွန်းသဖြင့် သူ ဘာမှမပြောနိုင်တော့၊ ကုန်သည်ကြီး၏ စကားများက သူ့နားထဲသို့ ခါးခါးသီးသီးဝင်လာကြသည်။

'သည်းခံပါ စောင်းဆရာ၊ ကျုပ်တို့ရဲ့နားတွေဟာ ဗာရာဏသီက ကျုပ်တို့ရဲ့ အနုပညာရှင်ကြီး ဆရာကြီး ဂုတ္တိလရဲ့စောင်းသံကို နားဆင်ရပြီးနောက် ဘယ်လိုစောင်းသံမျိုးကမှ ကျုပ်တို့ရဲ့ နားထဲကို မဝင်တော့လို့ပါ'



ဗာရာဏသီက ဆရာကြီး ဂုတ္တိလ။ အမည်ကို ကြားကြားချင်း သူ့ကိုယ်ထဲရှိ သွေးသားများတွင် ဖြန်းခနဲဖြစ်သွားသည်။ သူ့အသံ အေးစက်တိုးတိမ်စွာဖြင့် မေးသည်။

'ဆရာကြီး ဂုတ္တိလ...ဟုတ်လား'

'ဟုတ်ပါတယ် စောင်းဆရာ၊ ကျုပ်တို့ ဗာရာဏသီကပါ'

စိတ်မြန်ကိုယ်မြန်ရှိလှသော သူသည် ဆူဝေသော ဒေါသ၊ မာန်မာနတို့ဖြင့် ဆုံးဖြတ်ချက်တစ်ခုကို အလျှင်အမြန်ချလိုက်သည်။ ထိုဆုံးဖြတ်ချက်ကို ဥယျာဉ်ထဲရှိ ဗာရာဏသီပြည်သား ကုန်သည်များအားလုံး ကြားအောင် သူ အော်ပြောလိုက်လေသည်။

'ကောင်းပြီ၊ ခင်ဗျားတို့ ပေးထားတဲ့ အသပြာကို ကျုပ်လက်မခံဘူး၊ ပြန်ယူကြ၊ ခင်ဗျားတို့ ဗာရာဏသီပြန်ရင်သာ ကျုပ်ကို ခေါ်သွားကြ၊ အဲဒီ ဂုတ္တိလ ဆိုတဲ့ လူဆီ ကျုပ်ကို လိုက်ပို့ကြစမ်းပါ'

*

တစ်ရွာပြောင်းကာ သူကောင်းဖြစ်ခဲ့ပြီ။

ဥဇ္ဇေနီမှာတုန်းက သူသည် ပရိသတ်လူထု၏ သာမန်စောင်းဆရာ...။ ယခု ဗာရာဏသီတွင်ကား သူသည် ဘုရင့်အသုံးတော်ခံ ရွှေနန်းထွက် စောင်းဆရာကြီး၊ တော်ဝင် ဂီတပညာရှင်ကြီး ဖြစ်ခဲ့လေပြီ။

ဘုရင့်စောင်းဆရာ မှုသိလ၊ ဘုရင့်စောင်းဆရာ မူသိလ။

အကျော်အစော၊ အခြွေအရံ၊ အချမ်းအသာကို သူ မြိန်ရှက်စွာ ခံစားရသည်။ အိမ်တော်သီးသန့်နှင့် ဂုဏ်ထူးဆောင် စလွယ်၊ တံဆိပ်တော် လစာရိက္ခာတော်တို့ကိုလည်း သူ ရခဲ့ပြီ။

စင်စစ်ကား သည်အဆင့် သည်အနေသို့ သူ လွယ်လွယ်ကူကူရောက်ခဲ့ခြင်းကား မဟုတ်။ ကြီးမားသော ရည်ရွယ်ချက်၊ မဆုတ်နစ် အားထုတ်မှုနှင့် အခွင့်အရေးလမ်းစ ပေါ်သမျှကို လက်မလွှတ်စတမ်း ဖမ်းယူဆုပ်ကိုင်တတ်သော ကျွမ်းကျင်ပါးနပ်မှုတို့ကြောင့် သူ ကောင်းစားခဲ့ခြင်း ဖြစ်လေသည်။

ဗာရာဏသီသို့ သူ စ,ရောက်သည့် နေ့မှာပင် ဆရာဂုတ္တိလ၏ အိမ်သို့ သူ ရောက်ဝင်ခဲ့သည်။ ထိုစဉ်က ဆရာ ဂုတ္တိလ မရှိ။ ဆရာ့မိဘနှစ်ပါးနှင့်တွေ့သည်။ ဆရာ့မိဘနှစ်ပါးကား မျက်မမြင် ဒုက္ခိတများ။

ဟိရိဓွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သုံးချောင်းထောက် စားပွဲပေါ်ရှိ ကတ္တီပါအခင်းထက်မှ စောင်းကို ယူ၍ တီးကြည့်ခဲ့သည်။ ဆရာ့အဖေက 'ရှင်မရေ…သားရဲ့စောင်းထဲ ကြွက်ဝင်နေသလားမသိဘူး၊ ခြောက်လိုက်စမ်း' ဟု ဆိုသဖြင့် သူ့စောင်းကို အသာပြန်ချထားလိုက်ရသည်။ သူ့ကိုယ်သူ ဥဇ္ဇေနီမှ မူသိလဖြစ်ကြောင်း၊ ဆရာ့ထံ စောင်းပညာသင်ယူလို၍ လာရပါကြောင်း မိတ်ဖွဲ့ရသည်။ စကတည်းက ယဉ်သကို ဟူသော နိဒါန်း။

ထို့နောက် ဆရာပြန်ရောက်လာသည်။ အကျိုးအကြောင်း ပြောပြသည်။

ဘာကြောင့်မှန်း မသိ၊ ဆရာ ဂုတ္တိလသည် သူ့ကို အကဲခတ်ပြီး တပည့်မွေးရန် ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။ ဆရာ့မိဘများက တိုက်တွန်းသောကြောင့်သာ ဆရာ သူ့ကို လက်ခံခဲ့သည်။

အင်း…ဆရာဂုတ္တိလသည် ဘာပဲဖြစ်ဖြစ် တုဘက်မရှိသော စောင်းပညာရှင်ကြီး ဖြစ်သည်ကိုကား ယုံမှားဖွယ်မရှိ။ ဤလောကတွင် စောင်းဆရာအကျော်အမော် ဖြစ်ဖို့ မွေးဖွားလာသူဟုပင် ဆိုရအံ့သည်။ ပြီးတော့ ဆရာက သဘောမနောပြည့်သည်၊ ရိုးသားသည်ဟု သူ သိခဲ့ရသည်။ သည့်ထက်မှ ဆရာ့အပေါ် သူ မြင်ထားသော အမြင်တစ်ခု ရှိသေးသည်။ ဆရာဂုတ္တိလသည် ခပ်ရိုးရိုး ခပ်အအ ရေသေမျက်နှာပြင်လို ခပ်ထုံထုံထိုင်းထိုင်းဟု။

မည်သို့ပင်ဆိုစေ၊ သူ၏ ကျွမ်းကျင်ပါးနပ်သောချဉ်းကပ်မှုကြောင့် ဆရာ့မိဘများက သူ့ကို 'လူလေး မူသိလ…လူလေး မူသိလ' ဟု နှုတ်က မချ တဖွဖွ ခင်တွယ်လာကြသည်။ မိဘညွှန်ရာအတိုင်း ကျင့်သုံးလိုက်နာတတ်သော ဆရာကလည်း သူ့ကို ကျေးဇူးတင်စွာဖြင့် စောင်းပညာကို အခြွင်းအချန်မရှိ သင်ကြားပေးခဲ့သည်။ ဆရာ့အညာကို သူ ကိုင်တတ်သည်ပဲ။ ဆရာက မိဘစကား မြေဝယ်မကျ နာခံသူ။ မျက်မမြင် အဘိုးကြီး အဘွားကြီးနှစ်ယောက်ကို ညွှတ်လောက်အောင် သူ ကိုင်တွယ်လိုက်သောအခါ ဆရာ့ဆီမှ စောင်းပညာများလည်း သူ့ထံသို့ တစ်ဟုန်ထိုး စီးမျောလာတော့သည်။

သည်သို့ဖြင့် သူသည် ဥဇ္ဇေနီမှာတုန်းကထက် အဆပေါင်းများစွာ ကျွမ်းကျင်ပြောင်မြောက်သည့် စောင်းသမားကြီးတစ်ယောက် ဖြစ်ခဲ့ချေပြီ။

ယခုဆို သူသည် ဘုရင့်လက်သုံးတော် နန်းတွင်းစောင်းပညာရှင်အဖြစ်သို့ပင် ရောက်ခဲ့ပေပြီ။ ဗာရာဏသီရွှေနန်းတော်မှာ ဆရာဂုတ္တိလနှင့် သူ တံခါးမရှိ ဓားမရှိ။

သို့သော်…



သူ့ရည်ရွယ်ချက်ဗိမာန်၏ နောက်ဆုံးပြာသဒ်ဘုံအဆင့်ကို တည်ဆောက်ရန်အတွက် တစ်ထစ် ကျန်နေသေးသည်။ မည်သည့်ဂူတွင်မျှ ကေသရာဇာနှစ်ကောင် မရှိအပ်ဟု ဆိုသည်မဟုတ်လား။ ဂုတ္တိလနှင့် မူသိလ။

ပြီးတော့ သူ ဘယ်သို့ပင် ဘုရင်သုံးစောင်းသမားဖြစ်နေစေကာမူ ဆရာဂုတ္တိလ၏ တပည့်ဖြစ်ကြောင်း ဗာရာဏသီတစ်ပြည်လုံးက အသိ ဖြစ်သည်။ ထို့ကြောင့် နန်းတွင်းရွှေတိုက်တော်မှ လစာရိက္ခာအရာတွင် သူက ဆရာထက် ထက်ဝက်နည်းသော အသပြာကိုသာ ရရှိနေသည်။ ဒါကို သူ လုံးဝမကျေနပ်နိုင်။ ဆရာ တတ်သလောက် သူတတ်သည်။ ဖဝါးခြေထပ် ထက်ကြပ်မကွာ ဆရာ့အရာ သူ နင်းနိုင်သည်။

'ပညာတူ လက်တူချင်း ဘာကြောင့် ငါက တစ်ဆင့်နိမ့်တဲ့ လစာရိက္ခာကို ရနေရမှာလဲ'

သူ ကြုံးဝါးသည်။

ဤအဖြစ်ကို သူ မျှော်လင့်ပြီးသားဖြစ်သည်။ သို့မှသာ သူ အနှစ်နှစ် အလလ တည်ဆောက်ခဲ့တဲ့ စိတ်ကူးကို အကောင်အထည်ဖော်၍ ရတော့မည်။

စောင်းသမား ဂုတ္တိလကို ဖယ်ရှားရေး၊ လောကတွင် စောင်းသမား မူသိလ တစ်ဦးတည်းသာ ရှိရေး၊ မူသိလမှအပ မည်သည့်စောင်းသမားမှ မရှိစေရ။ အထူးချွန်ဆုံး၊ အကြွယ်ဝဆုံး၊ အကျော်စောဆုံး ဟူသော ဂုဏ်ပုဒ်များသည် မူသိလ တစ်ဦးတည်းပိုင်သာ ဖြစ်စေရမည်။

*

'တပည့် မူသိလ'

'ပြောပါ ဆရာ'

'မင်း ပြောတဲ့အတိုင်း ဆရာ ဘုရင်မင်းမြတ်ကို လျှောက်လိုက်တယ်၊ ပညာချင်း အတူတူ ဘာကြောင့် လစာရိက္ခာ တစ်ဝက်ကိုပဲ ရနေရသလဲ၊ ဆရာနဲ့ တန်းတူ လစာရိက္ခာ ရချင်ပါတယ် ဆိုတဲ့အကြောင်း'

'ဟုတ်ကဲ့၊ အဲဒီတော့ ဘုရင်မင်းမြတ်က ဘယ်လိုအမိန့်တော်ရှိပါသလဲ ဆရာ'

'ဆရာနဲ့ အလားတူ ပညာပြနိုင်ခဲ့ရင် လစာရိက္ခာ အညီအမျှပေးတော်မူမယ်တဲ့ တပည့်'



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ နွေးသွားသည်။ သူ မျှော်လင့်ထားသောစကားကို ရပေပြီ။ သို့သော် အတွင်းစိတ်ကို ဖုံးဖိက မျက်နှာငယ်ဖြင့် သူ ပြောလိုက်သည်။

'ကျွန်တော်က လစာရိက္ခာ ရချင်တဲ့လူဆိုတော့ ဘုရင်မင်းမြတ် အမိန့်တော်အတိုင်း ပညာချင်းပြိုင်၊ အလားတူ အစွမ်းပြရတော့မှာပေါ့ ဆရာရယ်၊ ရွှေနားတော်သာ လျှောက်ပေးပါတော့'

'အေးကွယ်၊ တပည့်ဆန္ဒအတိုင်း ပြည့်စေရပါမယ်'

သဘောမနောကောင်း ရိုးအအ ဆရာ ဂုတ္တိလက လေးတွဲ့စွာ ဆိုသည်။

ရွှေနန်းတော်သို့ သူ ဝင်သည်။ ဗိုလ်ပုံအလယ်တွင် ဘုရင်မင်းမြတ်က သူ့ကို သတိပေးစကား ဆိုချေသေးသည်။

'မောင်မင်း... ဆရာဖြစ်သူနဲ့ ဘက်ပြိုင်ခြင်းဟာ မသင့်တော်ပေဘူး၊ ပြိုင်ပွဲကို မလုပ်စေချင်ဘူး'

ဘုရင်မင်းမြတ်နှင့်တကွ တစ်နန်းတော်လုံးက သူ့ကိုအထင်သေးနေကြောင်း၊ ယှဉ်ပြိုင်ပွဲတွင် သူ ရှုံးလိမ့်မည်ဟု ထင်နေကြကြောင်း သူ တွေးမိသဖြင့် ဒေါသနှင့် မာန်က အုံကြွလာသည်။

ထိန်းသိမ်းစောင့်စည်းရန် သတိမရတော့။

'အရှင်မင်းမြတ်... ကျွန်တော်မျိုး မပြိုင်ဘဲ မနေနိုင်ပါ၊ ခုနစ်ရက်မြောက်တဲ့နေ့မှာ ပြိုင်ပွဲကို ဖြစ်စေတော်မူပါ၊ ဘယ်သူရှုံးလို့ ဘယ်သူနိုင်မလဲဆိုတာ သိကြရပါလိမ့်မယ် ဘုရား'

အောင်ပွဲ၏ ခြိမ့်ခြိမ့်သဲသဲအသံ အဝေးဆီမှ တစ်စတစ်စ နီးကပ်လွင့်မျော လာသည်ဟု သူ ကြားယောင်မိလေသည်။

*

ခုနစ်ရက်ပတ်လုံး သူ အပြင်းအထန်လေ့ကျင့်သည်။

စောင်းနှင့်လက်ကို တစ်ပြိုင်တည်း ဘယ်ညာတီးသောနည်း၊ တစ်ချောင်းတည်းသော လက်ဖြင့် မွေနှောက်တီးခတ်နည်း၊ မျက်နှာလွှဲ၍တီးသောနည်း၊ အခြားသူ တစ်ယောက်အား စောင်းကို ပိုက်စေကာ ဆန့်ကျင်ဘက်နေရာမှ တီးသောနည်း... စသည်။

တေးသွား အပုဒ်ပေါင်းများစွာကို အရပ်အနားမရှိ တရစပ် တီးသည်။



နောက်ဆုံးအပုဒ်မှ ပြန် စ,ကာ ရှေ့ဆုံးအပုဒ်အထိ ပြန်တီးသည်။

ဆရာ ဂုတ္တိလ သင်ပြထားသမျှ အားလုံးကို နေ့နေ့ညည လေ့ကျင့်သည်။

ဤခုနစ်ရက်ကာလတွင် ဆရာဂုတ္တိလတစ်ယောက် ဘယ်သို့လေ့ကျင့်သနည်း ဆိုသည်ကို သိနိုင်ရန် လူယုံအထောက်အထားများလည်း စေလွှတ်ထားသည်။

ကြားရသည့်သတင်းကား ပီဘိ ချိုမြိန်လှစွာတည်း။

'ဆရာဂုတ္တိလတစ်ယောက်တော့ ဒုက္ခရောက်နေပြီဆရာရေ၊ 'ငါက အသက်ကြီးပြီ၊ မူသိလက ငယ်ရွယ်နုပျိုသူ၊ ငါ့မှာ ခွန်အားဆုတ်ယုတ်ပြီး ငယ်သန်စွမ်းသူကို ပြိုင်ဖို့ ငါ့မှာ ခွန်အားမရှိတော့ဘူး၊ ပြီးတော့ ဆရာနဲ့ တပည့် ပညာပြိုင်ကြမှာ၊ တပည့်က ရှုံးလို့မထောင်းတာသော်လဲ ဆရာရှုံးရင် အရှက်ရတော့မယ်' စသည်ဖြင့် တညည်းညည်း တညူညူဖြစ်ပြီး အရှေ့ဘက်တောအုပ်ထဲ ဝင်သွားတယ်၊ လက်ထဲမှာ စောင်း ပါမသွားဘူး၊ သူ့ကြည့်ရတာ သွေးဆုတ်ဖြူရော်တဲ့ မျက်နှာနဲ့ အရောင်အဆင်းမရှိတဲ့ မျက်လုံးတွေနဲ့ အခုပဲ ကိုယ့်ကိုယ်ကို သတ်သေတော့မယ့် ပုံမျိုး'

အားရဝမ်းမြောက်ခြင်းကြီးစွာဖြင့် စောင်းကြိုးများအားလုံးကို ဝေါခနဲ့ သပ်ချလိုက်လေသည်။

*

နန်းတော်တံခါးအနီးတွင် အုတ်အုတ်သဲသဲ။

ဤနေ့။ ခုနစ်ရက် လွန်မြောက်ပြီးဖြစ်သော ပြိုင်ပွဲနေ့။

ဘုရင်မင်းမြတ် အမှူးပြုသော ဗာရာဏသီ တစ်ပြည်လုံးရှိ ပြည်သူလူထု အသောင်းအသိန်းအလယ်တွင် ဆရာနှင့်မျက်နှာချင်းဆိုင် သူ နေရာယူလိုက်သည်။ စောင်းကို ပွေ့ကာ ထိုင်လိုက်ပြီး ဆရာ့ကို မျက်လုံးများ မှေးလျက် ပြုံးကြည့်လိုက်သည်။

ဆရာက သူ့ကိုမကြည့်။ မျက်လွှာအစုံကိုချထားသည်။ 'ဩော်... ငါ့အကြည့်ကိုတောင် မခံရဲတော့ဘူးကိုး၊ သနားလိုက်ပါဘိ ကျုပ်ဆရာဂုတ္တိလရယ်' ဟု သူ ဟီးတိုးရေရွတ်မိတော့သည်။

ပြိုင်ပွဲ စ,ချေပြီ။

ဆရာတစ်ပုဒ်၊ သူ တစ်ပုဒ်။ ဆရာတစ်ပိုဒ်၊ သူ တစ်ပိုဒ်။ တေးသီချင်းပေါင်း များစွာ နန်းတော်တံခါး ကွင်းပြင်တစ်ခုလုံးသို့ စောင်းသံများ အရပ်အနားမရှိ မြည်



www.burmeseclassic.com

www.burmeseclassic.com



ဟည်းနေသည်။ အထူးထူး အပြားပြားသော တီးခတ်နည်းများကို ဆရာ လက်စွမ်းပြ တီးသည်။ အကြိမ် အရာအထောင် လေ့ကျင့်ပြီးသော သူက ပေါ့ပါးလွယ်ကူစွာ တီးပြလိုက်သည်။

ဆရာက အသက်ကြီးသူဖြစ်သည့်အလျောက် အားစိုက်တီးရသေးသည်။

သူက အပြုံးမပျက်၊ အရယ်မလွှင့် အေးဆေးသက်သာစွာ တီးပြသည်။

ပရိသတ်၏ မျက်လုံးများ သူ့ထံ ကျရောက်လာသည်။ သူ အရေးသာစ ပြုလာပြီကို အားလုံး ရိပ်စားမိလာကြဟန်တူသည်။ ဆရာမှာ မောဟိုက်ပင်ပန်းနွမ်းလျဟန် ပြလာသော်လည်း သူကား ပကတိလန်းဆန်းစွာ ရှိနေသည်။

တေးပိုဒ်ချင်း စောင်းသံချင်း တူသော်ငြား အမြင်ပသာဒအားဖြင့် သူက လှပနေချေသည်။ ဆွဲ ဆောင်မှုက သူ့ထံတွင် ရှိနေချေသည်။

တေးပေါင်းများစွာကို သူ တစ်ပြန် ကိုယ်တစ်ပြန်၊ ကိုယ်တစ်ကျော့ သူ တစ်ပိုဒ် တီးပြီးသွားသည်။ မှုသိလ၏ နှာဝှတစ်ဖျားက ရှေ့သို့ သိသိတွန်းစ ပြုလာသည်။

ထိုအခိုက်

ဆရာ့လှုပ်ရှားမှုတစ်ခုကို သူ တွေ့လိုက်ရသည်။

အောက်ဆုံး ကြိုးတစ်ချောင်းကို ဖြတ်ချလိုက်ခြင်း။ ကြိုးတစ်ချောင်းပြတ်နှင့်ပင် ဆရာ ဆက်တီးသည်။ သို့သော် ပြတ်သွားသော ကြိုးနေရာမှ အသံကား ထွက်ပေါ်နေဆဲ။ သူ ရုတ်တရက်တော့ အံ့ဩသွားသည်။ သို့သော် ချက်ချင်း အပြုံးဆယ်သည်။ မရှိသောကြိုး၏ အသံအစား အခြားကြိုးများမှအသံ ခိုး၍ တီးနိုင်သည်ပဲ။

သူလည်း ဆရာ့လိုပင် အောက်ဆုံးကြိုးကို ဖြတ်ပစ်လိုက်သည်။

ထောက်ခနဲမြည်သွားသော ကြိုးပြတ်သံသည် သူ့နှလုံးသွေးမျှင်ကြော တစ်ချောင်း ပြတ်သွားသည့်အလားပင်။ ဆရာ့လိုပင် အသံခိုး၍တီးရန် အားထုတ်သည်။ အသံ မထွက်လာ။ တေးသံသည် ကစဉ့်ကလျားဖြစ်စ ပြုလာသည်။

ကြည့်နေရင်းမှာပင် ဆရာသည် ဒုတိယကြိုးကို ဖြတ်ချပြန်သည်။ စောင်းသံကား အထိအခိုက် အယွင်းအတိမ်းမရှိ ပီပီမြည်မြည် ထွက်နေဆဲ။

သူလည်း ဒုတိယကြိုးကို ဖြတ်ပစ်လိုက်သည်။ သူ့စောင်းသံကား ဖရိုဖရဲထွက်လာလေသည်။ ချွေးသီးတို့ စို့စပြုလာသည်။

တတိယကြိုး။ ဆရာ့စောင်းသံက ဝေဆာမြိုင်ဆိုင်စွာ။

တတိယကြိုး။ သူ့စောင်းသံ ပရမ်းပတာ။



စတုတ္ထကြိုးကို ဆရာ ဖြတ်သည်။ သို့သော် အတိမ်းအပါးမရှိသော စောင်းသံ။

စတုတ္ထကြိုးကို သူဖြတ်သည်။ သို့သော် ခါးသီးဆိုးရွားသော စောင်းသံ။

ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ ...။

သူ့တစ်ကိုယ်လုံး တစ်စတစ်စ သေးငယ်သွားကာ မြေမှုန့်ဖြစ်သွားပြီဟု သူ ခံစားလိုက်ရသည်။ မြင်နေကြားနေရသည်တို့ မယုံနိုင်။ ဆရာ့စောင်းမှာ ကြိုး ခုနစ်ချောင်းစလုံး မရှိတော့။ ကြိုးမဲ့စောင်း။ သို့သော် အတုမဲ့ ဂီတသံ။

ကြိုးမရှိသော စောင်းမှ ဂီတသံ ဘယ်သို့ပေါ်လေသနည်း။

သူ ထိန်းသိမ်းမရလောက်အောင် ကြောက်လာသည်။ ဆရာသည် ပဉ္စလက်အတတ်နှင့် စောင်းတီးနေပြီလား။ ယောင်ယောင်မှားမှားနှင့် သူလည်း ကြိုး တစ်ချောင်းပြီး တစ်ချောင်း ဖြတ်ချလိုက်သည်မှာ ကြိုးခုနစ်ချောင်းစလုံး ကုန်ပေပြီ။

သူ့စောင်းမှာ ဘာသံမှ ထွက်မလာတော့။

သူ့စောင်း အသံဆိတ်ပြီ။

အပြတ်ပြတ်၊ အကြေကြေ၊ ကြိုးခွေအမျှင်အစတို့ဖြင့် ယှက်နွယ်လိမ်ရှုပ်နေသော သူ့စောင်းကား အကျည်းတန်အရုပ်ဆိုးနေပြီ။

သူ့နားထဲတွင် တဝုန်းဝုန်းအသံများ ကြားလာရသည်။ ပရိသတ်ထုကြီးသည် ဆရာ့ထံသို့ စုရုံးနေကြပြီ။

ကောင်းကင်တွင် ဝင်းခနဲလက်သွားသည်။ ဆရာ့လက်သည် အပေါ်သို့ မြှောက်တက်သွားသည်။ ဆရာ့လက်ထဲမှ လက်ခတ် လွှင့်ပျံသွားသည်။ ပြိုးပြိုးပြက်ပြက် အရောင်များဖြင့် မျက်စိကျိန်းမတတ် လင်းနေသော ကောင်းကင်ထက်တွင် တညီတညွတ်တည်း လှုပ်ရှားနေသော ကဟန်များကို သူ တွေ့လိုက်ရသည်။

အံ့ဩတုန်လှုပ်မှုဖြင့် သူ့နှုတ်မှ စကားတစ်လုံး ထွက်၍သွားသည်။

'နတ်မိမယ်တွေ က,နေကြတယ်'

ဆရာ နောက်ထပ်လက်ခတ်တစ်ခုကို မြှောက်တင်လိုက်ပြန်သည်။ နောက်ထပ် နတ်မိမယ်များ ကောင်းကင်ထက်တွင် ရောက်ရှိကခုန်ကြပြန်သည်။ စောင်းသံကား ဘဝဂ်အထိ တက်ချေပြီ။

ကြိုးပြတ် စောင်းပျက်ကို ပိုက်ထားဆဲ၊ ကောင်းကင်သို့ ငေးမောနေဆဲမှာပင် သူ့နားထဲသို့ သောသောအုပ်အုပ်အသံများ တိုးဝင်လာသည်။

'ယုတ်ညံ့တဲ့ စောင်းသမား'



www.burmeseclassic.com

www.burmeseclassic.com



'တပည့်ယုတ် မှုသိလ'

'ဆရာ့ကျေးဇူးကို တော်လှန်ချင်တဲ့ လူယုတ်မာ'

'ကိုယ့်ပမာဏ ကိုယ်မသိ၊ ဆရာနဲ့ ယှဉ်တဲ့ လူယုတ်မာ'

ကျောက်ခဲ၊ နှင်တံ၊ ထမ်းပိုး၊ ဓား၊ ပုဆိန်များ ဖြောဖြောကျလာသည်။ ဦးခေါင်း၊ မျက်နှာ၊ လက် နေရာအနှံ့အပြား ထိမှန်သည်။ 'လူယုတ်မာ...လူယုတ်မာ' ဟူသော အသံများနှင့်အတူ ချွန်ထက်စူးရှသော လက်နက်များ မိုးရွာသလို ကျလာသည်။

သွေးရှူးသွေးတန်း သူ အော်ဟစ်သည်။ သို့သော် ဗလုံးဗထွေးအသံသာ ထွက်လာသည်။ သွေးတို့ ယိုစီးနာကျင်လာသည်။ မလွယ်တော့။

နောက်ဆုံးတစ်ချက် မျက်စိအဖွင့်တွင် သူမြင်လိုက်ရသည်ကား...

ကြိုးအပြတ်ပြတ်ဖြင့် ကြေမွပျက်စီးနေသော သူ့စောင်းခွက်။

သူ့စောင်းနှင့် သူ အတူတူဖြစ်သွားသည်။

ဆရာဂုတ္တိလ၏ သီလ၊ သမာဓိနှင့် မွန်မြတ်သော နှလုံးသား၏ စွမ်းပကားကြောင့် ဆရာ့ဘက်တွင် သိကြားမင်းနှင့်တကွသော နတ်သား၊ နတ်သမီးများ ကူညီစောင်မ နေကြသည်ကိုပင် သူ သိခွင့်မရသွားတော့။

[ဇာတက အဋ္ဌကထာ-၃၊ ဒုကနိပါတ်၊ ဂုတ္တိလဇာတ်]

၀

# အဘယမင်းသား

အဘယ... ဆရာပုစ္ဆာတစ်ပုဒ်ကို ကြံစည် ထားတယ်။ လွန် ခဲ့တဲ့ လေးလကတည်းက ကြံစည်ထားခဲ့တာဟာ ယမန်နေ့ မိုးသောက်မှပဲ အပြီးအပိုင် ရတော့တယ်။

အဘယ... ဂေါတမဗုဒ္ဓကို မေးဖို့ ပုစ္ဆာတွေ အများကြီး ဆရာစဉ်းစားခဲ့တယ်။ စဉ်းစားရသမျှတိုင်းကိုလည်း ဒီလိုမေးရင် ဒီလိုဖြေမှာပဲလို့ ဆရာ့ဘာသာ ပြန်အဖြေထုတ်ပြီး ပယ်ဖျက်ခဲ့တာ ပုစ္ဆာပေါင်း မနည်းတော့ဘူး။ အေး...အခုတော့ ဂေါတမဗုဒ္ဓ ထိုင်ရာက မထနိုင်ဘဲ နောက်ဆုံး ဆိတ်ဆိတ်နေရတဲ့အထိ ထိရောက်မယ့် ပုစ္ဆာကို ဆရာ ရခဲ့ပြီ... ကြားလား။

(၁)

ဆရာသခင် နိဂဏ္ဌနာဋပုတ္တက ယခုချက်ချင်း လာရောက်ရမည်ဟု အခေါ်ရှိသောကြောင့်သာ ဆရာ့ထံ ရောက်လာရသည်။ ဆရာ့ရှေ့ ပုဆစ်ဒူးတုပ်ထိုင်ကာ ဆရာ့ကို မော့ကြည့်နေသည်အထိ ဘာပြဿနာမှန်း မသိရသေး။

ဆရာ နိဂဏ္ဌနာဋပုတ္တကလည်း 'မင်းသား ရောက်လာပြီလား' ဟုသာ တစ်ခွန်းတည်း ပြောပြီးနောက် မျက်စိစုံမှိတ်ကာ တိတ်ဆိတ်နေသည်။

ကြာမြင့်စွာ တိတ်ဆိတ်နေပြီးမှ မျက်စိဖွင့်သည်။ မုတ်ဆိတ်ပါးမြိုင်းကျင်စွယ်များ လှုပ်လာကာ နှုတ်ခမ်းလည်း ပွင့်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းသား'

ဆရာ့အသံ ထူးထူးခြားခြား လေးနက်နေသည်။

'မင်းဟာ ဗိမ္ဗိသာရမင်းကြီးရဲ့ သားတော်တစ်ပါးနော်၊ အေး...မင်းကြီးရဲ့ သားတော်ချင်း အတူတူ ဟိုလူမိုက် အဇာတသတ်လို မဟုတ်ဘဲ ပညာဉာဏ်ရှိသူမို့ မင်းကို ဆရာ မွေးယူသင်ကြားပေးခဲ့တယ်၊ အဇာတသတ်ကတော့ သူ့လို အဆင်အခြင်ကင်းတဲ့ ရှင်ဒေဝဒတ်နဲ့ တွဲမိတော့တာပဲ မဟုတ်လား'

ဘာကြောင့် နောက်ကြောင်းတွေ ပြန်ဖော်နေရသလဲဟု အဘယ တွေးမိသည်။ ဂေါတမဘုရားသခင်၏ ကောင်းသတင်း အလင်းရောင်များ မဇ္ဈိမတစ်ခွင်လုံး၌ တောက်ပနေချိန်တွင် မြတ်စွာဘုရားနှင့် စင်ပြိုင်ပေါ်ထွန်းလာကြသော ဆရာကြီး ခြောက်ယောက် ရှိခဲ့သည်။

ဤဆရာကြီးခြောက်ယောက်တို့အနက် မိမိသည် ဆရာသခင် နိဂဏ္ဌနာဋပုတ္တ၏ စတုမာယာသံဝရဝါဒကို နှစ်သက်လွန်းသောကြောင့် ဆရာ့ကို ကိုးကွယ် လုပ်ကျွေး ဆည်းကပ်ခဲ့သည်။

ယခုတလော သတင်းကြီးနေသည့် ရှင်ဒေဝဒတ်ကိုလည်း အဘယမင်းသားသည် စိတ်မဝင်စား။ ပုရဏကဿပ၊ မက္ခလိဂေါသာလ စသော အခြားဆရာကြီးများကိုလည်း မကြည်ညို။ ဆရာ နိဂဏ္ဌကိုသာ လေးစားကြည်ညိုရင်းစွဲ ရှိနေသည်။

ရာဇဂြိုဟ်တွင် ဆရာနိဂဏ္ဌနှင့် တပည့် အဘယအတွဲကို အားလုံးအသိ။ ဘာကြောင့် ဆရာသည် ဤအချက်ကို ထုတ်ဖော်ပြောနေသနည်း။

'အဘယ...မင်းရဲ့ပညာဉာဏ်နဲ့ နှုတ်စွမ်းလျှာစကို ဆရာယုံကြည်တယ်၊ ဆရာယုံကြည်တဲ့အတိုင်းလဲ မင်းအစွမ်းပြလိမ့်မယ်လို့ မျှော်လင့်တယ်'

'အမိန့်ရှိပါ ဆရာကြီး'

'အင်း...'

ဆရာ၏ မျက်လုံးအစုံ ပြန်မှိတ်သွားပြန်သည်။

ပြန်ပွင့်လာသော မျက်လုံးတို့တွင် အရောင်တောက်နေလေသည်။

'အဘယ... ဆရာ ပုစ္ဆာတစ်ပုဒ်ကို ကြံစည်ထားတယ်၊ လွန်ခဲ့တဲ့ လေးလကတည်းက ကြံစည်ထားခဲ့တာဟာ ယမန်နေ့ မိုးသောက်မှပဲ အပြီးအပိုင် ရတော့တယ်'

'မှန်ပါ ဆရာကြီး'



'အဲဒီပုစ္ဆာ ဆရာ မင်းကိုသင်ပေးမယ်၊ ဒါကိုယူပြီး ဂေါတမဗုဒ္ဓဆီ မင်း သွားရမယ်၊ မင်း ဒီပုစ္ဆာကို ဗုဒ္ဓထံ တင်ရမယ်...ကြားလား'

အံ့သြသွားသည်။ လေးလတိုင်တိုင် ကြံစည်ထားသော ပုစ္ဆာတစ်ပုဒ်။ ဒါကို ယူ၍ မြတ်စွာဘုရားထံ သွားရမည်။ မြတ်စွာဘုရားထံ တင်ရမည်။ အဘယ မင်းသား စိတ်တက်ကြွလာလေသည်။

'အဘယ...ဂေါတမဗုဒ္ဓကိုမေးဖို့ ပုစ္ဆာတွေ အများကြီး ဆရာစဉ်းစားခဲ့တယ်၊ စဉ်းစားရသမျှတိုင်းကိုလဲ ဒီလိုမေးရင် ဒီလိုဖြေမှာပဲလို့ ဆရာ့ဘာသာ ဆရာပြန် အဖြေထုတ်ပြီး ပယ်ဖျက်ခဲ့တာ ပုစ္ဆာပေါင်း မနည်းတော့ဘူး၊ အေး...အခုတော့ ဂေါတမဗုဒ္ဓ ထိုင်ရာက မထနိုင်ဘဲ နောက်ဆုံး ဆိတ်ဆိတ်နေရတဲ့အထိ ထိရောက်မယ့် ပုစ္ဆာကို ဆရာရခဲ့ပြီ...ကြားလား'

'အမိန့်ရှိပါ ဆရာကြီး'

ဆရာနိဂဏ္ဌ နှစ်ခြိုက်စွာ ပြုံးရယ်ပြန်သည်။ ကျင်စွယ်ကို လက်ဖြင့် အသာသပ်ကာ...

'အမှန်တော့ ရှင်ဒေဝဒတ်ကို ကျေးဇူးတင်ရမယ်ကွဲ့၊ ဗုဒ္ဓကို သူ လေးသည်တော်တွေနဲ့ သတ်ဖြတ်ဖို့ ကြိုးစားခဲ့တာ၊ ဂိဇ္ဈကုဋ်တောင်ပေါ်ကနေပြီး ကျောက်တုံးနဲ့ တွန်းချလုပ်ကြံဖို့ ကြိုးစားခဲ့တာ၊ ဒါတွေကြောင့် ဗုဒ္ဓက သူ့ကို ဖိနှိပ်ပြောဆိုခဲ့တာ၊ အဲဒီအချက်တွေကြောင့်ပဲ ဆရာ ဒီပုစ္ဆာမျိုး စဉ်းစားရပေတာပဲ၊ ရှင်ဒေဝဒတ်ဟာ အမျက်မာန် ကြီးတဲ့ သူမိုက် ဖြစ်ပေမယ့် သူ့အပြုအမူတွေကြောင့် ဆရာ့မှာ အောင်ပွဲခံရတော့မယ်'

နားလည်ရန် ကြိုးစားကြည့်သော်လည်း ဆရာ့စကား အလုံးစုံကို အဘယ သဘောမပေါက်ချေ။ သို့သော် ဆရာနိဂဏ္ဌသည် မြတ်စွာဘုရားအပေါ် မကျေမချမ်း ဖြစ်နေကြောင်းကိုကား အဘယ သိသည်။

'ရဟန်းဂေါတမဟာ ငါ့တပည့်တွေကို တစ်သုတ်ပြီးတစ်သုတ် ဖဲ့ယူနေတယ်' ဟု ဆရာ မကြာခဏ မြည်တမ်းတတ်သည်။

'အဘယ...လူတစ်ယောက်ရဲ့ လည်ချောင်းထဲမှာ သံချွန်ရှူးတစ်ချောင်း ငင်နေတယ်ဆိုရင် အဲဒီလူ ဘယ်လိုလုပ်မလဲဟေ့...ပြောစမ်း'

အဘယစဉ်းစားသည်။ အတွေးကောင်းသူဖြစ်သောကြောင့် ချက်ချင်း အဖြေပေးလိုက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မှန်လှပါ၊ ဒီလူဟာ သံချွန်စူးကို မျိုလဲ မမျိုနိုင်၊ ထွေးလဲ မထွေးနိုင်ဘဲ ဒုက္ခကြီးစွာ ရောက်ရမှာပဲ ဆရာသခင်'

'ဟုတ်လိုက်လေ မင်းသားရယ်၊ ဟား ဟား … ငါ့ပုစ္ဆာဟာလဲ ဂေါတမဗုဒ္ဓအတွက် သံချွန်စူး ဖြစ်မှာပေါ့၊ ကဲ … ရှေ့တိုး နားထောင် နှလုံးသွင်းစမ်း၊ ပုစ္ဆာက ဒီလိုကွ၊ ဒီလို…'

*

(၂)

ခဲဖွယ်ဘောဇဉ် အမွန်အမြတ်ကို မြတ်စွာဘုရားသခင်နှင့် ရဟန်းသံုးပါးတို့ တိတ်ဆိတ်ခမ်းနားစွာ ဘုဉ်းပေးတော်မူကြပေပြီ။

အဘယမင်းသားသည် မြတ်စွာဘုရား၏ အရိပ်အခြည်ကို စောင့်ကြည့်နေသည်။ မနေ့က မြတ်စွာဘုရားထံ သွား၍ ဆရာသင်ပေးလိုက်သော ပုစ္ဆာကို မေးရန် ကြိုးစားခဲ့သော်လည်း အခွင့်မသာသောကြောင့် မိမိ၏ စံနန်းတော်၌ ဆွမ်းဖိတ်ကျွေးပြီးမှ အေးအေးဆေးဆေး မေးမည်ဟု ဆုံးဖြတ်ကာ ဆွမ်းဖိတ်ခဲ့သည်။ ဘုရားရှင်ကလည်း ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူခဲ့သည်။

ယခုအခါ ပုစ္ဆာတင်ရန် အခွင့်အခါ သာခဲ့ပေပြီ။

အဘယသည် ဆရာနိဂဏ္ဌာမှာထားသည့်အထဲတွင် မပါသော အစီအစဉ်တစ်ခုကို ပြုလိုက်သည်။ ထိုအစီအစဉ်အရ နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးကို ပွေ့၍ လိုက်သည်။ ထို့နောက် သင့်လျော်သောနေရာတွင် ထိုင်ကာ ကလေးငယ်ကို ပေါင်ပေါ် တင်လိုက်သည်။ အားလုံး အဆင်သင့်ဖြစ်ပေပြီ။ ကလေးငယ်လည်း ပေါင်ပေါ်တွင် ပက်လက်အိပ်နေလေသည်။

'အရှင်ဘုရား … တပည့်တော်အား တစ်စုံတစ်ခုသော ပုစ္ဆာအတွက် စောဒနာပြုခွင့် ပေးတော်မူပါ'

မြတ်စွာဘုရားက ဆိတ်ဆိတ်နေတော်မူသည်။ တင့်တယ်စွာသော အသံတော်နှင့် ကြီးမားနက်ရှိုင်းလှသော ဣန္ဒြေတော်ကို ကြည့်ကာ အဘယစိတ်ထဲတွင် အလိုလို တုန်လှုပ်လာသည်။ သိမ်ငယ်စိတ်များ ဝင်လာသည်။ သို့သော် အားယူကြိုးစားပြီး ဆရာသခင် နိဂဏ္ဌာရုပ်ပုံကို မြင်ယောင်ကြည့်လိုက်သည်။ ဆရာ့သင်ကြားချက်၊ ဆရာ့အသံတို့ကို ကြားယောင်အားယူကာ အားတင်းလိုက်သည်။



ထို့အတူ ဆရာသင်ပေးလိုက်သော ပုစ္ဆာကိုလည်း စိတ်ထဲတွင် အစီအစဉ်တကျ ပြန်၍ဖြန့်ခင်းကြည့်လိုက်သည်။

တစ်နေ့က ဆရာသင်ပေးခဲ့သော ပုစ္ဆာ…။

*'ပထမဆုံး … မြတ်စွာဘုရားမည်သည် သူတစ်ပါးတို့ မချစ်ခင် မနှစ်သက်အပ်တဲ့ စကားမျိုး ပြောဆိုပါသလောလို့ မေး၊ ဂေါတမဗုဒ္ဓက သူတစ်ပါး မချစ်ခင် မနှစ်သက်အပ်သော စကားမျိုး ပြောရာဆိုရာ၏လို့ ဖြေရင် ဒါဖြင့် ပုထုဇဉ်နဲ့ ဘာများခြားသေးလို့လဲဘုရားလို့သာ လျှောက်လိုက်ပေရော့၊ ဒါက တစ်မျိုး၊ တကယ်လို့ မြတ်စွာဘုရားမည်သည် သူတစ်ပါး မချစ်ခင် မနှစ်သက်အပ်တဲ့ စကားမျိုး ပြောဆိုပါသလောလို့ မေးတဲ့အခါ မဆိုပေရာလို့ ဖြေခဲ့ရင် မင်း ဆက်ပြောရမှာက ဒီလိုဆိုရင် အရှင်ဘုရားက ရှင်ဒေဝဒတ်ကို ဒေဝဒတ်ကား အပါယ်ကျမည့်သူ၊ ကမ္ဘာတည်အောင် ငရဲခံရမည့်သူ၊ ကုစား၍မရစကောင်းသူ … လို့ ဘာကြောင့် မိန့်တော်မူခဲ့ပါသလဲ၊ ရှင်ဒေဝဒတ်ဟာ အဲဒီစကားကြောင့် အမျက်ဒေါသထွက် နှလုံးမသာမယာဖြစ်နေပါပကောဘုရားလို့သာ ပြောလိုက်၊ ဂေါတမဗုဒ္ဓ ဘာမှမဖြေနိုင်တော့ဘူးပ၊ ဒီလို အစွန်းနှစ်ဖက်ထွက်တဲ့ ဥဘတောကောဋိပဉှာ ပြဿနာမျိုးနဲ့မှ ဂေါတမဗုဒ္ဓဟာ မမျိုနိုင် မထွေးနိုင် ဖြစ်သွားမှာ'*

ဆရာ့မှာကြားသွန်သင်ချက်ကို စိတ်ထဲတွင် အထစ်အငေါ့မရှိ စီစဉ် ရွတ်ဆိုလိုက်ပြီးမှ အဘယမင်းသား အားယူဟန်ဖြင့် သက်ပြင်းတစ်ချက် အားပါးတရရှိုက်လိုက်သည်။ လက်အုပ်ချီကာ စောဒနာပြုရန် အသင့်ပြင်လိုက်သည်။

'အရှင်ဘုရား … မြတ်စွာဘုရားတို့သည် သူတစ်ပါးကို မချစ်ခင် မနှစ်သက်အပ်သော စကားမျိုးကို ပြောဆိုတော်မူပါသလား ဘုရား'

ပြေပြစ်ချောမွေ့စွာ၊ တုန်ယင်ထစ်ငေါ့ခြင်းကင်းစွာ မေးလိုက်နိုင်သည့်အတွက် အဘယ ကိုယ့်ကိုယ်ကို ကျေနပ်သွားမိလေသည်။ မြတ်စွာဘုရားထံမှ အဖြေကို အင်အား အပြည့်ဖြင့် စောင့်နေလိုက်သည်။

'ပြောဆိုတော်မူရာ၏' ဟု ဖြေလျှင် … သို့တည်းမဟုတ်

'မပြောဆိုတော်မူရာ' ဟု ဖြေလျှင်၊ အို … မည်သို့ဖြေဖြေ …



www.burmeseclassic.com

www.burmeseclassic.com



ဥဘာတောကောင်ဒိုပဥ္စာ ပြဿနာမှ ဗုဒ္ဓဘုရား ရှန်းမထွက်နိုင်တော့ဟု ယုံကြည်စိတ်ချနေသည်။ ဝန်ခံအဖြေ၊ ငြင်းဆန်အဖြေ ဘာပဲလာလာ နောက်ဆက်တွဲစကားဖြင့် အကျဉ်းအကျပ် ရောက်စေတော့အံ့။ ထိုအခါ ...

ဆရာနိဂဏ္ဌာ ပြောခဲ့သလို အဘယမင်းသားက မြတ်စွာဘုရားကို ဝါဒတင်ခဲ့သတဲ့ဟူ၍ ကောင်းခြင်းကျော်စော ဖြစ်ပေတော့မည်။

'ချစ်သား အဘယ'

ကြည်လင်သော အသံတော်ကို ကြားရပေပြီ။

ကြက်သီးမွေးညင်း ဖြန်းဖြန်းထလာသည်အထိ အဘယ ပီတိဖြစ်နေသည်။

'ဤအရာမှာ ဧကန်တစ်ထစ်ချ ဖြေလို့ မဖြစ်နိုင်ပေဘူး ချစ်သား'

အေးမြကြည်လင်သော အသံတော်နှင့် တိုတောင်းတိကျသော အပြောစကားဖြစ်သော်လည်း အဘယနားထဲတွင်မူ အနီးကပ်၍ မိုးကြိုးထစ်ချုန်းလိုက်သလို ဖြစ်သွားသည်။ မိုးကြိုးသွား ထိမှန်ရာတွင်ကား ရှေ့ဆက်မေးမည့် မေးခွန်း၊ စီစဉ်တကျပြင်ဆင်ထားသည့် စောဒနာတို့သည် ဝရုန်းသုန်းကား ပျက်စီးသွားကြပေပြီ။

မျှော်လင့်ထားသည့် အဖြေစကားနှစ်ခုအနက် တစ်ခုမှ မဟုတ်လာ။

'ဧကန်တစ်ထစ်ချ ဖြေလို့ မဖြစ်နိုင်ပေဘူး ချစ်သား' ...တဲ့။

ချွေးသီးချွေးပေါက်များ ပြန်လာသည်။ အာစေးမိသလို နှုတ်ဆွံ့သွားသည်။ အသက်ပင် မရှူမိဟု ထင်သည်။ အံ့သြတုန်လှုပ်ခြင်းဖြင့် ပွင့်ဟနေသော ပါးစပ်ထဲတွင် စကားလုံးများ ပျောက်ဆုံးနေသည်။ နားထဲတွင် တဝီဝီမြည်လာပြီး ခေါင်းထဲမှာ မူးဝေနောက်ကျိလာသည်။

အားလုံး ပျက်စီးပြီ။ သောင်ပြင်၌ ရေးခြစ်ထားသော ရုပ်ပုံကို မဟာသမုဒ္ဒရာ၏ လှိုင်းလုံးများက အပြီးတိုင် ဖျက်ဆီးချေမှုန်းသွားခဲ့ပြီ။

မိမိကိုယ်တိုင်က မသိလိုက်ပါဘဲလျက် အဘယ၏နှုတ်မှ ကတုန်ကယင်စကားတစ်ခွန်း ထွက်ကျသွားတော့သည်။

'နိဂဏ္ဌာအကြံ ပျက်သွားပြီဘုရား'

'မင်းသား ...နိဂဏ္ဌာအကြံပျက်သွားပြီလို့ ဘာကြောင့် ဆိုသလဲ'

'အရှင်ဘုရား ...တပည့်တော်ရဲ့ဆရာသခင် နိဂဏ္ဌနာဋပုတ္တက ဒီ အခွန်း နှစ်ဖက်ထွက် ပြဿနာကို စီစဉ်ပြီး တပည့်တော်ကို အမေးခိုင်းလိုက်ခြင်း ဖြစ်ပါတယ်ဘုရား'



စီစဉ်ထားသော အကြံအစည်အားလုံးကို အဘယ မခြွင်းမချန် လျှောက်တင်မိလေတော့သည်။ မည်သို့မည်ပုံ ဖြောင့်ချက်ဝန်ခံစကား ပြောမိသွားမှန်းမသိ၊ အားလုံး အကုန်အစင် တင်ပြီးသွားတော့မှပင် အဘယရင်ထဲတွင် ချောင်ချိသွားခဲ့သည်။

'မင်းသား... သင့်ပေါင်ပေါ်မှာ ပက်လက်ရှိနေတဲ့ ကလေးငယ်ဟာ တစ်စုံတစ်ယောက်ရဲ့ ပေါ့လျော့မှုကြောင့် သစ်သားစ ဖြစ်စေ၊ ကျောက်ခဲဖြစ်စေ ခံတွင်းထဲကို မျိုသွင်းလိုက်ပြီ ဆိုပါစို့၊ သင် ဘာလုပ်မလဲ'

ဘုရားရှင်ထံမှ အမေးတော်ရှိမှပင် ပေါင်ပေါ်မှာ ပက်လက်သိပ်ထားခဲ့သော ကလေးငယ်ကို သတိရပြီး ငုံ့ကြည့်လိုက်သည်။ အဘယ ရှက်ခြင်းကြီးစွာ ဖြစ်ရပြန်ပြီ။ စင်စစ် ဤကလေးငယ်ကား ဥပါယ်ပစ္စည်းပေ။ ဝါဒတင်သူတို့ ထုံးစံအတိုင်း မိမိတင်သောဝါဒ အခြေမလှဖြစ်ခဲ့ပါက ကလေးငယ်ကို ဆိတ်ဆွဲကာ ငိုစေခြင်းဖြင့် ကလေးငိုသောကြောင့် ထသွားရသည့်ဟန်ဆောင်ကာ မြတ်စွာဘုရားရှေ့မှ ထသွားနိုင်ရန် စီစဉ်ထားခဲ့ခြင်း ဖြစ်သည်။ ဤသဘောကို အဘယမင်းသား ကြားမှူးနားဝဖြင့် စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ဝါဒတင်သူတို့သည် မိမိစကား အခြေမလှပါက အကြောင်းအမျိုးမျိုးပြပြီး နားဝေတိမ်တောင် လုပ်တတ်ကြသည်ဟု ကြားဖူးသည်။ ယခု မြတ်စွာဘုရားက ကလေးငယ်နှင့် ပတ်သက်၍ အမေးစကား ပြန်ရှိလိုက်လေသည်။

ကလေးငယ်သည် သစ်သားစ၊ သို့မဟုတ် ကျောက်ခဲ တစ်စုံတစ်ရာကို မျိုသွင်းမိလျှင် ဘာလုပ်မလဲတဲ့။

'အရှင်ဘုရား ... ကလေးငယ်ကို မသွင်းမျိုမိအောင် ဆွဲယူတားဆီးပါ့မယ်ဘုရား'

'ဆွဲယူတားဆီးလို့ မမီခဲ့ရင်ကော မင်းသား'

'ခေါင်းကို ဖေးမပြီး ခံတွင်းထဲ လက်ချောင်းကိုကွေးသွင်းပြီး မျိုလိုက်တဲ့အရာကို ဆွဲ ထုတ်ပါမယ်ဘုရား'

'ဒီလို ဆွဲ ထုတ်လိုက်တဲ့အခါ သွေးနဲ့တကွ ပါလာရင်ကော မင်းသား'

'သွေးနဲ့တကွပဲ ဆွဲထုတ်ရပါတော့မယ်ဘုရား'

'ဘာကြောင့် ဒီလိုပြုမယ်လို့ သင် ဆိုသလဲ မင်းသား'

မဆိုင်းမတွ ပြန်လျှောက်လိုက်သည်။

'ကလေးငယ်အပေါ်မှာ သနားခြင်းရှိလို့ပါ အရှင်ဘုရား'

အတုမဲ့ နက်ရှိုင်းသော အသံတော် ပေါ်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ချစ်သား အဘယ… မြတ်စွာဘုရားတို့ဟာ မမှန်သော၊ အကျိုးမရှိသော၊ သူတစ်ပါး မနှစ်သက်သော စကားတို့ကို ဆိုတော်မမူ၊ မှန်သော်လဲ အကျိုးမရှိသော သူတစ်ပါး မနှစ်သက်သော စကားများကို ဆိုတော်မမူ၊ မှန်သော အကျိုးရှိသော၊ သူတစ်ပါး နှစ်သက်သော စကားတို့ကို ကာလအလျောက် ဆိုတော်မူတယ်၊ မမှန်သော အကျိုးမရှိသော၊ သူတစ်ပါး မနှစ်သက်သော စကားမျိုးကို ဆိုတော်မမူ၊ မှန်သော၊ အကျိုးရှိသော၊ သူတစ်ပါးနှစ်သက်သော စကားမျိုးကို ဆိုတော်မူတယ်၊ ဘာကြောင့်လဲဆိုတော့ ချစ်သား အဘယ… ကလေးငယ်အပေါ် သင်သနားခြင်း ရှိသလို သတ္တဝါအပေါင်းတို့အပေါ်မှာ မြတ်စွာဘုရား သနားခြင်းရှိသောကြောင့် ဖြစ်တယ်'

ပညာဉာဏ်အခံရှိသော အဘယမင်းသားအဖို့ ဘုရားရှင် ဟောကြားပြသသော စကားခြောက်မျိုးတို့ကို ချက်ချင်းသဘောပေါက်နားလည်သွားသည်။ ထို့အတူပင် ရှင်ဒေဝဒတ်အပေါ် ဘုရားရှင် ပြောဆိုတော်မူသောစကား၏ အဓိပ္ပာယ်များကိုလည်း သဘောပေါက်သွားသည်။

ထို့အတူပင် ဘုရားရှင်၏ သတ္တဝါတို့အပေါ် ထားအပ်သော မဟာကရုဏာတော်ကို တွေ့မြင်သွားကာ ဆည်တန့်မရနိုင်သော သဒ္ဓါတရားတို့ဖြင့် နှလုံးအိမ်သည် ညွှတ်နူးပျောင်းအိသွားလေသည်။

တစ်ချိန်တည်းမှာပင် အတုမဲ့ကြီးမြတ်တော်မူလှသော ဉာဏ်တော်၌ မကုန်မဆုံးနိုင် အံ့သြကြည်ညိုစိတ်များ ဖြစ်ပေါ်လာကာ ခြေတော်ရင်း၌ ပြားပြားဝပ်လျက် မေးလျှောက်မိလေတော့သည်။

'အရှင်ဘုရား…ခုအခါမှာ မဇ္ဈိမဒေသတစ်ဝန်းလုံးက မင်းပုဏ္ဏား၊ ရဟန်း၊ သူကြွယ် ပညာရှိပေါင်းများစွာဟာ အရှင်ဘုရားထံ ချဉ်းကပ်ပြီး အထူးထူးသော ပြဿနာများကို မေးလျှောက်ကြပါတယ်၊ ဒီလိုမေးလျှောက်ကြရာမှာ အရှင်ဘုရားဟာ မဆွကတည်းက စိတ်ချင်းသိမြင်ခဲ့ပြီး ဤသို့ မေးခဲ့သော် ဤသို့ဖြေမည်ဟု ကြံစည်ထားတော်မူပါသလား၊ သို့မဟုတ် အကြောင်းပေါ်လာမှ အကြောင်းအလျောက် ဉာဏ်၌ ထင်မြင်ပါသလားဘုရား'

ဤမေးခွန်းသည် ဘုရားရှင်၏ ဉာဏ်တော်အပေါ်၌ ယုံမှားသံသယဖြင့် မေးသော စကား မဟုတ်။ ကြည်ညိုစိတ်၊ သိလိုစိတ်ဖြင့် မေးခြင်းသာဖြစ်ကြောင်း အဘယကိုယ့်ကိုယ်ကို ယုံကြည်လေသည်။



'ချစ်သား အဘယ…သင့်ကိုပဲ မေးခွန်းပြန်မေးရပေမယ်၊ သင်ဟာ ရထားအရာမှာ သိပ်ကျွမ်းကျင်သူဖြစ်တယ်၊ အခြားသူတို့က သင့်ကို ဒီအရာဟာ ရထားရဲ့ ဘယ်အစိတ်အပိုင်းလို့ ခေါ်ပါသလဲလို့ မေးခဲ့တယ်ဆိုရင် သင့်အနေနဲ့ စိတ်ချင်း သိမြင်ထားပြီးဖြစ်လို့ ဤသို့မေးလျှင် ဤသို့ဖြေမည်လို့ ကြံစည်ထားသလား၊ သို့တည်းမဟုတ် အကြောင်းပေါ်လာမှ အကြောင်းအလျောက် ဉာဏ်၌ ထင်မြင်လာသလား'

ရွှင်လန်းဝမ်းမြောက်စွာ ဖြေလေသည်။

'အရှင်ဘုရား…တပည့်တော်ဟာ ရထားရဲ့ အင်္ဂါအစိတ်အပိုင်း ကြီးငယ် မှန်သမျှကို ကျွမ်းကျင်နှံ့စပ်နားလည်သူ ဖြစ်ပါတယ်၊ ဒါကြောင့် မေးလာသူရှိရင် တပည့်တော်ရဲ့အဖြေဟာ ဉာဏ်၌ ထင်မြင်လာတဲ့အဖြေ ဖြစ်ပါတယ်ဘုရား'

'ချစ်သားအဘယ…ထို့အတူပဲ မှတ်လေလော့၊ ပညာရှိတို့ ပြဿနာမေးလာကြတဲ့အခါမှာ အကြောင်းအားဖြင့် မြတ်စွာဘုရားရဲ့ ဉာဏ်မှာ ထင်လာပေတယ်၊ ဒီလိုအကြောင်းအားဖြင့် တစ်ခဏချင်း ဉာဏ်၌ထင်စေတတ်သော ဉာဏ်တော်ကို မြတ်စွာဘုရားဟာ ထိုးထွင်းသိမြင် ပြီးအပ်ပြီး ဖြစ်ပေတယ်'

အဘယ၏ လက်အုပ်အစုံသည် ဘုရားရှင်၏ ခြေတော်အစုံထက်သို့ နဖူးပြင်နှင့်တကွ ရောက်ရှိသွားလေသည်။

'ယနေ့မှစ၍ အသက်ထက်ဆုံး သရဏဂုံတည်သူဟု တပည့်တော်အား မှတ်တော်မူပါ အရှင်ဘုရား'

အဘယ၏ပေါင်ပေါ်မှ ဝါဒတင်ဥပါယ်အသုံးခံ ကလေးငယ်ကား နှစ်ခြိုက်စွာ အိပ်မောကျနေဆဲ။

ထို့အတူ နိဂဏ္ဌနာဋပုတ္တ၏ တပည့်ရင်းဖြစ်ခဲ့သော အဘယမင်းသားသည်လည်း ရတနာသုံးပါး၏ မဟာရင်ခွင်ထက်တွင် နှစ်ခြိုက်ရွှင်လန်းစွာ မွေ့လျော်သွားမှဲပေပြီ။

○

www.burmeseclassic.com

www.burmeseclassic.com

# ကမ်းပါးပြတ်ပေါ်က သစ်ပင်

ကြားလိုက်ရသော စကားကို နားက လက်မခံချင်။

သို့သော် နောင်ကြီး 'မဟာကာလ'၏ မျက်နှာကို ကြည့်လိုက်ပြန်တော့လည်း ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ ချပြီးသား မျက်လုံးများကို တွေ့နေရသည်၊ နောင်ကြီး မဟာကာလသည် ဘယ်တုန်းကမှ အပြောင်အပြက်စကားကို ဆိုဖူးသူ မဟုတ်။

မယုံ့ရဲ ယုံ့ရဲဖြင့်ပင် မေးမိလေတော့သည်။

'နောင်ကြီး... ဒါဟာ တကယ်ပြောနေတာလား'

မဟာကာလ လေးနက်စွာ ပြန်ပြောသည်။

'ငါ ဘယ်တုန်းက အပြောင်အပြက် ပြောခဲ့ဖူးလို့လဲ စူဠကာလ၊ ဒီလောက် အရေးကြီးတဲ့ ကိစ္စတစ်ခုကိုကော ငါက အချိန်ကုန်ခံပြီး စကားလုပ် ပြောနေရမှာလား'

'အမိပွာယ်မရှိလိုက်တာ နောင်ကြီး မဟာကာလရယ်' ဟူသော စကားလုံးများ လည်ချောင်းထဲက အန်ထွက်ကျလာမည်စိုးသောကြောင့် စူဠကာလသည် ကဗျာ ကယာပင် ဆံတွေးကို မျိုချလိုက်ရသည်။ ပြီးမှ...

'နောင်ကြီးကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ အခုဟာက လုံးဝ မမျှော် လင့်ဘဲ ကြားလိုက်ရတာကြောင့် ကိုယ့်နားကိုယ်တောင် မယုံမကြည် ဖြစ်နေလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



မဟာကာလ၏ တည်ငြိမ်နေသောမျက်နှာပေါ်တွင် အပြုံးရိပ်ဖြတ်သွားသည်။

'မယုံမကြည်ဖြစ်မနေနဲ့ ရှုဋ္ဌကာလ၊ ငါ တကယ်ပြောတာ၊ အခု မင်းနဲ့ငါ ညီအစ်ကိုနှစ်ယောက် ပါလာတဲ့ ကုန်လှည်းငါးရာကော၊ ကုန်ပစ္စည်းတွေကော၊ သေတဗျမြို့မှာ ကျန်ခဲ့တဲ့ ငါပိုင်စည်းစိမ်ဥစ္စာတွေ အားလုံးကော မင်း အကုန် ယူလိုက်တော့၊ မင်း ခွဲဝေပေးချင်သပ ဆိုရင်လဲ ဟိုအကောင် မဇ္ဈိမကာလကိုပါ ဝေပုံကျခွဲပြီး ပေလိုက်ပေတော့'

'နောင်ကြီးကကော...'

'ငါ အဲဒါတွေအားလုံးကို တစ်ခုမှ မလိုချင်တော့ဘူး၊ မလိုချင်တဲ့အပြင် ဒီပစ္စည်းဥစ္စာတွေဟာ ငါ့ခြေထောက်ကို ရစ်ပတ်နေတဲ့ နွယ်တွေ၊ မှော်ပင်တွေလို့တောင် ငါထင်တယ်၊ ငါ စက်ဆုပ်တယ်'

'နေ ... နေစမ်းပါဦး နောင်ကြီးရယ်၊ ကျွန်တော် ပြောပါရစေဦး'

'ပြောစရာရှိလဲ ပြောလေ၊ ဒါပေမဲ့ မင်းစကားတွေလဲ အချည်းနှီးဖြစ်မှာပဲ'

ရှုဋ္ဌကာလ တစ်ချက်တွေး၍ စဉ်းစားသည်။ ပြောစရာစကားလုံးတွေကိုလည်း စီကြည့်သည်။

'နောင်ကြီး စဉ်းစားပါဦးဗျာ၊ နောင်ကြီးရယ်၊ ကျွန်တော်ရယ်၊ပြီးတော့ သေတဗျမြို့မှာ ကျန်ခဲ့တဲ့ ဟိုအလတ်ကောင် မဇ္ဈိမကာလရယ် လောကကြီးမှာ ပေးပြီးရေမှ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်တည်း ရှိတာပါ၊ ပြီးတော့လဲ ဒီညီအစ်ကိုသုံးယောက်က ခုထိ သေအတူ ရှင်မကွဲ လက်ချင်းတွဲပြီး ကုန်သည်လုပ်ငန်းနဲ့ နေထိုင်ခဲ့ကြတာပါ၊ အခုဆိုရင် မဟာကာလ၊ မဇ္ဈိမကာလ၊ ရှုဋ္ဌကာလ ဆိုပြီး သေတဗျက သူကြွယ်ညီနောင်သုံးဦး ဆိုပြီး အားလုံးသိထားကြတာပါ၊ ဒီသုံးယောက်မှာ နောင်ကြီးက ဘာအကြောင်းမှလဲ မရှိဘဲ ရှိသမျှပစ္စည်းတွေ မင်းတို့ ယူကြပေတော့လို့ ပုံအပ်ပြီး လမ်းခွဲထွက်လိုက်တာဟာ လူကြားလို့မှ မကောင်းပါဘူးဗျာ'

'ပြောပါ ရှုဋ္ဌကာလ၊ မင်း ပြောစရာရှိတာတွေ ဆက်ပြောပါ၊ ကုန်အောင် ပြောပြီးမှ ငါပြောပါမယ်'

'ကျွန်တော်က အငယ်ဆုံးပါ၊ နောင်ကြီးနဲ့ ကျွန်တော်တို့ နှစ်ယောက်တွဲပြီး ကုန်လှည်းငါးရာနဲ့ အနယ်နယ်လှည့်ပြီး ကုန်ပစ္စည်းတွေ ဖောက်ကား၊ အလတ်ကောင် မဇ္ဈိမကာလက သေတဗျကနေ တာဝန်ယူပြီး ဒါတွေကို ရောင်းဝယ်၊ ကဲ... ညီအစ်ကိုတစ်တွေ ဘယ်လောက်စည်းရုံးခဲ့ကြသလဲ၊ အခုလဲ ထုံးစံအတိုင်း ကုန်



လှည်းတွေနဲ့ ထွက်လာခဲ့ကြတယ်၊ ခရီးစဉ်တစ်လျှောက်လုံး နောင်ကြီးဟာ ဘာမှ မဖြစ်ခဲ့ဘဲ ခု သာဝတ္ထိရောက်ခါမှ နောင်ကြီးက ခွဲခွာစကား ပြောတယ် ဆိုတော့...'

ပြောရင်းဖြင့် တကယ်ပင် ဝမ်းနည်းလာပြီး ရှုဋ္ဌကာလ အသံများ တုန်တုန်ယင်ယင် ဖြစ်လာသည်။

'ကျွန်တော် နားမလည်နိုင်အောင်ဘဲဗျာ၊ ကျွန်တော့်အပေါ်မှာ ဘာမကျေနပ်တာ ရှိသလဲဟင်'

'မင်းအပေါ်မှာ ဘာမှ မကျေနပ်တာ မရှိပါဘူး ညီလေး'

'ဒါဖြင့် ဘာကြောင့် သစ်စိမ်းချိုး ချိုးလိုက်ရလဲဗျာ'

မဟာကာလ သက်ပြင်းရှိုက်သည်။

'အေး ...မင်းတို့ကတော့ သစ်စိမ်းချိုး ချိုးတယ်လို့ ပြောမှာပဲ၊ ဒါပေမဲ့ ငါကလဲ ဒီမဟာကာလသူကြွယ် ဆိုတဲ့ဘဝကို မျက်တောင်တစ်ခတ် ပြီးတိုင်း ပြီးတိုင်း စက်ဆုပ်ရွံရှာလာပြီ'

'သေတဗျမှာ ကျန်ခဲ့တဲ့ နောင်ကြီးရဲ့ မိန်းမတွေကိုကော'

'ပို့ပြီး စက်ဆုပ်ရွံရှာစရာပေါ့ ရှုဋ္ဌကာလ'

'ကျွန်တော် နားမလည်နိုင်ဘူးဗျာ၊ နားမလည်နိုင်ဘူးဗျာ'

'နားလည်ရမယ် ညီလေး၊ မင်း နားမလည်ရင် မင်း ဒုက္ခရောက်မယ်'

'ဒုက္ခ ...ဟုတ်လား'

'ဟုတ်တယ်၊ အင်မတန်ကြောက်စရာကောင်းတဲ့၊ ကြီးကျယ်တဲ့ ဒုက္ခ'

'ကြီးကျယ်တဲ့ ဒုက္ခ ...ဟုတ်လား၊ သူကြွယ်ဆိုတဲ့ဘဝ၊ စည်းစိမ်ဘဏ္ဍာတွေ၊ ပြီးတော့ မယားအချောအလှတွေ၊ ခြွေရံသင်းပင်းတွေ၊ ရွှေငွေရတနာတွေ၊ ဆွေမျိုးသားချင်းတွေ ...ဒါတွေဟာ ဒုက္ခတဲ့လား၊ ကဲ ...သူကြွယ်မဟာကာလမှာ ဒုက္ခ ဆိုတာ ဘာတဲ့လဲ'

'အဲဒါတွေအားလုံးဟာ အပြစ်တွေပဲ၊ ဆင်းရဲခြင်းတွေပဲ၊ နှစ်မွန်းယစ်မူးခြင်းတွေပဲ ရှုဋ္ဌကာလ'

'ဗျာ...'

မဟာကာလသည် ညီဖြစ်သူ၏ လက်မောင်းကို တက်ကြွစွာ ဆုပ်ကိုင်လျက်...

'နားထောင်စမ်း ညီလေး၊ မနေ့ညက မင်းနဲ့ လှည်းသားတွေ လှည်းဝိုင်းမှာ ညစာစား ပျော်ရွှင်နေကြတုန်းမှာ ငါ ဘယ်ရောက်ခဲ့တယ် ထင်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သာဝတ္ထိမြို့ထဲ သွားပြီး နောင်ကြီး ကုန်ဈေး စနည်းနာသွားတာ မဟုတ်လား'

'မဟုတ်ဘူး စူဠကာလ၊ မနေ့ညက ပန်းနံ့သာတွေ လှူဖွယ်ပစ္စည်းတွေ ဆောင်ယူပြီး သာဝတ္ထိသားတွေဟာ တစ်နေရာဆီကို သွားနေကြတာ တွေ့လို့ ငါက ဘယ်သွားကြသလဲ၊ ဘာလုပ်ကြသလဲ မေးလိုက်တယ်၊ သူတို့က ဇေတဝန်ကျောင်းတော်ကိုသွားပြီး မြတ်စွာဘုရားကို ရှိခိုးပူဇော် တရားနာကြတာလို့ ပြောတာနဲ့ ငါလဲ လိုက်သွားခဲ့တယ်၊ မြတ်စွာဘုရားကို ငါ ရှိခိုးပူဇော်ခဲ့တယ်၊ တရားနာခဲ့ရတယ်၊ ရှင်တော်မြတ်ရဲ့ တရားအဆုံးမှာပဲ ငါဟာ လုံးဝပြောင်းလဲသွားပြီဆိုတာ သိလိုက်ရတယ်'

ရှုးစိုက်ထက်သန်လွန်းသော မဟာကာလ၏ အမူအသွင်ကိုကြည့်၍ စူဠကာလ အံ့အားသင့်နေသည်။

'ကာမဂုဏ်ရဲ့အပြစ် ယုတ်ညံ့ပုံ၊ ညစ်ညူးပုံကို ငါ တွေ့မြင်ခဲ့တယ်၊ ကာမဂုဏ်က ထွက်မြောက်ခြင်းရဲ့ အကျိုးအာနိသင်ကိုလဲ ငါ ကြားသိခဲ့ရတယ်၊ အို…နောက်ဆုံးတော့ကွာ၊ အိမ်ရာထောင်တဲ့ လူ့ဘောင်မှာ နေလို့ကတော့ ဘယ်လိုမှ အကျိုးမရှိပါဘူးဆိုတာ သိခဲ့ပြီး ဗုဒ္ဓထံမှာ ရဟန်းပြုခွင့် ငါတောင်းထားတယ်'

စူဠကာလကား အံ့ဩခြင်း၏ အဆုံးစွန်၌ လုံးဝမလှုပ်ရှားနိုင်တော့။

'မြတ်စွာဘုရားက ရဟန်းပြုဖို့အတွက် ခွင့်ပန်ကြားအပ်သူ တစ်စုံတစ်ယောက်မှ မရှိဘူးလားလို့ မေးတော်မူတယ်၊ ငါကလဲ ညီငယ်တစ်ယောက်တော့ဖြင့် အတူတကွ ပါလာကြောင်း လျှောက်ထားတော့ ညီငယ်ကိုပဲ ပန်ကြားဦးလို့ မိန့်တော်မူလိုက်တယ်၊ ဒါကြောင့် အခု မင်းကို ငါပြောတာပဲ ညီလေး၊ ငါ့ကိုမြတ်စွာဘုရားထံတော်မှာ ရဟန်းပြုခွင့် ပေးပါ၊ ငါ ရဟန်းပြုတော့မယ်'

'သေတဗျမှာ ကျန်ခဲ့တဲ့ မရှိမကာလကိုကော'

'မင်းပဲ ပြောလိုက်တော့ ညီလေး'

'နောင်ကြီးရဲ့ သားမယားတွေကော'

'ငါ အလိုမရှိတော့ဘူး ညီလေး'

'ဒါ…ဒါဖြင့် ဟောဒီလှည်းတွေ၊ ဟောဒီကုန်ပစ္စည်းတွေ၊ အသပြာတွေ…'

'ပြောခဲ့ပြီးပါပကော စူဠကာလ၊ အားလုံးကို မင်းယူလိုက်တော့'

'ဟို…ဟို…သူဌေးသူကြွယ် ကုန်သည်မိတ်ဆွေတွေကော'

'ငါ့အတွက် သူတို့အားလုံး ပျောက်သွားပြီ'



'နောင်ကြီးရယ်၊ ကျွန်တော်တို့မှာ ညီအစ်ကိုသုံးယောက်တည်း ရှိတာ၊ ကျွန်တော်တို့ အငယ်နှစ်ယောက်က ခုလိုဆိုတော့…'

'စူဠကာလ…မင်းတို့ ညီနှစ်ယောက်မပြောနဲ့၊ ငါတောင် ဒီဘဝ ဒီအဖြစ်ကို မလိုချင်တော့ဘူး'

'နောင်ကြီးကို ဘယ်လိုမှ တောင်းပန်လို့ မရတော့ဘူးလား'

'မကြိုးစားနဲ့တော့ စူဠကာလ'

'ဇေတဝန်ကျောင်းတော်ကိုသွားမယ့် နောင်ကြီးရဲ့ခြေလှမ်းအောက်မှာ ကျွန်တော် လည်စင်းပြီး တားမယ်'

'စူဠကာလ…ဘုရင်ဧကရာဇ်ရဲ့အမိန့်နဲ့ တားတောင်မှ ငါ မနေတော့ဘူး'

စူဠကာလ သဘောပေါက်သွားသည်။ တစ်သက်လုံးက ကြောက်ရွံ့လေးစားခဲ့ရသော အစ်ကိုကြီး၏ စိတ်သဘောထားကို လက်ပွန်းတတီး စီးပွားရှာ လှည့်လည်နေထိုင်ခဲ့သည့်မိမိက အသိဆုံးဖြစ်သည်။ မဟာကာလ၏ ဆုံးဖြတ်ချက် ဟူသည်မှာ သဘောတစ်စင်း၏ ကျောက်ဆူးနှင့် အတူတူပင် ဖြစ်ချေသည်။

'ငါ့ကို ခွင့်ပေးပါ စူဠကာလ၊ ငါ ရဟန်းပြုပါရစေ'

အစ်ကိုကြီး၏ မျက်လုံးများကို ရင်မဆိုင်ရဲတော့။ ခွင့်ပန်ကြားသော စကားဖြစ်စေကာမူ ဤစကားလုံးများနောက်၌ 'ခွင့်ပြုလိုက်' ဟူသောအင်အား ပါနေသည်။ နောင်ကြီး မဟာကာလကား ချော့မြူခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျိုးကြောင်းဆင်ခြင်ပြခြင်းတို့၏ ဝေးစွာသော အခြားတစ်ဖက်သို့ ရောက်သွားခဲ့ပြီ။

စူဠကာလက သက်ပြင်းတစ်ချက် မှုတ်သည်။ မျက်လုံးအစုံကို မှိတ်သည်။ မျက်စိမှိတ်လျက်သားဖြင့် ပြောသည်။

'ကောင်းပါပြီ နောင်ကြီး၊ နောင်ကြီးအလိုအတိုင်းသာ ပြုပါတော့'

စူဠကာလ မျက်လုံးများ ပြန်ဖွင့်လိုက်ချိန်တွင် မဟာကာလ မရှိတော့။ စောစောက မဟာကာလ ထိုင်ခဲ့သော နေရာသည် ဗလာဟင်းလင်း။

စူဠကာလ၏ မျက်နှာပေါ်၌ ထူးခြားသောအရိပ်များ ပေါ်လာသည်။ မျက်မှောင်ကြုတ်ထားသော မျက်ခုံးများ ပြေလျော့သွားသည်။ ကျင်စွယ်ကို သူ့အံ့ဖွဖွ သပ်သည်။ နှုတ်ခမ်းထောင့်များ အပေါ်သို့ တွန့်သွားသည်။ တစ်ယောက်တည်းပင် သူ အသံထွက် ပြောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လဲ မကြာခင် နောင်ကြီးဆီ လိုက်ပြီး အတူ ရဟန်းပြုမယ်၊ ပြီးတော့ နောင်ကြီးပါ လူထွက်အောင် လုပ်ရမယ်၊ သူကြွယ်ဟာ သူကြွယ်လိုပဲ နေစမ်းပါ နောင်ကြီးရယ်'

*

(၂)

ရဟန်း၏အဖြစ်ကို ရောက်ရှိလာသော မိမိကို နောင်တော်မဟာကာလ မထေရ်က မည်သို့မျှ ထူးထူးခြားခြား သိမှတ်ခြင်းမပြုသည်ကို စူဠကာလ မထေရ် ရင်ဆိုင် လိုက်ရသည်။ သို့သော် စူဠကာလ မထေရ်ကလည်း နောင်တော်အား တည်တည် ငြိမ်ငြိမ် ဆက်ဆံပြနိုင်ခဲ့သည်။ နောင်တော်ကို အတူတကွ လူထွက်စေရန် သွေး ဆောင်ဖို့ကား လမ်းစမျှပင် မပေါ်သေး။

မပေါ်နိုင်သော လမ်းစသည် ဝေးသည်ထက် ပိုဝေးသွားသည်ဟုပင် ဆိုရမည်။

'ကြားပြီးပြီလား ငါ့ရှင် စူဠကာလ၊ သင့်နောင်တော် မဟာကာလ မထေရ်က ဘုရားရှင်ထံ ချဉ်းကပ်ပြီး မှတင်ဘယ်နှစ်ပါးရှိသလဲဘုရားလို့ မေးလျှောက်သတဲ့'

'ဟုတ်လား'

ရဟန်းတစ်ပါးက စူဠကာလမထေရ်ကို ပြောလာသည်။

'ဘုရားရှင်က နှစ်ပါးသော မှုရတို့ကို မိန့်တော်မူလိုက်တော့ သင့်နောင်တော် က အရွယ်အိုမင်းမှ ရဟန်းပြုသူဖြစ်တဲ့အတွက် စာပေပရိယတ္တိကို သင်ကြားခြင်း ဆိုတဲ့ ဂန္ထဓုရကို မဖြည့်စွမ်း မကျင့်သုံးနိုင်ပါ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဆိုတဲ့ ဝိပဿနာ ဓုရကိုတော့ ဖြည့်ကျင့်ပါ့မယ်လို့ လျှောက်ထားသတဲ့'

'ဟုတ်လား'

စူဠကာလ မထေရ်သည် နားလည်သယောင်ပြုလျက် ဟုတ်လားဟုသာ ပြန် မေးလိုက်ရသော်လည်း သာသနာတော်၏ ဝေါဟာရများကို နားလည်လှသည်တော့ မဟုတ်ပေ။

'ဒီတော့ မဟာကာလမထေရ်က သုသာန်မှုတင်ကို ကျင့်မယ်လို့ ဆိုတယ်'

'ဘယ်လိုကျင့်မှာတဲ့တုံး'

'ကျင့်မှာမဟုတ်တော့ဘူး ငါ့ရှင်၊ သင့်နောင်တော်က အခု သုသာန်မှုတင်ကို



ကျင့်နေပြီ၊ ပထမယံ လွန်တဲ့အခါ ရဟန်းတွေအားလုံး ကျိန်းစက်နေချိန်မှ သင်္ချိုင်း ကို သွားနေတယ်၊ နံနက်စောစောဘယ်သူမှ မထခင်မှာ ကျောင်းကိုပြန်လာတယ်'

စူဠကာလမထေရ် ကြက်သီးမွေးညင်း ဖြန်းဖြန်းထသွားသည်။ သုသာန်မှုတင် တဲ့၊ သင်္ချိုင်း ... တဲ့။

နောက် ရက်များမကြာမီတွင် နောက်ထပ်သတင်းများကို ကြားရပြန်သည်။

'ကြားပြီးပြီလား ငါ့ရှင် စူဠကာလ၊ သင့်နောင်တော်ကတော့ သုသာန်မှုတင် ကိုအပြင်းအထန်ကျင့်နေပြီ၊ အခု သုသာန်က သုသာန်စောင့် လူသေကောင်မီးဖုတ် တဲ့ ကာလီဆိုတဲ့ မိန်းမကြီးတစ်ယောက်ရဲ့ အကူအညီနဲ့ အလောင်းကောင်တွေကို ကမ္မဋ္ဌာန်းစီးဖြန်းနေတယ် ဆိုတယ်'

ရွံရှာထိတ်လန့်ခြင်းကြောင့် ပျို့တက်လာသော သလိပ်များကို စူဠကာလ မထေရ် အနိုင်နိုင်ထိန်းလိုက်ရသည်။

နောင်တော်ကား အကယ်ပင် အပြင်းအထန်ကျင့်နေချေပြီ။

ကြားရသည့်သတင်းများကား ချောက်ချားဖွယ်ပင်။

လူသေကောင် မီးဖုတ်သည့် သုသာန်စောင့်မိန်းမကြီး ကာလီက နောင်တော် အား သုသာန်တွင် ကျင့်သုံးအပ်သော ဝတ္တရားများကို ပြောပြသည်ဆိုသည်။ နောင် တော်သည် သုသာန်၌နေသူ ဖြစ်သည့်အလျောက် ငါး၊ အမဲ၊ နှမ်း၊ မုန့်ညက်၊ ဆီ၊ တင်လဲ စသည်တို့ကို မသုံးဆောင်တော့။ ညချမ်းတွင် ဇေတဝန်ကျောင်းမှ ထွက် ခွာကာ သုသာန်သို့ သွားသည်။ နံနက်စောစော မည်သူမှ မနိုးခင် သုသာန်မှ ပြန် လာသည်။ သုသာန်စောင့် လူသေကောင်မီးဖုတ်သမကြီး ကာလီကလည်း မြတ် သော အလိုအရွှာသယဖြင့် အားထုတ်ပါမူ အရှင်ဘုရား ပျံလွန်တော်မူသည့်အခါ အကယ်၍ သေသောအလောင်းကို စွန့်ပစ်ကြမည်ဆိုပါက စုလစ်မွှမ်းချွန်တပ် တလားကြီးသို့ တင်လျက် ပန်းနံ့သာ ဆီမွှေးတို့ဖြင့် ပူဇော်သကြိုဟ်မည်ဟု ပြော ကြောင်း ကြားသိရ၏။ အကယ်၍ရဟန်းကိစ္စပြီးအောင် မပြုနိုင်ပါမူ ထင်းပုံသို့ တင် မီးတိုက်လျက် တံရူးဝါးဖြင့် ချိတ်ဆွဲကော်ထုတ်ကာ ပုဆိန်ဖြင့် အပိုင်းပိုင်း ဖြတ်ပြီးမှ မီးတိုက်မည်ဟုလည်း ပြောသည်ဆိုသည်။ နောင်တော် မဟာကာလ မထေရ်ကလည်း သုသာန်စောင့် မိန်းမကြီးစကားအတိုင်း လိုက်နာသည်ဟု ဆိုပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



'သူမိုလို့ ဒီအနိဋ္ဌာရုံတွေ၊ အလောင်းကောင်တွေကြားမှာ သွားပြီး မွေ့လျော်လေတယ်၊ ငါ့မှာတော့...'

စူဠကာလ၏ အတွေးသည် နောင်တော်မဟာကာလထံတွင် ရစ်ဝဲနေရာမှ မိမိကိုယ်တိုင်အပေါ်သို့ ပြန်လည်ဆင်းသက်လာသည်။

'ငါဆိုရင်တော့...အင်း...'

သေတဗျမြို့တွင် ကျန်ရစ်ခဲ့သော ဇနီးလေးယောက်ကို ပြန်၍ သတိရလိုက်သည်။ အငယ်ဆုံးဇနီး၏ ရုပ်သွင်က အထင်ရှားဆုံး။

သေတဗျမြို့ကို ပြန်ချင်ပြီ။ ငါ့အိမ် ငါပြန်ချင်ပြီ။ ဟိုမှာ ဇနီးနှစ်ယောက်နဲ့ ချက်ပြုတ်ကျွေးမွေးလို့၊ ရေချိုးသန့်စင်ပေးလို့၊ စောင်းညင်းတဲ့ တီးမှုတ်သီဆိုလို့၊ စက်ရာခန်းထဲမှာလေ...။ အခုတော့ သည်ဇေတဝန်ကျောင်းမှာ၊ သည်သံဃာတွေကြားမှာ ငါဟာ ရဟန်းဘဝနဲ့။

ဩော်...နောင်တော်၊ နောင်တော်။ ဝန်လေးလှထဲ့အမှုကိုမှ ရွပ်ချွံပြီးပြုနေတာပါလား။

မနေချင်တော့ဘူး၊ ငါ မနေချင်တော့ဘူး။ ငါ လူထွက်ချင်ပြီ၊ လူဝတ်လဲချင်ပြီ။ သေတဗျကို ပြန်ချင်လှပြီ။ ဩော်...ဒုက္ခ...ဒုက္ခ။

*

(၃)

'ဟောဒီမှာပါ အရှင်ဘုရား...ဒီအလောင်းကောင်ဟာ ပြင်းစွာသော အနာရောဂါနဲ့ ညချင်းဆုံးသွားတဲ့ မိန်းမပျိုတစ်ဦးဖြစ်ပါတယ်၊ မပုပ်မသိုး မညှိုးမနွမ်း ရှိနေပါတယ်၊ ဆွေမျိုးမိဘကလဲ ညချင်းပဲ သုသာန်ကို လာပို့ပြီး တပည့်တော်မကို အခကြေးငွေများ ပေးပြီး သင်္ဂြိုဟ်ဖို့ မှာသွားကြပါတယ်၊ မြင်တော်မူပါ အရှင်ဘုရား'

သုသာန်စောင့် မီးဖုတ်သမ ကာလီသည် ရှေ့မှောက်တွင်ရှိသော အလောင်းကောင်ပေါ်မှ အဝတ်ကို ဖယ်ရှားလိုက်သည်။

ရွှေအဆင်းကဲ့သို့ ဝင်းဝါစိုပြည်ဆဲ၊ လှပလတ်ဆတ်နေဆဲ မိန်းမပျိုတစ်ယောက်၏ ရုပ်အလောင်း ပေါ်လာသည်။



မဟာကာလ မထေရ်သည် ခြေဖဝါးပြင်မှသည် ဆံဖျားအထိ ကြည့်ရှုလေသည်။

'အလွန်ကောင်းမွန်တင့်တယ်တဲ့ အဆင်းရူပကာပေပဲ ကာလီ၊ ဒီအလောင်းကောင်ကို သင်ပြုဖွယ်အတိုင်းသာ ပြုပေတော့'

'ကောင်းပါပြီ အရှင်ဘုရား'

ကာလီသည် သူ၏ အလုပ်ကိစ္စကို စတင်၍ ကျွမ်းကျင်စွာ ဆောင်ရွက်လေတော့သည်။ အသင့်ပြင်ဆင်ပြီးသား ထင်းပုံပေါ်သို့ အလောင်းကောင်ကို တင်သည်။ ခြေလက်များ ရုန်းကြွမလာအောင် သစ်တုံးများဖြင့် ဖိညှပ်ချည်နှောင်သည်။ ထို့နောက် အလောင်းကို မီးလောင်ရာတွင် လွယ်ကူလျင်မြန်စွာ ကူးစက်စေမည့် အရည်တစ်မျိုးကို ခြေဖျားခေါင်းဖျား နေရာလပ်မရှိဆွတ်ဖျန်းလိမ်းကျံသည်။ ကာလီကို ကြည့်ရသည်မှာ အလောင်းကောင်ကို ဖုတ်ကျည်းသင်္ဂြိုဟ်မည့် မီးဖုတ်သမနှင့် မတူဘဲ မိမိ၏ အရုပ်ပေါ်တွင် ချစ်မြတ်နိုးစွာဖြင့် တယတယထုဆစ်နေသော ပန်းပုဆရာတစ်ယောက်အလားပင်။

'တပည့်တော်မ အခု မီးဖုတ်သင်္ဂြိုဟ်ပါတော့မယ် ဘုရား'

'ပြုဖွယ်အတိုင်းသာ ပြုပေတော့ ကာလီ'

မီးတောက်များ စတင်ပေါ်ပေါက်လာသည်။ မီးညွန့်များ တိုးထွက်လောင်မြိုက်လာသည်။ အလောင်းကောင်ကို မီးစတင်လောင်ရွဲချေပြီ။

အရေပြားနှင့် အသားပြင်သည် ခဏချင်းပင် မည်းနက်သွားသည်။ ဖျစ်ဖျစ်မြည်သံများ ပေါ်လာသည်။ ရှုးရှားဆိုးရွားလှသော အနံ့ကြီးတစ်ခု ထောင်းခနဲ ထွက်လာသည်။ မဟာကာလမထေရ် ကြည့်နေရင်းမှာပင် ရဲရဲနီသော အဆီပြင်များ၊ အလောင်း၏ ဝမ်းဗိုက် ရင်ဘတ်တို့မှ ဖြစ်ပေါ်လာသည့် အဆီပြင်များကို မီး ဆက်လောင်သည်။ ကာလီက မီးအကူးလွယ်စေသည့် ဆေးရည်တို့ကို အဆီပြင်ပေါ်သို့ ပက်ဖျန်းပေးပြန်သည်။ ဆေးရည်တို့ ကျရောက်ရာနေရာတိုင်းတွင် ရှဲရှဲမြည်သံများ ပေါ်လာကာ မီးတောက်များ တဟုတ်ဟုတ်တောက်လောင်ကြသည်။

မဟာကာလမထေရ်ကား မမှိတ်မသုန်သော မျက်စိများဖြင့်
မီးခိုးလုံးတို့သည် မည်းမှောင်ရာမှ ဖြူရော်ရော်ဖြစ်လာသည်။
ဖောင်းခနဲ အသံကြီးနှစ်ခု ရှေ့ဆင့် နောက်ဆင့်။
အလောင်းကောင်၏ မျက်လုံးများ ပေါက်ထွက်သွားကြခြင်း ဖြစ်လေသည်။
ဟောက်ပက်မျက်ကွင်းထဲမှ ညိုညစ်သော အရည်များ သွန်ကျလာသည်။ စော



www.burmeseclassic.com

www.burmeseclassic.com



စောက ပိတ်နေသော ပါးစပ်သည်လည်း ပွင့်ဟသွားကာ ဖြူသောအရည်များ စီး ထွက်လာပြန်သည်။

အနံ့အသက်ကား မခံမရပ်နိုင်ဖွယ်ပင်။

ကျိုးကျိုးကြွပ်ကြွပ်အသံများ မြည်လာပြန်သည်။

'နောက်ဆုံးအဆင့် လောင်ကျွမ်းနေပါပြီ အရှင်ဘုရား'

မျက်နှာပြင်တွင် အရေပြား၊ အသား၊ အဆီ မရှိတော့။ ငေါ်ငေါ်ထွက်သော အရိုး ဖွေးဖွေးများပေါ်တွင် အဆီအခဲအချို့သာ ကပ်ငြိနေကြသည်။

ခြေတစ်ဖက်သည် မီးကျွမ်းကာ ထင်းပုံပေါ်မှ တွဲရရွဲပြတ်ကျသွားပြီး အောက် ခြေ ထင်းမီးကျီးခဲကြားသို့ ရောက်သွားပြီးနောက် ဟုတ်ဟုတ်မြည်သော မီးလျှံများ နှင့်အတူ ပြာကျသွားလေသည်။

နောက်ဆုံးတွင်ကား ဖွေးဖွေးဖြူသော အရိုးစုသည်သာလျှင် ထင်းမီးခဲအထက် ၌ ကစဥ့်ကလျား ကျန်ရစ်ခဲ့လေသည်။

မဟာကာလ မထေရ်၏ တည်ငြိမ်သော နှုတ်ခမ်းများ ပွင့်လာသည်။

ကာလီက ထုလုပ်ပြီးစီးသွားသော ယမင်းရုပ်ကို အားရကျေနပ်စွာ ဂုဏ်ယူနေ သည့် ပန်းပုဆရာ၏ လေသံဖြင့် ပြောနေသည်။

ကာလီ စောစောက ချည်တုပ်ထားခဲ့သော လက်နှစ်ဖက်၊ ခြေနှစ်ဖက်တို့သည် ခုံးကြွလာကြခြင်းဖြစ်သည်။ ချည်တုပ်ထားသော ကြိုးစ၊ ထင်းတုံးများကလည်း မတားဆီးနိုင်တော့။ လက်ဖဝါး၊ ခြေဖဝါးပြင်ဆီမှ အမြှုပ်များသည် မီးတောက်ထဲ သို့ တစက်စက်ကျသွားပြီး ရှူးရှူးရှဲရှဲ အော်မြည်နေကြသည်။

'သင်္ခါရတရားတို့သည် အမြဲမရှိကုန်စွ၊ ဖြစ်တတ် ပျက်တတ်သော သဘော သာ ထင်ရှားဖြစ်ပေသည်၊ ဖြစ်ပြီးသည့်နောက် ချုပ်ကုန်၏၊ ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် ချမ်းသာစွတကား'

*

(၄)

'ငါ့ရှင် စုဠကာလ… သင် ကြားပြီးပြီလား၊ သင့်နောင်တော် မဟာကာလ မထေရ်ဟာ ပဋိသမ္ဘိဒါလေးပါးနဲ့တကွ ရဟန္တာဖိုလ်သို့ ရောက်တော်မူခဲ့ပြီ'



ဒုက္ခပဲ၊ ဒုက္ခပဲ။ သူကတော့ ရှေ့ကိုသာ မဆုတ်တမ်း တိုးသွားနေပြီ။ ငါ ဘယ် လိုလုပ်ရမလဲ။ ငါ သေတဗျကိုပြန်ချင်ပြီ၊ ငါ့အိမ် ငါပြန်ချင်လှပြီ။

*

(၅)

'ငါ့ရှင် စုဠကာလ… မြတ်စွာဘုရားသခင်ဟာ သံဃာတော်အပေါင်း ခြံရံပြီး ဒေသစာရီကြွတော်မူမယ်၊ သင့်ရဲ့ဇာတိဒေသဖြစ်တဲ့ သေတဗျကိုလဲ ရောက်မယ်၊ သေတဗျမြို့အနီးက ယင်းတိုက်တောမှာ သီတင်းသုံးတော်မူမယ်တဲ့'

ဟင်… သေတဗျက ယင်းတိုက်တောမှာ ခေတ္တသီတင်းသုံးတော်မူမယ် ဆိုပါ လား၊ ဟန်ကျပြီ၊ ငါ့အိမ်၊ ငါ့ဇနီး၊ ငါ့ခြွေရံတွေနဲ့ အတူ ပြန်နေခွင့်ရပြီ။

'ငါ့ရှင် စုဠကာလ… သေတဗျမှာရှိတဲ့ သင့်ရဲ့ လူဝတ်ကြောင်ဘဝက မာတု ဂါမများက မြတ်စွာဘုရားရှင်နဲ့တကွသော သံဃာတော်တို့ကို ဆွမ်းဘုဥ်းပေးဖို့ ပင့် ဖိတ်ကြတယ်၊ သေတဗျဟာ ဘုရားရှင်အတွက် လေ့ကျက်ကြွတော်မူနေကျအရပ် မဟုတ်ဘူး၊ ဒါကြောင့် ဆွမ်းဘုဥ်းပေးရာအရပ်မှာ ခင်းကျင်းစီမံခန့်ခွဲဖို့အတွက် သင်က ဒေသခံအနေနဲ့ ဦးစွာသွားရောက်ပြီး နေရာခင်းပုံကို စီမံရမယ်လို့ မဟာ ကာလ မထေရ်က အမိန့်ပေးလိုက်တယ်'

'ကျွန်ုပ်က ဦးစွာ သွားရမယ်…ဟုတ်လား'

'မှန်တယ် ငါ့ရှင် စုဠကာလ၊ ဘယ်အရပ်မှာ ဘုရားရှင်အတွက် နေရာကို ခင်း၊ ဘုရားရှင်ရဲ့ လက်ယာတော်ဘက်မှာ အရှင်သာရိပုတ္တရာမထေရ်၊ လက်ဝဲတော်ဘက် မှာ အရှင် မောဂ္ဂလာန်မထေရ်၊ လက်ဝဲ လက်ယာ နှံပါးနှစ်ဖက်က စပြီး ရဟန်းသံဃာ တော်တို့အတွက် နေရာကို ခင်း စသည်ဖြင့် ဦးစွာသွားရောက်စီမံခန့်ခွဲရမယ်'

'ကောင်းပါပြီ… ကောင်းပါပြီ၊ ကျွန်ုပ် ဦးစွာ သွားရောက်စီမံပါ့မယ်'

*

(၆)

အိမ်သူမယားနှင့်တကွသော အခြွေအရံတို့၏ အမှုအရာများ အကဲမရကြောင်း စုဠကာလ မထေရ်သိလိုက်သည်။ လှောင်ပြောင်သော အရိပ်အယောင်များ သူတို့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်၌ ရှိနေသည်။ သို့သော်ဆင်မြန်းထားသော သင်္ကန်း၏ အရိုန်အဝါကြော
စူဠကာလ မထေရ်သည် ဣန္ဒြေကို ကြိုးစားစောင့်တည်ထားလိုက်လေသည်။

'အို ... မထေရ်ကြီးပါလား၊ ကြွတော်မူပါ အရှင်ဘုရား'

'စူဠကာလ မထေရ်ကြီး ကြွတော်မူလာပြီ ... ကြွတော်မူလာပြီ'

'နေရာထိုင်ခင်း စီမံခန့်ခွဲဖို့အတွက် ဦးစွာရောက်ရှိတော်မူလာတာနဲ့ တူပါရဲ
ဟောဒီမှာ တပည့်တော်တို့ ခင်းကျင်းထားပုံကို ကြည့်ရှုစစ်ဆေးတော်မူပါဘုရား

ကျွက်ကျွက်ညံနေသော လှောင်ပြောင်သရော်သံနှင့် မထီမဲ့မြင်အပြုံးများကြာ
ထဲမှ စူဠကာလ မထေရ် တိုးဝင်လာခဲ့သည်။

'ဟောဒါက အရှင်ဘုရားအတွက်ပါ၊ ဟောဒါက သံဃာထေရ်ကြီးများအတွက်
ပါ၊ ဟောဒါက သံဃာငယ်များအတွက်ပါ အရှင်ဘုရား၊ လျော်ကန်သင့်မြတ်ပါ
လား အရှင်ဘုရား'

'ဟင် ...'

စူဠကာလ မထေရ် တုန်လှုပ်သွားသည်။

ခင်းကျင်းစီမံထားသော နေရာများအားလုံး အလွဲလွဲ အချော်ချော်။ မြင့်သော
နေရာများ၌ သံဃာငယ်များအတွက်၊ နိမ့်သောနေရာများ၌ကား သံဃာထေရ်ကြီ
များအတွက်။

သူ့ကို ကြီးစွာပြက်ရယ်လှောင်ပြောင်ကြပြီဖြစ်ကြောင်း စူဠကာလ မထေ
သိလိုက်သည်။

'မဟုတ်သေးဘူး မာတုကာမတို့ ... မဟုတ်သေးဘူး၊ မင်းတို့ ခင်းကျင်းထ
တာတွေ အားလုံးဟာ လွဲချော်နေပြီ၊ ဘုရားရှင်အတွက်က ဟောဒီနေရာ၊ သံဃာထေ
ကြီးများအတွက်က ဟောဒီလို နေရာ'

သူ့စကားကို အားလုံးက မကြားယောင်ပြုကြပြန်သည်။ ထို့နောက် ...

'အရှင် ... ဘယ်လိုအမှုတွေနဲ့ ဒီလောက်ကြာအောင် လှည့်လည်နေရတာ
ဆွမ်းပွဲနေရာထိုင်ခင်းအတွက် အရှင့်ကို စီမံခန့်ခွဲဖို့ အပ်လိုက်တာ မဟုတ်ဘူးလာ
အရှင့်ရဲ့ သံဃာများကို အရှင့်အလိုကျ မစီမံမခန့်ခွဲနိုင်ဘူးလား၊ ဒါဟာ အရှင့်အ
ဂေဟာ မဟုတ်ဘူးလား'

စူဠကာလ မထေရ်တွင် ပြန်ပြောစရာစကားများ ပျောက်ဆုံးနေသည်။



ဇနီးလေးယောက်အနက် အငယ်ဆုံးဖြစ်သူ ဇနီးက စူဠကာလမထေရ်ရှေ့တွင်
ာနဲ့ ကလျှ ရပ်လျက် ...

'မေးစမ်းပါရစေဦး အရှင်၊ အရှင် ဘယ်သူ့ကို ပန်ကြားပြီး ရဟန်းပြုပါသလဲ'

စူဠကာလမထေရ် ခေါင်းငိုက်စိုက်ကျသွားသည်။

'မေးစမ်းပါရစေဦး အရှင်၊ အရှင် ဘာကြောင့် ရဟန်းပြုတာလဲ'

ငုံ့ထားသော မျက်နှာ ပြန်၍ ပေါ်မလာ။

'မေးစမ်းပါရစေဦး အရှင်၊ အရှင် ဒီအိမ်ကို ဘာကြောင့် မလာပါသလဲ'

တအုံးအုံး ရယ်သံများ ပေါ်လာသည်။

ဒုတိယဇနီးသည်က နီးကပ်စွာ တိုးလာကာ စူဠကာလမထေရ်၏ သင်္ကန်းစ
ကို ပွတ်သပ်ဆုပ်ကိုင်လျက် ...

'ကြည့်ကြပါဦးတော်၊ သေတဇျက သူကြွယ်လေး စူဠကာလ တဲ့၊ အခုတော့
ဠကာလမထေရ်တဲ့၊ ဆွမ်းပွဲနေရာထိုင်ခင်းကို ကြိုတင်ပြီး စီမံခန့်ခွဲဖို့ လာသတဲ့၊
ခုတော့လဲ သူ့ဇနီးသည်လေးက မေးတဲ့ မေးခွန်းတွေကိုတောင် တစ်ခွန်းမှ ပြန်
ဖြေနိုင်တော့ဘူးလေ၊ ကြည့်ကြပါဦးတော် ... ဣန္ဒြေကြီးနဲ့၊ မျက်နှာသေကြီးနဲ့'

ဝါးခနဲ ဝိုင်းရယ်ကြသည်၊ ဇနီးသည်က လက်ပေါ်မှသင်္ကန်းစကို ဖြုတ်ခနဲ ဆွဲ
ာလိုက်သည်။

'မောင်ကြီးရယ် ... ဒီသင်္ကန်းကို ခုလို ခုလို ကျွန်မက ဆွဲချွတ်လိုက်တော့ကော
ရှင် ဘာပြောဦးမလဲဟင်'

'ဟေး ... ဟုတ်တယ်ဟေ့၊ သင်းပိုင် ကိုယ်ရုံတွေကို ဆွဲချွတ်ကြဟေ့'

မယား လေးယောက် လေးဖက်လေးတန်မှ ဝိုင်းအုံလာကြသည်။

'ပြောလေ ... ပြောလေ၊ အခုပဲ ရှင် လူဝတ်လဲမှာ မဟုတ်လား'

စူဠကာလ၏ မျက်နှာ ပြန်မော့လာသည်။ ရှက်သွေးဖြင့် နီမြန်းနေသော မျက်
နှာပေါ်တွင် မရေမရာရှိလှသော အပြုံးတစ်ခု။

'ကဲ ... သင်္ကန်းချွတ်၊ လူဝတ်လဲပါ မောင်ကြီးစူဠကာလရှင့်'

သည်တစ်ခါ တဝါးဝါးရယ်သံများထဲတွင် စူဠကာလ၏ ရယ်သံက အကျယ်ဆုံး
ဆုံး ဖြစ်သွားသည်။ သင်းပိုင် ကိုယ်ရုံတို့ သူ့ကိုယ်ပေါ်မှ ကင်းကွာသွားသည်။

'ကဲ ရော့ ... ဒီပုဆိုးကို ဝတ်၊ ဒီကိုယ်ကျပ်ကို ဆင် ... ဟုတ်ပြီ၊ အို ... နေဦး၊



www.burmeseclassic.com

www.burmeseclassic.com



နေဦး၊ ခေါင်းက ဦးပြည်းဖြစ်နေတယ်၊ ကြည့်လို့မတော်ပေဘူး၊ ရှော့ ရှော့... ပန်းကရွတ်ခွေကို စွတ်သွား၊ ဟုတ်ပြီ၊ အခုမှ ကျုပ်မတို့ရဲ့ မောင်ကြီး စူဠကာလအ... ပြန်ဖြစ်သွားတော့တယ်၊ ကိုင်း... ကျုပ်မတို့ ဒီမှာ ဆွမ်းပွဲနဲ့ အသင့်စောင့်နေတ... တော်က ဘုရားရှင်ဆီ ပြန်သွားပြီးသာ ပင့်ဆောင်ခဲ့ပေတော့၊ အို... နေဦး နေ... ဟိုကျုရင် ပန်းခွေကို ချွတ်ပြီး သင်္ကန်းပြန်ဝတ်နေဦးမှာလားဟင်၊ ပြောလေ... မေ... ကြီး'

အောင့်အည်းထားရသော တခွီးခွီးရယ်သံကြီးတစ်ချက် စူဠကာလ ၏ လ... ချောင်းထဲမှ ဆောင့်ထွက်သွားသည်။ အိမ်တံခါးဝအရောက်တွင် နောက်ပြန်လှ... လျက် အိမ်ကပြင်တွင် စီတန်းထိုင်နေကြသော ဇနီးလေးယောက်ဆီသို့ မျက်စိ... ဝေ့ကြည့်လိုက်ပြီး...

'ဟဲ ဟဲ... အစကတည်းက စိတ်ပါတာမဟုတ်ပါဘူးကွာ၊ စိတ်ချကြပါ၊ ဘယ်တော့မှ ရဟန်းပြန်မပြုတော့ပါဘူး'

*

(၇)

သေတဗျသူကြွယ်အိမ်၏ ဆွမ်းပွဲသည် ချောမောစွာပင် ပြီးဆုံးသွားသည်...

သို့သော် ဒုတိယနေ့တွင် နောက်ထပ် ဆွမ်းပူဇော်ပွဲ တစ်ပွဲ ထပ်၍ပေါ်ပေါ... လာပြန်သည်။

ဒုတိယနေ့ ဆွမ်းပွဲကို စီမံပင့်ဖိတ်သူများကား မဟာကာလ မထေရ်၏ ... ဟောင်းများပင် ဖြစ်သည်။

'စူဠကာလရဲ့ မယားတွေကတော့ ဘုရားရှင်နဲ့တကွ သံဃာတွေကို ... ပင့်ဖိတ်ပြီး သူတို့ယောက်ျားကို ဖမ်းယူ လူထွက်နိုင်းလိုက်ကြတယ်၊ ငါတို့လဲ မ... ကာလ လူထွက်အောင် ဆွမ်းပင့်ဖိတ်ကြမှ တော်မယ်' ဟု မဟာကာလ၏ မယ... တိုင်ပင်ကြသည်။

သို့ဖြင့် ဒုတိယဆွမ်းပွဲ ထပ်မံပေါ်ပေါက်လာခြင်း ဖြစ်သည်။

သို့သော် စူဠကာလ၏ ဇနီးများကဲ့သို့ သူတို့ မအောင်မြင်ကြ။ အကြော... ဘုရားရှင်နှင့် သံဃာတို့ မကြွရောက်မီ ဦးစွာ နေရာထိုင်ခင်း စီမံကြိုတင်သွားရေ...



...သူ ရဟန်းမှာ မဟာကာလမထေရ် မဟုတ်ဘဲ အခြားသောရဟန်း ဖြစ်သောကြောင့် ...ပင်။

မဟာကာလ မထေရ်၏ ဇနီးတို့မှာ မည်သို့မျှ အခွင့်မရကြတော့။

မြတ်စွာဘုရားရှင်နှင့် မဟာကာလမထေရ်အပါအဝင် ရဟန်းသံဃာတို့သည် ...ဆွမ်းဘုဉ်းပေးခြင်းအမှုကို ပြကတေ့အတိုင်းသာ ပြီးစီးသွားခဲ့ကြ၏။

ဆွမ်းပွဲပြီးသွားသောအခါ မဟာကာလမထေရ်၏ ဇနီးများ နောက်ထပ် တစ်မျိုး ...ကြံစည်တိုင်ပင်ကြသည်။ သူတို့ချင်း သဘောတူညီကြပြီးနောက် ဘုရားရှင်ထံ ခွင့် ...ပန်ကြလေသည်။

'အရှင်မြတ်စွာဘုရား... မဟာကာလ မထေရ်ဟာ တပည့်တော်မတို့ကို တရား ...အနုမောဒနာပြုပြီး နောက်မှ လိုက်ပါ ခွင့်ပြုတော်မူပါ၊ အရှင်မြတ်စွာဘုရားတို့ ဦးစွာ ...ရှေ့က ကြွနှင့်ကြပါဘုရား'

ဘုရားရှင်က ခွင့်ပြုတော်မူလိုက်သည်။

*

(၈)

ယင်းတိုက်တော်ရွာ၏ ရွာတံခါးဝသို့ အရောက်တွင် အချို့ရဟန်းများ အချင်း ...ချင်း ပြောဆိုလာကြတော့သည်။

'ငါ့ရှင်တို့... ဘုရားရှင်ဟာ မဟာကာလမထေရ်ကို တစ်ပါးတည်း ချန်ထား ...ဖြစ်ခဲ့တယ်၊ မနေ့က စူဠကာလလို ဖြစ်မှာကို ဘုရားရှင် သိတော်မူလျက်နဲ့ ခွင့်ပြု ...လိုက်တာလား၊ မသိဘဲ ခွင့်ပြုလိုက်တာလားတော့ မပြောနိုင်ဘူး'

'ဟုတ်တယ်ငါ့ရှင်... ကျုပ်ပ်လဲ ဒီအကြောင်းကိုပဲ တွေးနေမိတယ်၊ စူဠကာလ ...ကို တစ်ပါးတည်း လွှတ်ခဲ့လို့ အန္တရာယ်ဖြစ်ခဲ့ပြီ၊ စူဠကာလ လူဝတ်ကြောင်ဖြစ် ...သွားပြီ၊ အခုလဲ မဟာကာလ ပဗ္ဗဇ္ဇန္တရာယ် ကျရောက်တော့မယ်'

'မှန်တယ် ငါ့ရှင်၊ နေရာထိုင်ခင်း စီမံခန့်ခွဲဖို့ တစ်ပါးသော ရဟန်းကို ဦးစွာ ...လွှတ်ခဲ့တဲ့အတွက် အန္တရာယ်မဖြစ်ခဲ့ဘူး၊ ဒါပေမဲ့ ခုလို မဟာကာလမထေရ်ကြီး ...တစ်ပါးတည်း ချန်ထားခဲ့ခြင်းဟာ အကျင့်သီလနဲ့ ပြည့်စုံတဲ့ မဟာကာလမထေရ်... ...အတွက် အန္တရာယ်ဖြစ်နိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



(၉)

ထိုအချိန်မှာပင် သူကြွယ်ဂေဟာ၌ ကျန်ရစ်ခဲ့သော မဟာကာလ မထေရ်အ[illegible]
တွင် ဖနီးပေါင်းများ ဝိုင်းရံလျက်ရှိကြသည်။ ဖနီးတို့သည် တစ်ယောက်ကို တ[illegible]
ယောက် အကြည့်များဖြင့် တိုင်ပင်အချက်ပြလိုက်ကြသည်။

'အရှင်...ဘယ်သူ့ကို ပန်ကြားပြီး ရဟန်းပြုပါသလဲ'

'အရှင်... ဒီလောက်ကြာမြင့်အောင် အဘယ်ဒေသတွေကို လှည့်လည်နေပ[illegible]
သလဲ'

'စူဠကာလတို့တော့ နေရာအမှန်ကို ရောက်သွားပြီအရှင်'

'အရှင့်ကို ရဟန်းပြုခွင့် ဘယ်သူပေးသလဲ'

'အရှင်...လူဝတ်ကြောင် ပြန်မလဲဘူးလား လဲမှာလား'

'အို...လူဝတ်ကြောင် ပြန်လဲရမှာပေါ့'

'အို...အခုပဲ လူထွက်ရမယ်'

တစ်ယောက်တစ်ခွန်း ပြောရုံမျှဖြင့်ပင် ရှစ်ခွန်းစကား ဖြစ်လာသည်။ [illegible]
ကြောင်းမှ မဟာကာလမထေရ်၏ ဖနီးပေါင်းများမှာ ရှစ်ယောက်ရှိသောကြော[illegible]
ပင်။

ကျွက်ကျွက်ညံနေသော အသံများအလယ်တွင် မဟာကာလမထေရ်သည်က[illegible]
မတုန်မလှုပ် မရွံ့မရှား။

ဖနီးသည်များသည် ထောင်ချောက်တွင် မိသော သားကောင်ရှိရာသို့ ဝိုင်း[illegible]
တိုးချဉ်းလာသော မုဆိုးများနှယ် မဟာကာလမထေရ်အနီးသို့ တရွေ့ရွေ့တိုးက[illegible]
လာကြသည်။

ထိုခဏမှာပင် မည်သူမျှမထင်မှတ်နိုင်သောဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည[illegible]

မဟာကာလမထေရ်သည် ကေသရာဇာ၏ လှုပ်ရှားခြင်းမျိုးဖြင့် ထိုင်ရာမှ [illegible]
သည်။ ထို့နောက် ချအပ်ပြီးသော မျက်လွှာအစုံတို့ဖြင့်ပင် မထေရ်၏ ကိုယ်လုံးသ[illegible]
အထက်သို့ ပျံတက်သွားလေသည်။

သူကြွယ်ဂေဟာ၏ စုလစ်မွမ်းချွန်တပ် အိမ်အမိုးသည် အလယ်တည့်တည့်[illegible]
နှစ်ဖြာကွဲထွက်သွားသည်။

မဟာကာလ မထေရ်ကား ကောင်းကင်ခရီးဖြင့် ပျံကြွသွားလေပြီ။

*



(၁၀)

သံဃာ၏ အစုံပေါင်းများစွာသော လက်အုပ်တို့သည် မြတ်စွာဘုရားရှင်၏
ရှေ့ထံမှောက်၌ အပြိုင်းအရိုင်း ဖူးငုံနေကြသည်။ ဘုရားရှင်၏ အသံတော်သည်
အတုမဲ့ တင့်တယ်သိုက်မြိုက်စွာ ပေါ်ထွက်လာတော်မူသည်။

'ရဟန်းတို့ ...လေးယောက်သော မယားသာ ရှိတဲ့ စူဠကာလလို ဖြစ်မယ်လို့
မဟာကာလအပေါ် သင်တို့ မထင်မှတ်ကြနဲ့၊ ရှစ်ယောက်သောမယားရှိတဲ့ မဟာ
ကာလ ဟာ ကာမဂုဏ်အလုံးစုံတို့ရဲ့ မတင့်တယ် မဖွယ်ရာဖြစ်ကြောင်း အခါမပြတ်
ရှုမြင်ဆင်ခြင်နေသူ ဖြစ်တယ်၊

'...စူဠကာလဟာ ကမ်းပါးပြတ်မှာ တည်တဲ့ အားနည်းတဲ့ သစ်ပင်နဲ့ တူပေ
တယ်၊ မဟာကာလကတော့ တစ်ခဲနက် ကျောက်အတိပြီးတဲ့ ကျောက်တောင်ကဲ့သို့
တုန်လှုပ်ခြင်းကင်းသူ ဖြစ်ပေတယ်၊

'...ရဟန်းတို့၊ ကာမဂုဏ်အလုံးစုံကို တင့်[illegible]၏ လို့ အဖန်တလဲလဲ ရှုလေ့
ရှိသော၊ ခြောက်ပါးဣန္ဒြေတို့မှာ ကောင်းစွာစောင့်ရှောက်ခြင်း မရှိသော၊ ဘောဇဉ်
ကို ရှာမှီးခံယူသုံးဆောင်ရာမှာ အတိုင်းအရှည်သုံးပါးကို မသိသော၊ ပျင်းရိသော၊
လုံ့လယုတ်သော ပုဂ္ဂိုလ်ကိုသာ ကိလေသာဟာ နှိပ်စက်ဖိစီးလေတယ်၊ အားကြီး
းသာ လေအဟုန်ဟာ ကမ်းပါးပြတ်က သစ်ပင်ကို နှိပ်စက်ဖိစီးခြင်းနဲ့ အလားတူ
ာယ်၊ ရဟန်းတို့ ...ကာမဂုဏ်အလုံးစုံတို့ကို မတင့်တယ်ဟု အဖန်တလဲလဲ ရှုလေ့
ရှိသော၊ ခြောက်ပါးဣန္ဒြေတို့မှာ ကောင်းစွာစောင့်ရှောက်ခြင်းရှိသော၊ ဘောဇဉ်ကို
ရှာမှီးခံယူ သုံးဆောင်ရာမှာ အတိုင်းအရှည်သုံးပါးကို သိသော၊ ကံ ကံ၏ အကျိုးကို
ယုံကြည်သော၊ ရတနာသုံးပါးတို့မှာ မတုန်မလှုပ်ကြည်ညိုခြင်းရှိသော၊ အားထုတ်
အပ်သော လုံ့လရှိသော ပုဂ္ဂိုလ်ကို ကိလေသာက မနှိပ်စက် မဖိစီးနိုင်ပေဘူး၊ အား
နည်းသော လေအဟုန်ဟာ တစ်ခဲနက် ကျောက်အတိပြီးတဲ့ ကျောက်တောင်ကို မနှိပ်
စက် မဖိစီးနိုင်ခြင်းနဲ့ အလားတူပေတယ် ချစ်သားတို့'

မြတ်စွာဘုရားရှင်၏ ဒေသနာတော်အဆုံးဝယ် ဘုရားရှင်၏ ခြေတော်အစုံသို့
ဘစ်ခုသော လက်အစုံသည် ဦးတိုက်ရောက်ရှိလာလေသည်။

ထိုလက်အစုံကား သေတဇ္ဇ၏ ယင်းတိုက်တော သူကြွယ်ဂေဟာ[illegible]ခေါင်မိုးကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖြာခွဲလျက် ကောင်းကင်ခရီးဖြင့် ကြွလာခဲ့ပြီးနောက် ကောင်းကင်ခရီးမှ ဆင်
သက်ခဲ့သော မဟာကာလမထေရ်ကြီး၏ လက်အစုံပင် ဖြစ်သည်။

(ဓမ္မပဒ၊ ပထမတွဲ၊ ယမကဝဂ်-၆

ဂ

## မဟာဇနက္ကမင်းကြီး တောထွက်ခန်း ပြဇာတ်

မဟာဇနက္ကမင်းကြီး တောထွက်ခန်း
ပါဝင်သော ဇာတ်ဆောင်များ။

မဟာဇနက္ကမင်းကြီး၊
သီဝလိဒေဝီ၊
သားတော် ဒီဃာဝုမင်းသား၊
စစ်သူကြီး၊
တရားလွှတ်တော်ရုံး အမတ်ကြီး၊
မင်းကြီး၏ စားတော်ကဲ၊
မင်းကြီး၏ ဆတ္တာသည်၊
နာရဒ ရှင်ရသေ့၊
မိဂါဇိန် ရှင်ရသေ့၊
အသက် တစ်ဆယ့်ငါးနှစ်ရွယ် သမီးငယ်၊
လေးသမား၊
ဥယျာဉ်မှူး၊
မိဖုရားငယ်များ၊
မိတ္ထိလာပြည်သူပြည်သားများနှင့်
နန်းတွင်း အမှုထမ်းများ။

www.burmeseclassic.com

www.burmeseclassic.com



**ဇာတ်ဆရာ၏ မိတ်ဆက် ပဏာမအဖွင့်စကား**

လေးစားအပ်ပါသော သူတော်စင် မိတ်ဆွေများခင်ဗျား ...

ယခု တင်ဆက်မယ့် ပြဇာတ်ကတော့ မဟာဇနက္ကမင်းကြီး တောထွက်ခန်း ပြဇာတ် ဖြစ်ပါတယ်။ ပြဇာတ်ရဲ့အမည်ကို ကြည့်ခြင်းအားဖြင့် ဒီပြဇာတ်ဟာ မဟာဇနက္ကဇာတ်တော်ကြီးတစ်ခုလုံး အစအဆုံးတိုင် ခင်းကျင်းတင်ဆက်ခြင်း မဟုတ်ကြောင်း၊ ဇာတ်တော်ကြီးရဲ့ ဒုတိယပိုင်းဟု ဆိုအပ်သော အပိုင်းအခြားကိုသာ တင်ဆက်ခြင်းဖြစ်ကြောင်း သူတော်စင်မိတ်ဆွေများ ရိပ်စားနားလည်ပြီး ဖြစ်ပါလိမ့်မယ်။

မိတ်ဆွေများခင်ဗျား ...

ဝိဒေဟရာဇ်တိုင်း မိထ္ထိလာပြည်မှာ အရိဋ္ဌဇနက္ကနဲ့ ပေါလဇနက္ကမင်းညီနောင် နှစ်ပါးတို့ စစ်ခင်းကြရာကအစပြုပြီး ဘုရားလောင်း ဇနက္ကမင်းသား သင်္ဘောပျက်ပုံ၊ သမုဒ္ဒရာကို ကူးဖြတ်ပုံ၊ မဏိမေခလာနတ်သမီးနဲ့ တွေ့ဆုံပုံ၊ ထို့နောက် သီဝလီဒေဝီ မင်းသမီးရဲ့ ပဉ္စနဲ့ မှူးမတ်တို့ရဲ့ ပုစ္ဆာများကို ဘုရားလောင်းမင်းသား ဖြေရှင်းအောင်မြင်ပုံများနဲ့တကွ မိထ္ထိလာထီးနန်းကို မဟာဇနက္ကမင်းကြီးအဖြစ် သိမ်းမြန်းစိုးစံပုံများကို ယနေ့ လူကြီးလူငယ် သပ္ပုရိသ သူတော်စင်များ သိရှိပြီးဖြစ်ပါတယ်။

မိတ်ဆွေများ ခင်ဗျား ...

ဇာတ်တော်ကြီး ဆယ်ဘွဲ့အနက်မှ ဇနက္ကဇာတ်လာ ကြောင်းခြင်းစုံစွာတို့ကို ဂုဏဝနှစ်ဖြာ ရင့်ကျက်ပြည့်စုံသော လူကြီးပိုင်းအနေနဲ့ သိရှိနားလည် နှလုံးသွင်းပြီး ဖြစ်သော်လည်း ယနေ့သူငယ် အမျိုးကောင်းသားအချို့အနေနဲ့ မဟာဇနက္ကမင်းကြီး မင်းအဖြစ် ရတော်မူပြီးနောက်ပိုင်း ဖြစ်ရပ်များကို သိရှိသူနည်းပါးနေသေးတယ်လို့ ဆိုကြပါတယ်။

ဒါကြောင့် ကျန်ရှိနေသေးသော ဒုတိယပိုင်းကို အမျိုး ဘာသာ သာသနာ ချစ်တဲ့ ရွယ်နုပျိုမျစ် မျိုးဆက်သစ်များ ဖတ်ရှုကြည့်မြင်ခံစား ဆင်ခြင်တော်မူနိုင်ကြရန်အတွက် မဟာဇနက္ကမင်းကြီး တောထွက်ခန်း ပြဇာတ်ကို တင်ဆက်ရခြင်း ဖြစ်ပါတယ်။

မိတ်ဆွေများခင်ဗျား ...

ဇာတ်ဆရာ ကျွန်တော့်ရဲ့ ပဏာမစကားကို အဆုံးသတ်ပြီး ပြဇာတ်ရဲ့ ပြည်ဖုံကားကြီး မဖွင့်မီမှာပင် ဝန်ခံအသိပေးလိုတာကတော့ ဇာတ်သိမ်းလင်္ကာအကြောင်းပဲဖြစ်ပါတယ်။ ပြဇာတ်အပြီး ဇာတ်သိမ်းခန်းမှာ ကျွန်တော့်ရဲ့ ဇာတ်ဆောင်များအနက်



သုတိ သာယာသောအသံ သဒ္ဒ ရှိသူတို့က ဇာတ်သိမ်းလင်္ကာတစ်ပုဒ်ကို သံပြိုင် ရွတ်ဆိုကြပါလိမ့်မယ်၊ ဒီလင်္ကာဟာ 'မြင်းခြံမြို့ ဆရာကြီး ဦးဇ' စီရင်ရေးသားတဲ့ 'ဇနက္ကမင်းကြီး တောထွက်ခန်း လေးဆစ်ပုလဲသွယ်' ဖြစ်ပါကြောင်း ကြိုတင်ဝန်ခံအသိပေးရင်း မူလ လင်္ကာဆို ဆရာကြီး ဦးဇရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့နှလုံးသွင်းရပါကြောင်း ထပ်လောင်းဖော်ပြလိုပါတယ်။

သူတော်စင်မိတ်ဆွေများ ခင်ဗျား ...

မကြည့်တတ်ရင် တဏှာ၊ ကြည့်တတ်ရင် ဘာဝနာဆိုတဲ့ စကားအတိုင်း ဘာဝနာ နှလုံးသွင်းသော အကြည့်၊ သုံးလောကအရှင် မြတ်စွာဘုရားသခင်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တော်တို့အား ကြည်ညိုကော်ရော်ပူဇော်ခြင်းအပြည့်နဲ့ ပြဇာတ်ကို စတင်ရှုစားကြပါစို့လားခင်ဗျား။

**ပြကွက် (၁)**

(ပြည်ဖုံးကား ဖွင့်အပြီးတွင် အပြာရောင် နောက်ခံပိတ်ကားဖြင့် နန်းတော်ဖြာသာဒ်ပုံ ပေါ်လာသည်။ ဇာတ်စင်ပေါ်တွင် အခြား ပစ္စည်းကိရိယာ မရှိ။ ဇာတ်ဆောင်များလည်း မရှိ။ ခေါင်းလောင်းသံ၊ သံလွင်စည်းသံ၊ ကြေးသံ အစိက ထားသော ငြိမ့်ညောင်းသည့် မေ့မှုတေးနောက်ခံတီးလုံးသံ တိုးညင်းစွာ သုတ်ဖြူးထွက်ပေါ်လာသည်။

(ဤပြကွက်တွင် နောက်ခံတီးလုံးနှင့် ဇာတ်ဆောင်တို့၏ အသံသာ ထွက်ပေါ်နေသည်။ ဇာတ်ဆောင်များ မြင်ကွင်းထဲသို့ ထွက်မလာကြ။)

**ဇနက္ကမင်းကြီး၏အသံ။** ။ အမတ်တို့ ... ပစ္စုပ္ပန် သံသရာ အကျိုးနှစ်ပါးကို မျှော်မြင်တဲ့ ယောက်ျားတို့ဟာ ပျင်းရိမနေအပ်ဘူး။ မိမိ တောင့်တတဲ့ အကျိုးကို ပြီးမြောက်ဖို့ မြတ်သောလုံ့လနဲ့ အားထုတ်ရမယ်။ ဒီစကားအတွက် အခြားတစ်ပါးသော သက်သေသာဓကကို ကျွန်ုပ် မပြလိုတော့။ ကျွန်ုပ်သည်ပင် အထင်အရှား သာဓက ဖြစ်ပေတယ်။ ကမ်းမမြင် မဟာသမုဒ္ဒရာမှာ နစ်မြုပ်ပါလျက် လုံ့လအစွမ်းကြောင့် ကျွန်ုပ်အောင်မြင် ထမြောက်ခဲ့ပေတယ် အမတ်တို့ ...။

(အသံအဆုံးတွင် တီးလုံးသံများ အနည်းငယ် ပို၍ကျယ်လာသည်။ ထို့နောက် ဖြည်းဖြည်း ပို၍ပြန်မှိန်သွားသည်။)



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး၏အသံ။ ။ မှူးမတ်ပြည်သူတို့၊ ပဉ္စုပ္ပန် သံသရာ အကျိုးနှစ်ဖြာကို မြေ
မြင်တဲ့ ပညာရှိဆိုပါအံ့။ ထိုသူဟာကိုယ် စိတ် နှစ်ပါးမှာဖြစ်သော ဆင်းရဲခြင်
တို့နဲ့ တွေ့ကြုံပေမယ့် တောင့်တတိုင်း မပြည့်မရှိရာဟု ဆင်းရဲကိုသည်းခံ အာ
ထုတ်ခဲ့မယ်ဆိုရင် ကျွန်ုပ်တို့ကဲ့သို့ပင် တောင့်တတိုင်း အကျိုးခံစားရပေမယ်

မင်းကြီး၏ အသံ။ ။ မှူးမတ်ပြည်သူတို့၊ ပျင်းရိသူ ပညာနည်းသူဟာ တစ်စုံတစ်
သော ကိုယ် စိတ် ဆင်းရဲနဲ့ တွေ့ကြုံတဲ့အခါမှာ ဆင်းရဲတစ်ခါ ချမ်းသာတ
လှည့် ဖြစ်မြဲဓမ္မတာ လောကတံထွာကို မမြင်နိုင်ဘဲ လုံ့လကို လျှော့တတ်လေ
တယ်။ ဒီလိုပုဂ္ဂိုလ်မျိုးဟာ မဟာသမုဒ္ဒရာမှာ ငါးလိပ်တို့ရဲ့အစာအဖြစ် သေ
ကြေ နှစ်မြုပ်ခဲ့ကြတဲ့ ကျွန်ုပ်ရဲ့အဖော် သင်္ဘောသား ခုနစ်ရာကဲ့သို့ ဆင်းရဲ
မလွတ်ကင်းနိုင်ဘဲ ပျက်စီးဆုံးရှုံးကြရပေမယ်။

မင်းကြီး၏ အသံ။ ။ မှူးမတ်ပြည်သူတို့၊ လောကမှာ ကြံလျက်နဲ့လဲ ပျက်တတ်
တယ်၊ မကြံပါဘဲလဲ ဖြစ်တတ်တယ်။ ကျွန်ုပ်ရဲ့ သာဓကကိုကြည့်ကြ။ သုဝဏ္ဏ
ဘူမိကို သွားပြီး ကုန်ကူးသန်းရင်းနဲ့ ဥစ္စာပစ္စည်း များပြားကြွယ်ဝလာတဲ့အခါ
မှာ လက်နက်လူသူ စုရုံးပြီး ခမည်းတော်ရဲ့ ထီးမွေနန်းမွေကို သိမ်းယူမယ်လို့
ကြံခဲ့သော်လဲ ထိုအကြံ ပျက်ခဲ့လေတယ်။ ယခုလို ဖုသရထား ဆိုက်ရောက်
ပြီး မိတ္ထီလာထီးနန်းကို အလွယ်တကူ စံမြန်းရလိမ့်မယ်လို့ ကျွန်ုပ်မကြံခဲ့။ မကြံ
ခဲ့သော်လဲ ယခုအခါ ပြီးမြောက်ရပေတယ်။ ဒါကြောင့် မိမိတို့ဆန္ဒသွားရာ
အသီးသီး ကြံပေမယ့် ကြံတိုင်း မမြောက်သည်သာ များပေတယ်။ ဒါကြောင့်
လုံ့လကို ကောင်းစွာ အားထုတ်အပ်ပေတယ်။

မှူးမတ်တို့၏ အသံများ။ ။ မြတ်သောမင်းကြီးဘုရား၊ မချို့တဲ့သော ကုန္ဒြေ
ဆိုအပ်သော ဥပဓိသမ္ပတ္တိမင်းဖြစ်ခြင်းငှာ ကောင်းစွာအားထုတ်တော်မူခြင်း
တည်းဟူသော ပရောဂသမ္ပတ္တိ၊ ဖုသရထားဆိုက်ခြင်းမှာ ထိုက်ရာအရပ်နှ
ပြည့်စုံခြင်း တည်းဟူသော ဒေသသမ္ပတ္တိ၊ မင်းမရှိသောအခါ ဖြစ်၍ မင်းကို
တောင့်တသောအခါနှင့် ကြုံကြိုက်ခြင်း တည်းဟူသော ကာလသမ္ပတ္တိ၊ ထို
သမ္ပတ္တိလေးပါးနှင့် ပြည့်စုံတော်မူတဲ့အပြင် ကုသိုလ်သမ္ဘာရနဲ့ ပြည့်စုံတော်မူ
သော အရှင်မင်းမြတ်ရဲ့ ဖဝါးတော်ခြေသစုံအောက်မှာ မိတ္ထီလာတစ်နိုင်ငံလုံး
ပေါင်းရုံးအေးချမ်းပျော်ရွှင် သာယာကြပါပြီဘုရား’

(ဘုရင့် စည်တော်သံနှင့်အတူ ပြည်ဖုံးကား ပြန်ကျလာသည်။)



ပွဲကွက် (၂)

(နန်းနက်ခင်းအတွင်း ဘုရင့်ဥယျာဉ်တော်တံခါး၀၊ သရက်ပင် နှစ်ပင်။)

(ဇာတ်စင် လက်ယာဘက်မှ စီးတော်မင်္ဂလာဆင်ဖြင့် ဇနက္ကမင်းကြီး ထွက်
တော်မူလာသည်။ သားတော် ဒီဃာဝု အိမ်ရှေ့မင်းသားနှင့်တကွ မှူးမတ်ဗိုလ်ပါ
အခြွေအရံများလည်း လိုက်ပါလာသည်။)

မင်းကြီး။ ။ စိတ်ဝမ်းချမ်းမြေ့စရာ သာယာလှပတဲ့ ဥယျာဉ်တော်ဖြစ်ပေတယ်။
ဥယျာဉ်မှူး မောင်မင်းဟာ ချိုဆိမ့်အရသာ မွှေးပျံ့ရနံ့ရှိတဲ့ သစ်သီး ပန်းမာလာ
တို့ကို ကျွန်ုပ်ထံ ဆက်သနိုင်ရုံမက သစ်သီး ပန်းမာလာတို့ ထွက်ရှိရာ ဥယျာဉ်
တော်ကိုလဲ အထူးထူး တင့်တယ်အောင် ဖန်တီးနိုင်သူ ဖြစ်ပေတယ်။ ဆုတော်
လာဘ်တော်များ ခံယူစေ မောင်မင်း။

ဥယျာဉ်မှူး။ ။ ကျေးဇူးတော် ကြီးမြတ်လှပါပေတယ် အရှင်မင်းမြတ်။

မင်းကြီး။ ။ အလို၊ ဟောဒီဥယျာဉ်တော်မုခ်ဝရဲ့ တစ်ဖက်တစ်ချက်ဆီမှာ ရှိနေ
တဲ့ သရက်ပင်နှစ်ပင်ဟာ မြရည်လိမ်းထားသလို စိမ်းစိမ်းလတ်လတ် ညိုဖပ်
သော ဖက်ရွက်တွေနဲ့ တင့်တယ်ခိုင်ဖြိုးလှပါကလား။ ဟဲ့ ဆင်ဦးစီးများ၊ ဆင်
ထိန်းများ၊ သရက်ပင် နှစ်ပင်ရှိရာအောက် မင်္ဂလာဆင်တော်ကို အရောက်
ဆောင်ကြစမ်း’

(သရက်ပင်အောက်သို့ မင်္ဂလာဆင်တော် ရောက်သည်။)

မင်းကြီး။ ။ အလို၊ ကြည့်စမ်း။ အဝေးအမြင်နဲ့ အနီးအသွင် ကွာခြားနေပါ
ကလား။ သရက်ပင် နှစ်ပင်လုံးဟာ ထွားကျိုင်းပက်မိုး အရိပ်ထိုးပုံချင်း တူ
ပေမယ့် တစ်ပင်က ဝင်းမှည့်ချိုမွှေးသော ရနံ့ရှိတဲ့ အသီးတွေနဲ့ ပြည့်နှက်နေ
တယ်။ ကျန်တစ်ပင်ကတော့ အသီးမဲ့ ပကတိအရွက်ချည်းသာပါလား။

ဥယျာဉ်မှူး။ ။ ကိုင်းလုံး ကွေးညွတ် အသီးပြွတ်နေသော အပင်ထက်ဆီက သရက်
သီးကို ဘုန်းတော်ကြောင့် လိုလားတော်မူပါရင် ဆွတ်ခူးစားသုံးကြည့်စေချင်
ပါတယ် အရှင်မင်းမြတ်။

မင်းကြီး။ ။ အိမ်း…မောင်မင်းအတွက်တော့ ဥယျာဉ်တော်တစ်ခုလုံးဟာ ဂုဏ်
ယူစရာဖြစ်နေတာမို့ မောင်မင်းရဲ့သရက်သီးများကိုပါ အရသာယူစေချင်ဟန်
တူတယ်။ ကောင်းပြီ မောင်မင်း။



www.burmeseclassic.com

www.burmeseclassic.com



(စိုး ...ကာ်ဆင်ထက်မှာပင် သရက်သီးတစ်လုံးကို ခူးဆွတ်ကာ စားတော်...
သည်။)

မင်းကြီး။ ။ (အင်း...အဆင်း ဝင်းဖန့်သလောက် အနံ့အရသာနဲ့လဲ ပြည့်စုံ...
သရ...က်သီးပေပဲ။ တပ်မက်အပ်သော ရသတဏှာ ဆောင်ပေတယ်။ သို့သေ...
ငါအ...ဒ ဥယျာဉ်တော်ဝင်ပြီး စံပယ်ဦးမယ်။ ဥယျာဉ်တော်က ထွက်တဲ့အ...
ဝလေ...အောင် သုံးဆောင်မယ်) ဟဲ့...မောင်မင်းတို့... ဥယျာဉ်တော်အတွင်...
ဆော...င်ကြစမ်း။

သားတော်... အိမ်ရှေ့မင်း။ ။ အင်း... မုခ်ဝ သရက်ပင်က သရက်သီး တစ်လုံး...
ခမည်း...တော် ဆွတ်ချူပွဲတော်ယူသွားပြီ။ ခမည်းတော် အဦးအဖျား စားတော...
မှုပြီး... အပင်ပေပဲ။ ငါလဲ သုံးဆောင်ခွင့် ရပြီ။
(သရ...က်သီးတစ်လုံး ဆွတ်ချူစားသည်။)

အလို... မှူးမတ်ဗိုလ်ပါတို့၊ ဆင်ကျောကုန်းထက်ကနေ ခမည်းတော် ဆွတ်...
ပွဲတော်...ယူသွားတာကို ကျွန်ုပ် မအံ့သြတော့ဘူး။ သည်သရက်ပင်ရဲ့ အသ...
ဟာ...ကဲလှပေတယ်။ နှစ်ပင်အနက် တစ်ပင်သာ အသီးသီးရခြင်းကိုလ...
ကိုယ်...တ် သည်လို အမိပ္ပာယ်ရတယ်။

မှူးမတ်။ ဘယ်လို အမိပ္ပာယ်ကောက်တော်မူပါသလဲ အရှင်မင်းသား။

အိမ်ရှေ့မင်း။ ။ မသီးတဲ့ အပင်အတွက်ပါ ပိုပိုကဲကဲ အချိုစွဲ ရအောင် သီး...
အပင်... တာဝန်ယူလိုက်သလားလို့။

မှူးမတ်။ ဘုန်းတော်ကြောင့် လျော်ကန်သော အမိပ္ပာယ်ပါ အရှင်မင်းသား။

အိမ်ရှေ့မင်း။ ကိုင်း...ခမည်းတော် ဥယျာဉ်တော်အတွင်း ဝင်သွားပြီ။ ရှေ့...
နောက်...ဂက် အလှမ်းဝေးနေလို့ မတော်ပေဘူး မောင်မင်းတို့။
(အိမ်...မင်း ဝင်သွားသည်။)

မှူးမတ်။ အချင်းတို့...အချင်းတို့...။

အခြား။ ။ ...ရည် တမြားမြားနဲ့ အမှုအရာကလဲ ထူးခြားလှချည်လား အမတ်မင်း...

မှူးမတ်။ ထူးခြားဆို အခု မင်းကြီးနဲ့ အိမ်ရှေ့စံ အရှင်နှစ်ပါးဟာ ဟော...
သရ...င်က သရက်သီး တစ်လုံးစီကို ဆွတ်ချူပွဲတော်ယူသွားကြပြီလေ...
အဦး...ား ခူးစားပြီးတဲ့နောက်မှတော့ ထူးခြားတဲ့ သရက်သီးကို ကျုပ်တ...
လဲ...



အခြား။ ။ အို...ဟုတ်ပေသား။ ကိုင်း...လက်လှမ်းမီရာသာ ဖြုတ်ပြီး ခူးစားကြ ရအောင်လား။ ကိုင်း...လာကြ လာကြ။

မင်းချင်းများ။ ။ ဟော ဟော...ကြည့်စမ်း၊ ဘုရင်မင်းမြတ်နဲ့ အိမ်ရှေ့မင်းသားတို့ကို အဦး ဆက်ပြီးပြီဆိုပြီး မှူးတော်မတ်တော်တွေ မြူးချက်ကတော့ဖြင့် နိပ်ပကွာ။ ကဲ...တို့များလဲ တစ်လုံးတလေ။

အခြား။ ။ အို... ကိုယ့်လူနှယ်၊ ဘယ့်နှယ် တစ်လုံးတလေရမှာလဲ၊ ကျုပ်တို့က ငယ်လဲ ငယ်သူ၊ လှုပ်လှုပ်ရှားရှားနဲ့ မင်းရေးမင်းရာ အလုပ်လဲ များသူ၊ တစ်လုံး တလေ ရမလားဗျ။ နှစ်လုံး...သုံးလုံး...လေး...ငါး...ခြောက်လုံး။

အခြား။ ။ ကိုယ့်ဖို့ချည်း ကိုယ် မကြည့်ကြနဲ့လေ။ အစားကောင်းလေး စားရတဲ့ အခါများ ဘယ်သူ့ကို သတိရကြတယ် ဆိုသလား။

အခြား။ ။ ကိုယ့်လူ အပြောနောက်ကျနေပြီ။ ကျုပ်က ကျုပ်အပျိုတော်လေး အတွက် ဟောဒီမှာ ပုဆိုးတစ်ပိုက် ခူးပြီးပြီဗျ။

အခြား။ ။ ကျုပ်ကလဲ ဟောဒီမှာ ပဝါနဲ့ တစ်ပွေ့ပါဗျ။

မြင်းထိန်းများ။ ။ အံမာ...ကြည့်စမ်း၊ တကယ်ပင်ပန်းတော့ တို့က၊ အရသာ ယူတော့ သူတို့ လူပျိုတော်သားတွေ။ ဘာရမလဲ၊ လာကြဟေ့၊ ငါ့လူများ။ ဟောဟိုဘက်ကိုင်းမှာ ဝင်းမှည့်နေတာတွေ ကျန်သေးဗျား။

ဆင်ထိန်းများ။ ။ ဟေ့ လူတို့...လူတို့၊ ဟိုအကောင်တွေ သရက်သီးပွဲတော်ကြီး တွေ့နေကြပြီ။ ဘယ်ရမလဲ၊ ဆင်ထိန်းသမားဆိုတာလဲ သူတို့ထိန်းတဲ့ ဆင်တွေရဲ့ ပါးစပ်လိုပဲ ဆိုတာ ပြလိုက်ကြရအောင်။ ခူးဟေ့၊ ဆွတ်ဟေ့၊ အား.. ချိုသဗျ...ချိုသဗျ။

အခြား။ ။ ကိုင်းသာ ချိုးချလိုက်ကြဟေ့၊ ကိုင်းကိုသာ ချိုးချ။

အခြား။ ။ ဟေ့...တံချူနဲ့သာ သိမ်းကျုံးပြီး ရိုက်ချကွာ။

အခြား။ ။ ဟော...တောင်ဘက်က တစ်ကိုင်းတည်းပဲ ကျန်ပါတော့လား။ ဟေ့ အဲဒါ ငါ့အတွက်ကွ၊ ငါ့ဖို့ကွ။

အခြား။ ။ ဟောဗျား...ဟောဗျား၊ သရက်သီးတွေ ကုန်ပါရောလား။

အခြား။ ။ လူဝါးဝတဲ့ကောင်တွေပဲ၊ အကုန်သိမ်းကျုံးခူးစားသွားတယ်၊ ကိုင်း... မစားရတဲ့အတူတူ ဒီသရက်ပင် လှုပ်ချကွာ၊ အကိုင်းတွေ အခက်တွေ အရွက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ချိုးဖဲ့ပစ်ကြကွာ၊ ဟား ဟား...အသီးမစားရပေမယ့် အရွက်တော့ ခြွေ
ပါသေးတယ်ကွာ။

အခြား။ ။ ဟား ဟား ဟား... ခြွေဟ ဖဲ့ဟ... ချိုးဟ ရိုက်ဟ။

## ပြကွက် (၃)

(ညနေခင်း၊ အတွင်းခန်း ဥယျာဉ်တော်တံခါးဝ။ ပျက်စီးနေသော သရက်ပ
တစ်ပင်နှင့် ပကတိအတိုင်း ရှိနေသော အခြား သရက်ပင် တစ်ပင်။)

မင်းကြီး။ ။ တိုင်းရေးပြည်ရာ အဖြာဖြာကိစ္စတွေထဲက ခုလို ဥယျဉ်တော်အတွင
တစ်နေ့ခင်းလောက် နားနေတော်မူလိုက်ရတာ အားရွှင်လန်းတော်မူတယ
မောင်မင်း။ အလို...ဥယျာဉ်တော်မုခ်ဝမှာ ဘယ်လိုဖြစ်တာပါလိမ့် မောင်မင
များ...။

မှူးမတ်။ ။ ဘုန်းတော်ကြောင့် အရှင်မင်းမြတ် ဆွတ်ချူးပွဲတော်ယူခဲ့တဲ့ သရက
ပင်ကြီး ကျိုးပဲ့ပျက်စီးနေခြင်းပါ ဘုရား။

မင်းကြီး။ ။ ကျွန်ုပ်ဥယျာဉ်တော်တွင်း ဝင်ခါစနဲ့ မတူ၊ တစ်နေ့ခင်းကာလအတွင
မှာ ဘာကြောင့်များ ဒီလိုဖြစ်သွားရသလဲ မောင်မင်း။

မှူးမတ်။ ။ ဘုန်းတော်ကြောင့် အရှင်မင်းမြတ် ကိုယ်တော်အား အဦးအဖျ
ဆက်ပြီးပြီ ဆိုပြီး ရဲမက်ဗိုလ်ပါများနဲ့တကွ နောက်ပါ ဆင်ထိန်း၊ မြင်းထိန
ကျွန်တို့ အလုအယက် ဆွဲချူးကြလို့ ဒီလိုဖြစ်ရခြင်းပါ ဘုရင်မင်းမြတ်။

အခြား။ ။ လုယက်ဆွဲချူးကြတဲ့အပြင် သရက် ရှားပြီး လက်များကြတဲ့အတွင
အခုလို အရွက်၊ အခက်၊ အကိုင်း အညွန့်တို့ ပွန်းရိပျက်စီးရခြင်းပါ ဘုရား

မင်းကြီး။ ။ မောင်မင်း၊ ဒီအတိုင်းသာ မှန်ရင် ဟိုမှာ ကျန်တဲ့အပင်ကို ကြည့်လိုက
စမ်း၊ သူ့မှာတော့ တစ်ရွက်တလေမှ အပျက်အခြွေ မရှိပါလား။

မှူးမတ်။ ။ ထိုအပင်က အသီးမသီးတဲ့အတွက် အထီးတည်း ချမ်းသာ လန်းဖြ
စွာ ကျန်ရစ်ခဲ့ဟန်တူပါတယ် အရှင်မင်းမြတ်။

မင်းကြီး။ ။ (အို...ဘုရား...ဘုရား၊ အသီး မသီးတဲ့အတွက် စိမ်းစိမ်း လတ
လတ် ညိုဖတ်သော ခက်ရွက်နဲ့ နှစ်သက်ဖွယ်ပကတိအတိုင်း ရှိတဲ့ အပင်တ
အသီး သီးတဲ့အတွက် ဖျက်ဆီးသောသူနဲ့ ဆက်ဆံရပြီး ပကတိအတိုင်း မတည
ပွန်းရိပျက်စီးသော အပင့်တဲ့၊ အင်း... ငါ့ရဲ့ ထီးနန်းဂုဏ်သိန် မင်းစည်းစိမ



ဆိုတာဟာလဲ စင်စစ်တော့ အသီးသီးခြင်းကြောင့် ဖျက်ဆီးတတ်သောသူနဲ့
ဆက်ဆံရတဲ့ ပကတိမရှိတော့တဲ့ သရက်ပင်နဲ့ ဘာခြားနားသေးသလဲ။ ချို
မွှေးတဲ့ အသီးအားဖြင့် သရက်ပင်ဟာ သူ့ကိုဖျက်ဆီးမယ့် ရန်သူကို ဖိတ်
ခေါ်နေတယ်။ သူ့အသီးကြောင့် သူ ပျက်စီးရတယ်။ ဥစ္စာ၊ အာဏာ၊ စည်းစိမ်
ချမ်းသာ ကုန်လုံပေါ်ကြွယ်တဲ့ ပြည့်စည်းစိမ်ဟာလဲ လိုချင်တပ်မက်သူ ဆွတ်ချူ
စားသောက်လိုသူများကို လက်ယပ်ဖိတ်ခေါ်နေတာပါကလား၊ အင်း...ရန်သူ
ဆက်ဆံတဲ့ စည်းစိမ်၊ ရန်သူဆက်ဆံတဲ့ စည်းစိမ်၊ အလို...ရန်သူ မဆက်ဆံ
တဲ့ စည်းစိမ်ဆိုတာကတော့ အင်း...ဒါဖြင့် စည်းစိမ်ကကော အသီး မသီး
တဲ့ သရက်ပင်နဲ့ တူတဲ့ စည်းစိမ်မျိုး၊ ဥစ္စာ၊ အာဏာ၊ သားမယား၊ ဆွေမျိုး၊
ကြောင့်ကြခြင်းကင်းတဲ့ ကြောင့်ကြမဲ့တဲ့သူမျိုး၊ အဲဒီပုဂ္ဂိုလ်မျိုးရဲ့ စည်းစိမ်ဟာ
သော မရှိဘူး။ ဒါဟာ ဒါဟာ...အလုံးစုံသော စည်းစိမ်မှ ကင်းကွာရတဲ့ ရသေ့
ရဟန်းရဲ့ အဖြစ်မှာသာ ရနိုင်ပေတော့မယ်။ အင်း...ရသေ့ ရဟန်းဘဝ၊ ရန်သူ
မဆက်ဆံတဲ့ စည်းစိမ်၊ ကြောင့်ကြမဲ့ဘဝ၊ အသီး မသီးတဲ့ သရက်ပင်၊ ဒီလိုဆို
ရင် သရက်နှစ်ပင်မှာ အသီးမသီးတဲ့ သရက်ပင်ကို ပမာစံထားပြီး အလုံးစုံ
သော ကြောင့်ကြကိုဖြတ်ပြီး ငါ ရဟန်းပြုမှ တော်တော့မယ်၊ ငါ ရဟန်းပြုမယ်၊
ငါ ရဟန်းပြုမယ်။) မောင်မင်းတို့...နန်းတွင်းဝင်ကြစို့။

မှူးမတ်များ။ ။ ဘုန်းတော်ကြောင့်ပါ ဘုရင်မင်းမြတ်။

## ပြကွက် (၄)

(နံနက် ညီလာခံအပြီး နန်းတော်အရှေ့မုခ်တံခါးဝ)

စစ်သူကြီး။ ။ ဘုန်းတော်ကြောင့် အခေါ်တော်အရ ကျွန်တော်မျိုး အခစား ရောက်
ရှိပါပြီ ဘုရင်မင်းမြတ်။

မင်းကြီး။ ။ စစ်သူကြီးလား၊ မိတ္ထိလာတပ်မကြီးရဲ့ အဦးအစီးချုပ်ဖြစ်တဲ့ မောင်
မင်းကို ကျွန်ုပ် အထူးတလည် တာဝန်အရာ အပ်နှင်းစရာရှိနေတယ်။

စစ်သူကြီး။ ။ ဘုန်းတော်ကြောင့် ဦးဆွေးဆံမြည့်ပါ ဘုရင်မင်းမြတ်။

မင်းကြီး။ ။ ကောင်းပြီ၊ နိုင်ငံတော် ပြည်ထဲရေးအုပ်ချုပ်မှုမှာတော့ သားတော်
ဒီဃာဝု အိမ်ရှေ့မင်းသား ရှိနေပြီ၊ မောင်မင်းကတော့ ကျွန်ုပ်ရဲ့ တစ်ဦးတည်း
သော အလိုတော်ကိုသာ လုံခြုံစွာ စောင့်ရှောက်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီး။ ။ ဦးထိပ်ရွက်လျက်ပါ ဘုရင်မင်းမြတ်။

မင်းကြီး။ ။ ယနေ့က စပြီး ကျွန်ုပ်ဟာ အလိုရှိသံမျှ ကာလပတ်လုံး နန်းတော ပြာသာဒ်အထက်မှာ တစ်ယောက်ထီးတည်း ရဟန်းတရား ပွားများအားထုတ နေတော်မူမယ်၊ စားတော်အုပ် သွင်းဆက်သူ၊ တံပူ မျက်နှာသစ်ရေ ဆက်က သူ အလုပ်အကျွေး လက်ပါးစေများသာ ကျွန်ုပ်အလိုရှိတိုင်း အဝင် အခစ ရှိစေရမယ်၊ ဤသူတို့ကလွဲပြီး နန်းတွင်းသား ခစားသမျှ မှူးမတ်ပရိသ အပေါင်း တစ်ယောက်တလေမျှ ကျွန်ုပ်ထံ မဝင်ရအောင် မောင်မင်း ကျပ်တည် ပြင်းထန်စွာ နှိမ်နင်းအောင် တားဆီးစောင့်ရှောက်ရလိမ့်မယ်။

စစ်သူကြီး။ ။ မဟေသီ မိဖုရားခေါင်ကြီး အပါအဝင်ပါလား ဘုရင်မင်းမြတ်

မင်းကြီး။ ။ သီဝလီဒေဝီမိဖုရားကြီးဟာ ကျွန်ုပ်ထံ မဝင်ရတဲ့ အမိန့်တော်ထဲမှ ထိပ်ဆုံးက အကျုံးဝင်သူ ဖြစ်တယ် မောင်မင်း။

စစ်သူကြီး။ ။ ကောင်းလှပါပြီ ဘုရင်မင်းမြတ်။

မင်းကြီး။ ။ မောင်မင်း သွားနိုင်ပြီ၊ ကျွန်ုပ်ရှေ့က စရွေ့တဲ့ ခြေအလှမ်းက စပြ အမိန့်တော်ကို ဦးထိပ်ရွက်ပေတော့။

(စစ်သူကြီး ဝင်ပြီးနောက် လွှတ်သဘင်၏ အကြီးအကဲ အမတ်ကြီး အခစ ဝင်သည်။)

အမတ်ကြီး။ ။ ဘုန်းတော်ကြောင့် ကျွန်တော်မျိုး အခစား ရောက်ရှိပါပြီ ဘုရ မင်းမြတ်။

မင်းကြီး။ ။ လွှတ်သဘင်ဦးစီး အမတ်ကြီးလား။ ကောင်းပြီ၊ ယနေ့က စပြ ကျွန်ုပ်ဟာ ကျွန်ုပ် အလိုရှိသမျှ ကာလပတ်လုံး နန်းတော်ပြာသာဒ် အထ ဆင့်မှာ တစ်ယောက်တည်း ရဟန်းတရား အားထုတ်တော်မူမှာဖြစ်တဲ့အတွ တရားလွှတ်တော်နဲ့တကွသော လွှတ်သဘင်ရေးရာ အလုံးစုံ အဝဝကို မော မင်းထံ အကုန်အစင် ကျွန်ုပ်သက်ရောက် အပ်နှင်းခဲ့မယ်။

အမတ်ကြီး။ ။ မှန်လှပါ၊ အချုပ်အခြာ မင်းအာဏာရေးရာ အမိန့်တော် အတွက်…

မင်းကြီး။ ။ မောင်မင်းကို အကုန်အစင် လွှဲပြောင်းသက်ရောက်လိုက်တယ် ကျွန်ုပ် ဆိုခဲ့ပြီ အမတ်ကြီး။ ကျွန်ုပ် ကြောင့်ကြနေတယ်ဆိုပြီး တရား အ အဖြတ်ကို မယိမ်းမယိုင်စေနဲ့၊ ဖြောင့်မတ်ဟုတ်မှန်တိုင်း စီရင်၊ ပစ္စုပ္ပန်သံသ



အကျိုးနှစ်ပါး ပြည့်စုံကြောင်း ကောင်းမြတ်သော အဆုံးအမကို ပေး၊ နားလည် ပြီလား အမတ်ကြီး။

အမတ်ကြီး။ ။ ဘုန်းတော်ကြောင့်ပါ အရှင်မင်းကြီး။

ပြကွက် (၅)

(အတွင်းခန်း၊ နံနက်လင်းစ၊ နန်းတော်ပြာသာဒ်၏ အထက်ဘုံဆင့်၊ ဖွင့်ထား သော မြောက်လေသာပြတင်းမှတစ်ဆင့် အဝေးဆီတွင် ဟိမဝန္တာ၏ အစွန် အဖျားကို တွေ့မြင်နေရသည်။)

(ကားလိပ်ဖွင့်လိုက်လျှင် ပရိသတ်ကို ကျောပေးလျက် လေသာပြတင်းဝတွင် ရပ်ကာ အာရုံပြု လက်အုပ်ချီနေသော မဟာဇနက္ကမင်းကြီးကို မြင်ရသည်။ အတန်ကြာမျှငြိမ်သက်နေပြီးနောက် ဇာတ်စင်၏ လက်ဝဲဘက်မှ မင်းကြီး၏ စားတော်ကဲ လက်အုပ်ချီကာ ထွက်လာသည်။)

စားတော်ကဲ။ ။ (အင်း…မင်းကြီးဟာ ငါ မနက် မနက် အခစားဝင်လေတိုင်း ဒီလိုပဲ လေသာပြတင်းဝမှာ ရပ်၊ အဝေးဆီက ဟိမဝန္တာဆီကို လှမ်းမျှော်ရင်း လက်အုပ်ချီ အာရုံပြု၊ တိတ်ဆိတ်စွာ တရားနှလုံးသွင်းနေတာ ကြာတောင့် ကြာများ ရှည်လျားခဲ့ပြီကော။ နေပါဦး၊ အခုဆိုရင် ဘယ်သူနဲ့မှ အတွေ့မခံဘဲ စားတော်ကဲ ငါရယ်၊ ဆတ္တာသည်ရယ် ဒီနှစ်ဦးသာ အထူးထူးသော ပြုဖွယ် ဆောင်တာအတွက် ပြာသာဒ်ဘုံဆင့်ထိ အခစားဝင်စေခဲ့တာဟာ ဘယ်လောက် ကြာသွားပြီလဲ မသိ။ အဲ… နေပါဦး၊ နှစ်လ၊ သုံးလ၊ လေးလ အို…လေးလ ကျော်လို့ လာခဲ့ပါပကောလား။ အခုလဲ မင်းကြီး အာရုံပြုနေဆဲ လက်အုပ်ချီ နေဆဲ အသံမပြုဘဲ တိတ်တိတ်ကလေး စောင့်ရင်း ခစားနေမှ၊ အလို…ဟော ဟိုက ရောက်လာတာ ဆတ္တာသည်ပါလား။) နောင်ကြီး ဆတ္တာသည်၊ ဒီနေ့ မနက် အစောကြီး အခစားဝင်တာပါလားဗျ။

(ဆတ္တာသည်က နှုတ်ခမ်းနားတွင် လက်ဝါးဖြင့် ပိတ်ပြီး ကျုန်တစ်ဖက်က လက်ကို ခါယမ်းပြသည်။)

ဆတ္တာသည်။ ။ (လေသံဖြင့်) တိုးတိုးတိတ်တိတ် လုပ်စမ်းပါ စားတော်ကဲကြီးရဲ့၊ မင်းကြီး တရားနှလုံးသွင်း ဆင်ခြင်တော်မူနေတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



စားတော်ကဲ။ ။(ယောင်ယမ်း၍ ပါးစပ်ကို လက်ဝါးဖြင့် ပိတ်ပြီး) အို...ဟုတ် သား။ ရုတ်တရက် ခင်ဗျားကို မြင်လိုက်တော့ နှုတ်က အသံထွက်သွားတယ် (လေသံကို ပိုလျှော့ချကာ) နေပါဦး၊ ခင်ဗျား ဒီနေ့ စောလှချည်လား။

ဆတ္တာသည်။ ။ယမန်နေ့ကတည်းက ဘုရင်မင်းမြတ်က ဒီနေ့ စောစော အခစား ဝင်ရမယ်လို့ အမိန့်တော် ပေးထားတယ်လေ။

စားတော်ကဲ။ ။ကျုပ်ကိုလဲ ဒီနေ့ အရုဏ်နံနက်လင်းစာ ပွဲတော်ကို စောစော လာခဲ့ရမယ်လို့ အမိန့်တော်ချထားတယ်။ တစ်ခုခုတော့ ထူးခြားပြီနဲ့ တူတယ် ဗျ။

ဆတ္တာသည်။ ။မင်းကြီး ထူးခြားတာတော့ မပြောတတ်ဘူး။ နန်းမတော်မိဖုရား ကြီးနဲ့ နန်းတွင်း မိဖုရားငယ်တွေ ထူးခြားနေတာကတော့ အမှန်ပဲ။

စားတော်ကဲ။ ။ဟုတ်လား၊ ကျုပ်က မင်းကြီးပွဲတော်စာအတွက်ပဲ စားဖိုဆော တော်မှာ လုံးပန်းနေရတော့ နန်းတော်ထဲ ဘာဖြစ်လဲ မသိဘူးဗျ၊ ခင်ဗျားက တော့ ဆတ္တာသည်ဆိုတော့ သတင်းစကားတွေ ရပေမှာပေါ့၊ ဆိုပါဦး၊ န မတော် မိဖုရားကြီးနဲ့ မိဖုရားငယ်တွေ ဘာများထူးခြားနေသလဲ။

ဆတ္တာသည်။ ။လာ လာ...ဟောဟိုဘက်ထောင့်နား သွားပြောရအောင်၊ ကျု တို့ ဘယ်လောက်ပဲ တိုးတိုးပြောနေနေ၊ မင်းကြီးအာရုံကို အနှောင့်အယှ ပြုမိမှာ စိုးရတယ်။

စားတော်ကဲ။ ။ကဲ...ဆိုစမ်းဗျာ၊ ဘာတွေ ထူးခြားသလဲ ဆိုတာ။

ဆတ္တာသည်။ ။ကျုပ်တို့မင်းကြီး အခုလိုပြာသာဒ်ဘုံဆင့်မှာ ဘယ်သူနဲ့မှ အတွေ့ မခံဘဲ တစ်ကိုယ်တည်း စံမြန်းနေတော်မူတာ အခုဆိုရင် လေးလ ကျော်ခဲ့ မဟုတ်လား။

စားတော်ကဲ။ ။ဟုတ်တယ်၊ လေးလ ကျော်ပြီလေ။

ဆတ္တာသည်။ ။ဒီလေးလအတွင်းမှာ ကျုပ်တို့ကလွဲပြီး ဘယ်သူမှ ဒီပြာသာ အထက် ဘုံအဆင့်ကို ဝင်ခွင့်မရကြဘူးလေ။

စားတော်ကဲ။ ။ဟုတ်ပါပြီ၊ သိပြီးသားတွေ ထပ်ပြောမနေစမ်းပါနဲ့လေ။

ဆတ္တာသည်။ ။ပြောရမယ်ဗျ၊ အဲဒီ သိပြီးသားကနေ နိဒါန်းသွယ်ယူမှ အရ လည်မှာကိုး။



စားတော်ကဲ။ ။ဆတ္တာသည်ဝိပိ တစ်ဆိတ် စကားကလဲ များပါ့ဗျာ၊ ကဲ ကဲ... ဆက်ပြီး သွယ်စမ်းပါဦး။

ဆတ္တာသည်။ ။ဒီကာလအတွင်းမှာ တစ်နန်းတော်လုံး ရှိတဲ့ အမှုးအမတ် ပရိသတ်အားလုံးက ကျုပ်တို့ကို ဝိုင်းမေးကြပါရောလား။ သင်တို့က မင်းကြီး ဆီ အခစားဝင်ရတဲ့သူတွေဆိုတော့ မင်းကြီး ဘယ်သို့နေ၊ ဘယ်သို့ ပြော၊ ဘယ် လို ဟောသလဲ ဆိုပြီး ကျုပ်တို့ကို မေးကြတယ်။

စားတော်ကဲ။ ။အင်းလေ၊ ကျုပ်တို့မှာလဲ အချိန်တန် အခစားဝင်၊ ပွဲမြဲတိုင်း အမှု နဲ့ ခစားဆက်သွင်းပြီး အချိန်တန်တော့သာ ပြန်ခဲ့ရရော၊ မင်းကြီးနဲ့ တစ်ခွန်း တစ်စမှ ပြောခွင့်မရကြတာကလား။

ဆတ္တာသည်။ ။အေးလေ၊ အဲဒီလို အဖြေမှန်အတိုင်း ပြန်ပြောပြန်တော့လဲ သူတို့ က မယုံကြဘူး။ သူတို့ မယုံတာက ပြဿနာမရှိဘူးဗျ။

စားတော်ကဲ။ ။ဘာက ပြဿနာရှိလို့လဲ။

ဆတ္တာသည်။ ။နန်းမတော်မိဖုရားကြီးလေ၊ မင်းကြီးဟာ ဘယ်သူနဲ့မှ အတွေ့ မခံ၊ တစ်ကိုယ်တည်းနေလာတာ လေးလကျော်လာပြီ၊ တန်တော့ မင်းကြီး ဖောက်လွဲသော အကြံတော် ရှိနေပြီလားမသိဘူးဆိုပြီး ငါတို့ ကွန်ကြီးနဲ့ ပြေး မထွက်နိုင်အောင် ဖွဲ့ရစ်ပိုက်ခြုံကြစို့ရဲ့ ဆိုတဲ့ ကြိုးဝါးသံနဲ့လေ။

စားတော်ကဲ။ ။အလိုလေး...ဘာများ လုပ်ကြမလို့ပါလိမ့်ဗျာ၊ ကျုပ်တို့ မင်းကြီး ကို...

ဆတ္တာသည်။ ။ဘာလုပ်ရမလဲ၊ မိဖုရားငယ် ခုနစ်ရာကို နံ့သာအမွှေးတုံး၊ အဝတ် တန်ဆာ ပြိုးပြိုးပြက်အောင် ဆင်ယင်ပြီး...

စားတော်ကဲ။ ။ဟော ဟော...စကား ဒီတင်ရပ်ဖို့၊ ကျုပ်တို့ မင်းကြီး တရား အာရုံဝင်စားမှု ပြီးသွားပြီနဲ့ တူရဲ့၊ လေသာပြတင်းဝက ခွာလာပြီပဲ။

(မဟာဇနက္ကမင်းကြီး လေသာပြတင်းဝမှ ပြန်လှည့်လာသည်။ ပူးယှက်ထား သော လက်အုပ်အစုံကိုလည်း ခွာလိုက်သည်။)

မင်းကြီး။ ။စားတော်ကဲနဲ့ ဆတ္တာသည်တို့ ရောက်နေကြပြီလား မောင်မင်းများ၊ အင်း...အမိန့်တော်စကားနဲ့အညီ စောစီးစွာ ရောက်နေကြပေတယ်။ စား တော်ကဲ ရှေ့တိုးခဲ့စမ်း မောင်မင်း။



www.burmeseclassic.com

www.burmeseclassic.com



(ဆတ္တာသည်က နေရာတွင်ပင် ဒူးတုပ်ခစားကျန်ရစ်ခဲ့ပြီ။ စားတော်ကဲ မင်း
ကြီးအနီးသို့ တိုးချဉ်းခစားသည်။)

မင်းကြီး။ ။ မောင်မင်း အခုသမဏာပရိက္ခရာ ရောင်းချတဲ့ ဈေးတန်းကို သွား
အပေါ်ရုံ ဧကသီ၊ ခါးဝတ်သင်းပိုင်နဲ့ အပေါ်တင် နှစ်ထပ်သင်္ကန်း၊ အဲဒီ သင်္ကန်
သုံးထည်နဲ့ မြေသပိတ်တစ်လုံး သွားဝယ်ပြီး အမြန်ပြန်ခဲ့၊ အမှုတော် အ
အဆုံး ဘယ်သူမှ မသိစေနဲ့၊ ကြားလား ... မောင်မင်း။

စားတော်ကဲ။ ။ ဘုန်းတော်ကြောင့်ပါ အရှင်မင်းမြတ်။

မင်းကြီး။ ။ ကဲ သွားပေရော့ မောင်မင်း၊ သြော် ဆတ္တာသည်မောင်မင်း၊ ရှေ့တို
ခဲ့စမ်း။

(စားတော်ကဲ ဝင်သွားသည်။ ဆတ္တာသည် ရှေ့တိုး ခစားသည်။)

မင်းကြီး။ ။ ကိုယ်တော်ရဲ့ ဆံမုတ်ဆိတ်ကို ရိတ်သင်ရမယ် မောင်မင်း။

ဆတ္တာသည်။ ။ အမိန့်တော်အတိုင်းပါ အရှင်မင်းကြီး။

(ဆံမုတ်ဆိတ်များ ရိတ်သင်နေစဉ်)

ဆတ္တာသည်။ ။ ဘုန်းတော်ကြောင့် ကျေးတော်ကျွန်တော်မျိုး ဆတ္တာသည် အ
ထမ်းအား သနားခွင့်ပြုတော်မူပါ ဘုရား။

မင်းကြီး။ ။ ဘာလျှောက်တင်စရာရှိသလဲ မောင်မင်း။

ဆတ္တာသည်။ ။ စားတော်ကဲကို သင်္ကန်းများ ဝယ်ဖို့ စေလွှတ်တော်မူပြီး ကျွ
တော်မျိုးကို ဆံမုတ်ဆိတ်များ ရိတ်ပယ်ဖို့ အမိန့်တော်ရှိတာကို ထောက်
လျှောက်တင်ရလျှင် ဘုရင်မင်းမြတ် ဝတ်ကြောင်စွန့်ပြီး ရဟန်းဘောင် ကူ
တော်မူမယ်လို့ ထင်ပါတယ်ဘုရား။

မင်းကြီး။ ။ (အနည်းငယ် ပြုံးရယ်တော်မူလျက်) မောင်မင်းဟာ ဆတ္တာသ
ပီပီ အလျှောက်အတင် ရဲတင်း ရင်းနှီးလှပေတယ်။

ဆတ္တာသည်။ ။ ချမ်းသာပေးတော်မူပါ ဘုရင်မင်းမြတ်၊ ဆတ္တာသည်တို့ရဲ့ အလေ့
အထ ဆိုတာထက် ဘုရင်မင်းကြီးရဲ့ မေတ္တာကရုဏာအပေါ် အားထားကိုးစ
ခြင်းကြောင့် လျှောက်တင်မိခြင်းပါ ဘုရား။

မင်းကြီး။ ။ မောင်မင်း ထင်တဲ့အတိုင်း မှန်တယ်။ ကျွန်ုပ် ရဟန်းဘောင်ကို ကူ
တော့မယ်။ နံနက်တိုင်း နံနက်တိုင်း ဟောဟိုလေသာပြတင်းမှာ ရပ်ပြီး ပ



အဝေးဆီက ဟိမဝန္တာတောင်တန်းရှိရာဘက် မှန်းမျှော်ရင်း ကျွန်ုပ် လက်အုပ်
ချီ အာရုံပြုနေခဲ့တာဟာ ဘာလဲဆိုတာ မောင်မင်း သိသလား။

ဆတ္တာသည်။ ။ ဘုန်းတော်ကြောင့် နှုတ်ခွန်းတော်မူမှ သိနားလည်ရမယ့် ဆတ္တာ
သည် အညံ့အဖျင်းပါ ဘုရား။

မင်းကြီး။ ။ လေသာပြတင်းဝမှာ ရပ်ပြီး ဟိမဝန္တာဘက် မှန်းမျှော်ရင်း ကျွန်ုပ်
ဟာ မိတ္ထိလာပြည်ကြီးရဲ့ ကျက်သရေ၊ ဝိဒေဟရာဇ်တိုင်းရဲ့ ကျက်သရေ နန်း
တော်ရုံ အတွင်းမြို့၊ နန်းတော်ပြာသာဒ်နဲ့တကွ အလုံးစုံသော ပလ္လင်တော်၊
ဝတ်လဲတော်တန်ဆာ၊ မင်္ဂလာရေကန်တော်၊ ဆင်မြင်းရထား ယာဉ်တော်များ၊
ဆင်စီး၊ မြင်းစီး၊ လေးသည်တော်ရဲမက်များ၊ မင်းပုဏ္ဏားအမှုထမ်းများ၊ မိဖုရား
များ စသည်တို့ရဲ့ ဂုဏ်ကျက်သရေကို အောက်မေ့ကျေးဇူးတင်ခဲ့မိလေတယ်။

ဆတ္တာသည်။ ။ အတုမဲ့ စည်းစိမ်ဥစ္စာတော်များပါ ဘုရား။

မင်းကြီး။ ။ ဟုတ်တယ် မောင်မင်း၊ ဒါပေမဲ့ လိမ္မာကျွမ်းကျင်တဲ့ စောင်းသမား
ဟာ ခုနစ်ချောင်းသော ညို့တို့ကို အညီအညွတ် နှလုံးမွေ့လျော်ဖွယ် ပြုသလို
ဒါဟာ ဘယ်သောအခါမှ ညီညွတ်ဖြောင့်မတ်တဲ့ နှလုံးအရာမှာ အရှည် တည်
ပါ့မလဲလို့ ကျွန်ုပ် တွေးတောတောင့်တမိပေတယ်။

ဆတ္တာသည်။ ။ အံ့ဖွယ်သရဲပါ ဘုရား။

မင်းကြီး။ ။ ဦးပြည်းရိတ်သိမ်း၊ ဖန်ရည်စွန်းတဲ့ ဒုကုဋ်သင်္ကန်းကို ရုံ၊ သပိတ်ကို
ဆွဲပြီး ဘယ်အခါမှ ဆွမ်းခံဆွမ်းစားရပါ့မလဲ။ လမ်းခရီးမှာ လူတို့ အသုံးမဝင်
စွန့်ပစ်ထားတဲ့ အဝတ်တို့ကို ပံ့သကူ ကောက်ယူ သင်္ကန်းဒုကုဋ် ချုပ်ဆိုးပြီး
ဘယ်အခါမှ ဝတ်ရုံရပါ့မလဲ၊ ရက်လည်နေ့၏ မပြတ်ရွာတဲ့ မိုးကြီးထဲမှာ ရွှဲစို
သော သင်္ကန်းနဲ့ ဘယ်အခါမှ ဆွမ်းခံထွက်ရပါ့မလဲ၊ စိတ်ကြောင့်ကြမဲ့၊ ငှဲ့ကွက်
လွတ်ရှင်း တစ်ကိုယ်ချင်းဖြင့် သီတင်းဖြူလှစွာသော ဗြဟ္မာစရိုက်ကို အလို
ဘယ်အခါမှ ဖြည့်ဆောင်ရပါ့မလဲ။ တစ်ကုန်းပြောင်းတက် တစ်ကုန်းတက်
၍ ကြောက်မယ်ဖွယ်ရန် ဘေးဒဏ်မမျှော် အဖော်မပါဘဲ ဘယ်ခါမှ သွားရပါ့
မလဲလို့ ကျွန်ုပ် ပြင်းစွာ တောင့်တမိခဲ့တယ် မောင်မင်း။

ဆတ္တာသည်။ ။ မတူခြားနား၊ ရှာမှ ရှားပါဘိတယ် ဘုရား။

မင်းကြီး။ ။ အခုတော့ တစ်တုံးဖြတ်ပိုင်း တစ်လှိုင်းပယ်ပစ် တစ်ကြိုက် ခုတ်ထွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်ချိုးဖွဲ့ အဖွဲ့အနှောင်မှ လွတ်ကင်းသောနှလုံးနဲ့ ကျောကွင်းမှ လွတ်သော ငှက်လို အေးမဲ့ရာ ရှေးရှုတော့မယ် မောင်မင်း။

**ဆတ္တာသည်။** ။ ဥပါဒါန် ပယ်နိုင်အား ကြီးမားလှပါဘိ ဘုရား။

(စားတော်ကဲ ဝင်လာသည်။)

**မင်းကြီး။** ။ စားတော်ကဲ ရောက်လာပြီလား။ ကျွန်ုပ် မှာလိုက်တဲ့အတိုင်း သက်... သုံးထည်နဲ့ မြေသပိတ် ပါလာခဲ့ပြီလား။ ကောင်းပြီ မောင်မင်း၊ ကိုင်း...မော... မင်းတို့ကို ကျေးစား ရွာစား ဆုလာဘ်များ ပေးသနားတော်မူလိုက်တယ်။ ... ကဲ...လိုရာသွားကြပေတော့ မောင်မင်းများ။

(စားတော်ကဲနှင့် ဆတ္တာသည်တို့ ထွက်သွားသည်။ မင်းကြီးသည် သင်္ကန်းနှ... မြေသပိတ်တို့ကို ကြည်နူးအားရစွာ ကြည့်ရှုသုံးသပ်တော်မူနေစဉ် ပြာသာ... အောက် ဘုံဆင့်များဆီမှ အုတ်အုတ်ကျက်ကျက်အသံများ ပေါ်ထွက်လာသည်...)

**မင်းကြီး။** ။ အလို...ငါရှိရာ နန်းပြာသာဒ် အထက် ဘုံဆင့်ဆီကို တဖြည်းဖြည်... နီးကပ်လာတဲ့ ဒီအသံတွေဟာ ဘာသံတွေပါလိမ့်။ (နားစွင့်နေပြီးမှ) အို...ဒါဟာ သီဝလိဒေဝီ မင်းသမီးကြီးနဲ့ မိဖုရားငယ်တွေရဲ့ အသံပါလား... မဖြစ်ချေဘူး၊ ပြုဖွယ်အဖို့ အမြန်ပြုလေမှပဲ။

(မင်းဝတ်တန်ဆာများကို သင်္ကန်းထည်နှင့် လဲလှယ်ဝတ်ဆင်နေစဉ် မီးရော... တဖြည်းဖြည်း မှိန်ပျောက်သွားသည်။)

## ပြကွက် (၆)

(နံနက် နေထန်းတာစ်ဝက်ခန့်။ အပြင်ခန်း၊ နန်းမြို့အရှေ့မုခ်ဝ အရှေ့)

(ဇာတ်စင်၏ လက်ဝဲဘက်မှသည် လက်ယာဘက်သို့ တစ်လှည့်စီ အ... အတိုင်း ထွက်လာကြသည်။ အစဉ်အတိုင်း ပြန်ဝင်ကြသည်။)

**မိဖုရားငယ်တစ်ဦး။** ။ (ဆံပင်ဖားလျားချလျက်) အရှင်မင်းကြီး၊ ကျွန်တော်မျိုး... တို့ရဲ့ သည်းအူလှိုက်ဆူပူပန်ခြင်းကို မကာကွယ်တော့ဘူးလား ဘုရား။ အ... ကိုးမဲ့ သခင်မဲ့ ဘဝကို မကယ်တင်တော့ဘူးလား။

**အခြားတစ်ဦး။** ။ (ပဝါ ဖားလျားချလျက်) အရှင်မင်းကြီးဘုရား၊ စွန့်ပယ်တော... မူလိုက်ရင်လဲ အပြစ်ကို ထင်ရှားဆိုပြီးမှ စွန့်ပယ်တော်မူကောင်းပါရဲ့ ဘုရ...



အခုတော့ တစ်စွန်းတစ်စမျှ အမိန့်တော် မဟာဘဲ စိမ်းကားရက်စက် စွန့်စား ထွက်တော့မှာလား ဘုရား။

**အခြားတစ်ဦး။** ။ (ရင်ဘတ်ကို ထုလျက်) ကျွန်တော်မျိုးမတို့မှာ ဘယ်လိုအပြစ် မျိုးများ ရှိပါသလဲ အရှင်မင်းကြီး ဘုရား။

**အခြားတစ်ဦး။** ။ (လက်အစုံ ဆန့်တန်းလျက်) လေးလကျော် ကာလပတ်လုံး နန်းတော်အထက်ဆင့်မှာ တစ်ကိုယ်တည်း စံစားခဲ့ပြီးပါပြီ ဘုရား။ အခုလဲ မိန်းမသားတို့နှလုံး ကြေကွဲအောင် ပြုရက်ခဲ့ပြီလား ဘုရား။

**အခြားတစ်ဦး။** ။ (မျက်နှာကို လက်ဝါးဖြင့် အုပ်လျက်) ဘဝနဲ့ အသက်၊ အရှက် နဲ့ ဝိညာဉ် အလုံးစုံကို ပုံအပ်အားကိုးရလေတဲ့ ကျွန်တော်မျိုးမတို့ရဲ့ အပေါ် ဒီလောက်အထိ သစ်စိမ်းချိုး မချိုးသင့်ပါဘူး ဘုရား။

**မှူးမတ်ဗိုလ်ပါ ပြည်သူများ။** ။ (နောက်ခံအသံ) ငါတို့ရဲ့ ဘုရင်မင်းမြတ် ရဟန်း ပြုသွားပြီ။ ငါတို့ရဲ့ ဘုရင်မင်းမြတ် ဝတ်ကြောင် စွန့်ပြီး ရဟန်းဆောင် ကူး သွားပြီ။ မဟာဇနကမင်းကြီးနဲ့ ဘုန်း၊ အာဏာ၊ ပညာ၊ သိတင်း တူမျှတဲ့ မင်း ကို ငါတို့ ဘယ်မှာ ရတော့မလဲ၊ ငါတို့မင်းကြီးကို ငါတို့ ဆုံးရှုံးကြရပြီ။ (အော် ဟစ် ငိုကြွေးသံများဖြင့် ဆူညံနေဆဲမှာပင် မီးမှောင်သွားပြီးနောက် ပြန်လင်း လာသောအခါ)

(အတွင်းခန်း၊ သီဝလိဒေဝီမိဖုရားကြီး၏ နန်းဆောင်ပေါ် သဠာလီပေါ်တွင် မိဖုရားကြီး စံနေတော်မူပြီး စစ်သူကြီးနှင့်တကွ မှူးမတ်များ၊ ရံရွေတော်များ ခစားနေကြသည်။)

**မိဖုရား။** ။ နန်းဆောင်အထက်ဘုံဆင့်မှာ ရဟန်းဘဝ ကူးပြောင်းပြီး မိတ္ထိလာ နန်းတော်က ထွက်ခွာသွားတဲ့ မောင်တော်မင်းကြီးကို ဘယ်သူမှ မတားဆီး နိုင်ကြဘူးတဲ့လား။

**ရံရွေတော်။** ။ မှန်လှပါ ခေါင်ဘုရား၊ အရွယ်အမျိုးမျိုး၊ အသံအမျိုးမျိုး ဆောင်တဲ့ မိဖုရားငယ်များရဲ့ ငိုကြွေးတောင်းပန်သံတွေဟာ မင်းကြီးရဲ့နားဝမှာ လေသံ မျှတောင် ထိဟပ်ခြင်း မရှိပါဘုရား။

**အခြား။** ။ ရင်ဘတ်ကို ရိုက်တီး၊ မြေကြီးပေါ် လှဲချ ဆံပင်ဖားလျား၊ ...ဝတ် တလွှားလွှား မျက်ရည်အရွှဲသားနဲ့ နောက်က တကောက်ကောက် လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့်လဲ မင်းကြီးဟာ ခြေလှမ်းတစ်ရွေ့ အကြည့်တစ်ဝေ့မှ မသန်းလေး
ရှေ့ကိုသာ တိုးတိုးလျှောက်သွားပါတယ် ဘုရား။

မှူးမတ်။ ။ မိဖုရားငယ်တွေနောက်က ရံရွေတော်များ၊ ရံရွေတော်များနောက်
မှူးမတ်ဗိုလ်ပါများ၊ ထို့နောက် နေပြည်တော်သူ နေပြည်တော်သားများအ
အလိုက် တစ်သီတစ်တန်းနဲ့ မြည်တမ်းကြွေးကြော် ဟစ်အော်ငိုယိုသော
မင်းကြီးဟာ လျစ်လျူရှုမြဲသာ ရှုသွားပါတယ်ဘုရား။ (မိဖုရားကြီးသ
သဏ္ဍာလီမှ ထ၍ လေသာပြုတင်းသို့သွားရပ်ကာ သဏ္ဍာလီတွင် ပြန်ထိုင်သည်

မိဖုရားကြီး။ ။ စစ်သူကြီး။

စစ်သူကြီး။ ။ မှန်လှပါ ခေါင်ဘုရား။

မိဖုရားကြီး။ ။ ဥပါယ်တံမျဉ်နဲ့ မောင်တော်မင်းကြီးကို နန်းတော်ပြန်ကြွလ
အောင် ကြံကြမှ ဖြစ်တော့မယ်၊ အခုလောက်ဆိုရင် မောင်တော်မင်း
ဘယ်အရပ်လောက်ကို ရောက်ပြီလဲ။

စစ်သူကြီး။ ။ အထောက်တော်များရဲ့ သတင်းစကားအရ မြောက်တံခါးဝမှ ထွက်
ကျုံးတံတားကိုဖြတ်ပြီး ဥတ္တရနိဂုံးဘက်ကို ရှေးရှုရောက်နေပါပြီ ခေါင်ဘုရား

မိဖုရား။ ။ ကောင်းပြီ၊ မင်းကြီး သွားအံ့လမ်း မနီးမဝေးမှာရှိတဲ့ အိမ်ပျက် ရေ
ပျက် ရှိရှိသမျှကို မင်းကြီး မြင်သာအောင် ရှေ့က ဆီးပြီး မီးတိုက်စေ၊ မြ
ကောက်ရိုး၊ သက်ငယ် လောင်လွယ်တဲ့အရာများကိုလဲ အခိုးထွက်အောင်
ဆွတ်ပြီး မီးပုံမှာ ထည့်၊ မီးတောက်အလျှံအခိုး ပြင်းထန်စွာ ထွက်စေရမယ်

စစ်သူကြီး။ ။ အမိန့်တော်အတိုင်းပါ ခေါင်ဘုရားကြီး။

မိဖုရား။ ။ ကျွန်ုပ်ကိုယ်တော်တိုင် မီးခိုးမီးလျှံထွက်ရာအရပ်ကို လိုက်ခဲ့မယ်
ကိုင်း… သင်တို့ ဘုရင်မင်းမြတ်ရဲ့ ခြေလှမ်းတွေ နန်းတော်ဆီ ပြန်ဆွဲယူ
အောင် ကြိုးစားကြပေတော့ မောင်မင်းတို့။

## ပြကွက် (၇)

(နေမွန်းတည့်ချိန်၊ အပြင်ခန်း၊ နောက်ခံတံတားတွင် မီးအလျှံထွက်သေ
မှန်ချပ်ရုပ်များ ပေါ်နေသည်။ မီးခိုးလုံးများလည်း ခြောင်းခြောင်းထ
သည်။)



မိဖုရား။ ။ (မင်းကြီးရှေ့၌ ဆံပင်ဖြန့်ကြဲ လက်အုပ်ချီလျက်) မောင်တော်မင်းကြီး
ဘုရား… မောင်တော်မြို့ပြင်ကိုမျှ မရောက်မီကပင် မိတ္ထီလာသားတို့ မင်းရေး
မင်းဝတ် မခံ့မညား ခြားနားကုန်ကြပါပြီ ဘုရား။ မီးတောက် မီးလျှံတွေကို
ရှုစားပါဦး ဘုရား။ ဒီအတိုင်းသာဆို မီးကို ငြိမ်းသတ်နိုင်သူ မရှိတော့ဘဲ
မိတ္ထီလာတစ်ပြည်လုံး တစ်နန်းတော်လုံး ကြောက်မက်ဖွယ် မီးလျှံတွေအောက်
ပျောက်ဆုံးပျက်စီးရပါတော့မယ်။ ရဟန်းပြုလိုတော်မူရင်လဲ နောင်အခါမှ
ပြုပါတော့ဘုရား။ ယခုအခါ နန်းတော်ပြန်ဝင်၊ အာဏာပြန်ခွဲပြီး ဟုန်းဟုန်း
ထနေတဲ့ ဒီမီးတွေကို ငြိမ်းသတ်ဖို့ အမိန့်တော်များ ထုတ်ပြန်စီမံပါဦး ဘုရား။

မိဖုရား။ ။ ဘုန်းသမ္ဘာကြီးသူ မှန်လျက်နဲ့ မိမိရှေ့မှောက်မှာ မိမိတိုင်းပြည်နဲ့အတူ
သော လူအများ သေကြေပျက်စီးတော့မှာကို ကြည့်နေတော့မှာလား ဘုရား။
မီးကို ငြိမ်းပြီးမှ ရဟန်းပြုလိုတော်မူလဲ ပြုပါ။ အခုတော့ နန်းတော်ကိုပြန်ဝင်
ပါဦး ဘုရား။

မင်းကြီး။ ။ (မိဖုရားအား မကြည့်ဘဲ ရှေ့တူရှုကိုသာ မျှော်ခေါ်ကြည့်ရှုလျက်)
မိဖုရား၊ ကျွန်ုပ်မှာ ကြောင့်ကြခြင်း ကိလေသာငြိမ်းပြီးဖြစ်တဲ့အတွက် အလွန်
ချမ်းသာစွာ ရှိပေတယ်။ ထီးနန်းစည်းစိမ်နဲ့တကွ တစ်ပြည်လုံးကိုပဲ မီးလောင်
ပါစေ၊ ကျွန်ုပ်ရဲ့စည်းစိမ်ကို လောင်ကျွမ်းတယ်လို့ စိုးစဉ်းမျှ ကျွန်ုပ် မမြင်ဘူး။
(မီးခိုးလုံးများအတွင်းသို့ မင်းကြီး ဝင်ရောက်ပျောက်ကွယ်သွားသည်။)

## ပြကွက် (၈)

(မွန်းတည့်အချိန်။ အပြင်ခန်း၊ မြို့ရိုးကို အဝေးမှာ မြင်နေရသည်။ မြို့ရိုးနီဂုံး
ဖြစ်၍ သစ်ပင်ချုံနွယ်များ အနည်းငယ် ထူထပ်နေသည်။)

စစ်သူကြီး။ ။ ကိုင်း… ရဲမက်တို့၊ ခေါင်ဖုရားရဲ့ အမိန့်တော်အတိုင်း အစစအရာ
ရာ အဆင်သင့်ဖြစ်ကြပြီလား။

ရဲမက်။ ။ သူပုန်သူကန်အဖြစ် ဟန်ဆောင်ရမယ့် ရဲမက်အစုများ အဆင်သင့်
ဖြစ်ပါပြီ။

အခြား။ ။ ခိုးသားဓားပြအဖြစ် ဟန်ဆောင်ရမယ့် ရဲမက်အစုများ အဆင်သင့်
ဖြစ်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



**အခြား။** ။ သူသတ် မုဒိမ်းအဖြစ် ဟန်ဆောင်ရမယ့် ရဲမက်အစုများ အဆင်သင့် ဖြစ်ပါပြီ။

**အခြား။** ။ ဓားလှံထိလို့ သွေးယိုစီးလေဟန် ချိပ်ရည် သွန်းလောင်းထားတဲ့ ဟန်ဆောင် လူသေကောင်များ၊ ဒဏ်ရာရသူများလဲ အဆင်သင့်ဖြစ်ပါပြီ။

**စစ်သူကြီး။** ။ နိဂုံးလမ်းမ၊ တောစပ်လမ်းသွယ်၊ ရွာငယ်လမ်းကျဉ်း၊ သစ်ပင် ကြား ချုံနွယ်အကြား ဒဏ်ရာရသူ သေဆုံးသူ ထိုးခုတ်တိုက်ခိုက်သူများကော ဟန်ဆောင်ဖို့အတွက် အသင့်နေရာယူပြီးကြပြီလား။

**အများ။** ။ နေရာယူပြီးကြပါပြီ။

**စစ်သူကြီး။** ။ ကိုင်း…ဒါဖြင့် မိဖုရားကြီးရဲ့ အမိန့်တော်အတိုင်း အမူတော်စကြ စို့ရဲ့၊ သူ့အစုနဲ့ သူ သရုပ်ပီပြင်ကြစေဟဲ့။

**အသံ။** ။ မဟာဇနက္ကကြီး မရှိတော့ဘူးတဲ့ဟေ့၊ နန်းတော်ကို ဝင်စီးကြပါတော လား။

**အသံ။** ။ မင်းကြီး နန်းတော်ကို စွန့်ခွာသွားပြီတဲ့ဟေ့၊ သူဌေးသူကြွယ်အိမ်တေ ဝင်ပြီး လုတိုက်ကြပါတော့လား။

**အသံ။** ။ ခုတ်ကြဟေ့ သတ်ကြဟေ့၊ တွေ့ရာသချိုင်း ဓားမဆိုင်းတဲ့ဟေ့။

**အသံ။** ။ လုကြဟေ့ ယက်ကြဟေ့။

**အသံ။** ။ တောပုန်းတို့ ညီစေနော်။

**အသံ။** ။ ဓားပြတို့ ညီစေနော်။

**အသံ။** ။ ခိုးသားတို့ ညီစေနော်။

**အသံ။** ။ ကယ်တော်မူပါ၊ ကယ်တော်မူပါ၊ ကယ်တော်မူပါ။

**အသံ။** ။ သတ်လဟ၊ ခုတ်လဟ၊ ထိုးလဟ၊ ဖြတ်လဟ။

(မီးမှောင်သွားပြီး ချက်ချင်းပြန်လင်းလာသောအခါ)

(အတွင်းခန်း ဇနပုဒ်မြင်ကွင်း။ လမ်းမလယ်၊ လမ်းဘေး၊ သစ်ပင်ခြုကြား တွင် သွေးသံရဲရဲဖြင့် မသေမရှင်ဖြစ်နေသူများ။)

**မိဖုရား။** ။ မောင်တော်မင်းကြီးဘုရား၊ မောင်တော် ဇနပုဒ်အစွန်ကို ရောက် သာ ရှိသေးတယ်၊ တောပုန်း၊ ဓားပြ၊ ခိုးသား၊ မုဒိမ်း၊ တန္တတို့ ထကြွသော ကျန်းနေကြပါပြီ။ မြို့ရွာဈေးဆိုင် လုယက်ဖျက်ဆီးကုန်ကြပါပြီ။ သူ့ကို



သတ်၊ ငါ့ကို သူသတ် သွေးချောင်းစီးကုန်ကြပါပြီ။ မိတ္ထီလာ တစ်ပြည်လုံး ကြီးစွာသော ပျက်စီးခြင်းနဲ့ ပျက်စီးပါတော့မယ် ဘုရား။

(မင်းကြီး မကြားချင်ယောင်ပြုလျက် ရှေ့သို့သာ တိုးသွားမြဲ သွားသည်။ မိဖုရားကြီးကလည်း ဘေးမှ နောက်မှ ရှေ့မှ လိုက်ပါဟန့်တားကာ လက်အုပ် ချီလျက် ငိုယိုတောင်းပန်သည်။)

**မိဖုရား။** ။ ရှုတော်မူပါဦး ဘုရား၊ သွေးစိမ်းရှင်ရှင် မြင်မကောင်းတဲ့ ဒဏ်ရာရသူ တွေ၊ သေသူတွေ အော်ဟစ်မြည်တမ်းသူတွေကို ရှုတော်မူပါဦးဘုရား။ ခုတ် ထစ် သတ်ဖြတ်သံတွေကို နားဆင်တော်မူပါဦး ဘုရား။

(မင်းကြီး ရှေ့တိုးမြဲ တိုးသည်၊ မိဖုရားကြီး ဟန့်တားမြဲ ဟန့်သည်။),

**မိဖုရား။** ။ မောင်တော်ဘုရား၊ ဒီ သူပုန် သူကန် ရန်မီးကို ငြိမ်းအောင်ပြုတော်မူ ပြီးခါမှ ရဟန်းပြုလိုလဲ ပြုတော်မူပါ။ အခု နန်းတော်သို့ ဝင်တော်မူပါဦးဘုရား။

**မင်းကြီး။** ။ (ငါ ထင်ရှားရှိပါလျက်နဲ့ ဘယ်သူတွေက ဖျက်ဆီးဝံ့မလဲ၊ စင်စစ် ဒီအမှုဟာ မိဖုရားကြီးရဲ့ ဥပါယ်တံမျဉ်သာ ဖြစ်ရပေမယ်) မိဖုရားကြီး၊ ကိ လေသာ ကြောင့်ကြရှိသူကိုသာ လုယက်ဖျက်ဆီးခြင်း ရန်မီးနဲ့ တွေ့ရပေတယ်၊ ကြောင့်ကြကင်းတဲ့ ကျွန်ုပ်မှာ လုယက်ဖျက်ဆီးခြင်း အန္တရာယ် မရှိဘူး။ မိတ္ထီ လာ တစ်ပြည်လုံး ရန်သူပျက်ပြုန်းလို့ ဆုံးရှုံးစေ မက်မောခြင်းကင်းတဲ့ ကျွန်ုပ် အတွက် အရေးအရာမဟုတ်။ အလုံးစုံသော ပြည်စည်းစိမ်ဟာ ကျွန်ုပ်အတွက် စွန့်ပြီးသော တံတွေးတစ်ပေါက်သာ ဖြစ်တယ်။ ကျွန်ုပ်ရဲ့ အစာအာဟာရက အာဘဿရဘုံက ဗြဟ္မာကဲ့သို့ ပီတိသာ ဖြစ်တယ်။

(တောအုပ်အတွင်းသို့ မင်းကြီး ဝင်ရောက်ပျောက်ကွယ်သွားသည်။)

ပြကွက် (၉)

(တောအုပ် တောင်ကုန်းလမ်း အတွင်းခန်း။)

**မင်းကြီး။** ။ (အင်း…သီဝလိဒေဝီမိဖုရားကြီးနဲ့ သားတော်ဒီဃာဝုမင်းသားကို ဦးဆောင်တဲ့ ဗိုလ်ခြေပရိသတ်ဟာ အခုထိ ငါ့နောက်က အစဉ်တစိုက် လိုက် နေကြဆဲပဲ။ ငါကိုယ်တိုင်က တားဆီးပိတ်ပင် စကားဖွင့်ဟ ပြောကြားခြင်း မရှိသေးသမျှ ဟိမဝန္တာသို့တိုင် သူတို့ လိုက်ပြီး ရဟန်းပြုခြင်းကိုအန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ပြုစေကြတော့မယ်။ ဒီနေရာကနေပြီး သူတို့ကို တားမြစ်အမိန့်ပေးမှ တော်
ကာ ကျပေတော့မယ်။)

(သီဝလိဒေဝီမိဖုရားကြီး ဦးဆောင်လျက် ဗိုလ်ခြေပရိသတ်များ ရောက်လာ
ကြသည်။)

မင်းကြီး။ ။ (ခေါင်းကို မော့လျက် အဝေးဆီ လှမ်းကြည့်လျက်) မှူးမတ်များ။

မှူးမတ်များ။ ။ ဘုန်းတော်ကြောင့်ပါ ဘုရား။

မင်းကြီး။ ။ မိတ္ထီလာပြည်ဟာ ဘယ်သူ့ပြည်လဲ။

မှူးမတ်များ။ ။ အရှင်မင်းကြီးရဲ့ ပြည်ပါ ဘုရား။

မင်းကြီး။ ။ မောင်မင်းတို့ လျှောက်တဲ့အတိုင်း ဒီပြည်က ကျွန်ုပ်ရဲ့ပြည် ဆိုရင်
ဒီမြေပြင်မှာ ကျွန်ုပ်ရဲ့ အမိန့်အာဏာ တည်ရမယ်မဟုတ်လား။

မှူးမတ်များ။ ။ ဘုန်းတော်ကြောင့်ပါ ဘုရား။

မင်းကြီး။ ။ ကောင်းပြီ၊ ကျွန်ုပ်မဟာဇနက္ကမင်းကြီးရဲ့ အမိန့်။ ယခု ဒီနေရာက
ရှေ့ကို ကျွန်ုပ်နောက်သို့ ဘယ်သူတစ်ဦးတစ်ယောက်မျှ လိုက်ပါလာခြင်း မရှိ
ရဘူး။ ဟောဒီ မြေပြင်ပေါ်မှာ ကျွန်ုပ် ဖီလာဖြတ် အရေးမျဉ်း သားတော်မှူး
မယ်။ ကျွန်ုပ် သားတော်မှူတဲ့ မျဉ်းအရေးကို ကျော်နင်းသူ လွတ်မြောက်သူ မှန်
သမျှ ရာဇဒဏ်သင့်စေ။

(မြေပြင်ပေါ်၌ ဖီလာဖြတ် မျဉ်းသားသည်။ ထို့နောက် မိဖုရားကြီးနှင့်တကွ
သော ပရိသတ်ကို ကျောခိုင်းလျက် ပို၍နက်သော တောအုပ်အတွင်းသို့ ရောက်
သွားသည်။)

မိဖုရားကြီး။ ။ အို...ဘုရား... ဘုရား၊ တစ်ချက်လွှတ်အမိန့်တော်နဲ့ ရာဇဒဏ်
ထုတ်ဆင့်ပြီး မြေပြင်မှာ ဖီလာဖြတ်မျဉ်းသားတော်မှူသွားပါပကော၊ ရက်စက်
လှချည်လား မောင်တော်ရယ်။

(မိဖုရားကြီး မူးမေ့ကာ မြေပြင်ပေါ်သို့ လဲကျသွားသည်။)

မှူးမတ်။ ။ အလိုလေး...ခေါင်ဖုရားကြီး မူးမေ့သွားပါပကောလား။

သားတော်။ ။ မယ်တော်ဘုရား...မယ်တော်ဘုရား။

မှူးမတ်။ ။ နှလုံးကြေကွဲမှုဒဏ်ကို ခေါင်ဖုရားကြီး မခံနိုင်ရှာတော့ဘူးပ။

အခြား။ ။ အလို...ဟောဒီမှာ ဟောဒီမှာ...ကြည့်ကြစမ်း။

အခြား။ ။ ဘာလဲ...ဘာလဲ။



အခြား။ ။ ခေါင်ဖုရားကြီး မူးမေ့လဲကျသွားတဲ့ နေရာဟာ ဘုရင်မင်းမြတ် ဖီလာ
ဖြတ် မျဉ်းသားတော်မှူသွားတဲ့ နေရာလေ၊ အခု ခေါင်ဖုရားကြီး မြေမှာ လူး
လိုက်တာကြောင့် မျဉ်းသားကြောင်း ပျက်သွားပါပကော။

အခြား။ ။ ဟာ...ဟုတ်ပေတယ် ဟုတ်ပေတယ်၊ ဒါဆို မင်းကြီးရဲ့ အမိန့်တော်
လဲ ရာဇဒဏ် မမြောက်တော့ဘူးပ။

အခြား။ ။ ခင်ဗျားတို့ကသာ အံ့သြဝမ်းသာနေကြ။ ခေါင်ဖုရားကြီးကတော့
မျဉ်းသားကြောင်း ပျက်တာ သိလိုက်ပြီးကတည်းက တောအုပ်ထဲဝင်၊ မင်းကြီး
နောက် လိုက်သွားပါပကော။

အခြား။ ။ ရာဇ ဒဏ်မရှိတော့ဘူးဟေ့၊ တို့များလဲ လိုက်သွားကြစို့၊ ဆက်လိုက်
ကြစို့။

အများ။ ။ မှောင်စ မပျိုးခင် အမီလိုက်ကြစို့ဟေ့။

ပြကွက် (၁၀)

(အပြင်ခန်း။ ဟိမဝန္တာတောင်၊ ကျောက်ဂူများ နောက်ခံ။)

နာရဒ ရှင်ရသေ့။ ။ ဩော်...ချမ်းသာစွ၊ ချမ်းသာစွ။ အဘိညာဉ်ငါးပါး၊ ဈာန်
သမာပတ်နဲ့ ခုနစ်ရက်ပတ်လုံး စံနေခဲ့ရခြင်းဟာ ချမ်းသာလေစွ။
အင်း...ဇမ္ဗူဒိပ်တစ်ခွင်မှာ ဒီလို ချမ်းသာမှုမျိုးကို ရှာဖွေသူ တစ်စုံတစ်ယောက်
များ ရှိလေမလား။ ဒိဗ္ဗစက္ခုဉာဏ်နဲ့ ကြည့်ရှုဆင်ခြင်လေဦးမှပဲ။ အလို...
မိတ္ထီလာပြည် ဘုရင် ဇနက္ကမင်းကြီးဟာ မြတ်သော တောထွက်ခြင်းနဲ့ ရဟန်း
ပြုလာပါလား။ သို့ပေမယ့် သီဝလိဒေဝီအမှူးပြုတဲ့ ပရိသတ်မှူးမတ်အပေါင်း
ဟာ နောက်က ဝန်းရံပြီး လိုက်ပါနေကြလေတယ်။ မင်းကြီးကိုယ်တိုင်ကလဲ
သူ့ပရိသတ် သူပြန်အောင် မစွမ်းနိုင်။ အင်း...မင်းကြီး ရဟန်းပြုခြင်းမှာ
အန္တရာယ်လဲ ကြုံတွေ့နေရပါပကော။ ဒီအရေး အေးဆေးစွာ သဘောထားလို့
မဖြစ်တော့ဘူးပေပလေ။

(အပြင်ခန်း အမှောင်ဖြင့် သိမ်း။ မီးပြန်လင်းလာသောအခါ ဇနက္ကမင်းကြီး
၏ ရှေ့ကောင်းကင်၌ နာရဒရှင်ရသေ့ ရပ်လျက်ပေါ်လာသည်။)

နာရဒ။ ။ အရှင်ရဟန်း၊ သင့်မှာ တစ်ပါးသော ရဟန်းများလို မဟုတ်ပါလား၊
သင့်နောက်မှာ အသံဗလံ ဆူညံအုတ်ကျက် ရှုပ်ယှက်ခတ်နေပါလား။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး။ ။ အရှင်ရသေ့၊ ပြည့်စည်းစိမ် နန်းစည်းစိမ်ကို ငြိတွယ်ငဲ့ကွက်ခြင်းမ ပကတိသဘောနဲ့ တောထွက်မယ့် ကျွန်ုပ်ဟာ မိတ္ထိလာပြည်ကို စွန့်ခွာလာတဲ့ မဟာဇနက္ကမင်းကြီး ဖြစ်ကြောင်း အရှင်ရသေ့ မသိလို့ဘဲ မေးသလား၊ သိ လျက်နဲ့ပဲ မေးတော်မူလေသလား။

ရသေ့။ ။ အရှင်ရဟန်း၊ ဖန်ရည်စွန် သင်္ကန်း ဆင်မြန်းရုံမျှနဲ့ ကိလေသာကို ဖျက် ဆီးနိုင်ပြီလို့ သင်ထင်လေသလား။ ကိလေသာ အမြေး အရစ်များဟာ တစ် ထွေး တစ်ညစ် နောက်ပါးက ငြိတွယ်ပါလာတတ်တယ်။ ဒီရန်သူတွေ ဆွဲငင် ရာ မပါနိုင်တဲ့ အဖန်တလဲလဲ နှစ်ခြိုက်သက်ဝင်သော ရဟန်းသဘောကို နိုင်ပြ နိုင်စေရမယ်။

မင်းကြီး။ ။ အရှင်ရသေ့၊ ကျွန်ုပ်က လူ့ပြည်ချမ်းသာ၊ နတ်ပြည်ချမ်းသာ ဘယ် အရာ ဘယ်ကာမဂုဏ်ကိုမှ တောင့်တခြင်း မရှိ။ ကိလေသာ တောင့်တခြင်း ကင်းပြီးဖြစ်တဲ့ ကျွန်ုပ်ကို ဘယ်အန္တရာယ်ကများ ထိပါးနိုင်ဦးမှာလဲ။

ရသေ့။ ။ ရှင်ရဟန်း ဘယ်လို ဆိုလိုက်တာလဲ၊ ကာမဂုဏ်အာရုံက လွတ်မြောက် ပြီး ရဟန်းဘဝ ရပြီးသူသော်မှ အအိပ်ကျူးခြင်း၊ ပျင်းရိခြင်း၊ ကိုယ်ဆန့် လက်ဆန့် ပြုနေခြင်း၊ ရဟန်းတရားမှာ မမွေ့လျော်ခြင်း၊ အစားအစာမှာ အတိုင်းအဆ မချင့် ယစ်မူးခြင်း စတဲ့ ဘေးရန်တွေ ရှိသေးတယ်။

မင်းကြီး။ ။ အမိန့်ရှိပါ ရှင်ရသေ့။

ရသေ့။ ။ ရှင်ရဟန်း၊ သင့်လို ထီးနန်းပြည်ရွာကို စွန့်ပြီး ရဟန်းပြုလာတဲ့ ပုဂ္ဂိုလ် မျိုးဆိုရင် ခပ်သိမ်းသူတို့ဟာ ကြည်ညိုခြင်းမက ကြည်ညိုလာကြမယ်၊ မွန် မြတ်တဲ့ ခဲဖွယ်ဘောဇဉ် အလှူတို့ကို ဆက်ကပ်လာကြလိမ့်မယ်၊ ဒီအခါမှာ သင်ဟာ များလှစွာသော ဘေးရန်တို့နဲ့ တွေ့ကြုံရလိမ့်မယ်၊ ကာမဂုဏ်ကို လွန်မြောက်ပြီး ရဟန်းဖြစ်ပြီရယ်လို့ လုံ့လကို လျှော့လိုက်တယ်ဆိုရင် ဘေး ရန် နှိပ်စက်၊ ကာမဝိတက် နှိပ်စက်ပြီး ရဟန်းတရားမှာ သင် တစ်ဖန် ပြန်ပြီး မမွေ့လျော် ဖြစ်သွားနိုင်တယ်။

မင်းကြီး။ ။ ရှင်ရသေ့၊ ကျွန်ုပ်ကို ကောင်းသောစကားနဲ့ ဆုံးမပေးတော်မူတဲ့ အရှင့် အမည်နာမကို သိပါရစေ။

ရသေ့။ ။ ဟိမဝန္တာ ဝေးစွာအရပ်မှာ သမာပတ်ရဲ့ ချမ်းသာခြင်းနဲ့ စံနေတဲ့ တဿပ အမျိုးအနွယ်ဝင် နာရဒ ရှင်ရသေ့ဆိုတာ ကျုပ်ပဲ။ သူတော်ကောင်း သူတော်



မြတ် ဖြစ်တဲ့ သင့်ရဲ့ အကျိုးစီးပွားအတွက် ကျွန်ုပ်လာခဲ့ခြင်း ဖြစ်တယ်။ ရှင် ရဟန်း၊ ယခု သင် နှလုံးသွင်းပြီးဖြစ်တဲ့ ရဟန်းတရားမှာ နှစ်သက်ခိုင်မတ်စွာ မြဲမြံနိုင်ပါစေ၊ မာနကို နှိမ့်ချသည်းခံပြီး ရှိပြီးသီလ ပညာ ပါရမီနဲ့ ကောင်း စွာ ကျင့်နိုင်ပါစေ၊ ကုသိုလ် ကမ္မပထ ဆယ်ပါး၊ အဘိညာဉ်သမာပတ် အတတ် ကသိုဏ်း ပရိကံအကျင့်များနဲ့ မစောင်းမတိမ်း မယိမ်းမယိုင် အသက်ထက် ဆုံး မြဲခိုင်စွာ ရဟန်းတရား အားထုတ်နိုင်ပါစေ။

မင်းကြီး။ ။ သာဓု…သာဓု…သာဓု…။

(ကောင်းကင်ခရီးဖြင့် ရှင်ရသေ့ ပြန်ကြွသွားသည်။)

ပြကွက် (၁၁)

(အပြင်ခန်း။ ဟိမဝန္တာတောင်တန်း ကျောက်ဂူများ နောက်ခံ။)

မိဂါဇိန်ရသေ့။ ။ ဩော်… ချမ်းသာစွ၊ ချမ်းသာစွ။ အဘိညာဉ် ငါးပါး ဈာန် သမာပတ်နဲ့ ခုနစ်ရက်ပတ်လုံး စံနေခဲ့ခြင်းဟာ ချမ်းသာလေစွ။ အင်း…ဇမ္ဗူ ဒိပ် တစ်ခွင်မှာ ဒီလိုချမ်းသာမှုမျိုးကို ရှာဖွေသူ တစ်စုံတစ်ယောက်များ ရှိလေ မလား၊ ဒိဗ္ဗစက္ခုဉာဏ်နဲ့ ကြည့်ရှုဆင်ခြင်ဦးမှပဲ။

အလို…မိတ္ထိလာပြည်ရှင် ဘုရင် ဇနက္ကမင်းကြီးဟာ မြတ်သော တောထွက် ခြင်းနဲ့ ရဟန်းပြုပါလား။ သို့ပေမယ့် သီဝလိဒေဝီ အမှူးပြုတဲ့ ပရိသတ် မှူး မတ် အပေါင်းဟာ နောက်က ဝန်းရံပြီး လိုက်ပါလာကြပြီပါလား။ မင်းကြီး ရဲ့ အန္တရာယ် မဖြစ်စေရအောင် အဆုံးအမ သတိပေးစကား ပြောကြားဦးမှပဲ လေ။

(အပြင်ခန်း၊ အမှောင်ဖြင့် သိမ်း။ မီးပြန်လင်းသောအခါ ဇနက္ကမင်းကြီး၏ ရှေ့ ကောင်းကင်၌ မိဂါဇိန် ရှင်ရသေ့ ရပ်လျက် ပေါ်လာသည်။)

မိဂါဇိန်ရသေ့။ ။ နောက်လိုက်ပရိသတ် များပြားခဲနက် အုတ်အုတ် ကျက်ကျက် အသံတွေနဲ့ တောထွက်လာသူ ရှင်ရဟန်းဟာ ဘယ်သူလဲ။

မင်းကြီး။ ။ အရှင်ရသေ့၊ ပြည့်စည်းစိမ် နန်းစည်းစိမ်ကို ငြိတွယ်ငဲ့ကွက်ခြင်း မရှိ၊ ပကတိသဘောနဲ့ တောထွက်လာတဲ့ ကျွန်ုပ်ဟာ မိတ္ထိလာပြည်ကို စွန့်ခွာ လာတဲ့မဟာဇနက္ကမင်းကြီးဖြစ်ကြောင်း အရှင်ရသေ့ မသိလို့ဘဲ မေးသလား၊ သိလျက်နဲ့ပဲ မေးတော်မူတာလား။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့။ ။ ရှင်ရဟန်း၊ အထူးထူး အပြားပြား ပြည်ရွာထီးနန်းစည်းစိမ် ပြွမ်းတ
မင်းအဖြစ်ကို စွန့်ပစ်ပြီး အခုလို အဖိုးမထိုက်တဲ့ သင်္ကန်း၊ အဖိုး မထိုက်တဲ့ ခြေ
သပိတ် ဝတ်ဆင်ပိုက်လွယ်ပြီး တောထွက်လာတာဟာ သင့်ကို ဆွေတော်
မျိုးတော် မှူးမတ်ပြည်သူအပေါင်းက မနှစ်မြို့တဲ့အတွက် ပြည်ရွာတိုင်းပါးက
ဟိမဝန္တာများသို့ နှင်ထုတ်လိုက်လို့ တောထွက်လာတာလား။

မင်းကြီး။ ။ ရှင်ရသေ့၊ ကျွန်ုပ် မင်းပြုခဲ့တဲ့ ကာလ တောင်တာတစ်လျှောက်လုံ
မှာ တရားသဖြင့် အုပ်ချုပ်ခဲ့တဲ့အတွက် တစ်စုံတစ်ယောက်မျှ ကျွန်ုပ်အပေါ်
ပြစ်မှား ငြိုငြင်သူ မရှိခဲ့ပါ။

ရှင်ရသေ့၊ ကိလေသာပိုးကြီး အနှောင်အဖွဲ့မှာ မလိမ္မာတဲ့ ပုထုဇဉ်များသာ
နှစ်သက်ခြင်းဖြင့် မွေ့လျော်ကြတယ်။ ပုထုဇဉ်တို့ရဲ့ လောကဝတ်မှာ အပြစ်
များစွာမြင်တဲ့ ဝဋ်တရားမှ လွတ်မြောက်ရာ ဉာဘဝ၊ ဉာအဝတ်၊ ဉာသပိတ်
ဆွဲပြီး တောထွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အပြစ်ဒဏ် သင့်လို့ ရဟန်းပြုခြင်း
မဟုတ်၊ သံသရာဘေးကို ကြောက်ရွံ့လို့ ရဟန်းပြုခြင်းဖြစ်ပါတယ်။

ရသေ့။ ။ ရှင်ရဟန်း၊ သင် အခုဆိုလိုက်တဲ့ စကားနဲ့ တရားဟာ အလွန် ခက်
တဲ့သဘောကို ဆောင်တယ်။ အလွန်သန့်စင်တဲ့ သဘောကိုလဲ ဆောင်တယ်
ဒီတရား ရဖို့၊ ဒီစကား ဆိုဖို့ သင် ဘယ်က ရရှိသလဲ။ သင့်ဆရာက ဘယ်သ
လဲ။

မင်းကြီး။ ။ ခက်လက်ဖားဖား၊ အသီးထွားထွား၊ ကြီးမားဝေဆာတဲ့ သရက်ပင
နဲ့ အသီးကင်းမဲ့ ရသာချို့တဲ့တဲ့ ဗလာကင်းစင် သရက်ပင်၊ ထိုသရက်နှစ်ပင
ဟာ ကျွန်ုပ်ရဲ့ ဆရာပါပဲ ရှင်ရသေ့။ သားရေချပ်ကြောင့် အသတ်ခံရတဲ့
ကျားသစ်၊ အစွယ်ကြောင့် အသတ်ခံရတဲ့ ဆင်၊ စည်းစိမ်ကြောင့် အသတ်ခံရတဲ့
ဘုရင်တို့ရဲ့အဖြစ်ကို အဲဒီသရက်နှစ်ပင်က ကျွန်ုပ်ထံ တရားသံဝေ ပို့ဆော
ပေးခဲ့တယ်လေ။ ကိလေသာနဲ့ အဆွေခင်ပွန်း ဖွဲ့အပ်တဲ့ အဖော်မရှိသော
တစ်ယောက်ထီးတည်း နေသော ရဟန်းဘဝမှာ ဘယ်ရန်သူမျိုးမှ ညှဉ်းဆဲခြင်း
မပြုနိုင်ဘူးလို့ ကျွန်ုပ် သက်ဝင်ယုံကြည်တဲ့အတွက် ကျွန်ုပ် တောထွက်ခဲ့ခြင်း
ဖြစ်ပါတယ်။

ရသေ့။ ။ သာဓု…သာဓု…သာဓု၊ ရှင်ရဟန်း စွဲယူယုံမှတ် မပြတ်ဆင်ခြင်အပ်တဲ့



ဒီစိတ်ကို ရန်သူ မဖျက်ဆီးရအောင် လုံ့လပြု၊ မမေ့မလျော့ ကျင့်သုံးပွားများ
ပါ ရှင်ရဟန်း။

(ကောင်းကင်ခရီးဖြင့် ရှင်ရသေ့ ပြန်ကြွသွားသည်။)

ပြကွက် (၁၂)

(အတွင်းခန်း၊ ဇနပုဒ်တစ်ခုအနီး တောစခန်း အဝေးဆီတွင် မြို့တစ်မြို့ကို ခပ်ရေးရေးတွေ့နေရသည်။ ထိုမြို့မှာ 'ထူဏ' မြို့ ဖြစ်သည်။ ညနေ နေဝင်ရီတရော အချိန်။)

(သစ်ပင် တစ်ပင်အောက်တွင် ဇနကမင်းကြီး ရပ်နားနေစဉ် သီဝလိဒေဝီ မိဖုရားကြီး ထွက်လာသည်။)

မိဖုရား။ ။ မောင်တော်မင်းကြီး ထွက်သွားရာနောက် မှူးမတ်ဗိုလ်ခြေနဲ့တကွ တကောက်ကောက် လိုက်လာရတာ ယူဇနာ ခြောက်ဆယ် ကျော်သွားခဲ့ပြီ။ အို…ဟိုအဝေးဆီမှာလဲ မြို့တစ်မြို့ပါလား။ မြို့ထဲ မဝင်မီ တောစခန်း တစ်ထောက်မှာ ရပ်နားနေတဲ့ မောင်တော်မင်းကြီးကို ခုနေခါမှာ အနူးအညွတ် တောင်းပန်စကား ဆိုရမှာပဲလေ။

(မင်းကြီးရှေ့သို့ မိဖုရားကြီး သွား၍ ခြေတော်ဦးခိုက်လျက်)

မိဖုရား။ ။ မောင်တော်မင်းကြီး၊ သူ ခပ်သိမ်းတို့ အရိပ်ခိုရာ ပညောင်ပင်ကြီးရဲ့ ထီးဗိမာန်အချက်ကို ဂဠုန်ငှက်မင်း မာန်ဟုန်ပြင်းစွာ သိမ်းခတ်တိုက်ဖျက် လတ်တလောချင်း ပျက်စီးပြိုကျသလို ဖြစ်နေပါပြီ ဘုရား

(မင်းကြီး မျက်နှာလွှဲလျက် နေသည်။)

မိဖုရား။ ။ မောင်တော်မင်းကြီး၊ အခု ရဟန်းပြုလာတာဟာ သိကောင်း သိသင့်တဲ့ ဘယ်သူတစ်စုံတစ်ယောက်ကိုမှ တိုင်ပင်ဆွေးနွေးခြင်း မရှိခဲ့ပါဘူး ဘုရား။

မင်းကြီး။ ။ သီဝလိဒေဝီ၊ သင် ဘာပြောချင်သလဲ။

မိဖုရား။ ။ (အို…သီဝလိဒေဝီတဲ့၊ ခေါ်ပုံခေါ်ချက် ရက်စက်စိမ်းကားလှပါကလား။ အပြောစိမ်းသလောက် အကြည့်လဲ မယိမ်း၊ မျက်နှာလွှဲလို့ တိမ်းရှောင်နေပါကလား။ ရက်စက်လိုက်တာ မောင်တော်ရယ်။) မောင်တော်မင်းကြီး တစ်ကိုယ်တည်း စိတ်အကြံနဲ့ ရဟန်းပြုခဲ့ပြီးတဲ့နောက်မှာ ဆွေတော်မျိုးတော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တကွ မှူးမတ်ပြည်သူတို့ ရင်ထုမနာ ကိုးကွယ်ရာမရဖြစ်ပြီး ခဏချင်းမှာ
ဘေးအန္တရာယ် အသွယ်သွယ်တို့နဲ့ တွေ့ကြုံခဲ့ရပါပြီ ဘုရား။

မင်းကြီး။ ။ (မျက်နှာလွှဲမြဲ လွှဲလျက်) သင် ဘာပြောချင်သလဲ သီဝလီဒေဝီ။

မိဖုရား။ ။ မောင်တော်မင်းကြီး၊ ရဟန်းပြုလိုရင်လဲ မတားသာတော့ပါဘူး ဘုရား
ဒါပေမဲ့ တိုင်းတော်ပြည်တော်မှာ တရားနဲ့လျော်အောင် သင့်တင့်စွာ စီမံထုံး
အမှာစကား ထားတော်မူခဲ့ဖို့ သင့်လှပါတယ်ဘုရား။

မင်းကြီး။ ။ ဘယ်လိုဖြစ်စေချင်သလဲ သီဝလီဒေဝီ။

မိဖုရား။ ။ နေရောင်ပျောက်ပေမယ့် လရောင် ရောက်လာတဲ့အခါ ပြည်ရွာအေ
ချမ်း ဘုန်းခန်းအဆက်မပြတ် ရှိကောင်းသလို ယခုလဲ နေပြည်တော်ကို ပြ
ကြွတော်မူပြီး သားတော် ဒီဃာဝုမင်းသားအား ကိုယ်တိုင် ရွှေလက်တော်
လွှဲအပ်၊ မင်းအမှတ်ပြုသင့်ပါတယ်ဘုရား။

(မင်းကြီး ခပ်မဆိတ်နေလျက် မျက်နှာလွှဲနေသည်။)

မိဖုရား။ ။ သားတော်ကို ထီးနန်းလွှဲပြီးခါမှ ပြည်ရေးအမှု လူ့ကိစ္စမှာ မဝင်စာ
ရင်လဲ ဥယျာဉ်တော်မှာပဲ တစ်ပါးတည်း စံမြန်း ရဟန်းဘဝနဲ့ နေလို့ ရတော်
နိုင်ကောင်းပါရဲ့ ဘုရား။ ဒါမှမဟုတ်လဲ ဟိမဝန္တာသို့ ကြွမယ်ဆိုလဲ ကြွနိုင်
ကောင်းပါရဲ့ ဘုရား။ အခုတော့ မောင်တော့်မှာ အခွင့်မကျေ အချိန်မတ
သေးတဲ့အတွက် နန်းတော်အိမ် ပြန်ခဲ့ပါဦး ဘုရား။

မင်းကြီး။ ။ သီဝလီဒေဝီ၊ အလုံးစုံကို စွန့်ပယ်ပြီး ရဟန်းအဖြစ် ရောက်ရှိပြီ ဖြစ်
တဲ့ ကျွန်ုပ်မှာ သားသမီးမရှိဘူး။

မိဖုရား။ ။ ရွှေနှုတ်တော်ထွက်ချက် ဆိုစကား ရက်စက်လိုက်တာ မောင်တော်၊
ဒီဃာဝု အိမ်ရှေ့သားတော်ဟာ အရင့်သား မဟုတ်လား။

မင်းကြီး။ ။ ဒီဃာဝုသတို့သား၊ ထီးနန်းရှင်ရဲ့သား၊ နလုံးအသိ ပညာသတိ ပြည့်
တဲ့ ဝိဒေဟရာဇ်တိုင်းကြီးသူတို့ရဲ့ ပြည်ရွာမျက်ရှု သားဟုသာ သင်မှတ်ပါ

မိဖုရား။ ။ ရက်စက်လိုက်တာ၊ စိမ်းကားလိုက်တာပါလား ဘုရား။

မင်းကြီး။ ။ အဲဒီ ဒီဃာဝုမင်းသားဟာ ဝိဒေဟရာဇ်တိုင်းကြီးရဲ့ စီးပွားကို ဆော
ပြီး ပြည့်စည်းစိမ်ကို အုပ်ချုပ်မင်းလုပ်ပါလိမ့်မယ်၊ ကျွန်ုပ်က အထုံးအဖွဲ့ မဲ့
ပေမယ့် ဒီဃာဝု ရှိနေတဲ့အတွက် ပြည်သူတို့ ကိုးကွယ်ရာမဲ့ မဖြစ်နိုင်ပါဘူး။



မိဖုရား။ ။ (ဪ… သားနဲ့မှားသော်လဲ စကားမပါ၊ အရာမထင်ပြီ။ သူဟာ
ငါ့ကို ချစ်ခင်စွဲလမ်းရင်း ရှိပြီးသားပေပဲ၊ သည်တော့…)
မောင်တော်မင်းကြီး ရဟန်းပြုသွားခဲ့ရင် ဘုရားကျွန်မ တစ်ကိုယ်တည်း ဘယ်
သို့ စံနေရမလဲ ဘုရား၊ သီဝလီဒေဝီကို မကြံနိုင်အောင် ခွဲခွာသွားတော့မလား
ဘုရား။

မင်းကြီး။ ။ မကြံနိုင် မရှိပေဘူး သီဝလီဒေဝီ၊ သင် မကြံနိုင်လဲ ကျွန်ုပ် အကြံပေး
ခဲ့မယ်၊ သင့်သား မင်းပြုရင် မင်းမယ်တော်အဖြစ် သင်လဲ တိုင်းရေးပြည်မှု
အစုစုထဲမှာ ပါဝင်နေရလိမ့်မယ်။ ဒီလို ပါဝင်ရပြီဆိုကတည်းက ကိုယ်နှုတ်
နှလုံး သုံးပါး တစ်ပါးပါးနဲ့ သင်ဟာ ဒုစရိုက်သာ ပွားများမိတော့မယ်။ ဒု
စရိုက် ပွားများမိတဲ့အတွက် ဆင်းရဲစွာသော အပါယ်လေးဖြာသို့ သင် ရောက်
တော့မယ်။ ဒါကြောင့် မိတ္ထိလာထီးနန်းအရှင် သားသခင်နဲ့ သင် အတူမနေ
လေနဲ့။

မိဖုရား။ ။ မိန့်တော်မူပါ မောင်တော်၊ ဘုရားကျွန်မ ဘယ်သူနဲ့ နေရပါမလဲ။

မင်းကြီး။ ။ တစ်အိမ်တစ်လုတ် ရသမျှ ဆွမ်း၊ ရတတ်သမျှ သင်္ကန်းနဲ့ သပိတ်
လက်စွဲ သင်လဲ ရဟန်းပြု၊ ကုသိုလ်ပွားများ။ အခြား တစ်ပါးသောသူတို့နှင့်
ကင်းရှင်းစွာ တစ်ယောက်တည်း စံနေပြီး ကမ္မဋ္ဌာန်းတရား ရှုနေပေတော့
သီဝလီဒေဝီ။

(မိဖုရားကြီးရှေ့မှောက်မှ ခွာကာ အဝေးဆီမှ ထူဏမြို့ဆီသို့ ရှေးရှုကာ မင်း
ကြီး ထွက်သွားသည်။ မိဖုရားကြီး မြေပေါ်တွင် လဲကျသွားသည်။ ထို့နောက်
ငိုယိုမြည်တမ်းကာ ပြန်ထလျက် မင်းကြီးနောက်သို့ ဆက်လိုက်သွားသည်။)

## ပြကွက် (၁၃)

(နံနက်ဆွမ်းခံဝင်ချိန်။ အတွင်းခန်း၊ ထူဏမြို့တွင်း ဈေးတစ်နေရာ။)

ယောက်ျား။ ။ အင်း…အမဲကင်များ စားချင်တာကြာလှပြီ။ ဒီနေ့မှပဲ အသား
ကောင်းကောင်း ဈေးချိုချို ရခဲ့တယ်။ အမဲသားများ ကြော်စား ချက်စား
အလကားပဲ။ ဟော…ဆား နနွင်းလေး လူး၊ ငရုတ်မှုန့်လေးနဲ့ ကျုံ ... ့မှာ
ထိုးပြီး မီးကျီးစုမှာ အချိန်လေးယူပြီး ကင်ထား။ သူ့အချိရည် ... သို့ မီးငွေ့



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ဟပ်ပြီး တဖြည်းဖြည်းကျက်သွား၊ အနံ့လေးက သင်းသင်း၊ အဆီလေး က ဝင်းဝင်း။ ဟင်း ဟင်း...စားမယ်ဆိုမှ တံစို့ကနေ တစ်ဖွဲချင်း ဖြုတ်ဖြုတ် ပြီး ဝါးလိုက်ရ တယ်ကောင်း။ အဲ... အကျက်ညီအောင် ဟောဒီလို တံစို့ကို လှည့်လှည့်ပေးရတာကိုး။ အား...တယ်မွှေးတဲ့ အနံ့ပဲ၊ တကယ့်ကိုသွားရည် များ တောက်တောက်ကျလောက်ပါရဲ့။

(အမဲကင် တံစို့ကို ကိုင်၍ လှည့်သည်။)

**ယောက်ျား။** ။ အဲ... အဲ... ကျက်လောက်ပြီ၊ ကျက်လောက်ပြီ၊ အကျွမ်းလဲ ညီသွားပြီ၊ မှန်း... (လက်နှင့် ဖွဲ့သည်) အား... (လက်ကို ရှပ်လျက်) အား... ပူပါ့ ပူပါ့ဗျာ၊ ငါ့နှယ်... လောဘသွားကြီးလိုက်တာကိုး၊ ဘယ့်နှယ် အပူ ကြီး သွားကိုင်ရတယ်လို့၊ တော်ပါသေးရဲ့၊ ကိုယ်တော်တာ ဘယ်သူမှ မမြင် လို့၊ အင်း...ခဏတော့ အေးအောင် စောင့်ဦးမှ။

(မီးဖိုပေါ်မှ တံစို့ကို ယူကာ ပျဉ်ချွန်းတစ်ခုနေရာတွင် ထောင်လိုက်သည်။)

အင်း...အမဲကင်လေး စား၊ တစ်ရေးတစ်မော အိပ်၊ အား... ခုကတည်းက အိပ်ချင်လာပြီ။ ယောက်ျားဘသား တောင့်ထားကွ၊ အအိပ်မမက်နဲ့ဦး၊ အစား လေး စားပြီးမှ အိပ်တာ ပိုကောင်းသတဲ့။ ဟဲ ဟဲ...တစ်ရေးတစ်မော အိပ်၊ အိပ်ရာက နိုးတော့ကော တစ်ရေးနိုးတော့ကော၊ ဘာတဲ့လေ....တစ်ရေးနိုး သော် အကြံပေါ် ပေါ်သောအကြံ ပြန်အိပ်ရန် တဲ့... ဟီ ဟီ၊ အိပ်လိုက် စား လိုက်၊ ရေထမ်းရောင်းလိုက်၊ ရလာတဲ့ အသပြာနဲ့ အမဲသား ဝယ်လိုက်၊ အမဲ ကင်လိုက်၊ စားလိုက် အိပ်လိုက်...ဟီ ဟီ။

(မီးအမှောင်၊ အမှောင်ထဲတွင် အသံများ ပေါ်လာသည်။)

**ယောက်ျားအသံ။** ။ ဟဲ့ ခွေး...ဟဲ့ ခွေး။

(ခွေးအော်သံ)

**အသံ။** ။ ဟဲ့ ခွေး...ဟဲ့ ဟဲ့...လုပ်ကြပါဦး၊ ငါ့အမဲကင်ကို ချီသွားပြီ၊ ဟဲ့ ခွေး ဆီးရိုက်ကြပါဗျို့၊ အမဲကင်၊ အမဲကင်...ဟဲ့ ခွေး။

(ခွေးအော်သံ)

**အသံ။** ။ ဟဲ့ ခွေး၊ ဩော်...ဒုက္ခပါပဲ၊ တောင်တံခါးဝအထိ အရောက်ချီပြေးသွား ပြီ၊ မကောင်းတော့ပါဘူး ငါ့အမဲကင်၊ ခွေးယုတ် ခွေးစုတ်၊ ခွေးသူခိုး၊ ထို...



တော်ပါပြီ၊ ခွေးပါးစပ်ထဲက အမဲကင် ပြန်ကောက်စားဖို့ထိတော့ ငါမမိုက် သေးဘူးဟဲ့နော်။

(မီးပြန်လင်းသည်။ ထူဏမြို့ တောင်တံခါးဝ ပေါ်လာသည်။)

**မင်းကြီး။** ။ အလို...ဟိုမှာ ခွေးတစ်ကောင် ချီလာရာက ငါ့ကို မြင်လို့ လွှတ်ချ သွားတဲ့ အမဲကင်ပါလား၊ ငှက်ကွက်ခြင်း ကင်းစွာ ချီပြေးသွားတဲ့ အမဲကင် ဖြစ် တဲ့အတွက် တစ်ပါးအရှင် ပိုင်ဆိုင်သူမဲ့ တကယ့်ကို ပံ့သကူဆွမ်းပေပဲလေ။

(အမဲကင်ကို သပိတ်ထဲ ထည့်သည်။ အနီးရှိ ကျူးရေဖြင့် သန့်စင်ကာ ဘုဉ်း ပေးသည်။ ထိုစဉ်မှာပင် မိဖုရားကြီး ရောက်လာသည်။)

**မိဖုရား။** ။ အလိုလေး...ခွေးပါးစပ်က ချသွားတဲ့ အမဲကင်ကို စားသတဲ့လား။ ဖြစ်ရလေ မောင်တော်ရယ်၊ အမျိုးကောင်းသားတို့မည်သည်မှာ သုံးလေးရက် အစာမမှီဝဲရရင် အငတ်သာ ခံမယ်၊ အခုတော့ သူကောင်းသား မဟုတ်လေ ဟန်၊ ဘုရားကျွန်မရှေ့မှာတောင် မရှောင်။ မြေမှုန့်အလိမ်းလိမ်း ကပ်နေတဲ့ ခွေးပါးစပ်က စားကြွင်းစားကျန် အမဲကင်ကို မြိန်ရေရှက်ရေ သုံးဆောင်တော် မူတယ်။ မြင်ရချက် မသက်သာဖွယ် ရှိလှချေ မောင်တော်ရယ်။

**မင်းကြီး။** ။ သီဝလိဒေဝီ...လူလဲ စွန့်ပစ်၊ ခွေးလဲ စွန့်ပစ် ဒီအမဲကင်ဟာ မွန်မြတ် တဲ့ ပံ့သကူစစ်စစ် ဖြစ်တယ်၊ သူတော်သူမြတ်တို့ရဲ့ အစာဖြစ်တယ်၊ အစားအစာ သာ မဟုတ်ဘူး သီဝလိဒေဝီ၊ လောကလူတို့ အသုံးအဆောင် မှန်သမျှရဲ့ အယုတ်အမြတ်တန်ဖိုးဟာ တရားသဖြင့် ရခြင်း မရခြင်းအပေါ်မှာသာ မူတည် တယ်၊ တရားသဖြင့်ရတဲ့ ဥစ္စာဟာ ပဲဝက်မျှသာ အဖိုးထိုက်သည်ထားဦး၊ သူ တော်သူမြတ်တို့ သုံးဆောင်တဲ့ဥစ္စာ ဖြစ်တယ်။ မတရားသဖြင့် ရတဲ့ဥစ္စာ ဆို ရင် အဖိုး အသိန်းအသန်းပဲ ထိုက်စေဦး၊ သူကောင်းသူမြတ်တို့ သုံးဆောင် အပ်တဲ့ ဥစ္စာ မဟုတ်ပေဘူး။ တရားသဖြင့် ရတဲ့ ဒီအမဲကင်ကို ဘာ့ကြောင့် သူယုတ်တို့ရဲ့ အစာလို့ သင် ဆိုရသလဲ။ မှားလေစွ သီဝလိဒေဝီ။

(မိဖုရားကို မျက်နှာလွှဲလျက် မင်းကြီး ဆက်လက်ထွက်ခွာသည်။ မိဖုရားမှာ ကြေကွဲသော၊ အံ့သြသော၊ ဝမ်းနည်းသော မျက်နှာဖြင့် ခေါင်းကို ခါယမ်း လျက် ကျန်ရစ်ခဲ့ပြီးမှ မင်းကြီးနောက် ဆက်လိုက်သည်။)



www.burmeseclassic.com

www.burmeseclassic.com



ပြကွက် (၁၄)

(အတွင်းခန်း။ ထူဏမြို့ တောင်တံခါး၀ အခြားတစ်နေရာ။)

**သတို့သမီးငယ်။** ။ လာကြပော့ သူငယ်ချင်းတို့၊ ဟောဒီမှာ ငါယူလာတဲ့ အိုးပုဒ် တွေ အစုံပဲကွဲ့။ အိုးရော၊ ခွက်ရော၊ ပန်းကန်ရော၊ ဆန်ကောရော။

**အခြား။** ။ အို…ကစားစရာတွေ စုံလို့ပါလား သူငယ်ချင်းရယ်။ ကဲ…တို့မျ ဒီနေ့ ဘာလုပ်တမ်း ကစားကြမလဲ။

**သတို့သမီးငယ်။** ။ ဆန် ပြာတမ်း၊ ဆန် ချင်တမ်း၊ ထမင်းအိုး ဟင်းအိုး ချက်တ ကစားကြမယ်လေဟယ်။

**အခြား။** ။ အေးဟယ်…ပျော်စရာကြီးဟယ်။

**အခြား။** ။ ဟဲ့…လုံမရဲ့၊ ညည်းလက်ကလဲ အဆန်းပါလား။

**သတို့သမီးငယ်။** ။ ဘာလဲဟဲ့။

**အခြား။** ။ ညည်းလက်မှာ ဝတ်ထားတဲ့ လက်ကောက်တွေကို ပြောတာပေါ့အေ

**သတို့သမီးငယ်။** ။ လက်မှာလက်ကောက်ဝတ်ထားတာ ဘာများဆန်းလို့လဲအေ

**အခြား။** ။ လက်မှာ လက်ကောက်ဝတ်တာကတော့ မဆန်းဘူးပေါ့၊ ဒါပေမဲ့ ညည် က တစ်ဖက်မှာ နှစ်ကွင်းဝတ်ထားပြီး နောက်တစ်ဖက်မှာကျတော့ တစ်ကွ တည်း ဝတ်ထားတာကို ပြောတာလေ။

**သတို့သမီးငယ်။** ။ သြော်… ဒါလား၊ ဘာရယ်မဟုတ်ပါဘူးအေ၊ အမေ အသပြာ တတ်နိုင်သလောက် ရွှေလက်ကောက် သုံးကွင်း လုပ်ပေးထားတ လေ၊ သုံးကွင်းစလုံး တစ်ဖက်တည်း ဝတ်လိုက်ရင် ကျန်လက်တစ်ဖက် ဘာမှမရှိဘဲ ကြည့်မကောင်းဖြစ်နေမှာစိုးလို့ နှစ်ကွင်းကို တစ်ဖက်၊ တစ်ကွ က တစ်ဖက် ဝတ်လိုက်ရတာပါ အေရယ်။

**အခြား။** ။ သိပါဘူးဟယ်၊ ငါက ထူဏမြို့သူတွေရဲ့ နောက်ဆုံးလက်ကော ဝတ်ပုံ အဆန်းနည်းလားလို့။

**သတို့သမီးငယ်။** ။ ကြံကြံဖန်ဖန်အေ၊ လေးကွင်းအစုံ မတတ်နိုင်လို့ ရှိတဲ့ သ ကွင်းကို မျှဝတ်ထားတာပါ။ ထူဏမြို့ကြီးသူ မင‌တွေလို အဆန်းထွင်ပုံ ထ နည်း လို့များတော့ မထင်လိုက်ပါနဲ့၊ သူတို့လိုလဲ မကွန့်တတ် မညွှန့်တ ပေါင်၊ ငါတို့က အိုးပုတ်နဲ့ ကစားဖို့ပဲ မဟုတ်လားအေရဲ့။



**အခြား။** ။ ဟုတ်ပါ့ ကောင်မရယ်၊ ညည်းကလဲ တွေ့မှ တွေ့တတ်ပလေ၊ ကဲ ကဲ…ဆက်ကစားရအောင်၊ ဟောဒီမှာ ဆန်ပြာလို့ပြီးတော့မယ်အေ့၊ ညည်း ကော မီးမွှေးပြီးပလား။

**သတို့သမီးငယ်။** ။ ဟယ်…နင် ဆန်ပြာတာကလဲ မစင်ဘူးအေ၊ စလုံးစခုတွေ ရောလို့။ ပေးစမ်း ငါ ပြာစမ်းမယ်အေ။

(မိန်းမငယ်များ ကစားနေရာသို့ မင်းကြီး ရောက်လာသည်။ ဆန်ပြာနေသော သတို့သမီးငယ်ကို မင်းကြီး သတိထားကြည့်သည်။)

**မင်းကြီး။** ။ (အလို… ကြည့်စမ်း၊ ဆန်ပြာဟန်၊ စကောဝိုင်းဟန် ကစားနေတဲ့ သတို့သမီးငယ်ရဲ့ တစ်ဖက်သော လက်မှာ လက်ကောက်နှစ်ကွင်း ဝတ်ထား တယ်၊ အဲဒီလက်မှာ လက်ကောက်ချင်း ထိခတ်မိရာကနေ အသံလွင်လွင် ထွက်ပေါ်လို့နေတယ်၊ တစ်ဖက်သော လက်မှာတော့ လက်ကောက် တစ်ကွင်း တည်း။ အဲဒီလက်မှာတော့ ဘာသံမှ ထွက်ပေါ်မလာဘူး၊ အင်း…)

(သတို့သမီးငယ်ထံမှ အကြည့်ကို လွှဲလျက်)

(အင်း…သီဝလိဒေဝီ၊ သီဝလိဒေဝီ၊ အခုထိ ငါ့နောက်ကို လိုက်လာနေတယ်၊ မိန်းမတို့မည်သည်မှာ ရဟန်းအတွက် အညစ်အကြေးပဲ။ ငါ့ကို သူတစ်ပါး မြင်ခဲ့သော် ရဟန်းပြုသည့်တိုင် မယားကို မစွန့်ပစ်ပါလားလို့ ကဲ့ရဲ့ဖွယ် ရောက် တော့မယ်။ လက်ကောက်ရှင် သတို့သမီးငယ်ဟာ ပညာရှိသူ စင်စစ်မှန်ရင် သူ့စကားနဲ့ သီဝလိဒေဝီ မလိုက်ဝံ့အောင် ငါလွတ်မြောက်အောင် ကြံဆောင် လေမှပဲ။)

(မိဖုရား ရောက်လာသည်။)

**မင်းကြီး။** ။ (မိန်းမငယ်များ ကစားနေရာသို့ ချဉ်းကပ်လျက်) မိန်းကလေးငယ်၊ သင့်လက်တစ်ဖက်က အသံမြည်နေတယ်၊ အခြား တစ်ဖက်ကတော့ အသံ မမြည်ဘူး၊ ဒါဟာ ဘာအကြောင်းကြောင့်လဲ မိန်းကလေးငယ်။

**သတို့သမီးငယ်။** ။ အရှင်ဘုရား၊ ဟောဒီလက်မှာ လက်ကောက်နှစ်ဆင့် ရှိတဲ့ အတွက် အချင်းချင်း ခတ်မိလို့ အသံမြည်နေတယ်၊ အဖော်အဖက် ရှိခြင်းရဲ့ ဧလော့လေ။ ဟောဒီလက်ကတော့ လက်ကောက်တစ်ဆင့်တည်းသာ ရှိလို့ အချင်းချင်း ထိခတ်စရာ မရှိ၊ အသံလဲ မမြည်၊ ဒါကလဲ ကိလေသာ ပယ် ပြီး ရဟန်းလိုပဲ အဖော်မရှိခြင်းရဲ့ ဧလော့ပါ။ ဘာကြောင့် မေးရပါသလဲ၊ အလို…



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာက (မိဖုရားကို မြင်သွားပြီး) အရှင်ရဟန်း…ဘယ်လိုပါလဲ ဘုရား၊ လ
ကောက် မှာသာ မဟုတ်၊ လောကခပ်သိမ်း အရာတို့မှာ အဖော်အဖက် ရှိ
ငြင်းခုံထိခတ်မြဲ ဓမ္မတာပါပဲဘုရား။ ထီးတည်းနေသူမှာ ငြင်းခုံခြင်းအမှု မ
ပါ ဘုရား။ အရှင်ကကော ရဟန်းပြုလာခဲ့ပြီးမှ ဘာကြောင့် မိန်းမတစ်ယော
ကို နောက်လိုက်ပြုပြီး မြို့ရွာအနှံ့ ကျက်စားလှည့်လည်နေရပါသလဲ။ ဟော
အမိက (မိဖုရားကို ညွှန်လျက်) အရှင့်ရဲ့ ခင်ပွန်းလား၊ နှမလား၊ အို…နှမ
ဖြစ်စေ ရှင်ရဟန်းဆိုတာ မိန်းမနဲ့ အတူရှိခြင်းဆိုတာ မလျောက်ပတ် မသ
တော်ပါ အရှင်ဘုရား။ အရှင်ဘုရားအတွက် အန္တရာယ်ကြီးလှပါလား ဘုရား

မင်းကြီး။ ။ ကြားရဲ့လား သီဝလီဒေဝီ၊ ဟောဒီ မိန်းမငယ်ရဲ့စကားကို။ သူ
အရွယ်အားဖြင့် ကျွန်ုပ်ရဲ့ သမီးမြေးအရွယ်၊ အမျိုး၊ စည်းစိမ်အားဖြင့်လဲ ကျွန်
ရဲ့ အစေအပါး အမှုလုပ်မျှသာ ရှိလေတယ်။ ဒီလို မိန်းမငယ်တစ်ယောက်
ကဲ့ရဲ့ခြင်းကို ကျွန်ုပ် ခံယူရတယ်၊ ဒါဟာ သင့်ကြောင့်ပဲ သီဝလီဒေဝီ။ သ
ဟာ အမျိုးကောင်းသမီး မှန်ရင် အခုနေက စပြီး ခရီးလမ်းခွဲပြီး ကုသိုလ် ပွ
ရာ တခြားသွားလေတော့ သီဝလီဒေဝီ။

မိဖုရား။ ။ (အို…နှလုံးသားကို မီးပွားသံချွန်နဲ့ ထိုးခွင်းမွှေနှောက်စကား သူ
ပါပကောလား။) ကောင်းပါပြီ မောင်တော်၊ အတူမလိုက်စေလိုရင်လဲ မော
တော်က လက်ယာဘက် ခရီးက ကြွတော်မူပါ၊ နှမတော်က လက်ဝဲဘက်ခရီ
နဲ့ သွားပါတော့မယ်ဘုရား။

ပြကွက် (၁၅)

(ထူဏမြို့တွင်း၊ အိမ်တစ်အိမ်၏ ရှေ့။)

(ဘုရားလောင်းသည် အိမ်ရှေ့၌ ဆွမ်းခံရပ်သည်။ လက်ဝဲလမ်းခွဲမှ လိုက်
လာခဲ့သော သီဝလီဒေဝီသည်လည်း မခွဲမခွာနိုင်သဖြင့် မိမိလမ်းကို စွန့်
ဘုရားလောင်းနောက်မှပင် လိုက်မြဲလိုက်ပါလာပြီး မနီးမဝေးတွင် ရပ်လျ
ရှိနေသည်။)

လေးသမား။ ။ (အိမ်ထဲမှ ထွက်လာပြီး) အမဲသားငါးအတွက် တောလိုက်သွာ
ဖို့ အချိန်တောင် အတော်နောက်ကျနေပြီ။ ဒီမြားတံတစ်ချောင်းကြောင့်
အချိန်တွေ လင့်၊ ခရီး ဖင့်နေရတယ်…မှန်းစမ်း။



(မီးအိုးကင်းတွင် ကန့်လန့်ဖြတ်ပြီး မီးကင်ထားသော မြားတံကို မြှောက်ယူ
လိုက်သည်။)

ဒီမြားကျခါမှ အတော်ဒုက္ခပေးတဲ့ မြား၊ ဖြောင့်လို့ကို မပြီးနိုင်ဘူး။ ထူဏမြို့
က ပန်းပဲဖိုတွေကလဲ အားမကိုးရဘူး။ သံနဲ့ ကြေး ရောပြီး မြားတံလုပ်ဖို့က
လဲ ငါက မတတ်နိုင်၊ အခုတော့ အညံ့စားသံကိုပဲ မြားတံလုပ်နေရတော့ အချိန်
တွေ ကုန်တာပ။ မှန်း… (မြားတံကို မျက်စိရှေ့တွင် ကပ်ကာ တစ်ဖက် မှိတ်
တစ်ဖက် ဖွင့်လျက် ဖြောင့် မဖြောင့် ကြည့်သည်။) လိုသေးတယ်၊ လိုသေးတယ်။
အသွားဘက်မှာ နည်းနည်းကောက်ချင်သေးတယ်။ ပုန်းရည်ဆွတ်ပြီး ဖြောင့်
ပေးမှ။ (အိုးထဲမှ ပုန်းရည်ဖြင့် ဆွတ်ကာ မြားကို ဖြောင့်သည်။) မှန်းစမ်း…
ဖြောင့်သွားပြီလား။ (မျက်စိတစ်ဖက်မှိတ် တစ်ဖက်ဖွင့်၍ ကြည့်သည်။) အဲ…
နည်းနည်းတော့ တော်လာပြီ။ ကိုင်း…ဖြောင့်လဟ။

ဘုရားလောင်း။ ။ (ဒီလေးသမား ပညာရှိစင်စစ်ဖြစ်ရင် တစ်စုံတစ်ခုက ငါ့ကို
ဥပမာပြ ပြောဆိုနိုင်ပေမှာပဲ။) လေးသမား၊ သင် မြားဖြောင့်နေပုံဟာ အလွန်
စိတ်ဝင်စားစရာကောင်းပါတယ်။

လေးသမား။ ။ (မြားတံမှ အကြည့်မခွာဘဲ) ဒီလိုပ၊ ကျွမ်းကျင်ရာ လိမ္မာပ။

ဘုရားလောင်း။ ။ ကျွန်ုပ် မေးစမ်းပါရစေ လေးသမား၊ သင် အခု မျက်စိတစ်ဖက်
မှိတ် တစ်ဖက်ဖွင့်ပြီး မြားဖြောင့်နေတယ်။ မျက်စိနှစ်ဖက်စလုံး ဖွင့်ကြည့်ပြီး
ဖြောင့်ရင် ပိုပြီး မလွယ်ပေဘူးလား။ ဘာကြောင့် တစ်ဖက်ကို မှိတ်ထားရ
သလဲ။ တစ်ဖက်တည်းနဲ့ ကြည့်တာက ပိုပြီး မြင်ရသလား။

လေးသမား။ ။ (မြားတံမှ အကြည့်လွှဲကာ ဘုရားအလောင်းကို လှမ်းကြည့်ပြီး)
အလို…ရဟန်းတစ်ပါးပါလား။ အရှင်ရဟန်း မေးမှတော့ ဖြေရတော့မှာပေါ့
ဘုရား။ ဒီလိုပါဘုရား၊ အဖော်များတိုင်း ကောင်းတာမဟုတ်ပါ။ မျက်စိ နှစ်
ဖက်နဲ့ ကြည့်ပြီး ဖြောင့်ရင် စိတ်က များ၊ အာရုံက ပြားပြီး မြားရဲ့ အမို့ အယိမ်း၊
အဝှန်း အလိမ်၊ အပိန် အထောင့်၊ အဖြောင့် အကောက်၊ အမောက် အချိုင့်ကို
မမြင်ဘဲ တစ်ပြင်တည်းသာ ထင်တော့မှာပေါ့ ဘုရား။ အဲဒီအခါ ဖြောင့်နိုင်ခဲ
လှပေါ့ အရှင်ဘုရား။

ဘုရားလောင်း။ ။ တစ်ဖက်တည်း ကြည့်တဲ့အခါကော လေးသမား။

လေးသမား။ ။ တစ်ဖက်တည်း ကြည့်တော့ စိတ်တစ်ခုတည်း အာရုံပြီး သမာဓိ



www.burmeseclassic.com

www.burmeseclassic.com



ရတာကြောင့် မြားရဲ့ သိမ်မွေ့တဲ့အပိုင်းတွေကို ပြက်ပြက်ထင်ထင်မြင်ရသ[illegible]
ဘုရား။ ဒီအခါမှာ မြင်လွယ် ဖြောင့်လွယ်သပေါ့ ဘုရား။

ဘုရားလောင်း။ ။ ထင်ရှားပေါ်လွင်လှပါပေတယ် လေးသမား။

လေးသမား။ ။ အရှင်ဘုရား၊ မြားဖြောင့်ခြင်းအမှုသာမက ဘယ်အမှုမဆို အဖြေ[illegible]
ပြုတဲ့ ကိစ္စမှန်သမျှ ဒွိဟနှစ်ဖြာ နှစ်ပညာ၊ နှစ်စိတ်ထားရင် သမာဓိမရ၊ ဖြေ[illegible]
မှန်ရာ ကျခဲလှပါတယ်ဘုရား။ အလို... ဒီဟာက... (မိဖုရားကို မြင်သွားပြီ[illegible]
ဘယ်လိုပါလိမ့် အရှင်ရဟန်း။ ရဟန်းပြုလာပြီးမှ ဘာကြောင့် အဲဒီမိန်းမပ[illegible]
အရှင့် ခင်ပွန်းလား၊ နှမလား။ စင်စစ် နှမပဲ ထားဦး၊ ရဟန်းတို့နဲ့အတူ နော[illegible]
လိုက် ပြုနေခြင်းဟာ မတင့်တယ်ပါဘုရား။ အန္တရာယ်ဖြစ်လာပါလိမ့်မယ်[illegible]
ဒီမိန်းမကို စွန့်ပြီး တစ်ပါးတည်း အနှောင်ကင်းစွာနဲ့ အရှင်ဘုရား အဖြေ[illegible]
တရားကို ကျင့်တော်မူပါဘုရား။

(ဘုရားအလောင်းက မိဖုရားကြီးကို လှမ်းကြည့်လိုက်သည်။ မိဖုရားကြီး ဦး[illegible]
ခေါင်းကို ငုံ့လျက်နေသည်။ ဘုရားလောင်း ထူဏမြို့ အပြင်ဘက်သို့ လှမ်[illegible]
မျှော်ကာ ထွက်ခွာသည်။ မိဖုရားကြီး ချီတုံချတုံပြုပြီးမှ ဘုရားလောင်းနော[illegible]
သို့ ဆက်လိုက်သွားလေသည်။)

ပြကွက် (၁၆)

(သစ်ကြီးဝါးကြီးများ ပိတ်ဆိုင်းအုံ့မှိုင်းသော တောကြီးစုံမြိုင်အစပ် မနီးမဝေ[illegible]
တွင် ဟိမဝန္တာကို မြင်နေရသည်။)

(ဘုရားလောင်း တည်ငြိမ်သော ဣန္ဒြေဖြင့် တောဝ သို့ ရောက်ရှိလာသည်[illegible]
သီဝလိဒေဝီ မိဖုရားလည်း နောက်ပါးမှ လိုက်မြဲလိုက်လာသည်။)

ဘုရားလောင်း။ ။ (အင်း... သီဝလိဒေဝီဟာ ထူဏမြို့က သတို့သမီးငယ်ရဲ့
လက်ကောက်ကို ပုံဆောင်ပြလို့လဲ မရ၊ လေးသမားရဲ့ မြားအဖြောင့်နဲ့ ပုံ
ဆောင်ပြလို့လဲ မရ၊ နောက်ပါးကသာ ထက်ကြပ်လိုက်ပါနေတော့တာပါ
လား။ အခုဆိုရင် ဟိမဝန္တာတောင်ရိပ် တောဝကို နင်းမိပြီ၊ အခုအထိ လိုက်ပါ
လာဆဲ။ သီဝလိဒေဝီကိုတော့ အတိအပြတ် စွန့်ဖြတ်ပစ်ခဲ့မှ ဖြစ်တော့မယ်။)

ဘုရားလောင်း။ ။ သီဝလိဒေဝီ... ဒီမှာ ကြည့်စမ်း (တောလမ်းတစ်ဖက် ဖြူဆံ
မြက်ရုံပင်မှ မြက်ပင်အညွန့် အမြိတ်စကို ဆွဲဖြတ်ပစ်လိုက်သည်။) သီဝလိဒေဝီ၊



ကျွန်ုပ် ဆွဲဖြတ်ယူလိုက်တဲ့ မြက်ပင်ကို ကြည့်လိုက်စမ်း၊ ဒီမြက်ညွန့်ကို အပင်
မှာ နောက်တစ်ခါ ပြန်တပ်လို့ စပ်မိနိုင်ပါဦးမလား။

မိဖုရား။ ။ (ခေတ္တမျှ ငေးငိုင်ကြည့်ရှုနေပြီး) ပြတ်ပြီး မြက်ပင်ကို အပင် အရုံမှာ
ပြန်တပ်လို့ မစပ်နိုင်တော့ပါ ဘုရား။

ဘုရားလောင်း။ ။ အလားတူစွာပဲ သီဝလိဒေဝီ၊ ကျွန်ုပ်ဟာ ရဟန်းတရားကို ကျင့်
လိုတဲ့အတွက် သင်တို့အားလုံးကို စွန့်ပစ်ခဲ့တယ်၊ စွန့်ပြီးနောက်မှ သင့်တို့နဲ့
ဆက်နွယ်ပေါင်းဖော်ဖို့ အမှုဆိုတာ မဖြစ်နိုင် မပြုလိုတော့ဘူး သီဝလိဒေဝီ။

မိဖုရား။ ။ မောင်တော်မင်းကြီး... မောင်တော် မင်းကြီး။

ဘုရားလောင်း။ ။ အပင်မှ ကင်းပြတ်တဲ့ ဖြူဆံမြက်ညွန့်လိုပဲ ကျွန်ုပ်တစ်ဦးတည်း
ဟိမဝန္တာမှာ ရဟန်းတရား ပွားများနေတော့မယ်၊ သင်လဲ စည်းစိမ်ချမ်းသာ
မှာ ငြီးငွေ့လောက်တဲ့အရွယ် ရှိနေပြီ သီဝလိဒေဝီ၊ သင်လဲ အထီးတည်း
ရဟန်းပြုနေခဲ့ပေတော့။

မိဖုရား။ ။ (ငါ့ကို လုံးလုံးလျားလျား ပစ်ခွာလိုက်ပြီ၊ အပြီးတိုင် စိမ်းကားစကား
သူ ဆိုပါပေါ့လား) မောင်တော်မင်းကြီးဘုရား၊ (မိန်းမောမေ့မူးနေရာမှ လဲကျ
သွားသည်။ ဘုရားအလောင်းသည် တောလမ်းမြေပြင်မှ မိမိခြေရာကို ဖျက်
လျက် တောအုပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။)

(ခေတ္တအကြာတွင် ဒီဃာဝုအိမ်ရှေ့မင်းသားနှင့်တကွ မှူးမတ်ဗိုလ်ပါ ပရိသတ်
အများ ရောက်လာကြသည်။)

ဒီဃာဝု။ ။ အို... မယ်တော်ဘုရားပါလား၊ မယ်တော်ဘုရား၊ မယ်တော်ဘုရား။
(မိဖုရားကြီးကို ပွေ့ထူသည်။)
မယ်တော်ဘုရား သတိရလာပြီလား၊ ခမည်းတော်ကော၊ ခမည်းတော်ကော
ဟင်။

မိဖုရား။ ။ (လေသံသဲ့သဲ့ဖြင့်) သားတော်တို့ မတွေ့လိုက်ဘူးလား၊ မောင်မင်း
တို့ကော မင်းကြီးကို မမြင်လိုက်ကြဘူးလား။

မှူးမတ်များ။ ။ ဝေးရာအရပ်က လိုက်လာကြရတာမို့ မမြင်လိုက်ပါဘူး ခေါင်
ဖုရား။

မိဖုရား။ ။ ရှာကြစမ်းပါဦး မောင်မင်းတို့၊ သားတော်... မောင့်ခမည်းတော်ကို
ရှာစမ်းပါဦး။



www.burmeseclassic.com

www.burmeseclassic.com



မှူးမတ်များ။ ။ မှန်လှပါ၊ စုံတောမြိုင်အနှံ့ လှူဖြန့်ပြီး ရှာပါ့မယ် ခေါင်ဖုရား
(တစ်စု တစ်နေရာစီသို့ လှည့်ဖြန့်ထွက်သွားလေသည်။ ခေတ္တ အကြာတွ
ပြန်ရောက်လာကြသည်။) မှန်လှပါ၊ ခြေရာမမြင် ခြေရာပျောက် တောဝင်
တောင်ဆီသို့ ရောက်သွားပါပြီ ခေါင်ဖုရား။

မိဖုရား။ ။ ဪ...မောင်ဘုရား မောင်ဘုရား၊ ယောဒိနေရာမှာ ဖြူဆံ မြက်
ဖြတ်၊ ပြန်တပ်မရနိုင်တဲ့ နိဂုံးကမ္ဘတ်ကို ပြသွားတော်မူပြီး အလုံးစုံ တောစခ
ရဟန်းပြုသွားပါပကော မောင်ဘုရားရယ်။

(သီဝလိဒေဝီ၊ ဒီဃာဝုမင်းသားနှင့်တကွ မှူးမတ်ဗိုလ်ပါ ပရိသတ်အားလုံး
ဟိမဝန္တာဆီသို့ လှမ်းမျှော်ငေးကြည့်နေကြစဉ် မီးရောင် တဖြည်းဖြည်း မှိန်
ကာ နောက်ဆုံး မီးရောင်ပျောက်သွားသည်။)

(တိုးညင်းသော ခမ္ဘတေးသံ ပေါ်လာပြီး တေးဂီတကို နောက်ခံပြုလျက်)

ဇာတ်ဆရာအသံ။ ။ သူတော်စင် ပရိသတ်တို့ခင်ဗျား...ဘုရားလောင်း ဟိမဝန္တ
သို့ ထွက်ခွာသွားတော်မူပြီးနောက် ဖြူဆံမြက်ပင်ကိုဖြတ်ရာအရပ်မှာ စေ
တစ်ဆူ တည်ခဲ့ပြီး မိဖုရားကြီးဟာ သားတော်နဲ့ ဗိုလ်ပါပရိသတ်တို့ ခြံရံပြ
လာခဲ့သော ခရီးစဉ်အတိုင်း ပြန်သွားတော်မူခဲ့ပါတယ်၊ အပြန်ခရီးမှာလဲ ထူ
မြို့ လေးသမားနဲ့ တွေ့ဆုံရာဒေသမှာ စေတီတစ်ဆူ၊ ပုံသကျူအမဲကင်ကို ဘုဉ်
ပေးရာဒေသမှာ စေတီတစ်ဆူ၊ သတို့သမီးငယ်နဲ့ တွေ့ဆုံရာမှာ စေတီတစ်ဆူ
ထူဏမြို့မှာ စေတီသုံးဆူအဖြင့် မိဂါဇိန်ရသေ့နဲ့ တွေ့ရာအရပ်၊ နာရဒရသေ
နဲ့ တွေ့ရာအရပ်၊ ဘုရားအလောင်း တောင်ဝှေးနဲ့ ဖီလာမျဉ်းဖြတ် သားတော်
ရာအရပ်၊ မိတ္ထိလာပြည် ရောက်လုနီး သူခိုးဓားပြတို့ သောင်းကျန်းဟန် အရပ်
မီးလျှံတို့ လောင်ကျွမ်းဟန်အရပ်တို့မှာလဲ စေတီများ တည်ထားခဲ့ပါတယ်
ထို့နောက်မှာတော့ သားတော်အိမ်ရှေ့မင်းကို အဘိသိက်သွန်းပြီး မင်းမြှောက်
မိတ္ထိလာပြည်အလုံးကို အပ်နှံပြီး သီဝလိဒေဝီမိဖုရားကြီးက ဥယျာဉ်တော်
မှာပဲ ရဟန်းပြုကာ ရဟန်းတရား အားထုတ်ပွားများ စံတော်မူခဲ့ပါတယ်
ဘုရားအလောင်း ရဟန်းမြတ်ကိုယ်တော်တိုင်ကတော့ စင်ကြယ်သော သီလ
သမာဓိအားနဲ့ ခုနစ်ရက်အတွင်းမှာပင် အဘိညာဉ်သမာပတ်ကို ရတော်မူပြီ
နောက် ဟိမဝန္တာမှာ ဈာန်၏မွေ့လျော်ခြင်းနဲ့ နေတော်မူသွားပါတယ်ခင်ဗျား
(ဇာတ်ဆရာအသံ အဆုံးတွင် ခမ္ဘတေးဂီတအသံ ပို၍ကျယ်လာသည်။)



(ပြည်ဖုံးကား တဖြည်းဖြည်း ကျလာနေစဉ်တွင်)...

လေးဆစ် သံပြိုင်။ ။ ပါရမီဆယ်ဖြာ မြင့်သူမို့၊ လာဝသီငယ်ခါက လင့်သလိုဖြင့်၊ ရာဂဝီ ဘယ်ခမ္မတာနှင့်ရယ်မှ၊ တွယ်တာသဖြင့် ရပါင်းဖော်မမက် လောကီ အရာ ခွာချင်ပါသကိုနော်ကွယ် ရှယ်ပတ္တနာနှင့်၊ ဆယ်ကမ္ဘာရင့်ပါတဲ့ နွယ် မဟာမြင့်လောင်းတောင်ဇနက် ဇောစိလျာမို့သာ။

သီဝလိ မည်ရှိ စံတဆွေရဲ့ပြင် မှန်ရဝေ ရဲရွှေမိတ်တို့နှင့် ငွေရိပ်မိဘမ ရာသပါလို့၊ ရွှေမိတ္ထိလာနဂုံရမှာလ ရာဇာရာဇိန်မို့ သမ္ဘာရိဟန် မာဃိန်ဘုန်း တို့နှင့် နှန်းလောက်စရာပါပေကိုနော်ကွယ် ဘုန်းတောက်ခါ။

မှူးဘုရင် မော်သဇင်ဇနက်မှာလ၊ မြူးရွှင်ပျော်အစဉ်မပျက်ပေပ၊ ဥယျာဉ် တော် တမင်ထွက်စံတော့၊ နှစ်ပင်သရက်ကိုတဲ့ မြင်ရရာ၊ အသွင်မမျှတာမို့ နိမိတ်သံဝေတော်ညောင်း (အိုကွယ်...) မရှင်မပျနိုင်ဘူးတဲ့ တစ်ဆိတ်ကမှ ရဲရွှေတော်အပေါင်း။

မမက်ပါချင် ကနက်နဂရာခွင်ကဖြင့် သရက်ပမာတင်လို့မို့ အပျက်က သာ ထင်လိုက်တော့ ငါဘုရင် မထုံမွေ့ချင်ဘူး၊ ဘုံခလေ့ရာဂီဆန့်တဲ့၊ ဗာဟီ ဉာဏ် တစ်ရံမျှမသိမ်းရအောင်၊ လာဘီရျာန်သဏ္ဍာန် ရဟန်းတို့ကို၊ ဖန်စွန်း စံပယ်တင်၍၊ တကယ်ပင် ဟောဝန်ဖျားဆီသို့ မယားပါ သားပါ များတကာ အားနာဖို့ တားရက်ကနှင့်၊ မသွားသာ သွားတာ တရားရှာသွားပါသော်ကော သွားရသူမို့ကွယ် (အံမယ်မင်း...) သနားစရာ သို့အကြောင်းကိုလ၊ တရား မရတဲ့ တို့အပေါင်းမှာဖြင့်၊ အမှားမခွ၊ တစ်ပါးဇနကရဲ့၊ အလားဆလို့မို့၊ အားကျစရာကဖြင့် အပုံ့၊ အပုံ အပုံကောင်း။

(လေးဆစ်ရွတ်ဖတ်သံ အဆုံးမှာပင်)

(ပြည်ဖုံးကား ကျသွားသည်။)

○

www.burmeseclassic.com

www.burmeseclassic.com

# ဘုံပျံနန်းသခင်

နံနက်ခင်း ရှင်းသန့်လေပြည်ကို ရှူရှိုက်ရန် လေသာဆောင်အဝ၌ ရပ်လျှင် ရပ်ချင်းမှာပင် အုတ်အုတ်ကျွက်ကျွက် အသံများကို 'ဗောဓိမင်းသား' ကြားလိုက်ရပေသည်။ သံသုမာရဂီရိနေပြည်တော်အရေးမှ ပဲ့တင်ပြန်လာသော အသံကြောင့် စကားလုံးဝေါဟာရ မသဲကွဲ၊ အဝေးဆီတွင် လှမ်းမြင်နေရသော ဈေးလမ်းမကြီး ကစ်လျှောက်မှာလည်း လူတွေ ရုတ်ရုတ်သဲသဲ ပြေးလွှားနေကြသည်။ လက်တွေကို အပေါ်သို့ မြှောက်ထားကြသည်။ မျက်နှာတွေကလည်း ကောင်းကင်ဆီသို့ မော့နေကြသည်။ ဝရုန်းသုန်းကား ဗလုံးဗထွေး 'ပြေးပြီ... ပြေးပြီ' ဟု ကြားမိသလိုလို။

သံသုမာရဂီရိပြည်မှာ သည်မနက် ဘာတွေဖြစ်နေသလဲ။ ဘာကြောင့် တိုင်းသူပြည်သားတွေ ယောက်ယက်ခတ်နေကြသလဲ။ အေးချမ်းငြိမ်သက်စွာ နိုးထနေကျဖြစ်သော သံသုမာရဂီရိ၏ နံနက်ခင်းမှာ မည်သည့်အရာက ကသောင်းကနင်းဖြစ်အောင် လုပ်နေသနည်း။ အသံတွေကလည်း ပြေးပြီ ပြေးပြီဟု ကြားမိသလိုလို။ ပြီးတော့ လူတွေအားလုံး အပေါ်မော့ကြည့်နေကြသည်။ ကောင်းကင်ဆီသို့ လက်ညှိုးညွှန်နေကြသည်။

သံသုမာရဂီရိပြည့်ရှင် ဗောဓိမင်းသားသည် ကြာရှည်စွာ စဉ်းစားနေရန် မလိုတော့ချေ။ တောင်အရပ် ကောင်းကင်ဆီမှ တဝုန်းဝုန်းအသံကြီး ပေါ်လာသည်။ ဒုန်းဒုန်း ရိုက်ခတ်သော အသံကြီးကို အထိတ်တလန့် နားထောင်နေခိုက်မှာပင် ကောင်းကင်တစ်ပြင်လုံး လင်းပြက်သွားသည်ဟု ထင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗောဓိမင်းသား ရပ်နေရာ လေသာဆောင်ပြတင်း၏ ရှေ့တည့်တည့်မှ ကြီးမာ လှသော သဏ္ဌာန်ကြီးတစ်ခုသည် အရှိန်အဟုန်ပြင်းစွာ ဖြတ်သန်းပျံတက်သွား သည်။ ထွက်ပြူစ နေရောင်တွင် ထိုသဏ္ဌာန်ကြီးသည် တောက်ပဝင်းဝါနေသည် အတောင်ပံကြီးနှစ်ဖက်ဟု ထင်ရသောအရာနှစ်ခု နိမ့်မြင့်လှုပ်ရှားလေတိုင်း နေရော ပြန် အလင်းများက စီးဖြာယိမ်းထိုးသွားကြသည်။

စူးရဲကျိန်းစပ်မြင်ကွင်းကို လက်ဝါးဖြင့် ကွယ်လျက် အားစိုက်ကြည့်လိုက်ပြီ နောက်တွင်ကား ဗောဓိမင်းသားသည် ကြီးစွာသော အံ့သြမှုဖြင့် ရေရွတ်လိုက်ပ သည်။

'ဂဠုန် ...ဂဠုန်ငှက်ကြီးပါလား'

*

မကြုံစဖူး ထူးကဲသော ထိုအခြင်းအရာအတွက် ဗောဓိမင်းသားသည် တံခါးမှူ များ၊ မှူးမတ်များကို ဆင့်ခေါ်နေရန်ပင် မလိုတော့ချေ။ 'သိဋ္ဌဝ လုလင်' သည် မင်းသား ရှိနေရာ လေသာဆောင်ပြတင်းဆီသို့ ချက်ချင်းပင် အခစား ရောက်လာ သည်။

'စိတြဝမုကီ ထွက်ပြေးသွားပါပြီ အရှင်'

သိဋ္ဌဝလုလင်သည် နိဒါန်းမပျိုးတော့ဘဲ ရောက်မဆိုက် သံတော်ဦးတင်လေ သည်။ လုလင်ငယ်အသွင်မှာ အမောတကော အရေးတကြီး နိုင်လှချေသည်။

'ဂဠုန်ငှက်ကြီးတစ်ကောင် ပျံသွားတာကို အရှင် တွေ့ရလိမ့်မယ် ထင်ပါတယ်၊ အဲဒါဟာ အမှန်တော့ ဂဠုန်ငှက်စင်စစ် မဟုတ်ပါဘူး၊ လက်သမားကြီး စိတြဝမုကီ ရဲ့ ယန္တရားစက်ရုပ်ကြီး ဖြစ်ပါတယ်၊ လက်သမားကြီးဟာ ဘူတဝါဟနအတတ်နဲ့ ဂဠုန်ရုပ် ယန္တရားစက်ကို ဆင်ပြီး သားမယားနဲ့တကွ ထွက်ပြေးသွားပါပြီ အရှင်'

အံ့သြလွန်းမက အံ့သြလွန်းသောကြောင့် ဗောဓိမင်းသားသည် သိဋ္ဌဝလုလင် ကို စကားတုံ့ မိန့်တော်မမူနိုင်ချေ။

'လက်သမားကြီး ထွက်ပြေးသွားတာကို သံသုမာရဂီရိတစ်မြို့လုံး တွေ့ရှိမြင် လိုက်ကြရလို့ ရုတ်ရုတ်သဲသဲ ဖြစ်နေကြခြင်းပါ အရှင်၊ အခုအချိန်ဆိုရင် ဂဠုန်ရုပ် ယန္တရားစက်ကြီးဟာ ကျွန်တော်မျိုးတို့ ဘယ်လိုမှ အလှမ်းမမီနိုင်တော့တဲ့ ဝေးလံ သော အရပ်သို့ ရောက်သွားပါပြီ'

'သူ ...သူ ...ထွက်ပြေးသွားပြီ ...ဟုတ်လား'



'ဟုတ်ပါတယ် အရှင်'

'ဒါ ...ဒါဖြင့် ...ငါ့ရဲ့ ကောကနဒ ဘုံပျံနန်းကကော'

'ဘုန်းတော်ကြောင့် အရှင့်ရဲ့ ကောကနဒ ဘုံပျံ နန်းပြာသာဒ်ကြီးကိုတော့ လက်သမားကြီးဟာ အပြီးတိုင် ဆောက်လုပ်ပေးသွားပါတယ် အရှင်'

ဗောဓိမင်းသားသည် ရာဇက္ကန္ဓြေကိုပင် သတိမရနိုင်တော့ဘဲ သက်ပြင်း တစ် ချက်ကို လေးပင်စွာ မှုတ်ထုတ်လိုက်သည်။ ဂဠုန်ရုပ် ယန္တရားစက်ကြီးကို မတွေ့ မြင်နိုင်တော့သည့် ကောင်းကင်ဆီသို့ လှမ်းကြည့်သည်။

'ကောကနဒနန်းပြာသာဒ်ကြီး ပြီးသွားရင်တော့ တော်သေးတာပေါ့ သိဋ္ဌဝ ရယ်၊ အင်း ...ငါ့အကြံအစည်တော့ အထမမြောက်လိုက်တော့ဘူးပေါ့၊ သင်း လက် လွတ် ထွက်ပြေးပြီ ဆိုတော့ ...'

'မစိုးရိမ်ပါနဲ့ အရှင်၊ လက်သမားကြီး စိတြဝမုကီက ကျွန်တော်မျိုးကို ပြော မှုးပါတယ်၊ အရှင့်အမိန့်တော်နဲ့ သူ ဆောက်ခဲ့တဲ့ ကောကနဒနန်းပြာသာဒ်ကြီးဟာ သူ့လက်စွမ်းကုန်ပါပဲတဲ့၊ နောင်ကို သူ ဒီလိုနန်းပြာသာဒ်မျိုး ဘယ်လိုမှ မဆောက် နိုင်တော့ပါဘူးတဲ့'

'ဟုတ်လား၊ သင်း ဒီလိုပဲ ပြောသွားသလား သိဋ္ဌဝ'

'ဒီလိုပဲ ပြောသွားပါတယ် အရှင်'

'အင်း ...ဒါဆိုလဲ သူ့အတတ်နဲ့ သူ့အစွာပူတ် တစ်ဓာတ် ပြီးသွားတာပေါ့ လေ၊ ကိုင်း ကိုင်း ...သိဋ္ဌဝ၊ မင်းပြုမြဲအမှုတော်အတိုင်း ပြု၊ ခစားမြဲ ခစား၊ တိုင်းသူ ပြည်သားတွေလဲ နေမြဲ ရှိမြဲအတိုင်း နေကြ ရှိကြစေ၊ လက်သမားယုတ်အကြောင်း ကို ဘာမှ စဉ်းစားမနေကြနဲ့တော့၊ သူ့ဂဠုန်ရုပ်နဲ့အတူ ရောက်ချင်ရာရောက်စေ'

'ကောင်းပါပြီ အရှင်'

ဗောဓိမင်းသား၏ လက်စွဲ သိဋ္ဌဝလုလင်သည် နန်းဆောင်ထဲမှ ထွက်လာခဲ့ သည်။ အရှင်သခင်နှင့် ဗောဓိမင်းသားကို ချစ်မြတ်နိုးရင်းစွဲ ရှိသော်လည်း မင်းတို့ ၏ အတောမသတ်နိုင်သော အာဏာမီးလျှံ လောင်မြိုက်လိုမှုကို ဆင်ခြင်နေမိသည်။

မည်သို့ရှိစေ အရာခပ်သိမ်းကား နေသားတကျပင် ပြီးစီးသွားလေပြီ။

လက်သမားကြီး စိတြဝမုကီလည်း မိသားစုနှင့်အတူ ထွက်ပြေးလွတ်မြောက် သွားပြီ။ ကောကနဒ ဘုံပျံနန်းပြာသာဒ်ကြီးလည်း ပြီးစီးသွားပြီ။ ဗောဓိမင်းသား လည်း ကျေနပ်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



မထင်ရှားသော နေရာတစ်နေရာမှနေ၍ အထိရောက်ဆုံး လုပ်ငန်းတစ်ခု လုပ်ဆောင်လိုက်နိုင်သောကြောင့် သိဋ္ဌဝလုလင်သည် အားပါးတရပြုံးနေမိ သည်။

*

အသက် နှစ်ဆယ်ကျော်ရုံမျှသာ ရှိသေးသော သိဋ္ဌဝသည် သံသုမာရဂိရိပြ ရှင် ဗောဓိမင်းသား၏ ငယ်ကျွန်လက်ရုံးအစစ် ဖြစ်သည်။ အရှင်သခင် ဗောဓိမ သားကို အသက်ပေး၍ အမှုထမ်း ခစားသူ ဖြစ်သည်။ သိဋ္ဌဝ၏ နှုတ်ဖျံတက်ကြွသေ အရွယ်နှင့် လိမ္မာထက်မြက်သော အရည်အသွေးတို့ကြောင့် ဗောဓိမင်းသားကလ သိဋ္ဌဝကို 'မင်းလုလင်' အဖြစ် အပါးတော်၌ ထားရှိခစားစေသည်။ တိုင်းရေး ပြ ရာ ကြီးကျယ်သော အမှုကိစ္စများ၌ မပါဝင်သော်ငြား ဗောဓိမင်းသား၏ အတွင်း အမှုကိစ္စ ကြီးငယ်မှန်သမျှတို့၌ လက်ရင်းအကျဆုံး အတွင်းလူပင်။

ထို့ကြောင့်ပင် ကောကနဒ ဘုံပျံနန်းပြာသာဒ်၏ နောက်ကွယ်မှ ကြောက်မ ဖွယ် အရေးအခင်းကြီးတစ်ခုကို သိဋ္ဌဝ ကြိုတင်သိခဲ့ရခြင်း ဖြစ်သည်။ ထိုသို့ ကြို သိခဲ့ရသောကြောင့်လည်း သိဋ္ဌဝသည် အားလုံး၏ အကျိုးကို လူမသိ သူမသိ ရှ ဆောင်နိုင်ခွင့် ရခဲ့လေသည်။ အားလုံး၏ အကျိုး။ မှန်သည်။ ဗောဓိမင်းသား၊ စိ ဝမုကိ လက်သမားနှင့်တကွ သံသုမာရဂိရိတိုင်းပြည်ကြီး၏ ကမ္ဘည်းရာဇဝင်။

'သိဋ္ဌဝ... ငါတို့ရဲ့ မဇ္ဈိမဒေသမှာ တိုင်းပြည်တွင်း မင်းနေပြည်တွေ ပေါ်မျ လှတယ်၊ အုပ်ချုပ်စိုးစံနေတဲ့ ဘုရင်တွေဟာလဲ အသီးသီး အသက ဘုန်းအာ လက်ရုံး နှလုံး သူ့အစွမ်းနဲ့သူ ရှိကြလေတယ်၊ ဒီအထဲမှာ သံသုမာရဂိရိနေပြည်တေ နဲ့ ငါ ဗောဓိမင်းသားဆိုတာကို အားလုံးထက် တစ်မူထူးခြားနေအောင် ငါ လုပ် အကြံရှိနေတယ်' ဟု အရှင်ဖြစ်သော ဗောဓိမင်းသားက မိန့်ဆိုလာသည်။ မ ဒေသတစ်ခွင်မှာ ဘယ်လိုများ တစ်မူထူးခြားအောင် လုပ်မှာပါလိမ့်ဟု သိဋ္ဌဝ တေ နေစဉ် ဗောဓိမင်းသားက ဆက်၍မိန့်သည်။

'မင်းနေပြည်တော်က မင်းစိုးစံတဲ့ နန်းဆောင်ပြာသာဒ်ကို ဘယ်သူနဲ့မှ မ တစ်မူထူးအောင် ငါဆောက်လုပ်မယ် သိဋ္ဌဝ၊ ဒီအတွက် အင်မတန်တော်တဲ့ လ သမားကြီးကိုလဲ အမိန့်တော်နဲ့ ငါ ဆင့်ခေါ်ထားပြီးပြီ၊ သူ့နာမည်က စိတြဝမု



တဲ့၊ ငါ့အတွက် သူ ဆောက်ပေးရမယ့် နန်းပြာသာဒ်ဟာ မဇ္ဈိမတစ်ခွင်လုံးမှာ အထူးခြားဆုံး၊ အလှပဆုံး၊ အခမ်းနားအတင့်တယ်ဆုံး ဖြစ်စေရမယ်'

အရှင့်စကားမို့သာ ကြားနာလိုက်ရသော်လည်း သိဋ္ဌဝအဖို့ အမှုမဲ့ပင် ထားခဲ့ သည်။ သို့သော် တစ်စထက်တစ်စ ရုပ်လုံးကြွလာသော ပြာသာဒ်ကြီးကို တွေ့ရ သောအခါ ဗောဓိမင်းသားစကား မှန်လေပြီဟု သိဋ္ဌဝ သိမှတ်ရလေတော့သည်။

လက်သမားကြီး စိတြဝမုကိသည် လက်သမားအမှုဖြင့် တစ်သက်လုံး စုဆောင်း ဖြည့်ဆည်းခဲ့သော ပညာတို့ကို ယခုတစ်ကြိမ်တွင် အလုံးစုံပုံအောပြီဟု ထင်ရသည်။ သားရေချပ်ပေါ်တွင် ပြာသာဒ်ပုံစံငယ်ကို ရေးဆွဲပြစဉ်က လက်သမားကြီး အပြော ကြွယ်လှသည်ဟု ထင်ခဲ့သော အထင်ကိုပင် ပြန်၍တောင်းပန်ရတော့မလို ဖြစ်လာ သည်။

'ကောကနဒ' နန်းပြာသာဒ်ကြီးသည် မြေပြင်ပေါ်တွင် တည်ဆောက်သော ပြာသာဒ်ဟု ထင်စရာမရှိတော့ချေ။ မြေပေါ်၌ စတည်သော အောက်ခံခုံသည်ပင် မျှင် စိတြဝမုကိ၏ လှည့်စားမှုအတတ်ကြောင့် အပေါ်သို့ ပျံကြွအံ့ဟု ထင်ရသည်။ သွယ်သွယ် အဆင့်ဆင့် စီရရီ ဆင်အပ်သော တိုင်လုံးများသည်လည်း မျဉ်းမတ် ၏ အင်အားကို အပြည့်အဝဆောင်ကာ အထက်ဆီသို့သာ ငွားငွားစွင့်စွင့် တက်နေ ကြသည်။ ထိုတိုင်လုံးများအကြားတွင် ရက်ဖောက်ကူးယှက်သော ထုပ်၊ ယောက်၊ ိုင်း၊ လွှားတို့သည်လည်း တစ်ခုနှင့်တစ်ခု ဖြတ်ကူးကျော်နင်း ရှုပ်ထွေးခြင်း မရှိကြ ဘဲ အပြန်အလှန် ကူပံ့ကြသော ငှက်အတောင်ပံများလို စီရရီဆင့်ရရင့် တင့်တယ် ွာ ရှိကြသည်။ ထိုမျှသာမက အမိုးစွန်းတို့တွင် ရှိသော ကနုတ်များ၊ တိုင်လုံးအစိတ် တို့တွင် ရှိသော ခြူးပန်းအနွယ်များကလည်း ပျော့ပျောင်းသော မျဉ်းကွေးအသွင် ဖြင့် တစ်ခုကို တစ်ခု ယှက်လိမ်ပွေ့ဖက်ထားကြသည်။ ကွေးညွတ်သွယ်ပျောင်းသော ပန်းကနုတ်များ ဖြစ်သော်လည်း နွဲ့လျခြင်းသဘောထက် ခက်နွယ်ကြံ့ခိုင်ခြင်းသဘော ကို ပို၍ဆောင်သည်။ ထို့ထက်မှ အဆင့်ဆင့်တက်သွားသော ဘုံအထပ်ထပ်တို့ သည်း မသိမသာ သေးငယ်သွားကြကာ ပို၍ ပို၍ မြင့်တက်သွားလေလေ၊ ပေါ့ပါး၊ သျင်မြန်သော အဟုန်ကို ဆောင်လေလေ ဖြစ်နေကြသည်။

အထက်ဆီသို့သာ ခိုးယှက်သန်းမျှင်နေသော ပြာသာဒ်အစွန်းတို့သည် ကော ာင်ကို မရောင့်ရဲမတင်းတိမ်နိုင်သော လက်ချောင်းသွယ်များဖြင့် အင မ တို့ ာတ်ခြစ်ရန် အားထုတ်နေကြသည်ဟု ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်အဆင့်ဘုံမှ ပန်းကနုတ်သည် သူ့အထက်ဆင့်ဘုံမှ ပန်းကနုတ်ဆီသို ဘစ်ဖန် ထိုဘုံအဆင့်ကလည်း သူ့ထက် အထက်ရောက်သော ဘုံအဆင့်ဆီသို့၊ တ ဖန်တုံ့ယင်းဘုံအဆင့်ကလည်း အထက်ဘုံအဆင့်ဆီသို့ ဆင့်ကဲဆင့်ကဲမြင့်မား တ ရောက်သွားပုံမှာ ပျံသန်းမှုများ ရှန်းကြွကူးစက်နေသည်ဟု ဆိုရမည်။

သို့ဖြင့်ပင် 'ကောကနဒ' ဘုံပျံနန်းပြာသာဒ်ကြီးသည် တစ်စတစ်စ ရုပ်လုံးကြ သာကာ မျက်စိအောက်မှာပင် ပေါက်ဖွားရှင်သန်လာသည်။ ကြည့်နေသူ၏ စိ ထဲတွင် ကြည့်နေရင်းဖြင့်ပင် နန်းပြာသာဒ်ကြီးသည် မြေပြင်မှ ကြွတက်ကာ အထ သို့ ပျံတက်သွားတော့မည်ဟု ထင်ယောင်မှားစေပြီး ပြာသာဒ်နှင့်အတူ ကောင်းကင် ပြင်ထဲသို့ တွယ်ဖက်လိုက်ပါသွားချင်သည့်စိတ်မျိုး ပေါ်ပေါက်လေသည်အထိ လှု စားနေသည်။

လက်သမားကြီး စိတြဝမုကီသည် ပညာကုန် ထုတ်၍ ကောကနဒကို မွေးဖွ သန့်စင်ပြီဟု အားလုံးက အံ့အဲမကုန် ဖြစ်ကြရလေသည်။

'ကြည့်စမ်း သိဋ္ဌဝ၊ အာကာတိမ်ညွန့် ပျံကွန့်ဘနန်းပြာသာဒ်ကြီး၊ ငါ့ရဲ့ ပြ သာဒ်ကြီးလေ၊ ဇမ္ဗူဒိပ်မှာ ဒီလိုဘုံပျံနန်းမျိုး ဘယ်နေရာမှာ ရှိနိုင်မလဲ တွေ့လာ ဗောဓိမင်းသားသည် အားပါးတရ ကြွေးကြော်လေသည်။

အရှင်သခင်၏ သွေးရောင်လျှမ်းသော ဟောက်ပမျက်နှာကိုကြည့်နေရင်းမှ ပင် ထိုမျက်နှာပြင်ပေါ်၌ ထူးဆန်းသော အငွေ့တစ်ခု ဖြတ်သန်းသွားသည်ဟု သိဋ္ဌဝ ထင်သည်။

'သိဋ္ဌဝ၊ ငါ တစ်ခု စဉ်းစားမိတယ်'

မင်းသားသည် တခြားတစ်ပါးသူများ မကြားစေရန် သိဋ္ဌဝကို နှစ်ကိုယ်တည် တွေ့ဆုံခဲ့လေသည်။

'ဒီမြေပြင်မှာ ငါတစ်ဦးတည်းသာ ဒီလိုပြာသာဒ်မျိုးကို ပိုင်ဆိုင်သူ ရှိစေရမယ် နောက်ထပ် ကောကနဒမျိုး မပေါ်ပေါက်စေရဘူး သိလား၊ လက်သမားကြီး စိတြ ဝမုကီကို ငါ မေးကြည့်တယ်၊ ဒီလိုပြာသာဒ်မျိုးကို ယခင်က ဆောက်ဖူးသလား ဆို တော့ ဒါဟာ သူ့ရဲ့ ပညာကုန် လက်ဦးအတတ်ပဲလို့ ဆိုတယ်၊ သည်တော့ ငါ တွေးမိ တယ် သိဋ္ဌဝ'

ဗောဓိမင်းသား၏ အကြံကား ကြောက်ခမန်းလိလိပင်တည်း။

'စိတြဝမုကီ ရှိနေရင် တခြားဘုရင်တွေ မင်းသားတွေက ငါ့ရဲ့ ကောကနဒလို



ပြာသာဒ်မျိုးကို ဆောက်ခိုင်းဦးမှာပဲ၊ စိတြဝမုကီကလဲ မင်းမိန့်ဆိုတော့ ဆောက်ပေး ရဦးမှာပဲ၊ ဒီအခါမှာ ကောကနဒပြာသာဒ်တွေ နှစ်ခု သုံးခု လေးခု ရှိလာတော့မယ်၊ ရှိလာရင် ငါ့ရဲ့ ကောကနဒဟာ ထူးမြတ်အံ့ဖွယ် မဖြစ်နိုင်တော့ဘူး၊

'... ငါ လိုချင်တာက တစ်ခုတည်းသော ဘုံပျံနန်း၊ သည်တော့ ဒီပြာသာဒ်ကြီး ပြီးသွားတဲ့အခါ ဒီစိတြဝမုကီလက်သမားကို နောက်ထပ် ဒါမျိုးမလုပ်နိုင်အောင် ...'

ခက်ထန်ခြင်းဖြင့် ကျဉ်းမြောင်းသွားသော မျက်စိသူငယ်အိမ်များကို သိဋ္ဌဝ တွေ့ရသည်။

'ဒီလက်သမားကို လက်ဖြတ်ပစ်ရမယ်၊ မျက်လုံး ဖောက်ထုတ်ပစ်ရမယ်၊ အို သတ်ပစ်လိုက်တာ အကောင်းဆုံးပဲ'

တစ်သက်တာလုံး သစ္စာစောင့်သိကျိုးနွံစွာ အမှုတော်ထမ်းခဲ့ရာမှ သည်တစ်ခါ တော့ အရှင်သခင်အပေါ်မှာ ဖောက်ဖျက်ကျူးလွန်တော့မည်ဟု သိဋ္ဌဝ ဆုံးဖြတ် လိုက်သည်။ သို့နှင့်ပင် စိတြဝမုကီလက်သမားကြီးဆီသို့ မဆိုင်းမတွ သွားရောက် ကာ ဗောဓိမင်းသား၏ ရက်စက်တတ်သောအကြံကို ဖွင့်ချခဲ့သည်။

'ဆရာကြီးမှာတော့ အဲဒီလိုအန္တရာယ်ရှိနေပြီ၊ ကျွန်တော်ဟာ အရှင်မင်းသား ကြီးရဲ့ တစ်ဦးတည်းသော ကျွန်ယုံပါ၊ ဒါပေမဲ့ ဒီလောက်ရက်စက်တဲ့ အမှုကြီးကို တော့ သစ္စာမစောင့်သိနိုင်တော့ဘူး၊ ဒီတော့ ဆရာကြီးရယ်၊ ကျွန်တော့်အရှင် ဗောဓိ မင်းသားရော၊ ကျွန်တော်ရော၊ ဆရာကြီးရော အားလုံး အဆင်ပြေချမ်းသာနိုင်အောင် နည်းလမ်းတစ်ခုကို ကြံစည်ပါ၊ အကောင်းဆုံးနည်းလမ်းကို ရှာဖွေပါ၊ အသက် ချမ်း သာရာရအောင် ကြိုးစားပါနော်'

အတွေ့အကြုံရင့်လှပြီဖြစ်သော လက်သမားဆရာကြီး စိတြဝမုကီသည် သိဋ္ဌဝ ပုလင်ကို နှစ်သိမ့်လွှတ်လိုက်လေသည်။ ထို့နောက် ဗောဓိမင်းသားထံမှ ပြာသာဒ် ကြီး တင့်တယ်စွာ အပြီးသတ်ရေးအတွက် သစ်သားများစွာ လိုအပ်ပါသည်ဟု တောင်း ခံကာ ရနိုင်သမျှ သစ်သားတို့ကို လျှို့ဝှက်စွာ စုဆောင်းခဲ့သည်။ ပြာသာဒ် တည် ဆောက်ရေးလုပ်ငန်းခွင်ထဲသို့လည်း ထမင်းပို့လာသော မိမိ၏ဇနီးမှတစ်ပါး အခြား သူ မဝင်ရအောင် မင်းမိန့်တော်ခံလျက် လုံခြုံစေခဲ့သည်။

ရသမျှသော သစ်သားတို့ကို စုဆောင်းကာ လက်သမားကြီးသည် ဘူတဝ အတတ်ဖြင့် ဂဠုန်ရုပ်ကြီးကို တည်ဆောက်ခဲ့သည်။ ယန္တရားစက် တပ်ဆင်ခဲ့သည်။ အလုံးစုံ အထမြောက်သည့် တစ်နံနက်တွင် ဂဠုန်ရုပ်ကြီးထဲသို့ သားမယား ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအားလုံး ဝင်ရောက်စေကာ ယန္တရားစက်ကို နှိုးလိုက်သည်။ ဂျွန်ယန္တ ရ
စက်ကြီးသည် ပြင်းစွာသော တောင်ဟုန်သံဖြင့် သံသုမာရဂီရိနေပြည်တော် ကော
ကင်ထဲတွင် ရှုန်းရှုန်းညိုးညံစေကာ ဗောဓိမင်းသား၏ အာဏာစက်ကွင်းထဲမှ ထွ
ပြေး လွတ်မြောက်သွားခဲ့လေသည်။

ယခုတော့ ကောကနဒ ဘုံပျံနန်းပြာသာဒ်ကြီးလည်း ပြီးသွားပြီ။ လက်သမာ
ကြီးလည်း ချမ်းသာရာ ရသွားပြီ။ အရာခပ်သိမ်းသည် ချောမွေ့ပြေပြစ်စွာ ဆ
လက် ရှင်သန်သွားခဲ့ပြီ။ လက်သမားကြီး ထွက်ပြေးသွားသည်ကိုစွန့်ပတ်သက်
ဗောဓိမင်းသားသည် ကျွန်ယုံ သိဋ္ဌဝလုလင်အပေါ်တွင် စိုးစဉ်းမျှ သံသယရှိတော်မမူ
ဗောဓိမင်းသားကား ကောကနဒ ဘုံပျံနန်းပြာသာဒ်ကြီးကို ကြည့်ပြီး ဝမ်းမြောက
နှစ်မြိုက်နေသည်။ ထွက်ပြေးလွတ်မြောက်သွားသော လက်သမားကြီးကို သတိမ
တော့။

သိဋ္ဌဝသည် လူမသိ သူမသိ စွမ်းဆောင်နိုင်ခဲ့သည့် မိမိ၏ အခန်းကဏ္ဍကို မိ
တစ်ဦးတည်းပင် ပီတိသောမနဿ ဖြစ်နေလေသည်။

*

သိဋ္ဌဝအဖို့ ပို၍ကြည်နူးစရာကောင်းသော အဖြစ်တစ်ခု ပေါ်လာပြန်သည်

'ကောကနဒဘုံပျံနန်းပြာသာဒ်ကြီးကို သိမ်းမြန်းစိုးစံ တက်ရောက်အောင်ပွဲ
ပွဲမှာ ဗောဓိမင်းသားက မြတ်စွာဘုရားရှင်နဲ့တကွသော သံဃာတော်များကို ပင့်ဖိတ်
ပြီး ဆွမ်းအမှု လုပ်ကျွေးမလို့တဲ့'

'အို...ဒါဆိုရင် သိပ်ကောင်းတာပေါ့၊ ဒါနဲ့ မြတ်စွာဘုရားရှင်က အခု ဘယ်မှ
သီတင်းသုံးနေသလဲ၊ ဘယ်ဒေသကနေ ကြွချီလာမှာလဲ'

'ဟင်...သင် မသိသေးဘူးလား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဘေသက
တောအုပ်ထဲမှာပဲ အဌမဝါဆို သီတင်းသုံးနေတော်မူတယ်လေ'

'အို...ဟုတ်လား'

ဘေသက တောအုပ်သည် သံသုမာရဂီရိ နေပြည်တော်၌ မြောက်ဘက်ဖွ
တွင် တည်ရှိပေသည်။ သက္ကတိုင်း နယ်နိမိတ်ထဲတွင် အသာယာဆုံးတောအုပ်အဖြ
နာမည်ကြီးသည်။ ယခု ဘုရားရှင်သည် ဘေသကတောအုပ်ဆီမှနေ၍ သံသုမာရဂီ
သို့ ကြွလာတော်မူတော့မည်။ သိဋ္ဌဝသည် အရှင်သခင် ဗောဓိမင်းသား၏ ပြာသာ



န်းတက်မင်္ဂလာပွဲကို တွေးကာ လက်သမားကြီးကို သုတ်သင်ပစ်ရန် ကြံစည်ခဲ့သည့်
မဖြစ်ကိုပင် ခွင့်လွှတ်ချင်သွားသည်။

'ငါ့အရှင်ဟာ ဘုရင်ဖြစ်နေလို့သာ ရာဇသဘာဝအလျောက် ခက်ထန် ကြမ်း
ကြုတ်သွားရရှာတာပါ၊ အမှန်တော့ သူ့နှလုံးသားထဲမှာ နူးညံ့တဲ့အရာတွေ ကိန်းဝပ်
နေသားပဲ၊ အင်းလေ...ဘာပဲဖြစ်ဖြစ် ကောကနဒ ပြာသာဒ်နန်းတက်ပွဲမှာတော့ အင်
ကာန်ကို တင့်တယ်မှာပါပဲ'

နန်းပြာသာဒ်ဖွင့်ပွဲ၊ ဘုရားအမှူးပြုသံဃာတော်များအား ဆွမ်းအမှု လုပ်ကျွေး
မှုနေ့တွင် သိဋ္ဌဝထင်ထားသည်ထက် ပို၍ သိုက်မြိုက်ခမ်းနားနေသည်။

'အို...ကြည့်စမ်းပါဦး၊ အာကာတိမ်ညွှန့် ပျံကွန့်ဘနန်း အံ့မခန်းပြာသာဒ်ကြီး
ပါလား'

'ဒီလိုပြာသာဒ်ကြီး ဖွင့်ပွဲမှာ မြတ်စွာဘုရားရှင်နဲ့ သံဃာတော်များ ဦးဆုံး တက်
ရောက်တော်မူကြတာက ပိုပြီး တင့်တယ်သွားတာပေါ့'

'ဟော...ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွလာတော်မူပြီ'

'ကြည့်စမ်းပါဦးကွယ်၊ မိုးကောင်းကင်ထဲ ပျံတက်တော့မယ်လို့ ထင်ရတဲ့
ပြာသာဒ်ကြီးဟာ ဘုရားရှင်နဲ့ သံဃာတော်များလဲ ရောက်လာရော မေးမှိန်သွား
သလိုပဲနော်'

'အတုမဲ့ ကျက်သရေတော်ကိုးကွဲ့'

'ဟေ့ ဟေ့...ပြာသာဒ်တံခါးခုံကနေ အပြင်ဘက်အထိ အပြည့်အနှက် ခင်း
ထားတာတွေ ဘာတွေလဲဟ'

နံ့သာဆိုင်း ပန်းဆွဲထားသော မျက်နှာကြက်ဗိမာန်များသို့ ငေးမောနေမိရာမှ
အောက်ခြေသို့ သိဋ္ဌဝလှမ်းကြည့်လိုက်သည်။ အံ့ဩစရာအတိပင်။ ပြာသာဒ်တံခါး
မှသည် အပြင်ဘက် မြေပြင်ခြေအထိ အထပ်ထပ်ခင်းထားသော အရာများမှာ ကော်
ဇောများ၊ ကတ္တီပါများ မဟုတ်၊ ရွှေကျင်ခတ် ငွေကျင်ခတ် ရွှေခြည်ဖောက် ငွေခြည်
ဖောက် အဆင်အသွေး အမျိုးစုံလှသော 'ရင်ဝတ်စုလျား' များပင် ဖြစ်လေသည်။

'ဟင်...ရင်ဝတ်စုလျားတွေပါလား၊ ဒါတွေဟာ...'

'ဟုတ်တယ်လေ သိဋ္ဌဝရဲ့၊ တို့အရှင် ဗောဓိမင်းသားရဲ့ မိဖုရားမောင်းမတွေ
ခင်းထားတဲ့ ရင်ဝတ်စုလျားတွေပေါ့'

'အဲဒါဟာ ဘာအဓိပ္ပာယ်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'သင်သိတဲ့အတိုင်းပဲလေ သိဒ္ဓတ္ထ၊ အရှင်ဇောဓိမင်းသားရဲ့ မိဖုရားမောင်းမတွေ ထဲမှာ တစ်ဦးတစ်ယောက်မှ သားသမီး မထွန်းကားဘူးမဟုတ်လား၊ သည်တော့ မိဖုရားနဲ့ မောင်းမတွေက ခုလို နန်းပြာသာဒ်သစ် ဖွင့်ပွဲ ဘုရားရှင်နဲ့ သံဃာတော်များ ကို ဆွမ်းလုပ်ကျွေးပွဲမှာ အဓိဋ္ဌာန်နဲ့ သူတို့ရဲ့ ရင်ဝတ်စုလျားတွေကို ဘုရားရှင် ကြွ တော်မူမယ့် လမ်းတစ်လျှောက် ခင်းဖြန့်ထားကြတာပေါ့'

'အဓိဋ္ဌာန်နဲ့တဲ့လား၊ ဘယ်လိုအဓိဋ္ဌာန်လဲ'

'သားသမီးရမယ်ဆိုရင် ဘုရားရှင်ဟာ ဒီရင်ဝတ်စုလျားတွေကို နင်းဖြတ်တော် မူသွားပါစေ၊ သားသမီးမရဘူးဆိုရင် နင်းဖြတ်တော်မူမသွားပါစေနဲ့ဆိုတဲ့ အဓိဋ္ဌာန်'

စကားစ ပြတ်သွားကြသည်။ မြတ်စွာဘုရားရှင်နှင့် သံဃာတော်များသည် ကောကနဒပြာသာဒ်၏ လှေကားခုံအစပ်သို့ ရောက်ရှိတော်မူနေကြပြီး စီရရီတမျှော် တခေါ် ခင်းဖြန့်ထားသော ရင်ဝတ်စုလျားတို့က ဘုရားရှင်၏ ခြေတော်အစုံကို ဝပ် လျှိုး ငံ့လင့်နေကြလေသည်။

ဇောဓိမင်းသားသည် လှေကားခုံအောက်ဆင့်သို့ ဆင်းကာ လက်အုပ်ချီလျက် ခရီးဦးကြိုဆိုသည်။ ပြာသာဒ်အတွင်းသို့ ဝင်ပါဟူသော အဓိပ္ပာယ်ရသည့် အမူအရာ ကိုပြသည်။ သိဒ္ဓတ္ထသည် ဘုရားရှင်၏ ခြေတော်အစုံကိုသာ စူးစိုက်ကြည့်နေမိသည်။ ခြေတော်အစုံကား ရွေ့လျားတော်မမူ၊ ဘုရားရှင်၏ မျက်နှာတော်ကို သိဒ္ဓတ္ထ လှမ်း၍ ဖူးလိုက်သည်။ နောက်တော်ပါးရှိ အရှင်အာနန္ဒာထံသို့ ကြည့်တော်မူလိုက်သည့် ဘုရားရှင်ကို သိဒ္ဓတ္ထ တွေ့ရလေသည်။ အဓိပ္ပာယ်ကို သိဒ္ဓတ္ထ နားမလည်။

ထိုစဉ်မှာပင် အရှင်အာနန္ဒာ၏ အသံ ပေါ်လာသည်။

'ဒကာတော် မင်းသား၊ ပြာသာဒ်အပြင်မှာ ခင်းထားတဲ့ ရင်ဝတ်စုလျား ပုဆိုး များကို သိမ်းဆည်းဖယ်ရှားလိုက်ပါ'

ရင်ဝတ်စုလျား ပုဆိုးများအားလုံးကို သိမ်းဆည်းဖယ်ရှားပြီးမှပင် ဘုရားရှင် သည် နန်းပြာသာဒ်အတွင်းသို့ ဝင်တော်မူကာ ပလ္လင်ထက်၌ စံပယ်တော်မူလေသည်။

*

ဆွမ်းအမှုပြီးစီးလေပြီ။ သရဏဂုံ ပဉ္စသီလကိုလည်း ခံယူပြီးကြပြီ။

ဇောဓိမင်းသားက ဘုရားရှင်အား အဘယ်ကြောင့် ခင်းအပ်သော အဝတ်တို့ ကို မနင်းဘဲ ဖယ်ရှားတော်မူစေခြင်းကို မေးလျှောက်လေသည်။ သိဒ္ဓတ္ထသည် ဘုရား ရှင်၏ အဖြေစကားကို ကြားချင်လွန်းလှ၍ အသက်အောင့်ထားရလေသည်။



'ဒကာတော်မင်းသားနဲ့တကွသော မင်းမိဖုရားအပေါင်းတို့ဟာ သားသမီး ရသည်ဖြစ်လတ္တံ့၊ ဘုရားနင်းစေသတည်း၊ သားသမီး မရသည်ဖြစ်လတ္တံ့၊ ဘုရား မနင်းစေသည်ဟု အဓိဋ္ဌာန်စီမံခင်းကျင်းခဲ့ကြပေတယ်၊ သင် မင်းသားမှာ သားသမီး မရရာသည်ကို သိစေခြင်းငှာ မနင်းခြင်း ဖြစ်ပေတယ်'

'အရှင်ဘုရား၊ တပည့်တော်တို့မှာ အဘယ်ကံကြောင့် သားသမီး မရရာပါသလဲ ဘုရား'

မတင်းတိမ် မဝလင်နိုင်သော ဖူးမြော်ခြင်းများဖြင့် ဘုရားရှင်၏ မျက်နှာတော် ကို တစိမ့်စိမ့်ရှုကြည့်ဖူးမြော်ခြင်းဖြင့်ပင် သိဒ္ဓတ္ထသည် ဘုရားရှင်ဆောင်တော်မူသော ဇောဓိမင်းသား၏ အတိတ်ကိုကြက်သီးမွေးညင်းထဖွယ် ကြားနာလိုက်ရလေသည်။

*

ကမ်းမမြင် လမ်းမမြင် ငံငံလယ်သမုဒ္ဒရာပြင် တောင်ကုန်းငယ် အရွယ်မျှသော လှိုင်းလုံးကြီးများသည် တစ်လုံးပေါ် တစ်လုံးဆင့်လျက်။ နီကြန်သော ကောင်းကင် ပြင်သည် ရုတ်ခြည်းမည်းမှောင်လာကာ လျှပ်စစ်မုန်တိုင်းများ တဝုန်းဝုန်း ပေါက်ကွဲ သွားကြသည်။ လှိုင်းတို့သည် တောင်ထဝတ်စွန်များကဲ့သို့ ခုံးကြွမို့မောက်လာကြ သည်။ ကောင်းကင်နှင့် ရေပြင်အကြားရှိ မုန်တိုင်းအောက်တွင် လူခုနစ်ရာကို တင် ဆောင်လာသည့် သင်္ဘောကြီးသည် အမှိုက်စ ဖြစ်သွားသည်။ ရွက်တိုင်ဖြောင်းဖြောင်း ကျိုးကာ လှေဝမ်း ဖြုန်းဖြုန်းကွဲကြေသွားသည်။ လူ ခုနစ်ရာတို့သည် ပရမ်းပတာ လွင့်စဉ်ကာ သမုဒ္ဒရာ၏ ခံတွင်းထဲသို့ စုန်းစုန်းမြုပ်သွားကြသည်။

လှိုင်းလုံးများ၏ ဟစ်ကြွေးပုတ်ခတ်မှုကြားထဲတွင် ပျဉ်ချပ်တစ်ချပ်သည် ကျွမ်း ကိုး မှောက်ခုံ မျောနေသည်။ ထိုပျဉ်ချပ်တွင် လူနှစ်ယောက် ဖက်တွယ်လိုက်ပါသွား သည်။ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်။ လှေသူကြီးနှင့် လှေသူကြီး ကတော်။ အသက်ရှင်ကျန်ရစ်ခဲ့သော နှစ်ဦးတည်းသော လူသားများ ဖြစ်သည်။

ပြင်းထန်သောလှိုင်းလုံးကြီးတစ်ခု၏ တစ်ချက်အပုတ်တွင် ပျဉ်ချပ်ငယ်သည် ကံကောင်းထောက်မစွာ ကျွန်းငယ်တစ်ခု၏ ကမ်းစပ်ဆီသို့ ရောက်သွားသည်။ လှေ သူကြီး မောင်နှံတို့ ဆက်လက်အသက်ရှင်သန်ခွင့် ရခဲ့ကြပြန်သည်။ သွေးပျက် ချောက် ချားခြင်းများဖြင့် မိန်းမောနေရာမှ သတိပြန်ဝင်လာကြသည်။ လှေသူကြီးသည် ဇနီး ကို တွဲခေါ်ကာ ကျွန်းပေါ်တက်ခဲ့သည်။ ကျွန်းအတွင်းပိုင်းသို့ ဝင်ရန် ခြေလှမ်း စ



www.burmeseclassic.com

www.burmeseclassic.com



လိုက်စဉ်မှာပင် တစ်ကျွန်းလုံး သိမ့်သိမ့်ခါမတတ် အသံများ ဝုန်းဝုန်း ဝေါဝေါ ဖြ
သွားသည်။ လဲပြိုလု ဇနီးသည်ကို ပွေ့ဖက်လျက် လှေသူကြီးသည် ဝမ်းသာအာ
ဟစ်အော်လိုက်လေသည်။

'မကြောက်နဲ့ ရှင်မရေ… မကြောက်နဲ့၊ ငှက်တွေကွ ငှက်တွေ၊ ဒီကျွန်းပေါ်
ငှက်တွေ အများကြီးပဲ၊ အပင်ပေါ်မှာတင် မကဘူး၊ ချုံကြားတွေ နွယ်ကြားတွေ
မှာလဲ ငှက်မျိုးစုံ နေကြတယ်၊ ငှက်သိုက်တွေ ငှက်ဥတွေလဲ အများကြီးပဲ၊ ဟေး ယေ
ရှင်မရေ၊ တို့ မသေတော့ဘူးကွ၊ ဟောဒီမှာ ငှက်ဥတွေ၊ ဒီမှာလဲ ငှက်ဥတွေ၊ ရော့
စားစမ်း၊ အို…ဟား ဟား ငှက်ဥတွေ…ရော့'

*

'ဒကာတော်မင်းသား၊ များစွာသော ငှက်ဥတွေကို ရှင်ပျဝမ်းမြောက် သင်
စားသောက်ကြတယ်၊ ဤသို့သော ရှေးမကောင်းမှုကြောင့် ယခုဘဝမှာ သင်တို့ သာ
သမီး မရခြင်း ဖြစ်တယ်'

ဘုရားရှင်၏ အသံတော်သည် တုမဲ့ကင်းစွာ ဆက်လက်စီးဆင်းတော်မူလ
သည်။

'ဒကာတော်မင်းသား၊ အရွယ်သုံးပါးမှာ အကြင်သူသည် ပထမအရွယ်၌ ပါ
ဏာတိပါတာ စသော မကောင်းမှုကို ပြုဖူးခဲ့ရင် ဘဝသစ်ဖြစ်သောကာလ ငယ်စဉ်
ကပင် ရောဂါဗျာဓိ ကပ်ငြိနှိပ်စက်ခြင်း၊ အသက်တိုခြင်း၊ သားသမီးမရခြင်း စသည်
ဖြင့် ချို့ငဲ့စွာ ဖြစ်ရပေတယ်။

'…ဒုတိယအရွယ်သို့ ရောက်မှ ပြုမူခဲ့သော် ဒုတိယ ရွယ် ချို့တဲ့စွာ ဖြစ်ရ
တယ်၊ တတိယအရွယ်ရောက်မှ ပြုမူခဲ့သော် တတိယအရွယ်မှာ ချို့တဲ့စွာ ဖြစ်ရ
တယ်၊ ထို့ကြောင့် ချို့တဲ့ခြင်းကို အလိုမရှိကုန်သော သူတော်တကာတို့သည် အရွယ်
သုံးပါးစလုံးမှာပင် ကာယဒုစရိုက်တရားတို့ကို မြစ်တားစောင့်ရှောက်ကုန်ရာတယ်'

တရားတော်အဆုံးဝယ် သောတာပန်တည်ခဲ့လေသော ဗောဓိမင်းသားနှင့်
တကွ အမြိုက်တရားရကြကုန်သော ပရိသတ်တို့အထဲတွင် သိဋ္ဌဝလုလင်သည် ဖော်
ပြနိုင်ခြင်းငှာ မစွမ်းသော ပီတိသဒ္ဓါတို့ဖြင့် ပျောင်းအိညွတ်နူးနေလေတော့သည်။

[ဓိနတ္ထုပကာသနီ၊ ဆဋ္ဌမတွဲ]

○

# တိုင်ထိပ်ဖျားမှ တရားရှင်

သူ့ကို ချစ်လွန်းလို့
သူ့အလှ
သူ့အက
သူ့အနုပညာကို
မြတ်နိုးစွဲလမ်းလို့သာ …

(၁)

လက်ခုပ်သြဘာသံ၊ လက်ခေါက်မှုတ်သံ၊ ဟေး ဟေး ဟစ်ကြွေး ကောင်းချီး
ပေးသံတွေနဲ့အတူ ဦးခေါင်းပဝါ ရင်လွှမ်းပဝါတွေဟာ ဖွေးဖွေးလှုပ်သွားတယ်။
ရွှေ၊ ငွေ၊ ဒင်္ဂါးစတွေလည်း ချွင်ချွင်အသံတွေနဲ့အတူ ဖြောဖြောကျလာတယ်။ အို
သူ့နဖူးစပ်မှာ ချွေးသီးလေးတွေ စို့တွဲလို့၊ နှုတ်ခမ်းမြွာလေးကလည်း ပွင့်ဟလို့၊
ဘယက်လည်ဆွဲအောက်က ရင်အုံဟာလည်း နိမ့်မြင့်လှုပ်ရှားလို့ သူ မောပန်းရှာလေ
တယ်။

ရေကြည်ထည့်ထားတဲ့ ငွေခွက်ကို တစ်ဖက်၊ နူးညံ့တဲ့ ပိုးပဝါစကို တစ်ဖက်
ကိုင်ဆောင်ရင်း သူ့ကို ဆီးကြိုရတယ်။ မောဟိုက်ပင်ပန်းနေရှာမယ့် ချစ်နှမကို
ရေကြည်အေးအေးလေး သောက်စေမယ်။ နဖူးစပ်က တွဲရရွဲချွေးသီးလေးတွေကို
အသာအယာ တို့ပေးမယ်လေ။ ပြီးတော့ 'အချစ်ရယ်…မင်း ပင်ပန်းရှာတယ်၊ ဟော

www.burmeseclassic.com

www.burmeseclassic.com



ဒီ ရေလေး သောက်လိုက်၊ လာ…ချွေးစက်ကလေးတွေကို မောင်ကြီး သုတ်ပေးမယ်
ပြီးရင် ဖျင်တဲထဲမှာ အေးအေးသက်သာ အနားယူပါတော့၊ အမောပြေ စားစရာ
သစ်သီးလေးတွေကို မောင်ကြီး လာပို့ပေးမယ်’ လို့ ပြောမယ်အလုပ် ငွေခွက်ကိုအကာ
ပဝါကို အမြှောက်မှာပဲ သူ့ဆီက စကားတစ်ခွန်း ထွက်ပေါ်လာတော့တယ်။

‘အို…ပင်ပန်းရတဲ့အထဲ အသာနေစမ်းပါ၊ ကျွန်မဘာသာ ကျွန်မ အေးအေ
နေစမ်းပါရစေ၊ ကိုယ်လုပ်စရာသာ ဆက်လက်လုပ်စမ်းပါ’ တဲ့။

လေသံတစ်ဆိတ်ပြင်းထန်တာနဲ့အမျှ အကြည့်ကလည်း တင်းမာလို့ နေတော
တယ်။ ပြီးတော့ တစ်ချက်ကလေးမှ နောက်ထပ် ငဲ့စောင်းကြည့်ဖော်တောင် မ
တော့ဘဲ ဒေါသကနေ လှစ်ခနဲ ထွက်သွားတယ်။ ချွေးနံ့နဲ့ ရောနေတဲ့ အမွှေးဆီနံ့
ကိုယ်သင်းနံ့တွေသာ ကျုပ်ဝန်းကျင်မှာ ဝေ့ဝိုက်ထုံမွှမ်းကျန်ရစ်ခဲ့တယ်။

ကိုယ် လုပ်စရာရှိတာသာ လုပ်စမ်းပါတဲ့။ သူ ပြောသွားတဲ့စကား ဟုတ်ပေ
သားပဲ။ သူက သူ့အလုပ် သူ လုပ်ပြီးသွားချိန်မှာ ကိုယ်ကလည်း ကိုယ့်အလု
ကိုယ် လုပ်ရပေမပေ့ါ။ သူ ပြောတာ မလွန်ပါဘူးလေ။ ပင်ပင်ပန်းပန်း ကခုန်ထာ
ရရှာလေတော့ သူလည်း စိတ်တိုနေမှာပေါ့။ ကျုပ်ကိုက အခါအခွင့် မသိ၊ အလိုက်
ကမ်းဆိုး မသိတာပါလေ။

ငွေခွက်ကို အသာချ၊ ပဝါ ပခုံးပေါ် တင်ပြီး ပွဲဝိုင်းထဲ ဝင်ခဲ့တယ်။ ပရိသတ်
ထုကြီးကြားထဲ တိုးဝင်၊ ကော်ဇောကြမ်းခင်းထားတဲ့နေရာ အရောက်သွားပြီး နေရာ
အနှံ့ ကြဲပြန့်နေတဲ့ ငွေစ ရွှေစ ဆုချတဲ့ အသပြာတွေကို တစ်ခုချင်း လိုက်သိမ်းရတယ်
ရသမျှကို ပဝါထဲ စုထည့်သိမ်းထုပ်ရတယ်။ ဒီကြားထဲမှာ ‘ဟေ့…သူငယ်၊ ရော
ရော့…ဒီမှာ ကချေသည်လေးအတွက် ဆုချအသပြာ လာယူဦး’၊ ‘ဟောဒီမှာဟေ့
ကချေသည်လေးကို သဘောကျလွန်းလို့ ဟောဒီလက်စွပ်ကို ဆုချလိုက်တယ်’ ဆ
တဲ့ အသံတွေကြားရာဘက်ကိုလည်း ‘ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ခင်ဗျ’ လို့ ပြောရင်
ပြေးရလွှားရသေးတယ်။ ပြီးတော့ ‘ကျေးဇူးကြီးလှပါတယ် ခင်ဗျာ’ လို့ တုံ့လှယ
စကား ဆိုရင်း ဆုချအသပြာ ရတနာကို လက်ခံယူရတယ်။

အားလုံးပြီးတော့မှ ပဝါကိုကျစ်ကျစ်ပါအောင် ထုပ်ပြီး ‘အဘ’ ဆီ လက်ရောက်
အပ်လိုက်တယ်။ အင်း…အလုပ်တစ်ခုတော့ ပြီးသွားပြီပေါ့။

ဒါပေမဲ့ တာဝန်တွေ ကျန်သေးတယ်လေ။ သုခုမအဖွဲ့ဝင် တခြားလူတွေရဲ
ကိုယ့်အလှည့်ပြီးလို့ အနားယူတာမျိုး လုပ်လို့မရသေးဘူး။ ဒါကြောင့်…



‘ဥတ္တရတောင်ကုန်းမှ မြင်းသည်ကျော်များ’ ဆိုတဲ့ စုပေါင်းကကွက်တစ်ခု ထွက်နေချိန်မှာ တဲစခန်းရဲ့နောက်ဘက်က သစ်တောအုပ်ထဲကို ဝင်ခဲ့တယ်။ အဖွဲ့သားတွေ စားဖို့ ထမင်းဟင်း ချက်ပြုတ်ဖို့အထိတော့ တာဝန်မယူရပါဘူး၊ စားဖိုမှူး ရှိသားပဲ။ ဒါပေမဲ့ နွားစာမြက်တွေ ရိတ်ပေးရတယ်။ ကြုံရင် ကြုံသလို ထင်းခြောက်ကလေး ဘာလေး ကောက်ခဲ့ဦးမယ်။ ပွဲခင်းဆီက တူရိယာသံတွေ ခြိမ့်ခြိမ့်သဲသဲ ဝေစည်နေချိန်မှာ ပွဲခင်းနဲ့ဝေးရာ တောစပ်ထဲမှာ ကျုပ်ကလည်း နွားစာမြက်ရိတ်လို့ ထင်းခြောက် ကောက်လို့။

ဘာရယ်…သုခုမ ပန်တျာသည်အဖွဲ့ရဲ့ ကျွန် အစေခံ…ဟုတ်စ။

ဘယ်က ဟုတ်ရမှာလဲ။ ဆုချအသပြာတွေ လိုက်သိမ်း၊ နွားစာရိတ်၊ ထင်းခြောက် ကောက်၊ လှည်းဖြုတ်၊ လှည်းဆင် အလုပ်တွေ လုပ်နေတာကို ကြည့်ပြီး ကျုပ်ကို ကျွန်အစေခံလို့ ဆိုသလား။ လွဲလိုက်သမှ ဘယ်က ကျွန်အစေခံရမှာလဲ။ အံ့ဩမသွားပါနဲ့။ အောက်ခြေသိမ်းအလုပ်တွေ လိုက်လုပ်နေပေမယ့် ကျုပ်ဟာ ဒီ နယ်လှည့် ကချေသည်ကြီးအဖွဲ့ခေါင်းဆောင် ပန်တျာသည်အဘကြီးရဲ့ သမက်၊ နယ်လှည့် ကချေသည်အဖွဲ့မှာ အကျော်ကြားဆုံး၊ အလှဆုံး၊ အကောင်းဆုံး၊ အွံ့မခန်းအစွမ်းပြနိုင်ဆုံး ကချေသည်ရဲ့ ခင်ပွန်းယောကျ်ား။ ဘာမှတ်သလဲ။

ပြီးတော့ ပြောလိုက်ပါပေရဲ့။ သူ့ကို ချစ်လွန်းလို့ သူ့အလှ၊ သူ့အက၊ သူ့အနုပညာကို မြတ်နိုးစွဲလမ်းလွန်းလို့သာ နယ်လှည့်ကချေသည်အဖွဲ့နဲ့အတူ မြုပ်နှံလိုက်ပါပြီး ဝေယျာဝစ္စတွေကို လိုက်လုပ်ပေးနေတာ။ ကျုပ်ဟာ ယုတ်နိမ့်တဲ့ မွေးဝင်၊ ကျွန်မျိုး ကျွန်နွယ် မဟုတ်ဘူး။ ကမ္ဘာလောကမှာ အချစ်အတွက် ဘဝနဲ့တကွယော အရာခပ်သိမ်းကို စွန့်လွှတ်မြှုပ်နှံစတေးရဲတဲ့ သူ၊ ချစ်ခြင်းမေတ္တာနဲ့ အနုပညာကို ထိပ်ထက်စုံမိုး မြတ်နိုးတတ်တဲ့သူ၊ ချစ်တဲ့သူ၊ သာယာတင့်တယ်ရေးအတွက် မိမိ ရှိသမျှခပ်သိမ်းကို လွှင့်ပစ်ရဲတဲ့သူ၊ ဆုချအသပြာတွေ လိုက်သိမ်း၊ နွားစာမြက်တွေ ရိတ်၊ ထင်းခြောက်တွေ ကောက်၊ စခန်းတစ်ခုက တစ်ခုအကူး လှည်းဆင် လှည်းဖြုတ် လုပ်နေလို့များ ကျုပ်ကို ယုတ်နိမ့်တဲ့ ကျွန်ဇာတ်ဝင် မထင်လိုက်ပါနဲ့။

ဘဝဟောင်းကို ပြန်ပြောင်းတူးဆွ ဂုဏ်မာနတွေ ဖော်ထုတ်မနေချင်ပါဘူး။ ဒါပေမဲ့ မသိကြသေးသူများ သိအောင်တော့ ပြောပြလိုက်ရဦးမယ်။

ကျုပ်ဟာ ရာဇဂြိုဟ်ပြည်က သူဌေးသား။

‘ဥဂ္ဂသေန’ ကို နှယ်နှယ်ရရများ အောက်မေ့သလား။



www.burmeseclassic.com

www.burmeseclassic.com



ဥဂ္ဂသေန (သို့မဟုတ်) အချစ်နဲ့ အနုပညာကို ထိပ်ထားကိုစုံမိုး မြတ်နိုးကိုးကွ တတ်သော ရာမှရှားတဲ့ မင်းယောက်ျား။

အချစ်ဆိုတာ ဘယ်က စတင်ပေါက်ဖွားလာတာလဲ၊ နှလုံးသားမြေလွှာထ မှာ အချစ်ဆိုတဲ့ မျိုးစေ့လေး ကျရောက်ပေါက်ဖွားဖို့အတွက် ဘာတွေ လိုအပ်သလဲ ဘာတွေ အရင်းခံကျသလဲ။ ကျုပ် မသိဘူး။ ချစ်ခြင်းမေတ္တာကို ဖွင့်ဆို ဖော်ဆော ရလောက်အောင် ကျုပ်ဟာ သျှတ္တရဆရာလည်း မဟုတ်၊ လင်္ကာစာဆိုလည်း မဟုတ်

ကျုပ်က သူဌေးသားပဲ။ ရာဇဂြိုဟ်မှာရှိတဲ့ တခြား သူဌေးသား သူကြွယ်သာ တွေလိုပဲ သောက်စားသုံးဖြုန်း ပျော်ပါးရင်းနဲ့ ဘဝကို အလှဝေဆာစွာ ဖြတ်သ ရှင်သန်နေသူပဲ။ ဒါပေမဲ့ ချစ်ခြင်းမေတ္တာဆိုတဲ့ အရာဟာ ကျုပ်ရင်ထဲကို လျှပ် အလင်းတန်းတစ်ခုလို ထိုးခွင်းထွင်းဖောက် ဝင်ရောက်ခဲ့လေတယ်။ အသပြာ ဘဏ္ဍာ ရွှေငွေတွေကို လမ်းခင်းပြီး လိုချင်သမျှ သုခစည်းစိမ်ကို ရအောင် ဖန်တီးနိုင်တဲ့ ကျု ဘဝမှာ အချစ်ဆိုတဲ့အရာဟာ ဒီလိုနည်းမျိုးနဲ့ ဝင်ရောက်လာမယ်လို့ ဘယ်ထင်လိ မလဲ။

ဒါပေမဲ့ စွမ်းပကားကြီးမားလေတဲ့ အချစ်ဟာ ကျုပ်ကို ဖုံးအုပ်ဝါးမျိုခဲ့တယ်

ဗိမ္ဗိသာရမင်းကြီးထံတော်ကို မၡိမတစ်ခွင်က ကချေသည်အဖွဲ့တွေဟ အလျဉ်းသင့်တိုင်း ရောက်ရှိစေးဖျော်ဖြေလေ့ရှိကြတယ်။ ဘုရင့် ရွှေစာရင်းဝ သူဌေးကြီးတစ်ယောက်ရဲ့ သား၊ သူဌေးသားတစ်ယောက်အနေနဲ့ ကျုပ်လည်း နန် တော်ထဲက သဘင်ဆောင်ကို အကြိမ်များစွာ ရောက်ဖူးကြည့်ဖူးပါရဲ့။ ဒါပေမဲ့ တစ်ခါမှာတော့ ကျုပ် ဂုဏ်ပြုပေးအပ်လိုက်ရတာဟာ အသပြာဆုလာဘ် မဟု ဘူး။ ကျုပ်ရဲ့ နှလုံးသား။

ငါးရာသော ကချေသည်တွေကြားမှာ 'သူ' ဟာ ထင်လင်းတောက်ပနေတယ် သူ အလှုပ် အနွဲ့ အဖွဲ့အသီတွေကို စတင်မြင်စဉ်ကတည်းက ကျုပ်ရင်ထဲမှာ မြ နှစ်ကောင် က တဲ့ ရထားအစီးပေါင်းများစွာ ဖြတ်သန်းမောင်းသွားသလို ခံစား တယ်။ လေးရာ့ ကိုးဆယ့် ကိုးယောက်သော ကချေသည်တွေဟာ အမြင် အကြ အာရုံထဲမှာ ပျောက်ကွယ်နေတယ်။ တစ်လောကလုံးမှာ 'သူ' တစ်ယောက်တည်း ကနေ လှနေ ဆိုနေတယ်။ အရာခပ်သိမ်းကို သူက ညှိုးမှိန်မြယ်လွင့်စေပြီး အ ခပ်သိမ်းက သူ့ကို ရွှန်းမြဖြိုးပြက်စေတယ်။

တစ်မျိုးပြီး တစ်မျိုး အစုလိုက် အဖွဲ့လိုက် ကပြတင်ဆက်သွားကြပြီးနော



မှာ နောက်ဆုံးအစီအစဉ်ဆိုပြီး ကချေသည်အဖွဲ့ရဲ့ ခေါင်းဆောင်က ကြေညာလိုက် တယ်။ ပြီးတော့ ဆေးရောင်စုံခြယ်သထားတဲ့ ဝါးလုံးတိုင်တစ်ခုကို ရွှေ့သယ်လာ ကြတယ်။ ပန်းစက္ကူတွေနဲ့ အသင့်အတင့် ဆင်ယင်ထားတဲ့ ကလာပ်တစ်ခုကို ဝါး လုံးတိုင်ထိပ်မှာ စွပ်တယ်။ တိုင်ရဲ့အောက်ခြေမှာတော့ ထောက်ကန်ထားတဲ့ ဆိုင်း ကြိုးတွေ၊ ဘောင်ခွေတွေနဲ့၊ ဝါးလုံးတိုင်ကြီးကို ထောင်လိုက်ပြီးနောက်မှာ အဖွဲ့ ခေါင်းဆောင်က ကြေညာပြန်တယ်။

'ရာဇဂြိုဟ်ပြည်သား မြင့်မြတ်လှသော ခတ္တိယနွယ်ဖွားတို့...ယခု နောက်ဆုံး အစီအစဉ်အနေနဲ့ ရှုစားကြရမှာကတော့ မိုးယံကြားမှ အကနတ်မိမယ် အမည်ရှိတဲ့ ကကွက်ပါပဲ၊ ယောဒီဝါးလုံးတိုင်က အတောင်ခြောက်ဆယ်တိတိ အမြင့်ရှိပါတယ်၊ အတောင်ခြောက်ဆယ် ဝါးလုံးတိုင်နဲ့ အကပညာတို့ ဘယ်လိုပေါင်းစပ်ပြီး မိုးတိမ် ယံကြားက အကနတ်မိမယ်လေး ဘယ်လိုထွက်ပေါ်လာမလဲဆိုတာကို ရင်သပ် ရှု မော အံ့သြဘနန်း ရှုစားကြရပါမယ်'

ပွဲကြည့်ဆောင်ရဲ့ အလယ်ကောင် ကွက်လပ်မှာ ဝါးလုံးတိုင်ကြီးသာ ဖွင့်ဖွင့် မတ်မတ်ကြီး ထိုးထွက်နေတယ်။ ထူးခြားတဲ့ မြင်ကွင်းကြောင့် မင်းပရိသတ် အား လုံးရဲ့ အမြင်အကြား အာရုံတွေဟာ အတောင်ခြောက်ဆယ် ဝါးလုံးတိုင်ကြီးဆီကို ပဲ စုပြုံကျရောက်လို့ နေတယ်။ 'မိုးယံကြားမှ အကနတ်မိမယ်' တဲ့။ ဘယ်လိုများ ထူးဆန်းထွေပြားဦးမှာပါလိမ့်။

တိတ်ဆိတ်ငြိမ်သက် အာရုံစူးစိုက်မှု အထုအထည်ကို တစ်ခဲ နက်သော စည် တို၊ ခွက်ခွင်း၊ ဗုံမောင်းသံတွေက ထွင်းဖောက်လိုက်တယ်။ ဘယ်နေရာက ထွက်ပေါ် လာမလဲလို့ စောင့်ကြည့်နေကြသူတွေကြားမှာ 'ဟယ်... ဟိုမှာ၊ မိုးပေါ်မှာ' ဆိုတဲ့ အသံတွေ၊ အထက်ဆီကို ညွှန်ပြလက်တွေက တညီတညွတ်တည်း အပေါ်ဘက်ကို မော့ကြည့်လိုက်ကြတဲ့ မျက်လုံးတွေ။

စက်သီးကြိုးနဲ့ သိုင်းချည်ထားတဲ့ အသွင်တစ်ခုဟာ ဝါးလုံးတိုင်ထိပ်ဖျားဆီကို ရောက်နေတယ်။ တောက်ပတဲ့ ခရမ်းပြာဝတ်စုံ ပိုးပဝါဟာ အတောင်ခြောက်ဆယ် အမြင့်ဆီမှ တဖျပ်ဖျပ်လွင့်ဝဲနေတယ်။ ကြည့်နေရင်းနဲ့ပဲ ခရမ်းပြာသဏ္ဍာန်ဟာ တိုင် ထိပ်ပေါ်က ကလာပ်ထက်မှာ အကျအန ခြေချတယ်။ သိုင်းချည်ထားတဲ့ စက်သီး ကြိုးတွေကို ရုပ်သိမ်းလိုက်ကြတယ်။

အို...အိပ်မက်လား၊ စိတ်ကူးဘုံတစ်ခုလား၊ နတ်နန်းဥယျာဉ်လား၊ မိုးတိမ်ယံ



www.burmeseclassic.com

www.burmeseclassic.com



ကြားက နတ်မိမယ်လေး လှုပ်ရှားယိမ်းနွဲ့နေပြီ။ ခရမ်းပြာပြိုးပြက်ကြားမှာ တိမ်တစ်ခုလို ဝေ့ဝေ့ဝဲဝဲ လူးလွန့်နေတဲ့ အလှမလေးဟာ သူ...သူ့မှ သူ။

ပန်တျာသည်အစုက ဘာတီးလုံးတွေကို တီးမှုတ်နေသလဲ။ ပွဲကြည့်ဆော တစ်ခုလုံးက မင်းပရိသတ်တွေ ပျောက်ကွယ်သွားပြီလား။ အကဒေဝီ နတ်သမီ ကိုယ်တိုင် ဆင်းသက်လာတာလား။ ဒါဟာ ကခုန်နေတာမှ ဟုတ်ရဲ့လား။ ရဲဝံ့ စွန့်စားမှုတစ်ခုလား။ ကျွမ်းကျင်မှုပညာရပ်လား။ မှော်အတတ် လှည့်စားမှုလာ အို... ကလိုက်တာ၊ လှလိုက်တာ အံ့မခန်း အနုပညာပါလားကွယ်။ အို...မဟုတ် ဘူး၊ ဒါဟာ အက အလှ အနုပညာ မဟုတ်တော့ဘူး။ အလုံးစုံသော မြင်ကွင်း၊ ဖြ ရပ်၊ ခံစားမှုတွေကို စကားလုံး နှစ်လုံးတည်းနဲ့ ဖွင့်ဆိုရမယ်။

အဲဒီစကားလုံးကတော့ 'အချစ်' လေ။

*

(၂)

အတောင်ခြောက်ဆယ်အမြင့်ရှိဝါးလုံးထိပ်ဖျားထက် အံ့မခန်းလှပကျွမ်းကျင် စွာ ကပြသွားခဲ့တဲ့ 'သူ့' ကိုတွေ့မြင်ရပြီးနောက်မှာ ကြွင်းသောအရာခပ်သိမ်းဟာ ခြောက်သွေ့အကျည်းတန်သွားတယ်။ သူ့အလှကိုမမြင်ရ၊ သူ့အသံကို မကြားရ၊ သူ့အကကို မကြည့်ရတော့တဲ့ အဖြစ်ထဲမှာ ကမ္ဘာလောကကြီးဟာအဓိပ္ပာယ်မဲ့ခဲ့ပြီ။ အိပ်စက်ခြင်းတွေကို ဆုံးရှုံးခဲ့ပြီ။ နေထိုင်ရှင်သန်ခြင်းဟာလည်း အချည်းနှီး ဖြစ်ခဲ့ ပြီ။ နောက်ဆုံးတော့ 'ကချေသည်မလေးကိုမှ မရရင် အသက်ဆုံးရှုံးရတော့မယ်' လို့ ကြွေးကြော်လိုက်ပြီ။

သည်အခါမှာ ချစ်လှတဲ့ သားအတွက် မိဘ များ မနေသာတော့ဘူးလေ။ အသပြာတစ်ထောင်ထုပ်နဲ့အတူ ပန်တျာသည်အဖွဲ့ရဲ့ခေါင်းဆောင် ကျွမ်းသမား ပညာရှင်ကြီးဆီကို လွှတ်လိုက်ကြတယ်။ ကျွမ်းသမားကြီးရဲ့ တုံ့ပြန်အဖြေက ရှင်း လင်း ပြတ်သားလှတယ်။ 'သမီးကိုတော့ မထည့်နိုင်ပါ၊ ဥဂ္ဂသေနသာ ကျွန်ပ်တို့နဲ့ အတူ လိုက်ပါနေထိုင်နိုင်မယ်ဆိုရင် သမီးနဲ့ ပေးစားပါ့မယ်' တဲ့။

'နယ်တကာလှည့်နေရတဲ့ ကချေသည်သားအဖကများ ရာရာစစ၊ ငါ့သားလို သူဌေးသားတစ်ယောက်ရဲ့ ရွေးချယ်ခြင်းကို ခံရတာတောင် ဂုဏ်ယူရကောင်းမှန်း မသိဘူး၊ ယောက္ခမ သူဌေးစံအိမ်ထက် အေးအေးဆေးဆေး တက်မလာချင်ဘူး၊ သင်း တို့ကများ ငါ့သားကို သင်းတို့အုပ်စုထဲ အလှာထဲ ဆွဲထည့်ချင်သေးတယ်'

ဖခင် သူဌေးကြီးရဲ့ ကြုံးဝါးသံ။

'သားရယ်... ရာဇဂြိုဟ် နေပြည်တော်မှာ အမျိုးဇာတ် မြင့်မြတ်တဲ့ မိန်းမလှ တွေမှ တစ်ပုံတစ်ပင်၊ ဒီကချေသည်မထက် သာတာတွေကို ငါ့သားက လက်ညှိုး တစ်ချက်သာ ကွေးပြလိုက်စမ်း၊ အမေတို့က ငွေနဲ့စက်ပြီး တောင်းပေးစမ်းမယ်'

မိခင်ကြီးရဲ့ ဝင့်ကြွားသံ။

ဒါပေမဲ့ အဖနဲ့ အမိ ဒီစကားတွေကို ပြောနေကြချိန်မှာ ဥဂ္ဂသေနတစ်ယောက် က စံအိမ်တော် ဝင်းတံခါးဝဆီ အထုပ်အပိုးနဲ့ ထွက်ခွာလာခဲ့ပြီ။

အဖက ခြိမ်းခြောက်မာန်မဲစကားနဲ့ ဆီးတားတယ်။ အမိက တိုးလျှိုးဝပ်တွား စကားနဲ့ တောင်းပန်တယ်။ အပြင်ထွက်အံ့ ခြေလှမ်းတွေရဲ့ ရှေ့မှာ အနု အကြမ်း မျိုးမျိုးနည်းတွေနဲ့ အကဲစမ်းပြီး ပိတ်ဆို့ဖို့ စီစဉ်ကြတယ်။

မရတော့ပါဘူး၊ မရတော့ပါဘူး။ အံ့မယ်လေး... ချစ်လိုက်တဲ့ အာရုံ၊ ရှေ့ ပြင်းမိုရ်တစ်တောင်လုံးကို တုံးမှတ်လို့ ခုန်လိုက်ပြီ။ မြင်းမိုရ်တောင်ဦး မက ကျူး သည့် မိဘနှစ်ပါးကို ကျူပ်တော်လှန်ပယ်ရှားလိုက်ပြီ။ ချစ်ခြင်းမေတ္တာရဲ့ အင်အား တွေနဲ့ အရာခပ်သိမ်းကို ကျူပ် ခုန်လွှားဖြတ်ကျော်လိုက်ပြီ။

မိုးတိမ်ယံကြားက နတ်မိမယ်လေးရေ၊ ခရမ်းပြာ ခြုံလွှာနဲ့ တုဖက်ကင်းအောင် လှတဲ့ ချစ်နှမရေ၊ မင့်အဖစကားအတိုင်း မင်းတို့နဲ့ အတူနေ၊ အတူစား၊ အတူသွား၊ အတူလာ၊ ဥဂ္ဂသေနရဲ့ သူဌေးသားဘဝကို မြှုပ်နှံစတေးပစ်ပြီး ချစ်သူတို့ရဲ့ ဗိမာန် ကြီးကို တည်ဆောက်ဖို့ ကျူပ်လာခဲ့ပါပြီ။

*

(၃)

'ရာဇဂြိုဟ်က သူဌေးသား လူပေါ်ကြော့ပဲကွာ၊ ဘာအဖြစ်ရှိမှာလဲ၊ ဘယ်နေရာ မှာ သွားသုံးရမှာလဲ'

'သူ့မိဘတွေက မနဥစ္စာကြွယ်ဝလို့သာ သူက သူဌေးသား ဖြစ်နေတာပေါ့၊ အသပြာတွေ ကိုင်သုံးပြီး ဘာအတတ်ပညာမှ မရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ ဟော့...အဲဒီလို မပြောကြပါနဲ့လေ၊ ဥက္ကသေနဟာ အရင်က ဘာပညာမှ မတတ်ခဲ့ဘူးဆိုတာ ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်၊ အခုတော့ ခများပညာတွေ တတ်နေရှာပါပြီ'

'အလိုတော်...သူက ဘာပညာတွေများ တတ်နေလို့လဲ၊ ကျွန်မတို့ နယ်လှည့် ကချေသည်အဖွဲ့ထဲ လိုက်လာပြီး စည်းတစ်ချက် ဗုံတစ်ကွက် တီးတတ်လို့လား၊ လက်ကလေး တစ်ဖက်တောင် မြှောက်တတ်လို့လား'

'ဟုတ်ရဲ့လား၊ ဥက္ကသေနဟာ ပညာတစ်ခုခု တတ်တယ်ဆိုရင် အဲဒီပညာဟာ တခြား မဖြစ်နိုင်ဘူး၊ သူ့မိန်းမ ကချေသည်နား ကပ်နေတဲ့ ပညာပဲ၊ ဟား ဟား'

'ဟော့ ဟော့...ဒီလောက်ထိလဲ မပြောကြပါနဲ့ဟ၊ ဥက္ကသေနဟာ တို့များအဖွဲ့ ထဲမှာ အချည်းနှီးလူပို မဟုတ်ရှာပါဘူး၊ အလုပ်အကိုင်နဲ့ပါ'

'အလို...လာ လာချည်သေး၊ ကဲ...ပြောစမ်းပါဦး၊ ဘာအလုပ်အကိုင်လဲ လို့'

'တို့အားလုံး တစ်နေရာက တစ်နေရာ ကူးရင် လှည်းဆင်ပေးတယ်၊ ထင်း ခြောက်တွေ ကောက်တယ်၊ စခန်းတစ်ခု ရောက်ရင် လှည်းဖြုတ်ပေးတယ်လေ၊ နွား စာမြက်တွေ ရှာပေးတယ်လေ၊ ကိုင်း...ဒါ သူ့အလုပ်တွေ မဟုတ်လား'

'အိုး အိုး... တစ်ခု ကျန်ပါသေးတယ်၊ ဆုချလို့ ရတဲ့ အသပြာတွေကို လိုက် သိမ်းပေးတယ်လေ၊ ဥစ္စာတွေကို ထုပ်ပိုးထမ်းမ ပေးတယ်လေ'

'အဲ... ဟုတ်ပေသားပဲ၊ ဥက္ကသေနဟာ အလုပ်မရှိ၊ ပညာမရှိမဟုတ်ဘဲ လှည်း စောင့်သမား၊ နွားစာမြက်ရိတ်သမား၊ ဥစ္စာထုပ်ထမ်းသမား၊ အလိုလေး...မနည်း ပါလား ဟရို့'

'ဟား ဟား ဟား'

ပြောကြစမ်းပါစေ။ အချစ်အတွက် အရာခပ်သိမ်းကို စွန့်လွှတ်ခဲ့ပြီးနောက် မှာ တစ်လောကလုံးရဲ့ မျက်စောင်း၊ လက်ညှိုး၊ ပါးစပ်တွေကို ဘာမှ ဂရုမစိုက်တဲ့ ဥက္ကသေနပါ။ ချစ်ဇနီးရဲ့ ရွှန်းရမအလှနဲ့ အနုပညာဘဝကို ပိုင်ဆိုင်ရပြီးသားဟာ ဘယ်လို အမနာပ အတင်းအဖျင်းမျိုးကိုမှ ကျုပ် ထီမထင်ဘူး။ အချစ်အတွက်များ ဖြင့် ဆုံးရှုံးနစ်နာစမ်းပါစေ။

*



(၄)

သည်လိုနဲ့ပဲ သားကလေးတစ်ယောက် ရလာတယ်။ ချစ်စရာကောင်းလိုက် တဲ့ သားကလေး။ ဖအေတူ ချောချောလှလှ ဖွံ့ဖွံ့ထွားထွားကလေး။ ဩော်... မ ကို ခင်လေတော့ ဥကိုလည်း ခင်ရတော့သည်။

ကိုင်း...ချစ်ခရီးလမ်းမှာ ပျော်ပျော်ကြီး ကူးခတ်ခဲ့တဲ့ ဘဝ။ ဘယ်သူ ဘာပြော ချင်ကြသေးသလဲ။ အခုတော့ မဲ့ရွဲ့နှုတ်ခမ်းတွေ၊ ငေါက်ငေါက်လက်ညှိုးတွေ၊ ထိုး ဆိတ် မျက်စောင်းတွေလည်း ပိတ်ကွယ်သွားကြပြီ မဟုတ်လား။

ပန်တျာသည် တစ်ဖွဲ့လုံးကလည်း သားကလေးကို ချစ်လိုက်ကြတာ။ အဖွဲ့ခေါင်းဆောင်ကြီးရဲ့ မြေး။ ခေါင်းဆောင်ကချေသည်ရဲ့သား ဆိုတော့ ဖူးဖူးမှုတ် လိုက်ကြတာ။ လောကလူများ ခက်လိုက်ပါဘိ။ ဥက္ကသေနတို့ကတော့ ကလေး ထိန်းလိုက်၊ တစ်သားမွေး တစ်သွေးလှတဲ့ ချစ်ဇနီးနားမှာ ချော့မြှူလိုက်။ အဲ... ပြီး တော့ လုပ်နေကျအလုပ်တွေလေ။ လှည်းဆင်လိုက်၊ လှည်းဖြုတ်လိုက်၊ နွားစာမြက် ရိတ်လိုက်၊ ဥစ္စာထုပ် ထမ်းလိုက်၊ ပြီးတော့ ကခုန်ဖျော်ဖြေမှုတွေနဲ့ မောပန်းလာတဲ့ ဇနီးသည်ကို ရေပူရေချမ်း ကမ်းလှမ်းလိုက်၊ ပိုးပဝါစလေးနဲ့ ချွေးသီးလေးတွေကို ယုယုတယ ဖွဖွလေး သုတ်ပေးလိုက်နဲ့...။

*

(၅)

ဒါပေမဲ့လေ၊ တစ်လောကလုံးကို ထီမထင်အပြုံးနဲ့ ရင်ဆိုင်ပေမယ့် ချစ်သူ ရဲ့ စကားနှုတ်ထွက်၊ အကြည့်တစ်ချက်အောက်မှာတော့ ခံနိုင်ရည်စွမ်းတွေအားလုံး ပျောက်ဆုံး ပြိုကွဲခဲ့ရပြီ။

လူတကာရဲ့ ကဲ့ရဲ့သရော်ပြောင်စကားဆိုမှု လှံတံတွေကို ပန်းပွင့်တွေအလား တုံ့ပြန် ခံစားနိုင်ပေမယ့် ချစ်ရသူရဲ့ ပန်းပွင့်တစ်ချက် ပစ်အလွှတ်ကိုတော့ နှလုံးသားမှာ လှံဖျားငင်စွဲသလို ဆွတ်ဆွတ်ကျဉ်ကျဉ် ခံစားရလေတယ်။

မင်း...ပြောရက် ဆိုရက်လိုက်လေခြင်းကွယ်။

'ဟဲ့...လှည်းစောင့်သမား သားရဲ့၊ ခုထိ မအိပ်သေးဘူးလား' တဲ့။

'ဟဲ့... နွားစာမြက်ရိတ်သမား သားရဲ့၊ ဘာကြောင့် ဒီလောက်ငိုနေရတာလဲ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့…ဥစ္စာထုပ်ထမ်းသမားသားရဲ့၊အကျင့်တန်လှချေလား' တဲ့။

'တကတဲတော်၊ လူဖြင့် ကရဆိုရနဲ့ ပင်ပန်းတကြီး အလုပ်လုပ်လာခဲ့ရတာ၊ ပညာမတတ် ဘာမတတ် ယောင်ခြောက်ဆယ်ရဲ့သားက တစ်မှောင့်၊ ကလေး ကလေးပီပီ မနေဘူး၊ ဆိုးလိုက်တာ တာတေလဲ၊ မောလာတဲ့လူကို ရင်ဆို့အောင် လုပ်တယ်၊ အလကား ပေါက်ပင်လို လူစားမျိုးရဲ့ သား၊ လူပေါ်ကြောရဲ့သား၊ သ ခေါင်းပေါက်ရဲ့သား' …တဲ့။

ချစ်နှမရယ်၊ မင့်စကား ခါးခါးသီးသီးတွေအောက်မှာ ကျုပ် ခေါင်းမဖော် အောင် ဖြစ်ခဲ့ရပြီ။ ကိုယ့်လင်၊ ကိုယ့်သား၊ ကိုယ့်မယား၊ ကိုယ့်ဇနီးရယ်ဆိုပြီး မျက် နှာ ကလေးတောင် တစ်ချက်မဝင့်နိုင်တဲ့ဘဝကို ကျုပ် ဆင်းသက်ခဲ့ရပြီ။

အဆင်း၏ လှပခြင်းမာန်၊ ဥစ္စာဓန ပေါကြွယ်ခြင်း မာန်၊ အမျိုးဂုဏ်မာန်၊ ပညာ ဂုဏ်မာန၊ သားသမီးမာန်ဆိုတဲ့ မိန်းမတို့ရဲ့ မာန်တက်ခြင်းငါးပါး ဆိုတာတွေက မင်း အစုံအညီဆုပ်ကိုင်ပြီး ငါးခုသော မာန်တံခွန်ကို တလူလူ လွှင့်ရက်ပြီ။

သိမ်ငယ်ဝမ်းနည်းစိတ်၊ အောက်ကျနိမ့်ဆင်းစိတ်တွေနဲ့ ကျုပ်ရဲ့နှလုံး သည် ပွတ်က လောကသမုဒ္ဒရာကြမ်းပြင်အောက် ဒုဟ်ဒုတ်ထိ ဆိုက်ရောက်ခဲ့ရပြီ။ ဒါလေ ရှက်ခြင်း၊ ကြောက်ခြင်းအတိနဲ့ စုန်းစုန်းမြုပ်သွားလေတဲ့ ကျုပ်ရဲ့ ခြေဖဝါးအစုံဟာ ဟိုး နက်လှစွာသော၊ သူ့ထက်နက်စရာမရှိတော့သော နိမ့်ဖျင်းမှုကြမ်းပြင်အရောက် မှာ တစ်စုံတစ်ခုကို 'ဒုတ်ခနဲ' ပြေးဆောင့်မိတော့တယ်။

အဲဒီ တစ်စုံတစ်ခုကတော့ တခြားမဟုတ်။ ကာလရှည်ကြာစွာ မသိသား ဆိုး ရွား၊ ကျုပ် မေ့လျော့ထားခဲ့တဲ့ ကျုပ်ရဲ့ 'ယောက်ျား' အဖြစ်။

ဆက်လက်နစ်မြုပ်စရာ မရှိနိုင်တော့တဲ့အဆုံးမှာ 'ယောက်ျား' ဆိုတဲ့ မာနအလျှံ တွေဟာ သည်းသည်းလှုပ်သွားခဲ့တယ်။ တရစပ် တောက်လျှောက်နစ်မြုပ်ခဲ့ရတဲ့ အသူတစ်ရာသမုဒ္ဒရာကြီးကို ကျုပ် အထက်ဆန်ပြီး တစ်လှည့်တစ်ဖန် တက်ပျံခဲ့ပြီ။

ဥဂ္ဂသေနအကြောင်း ကောင်းကောင်းသိစေရမယ်ဟေ့။

*

(၆)

သုံးဥတု သုံးရာသီ ပြောင်းခဲ့ပြီးနောက်မှာ ရာဇဂြိုဟ်ကို တစ်ကျော့ပြန် ရောက် လာတယ်။



တစ်နှစ်ဆိုတဲ့ အချိန်ကာလဟာ မနားမနေ ကြိုးစားအားထုတ်သူအတွက်မှာ တော့ လုံလောက်သော အချိန်ကာလ ဖြစ်တယ်။ တစ်နှစ်အတွင်း မရှိမတစ်ခွင်က ရှာနိဂုံးတွေမှာ လှည့်လည်ရင်းနဲ့ မဆုတ်မနစ်လုံ့လတွေ၊ မခံချင်စိတ်တွေ၊ နာကြည်း ချက်တွေကို အရင်းပြုခဲ့တယ်။ သိမ်ငယ်ညှိုးဖျင်းမှုတွေကိုပဲ အာဟာရဖြစ်အောင် ပြောင်းလဲပစ်ခဲ့တယ်။

မွေးရပ်ဇာတိမြေ ရာဇဂြိုဟ်ကိုပြန်အရောက်မှာတော့ ရဲဝံ့ယုံကြည်စွာနဲ့ပဲ ကြေ ညာ ထုတ်ပြန်လိုက်တယ်။

'နယ်လှည့်ကချေသည်အဖွဲ့ရဲ့ အထူးတင်ဆက်ကပြ ဖျော်ဖြေမှုအဖြစ် ခုနစ် ရက် မြောက်သောနေ့မှာ သူဌေးသား ဥဂ္ဂသေနက အံ့မခန်း အစွမ်းပြလိမ့်မည် ဖြစ် ကြောင်း…'

ပွဲခင်းသဘင် မြေအပြင်ကွက်လပ်ကြီးမှာ ပွဲကြည့်စင်ညောင်စောင်းတွေဟာ ဆင့်ဆင့် အထပ်ထပ် တိုးပွားလာတယ်။ ရာဇဂြိုဟ်မြို့သူမြို့သားတွေဟာ သု တို့ရဲ့ ဥဂ္ဂသေနကိုအားပေးဖို့အတွက် တစ်ခဲနက်စုဝေးရောက်ရှိလာကြတယ်။ 'ကချေ သည် နဲ့ ညားပြီး စုပ်စမြုပ်စ ပျောက်သွားတဲ့ တို့များရဲ့ ဥဂ္ဂသေနတစ်ယောက် ဘာ တွေများ အစွမ်းပြမှာပါလိမ့်' ဆိုပြီး ဖွေးဖွေးလှုပ် လာရောက်ကြည့်ရှုကြတယ်။

ပွဲသဘင် မြေကွက်လပ်ကြီးရဲ့အလယ်ကောင်မှာတော့ 'အတောင်ခြောက်ဆယ် မြင့်ရှိတဲ့ ဝါးလုံးတိုင်ကြီး' လေ။

အောက်ခြေအဆိုင်းတွေ၊ တိုင်ထိပ်ဖျားက ကလပ်တွေ၊ ရောင်စုံပိုးပဝါစတွေ နဲ့ သဘင်လာ ပရိသတ်ရှေ့မှာ ထီးထီးစွင့်စွင့်။

'ဒီမယ်…ချစ်နှမ၊ မင်းအပါအဝင် ကျုပ်အပေါ် အထင်သေး ရှုတ်ချခဲ့တဲ့ လူတွေ အားလုံး ရင်သပ်ရှုမော အံ့ဩမကုန်ဖြစ်စေရမယ်၊ အတောင်ခြောက်ဆယ် ဝါးလုံး တိုင်ချွန်း အတူတွ ကောင်းကင်ယံအမြင့်ထက်မှာ မင်းတို့အားလုံး တစ်ခါမျှ စိတ် ကူးဖူးသေးတဲ့ 'ကျွမ်းအက' ကို တွေ့ကြရစေမယ်'

ကေသရာဇာဟာ ဂူထဲမှာပဲ အစဉ်အမြဲ အိပ်စက်နေရိုးထုံးစံ ရှိသလား။ ဂူဝကို ထွက်လာပြီး ဟိန်းဟောက်ခြိမ်းခြောက်လိုက်တဲ့ အသံကို မင်းတို့ ကြားဖူးရဲ့လား။ အခု မင်းတို့ကြားရတော့မယ်လေ။

*



www.burmeseclassic.com

www.burmeseclassic.com



(၇)

တိုင်ထိပ်ဖျားက ကလပ်ပေါ်မှာ အစွဲအမြဲ ခြေချပြီးပြီ။

စက်သီးကြိုးနဲ့ ဆိုင်းမချည်ဘဲ သည်အတိုင်း လက်ခြေကို သုံးပြီး တိုင်ထိပ်ပေါ် အရောက် တက်ခဲ့တဲ့ ပဏာမပြကွက်နဲ့ပဲ ပရိသတ်ကို ဖမ်းစားလိုက်ပြီ။

ကြက်သွေးရင့်ရဲရဲ ဝတ်စုံစကို ဖြုတ်ချပြီး တိုင်အောက်ကို ပစ်ချလိုက်တယ်။

ကပြလှုပ်ရှား ကျွမ်းကစားရာမှာ အလိုက်သင့် ပေါ့ပါးစေတဲ့ ကိုယ်ကျပ်ဝတ်စုံနဲ့ပဲ ချန်ထားလိုက်တယ်။ အတောင်ခြောက်ဆယ်ရဲ့ အောက်ခြေမှာ ဝပ်စင်းနေတဲ့ ပရိသတ်ထုကြီးကို တစ်ချက်လှမ်းမြှုံကြည့်လိုက်တယ်။ အသက်မရှူရဲ၊ မျက်တောင်မခတ်ရဲဘဲ မော့ကြည့်နေကြတဲ့ သူတို့တစ်တွေကို အရသာခံကြည့်ရင်း ပထမဆုံး ကျွမ်းအက ပြကွက်ကို စတင်ဖို့ ခြေတစ်ဖက်ကို အမြှောက်လိုက်မှာပဲ ...

ဟင် ... ဘယ်လို ဖြစ်ကြတာလဲ။

တိုင်ထိပ်ဆီကို တညီတညာတည်း မော့ကြည့်နေကြတဲ့ မျက်နှာတွေအားလုံးဟာ အရပ်တစ်ပါးဆီကို ရွေ့သွားကြပါလား။ ဟေး ... ဒီမှာ ကျုပ် ဥဂ္ဂသေနလေ၊ တိုင်ထိပ်ဖျားပေါ်မှာ ကျုပ် ရပ်နေတယ်လေ။ အံ့မခန်း ကျွမ်းအကကို စတင်တော့မှာလေ။ ဟေး ... ရာဇဂြိုဟ်သားတွေ၊ ကျုပ်ကို ကြည့်နေရာကနေ ဘယ်ကို မျက်နှာလွှဲသွားကြတာလဲ။ ဥဂ္ဂသေနထက် အရေးကြီးတာ ဘာများရှိသေးလဲ။ ဒီမှာ ကြည့်ကြလေ။ ဒီမှာလေ ... သင်တို့ ဘယ်ကို လှမ်းကြည့်နေကြ၊ အို ...

မြတ်စွာဘုရားရှင်နဲ့ သံဃာတော်တွေ ဆွမ်းခံကြွလာကြတာပါလား။

သူတို့ သူတို့ ငါ့ဆီက အကြည့်ရွှေ့ခွာပြီး ဘုရားရှင်နဲ့ သံဃာတော်များဆီကို လှမ်းပြီး ကြည့်ရှုပူဇော်နေကြ။

ဟော့ ... လူတွေရဲ့၊ တစ်နှစ်လုံးလုံး အပတ်တကုပ် လေ့ကျင့်ကြိုးစားထားခဲ့တဲ့ ပညာတွေလေ။ မခံချင်စိတ်၊ နာကြည်းချက်တွေနဲ့ ရင်းနှီးတည်ဆောက်ခဲ့တာတွေလေ။ ဒီမှာ ... ဒီကို ကြည့်စမ်းပါ လူတွေရဲ့။ ဥဂ္ဂသေနက ဒီမှာပါ။

'ဒကာတော် ဥဂ္ဂသေန ... သင့်အစွမ်းကို ပြသပါ'

ကြည်လင်တဲ့ အသံတစ်သံကို ကြားလိုက်ရတယ်။ အို ... အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးပါလား။ သြော် သြော် ... မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကျွမ်းအက အစွမ်းကို ရှုစားတော်မူလိုတာပဲ။ ဟေး ... ရာဇဂြိုဟ်လူထုသာမက ဘုရားရှင်နဲ့ သံဃာတော်တွေကပါ ရှုစားတော်မူလိုကြတာပဲ။ သိပ်ကောင်းသွားပြီ။ ဥဂ္ဂသေနတို့ အစွမ်းပြခွင့်ကြုံလာတော့ ဒီလောက်အထိကို ကြီးကျယ်လာတာကလား။



ခြေတစ်ဖက်လွှတ်၊ ခြေနှစ်ဖက်လွှတ်၊ လက်တစ်ဖက်လွှတ်၊ ဦးစိုက်ပြောင်းပြန်၊ ကောင်းကင်ယံပျံဝဲ၊ ခုန်ပေါက်တုံ့ခတ်၊ တိုင်အောက်လျှောချ၊ တိုင်ထက်တွယ်ဖက်၊ ဝဲအလှည့်၊ ယာအလှည့်၊ ဝဲအစောင်း ယာအဝိုက် လိမ့်ကျလုခမန်း ဖမ်းစားတဲ့ မာယာ၊ စကြာပန်းလို တဒီးဒီးအလှည့်၊ ကျောပြင် ရင်ဘတ်၊ ဒူးခေါက်ကွေး ခြေဖျား၊ လက်ဖဝါးနဲ့ အထောက်အဝေ့။

တစ်ကြိမ်၊ နှစ်ကြိမ်၊ ငါးကြိမ် ... ဆယ်ကြိမ်၊ ဆယ့်နှစ်ကြိမ် ... ဆယ့်လေးကြိမ်။ ရှိရှိသမျှ ကျွမ်းအကတွေကို ဆယ့်လေးကြိမ်တိတိ အစွမ်းပြလိုက်တယ်။ ရေထဲက ငါး၊ လေထဲက ငှက်လိုပဲ တိုင်ထိပ်ဖျားက ဥဂ္ဂသေနလေ ... ကိုင်း။

လက်ခုပ်သြဘာသံ၊ လက်ခေါက်မှုတ်သံ၊ ဟေး ဟေး ဟစ်ကြွေးသံ၊ အံ့မခန်း မျိုးမွမ်းထောမနာသံတွေကို မြိန်ရှက်စွာ နာခံကြည့်လိုက်တယ်။ ဒါပေမဲ့ ကြားလိုက်ရတဲ့ အသံက ...

'ရှေး၌ဖြစ်သော ခန္ဓာ၌ တဏှာကို စွန့်လော့၊ နောက်တွင်ဖြစ်ပေါ်လာမည့် ခန္ဓာကိုယ်၏ တဏှာကို စွန့်လော့၊ အလယ်ဖြစ်သော ခန္ဓာ၌ တဏှာကို စွန့်လော့၊ ဘဝ သုံးပါး၏ အဆုံးသို့ရောက်သည်ဖြစ်၍ အလုံးစုံသော ခန္ဓာ၌ တဏှာမှ လွတ်မြောက်သော စိတ် ရှိသည်ဖြစ်၍ တစ်ဖန်အိုခြင်း နာခြင်းသို့ မကပ်လေနှင့်'

အို ... ဘုရားရှင်ရဲ့ အသံတော်ပါလား။ နားအိမ်ကတစ်ဆင့်၊ သွေးကြောများကတစ်ဆင့်၊ ဟဒယကို စိမ့်ပျံ့ပြီး တစ်ကိုယ်လုံးမှာ ယှက်ဖြာဝင်းပသွားစေပါလား။ အို ... အရှင်မြတ်ဘုရား၊ တပည့်တော် ဥဂ္ဂသေန သိလိုက်ပါပြီ အရှင်ဘုရား။

တိုင်ထိပ်ပေါ်ကနေ ဆင်းသက်၊ ဘုရားရှင်ရဲ့ ခြေအစုံထက်ကို ဦးခိုက် ...

'တပည့်တော်ကို ရဟန်းပြုခွင့် ပေးတော်မူပါ ဘုရား'

*

'ဟေိ ဘိက္ခု' ခေါ်တော်မူပြီး အဆုံးမှာ သပိတ်သင်္ကန်း ပရိက္ခရာ အစုံအလင်နဲ့ 'အရှင်ဥဂ္ဂသေန' ဖြစ်ခဲ့ပါပြီ။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

[ဓမ္မပဒ၊ တဏှာဝဂ်၊ ဂါထာ-၃၄၈]

○

www.burmeseclassic.com

www.burmeseclassic.com

# သပြေခက်၏ စိန်ခေါ်သံ

တောင်ထိပ်ပေါ် တက်ခဲ့သော ခြေလှမ်းများနှင့် တောင်ထိပ်မှဆင်းခဲ့သော ခြေလှမ်းများသည် ပိဘိ ဆန့်ကျင်ဘက်ပင် ဖြစ်ရပေလိမ့်မည်။ ကျွန်မအတွက်တော့ တောင်အတက်နှင့် တောင်အဆင်းသည် ခြေလှမ်းများသာမက ဘဝတစ်ခုလုံးအတွက်ပါ ပြောင်းပြန်ခြားနားသွားခဲ့ပြီ။

တောင်ပေါ်မှ ယခုဆင်းလာသော ကျွန်မသည် စောစောက တောင်ပေါ်တက်ခဲ့သော ကျွန်မ မဟုတ်တော့။ အစခပ်သိမ်း ပြောင်းလဲသွားပေပြီ။ အသက်ရှင်လျက်နှင့် ဘဝသစ်တစ်ခုသို့ ကူးပြောင်းသွားပြီ။ ကျွန်မ၏ အသိဉာဏ်ခံစားမှု၊ လောကကြီးအပေါ် ကြည့်ရှုသုံးသပ်မှု၊ လူတွေနှင့် ပတ်သက်သော သဘောထား။ အို…အားလုံး၊ ခပ်သိမ်းအားလုံး အသစ်တစ်ဖန် ဖြစ်သွားသည်။

တောင်ပေါ်တက်ခဲ့သည်အထိ ကျွန်မသည် ပေးဆပ်သူ၊ လိုက်လျောသူ၊ ပျော့ညံ့သူ၊ နုနယ်သူ၊ အားနွဲ့သူမိန်းမသား။

တောင်ပေါ်မှ ဆင်းခဲ့သော ယခုအချိန်တွင်ကား ကျွန်မသည် ထိုအခြင်းအရာအားလုံးတို့၏ ပြောင်းပြန်အနေအထားသို့ ရောက်သွားသည်။ မိန်းမသားတစ်ဦး၏ ဘဝသည် တောင်အတက်နှင့် တောင်အဆင်း ဤမျှသော ကာလအပိုင်းအခြေလေးအတွင်း သည်မျှ ဖီလာပြောင်းလဲသွားရသလားဟု အံ့သြရှုတ်ချစရာဖြစ်ကောင်း ဖြစ်နေမည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ပါး မိန်းမသားတွေအဖို့တော့ မည်သို့ ရှိလေမည်မသိ။ ကျွန်မမှ တော့ အသက်ရှင်နေလျက် ဘဝဟောင်းနှင့် ဥသုံဆန့်ကျင်သော ဘဝသစ်တစ်ခု ရောက်ရှိသွားသည်မှာ အမှန်ဖြစ်သည်။

ယခင်က လောကကို အရှုံးပေး ဒူးထောက် အသနားခံခဲ့သော ကျွန်မသည် ယခုအခါ လောကကိုစိန်ခေါ်သူ ဖြစ်သွားပြီ။ လောကကြီးကို ကျွန်မ တိုက်ခိုက်တော့ မည်။ မြင်မြင်သမျှ အရာတို့နှင့် တိုက်ပွဲ ဆင်တော့မည်။

ကမ္ဘာလောကသည် ကျွန်မက တစ်ဖက်၊ ကြွင်းသော အရာခပ်သိမ်းတို့က တစ် ဖက် အပြန်အလှန် အကြိတ်အနယ် တိုက်ကြတော့မည့် စစ်တလင်း ဖြစ်သွားပြီ။

ပြန်မတွေးချင်သော်လည်း နောက်ဆုံးအကြိမ်အဖြစ် တစ်ခါတော့ စားမြုံ့ပြန် ကြည့်ချင်သည်။ ဒါကလည်း အတိတ်ကိုပြန်လည်တသ သတိရလွမ်းဆွတ်နေခြင်း မျိုး မဟုတ်။ ရှေ့ဆက်မည့် ခရီးအတွက် အသက်ပြင်းပြင်း တစ်ချက်သွင်းရှိုက်က အားမာန်မွေးလိုက်သည့် သဘောသာ ဖြစ်သည်။

စဉ်းစားကြည့်လျှင် အတော့်ကို မိုက်မဲသော ကျွန်မ။

ယောကျ်ားတစ်ယောက်အတွက် မိမိဘဝကို မိမိကိုယ်တိုင် နင်းချေဖျက်ဆီး သော ကျွန်မ။ အချစ်ဆိုသော အရာတစ်ခုအတွက် တိမ်းမူးထွေပြားခဲ့သော ကျွန်မ သံယောဇဉ်အနှောင်အဖွဲ့တို့ဖြင့် ကိုယ့်ကိုယ်ကို ရစ်ပတ်ချည်ဖွဲ့ကာ သေမင်း၏ တွင်းဝသို့ ရောက်ခဲ့လေသော ကျွန်မ။

မိုက်လုံးကြီးလိုက်လေခြင်း 'ကုဏ္ဍလကေသီ' ရယ်။

*

တကယ်ဆိုတော့ ရာဇဂြိုဟ်မှာ ရှိနေသော မျိုးတူ၊ ဇာတ်တူ၊ ဂုဏ်ရည်အဆင့် တူ သူဌေးသား၊ မှူးမတ်သား၊ ခတ္တိယ၊ ဝဿနွယ်ဖွား ယောကျ်ားပျိုတွေထဲမှ ကြိုက် ရာကို ရွေးချယ်နိုင်ပါလျက် ကျွန်မသည် 'သူ့'ကို ချစ်မိခဲ့လေသည်။ ဖူးစာလား ကြမ္မာငင်သည်လားတော့ မပြောတတ်။

ထိုနေ့က လေသာဆောင်မှာထိုင်ရင်း မြို့တော်လမ်းမကြီးကို ကျွန်မ ငေးကြည့် နေခဲ့သည်။ ရာဇဂြိုဟ်မြို့တော်ကြီးကား ထုံးစံအတိုင်း အသံစုံ အရောင်စုံတို့ဖြင့် စည်ကားလှုပနေသည်။ တွေ့မြင်နေကျမြင်ကွင်း ဖြစ်သော်လည်း ကျွန်မအတွက် မရိုးနိုင်။ အရာရာသည် ချစ်ခင်စရာ လှပနေသည်။ ဩော်... ကိုယ့်ဘဝက မတော် မတ၊ မကြောင့်မကြ ဆိုတော့လည်း လောကသည် သာယာချမ်းမြေ့နေလေသည်



သူဌေးသမီးဟူသော ဂုဏ်ပုဒ်ဖြင့် ကျွန်မ၏ဘဝသည် အစစခပ်သိမ်း ပြည့်စုံနေ သည်။ ကျွန်မအပေါ်တွင် ကျွန်မအလိုရှိသမျှကို မဆိုင်းမတွ ဖြည့်ဆည်းဆောင်ရွက် ပေးကြသည့် ကျေးကျွန်အစေခံများ ရှိနေသည်။ ကျွန်မအတွက် ဘာကိုမဆို လိုက် လျောမည့် မိဘနှစ်ပါး ရှိနေသည်။ သူဌေးသမီး ကုဏ္ဍလကေသီ လုပ်သမျှ တင့်တယ် ပါဘိခြင်းဟူ၍ ထောက်ခံချီးမြှောက်သည့် ရာဇဂြိုဟ်တစ်မြို့လုံးလည်း ရှိနေသည်။ ကြောင့်ကြခပ်သိမ်း ငြိမ်းအေးသော ဘဝကို ကျေနပ်စွာပင် ဖြတ်သန်းခံစားရင်း ကျွန်မသည် မြို့တော်ကြီး၏ ညနေခင်းမြင်ကွင်းအလှကို လေသာဆောင်မှ ကြည့် နေဆဲမှာပင်...

'သူ့'ကို ကျွန်မ တွေ့လိုက်ရလေသည်။

နန်းတွင်းအမှုထမ်း ပါးကွက်သားကြီးနှစ်ယောက်က ကြိုးနီဖြင့် ဆွဲခေါ်လာ သည်။ လှံရှည်ကိုင် ရဲမက်ငါးဦးက နောက်မှ လိုက်လာသည်။ အလယ်တွင်ကား 'သူ'။ ရဲမက်တစ်ဦးက သူ့ကို လှံသွားဖြင့် ထိုးဆွကာ သူ့ကို ကျွဲမောင်း နွားမောင်း သလို မောင်းလာသည်။ ပါးကွက်သားကြီးများက ကြိုးကိုဆောင့်ဆွဲကြသည်။ သနား ကြင်နာ ကင်းလှသော ထိုလူကြီးများအကြားတွင် 'သူ' သည် ဒယီးဒယိုင်ခြေလှမ်း များဖြင့် တရွတ်တိုက် လျှောက်နေရရှာသည်။ ပခုံး ကျောပြင်တွင် လှံသွားဖြင့် ဆွ ထားသောကြောင့် သွေးစိမ်းယိုကျနေသည်။ တစ်ခါတစ်ရံ ဒူးညွှတ်ခွေကျအသွား တွင် ရှေ့က ဆောင့်ဆွဲလိုက်သော ကြိုး၊ နောက်မှ ထိုးဆွလိုက်သောလှံသွားတို့ကြောင့် အလဲလဲအပြိုပြိုဖြင့်ပင် သူ အနိုင်နိုင် မတ်တတ်ရပ်ရပြန်သည်။ အို... သူ့တစ်ကိုယ် လုံးလည်း ဒဏ်ရာဒဏ်ချက်များဖြင့် မြင်မကောင်းအောင် ဖူးရောင်ညိုမည်းနေပြန် သည်။

မိန်းမသားတို့၏ ချစ်ခြင်းမေတ္တာသည် သနားကရုဏာမှ စတင်ပေါက်ဖွား လာက်သည်လား ကျွန်မ မသိ။ ချစ်ခြင်းမေတ္တာ၏ သဘောသရုပ်ကို တစ်ခါမျှ ကျွန်မ မစဉ်းစားခဲ့ဖူးပေ။ သို့သော် မတင့်တယ်သော ထိုမြင်ကွင်းကို စတင်မြင်ရခြင်းအခိုက် မှာပင် ကျွန်မရင်တွင်းသို့ တစ်စုံတစ်ရာသည် အင်အားကြီးစွာ ချဉ်းနင်းဖွဲ့တည်လာ သည်။

ပါးကွက်အာဏာသား လှံရှည်ကိုင် ရဲမက်အစု၊ ကြိုးနီဖြင့် သိုင်းချည်ထားခြင်း ခံရသော ယောကျ်ားတစ်ယောက်၊ သူတို့ ရှေးရှုသွားနေရာမှာ ရာဇဂြိုဟ်၏မြောက် ဘက် အရပ်၊ အချိန်က ညနေဆည်းဆာ။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ် မြို့တော်သူ တစ်ယောက်အနေဖြင့် ဤမြင်ကွင်း အခြင်းအရာ၏ အဓိပ္ပာယ်ကို ကျွန်မ ကောင်းစွာသဘောပေါက်သည်။ 'ခိုးသား ရာဇဝတ်ကောင် တစ်ဦးကို မြို့မြောက်ပြင်ရှိ အသူတစ်ရာ နက်လှစွာသော ချောက်ကမ်းပါးထိပ်ဆီ သို့ ခေါ်သွားကြမည်။ ထို့နောက် ရာဇဝတ်သားကို ကမ်းပါးစောက်အောက်သို့ တွန်း ချ သတ်ဖြတ်စီရင်ကြမည်။ ခိုးသားများကို အဆုံးစီရင်လေ့ရှိသည့် ရာဇဂြိုဟ်၏ တရားစီရင်ထုံးပင် ဖြစ်သည်။

သို့သော် 'သူ့' ကို စတင်တွေ့မြင်လိုက်ရခြင်း အခိုက်ဝယ် ရာဇဂြိုဟ်၏ ထို တရားစီရင်ထုံးကိုသာမက တစ်လောကလုံးရှိ နိယာမ ဥပဒေသ အားလုံးကိုပင် ကျွန်မ ဂရုမစိုက်နိုင်တော့။

'အချစ်' တွင် နိယာမ ဥပဒေသ မရှိ။ လောကစည်းမျဉ်း အနှောင်အဖွဲ့ ပြဋ္ဌာန်း သတ်မှတ်ချက် မရှိ။ အမိန့်အာဏာ ကန့်သတ်ချက် မရှိ။ အချစ်သည် အရာခပ်သိမ်း ကို ဖောက်ခွင်းကျော်လွှားတတ်ချေသည်။

သေဒဏ်ကျ ရာဇဝတ်ကောင် ခိုးသားကိုမှ ကျွန်မ ချစ်မိလေပြီ။

*

(၃)

အသပြာတစ်ထောင် ဟူသည်မှာ ကျွန်မအတွက် ဘာမျှ ပြောပလောက်သည့် ပမာဏ မဟုတ်။ သို့သော် 'ဖြစ်ရလေခြင်း သမီး ကုဏ္ဍလကေသီရယ်၊ သေဒဏ်ကျ နေတဲ့ ရာဇဝတ်သားကိုမှ မရမနေ လိုချင်ရတယ်လို့၊ မသင့်တော်လွန်းလို့ပါ သမီး ရယ်' ဟူသော မိဘနှစ်ပါး၏ စကားကိုမူကား ကျွန်မ ခက်ခဲစွာ တိုက်ခိုက်ခဲ့ရလေ သည်။

'သူ့'ကို မြို့မြောက်ပြင်ကမ်းပါးထိပ်သို့ ခေါ်ဆောင်သွားပြီးနောက် သုံးရက် အကြာတွင် ကမ်းပါးထိပ်မှ တွန်းချသတ်ဖြတ် စီရင်ကြတော့မည်ကို သိရသောအခါ ကျွန်မသည် ကြီးစွာသော ပရိဒေဝဖြင့် ဆောက်တည်ခြင်း ကင်းမဲ့ ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် သူ့ကိုမှ မရပါက သူနှင့်အတူ ကမ်းပါးအောက်သို့ ကျွန်မကိုယ်တိုင် ခုန်ချလိုက်ပါကာ သေကြောင်းကြံလိုက်တော့မည်ဟု မိဘများအား အသိပေးလိုက် တော့သည်။ ဤစကားသည် ခြိမ်းခြောက်စကားမဟုတ်။ အကယ်ပင် သူနှင့်အတူ



လိုက်သေရန် ကျွန်မ ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ ချစ်ခြင်း၊ တပ်မက်ခြင်း၏ မီးလျှံ များအတွင်းဝယ် ကျွန်မသည် ဆက်လက် အသက်ရှင်သန်မနေလိုတော့။

သေကြောင်းကြံစည်ရန် အသင့်ဖြစ်နေသော ကျွန်မ၏ အဖြစ်ကို မိဘများ နားလည်သွားကြသည်။ ဤတွင် နည်းလမ်းမျိုးစုံကို သူတို့ ရှာကြလေသည်။ ဤ တွင် အသပြာတစ်ထောင်သည် အခက်အခဲအားလုံးကို ဖြေရှင်းပေးသည့် လက်နက် ကောင်း ဖြစ်လာသည်။ အကျဉ်းတိုက်ထဲမှ အခြားရာဇဝတ်သားတစ်ယောက်ကို မင်းချင်းများက အစားထိုးလိုက်ကြသည်။ 'ခိုးသား ရာဇဝတ်ကောင်ကို စီရင်ပြီးပါ ပြီ' ဟု ဘုရင်မင်းမြတ်ထံ သူတို့ လျှောက်တင်နေကြချိန်တွင် ကျွန်မ၏ ချစ်သူကား ကျွန်မ၏ စက်ရာခန်းအတွင်းတွင် ဘေးကင်းချမ်းသာစွာ ရောက်ရှိနေပေပြီ။

သဋ္ဌာလီတွင် ထိုင်နေသော သူ့အနားသို့ ကျွန်မ တိုးချဉ်းလိုက်သည်။ အသက် ဘေးမှ လွတ်မြောက်ခဲ့ရပြီး သူဌေးသမီး၏ စက်ရာခန်းသဋ္ဌာလီပေါ် ရောက်နေသော သူ့အဖြစ်ကို သူ နားမလည်နိုင်စွာ အံ့သြခြင်းကြီးစွာဖြင့် ငေးငေးငိုင်ငိုင် ဖြစ်နေရှာ သော ချစ်သူ။

သူ့လက်မောင်းကို ဆုပ်ကိုင်လျက် ကျွန်မ နှစ်သိမ့်လိုက်ရသည်။

အမောင်ရယ်...ဒါဟာ အိပ်မက်မဟုတ်ပါဘူး၊ ဒါဟာ ကုဏ္ဍလကေသီရဲ့ စက်ရာခန်းလေ၊ အမောင့်ကိုသိပ်ချစ်တဲ့ ကုဏ္ဍလကေသီလေ၊ ဒီမှာ ကြည့်စမ်းပါဦး အချစ်ရယ်၊ ချစ်ခြင်းမေတ္တာတွေ အားကြီးစွာနဲ့ အမောင့်ကို သေတွင်းထဲကနေ ဆွဲ ထုတ်ခဲ့တဲ့ ကျွန်မလေ။ အို...ကြည့်ပါဦး၊ ဟုတ်ပါရဲ့၊ မုတ်ဆိတ်တွေ ပါးမြိုင်းမွေး တွေကိုတောင် မရိတ်မသင်သေးပါလားဟင်၊ ဒဏ်ရာတွေကလည်း မခြောက်သေး ပါလား။ သနားလိုက်တာ အမောင်ရယ်။ ဒါပေမဲ့ အမောင် အခုကစပြီး စိတ် ချမ်း မြေ့စွာ စံနေတော့နော်၊ အမောင် အလိုရှိသမျှအားလုံး စိတ်တိုင်းကျစေရမယ်နော်။ သူဌေးသမီး ကုဏ္ဍလကေသီဆီမှာ အမောင်လိုချင်တာအားလုံးကို ပြောနော်။

ဆွဲဆောင်နိုင်စွမ်း ကြီးမားလှသော တောက်ပမျက်လုံးကြီးများဖြင့် ချစ်သူသည် ကျွန်မကို တစ်ချက် လှမ်းကြည့်ကာ ပြုံးပြလေသည်။ ထိုအကြည့်၊ ထိုအပြုံးတွင် ကျွန်မသည် မီးပြင်းအမြှိုက်ခံရသော ဖယောင်း ဖြစ်သွားလေသည်။ အမောင်ရယ်။ ချစ်တဲ့သူရယ်...။

*



www.burmeseclassic.com

www.burmeseclassic.com



(၄)

'ကေသီ...မင်းရဲ့လုပ်ကျွေးမှုတွေအားလုံးအတွက် ကျုပ် ကျေးဇူးတင်မ ဖြစ်ရတယ်၊ မင်းဟာ ကျုပ်ရဲ့ ချစ်သူဇနီးမယားသာမက အသက်သခင် ကျေးဇူး လဲ ဖြစ်ပါပေတယ်၊ ဒါပေမဲ့ ကေသီရယ်...'

သူ့စကား မဆုံးခင် သူ့နှုတ်ခမ်းကို ကျွန်မ လက်ချောင်းများဖြင့် အသာအယ ပိတ်လိုက်သည်။

'အသက်သခင် ကျေးဇူးရှင်ဆိုတဲ့စကား မသုံးစမ်းပါနဲ့ အမောင်ရယ်၊ ကျေး တွေ ဘာတွေကို မေ့ထားလိုက်ပါ၊ ကျွန်မအချစ်ကိုပဲ နားလည်သဘောပေါက်ထ ပါ'

'အင်း အင်း...ကောင်းပြီလေ၊ ဒါပေမဲ့ အသက်သခင်ကျေးဇူးရှင် ဆိုတာ တော့ ရှိနေသေးတယ်'

'လာပြန်ပြီလား အမောင်၊ ဒီကျေးဇူးရှင်ဆိုတဲ့ စကားလုံး'

'နားထောင်စမ်းပါဦး ကေသီ၊ ကျုပ်ပြောမယ့် ကျေးဇူးရှင်ဆိုတာက ကျုပ် သေဒဏ်ချဖို့ ခေါ်သွားကြတဲ့ မြို့မြောက်ပြင်ကမ်းပါးထိပ် တောင်ကုန်းက တော စောင့်နတ်ကို ပြောတာပါပဲ'

'တောင်စောင့်နတ် ... ဟုတ်လား အမောင်'

'ဟုတ်တယ်လေ၊ တောင်စောင့်နတ်က ကျုပ်ရဲ့ သေခြင်းကို အလိုမရှိဘူ သေအံ့မူးမူးအချိန်ထိ ကျုပ် တောင်ထိပ်ကမ်းပါးပေါ်မှာနေခဲ့ရပြီးမှ အသက်ဘေ က လွတ်ခဲ့ရတာဟာ ဖြစ်တောင့်ဖြစ်ခဲ မဟုတ်လား၊ ဒီတော့ ကျုပ်ရဲ့အသက်ကို ချ သာရာရအောင် လုပ်ပေးလိုက်တဲ့သူဟာ အဲ...ကေသီက ကျေးဇူးရှင်အဖြစ် မခံ ချင်ဘူးဆိုတော့ တောင်စောင့်နတ်ဟာ ကျုပ်ရဲ့ကျေးဇူးရှင် ဖြစ်ရတော့မှာပေါ့'

သူ့အပြောကို သဘောကျလှသဖြင့် ကျွန်မ ရယ်မိတော့သည်။

'ဟုတ်ပြီလေ၊ ဒီတော့ အမောင်က ဘာပြောချင်သလဲ၊ ဘာလုပ်ချင်သလဲ'

'ကျေးဇူးရှင် တောင်စောင့်နတ်ကို ပူဇော်ပသချင်တယ်၊ ကျုပ်ကို ချုပ်နှော ထားခဲ့တဲ့ ကမ်းပါးထိပ်နေရာအထိ သွားပြီး ဗလိနတ်စာ ကျွေးချင်တယ်၊ အဲဒီပွဲ ကေသီလဲ လိုက်စေချင်တယ်၊ ကျေးဇူးရှင်တောင်စောင့်နတ်ကို ပူဇော်ပသတဲ့ ပွဲ ကျုပ်တို့ ဇနီးမောင်နှံ နှစ်ယောက်တည်း သွားမယ်၊ ကေသီက အလှဆုံး ဝတ်စား



ဆင်ယင်ခဲ့၊ တောင်စောင့်နတ်ရဲ့ တန်ခိုးကို ပူဇော်တဲ့အနေနဲ့ ကေသီ့မှာရှိတဲ့ အကောင်း ဆုံး အဖိုးတန်ဆုံး လက်ဝတ်ရတနာတွေကို အပြည့်အစုံ ဆင်ယင်ခဲ့... ဟုတ်လား၊ ကျုပ်တို့ သွားကြရအောင်နော်'

'ကြံကြံစည်စည် အမောင်ရယ်၊ တောင်စောင့်နတ်ကို ကျေးဇူးဆပ်ဖို့ ဗလိနတ်စာ ကျွေးချင်ရတယ်လို့ပဲ'

အပျော်စိတ်များဖြင့် ကျွန်မ မြူးရွှင်နေသည်။

'တကယ်ပြောတာပါ ကေသီ၊ ကျုပ်ရဲ့အသက်ချမ်းသာရာရဖို့သာမက ဟောဒီ က ကေသီနဲ့ အကြောင်းဆက်ပေါင်းသင်းဖို့အရေးကိုပါ ကူညီစောင်မပေးတဲ့ တောင် စောင့်နတ်လို့ ကျုပ်စိတ်ထဲ စွဲနေတယ်'

'အမောင်ရယ်၊ အမောင့်ကို ချစ်လွန်းလို့ ကျွန်မကပဲ ကြိုးစားကြံစည်ခဲ့တာပါ၊ ဘာမဆို အမောင့်သဘောကျပါ အမောင့်အလိုအတိုင်းပါပဲ၊ ကဲ...ပြော၊ ကမ်းပါး ထိပ်ကို ဘယ်တော့သွားမလဲ'

'ဒီညနေပဲ သွားကြရအောင် ကေသီရယ်နော်'

'ကောင်းလှပါပြီတဲ့ ရှင်'

'အလှဆုံး ဝတ်ခဲ့၊ အဖိုးတန်ဆုံး လက်ဝတ်လက်စား ရတနာတွေကို ဆင်ယင် မဲ့နော် ကေသီ၊ တောင်စောင့်နတ်ကို တင့်တင့်တယ်တယ်ကြီး ပူဇော်ရအောင်'

'ကောင်းပါပြီတဲ့ရှင်'

*

ကျဉ်းမြောင်းသောလမ်းမှ ကွေ့ကောက်ပတ်လှည့်ကာ တက်ရင်း ကမ်းပါး ထိပ်သို့ ကျွန်မတို့ ရောက်ခဲ့လေသည်။ ရာဇဝတ်သားများကို ခေါ်ဆောင်၍ တွန်းချ သတ်ဖြတ်သောနေရာဟူသော အသိကြောင့် ကျွန်မရင် တုန်လှုပ်နေသည်။ မြင့်မား လှသော ကမ်းပါးထိပ်၊ နက်လှစွာသော ချောက်အထက်သို့ ရောက်ချိန်တွင် နေလုံး လည်း ပျောက်ကွယ်ကာ ချုပ်ညရီအမှောင်သမ်းနေပြီ ဖြစ်လေသည်။

'ကျွန်မ ကြောက်လိုက်တာ အမောင်ရယ်၊ ကျွန်မကို ဖက်ထားစမ်းပါ'

'မကြောက်ပါနဲ့ ကေသီရယ်၊ ကျုပ်တစ်ယောက်လုံး ရှိနေပါသေးတယ်.. ဟဲ...ဟဲ'

အို... သူ့ရယ်သံကပင် တစ်မျိုး ကြောက်စရာကောင်းနေသည်။ ကျွန်မတို့ ရပ်နေရာ ကမ်းပါးစွန်းသို့ တဟဲဟဲ တိုးဝင်နေသော လေတိုက်သံလိုပင် သူ့ရယ်သံ



www.burmeseclassic.com

www.burmeseclassic.com



က အေးစက်စူးရှနေသည်။ တစ်ချက် တစ်ချက် ဆောင့်တွန်းတိုက်ဖော့လာသော လေစီးကြောင်းကြောင့် လဲပြိုမသွားစေရအောင် သူ့ကို ကျွန်မဖက်တွယ်ထားရသည်

'ကဲ...ကေသီ၊ ဇလီနတ်စာ ပူဇော်ရအောင်၊ လက်ဝတ်ရတနာတွေကို ချွတ်ထား၊ တောင်စောင့်နတ် ပူဇော်ချိန်မှာ ရတနာတွေ ဝတ်ထားလို့ မသင့်တော်ဘူး ပြီးမှ ပြန်ဝတ်ပေါ့'

ဘယက်၊ လည်ဆွဲ၊ လက်ကောက်၊ လက်စွပ်၊ လက်စည်း၊ ဆံထိုး၊ လည်ကာ အားလုံး ရတနာများကို ကျွန်မ ချွတ်နေစဉ် သူက စိတ်မရှည်သည့်ပုံဖြင့် ကူ၍ချွတ်ပေးသည်။ သူ့လက်တွေ အေးစက်နေကြောင်း ကျွန်မ သတိထားမိသည်။

'ကိုင်း...အားလုံးချွတ်ပြီးရင် ပဝါနဲ့ထုပ်ထား...'

ကြောက်စရာကောင်းသော ချောက်ကမ်းပါးထိပ်တွင် ကြာရှည်မနေလိုတော့သောကြောင့် သူ့အမိန့်အတိုင်း ကျွန်မ ခပ်သုတ်သုတ်ပင် နာခံလုပ်ကိုင်ရသည် တစ်ချိန်လုံးလုံး ကမ်းပါးအောက်က အသူတစ်ရာချောက်ဆီ အကြည့်မရောက်အောင် မျက်နှာလွှဲထားရသည်။ ကြောက်လွန်းသောကြောင့် ကျွန်မတစ်ကိုယ်လုံး ချွေးစေးများ ပြန်ကာ လည်ချောင်းထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်နေသည်။

'ကိုင်း...ဒီမှာ နားထောင်စမ်း ကေသီ'

ဇလီနတ်စာ ပူဇော်ရွတ်ဆိုရန် လင်္ကာကို သူပေးတော့မည်အထင်နှင့် ကျွန်မ သူ့ကို မော့ကြည့်လိုက်သည်။ အို...သူ လူမှ ဟုတ်ပါလေစ။ မကောင်းဆိုးဝါး တစ်ကောင် ပူးကပ်သွားပြီလား။

ပို၍စူးရှတောက်ပြောင်သော မျက်လုံးများတွင် သူငယ်အိမ်သည် ကျဉ်းမြောင်းနေသည်။ ပိတ်ဆို့လုနီးပါး မှေးစင်းထားသော မျက်ခွံအစုံတို့သည် မြွေတစ်ကောင်နှင့် တူနေသည်။

အို...သူ့မျက်နှာတစ်ပြင်လုံးသည်ပင် တစ္ဆေသရဲအလား အရောင်ပြောင်းသွားသလိုလို။

'ဟဲ...ဟဲ...ဟဲ...ဟဲ'

စိမ့်၍ကြောက်သွားသည်။ သူ့ရယ်သံသည် ကမ်းပါးထိပ်မှ လေပြင်းနှင့်အတူ ကျွန်မတစ်ကိုယ်လုံးကို အေးစက်စွာ ပွတ်သပ်ချည်နှောင်နေသည်။

'ကုဏ္ဍလကေသီ...ယောကျ်ားတစ်ယောက်ကို သေတွင်းထဲက ဆွဲထုတ်ပြီး မင်းစိတ်ကြိုက် လင်သည်အဖြစ် ပေါင်းသင်းတဲ့အထိ မင်းမိုက်ပေမယ့် ငါက မင်း



လိုမိုက်မဲတဲ့သူ မဟုတ်ဘူး၊ အခု မင်းရဲ့အဖိုးအတန်ဆုံး လက်ဝတ်ရတနာတွေ အားလုံး ငါ့လက်ထဲ ရောက်နေပြီ၊ ဒီရတနာတွေနဲ့ ငါ သုံးဖြုန်းပျော်ပါးမယ်၊ သေတင်းကုပ် တကာမှာ လှည့်လည်သောက်စားမယ်၊ ငါ ထင်တာ ငါလုပ်မယ်၊ သူဌေးသမက်၊ သူဌေးသမီးယောကျ်ားဆိုတဲ့ ဘဝထက် လွတ်လပ်စွာ သောက်စားပျော်ပါးနေတဲ့ ခိုးသားဘဝကို ငါပိုမက်မောတယ်၊ သည်တော့ ငါက ဒီရတနာတွေကို သိမ်းပိုက်၊ တောင်အောက်ကို ပြန်ဆင်းသွား၊ ဟဲ ဟဲ...မင်းကတော့...'

'အမောင်...အမောင်'

'ဟဲ ဟဲ...မင်းကတော့ ဒီချောက်ကမ်းပါးရဲ့ ဟိုးအသူတစ်ရာအောက်မှာပဲ မှုန်မှုန့်ညက်ညက်ကြေ သေခဲ့ပေတော့'

ကြောက်လန့်တုန်လှုပ်ခြင်း၊ အံ့သြခြင်းများဖြင့် ကျွန်မသည် သူ့ကို မယုံကြည်နိုင်စွာ ငေးမောမှင်တက်မိနေသည်။

'ကိုင်း...မင်းရဲ့ နောက်ဆုံးအချိန်ပဲ၊ ဘာပြောချင်သလဲ၊ ပြောစရာရှိတာ ပြောပြီးရင် မင်းကို ငါ တွန်းချလိုက်တော့မှာ...ဟဲ ဟဲ'

ရတနာများကို ယူ၍ အသက်ချမ်းသာပေးပါရန် ကျွန်မ သွေးရူးသွေးတမ်း တောင်းပန်အသနားခံသည်။ မရ။ မြို့တော်တွင် ကျန်ခဲ့သော စည်းစိမ်ဥစ္စာများကို ငါ သိမ်းပိုက်၍ အသက်ချမ်းသာပေးရန် အသနားခံသည်။ မရ။

အဆုံးစွန်သော ကြောက်လန့်ခြင်း၏ အခြားတစ်ဖက်ဝယ်...

ကျွန်မ၏ခန္ဓာကိုယ်တွင်း၌ လျှပ်စီးများ တဖျပ်ဖျပ်လင်းလက်လာသည့်အလား ရက်စက်ယုတ်မာလွန်းလှသော သူ့အသွင်ကို ကြည့်၊ သူ့အသံကို နားထောင်ရင်း ကြောက်လန့်ခြင်းများ ကုန်ဆုံးသွားသည်။ တစ်စုံတစ်ရာသည် ကျွန်မ၏ ခြေဆုံးမှသည် ဆံဖျား ဦးထိပ်ထက်တိုင်သို့ လင်းပျံ့သွားသည်။

'ကောင်းပါပြီအမောင်၊ ဘယ်လိုမှ တောင်းပန်လို့မရတော့ဘူးဆိုရင်လဲ ကျွန်မ ကိုက်နဲ့ ကျွန်မကံ ရှိပါစေတော့၊ နောက်ဆုံးဆန္ဒအဖြစ် တစ်ခုတော့ခွင့်ပြုပါအမောင်'

'မြန်မြန်ပြော၊ ငါ့မှာအချိန်မရှိဘူး၊ သေတင်းကုပ် ပိတ်သွားမယ်'

'နောက်နောင် အမောင့်ကို ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်တော့ပါဘူး အမောင်၊ ဒါကြောင့် နောက်ဆုံးအချိန်အထိ အမောင့်ဇနီးကုဏ္ဍလကေသီဟာ ခင် ယောကျ်ားအပေါ်မှာ ချစ်မြတ်နိုးသွားတယ်ဆိုတာ ပြတဲ့အနေနဲ့ အမောင့်ကို ကျွန်မ နောက်ဆုံး ကန်တော့ခြင်းနဲ့ ကန်တော့ပါရစေ'



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး အရေးထဲဗျာ၊ ကဲ ကဲ ... လုပ်စရာရှိတာ လုပ်စမ်း'

ကျဉ်းမြောင်းလှသော ချောက်ကမ်းပါးထိပ် နေရာမှာပင် သူ့ကို လက်ယာ လှည့်ပတ်ကာ လက်အုပ်ချီလိုက်သည်။ တစ်ပတ်ပြည့်သည်နှင့် သူ့ကို ကျွန်မ ဖ ၍ ...

'နောက်နောင် အမောင့်ကို ဘယ်တော့မှ မြင်ရမှာ မဟုတ်ဘူးနော်'

'ဟော့ ဟော့ ... မင်း ...'

ဖက်ထားသော လက်နှစ်ဖက်မှ တစ်ဖက်ကို ဖြုတ်၍ ကျွန်တစ်ဖက်ဖြင့်ပင် သူ ကို ကျွန်မ အသာအယာပင် တွန်းချလိုက်တော့သည်။ ပေါက်ကွဲလုမတတ် ပြူးကျ လာကြသော သူ့မျက်လုံးကြီးများကို နောက်ဆုံး တွေ့လိုက်ရသည်။ ကြက်သီး မွေ ညင်း ထခမန်း အသံနက်ကြီးကား သူ၏ သွေးပျက်အော်သံဖြစ်သလို အသူတစ်ရ ချောက်၏ အောင်ပွဲခံ ဝါးမျိုဟစ်ကြွေးသံလည်း ဖြစ်ပေမည်။

မီးရောင်များဖြင့် လင်းထိန်နေသော ရာဇဂြိုဟ်မြို့တော်ကြီးကို အပေါ်စီး ကြည့်ရင်း ကျွန်မ ကမ်းပါးထိပ်မှ ဆင်းခဲ့သည်။ ခြေလှမ်းသစ်၊ ဘဝအသစ်၊ ရှင်သ နေထိုင်ခြင်း အသစ်တို့ဖြင့် ...။

သူဌေးသမီး ကုဏ္ဍလကေသီ သေဆုံးသွားပြီ။

တောင်အောက်ဆင်းလာသော ကျွန်မသည် ကျွန်မ မဟုတ်တော့။

*

(၅)

သပြေခက်ကို တံခါးဝတွင် ထိုးလိုက်သည်။

ဝိုင်းအုံလာကြသော လူစုလူဝေးဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကျွန်ုပ်နာမည်ဟာ ဇမ္ဗုပရိဗ္ဗာဇိကလို့ ခေါ်တယ်၊ သပြေခက်ရှင် ပရိဗိုဇ်မ လို့ လဲ ခေါ်ကြတယ်၊ ပရိဗိုဇ်ရဟန်းမတွေဆီမှာ ပညာသင်ခဲ့ပြီး ဝါဒတစ်ထောင်ကို သင် ယူ တတ်မြောက်ထားတယ်၊ ကျွန်ုပ် ဇမ္ဗုပရိဗ္ဗာဇိကနဲ့ ဝါဒချင်း ပြိုင်လိုတဲ့သူ ရှိရင် ဟောဒီမှာ ကျွန်ုပ်ထိုးစိုက်ထားတဲ့ သပြေခက်ကို မည်သူမဆို နုတ်ယူဖျက်ဆီးနိုင် တယ်၊ သပြေခက်ကို ဖျက်ဆီးပြီး ဝါဒချင်း ပြိုင်လိုသူရှိရင် ထွက်ခဲ့စမ်း၊ ဇမ္ဗုပရိဗ္ဗာ ဇိက စိန်ခေါ်လိုက်တယ်'



တုတ်တုတ်မျှ မလှုပ်သော လူအုပ်ကြီးကို ကျွန်မ ဝေ့ကြည့်လိုက်သည်။ လူမျိုး လှည့်တွေပဲ၊ စိတ်ထဲက ကြုံးဝါးရေရွတ်ကာ နေရာမှ ရွေ့လိုက်သည်။ လူအုပ်ကြီး သည် ကျွန်မ သွားသာရုံလမ်းကို အလိုလို ရှဲပေးကြလေသည်။

နောက်တစ်မြို့ နောက်တစ်ရွာသို့ ကျွန်မ ခရီးလှည့်ရဦးမည်။ ရောက်ခဲ့သမျှ အနယ်နယ်ဒေသတိုင်း၌ ကျွန်မ၏ 'သပြေခက်' ကို နုတ်ပယ်ဖျက်ဆီးရဲသူ မတွေ့ခဲ့ ရ။ ကျွန်မ၏ စိန်ခေါ်သံကို ဘက်ပြန်တုံ့လှန်သူ မတွေ့ခဲ့ရ။ ပရိဗိုဇ်ရဟန်းမတွေဆီ မှာ ဝါဒတစ်ထောင်ကို သင်ယူ တတ်မြောက်လာသော ဇမ္ဗုပရိဗ္ဗာဇိကကို ဘယ်သူ ယှဉ်ပြိုင်ရဲမလဲ။

ချောက်ကမ်းပါးထိပ်မှ ဆင်းခဲ့ပြီးသည့်နောက်တွင် ကျွန်မသည် ရာဇဂြိုဟ် စံ အိမ်သို့ မပြန်ခဲ့တော့။ သူဌေးသမီး ကုဏ္ဍလကေသီဟူသော ဘဝကို အပြီးအပိုင် သုတ် သင်ကာ ကျွန်မသည် ပရိဗိုဇ်ရဟန်းမများ ကျောင်းသို့ သွားခဲ့သည်။ သူတို့ တတ် ကျွမ်းသမျှ ဝါဒများကို အပတ်တကုပ်သင်ယူခဲ့သည်။ သူတကာ ပရိဗိုဇ်မတွေလို ဝါဒတစ်ခု နှစ်ခု မဟုတ်၊ တစ်ရာ နှစ်ရာ မဟုတ်၊ ဝါဒ တစ်ထောင်။

ဝါဒတစ်ထောင်ကို လက်နက်သဖွယ် တပ်ဆင်ကာ တစ်လောကလုံးကို၊ လူ တွေ အားလုံးကို ကျွန်မ စိန်ခေါ်တိုက်ခိုက်လိုက်သည်။ စစ်တလင်း ဖွင့်ခဲ့သည်။ လောကကြီးကို ကျွန်မ၏ ဝါဒတစ်ထောင်ဖြင့် ကြိတ်ချေညှဉ်းပန်းပစ်မည်။ နှိပ်စက် ဖျက်ဆီးပစ်မည်။ မိန်းမသားတစ်ယောက်၏ နာကြည်းမှုမှ ပေါက်ဖွားလာသော စွမ်းအားသည် လောကကို အဘယ်မျှလောက် သိမ့်သိမ့်တုန်စေနိုင်မည်ကိုသိစေမည်။

သို့သော် အမြို့မြို့ အရွာရွာ ကျွန်မ လှည့်လည်ထိုးစိုက်ခဲ့သော သပြေခက်များ သည် ဝင်းတံခါးဝများ၌ သူ့အတိုင်း သူ့အတိုင်းသာ ညှိုးခြောက်သွားကြသည်။ သပြေခက်ကို နုတ်ပယ်ဖျက်ဆီးမည့်သူ တစ်ဦးတလေမျှ ပေါ်ပေါက်မလာခဲ့။ အလ ကား၊ လူကြောက်တွေ၊ လူမိုက်တွေ၊ လူဖျင်းတွေ၊ အထူးသဖြင့်ကတော့ ယောကျ်ား ဂဖျင်းအညံ့၊ အမိုက်အလေတွေ။

အင်း ... ရာဇဂြိုဟ်တစ်ပိုက်ကတော့ အချည်းနှီးသော စစ်တလင်းပါပဲ။ စင် ဖျက်နှာ၊ စစ်တလင်း အသစ်ခင်း၍ ဖွင့်လှစ်ရတော့မည်။ သာဝတ္ထိသို့ ...။

*



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီ။ သာဝတ္ထိ၏ တစ်နေရာ တစ်ခုသော ဝင်းတံခါးတွင် ကျွန်မ ထိုးစိုက် စိန်ခေါ်ခဲ့သော သပြေခက်သည် ဝင်းတံခါးတိုင်ထိပ်တွင် မရှိဘဲ အပိုင်းပိုင်း အပြ ပြတ် ကြေမွကာ တိုင်ခြေရင်းတွင် ပြုတ်ကျနေသည်။ ဝမ်းသာလိုက်သည့် ဖြစ်ခြင်း

'ဟေ့...သူငယ်တို့၊ ဒီသပြေခက်ကို ဖျက်ဆီးတဲ့သူ ဘယ်သူလဲဆိုတာ မင်းတ တွေ့လိုက်သလား'

ဝင်းတံခါးအနီးတွင် ကစားနေကြသော သူငယ်များကို ကျွန်မ မေးကြည့်သည်

'ကျွန်တော်တို့ကိုယ်တိုင် ဖျက်ဆီးပစ်လိုက်တာပဲ ရဟန်းမကြီး'

'ဘာ...ဘယ်လို...'

'ဟုတ်တယ်၊ ဟိုဇေတဝန်ကျောင်းတော်မှာ ရှိတဲ့ မထေရ်မြတ်တစ်ပါးက ဖျက် ဆီးနိုင်းလို့ ကျုပ်တို့ ဖျက်ဆီးလိုက်ကြတာ'

'ဟုတ်လား၊ ဒါဖြင့် ငါ့ကို အဲဒီမထေရ်ဆီ လိုက်ပို့စမ်း'

'မထေရ်မြတ်ကြီးကလဲ ခေါ်ခဲ့ပါလို့ မိန့်တော်မူလိုက်တယ်'

'ကောင်းပြီ၊ အခု သွားကြမယ်ဟေ့'

မွန်းလွဲချိန် နေပူကျဲထဲမှာပင် ကျွန်မသည် ကျွန်မ၏ သပြေခက် စိန်ခေါ်သံ လက်ခံလိုက်သူနှင့် ရင်ဆိုင်တွေ့လိုက်ရသည်။ အင်း...တင့်တယ်သိက်မြိုက်သေ မထေရ်တစ်ပါးပါပဲ။

'အရှင်သာရိပုတ္တရာ' တဲ့။

ဝါဒပြိုင်ပွဲကြီးကို နားထောင်ရန် လိုက်လာသော သာဝတ္ထိမြို့သူမြို့သား အ အထောင်ကြားတွင် အရှင်သာရိပုတ္တရာနှင့် ကျွန်မတို့ တွေ့ဆုံကြပေပြီ။

'ကျွန်ုပ်ရဲ့ သပြေခက်ကို ဖျက်ဆီးလိုက်တာ အရှင်လား'

'သင့်ဝါဒတစ်ထောင်ကို မေးနိုင်တယ် ဇမ္ဗုပရိဗ္ဗာဇိက'

'ကောင်းပြီ'

ပရိဗိုဇ်မများထံမှ သင်ယူခဲ့သော ဝါဒတစ်ထောင်ကို တစ်ခုပြီးတစ်ခု ကျွန် မေးသည်။ အရှင်သာရိပုတ္တရာက တစ်ခုပြီးတစ်ခု ဖြေသည်။ ထစ်ငေါ့တုံ့နှေးခြင် ကင်းစွာ ဆင့်ကဲ ဆင့်ကဲ ဖြေသောအဖြေများကို နားထောင်ပြီး ကျွန်မ ကတုန်ကယ ဖြစ်လာသည်။ သို့ဖြင့် ကိုးရာ ကိုးဆယ့်ရှစ်...ကိုးရာ ကိုးဆယ့်ကိုး၊ နောက်ဆုံး တစ်ထောင်။

'ဇမ္ဗုပရိဗ္ဗာဇိက၊ သင့်ဝါဒတစ်ထောင် အမေးကုန်ပြီလား'



'ကုန်ပါပြီ'

ကျွန်မ အသံတွေ တုန်နေသည်ကို မိမိဘာသာမိမိ အတိုင်းသား ကြားနေရသည်။

'သင့်ကို ကျွန်ုပ် ပြန်မေးနိုင်ပြီလား'

'မေးပါ'

'မေးပြီ...ဇမ္ဗုပရိဗ္ဗာဇိက၊ တစ်ခု ဆိုတာ ဘာလဲ'

'ဖြေပါ...'

တစ်ခု...တစ်ခု... တစ်ခုဆိုတာ ဘာလဲတဲ့၊ ဧကတ္တသဘော၊ ဧက တစ်ခု၊ ဘာလဲ...အလိုလေး၊ ပရိဗိုဇ်ရဟန်းတွေဆီမှာ သင်ယူခဲ့စဉ်က ဒီ 'တစ်ခု ဆိုတာ ဘာလဲ' ဟူသော ပုစ္ဆာဝါဒ မပါခဲ့ပါလား။ ဒါဖြင့် ဝါဒတစ်ထောင်ထဲမှာကော... 'တစ်ခု'၏အဓိပ္ပာယ်ကို ရှာ...ရှာကြည့်စမ်း။ အလိုလေး...မတွေ့ပါလား၊ မတွေ့ပါ လား၊ မရှိပါလား။

'အရှုံးပေးပါပြီ အရှင်မြတ်ဘုရား'

ဤသည်ပင် ကျွန်မ၏ အဖြေစကား ဖြစ်တော့သည်။

ဤအရှုံးပေး အကြွင်းမဲ့ အညံ့ခံစကား၏ နောက်ဝယ် ကျွန်မသည် ပရိဗိုဇ်မ အသွင်ကို စွန့်ခွာကာ အရှင်မြတ်ထံတွင် ရဟန်းပြုခဲ့လေသည်။ ထိုမျှသာမက သုံး ရက်မြောက်မှာပင် ကျွန်မ ကုဏ္ဍလကေသီသည် ရဟန်းအဖြစ်သို့ ဆိုက်ရောက်ခဲ့ပါ လေသည်။

*

(၆)

'ကုဏ္ဍလကေသီ အရှင်မဟာ ရန်သူ ခိုးသားတစ်ယောက်ကို လုလုပပကြီး အနိုင်ယူပြီး သာသနာတော်ကို ဝင်ရောက်လာသတဲ့၊ ပြီးတော့လဲ အနည်းငယ်မျှ သော တရားစကားကို ကြားနာရရုံနဲ့ ရဟန္တာဖြစ်သွားသတဲ့'

ကျွန်မနှင့် ပတ်သက်၍ ကောင်းချီးသတင်းစကားများ ဖြစ်ပေါ်ခဲ့သည်။

ဤတွင် သုံးလူ့သခင် မြတ်ဘုရားရှင်သည် ကျွန်မ၏အဖြစ်နှင့် စပ်လျဉ်း၍ ဘုရားသဘင်၌ ဟောကြားထုတ်ဖော်တော်မူခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အကျိုးမဲ့ပုဒ်များ ပါသော ဂါထာတစ်ရာကို ရွတ်ဆိုစေကာမူ မမြတ်ချေ၊ ကြား နာပြီးလျှင် ကိလေသာ ငြိမ်းအေးကြောင်းဖြစ်သော တရားတစ်ပုဒ်ကို ရွတ်ဆိုခြင်း သာလျှင် မြတ်ပေသည်'

'အကြင်သူရဲကောင်းသည် စစ်မြေပြင်၌ စစ်သည်ဗိုလ်ပါတို့ကို အကြိမ် တစ်သိန်း အောင်နိုင်ရာ၏၊ အကြင် သူရဲကောင်းတစ်ယောက်သည်ကား ကိုယ်တွင်း ကိလေသာကို တစ်ကြိမ်တစ်ခါမျှ အောင်နိုင်ရာ၏၊ ထိုသူရဲကောင်းသည်သာလျှင် စစ်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်၏'

သာဓု ... သာဓု ... သာဓုပါဘုရား။

[ဓမ္မပဒ၊ သဟဿဝဂ်၊ ဒေသနာတော်၊ ၁၀၂-၁၀၃]

○

# အရိန္ဒမနှင့် သောဏက

ထိုနေ့သည် 'ဗြာဟ္မဏ ဝါစကနေ့' ဖြစ်လေသည်။

ဗာရာဏသီတွင် အကြောင်းတစ်ခုခုကို ရည်ညွှန်းလျက် ပွဲတော်အမျိုးမျိုး ကျင်းပရာ၌ ဗြာဟ္မဏဝါစကပွဲသည်လည်း လူကြိုက်များ စည်ကားသောပွဲတစ်ပွဲ ဖြစ်သည်။

ဗြာဟ္မဏပုဏ္ဏားတို့၏ ဗေဒင်ရွတ်ဖတ်ပွဲမှ ရွတ်သံ၊ အံသံတို့သည် သံမြင့် သံနိမ့် ချက်ကျညီညီ ထွက်ပေါ်နေသည်။ အရွယ်ကောင်း၊ အသံကောင်းသော ပုဏ္ဏားငယ်တို့၏ သံပြိုင်ရွတ်သံသည် တူရိယာမပါဘဲ နားထောင်ကောင်းသော ဂီတတစ်ခု လိုဖြစ်နေသည်။

ရွတ်သူတို့က ရွတ်နေစဉ် တစ်ဖက်ရှိ မဏ္ဍပ်ကနားမှ နို့ဃနာထမင်းကျွေးပွဲ သည်လည်း စည်ကားခမ်းနားလှချေသည်။ နို့ဃနာထမင်းသုံးဆောင်ရင်း ဗေဒင် ရွတ်ပွဲမှ အသံကို နားထောင်ရသည်မှာ စည်းစိမ်တစ်မျိုးပင် ဖြစ်တော့သည်။

ထမင်းရုံကို ကြီးကြပ်သည့် ပုဏ္ဏားကြီးသည် ထမင်းပွဲချသူများကို အမိန့်ပေး နေရင်းမှ ထူးခြားသည့် ဧည့်သည်နှစ်ယောက်ကို လှမ်းမြင်လိုက်သည်။

ဧည့်သည်နှစ်ယောက်စလုံးပင် တင့်တယ်သည့်အသွင်ရှိသော ယောကျ်ားပျို များ ဖြစ်ကြသည်။ နုပျိုတက်ကြွခြင်းနှင့် ရင့်ကျက်တည်ငြိမ်ခြင်းတို့သည် ဧည့်သည် တော် ယောကျ်ားပျိုနှစ်ဦးထံတွင် ပေါင်းဆုံလျက်ရှိသည်။ အင်္ဂါခြင်း၌ ကျွမ်းကျင်

www.burmeseclassic.com

www.burmeseclassic.com



သော ပုဏ္ဏားကြီးသည် ထူးခြားသည့် လုလင်နှစ်ယောက်ကို အဝေးမှမြင်လျှင် မြင်ချင်းပင် အကဲခတ်လိုက်မိပြီးပေပြီ။

'ဟေ့...ငါ့လူများ၊ ခတ္တိယနွယ်ဖွားနှင့် ဗြာဟ္မဏနွယ်ဖွား လုလင်နှစ်ဦး လာနေကြတယ်၊ အကောင်းဆုံး နေရာထိုင်ခင်းကို ပြင်လိုက်ကြစမ်း၊ အကောင်းဆုံး နို့ဃနာကို ပြင်စမ်း၊ သူတို့ဟာ ဂုဏ်ထူးဆောင်ဧည့်သည်တွေပဲ'

လုလင်နှစ်ဦး မဏ္ဍပ်အဝသို့ ရောက်လာချိန်တွင် နေရာထိုင်ခင်းနှင့် နို့ဃနာ ထမင်းပွဲတို့လည်း အဆင်သင့်ဖြစ်နေကြပြီ။

'ကြွပါ...ကြွပါ၊ ဗာရာဏသီရဲ့ဗြာဟ္မဏဝါစကသဘင်ကို ကြွရောက်ချီးမြှင့်တာ ဝမ်းသာလှပါတယ်၊ ကြွကြပါ'

လုလင် နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် တိုင်ပင်ဟန်ဖြင့် အချင်းချင်း ကြည့်လိုက်ကြပြီးနောက် မဏ္ဍပ်ထဲသို့ ဝင်လာကြသည်။

'မြင့်မြတ်တဲ့ သူကောင်းအနွယ်များ ဆိုတာတော့ ကျွန်ုပ်မြင်ရုံနဲ့ သိပါတယ်၊ သို့သော်လဲ ဝန်မလေးဘူးဆိုရင်တော့ တစ်ဆိတ်ကလေး အမျိုးအနွယ်နဲ့ အမည်နာမ လာရင်းဒေသ၊ လာခဲ့ဒေသများကို သိပါရစေ'

တစ်ယောက်သော လုလင်က ဖြေသည်။

'ကျွန်ုပ်က ရာဇဂြိုဟ်ပြည် မဂဓမင်းသားရဲ့သားတော်ပါ၊ အရိန္ဒမ လို့ ခေါ်ပါတယ်'

ကျန်တစ်ယောက်က ဆက်ဖြေသည်။

'ကျွန်ုပ်က အရိန္ဒမ မင်းသားရဲ့ ဖွားဖက်တော်ဖြစ်ပါတယ်၊ ပုရောဟိတ်ရဲ့သား သောဏက သတို့သား အမည်ရှိပါတယ်၊ တက္ကသိုလ်မှာ အတတ်ပညာများ ဆည်းပူး ပြည့်စုံခဲ့ပြီးလို့၊ ဒေသန္တရ၊ ဘာသန္တရ ဗဟုသုတများ လေ့လာကြဖို့ ခရီးလှည့်ခြင်း ဖြစ်ပါတယ် ပုဏ္ဏားကြီး'

ဖြေဆိုချက်နှစ်ခုကို ပုဏ္ဏားကြီးက ချက်ချင်းနှိုင်းယှဉ်နားလည်လိုက်သည်။ အရိန္ဒမမင်းသားထက် သောဏက သတို့သားက ပို၍စေ့စပ်လိမ္မာကြောင်း၊ အမြော်အယှဉ် ရှိကြောင်း မှတ်ချက်ချလိုက်လေသည်။

'အို...ဂုဏ်ယူစရာ ဧည့်သည်တော်ကြီးပါပဲ၊ ဟဲ့ ငါ့လူများ...နေရာထိုင်ခင်းရှိရာ ပို့ဆောင်ကြပါ၊ နို့ဃနာထမင်းပွဲများ ပြင်ကြပါ၊ ကြွပါ...ကြွပါ'



အမှုလုပ်အစေခံများလည်း ကမ္ဗလာနှစ်ခုကို ယူလာပြီး မင်းသားနှင့် သောဏက သတို့သားရှေ့သို့ ချပေးကြသည်။

'သက်သာသလို အပန်းဖြေနားနေကြပါ အရိန္ဒမမင်းသားနဲ့ သောဏက သတို့သား'

ကမ္ဗလာနှစ်ခုအနက် အဖြူရောင် ကမ္ဗလာပေါ်သို့ အရိန္ဒမမင်းသား ဝင်ထိုင်သည်။ အနီရောင် ကမ္ဗလာထက်သို့ သောဏက ဝင်ထိုင်သည်။ ထိုစဉ်မှာပင် သောဏက၏ မျက်နှာမှာ ထူးခြားသော အရိပ်များ လွှမ်းသွားသည်။ ထိုမျက်နှာရိပ်ကို ပုဏ္ဏားကြီး သတိမထားလိုက်မိသော်လည်း အရိန္ဒမက သတိပြုမိလိုက်လေသည်။

'သူငယ်ချင်း သောဏက၊ မျက်နှာရိပ် မျက်နှာကဲ ထူးခြားလှချည်လား၊ ဘာများ အကြောင်းအထွေအထူးရှိလို့လဲ'

သောဏက က ပြန်မဖြေ။ ခပ်မဆိတ် နေသည်။ သို့သော် သူ့စိတ်ထဲမှ သူ့အသံကိုမူ သူ ပီသစွာ ကြားနေရသည်။

'အရိန္ဒမက ကမ္ဗလာအဖြူ၊ ငါက ကမ္ဗလာအနီမှာ ထိုင်မိလျက်သား ဖြစ်သွားတယ်၊ ဒီနိမိတ်ကို ငါ အရအမိ သိပြီ၊ ဒီနေ့ပဲ ငါ့သူငယ်ချင်း အရိန္ဒမဟာ ဗာရာဏသီမင်း ဖြစ်တော့မယ်၊ ငါ့ကို စစ်သေနာပတိရာထူး ခန့်တော့မယ်'

နို့ဃနာထမင်းပွဲ ရောက်လာသည်။ အရိန္ဒမ က နို့ဃနာ သုံးဆောင်နေစဉ် သောဏကမှာမူ အတွေးစ အတွေးမြှင် မကုန်သေး။

'သူ ဘုရင်ဖြစ်ပြီးရင် ငါ့ကို သေနာပတိပေးလိမ့်မယ်၊ ဒါပေမဲ့ ငါ ရာထူး ဌာနန္တရကို မလိုချင်ဘူး၊ ငါဟာ...'

သောဏက၏ စိတ်ကူးမှာ ထမင်းလုတ်နှင့်အမျှပင် ဖြစ်သည်။

သို့ဖြင့်ပင် ထမင်းပွဲ ပြီးသွားသည်။ အရိန္ဒမနှင့် သောဏကတို့သည် ပုဏ္ဏားကြီးကို နှုတ်ဆက်၍ ထွက်ခွာခဲ့ကြသည်။

'သူငယ်ချင်း၊ တို့ ဘယ်ကို သွားကြမလဲ၊ ဗာရာဏသီမင်းရဲ့ ဥယျာဉ်ဆီ သွားကြရအောင်၊ ဥယျာဉ်တော် သိပ်သာယာတယ်လို့ သိရတယ်၊ ခရီးလဲ ပန်းလာပြီမို့ ဥယျာဉ်တော်ထဲမှာ လှည့်လည်ရင်း အပန်းဖြေကြရအောင်လား'

သောဏက က နှစ်နှစ်ခြိုက်ခြိုက် ပြုံးလျက်...

'ကောင်းပါတယ် သူငယ်ချင်း၊ ဥယျာဉ်တော်ကိုပဲ သွားကြတာပေါ့'

*



www.burmeseclassic.com

www.burmeseclassic.com

အရိန္ဒမမင်းသားကား ဥယျာဉ်တော်အတွင်းရှိ ကျောက်ဖျာပေါ်တွင် နှစ်နှ ခြိုက်ခြိုက် အိပ်ပျော်နေပေပြီ။ သောဏာကကား မင်းသားအနီးတွင် ထိုင်လျ အတွေးနယ်ချဲ့ကောင်းနေဆဲ။

'သူ ငါ့ကို သေနာပတိအရာ ပေးလိမ့်မယ်၊ ငါက ရာထူးဌာနန္တရ ရလိုချင်တာ မဟုတ်၊ ငါက...'

ထိုအခိုက်မှာပင် ဥယျာဉ်တော်အဝဆီမှ တူရိယာသံများကို ကြားလိုက်ရလေ သည်။

'ဟော...ဒါဟာ မင်္ဂလာရထားလွှတ်တဲ့ တူရိယာအသံတွေပဲ၊ ဟုတ်ပြီ၊ သိ ကိုသေချာသွားပြီ၊ ဒီနေ့ဟာလဲ ဗာရာဏသီမင်း နတ်ရွာစံပြီး ခုနစ်ရက်မြောက်နေ့ မှူးမတ်တွေ မင်းလောင်းအရှာထွက်တဲ့နေ့'

တူရိယာသံများ တဖြည်းဖြည်း နီးလာကြသည်။

'မင်္ဂလာရထား ဆိုက်တော့မယ်၊ ငါ တစ်နေရာရာမှာ သွားပုန်းနေမှ တော်ရ ကျမယ်၊ သူငယ်ချင်း...မင်္ဂလာရထားပေါ် အတက်မှာ ငါ့ကိုတွေ့ရင် သူ ဘုရင်ဖြစ် ပြီး နောက်ပိုင်း ငါ့ကို သေနာပတိပေးမှာ၊ ငါက ငါက...တောထွက်ပြီး ရဟန်းပြ ချင်သူ၊ ဒါကြောင့် မမြင်ကွယ်ရာ ငါသွားနေမှ တော်မယ်'

ပန်းရုံတစ်ခု၏ နောက်မှ မင်္ဂလာရထားဦး ဘွားခနဲ ပေါ်လာသည်နှင့် တစ်ပြိုင် နက် သောဏာကလည်း ကျောက်ဖျာမှခွာကာ ကျောက်ဆစ်ရုပ်တုကြီးတစ်ခုနောက် သို့ ဝင်လိုက်လေသည်။

တူရိယာငါးပါးသံတို့ ညံညံထွက်ပေါ်လာကြပြီ။ မင်္ဂလာရထားသည် အရိန္ဒမ ရှိရာ ကျောက်ဖျာသို့ ဦးခိုက်လျက် ရပ်လေသည်။ ပုရောဟိတ်နှင့် မှူးမတ်တို့လည်း ကျောက်ဖျာထက်မှာပင် အရိန္ဒမကို အဘိသိက်သွန်းကာ မင်းမြှောက်ကြလေသည်။

သောဏာကကား ကျောက်ဆစ်ရုပ်တုနောက်မှ မထွက်ရဲ။

မင်္ဂလာရထားထက်တွင် အရိန္ဒမ ပါသွားပြီးနောက် ဗိုလ်ပါပရိသတ်အလုံးစု ကင်းသွားမှပင် သောဏာကလည်း ရုပ်တုနောက်မှထွက်ကာ ကျောက်ဖျာထက်သို့ ဝင်ထိုင်လိုက်လေသည်။

ဥယျာဉ်တော်အတွင်း လေပြည်တစ်ချက် သုတ်သည်။ ပန်းရနံ့များ ထုံထိုင်း သွားသည်နှင့်အမျှ ရွက်ကြွေတို့လည်း တဖြောဖြော ကျလာကြသည်။ အင်ကြင်း



ရွက် တစ်ရွက်သည် သောဏာကရှေ့တည့်တည့်သို့ ကျလာသည်။ ဝါကြန်သိမ်လို သော အင်ကြင်းရော်ရွက်။

ညှာတံခြောက်ကာ အကြောမြွှာတို့ ခုံးခုံးထနေသည့် အင်ကြင်းရော်ရွက်ကို ကြည့်ရင်း သောဏာက စဉ်းစားသည်။

'အို...ပင်မကြီးကနေ ပြုတ်ကြွေကျလာတဲ့ အင်ကြင်းရော်ရွက်ပါလား၊ ဘုရား ဘုရား၊ ဒီအင်ကြင်းရွက်လိုပဲ ငါ့ရဲ့ကိုယ်ဟာလဲ ရင့်ရော်အိုမင်း ဇရာညှဉ်းပြီးနောက် သေခြင်းကို မချွတ်ရောက်၊ မြေသို့ ကျရမှာပါလား၊ ဘုရား ဘုရား... အမြဲမရှိပါ တကား၊ အစိုးမရပါတကား'

သံဝေဂအခံတွင် သောဏာကသည် ဝိပဿနာတင်ကာ ရှုလေတော့သည်။ ထို တစ်ထိုင်တည်းမှာပင် သောဏာကသည် ပစ္စေကဗောဓိဉာဏ်ပွင့်လျက် လူ၏အသွင် ကွယ်ပျောက်ကာ ပစ္စေကဗုဒ္ဓါတစ်ဆူ ဖြစ်တော်မူလေသည်။

'နတ္ထိ ဒါနိ ပုနဗ္ဘဝေါ၊ ယခုအခါ ငါ့အားတစ်ဖန် ဘဝသစ်ဝယ် ပဋိသန္ဓေတည် နေဖွယ် မရှိတော့ပြီ'

သောဏာက အရှင်ပစ္စေကဗုဒ္ဓါသည် ဥဒါန်းကျူးကာ နန္ဒမူလကလိုဏ်သို့ ကြွ ခဲ့လေတော့သည်။

*

အနှစ်လေးဆယ် ကျော်လွန်ခဲ့ပေပြီ။

ဗာရာဏသီပြည့်ရှင်ဘုရင်အရိန္ဒမမင်းကြီးသည် နန်းတော်လေသာဆောင်တွင် တစ်ကိုယ်တည်း စံရင်း မျက်စိမဆံ့ အပြန့်ကျယ်ကောင်းကင်ကြီးကို ငေးမောနေ လေသည်။

'အနှစ်လေးဆယ်...အနှစ်လေးဆယ်၊ လွန်ခဲ့ပြီ၊ ကြီးစွာသော မင်းစည်းစိမ် ကြောင့် ငါဟာ ငါ့သူငယ်ချင်း သောဏာက ဥယျာဉ်တော်ထဲက ပျောက်သွားတာကို အမေ့မေ့အလျော့လျော့ရှိခဲ့လေတယ်၊အင်း...ကျောက်ဖျာထက်မှာ အိပ်စက်ခြင်းရဲ့ ဟိုဘက်ကာလနဲ့ ဒီဘက်ကာလဟာ အကြီးအကျယ်ပြောင်းလဲသွားတဲ့အတွက် သောဏာကကို ငါ မေ့နေတယ်၊ သောဏာက ဘယ်မှာပါလိမ့်၊ သူငယ်ချင်းဘယ်မှာ ပါလိမ့်၊ သူငယ်ချင်းရေ...မင်း ဘယ်မှာပါလိမ့်ကွယ်'


www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး၏ ရင်ထဲ၌ သောဏကကို တွေ့မြင်ချင်သော ဆန္ဒသည် အချိန်နှ အမျှ ကြီးထွားလာနေသည်။

'သောဏကအကြောင်း သတင်းကောင်း တစ်ဆင့်ကြားလို့ လျှောက်ထားလ မယ့်သူကို အသပြာတစ်ရာ ပေးချင်စမ်းလှတယ်၊ သောဏကကို ကိုယ်တိုင်ဒိဋ္ဌ ေ မြင်လာပြီး တွေ့နိုင်လောက်အောင် လျှောက်ထားသူကို အသပြာတစ်ထောင် ပေ ချင်စမ်းလှတယ်၊ မြေမှုန့် အတူကစားဖော် အဆွေတော်သောဏကအကြောင်း ဘယ်သူများ ငါ့ကို လျှောက်ထားနိုင်ပါ့မလဲ'

ရင်တွင်းဆန္ဒ ကြီးလွန်းလှသည့်အတွက် အရိန္ဒမမင်းကြီးသည် သူ့စိတ်ကူ သူ့ဆန္ဒကို ဂါထာသီကျူးလျက် နေတော့သည်။

ကဿ သုတွာ သတံ ဒမ္မိ၊ သဟဿံ ဒဋ္ဌသောဏကံ။

ကော မေ သောဏက မက္ခာတိ၊ သဟာယံ ပံ သုကီဠိတံ။

ညီလာခံသဘင်အတွင်း၊ စက်ရာဆောင်အတွင်း၊ ဗိုလ်ရှုခံသဘင်အတွင်း၊ တော်ဆောင်အတွင်း တစ်ချိန်လုံးပင် အရိန္ဒမမင်းကြီးသည် 'ကဿ သုတွာ သတံ ဂါထာကိုသာ သီကျူးနေလေသည်။

ဤတွင် ဗာရာဏသီ တစ်ပြည်လုံးက 'မင်းကြီး နှစ်သက်သော သီချင်း' ပ အစွဲပြုကာ လူတိုင်း လူတိုင်းပင် ဤဂါထာသီချင်းကို ရွတ်ဆိုကြလေသည်။

သို့နှင့်ပင် နောက်ထပ် ဆယ်နှစ် လွန်ခဲ့ပြန်သည်။

အရိန္ဒမမင်းကြီးတွင် သားတော် သမီးတော်များစွာ ထွန်းကားခဲ့သည်။

အရှင်သောဏက ပစ္စေကဗုဒ္ဓါလည်း အရိန္ဒမမင်းကြီး၏ ဆန္ဒကို သိတော် ကာ ကောင်းကင်ခရီးဖြင့် မင်းဥယျာဉ် အရောက်ကြွလာခဲ့လေသည်။ ဥယျာဉ်တေ အနီး ထင်းခွေလုလင်ယ်တစ်ယောက်က မင်းကြီး၏ 'ကဿ သုတွာ သတံ' ဂါထာ ရွတ်ဆိုလိုက်ရာ သောဏက ပစ္စေကဗုဒ္ဓါ ကိုယ်တော်က အဖြေပါသော ဂါထာ ထင်းခွေသူငယ်အား သင်ကြားပေးလေသည်။

အဖြေဂါထာကို ထင်းခွေသူငယ်ထံမှ ရသောအခါ အရိန္ဒမမင်းကြီးလည်း အင်္ဂါ လေးပါးနှင့်တကွ ဥယျာဉ်တွင်းသို့ ဝင်လေပြီ။

ကိလေသာသမားကြီးစင်စစ် ဖြစ်နေသော အရိန္ဒမမင်းကြီးသည် သောဏ ပစ္စေကဗုဒ္ဓါကို မမှတ်မိ။ အထီးကျန် ကပ္ပါး ဆင်းရဲသားတစ်ယောက်ဟု အထ ရောက်လေတော့သည်။



'အထီးကျန် ကပ္ပါး ဆင်းရဲသားအသွင်နဲ့ အရှင်ဟာ ဘယ်သူပါလဲ'

သောဏက ပစ္စေကဗုဒ္ဓါ အရှင်သည် မတုံ့မဆိုင်း ချေပမိန့်ကြားတော်မူလေ သည်။

'အရိယမဂ်တရားကို နာမကာယနဲ့ တွေ့ထိခံစားလျက်ရှိသူဟာ အထီးကျန် ကပ္ပါး ဆင်းရဲသားမဟုတ်ဘူး ဒကာတော်မင်းကြီး၊ တရားလက်လွတ် မတရားကို ကျင့်သူသာ အထီးကျန် ကပ္ပါး ဆင်းရဲသားဖြစ်တယ်၊ ထိုလူမျိုးသာ ကိုယ်တိုင်လဲ သူယုတ်မာဖြစ်၊ သူယုတ်မာများရဲ့ အားထားခိုကိုးရာ အယုတ္တမာကြီးလဲ ဖြစ်ပေ လတယ်'

အရိန္ဒမမင်းကြီး၏ ရာဇမာန်သို့ ထိခိုက်စူးဝင်သွားသည်။

'တပည့်တော်က ဗာရာဏသီပြည့်ရှင် အရိန္ဒမမင်းကြီး ဖြစ်ပါတယ်၊ ကာသိ မင်းရယ်လို့လဲ ဗိုလ်လူအပေါင်း သိကြပါတယ်၊ တပည့်တော်ရဲ့ မင်းစည်းစိမ် ချမ်း သာကြွယ်ဝပုံကလဲ ဇမ္ဗူဒိပ်မှာ ဟိတ်ဒြပ်ကြီးမားလှပါတယ်၊ အရှင်ဘုရားမှာ တပည့် တော်လို ချမ်းသာစွာ ခံစား စံစားခြင်း ရှိပါရဲ့လား ဘုရား၊ တပည့်တော်ပိုင်ဆိုင်တဲ့ ဥယျာဉ်ထဲမှာ အရှင်ဘုရား ကောင်းခြင်းချမ်းသာ ရရှိပါရဲ့လား ဘုရား'

သောဏက ပစ္စေကဗုဒ္ဓါအရှင်သည် မင်းကြီးထံမှ ထိုစကားကို ကြားရမည်ဟု သိတော်မူပြီး ဖြစ်လေသည်။ ဤစကားပေါ်တွင် ကိုယ်တော်တိုင် နှင်းချေသုတ်သင် ကာ တရားဓမ္မ ဟောကြားရမည်ဖြစ်လေသည်။

'ဒကာတော်မင်းကြီး၊ ရဟန်းတို့ရဲ့ ကောင်းမြတ်မင်္ဂလာ ချမ်းသာခြင်းတရား ရှစ်ပါးကို မင်းကြီး မသိနားမလည်လို့ ဒီလိုလျှောက်တင်ခြင်း ဖြစ်ပေတယ်'

'ရဟန်းတို့ရဲ့ ကောင်းမြတ်မင်္ဂလာ ချမ်းသာခြင်းဆိုတာ ဘာပါလဲ ဘုရား'

'ဒကာတော်မင်းကြီး၊ သမဏဘဒြတရားကို သင်မင်းကြီး ရှင်းလင်းသဘော ပေါက်အောင် ကျွန်ုပ် ဟောကြားရပေမယ်'

'နာကြားပါရစေ အရှင်ဘုရား'

'မင်းကြီး၊ ဥစ္စာစပါး သိမ်းဆည်းမှု မရှိခြင်းဆိုတဲ့ သမဏသုခ၊ အပြစ်ကင်း သော ဆွမ်းကို ရှာမှီးသုံးဆောင်ခြင်းဆိုတဲ့ သမဏဘဒြ သမဏသုခ၊ အေးငြိမ်းပြီး သော ဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်ခြင်းဆိုတဲ့ သမဏဘဒြ သမဏသုခ၊ ဒါယကာ ဒါယိကာမတို့အပေါ်မှာ တွယ်တာမှုကင်းခြင်း၊ ထွေးရောယှက်တင် မနေခြင်းဆိုတဲ့ သမဏဘဒြ သမဏသုခ၊ မီးအလောင်မခံရခြင်းဆိုတဲ့ သမဏဘဒြ သမဏသုခ၊



www.burmeseclassic.com

www.burmeseclassic.com



ခိုးသူအားမှ စိတ်အေးရခြင်းဆိုတဲ့ သမဏဘဒြ သမဏသုခ၊ ခိုးသူများကင်း အရှ
ရှိများ စောင့်နေသော လမ်းမှာပင် ဘေးကင်းစွာသွားနိုင်ခြင်းဆိုတဲ့ သမဏဘဒြ
သမဏသုခ၊ နေရာကောင်းကိုမငဲ့ဘဲ အရပ်တစ်ပါး သွားနိုင်ခြင်းဆိုတဲ့ သမဏဘဒြ
သမဏသုခ၊ ညှိုရှစ်ပါးသော ကောင်းခြင်းမင်္ဂလာ ချမ်းသာခြင်းတရားတို့နဲ့ ရဟန်
မှာ ပြည့်စုံပေတယ်'

အနှစ်ငါးဆယ်ပတ်လုံး ကြီးစွာသော မင်းစည်းစိမ်တွင် နစ်မြုပ်မွေ့လျော်
သည့် အရိန္ဒမမင်းကြီးမှာ ကာမဂုဏ်ဝဲသြဃမှ ထပျံတက်ရန် အခက်တွေ့နေလေ
သည်။

'အရှင်ဘုရားက သမဏဘဒြတရားများကို ဘယ်သို့ပင် ဟောကြားစေကာ
တပည့်တော်က ကာမဂုဏ်မှာ တပ်မက်သူပါ ဘုရား၊ တပည့်တော် သမဏဘဒြ
တရားများကို လိုက်နာနိုင်မှာမဟုတ်ပါဘူး၊ လူ့ဘဝဖြစ်တဲ့ ကာမဂုဏ်၊ နတ်ဘဝဖြစ်တ
ကာမဂုဏ်တို့ကိုပဲ တပည့်တော်နှစ်သက်မြတ်နိုးတာပါ၊ လူ့ဘဝ၊ နတ်ဘဝတွေက
ဘယ်လိုနည်းလမ်းကောင်းတွေနဲ့ ရနိုင်မယ်ဆိုတာပဲ သိပါရစေဘုရား'

'ကာမကို တပ်မက်သူတို့ဟာ ဒုဂ္ဂတိကိုပဲ လားရတယ် မင်းကြီး'

'နားမလည်နိုင်သေးပါ အရှင်ဘုရား'

'ပုံဆောင်တစ်ခုကို ကြည့်စမ်း မင်းကြီး၊ သမုဒ္ဒရာပြင်ကျယ်ကြီးကို မင်းကြ
စိတ်ကူးဖော်ပြီး မြင်လိုက်စမ်းပါ'

'မြင်ပါပြီဘုရား'

'အဲဒီ သမုဒ်ပြင်ကျယ်ကြီးထဲမှာ ဆင်သေကြီးတစ်ကောင် မျောလာတယ်'

'မှန်ပါဘုရား'

'အဲဒီ ဆင်သေကြီးကို စီးပြီး ကျီးတစ်ကောင် ပါလာတယ် မင်းကြီး'

'မြင်နေပါတယ် ဘုရား'

'ဒီတစ်သက်တော့ဖြင့် စားလို့မကုန်၊ ခဲလို့မကုန်ဆိုပြီး ကျီးမိုက်ဟာ ဆင်သေ
ပေါ်က မခွာတော့ဘူး'

'မှန်လှပါဘုရား'

'မြစ်လယ်ကြောကတည်းကဆင်သေကြီး စီးလာတဲ့ ကျီးဟာ ဝမ်းသာအား
အာ...အာမြည်လိုက်၊ ဆင်သေကြီးကို ထိုးဖောက်ဖဲ့နှိုက်စားလိုက်နဲ့ တဖြည်းဖြည်
လှိုင်းထန်တဲ့ သမုဒ်ပြင်ကျယ်ကြီးထဲ ရောက်လာပြီ'



'မှန်လှပါဘုရား'

'ဒီအချိန်အထိ သူ မသိသေးဘူး မင်းကြီး'

'ကျီးမိုက်ပါဘုရား'

'လှိုင်းလေတွေ ထန်လာပြီ၊ ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်ကြီးမှာ မိုး
သက် မုန်တိုင်းလဲ ကျပြီ မင်းကြီး'

'မှန်လှပါဘုရား...မှန်လှပါ ဘုရား'

'ကျီးမိုက် မသိတတ်သေးဘူး မင်းကြီး'

'မိုက်မဲမှု ကြီးစွာပါပဲ ဘုရား'

'တောင်လောက်ကြီးတဲ့ လှိုင်းကြီးတစ်လုံး လာနေပြီ မင်းကြီး'

'တပည့်တော် နားလည်ပါပြီဘုရား'

'ကျီးမိုက်ဟာ ဆောက်တည်ရာမဲ့ ပျက်စီးပြုန်းတီးသွားပြီ မင်းကြီး'

'သတိသံဝေဂ ကြီးစွာ ရပါပြီ အရှင်ဘုရား'

ကာမဂုဏ် အပြစ်တရားများကို ဟောကြားပြီးနောက် သောဏကပစ္စေကဗုဒ္ဓါ
အရှင်သည် ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူလေသည်။

'သားတော်ကြီး ဒီဃာဝု'

'မှန်ပါ ခမည်းတော်ဘုရား'

'ဗာရာဏသီထီးနန်း အရိုက်အရာကို အခုပဲ လွှဲပြောင်းခံယူပေတော့'

'အမိန့်အတိုင်းပါ ခမည်းတော်ဘုရား'

'ခမည်းတော် ဟိမဝန္တာကို အခုပဲ ဝင်တော့မယ်'

သစ်သီး အာဟာရတို့ဖြင့်သာ မျှတတော်မူပြီးနောက်တွင် ရဟန်းဖြစ်သော
အရိန္ဒမမင်းကြီးသည် ဗြဟ္မဝိဟာရ ဈာန်တရား ပွားများအားထုတ်လျက် ဗြဟ္မာ့ပြည်
သို့ လားတော်မူလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

## သောကတောင်ထု ချစ်မှုပိုခဲ့တယ်

ကြည့်နေရင်းမှာပင် အစိတ်စိတ် အမြွာမြွာ ကွဲအက်လာသည်။

ဖျိုးဖျိုးဖျစ်ဖျစ် မြည်သံများနှင့်အတူ အဝေးဆီမှ တော်လည်းသံသို့နှယ်သော အသံကြီးက အခြားမလပ် အော်ဟစ်ပြေးလွှားလာသည်။ အက်ကွဲကြောင်းတို့သည် တစ်စတစ်စ ကြီးမားကျယ်ပြန့်လာသည်။ တစ်ခဲနက်သော အစိုင်အခဲကြီးသည် မရေမတွက်နိုင်သော အစိတ်အပိုင်းများအဖြစ်သို့ မွကြေပြိုပျက်သွားသည်။ ထို့နောက်...

ပေါက်ကွဲဆူညံသံကြီးတစ်ခု ထွက်ပေါ်လာကာ အစိုင်အခဲများစွာတို့သည် အလုံးအရင်းကြီးစွာ ဖရိုဖရဲ လိမ့်ဆင်းလာကြသည်။ ကမ္ဘာလောကတစ်ခုလုံး သိမ့်သိမ့်တုန်သည့် ပိန်းပိတ်ထားအမှောင်တိုက်နှင့် ဖျိုးဖျိုးဖျတ် အလင်းထုတို့ တစ်လှည့်စီ ဖြစ်ထွန်းသည်။

တစ်ဟုန်ထိုး ကြေမွလိမ့်ဆင်းလာသော အစိုင်အခဲ ထောင်သောင်းတို့ အောက်တွင် မရှုမလှ နစ်မြုပ်သည့် တွယ်မှီဖမ်းဆုပ်စရာ မရှိ၊ လူသူမဲ့ ကယ်သူဝေး အဖြစ်။

အို...ထောင်းထောင်းပြတ်ကြွေကာ အပိုင်းပိုင်း အစစ လွင့်စဉ်ပေါက်ကွဲသွားသည့်အရာမှာ ကိုယ့်နှလုံးသားပါကလား။

*

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်မူ ဘာကိုမှ တောင့်တကြောင့်ကြစရာမလိုသော ပြည့်စုံသည့်ဘဝ၊ သ... ဝတ္တိနေပြည်တော်ဝယ် ချမ်းသာကြွယ်ဝသော သူဌေးမိဘနှစ်ပါး၏ မေတ္တာရိပ်တွ... မပူမပင် နေထိုင်ရသည့်ဘဝ ဖြစ်သည်။ အလိုဆန္ဒမှန်သမျှကို မဆိုင်းမတွ ဖြည့်စွ... ပေးကြမည့် ကျေးကျွန်အစေခံတွေလည်း အချိန်ပြည့် အဆင်သင့်။

အလိုရှိသည့်အရာကို နှုတ်မှပင် တစ်စွန်းတစ်စ ဟစရာ မလို။ လက်ကို ဝေ... ယမ်းလိုက်ရုံမျှဖြင့် ရှေ့မှောက်သို့ အပြည့်အစုံ အလျှံပယ်ရောက်လာသည်အထိ အလ... ကြိုက် အလိုက်သိသော ကျေးကျွန်များ ဖြစ်သည်။

သာဝတ္ထိနေပြည်တော်မှာ သူ့နည်းသူ့ဟန်ဖြင့် ချမ်းသာကုံလုံကြသော သူဌေး သူကြွယ်များ ရှိသည်။ ထိုမိဘများမှ ပေါက်ဖွားသော သူဌေးသားများလည်း သူ့နည်း သူ့ဟန်ဖြင့် စည်းစိမ်ကြီးကြမည် ဧကန်ဖြစ်သည်။ သို့သော် အကောင်းဆုံး ကျေး ကျွန် အစေခံ အခြွေအရံများကို ပိုင်ဆိုင်ထားခြင်းအရာမှာတော့ မိမိကို ဘယ်သူဌေး သားမျှ မမီနိုင်ကြဟု ပြောရဲသည်။

အရှင်သခင်၏ အလိုကိုဖြည့်ဆည်းရန် သူတို့တစ်တွေသည် အမြဲတစေ အဆို... တကြည့်ကြည့်ဖြင့် အသင့်ရှိနေကြသည်။ မဇ္ဈိမဒေသတစ်ခွင်၏ အကောင်းဆုံး အလုပ်အကျွေး၊ အစေအပါးများကို မိဘများက ခေါ်ယူပေးထားသည်။ ပြောကြ... စတမ်းဆိုလျှင် ကောသလမင်းကြီးသော်မှပင် မိမိလောက် ယုံကြည်စိတ်ချ အလိုက် သိတတ်စွာသော အစေအပါးမျိုး မရှိနိုင်ဟု ဆိုချင်သည်။ ဘုရင့်နန်းတော်မှ အစေ အပါး အမှုတော်ထမ်းများထဲမှ အယုတ်အလတ်အဖြစ် အဆင့်အမျိုးမျိုး ကွဲပြားနိုင် သေးသည်။ မိမိ၏ ကျေးကျွန်များမှာမူကား အမှုတော်ကို တစ်ရွေးတစ်စေ့ မချွတ် ယွင်းဘဲ အချိန်ပြည့် အလိုဆန္ဒမှန်သမျှ ဖြည့်စွမ်းပေးကြမည့် ထိပ်တန်းလက်ရွေးစင် ကျေးကျွန်များချည်း ဖြစ်သည်။

ကျေးကျွန်များအားလုံး တကယ်သစ္စာရှိ သူယုံများ ဖြစ်ကြသည့်အထဲတွင် သာဝတ္ထိတစ်မြို့လုံး တခုတ်တရ အမှတ်ထား ပြောစရာတစ်ခုကလည်း ရှိနေသည်။ ယင်းမှာ အခြားမဟုတ်။ မိမိ၏ အစေအပါးများထဲတွင် မိန်းမဟူ၍ တစ်ယောက်မျှ မရှိ။ အားလုံး ယောကျ်ားတွေချည်း ဖြစ်နေကြခြင်းပင်။

ထို့ကြောင့်ပင် သာဝတ္ထိမင်းနေပြည်ရှိ အခြား အခြားသော သူဌေးသားတွေ ကြားတွင် တစ်မျိုးတစ်ဖုံ ထူးခြားထင်ရှားကာ အမည်သတင်း မွှေးနေခြင်းပင် ဖြစ် သည်။



'အနိတ္ထိဂန္ဓ သူဌေးသားတို့ကတော့ကွာ၊ မိန်းမသားဆိုရင် အနံ့တောင် မခံ နိုင်လို့ ကျေးကျွန် အစေအပါးတောင်မှ မိန်းမတွေ မထားဘဲ ယောကျ်ားတွေချည်း ထားသတဲ့၊ ထူးလဲ ထူးပါပေကွာ'

*

ပြောကြသူများစကား မလွန်။

အကယ်ပင် မိန်းမများ၏ အနံ့ကိုတောင်မှ မိမိ မခံနိုင်။ ငယ်စဉ် ကလေးဘဝ ကတည်းကပင် အထိန်းအယ မိန်းမများနှင့် 'မတည့်' ခဲ့သူ ဖြစ်သည်။

မိန်းမတို့၏ အပွေ့အချီ အကိုင်အတွယ်ကို မခံနိုင်။ မိန်းမတို့၏ အသံကို မကြားချင်။ အဆင်းကို မမြင်ချင်။ အနံ့ကိုသော်မှပင် ရှူရှိုက်၍ မရ။ သူတို့တစ်တွေ ၏ ကိုယ်နံ့ကို လေအသင့် လွင့်ဝဲရှူရှိုက်လိုက်မိလျှင်ပင် တစ်ကိုယ်လုံး ယားယံလာ သလိုလို၊ အသက်ရှူ၍ မဝသလိုလို၊ မွန်းကျပ်ပိတ်လှောင်လာသလိုလို ခံစားရသည်။ ပဒုမ္မာကြာသည် မီးလျှံနှင့် မသက်ဆိုင်သကဲ့သို့ပင် ဖြစ်သည်။ မိန်းမဟူသော အသံ ကို ကြားလိုက်ရလျှင်ပင် ချွေးစေးများ ပြန်ကာ ညိုးချုံးနွမ်းနယ်သွားရသည်။ မိန်းမ ဆိုလျှင် ရွံလည်း ရွံ၊ ကြောက်လည်း ကြောက်သည်။ အညီအဟောက်ပမာ စက်ဆုပ် သည်။ အို... ဤလောကမှာ မိန်းမဆိုသည့် သတ္တဝါမျိုး ရှိနေခြင်းသည်ပင်လျှင် အသက်ရှူ၍ မသိုးမသန့်ဖြစ်စရာ။

ထို့ကြောင့်ပင် 'အနိတ္ထိဂန္ဓ' ဟူသော အမည်ဖြင့် မိဘများက မှည့်ခေါ်ကြခြင်း ဖြစ်ချေသည်။ ဗြဟ္မာ့ပြည်မှ ဆင်းသက်လာသူ ဖြစ်သောကြောင့် မိန်းမတို့၏ အနံ့ကို ပင် မခံနိုင်ခြင်း ဖြစ်လေသည်။

အနိတ္ထိဂန္ဓ = မိန်းမများ၏ အနံ့ကိုပင် မခံနိုင်သူ လုလင်။

သို့ဖြင့်ပင် ယောကျ်ားအစေခံများကြားထဲမှာပင် ကြီးပြင်းလာခဲ့ရသော မိမိ အရွယ်ရောက် လူလားမြောက်ခဲ့လေသည်။

'ငယ်စဉ်ကလေးဘဝမို့သာပါ၊ အရွယ်ရောက်လာရင်တော့ လူ့သဘာဝပဲ၊ မိန်းမတွေကို သူ စိတ်ဝင်စားလာမှာပါ၊ စိတ်မဝင်စားသော်မှ အခုလို မိန်းမဆိုရင် အနံ့တောင် မခံနိုင်တဲ့ဘဝကနေ လွတ်မြောက်လာမှာပါ' ဟု မိဘနှစ်ပါးနှင့် အားလုံး က ထင်ကြေးပေးကြသည်။

သူတို့အားလုံး၏ အထင် တက်တက်စင် လွဲလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အရွယ်ရောက် လူလားမြောက်သည်နှင့် ပို၍ပင် အနေကျပ်လာသည်။ အဆ ဇွန် ပြောရလျှင် မိန်းမတွေ၏ အနံ့ကို မခံနိုင်လွန်းသည့်အတွက် စံအိမ် ဝရန်တာသ ပင် မထွက်။ သာဝတ္ထိနေပြည်တော်လမ်းမပေါ်တွင် ဝတ်ကောင်းစားလှ ဝတ်ဆ အမွှေးနံ့သာ လိမ်းကျံကာ ညနေခင်းတွင် ထွက်လာကြသော သာဝတ္ထိသူ မိန်းမမျာ ကို မြင်ရမှာစိုးသည့်အတွက် ဖြစ်သည်။

'သားလေးနယ်... ဖြစ်ရလေခြင်း၊ ယောကျ်ားသားလေး ဖြစ်ပါလျက်နဲ့ အိမ် တွင်းပုန်းနေရရှာတယ်' ဟု အမိက ညည်းသည်။

အဘကမူ...

'အိမ်တွင်းပုန်း ဖြစ်နေရတာက ပြဿနာမဟုတ်ဘူး သူဌေးကတော်၊ ပြဿနာ က ဒီအတိုင်းသာဆိုရင်တော့ ကျုပ်တို့အမျိုးအနွယ် တိမ်ကောလိမ့်မယ်၊ သားကလ ဒီတစ်ယောက်ပဲ ရှိတယ်၊ ဒီသားလေးက ခုလိုဖြစ်နေတော့ အိမ်ထောင်မပြုကြင်ဘက် မရှာနဲ့ တို့အမျိုးဆက် ပျောက်သွားလိမ့်မယ်' ဟု ပြောသည်။

အမျိုးအနွယ်တူ မိန်းကလေး တစ်ဦးဦးနှင့် လက်ထပ်ရန် မိဘများက တိုက် တွန်းကြသည်။ လက်ထပ်ဖို့ ...တဲ့၊ ခါးသီးစက်ဆုပ်စွာ ငြင်းပယ်လိုက်ရသည်။ အဆင်းကိုတောင်မှ မမြင်ချင်၊ အနံ့ကိုသော်မှ မခံနိုင်ဖြစ်နေရသည့်အထဲ လက်ထပ် ရမည်တဲ့။ အလိုလေး ...မတွေးဝံ့စရာ။

တစ်နေ့တွင်မူ မိဘများက တုပ်ပြီး ချည်ပြီးစကားကို ဆိုလာကြတော့သည်။

'လူကလေး...မင်းကို အိမ်ထောင်ပြုဖို့ အကြိမ်ကြိမ် တောင်းပန်တိုက်တွန်းခဲ့ ပြီးပြီ၊ မင်းကလဲ ခါးခါးသီးသီးပဲ ငြင်းခဲ့ပြီးပြီ၊ အခုဟာကတော့ မင်းကို တောင်းပန် တာ မဟုတ်တော့ဘူး၊ တိုက်တွန်းတာမဟုတ်တော့ဘူး၊ မိဘတို့ရဲ့ ဝတ္တရားတစ်ရပ် အနေနဲ့ အမိန့်ပေးတာပဲ၊ လူရယ်လို့ဖြစ်လာရင် အမျိုးအနွယ် အစဉ်အဆက်ကို ထား ရှိစောင့်ရှောက်ရမယ့်သဘာဝ ရှိတယ်၊ မင့်ဟာက သဘာဝတရားကြီးထဲမှာ နေပြီး သဘာဝကို ဖီဆန်ချိုးဖောက်နေတယ်၊ မိဘကျေးဇူးကို သိတယ်ဆိုရာမှာ မိဘမျိုးရိုး ကို မိမိက ဆက်ခံသလို မိမိကပြန်ပြီး ပြန့်ပွားချမှတ်ပေးရမယ့် ဝတ္တရားလဲ ရှိတယ်၊ 'မွေးခံထိုက်စေ' ဆိုတာ စည်းစိမ်ဥစ္စာတွေကိုချည်း ဆက်ခံနေလို့မရဘူး၊ 'စောင့်လေ မျိုးနွယ်' ဆိုတဲ့စကားလဲ ရှိထားတယ်၊ သည်တော့ အိမ်ထောင်ပြုဖို့ကိစ္စကိုမင်း ဘယ် လိုမှ ငြင်းလို့ မရတော့ဘူး၊ မင်း အိမ်ထောင်ပြုရမယ်၊ ဒါပဲ လူကလေး'

ချစ်ခြင်းမေတ္တာ၊ မိဘကျေးဇူး၊ တာဝန်ဝတ္တရား၊ လောကလူ့ဘုံလေ၊ သဘာဝ



နိယာမ ...အားလုံးသော အကြောင်းအချက်တို့ဖြင့် ဖွဲ့စည်းထားသည့်စကား ဖြစ်လေ သည်။ မရုန်းမထွက်သာ မချေပသာတော့။

သို့သော်လည်း 'အနိတ္ထိဂန္ဓ' ဟူသော မိမိ၏ ထူးခြားသည့်ဘဝကလည်း အမိက အကြောင်းအရာဖြစ်နေသည်။ အနံ့ကိုသော်မှ မခံနိုင်သည့်ဘဝတွင် အိမ်ထောင်သာ ပြုရမည်ဆိုပါက စက်ဆုပ်ရွံရှာခြင်း ညွှန်အတွင်းဝယ် နစ်မွန်းကာ ဘဝဆုံးရန်သာ ရှိတော့သည်။

မိဘနှစ်ပါး၏ စကားနှင့် ဝေဒနာ၊ စေတနာတို့ကိုလည်း နားလည်သည်။ မိမိ အကျပ်အတည်းကိုလည်း ဖြေရှင်းရာရောက်အောင် အကောင်းဆုံးသော နည်းလမ်း တစ်ခုကိုသာ ရွေးချယ်ဆုံးဖြတ်လိုက်တော့သည်။

'ကောင်းပြီ...အဘနဲ့ အမိ၊ ကျွန်တော်အိမ်ထောင်ရေးအစီအမံကို လက်ခံတော့ မယ်၊ ဒါပေမဲ့ ခဏလေး ဆိုင်းပေးပါဦး၊ ရက်သတ္တတစ်ပတ်လောက် ဆိုင်းပေးပါဦး'

အိမ်ထောင်ပြုတော့မည်ဟူသော ကတိကြောင့် မိဘများ ဝမ်းသာသွားကြရှာ သည်။ မိမိကလည်း မိမိ၏ လျှို့ဝှက်အစီအစဉ်ကြောင့် ကျေနပ်မိလေသည်။

ဆိုင်းငံ့ကာလ ကုန်ဆုံးသွား။ မိဘနှစ်ပါးကို ပင့်ခေါ်လိုက်သည်။

မိမိ၏ တန်ဆောင်းအတွင်းတွင် ကတ္တီပါစဖြင့် ဖုံးအုပ်ထားသော တစ်စုံတစ်ခု ကို မိဘများရှေ့မှောက်တွင် ဖွင့်လှစ်ပြလိုက်သည်။

'ကိုင်း ...အဲဒါပဲ အဘနဲ့ အမိ၊ အဲဒီ ရွှေစင်ရုပ်နဲ့မခြား ချောမောလှပတဲ့ မိန်းမ မျိုး ရအောင် ရှာပေးကြပါ၊ ဒီလိုမိန်းမမျိုး ရလာရင် ကျွန်တော်လက်ထပ်မယ်'

ပန်းထိမ်ကျော်ငါးရာကိုခေါ်ကာ ရွှေစင်နိက္ခတစ်ထောင်ပေး၍ လက်ရာကုန် ထုလုပ်ထားစေသည့် 'ရွှေစင်ရုပ်' ကို မိဘနှစ်ပါးက တအံ့တသြ လှည့်ပတ်ကြည့်ရှု ကြသည်။

အကောင်းဆုံး ရွှေရည်၊ အဆုံးစွန်သော ပညာလက်ရာ၊ ရှိရှိသမျှသော သျှတ္တရ ကျမ်းများဖြင့် ညီနှိုင်းတိုက်ဆိုင်ကာ ဖွဲ့စည်းထုလုပ်ထားသော ရွှေစင်ရုပ်ကို ကြည့် ရင်း အဘ တစ်ချက်ငိုင်သွားသည်။ ထို့နောက် မိမိကို ရှုးရှုးရှုကြည့်လျက်...

'အင်း ...လုပ်လိုက်ပုံကတော့ ပိုင်ပါပေ့ကွာ၊ အပြစ်ဆိုလို့ မှဲ့တစ်ပေါက်တောင် အစွန်းအထင်း မရှိစေရအောင် ရွှေစင်ရုပ်ကို လုပ်ထားတာပါလား၊ အေးလေ...လူ ကလေးကလဲ မိဘစကား နားထောင်တော့မယ်လို့ ကတိပေးထားတာဆိုတော့ အဘ တို့ကလဲ လူကလေး အစီအမံအတိုင်း လုပ်ရတော့မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အမိကမူ…

'အို…သားလေးရဲ့ ဘုန်းကံကြောင့် ဒီရွှေစင်ရုပ်နဲ့ မခြားတဲ့မိန်းမပျိုတစ်ယောက်ကို မုချဧကန် တွေ့ကို တွေ့ရမှာပါ၊ ဒီလောကကြီးထဲက တစ်နေရာရာမှာတော့ ဒီရွှေစင်ရုပ်လို မိန်းကလေးတစ်ယောက်ဟာ သားလေးအတွက် ရှိကို ရှိရမယ်' ဟု ပြောရှာသည်။ မိမိကမူ ပိုင်နိုင်စေ့စပ်လှသော မိမိ၏ အစီအမံအတွက် ကျေနပ်အားရမဆုံး။ ရွှေစင်ရုပ်နှင့် မခြားသော မိန်းမသူဆိုတာကို ရှာကြပေဦးတော့။ မိဘများကို သနားသော်လည်း ကျိတ်၍သာ ရယ်လိုက်ချင်သည်။

မိန်းမတို့၏ ကောင်းခြင်းလက္ခဏာ အဖြာဖြာ မှန်သမျှကို သျှတ္တရကျမ်းများနှင့် တိုက်ဆိုင်လေ့လာကာ ပြစ်မျိုးမဲ့မထင် တကယ့်လက်ရွေးစင်ကိုမှ စိတ်တိုင်းကျ ထုသွန်းထားသော ဤရွှေစင်ရုပ်။

သည်သို့သော ရွှေစင်ရုပ်နှင့်မခြား လှပသည့် မိန်းမသူ ဆိုတာ ရေတစ်မှုန် တစ်မျှင်စမျှ ချွတ်ယွင်းချက်မရှိသော ဤရွှေစင်ရုပ်နှင့် ဘယ်မှာပြိုင်နိုင်မည်နည်း၊

'သားရေ… မင်းရဲ့ရွှေစင်ရုပ်တုမိန်းမလှလေးကို ရှာဖွေဖို့ ထင်ရှားကျော်ကြားတဲ့ ပုဏ္ဏားဆရာကြီးထံကို ရွှေစင်ရုပ် အပ်နှံပြီး အရှာအဖွေထွက်ခိုင်းလိုက်ပြီ' ဟု အမိက ပြောလာသည်။

ပြုံး၍သာ ခေါင်းညိတ်နေလိုက်သော်လည်း စိတ်ထဲကတော့ ကြွေးကြော်ထားပြီးသား ဖြစ်လေသည်။

'အဲဒီ ပုဏ္ဏားဆရာကြီးတွေ ဆံဖြူသွားကျိုး၊ ရွတ်တွအိုမင်းကြီးတွေ ဖြစ်၊ အို… နောက်ဆုံး ရှာသူတွေသာ ရှာရင်းဖွေရင်း သေဆုံးသွားကြမယ်၊ ရွှေစင်ရုပ်လို မိန်းမတော့ ဘယ်တော့အခါမှ တွေ့မယ်မဟုတ်ဘူး မှတ်'

*

ရက်တွေ လတွေ ကုန်ဆုံးသွားသည်။

မိမိကိုယ်တိုင်ပင် ရွှေစင်ရုပ်အကြောင်းကို မေ့နေပြီ။

ထိုအချိန်မှာပင် သာဂလမြို့မှ သဝဏ်လွှာ ရောက်လာလေသည်။

'ဟောဒီမှာ လူလေးရေ၊ မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့ကနေ အမိတို့ လွှတ်လိုက်တဲ့ ပုဏ္ဏားဆရာကြီးတွေ ပို့လွှတ်လိုက်တဲ့ သဝဏ်လွှာ'



အမိသည် ဝမ်းသာခြင်းများဖြင့် ကတုန်ကယင်ဖြစ်နေသည်။

'ရွှေစင်ရုပ်နဲ့မခြား ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ပြီတဲ့ သားရဲ့'

ဖြန်းခနဲ ကြက်သီးထသွားသည်။

'အို … ရှင်မကလဲကွာ၊ စကားကို အတိအကျပြောစမ်းပါ၊ ရွှေစင်ရုပ်နဲ့မခြား လှပချောမောတဲ့ … လို့ မပြောစမ်းပါနဲ့၊ ရွှေစင်ရုပ်ထက် ပိုပြီး တင့်တယ်လှပတဲ့ မိန်းကလေးလို့ ပြောပါ'

အဘက တနင့်တပိုးကြီး ရေရွတ်သည်။

တိခနဲ တုန်လှုပ်သွားသည်။

'ဒီလိုတဲ့ သားရဲ့၊ သာဂလမြို့ ရေချိုးဆိပ်မှာ ရွှေစင်ရုပ်ကို ချထားပြီး သူတို့ အရိပ်အခြည်ကြည့်နေကြသတဲ့၊ အဲဒီအချိန်မှာ သူဌေးအိမ်က အထိန်းတော် တစ်ယောက် ရောက်လာပြီး ရွှေစင်ရုပ်နားကို ကပ်သွားသတဲ့၊ အမှန်တော့ အဲဒီ အထိန်းတော်ကြီးဟာ ရွှေစင်ရုပ်ကို ရွှေစင်ရုပ်လို့ မထင်ဘူးလေ၊ အဲ … အနားကပ်လာပြီးတော့ …'

'အို … ရှင်မကလဲကွာ၊ ဖြစ်ခဲ့တဲ့အဖြစ်ကိုသာ လူလေးနားလည်အောင် အတိအကျ ပြောစမ်းပါ၊ ကိုယ့်ထင်မြင်ယူဆချက်တွေနဲ့ စကားဦး မသမ်းချင်စမ်းပါနဲ့၊ ဒီလိုကွ လူလေးရ၊ အထိန်းတော်ကြီးက ရွှေစင်ရုပ်နား ကပ်လာပြီး 'ဟော … ဒီကလေးဟာ သိပ်အပြောရအဆိုရ ခက်တာပဲ၊ အခုပဲ စံအိမ်မှာ ရေချိုးပေးခဲ့တဲ့ဟာကို ဘာကြောင့် ရေချိုးဆိပ် ကြိုသွားနှင့် ရောက်နှင့်နေရတာလဲလို့ ဆိုပြီး လက်နဲ့ သွားကိုင်သတဲ့၊ အဲဒီတော့မှ ရွှေစင်ရုပ်ဖြစ်နေမှန်း သိသွားတယ်၊ ဒါနဲ့ပဲ အဘတို့ရဲ့ ပုဏ္ဏားဆရာကြီးတွေလဲ အထိန်းတော်ကြီးကို မေးမြန်းစုံစမ်းပြီး စံအိမ်ကို လိုက်သွားသတဲ့၊ ပြီးတော့ အဲဒီသူဌေးသမီးနဲ့ ယှဉ်ပြီး ရွှေစင်ရုပ်ကို ချထားလိုက်ကြသတဲ့၊ လူလေးရေ … မင်းရဲ့ဘုန်းကံပဲ၊ ဆယ့်ခြောက်နှစ်ရွယ် အဲဒီသူဌေးသမီးကလေးရဲ့အလှဟာ ရွှေစင်ရုပ်နဲ့မခြား ထပ်တူ လှပရုံတင်ဘယ်ကမလဲ၊ ရွှေစင်ရုပ်ရဲ့အလှကိုတောင် သူ့အလှက ဖုံးလွှမ်းသွားသတဲ့'

'ဒါကြောင့် အမိပြောတာပေါ့၊ သားရဲ့ ဘုန်းကံကြောင့် တွေ့ကိုတွေ့ရမယ်လေ၊ အခုလေ သာဂလ သူဌေးနဲ့ သူဌေးကတော်ကြီးကို အစေ့အစပ် ပြောကြပြီးလို့ဟိုကလဲ



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ လက်ထပ်ဖို့ သဘောတူလိုက်ကြပြီတဲ့၊ ခု သာဂလကနေပြီး ပုဏ္ဏားဆရာကြီးများ ပို့လွှတ်လိုက်တဲ့ သဝဏ်မှာ ရွှေစင်ရုပ်ကို သူဌေးကြီးတို့ဆီမှာ အပ်နှံထားခဲ့ပြီး သူဌေးသမီးလေးကို သူတို့ ဆောင်ယူလာကြပြီတဲ့လေ'

တစ်ကိုယ်လုံး ယိမ်းယိုင်လဲပြိုမတတ် ဖြစ်လာသည်။ ရက်ပေါင်းများစွာ ရေငတ်ခဲ့သူလို လည်ချောင်းတစ်လျှောက်နှင့် ရင်ထဲမှာ ပူလောင်လာသည်။ မျက်ဝန်းအိမ်မှ အခိုးအလျှံများ တရှိန်ရှိန်လွင့်ထွက်နေသလို ခံစားရသည်။ ရင်အုံ၏ လက်ဝဲဘက် တစ်နေရာမှတစ်ပါး အခြားသော အင်္ဂါအစိတ်အပိုင်းအားလုံး ထုံကျဉ်ဆွံ့အသွားသည်ဟုလည်း ထင်ရသည်။ အလို ...ဘယ်လိုဖြစ်တာလဲ။

ရင်အုံ၏ လက်ဝဲဘက်ရှိ တစ်ခုသောနေရာမှ တစ်စုံတစ်ရာသည် လှုပ်ခုန်လာနေသည်။ တစ်ကိုယ်လုံးရှိ သွေးများ လှည့်ပတ်မှုသည် ထိုနေရာသို့သာ ဦးတည် စီးဆင်းနေပြီလား။

ထိုနေရာမှာ နှလုံးသည်းပွတ် ရှိသည်။

ထိုနှလုံးသည်းပွတ်သည် ပြင်းစွာ လှိုင်းခုန်လျက်ရှိနေသည်။

အသံမထွက်သော ပဲ့တင်သံများက နှလုံးအိမ်နံရံသို့ အခါမလပ် ရိုက်ခတ်မြည်ဟည်းနေတော့သည်။

အချစ် ... အချစ် ... အချစ်။

*

စခန်းတစ်ထောက် နားနေရာတိုင်းမှ သဝဏ်လွှာများ တစ်ခုပြီးတစ်ခု ရောက်လာသည်။ မည်သည့်နေ့ရက်၊ မည်သည့်အချိန်တွင် မည်သည့်မြို့ရပ်သို့ ရောက်ရှိကြောင်း၊ မည်သည့်အချိန်တွင် ထွက်လာပြီ ဆိုသည့်အကြောင်း။

ပုဏ္ဏားဆရာကြီးများ၏ သဝဏ်လွှာများ တစ်စောင်ပြီးတစ်စောင် ရောက်လာလေတိုင်း ချစ်ခြင်းသံယောဇဉ်ကြိုးများက တစ်ပတ်ပြီး တစ်ပတ် ရင်ပတ်နှောင်ဖွဲ့ကြချေသည်။ သဝဏ်လွှာများတွင် သာဝတ္ထိသို့ ပြန်လာသော ခရီးစဉ်ကိုသာမက 'သူကလေး' ၏ လှပတင့်တယ်ပုံကိုလည်း ပုဏ္ဏားဆရာကြီးများက အသေးစိတ် ရေးဖွဲ့ပေးပို့နေကြသည်။ ရွှေစင်ရုပ်ကား အချည်းနှီးဖြစ်သွားပေပြီ။ ရွှေစင်ရုပ်ပေါင်း ထောင်သောင်း ထုလုပ်ချေဦးတော့၊ ယင်းတို့သည် အဇ္ဈာကောင်းကင်ထက်မှ ကြယ်ပွင့်လေးများထက် ဘာမှပိုပြီး အရာရောက်နိုင်မည်မဟုတ်တော့။ ထိုကြယ်ပွင့်လေးများအလယ်တွင် နန်းစိုက်စံပယ်နေသော လမင်းကြီး ရှိနေပြီ။ ငွေဝန်းသော်တာကို ကြယ်ကလေးများ ဝန်းရံခစားနေကြရသည် မဟုတ်လား။ သဝဏ်လွှာများကား အချစ်၏ တစ်လွှာပြီး တစ်လွှာ ထပ်ဆင့်ပွင့်အာကြလေသော ချစ်ပန်းပွင့်ချစ်ပွင့်ချပ်များနှယ်ပင်။



'သူကလေး ...' သာဝတ္ထိသို့ ရောက်လာတော့မည်။ အို ... အနိတ္တိဂန္ဓ၏ ဗလာဟင်းလင်း ဖြစ်ခဲ့သော ရင်ခွင်ထဲသို့ အချစ်ဗိမာန်ကြီး ရောက်ရှိလာတော့မည်။ သာဝတ္ထိမြို့အဝင်မှာ ချစ်သူကို လှမ်းလင့် ကြိုဆိုရမည်။ အို ... မဟုတ်သေးပါဘူးလေ သာဝတ္ထိနယ်စပ်ကို လှမ်းလင့်ကြိုဆိုရမည်။ အို ... မဟုတ်သေးပါဘူးလေ၊ သာဝတ္ထိနယ်စပ်ကို လွန်မြောက်လျက် ဟိုးအဝေးအထိ ခရီးကြိုရမည်။

ချစ်သူနှင့် ရွှေလည်တွဲ၍ ချစ်ပွဲဝင် ...

'လူလေးရေ ... ဟောဒီမှာ ခုမနက် ရောက်လာတဲ့ သဝဏ်လွှာ'

'ဟုတ်လား အမိ၊ သူ ... သူ ... သာဝတ္ထိကို ရောက်လာတော့မယ်လား'

အမိလက်ထဲမှ သဝဏ်လွှာကို လှမ်းယူလိုက်သည်။

'လူလေးပဲ သဝဏ်လွှာဘူးကို ဖွင့်ပါကဝယ်၊ အမိတို့က စပြီး မဖတ်တော့ပါဘူး၊ အခုဟာက လူလေးက ကာယကံရှင် ဖြစ်နေပြီပဲ'

ဘူးကို ဖွင့်၍ သဝဏ်လိပ်ကို ဖြေဖြန့်လိုက်သည်။

'ဝမ်းနည်းထိခိုက်ခြင်းများဖြင့် ဤသဝဏ်ကို စေရပါတော့သည်၊ သာဂလသူဌေးသမီးငယ်ကလေးမှာ နုနည့်သိမ်မွေ့လှသည်ဖြစ်ရာ ခရီးလမ်း ပင်ပန်းမှုဒဏ်အပြင် ယာဉ်တောက်ရာမှ စွဲကပ်လာသော ဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက် ...'

'ဟဲ့ ... လူလေး၊ သား ... ဘာဖြစ်သွားတာလဲ၊ အို ... လုပ်ကြပါဦး၊ ဒုက္ခပါပဲ'

*

ကြည့်နေရင်းမှာပင် အစိတ်စိတ်အမြွှာမြွှာ ကွဲအက်၊ ဖျိုးဖျိုးဖျစ်ဖျစ်မြည်သံများ၊ အဝေးဆီမှ တော်လည်းသံကြီး၊ အက်ကွဲကြောင်းတို့ တစ်စတစ်စ ကြီးမား ကျယ်ပြန့်လာ ...။

တစ်ခဲနက်သော အစိုင်အခဲကြီး၊ မရေမတွက်နိုင်သော အစိတ်အပိုင်းများအဖြစ်သို့ မွကြေပြိုပျက်။

ပေါက်ကွဲ ဆူညံသံ၊ အလုံးအရင်းကြီးစွာ ဖရိုဖရဲ လိမ့်ဆင်း၊ ကမ္ဘာလောက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး သိမ့်သိမ့်တုန်၊ ပိန်းပိတ်သော အမှောင်တိုက်၊ ပြိုးပြိုးပြက် အလင်းထု၊ အမှောင်တိုက်၊ အလင်းထု၊ အမှောင်တိုက်...။

တွယ်မှီဖမ်းဆုပ်ရာ နတ္ထိ။ လူသူမဲ့ ကယ်သူဝေး။

အို...ထောင်းထောင်းပျက်ကြေ၊ အပိုင်းပိုင်းအစစ လွင့်စဉ်ပေါက်ကွဲသွားသည့် အရာကား ကိုယ့်နှလုံးသား။

*

'ဒုက္ခတော့ ရောက်ကုန်ကြပြီ၊ သားလေးဟာ အစာလဲ မဝင်၊ အိပ်လဲ မအိပ်၊ အခန်းထဲကလဲ မထွက်တော့ဘူး'

'ကျုပ်လဲ ဘာမှမတတ်နိုင်တော့ဘူး ရှင်မရယ်၊ ကုရာနတ္ထိ ဆေးမရှိဖြစ်နေပြီ'

'ဒီအတိုင်းဆိုရင် သားလေးပါ သေပွဲဝင်တော့မှာပဲ သူဌေးကြီးရဲ့၊ လုပ်ကြပါဦး ပုဏ္ဏားဆရာကြီးတွေရဲ့၊ မကယ်နိုင်တော့ဘူးလား'

'ကျုပ်တို့အရာ မဟုတ်တော့ဘူး သူဌေးကတော်ကြီးရယ်'

'ကယ်ကြပါ...ကယ်ကြပါ၊ ကျုပ်သားလေး နှလုံးကွဲပြီး သေပွဲဝင်ရတော့မှာလား၊ ကယ်နိုင်သူ မရှိတော့ဘူးလား'

'ရှင်မရယ်...ကျုပ်လဲ အစွမ်းကုန် ရှင်းပြခဲ့ပါပြီ၊ အခုဟာက'

'လိုချင်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်းဖြစ်ပေါ်လာရ၏၊ လိုချင်ခြင်းကြောင့် ကြောက်ရွံ့ခြင်းဖြစ်ပေါ်လာရ၏၊ လိုချင်ခြင်းမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်ပူဆွေးခြင်း၊ ကြောက်ရွံ့ခြင်း ရှိပါတော့မည်နည်း'

မြတ်စွာဘုရား၏ ဒေသနာတော်က အလုံးစုံခပ်သိမ်းကို ကုစားပေးလိုက်ပေပြီ။ ပြိုကျပျက်စီးသွားခဲ့သော အဟောင်းတို့နေရာတွင် တရားဓမ္မနှင့် ထုံမွမ်းသော တည်ငြိမ်အေးချမ်းမှုအသစ်သည် ကောင်းစွာဖြစ်ထွန်းခဲ့ပါပြီ။

မိမိ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် ဇေတဝန်ကျောင်းတော်ဆီမှ စံအိမ်သို့ ကြွရောက်ဆွမ်းခံတော်မူကာ ဗုဒ္ဓအရှင်သည် မိမိ၏ မီးလျှံတို့အား အပြီးတိုင် ငြိမ်းသတ်ပေးတော်မူခဲ့ပါပြီ။

အနိတ္ထိဂန္ဓတစ်ယောက် သောတာပန်တည်သွားပြီဟုလည်း သာဝတ္ထိတစ်မြို့လုံးမက မဇ္ဈိမဒေသတစ်ခွင်လုံး အို...စကြဝဠာတိုက်အပေါင်းသို့ အားလုံးသိစေရပါမည်။



'တပည့်တော် အနိတ္ထိဂန္ဓသည် လိုချင်ခြင်းကြောင့် ဖြစ်ပေါ်ရသော စိုးရိမ်ပူဆွေးခြင်း၊ ကြောက်ရွံ့ခြင်းများကိုလည်းကောင်း၊ လိုချင်ခြင်းမှ ကင်းလွတ်သည့်သူအား မည်သည့်စိုးရိမ်ပူဆွေးခြင်း၊ ကြောက်ရွံ့ခြင်းမျှ မဖြစ်ပေါ်တော့သည်ကိုလည်းကောင်း ကောင်းစွာနားလည်ပါပြီဘုရား'

[ဓမ္မပဒ၊ ပိယဝဂ်၊ ဒေသနာတော် – ၂၁၅]

ဝ

www.burmeseclassic.com

www.burmeseclassic.com

## မဟာပဇာပတိ ဂေါတမီ

ပြေးသူလည်း ကျွန်မ၊
လိုက်သူလည်း ကျွန်မ၊
ရှောင်မရ
ပုန်းမရ
ဖယ်မရ
ခွာမရ
အို…
ဆင်းရဲပင်ပန်းကြီးလှချေတကား…။

(၁)

အစ်မတော် မာယာဒေဝီ နတ်ရွာစံတုန်းက ဝမ်းနည်းပူဆွေးခဲ့ရသည်နှင့်လည်း မတူ။ များမကြာမီတုန်းကမှ ဝတ်ကြောင်ဘဝဖြင့် ပရိနိဗ္ဗာန်စံခဲ့လေသော မောင်တော်သုဒ္ဓေါဒန ဘုရင်မင်းမြတ်နှင့် ခွဲခွာခဲ့ရစဉ်က ဝမ်းနည်းပူဆွေးရသည်နှင့်လည်း မတူ၊ ယခု ကျွန်မခံစားခဲ့ရသော ဝေဒနာသည် ထူးထူးခြားခြား ဝမ်းနည်းပူဆွေးရသော ဝေဒနာ ဖြစ်ချေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သောသူများနှင့် ကွေကွင်းရခြင်းဆင်းရဲကို ကျွန်မ ကြိမ်ဖန်များစွာ ကြုံခဲ့လေပြီ။ သို့သော် ထိုစဉ်အခါများက ကျွန်မအတွက် ဖြေသိမ့်စရာအခြေအနေများ ရှိခဲ့သည်။ အစ်မတော် မာယာဒေဝီက သေခွဲ ခွဲသွားသည်ဆိုသော်ငြား အစ်မတော်သည် လောကသုံးပါး၏ အထွတ်အထိပ်ဖြစ်လေသော အတုမဲ့ ယောကျာ်းကောင်း ယောကျာ်းမြတ်တစ်ပါးကို မွေးဖွားပေးခဲ့လေသည်။ ဤအချက်သည်ပင်လျှင် အစ်မတော်နှင့် ကွေကွင်းရခြင်းအတွက် ဖြေသိမ့်နိုင်စရာ လုံလောက်သော အကြောင်းခြင်းရာ ဖြစ်သည်။

မောင်တော်သုဒ္ဓေါဒနဘုရင်မင်းမြတ်ကလည်း အရဟတ္တဖိုလ် ဆိုက်ကာ ထီးဖြူအောက်မှာပင် ပရိနိဗ္ဗာန်စံဝင်သွားခြင်း ဖြစ်သောကြောင့် မောင်တော့်အတွက် မောင်တော်နှင့် ပတ်သက်၍ ခံစားရသော ကျွန်မ၏ ဝေဒနာအတွက် ဖြေသိမ့်နိုင်စရာ ဖြစ်ခဲ့သည်။

ချစ်သောသူများနှင့် ကွေကွင်းခြင်း ဆင်းရဲမီး၏ အလျှံအစွယ်တို့သည် သူ့ပကတိသဘောအရ ပူပြင်းလောင်မြိုက်ချင် လောင်မြိုက်မည်။ သို့သော် ကျွန်မ၏ နှလုံးအိမ်ရှေ့မှောက်တွင်မူ သီတာရေစင်ပမာသာ ဖြစ်ခဲ့သည်။ ကျွန်မ ဆင်းရဲခြင်း ဒုက္ခကို ထိမထင်အပြုံး၊ ငြိမ်းချမ်းသောနှလုံးဖြင့် ကုစားဖြေဖျောက်နိုင်ခဲ့သည်။

ယခုမူကား...

ထို မချစ်မနှစ်သက်သူဆိုသည်ကလည်း အခြားတစ်ပါးသောသူ မဟုတ်ပေဘဲ ကျွန်မကိုယ်တိုင် ဖြစ်နေသည်။

ဟုတ်ပါသည်၊ 'မဟာပဇာပတိ ဂေါတမီအရှင်မ' ဟု ကပိလဝတ်တစ်ပြည်လုံး၊ သာကီနွယ်ဝင် တစ်ဆွေတစ်မျိုးလုံးက အလေးအမြတ်ပြုထားကြသော ကျွန်မ ကိုယ်တိုင်သည်ပင် ကျွန်မ မချစ်မနှစ်သက်သူ။

ကျွန်မသည် ကျွန်မဖြစ်နေသရွေ့ ကြီးစွာသော ဆင်းရဲဒုက္ခပင် ဖြစ်တော့သည်။ အခြားတစ်ပါးသူကို ကျွန်မ မချစ်မနှစ်သက်ပါဘူးဆိုလျှင် ထိုသူနှင့် ကင်းကွာအောင် နေလို့ရ၏။ ကျွန်မကိုယ် ကျွန်မမူကား မည်သို့မျှ ကင်းကွာအောင် နေလို့မရ။ ပြေးသူလည်း ကျွန်မ၊ လိုက်သူလည်း ကျွန်မ၊ ရှောင်မရ ပုန်းမရ၊ ဖယ်မရ ခွာမရ၊ အို... ဆင်းရဲပင်ပန်းခြင်း ကြီးလှချေသည်။

မိဖုရားခေါင်ကြီး မဟာပဇာပတိ ဂေါတမီဖြစ်နေရသော ကျွန်မကိုယ် ကျွန်မ မချစ်မနှစ်သက်နိုင်တော့ပေ။ ဤခန္ဓာ ဤရုပ် ဆောင်နေရမည့်ဘဝကို ကျွန်မ မလိုချင်တော့။ မိမိ၏ ချစ်သူများက ဤလောကဘုံမှ မြင့်မြတ်စွာ လွတ်မြောက်သွားနိုင်ခဲ့ကြပြီး ကျွန်မမှာကား ဤခန္ဓာဝန်ကြီးကို သယ်ပိုးလျက် သံသရာတွင် နစ်မျောနေရဆဲ။ လွတ်မြောက်ကြောင်း တရားကို မျက်မှောက်မပြုနိုင်သေးဘဲ နိမ့်ကျသော ဝတ်ကြောင်ဘဝဖြင့် လုံးထွေးငြိတွယ် ရစ်ပတ်နေရဆဲ။



အို... တွေးမိလေတိုင်း ယူကျုံးမရ ပြင်းစွာဖြစ်ရတော့သည်။

သာသနာတော်သို့ ဝင်၍ ရဟန်းပြုပါရစေဟု သုံးကြိမ်တိုင်တိုင် ဘုရားရှင်အထံတွင် ကျွန်မ ခွင့်တောင်းခံဖူးသည်။ လွန်ခဲ့သည့် ငါးနှစ်က ကပိလဝတ်သို့ ဘုရားရှင်ကြွချီလာတော်မူစဉ်ကတည်းကပင်။

သို့သော်...

'မြတ်စွာဘုရား၏ ဓမ္မဝိနယ သာသနာတော်မှာ မာတုဂါမ၏ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုခြင်းကို မိထွေးတော် မနှစ်သက်သင့်'

ဟု ဘုရားရှင်က သုံးကြိမ်စလုံး ပယ်ရှားတားမြစ်တော်မူခဲ့သည်။ ကျွန်မ မည်သို့မျှ မတတ်သာပါ။

အို... ဂေါတမီရယ်၊ နင်ဟာ အလေးလံဆုံးဝန်ထုပ်ကြီးကိုဦးခေါင်းပေါ် မရွက်ချင်ပါဘဲ ရွက်နေရတဲ့၊ ပစ်ချလိုလျက်နဲ့ ပစ်ချခွင့်မရတဲ့ ကုသိုလ်ကံအဆိုးဆုံး၊ ဒုက္ခအကြီးမားဆုံး မိန်းမသားတစ်ဦးပါလား။

အားငယ်စိတ်၊ ယူကျုံးမရစိတ်၊ ဝမ်းနည်းပူဆွေးစိတ်တို့ ဆီးတားမနိုင် ပေါ်လာလေတိုင်း အစ်မတော်ကိုသာ တမ်းတမိတော့သည်။

'အစ်မတော် မာယာဒေဝီရေ၊ ဂေါတမီဟာ ထက်မြက်ပြတ်သားတဲ့သူလို့ အစ်မတော် တဖွဖွပြောခဲ့တယ်နော်၊ အို ...အစ်မတော်တင် မကပါဘူးလေ၊ ဒေဝဒဟ နဲ့ ကပိလဝတ်က လူတွေအားလုံးကလဲ မဟာပဇာပတိဂေါတမီဟာ နဂိုကတည်းကမှ ဆတ်ဆတ်ထိ မခံခဲ့တဲ့ သာကီမျိုးမာန် မင်းသမီးတွေထဲမှာ အရဲဝံ့ အထက်မြက်ဆုံး အမျိုးသမီးရယ်လို့ တညီတညွတ်တည်း ပြောခဲ့ကြပါပကော၊ အခုတော့ အစ်မတော်ရေ... အဲဒီ ဂေါတမီလေ၊ အစ်မတော်ရဲ့ ညီမလေးလေ၊ အလွန်သိမ်ဖျင်းတဲ့ မိန်းမတစ်ဦး၊ အလွန်အားငယ်တွေဝေတတ်တဲ့ မိန်းမတစ်ဦး၊ အချိန်တိုင်းမှာ ကိုယ့်ကိုယ်ကို အလိုမပြည့်ဖြစ်ပြီး သောကကိုသာ စားသုံးကြီးပြင်းနေရတဲ့ မိန်းမတစ်ဦးဖြစ်နေပြီ အစ်မတော်ရဲ့၊ သိလား'



www.burmeseclassic.com

www.burmeseclassic.com



ဩော်…အနာဂတ်က မှုန်ဝါးရီဝေနေသောအခါ၊ ပစ္စုပ္ပန်က ရှုပ်ထွေးနောက်ကျိနေသောအခါ ကျွန်မအတွက် ခိုအောင်းစရာ ကာလအပိုင်းအခြားမှာ အတိတ်ကာလသာ ရှိတော့သည်။

'အစ်မတော်ရေ… ပြီးခဲ့ပြီးသား အရာတွေကို ဘာမှပြန်ပြီး အောက်မေ့တသနေစရာ မလိုဘူး၊ ပစ္စုပ္ပန်ကိုသာ မျက်မှောက်ပြု၊ ဒါမှသာ အစ်မတော်ရဲ့ အနာဂတ်က လှလှပပကြီး ရုပ်လုံးကြွလာမှာလို့ ဒေါင်းတိမောင်းတိ ပြောခဲ့ဖူးတဲ့ ဂေါတမီရယ်လေ၊ အခုတော့ အနာဂတ်ကို မျှော်ရည်ဖို့ ဝေလာဝေး၊ ပစ္စုပ္ပန်ကိုလဲ မျက်မှောက်မပြုနိုင်၊ အတိတ်ဆီကိုပဲ ထွက်ပြေးပုန်းအောင်းနေမိပါပေါ့လား၊ အတိတ်ဆီကိုပဲလေ'

(၂)

'အစ်မတော်'

'ဘာလဲ ဂေါတမီ ညီမလေး'

'ကပိလဝတ်ကို မရောက်နိုင်သေးဘူးတဲ့လား'

'တစ်စထက် တစ်စတော့ နီးလာပြီပေါ့ ဂေါတမီ၊ ဘာဖြစ်လို့လဲ၊ ကပိလဝတ်ကို ရောက်ချင်လှပြီလား'

'အဲဒီလိုမပြောစမ်းပါနဲ့ အစ်မတော်ရယ်၊ ရောက်ချင်လွန်းလို့ ထွက်လာခဲ့တဲ့ ခရီး မဟုတ်မှန်း အစ်မတော် သိပြီးသားပါ၊ ဒီဒေဝဒဟကနေ ကပိလဝတ်ကို အစ်မတော်နဲ့ ညီမတော် ထွက်လာခဲ့တာဟာ ညီမတော်တို့ရဲ့ အလိုဆန္ဒ ဆုံးဖြတ်ချက်အရ မဟုတ်ဘူးဆိုတာ အစ်မတော် သိပြီးသားပါ'

'ဒါဖြင့် ဘာလို့ မရောက်နိုင်သေးဘူးလား မရောက်နိုင်သေးဘူးလားလို့ တဖွဖွ မေးနေရသလဲ ညီမလေး'

'အို… ထွက်စရာရှိတာ ထွက်လာခဲ့ပြီးပြီ၊ ဒါကို ညီမတော်တို့ ငြင်းပယ် တွန်းလှန်လို့ မရဘူး၊ အဲဒီတော့ ရောက်စရာရှိတဲ့နေရာကို မြန်မြန်ရောက်ပြီးတော့ အဲ… တွေ့ရမယ့်လူနဲ့ မြန်မြန်တွေ့၊ ပြုဖွယ်ကိစ္စ မြန်မြန်ပြု၊ ပြီးတာပဲ မဟုတ်လား'

'အို… အဲဒီလိုမပြောနဲ့လေ ညီမလေး'

'ဒီလိုမပြောနဲ့… ဟုတ်လား၊ ဒါဖြင့် အစ်မတော်ရယ်၊ ခုလိုအချိန်မှာ ညီမလေး



တို့နှစ်ယောက် ကပိလဝတ် မသွားဘဲ ဒီမဇ္ဈိမဒေသထဲကနေ ဝေးနိုင်သမျှ အဝေးဆုံး ထွက်ပြေးကြရအောင်၊ အဲဒီလို ပြောရမှာလား'

'အို… ဟဲ့ ဂေါတမီ၊ ဘယ်လိုပြောလိုက်တာလဲ'

'အစ်မတော် စကားပြင်ပြောခိုင်းလို့ ပြောလိုက်တာလေ'

'ခက်ပါလား ညီမလေးရယ်'

'ညီမတော်က မခက်ပါဘူး၊ ခက်နေတာက သုပ္ပဗုဒ္ဓပါ၊ သူ့ကိုယ်သူ ဒေဝဒဟ ထီးနန်းသခင် ဘုရင်ဆိုပြီး အစ်မနှစ်ယောက်ရဲ့ဘဝကို သူက အုပ်ချုပ်လိုက်တာကို'

'မောင်ငယ် သုပ္ပဗုဒ္ဓကို အဲဒီလို မပြောသင့်ဘူး ညီမလေး၊ သုပ္ပဗုဒ္ဓဟာ မောင်အငယ်ဆုံး ဖြစ်ပေမယ့် ဒေဝဒဟရဲ့ သခင်လဲ ဖြစ်တယ်၊ ထက်မြက်တဲ့ သာကီနွယ်ဝင် ယောကျ်ားကောင်းလဲ ဖြစ်တယ်၊ သူဟာ အစ်မတော်တို့ရဲ့ဘဝကို အုပ်ချုပ်လိုက်တာ မဟုတ်ဘူး၊ မဟာသာကီနွယ်ဝင်တို့ရဲ့ အစဉ်အဆက် ထုံးဓလေ့ကို ထိန်းသိမ်းလိုက်နာခြင်းသာ ဖြစ်တယ်'

'ဩ…ဩ'

'ဘာဖြစ်လို့ မဲ့ရွဲ့ပြနေတာလဲ ညီမလေး'

'ဩ…အစ်မတော်က သုပ္ပဗုဒ္ဓကို ကာကွယ်နေလို့ပါ၊ ဘာတဲ့၊ မဟာသာကီနွယ်ဝင်တို့ရဲ့ အစဉ်အဆက် ထုံးဓလေ့ကို ထိန်းသိမ်းလိုက်နာခြင်းတဲ့၊ ဟုတ်လား အစ်မတော်'

'ဟုတ်တယ်လေ ညီမလေး'

'မပြုံးဘဲ ရင်ထဲ ရှိသလောက် ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်ရင် အနီးအနားက ရံရွေတော်တွေ၊ အမှုးအမတ်တွေ အမြင်ရိုင်းပြီး မဟာပဇာပတိနှယ် ရာဇဏ္ဍန္ဒြေချို့တဲ့ရန်ကောလို့ ထင်ကြရော့မယ်၊ ဒီမှာ အစ်မတော်ရဲ့'

'ဘာလဲ ညီမလေး'

'မောင်ငယ် သုပ္ပဗုဒ္ဓဟာ ကပိလဝတ်ဘုရင် သီဟ ဟနုရဲ့ သမီးတော် အမိတာကို ယူထားတဲ့အတွက် အခုအခါ သူ့ရဲ့အစ်မနှစ်ယောက်ကို  အမိတာရဲ့ အစ်ကို သုဒ္ဓေါဒနဆီ ပြန်အပ်နှင်းလိုက်တာပဲ မဟုတ်လား'

'ဟဲ့ ဟဲ့… ညီမလေး'

'ဟုတ်တိုင်းမှန်ရာကို ပြောပြနေတာ အစ်မတော်၊ ကြည့်ပါဦး… ခမည်းတော် အဥ္စနမင်းကြီးက ကပိလဝတ်က ဇယသေနဘုရင်ကြီးရဲ့ သမီးတော် ယသော်ဓရာကို



www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့တယ်၊ တစ်ခါ သူတို့ ကပိလဝတ်ဇယသေန ဘုရင်ကြီးသားတော် သီဟ ဟနုက အရိုးတော် ကစ္စနာကို ပြန်ယူတယ်၊ သူတို့ ကပိလဝတ်မှာတော့ သီဟ ဟနုမင်းကြီး ကနေပြီး သားတော် သမီးတော်တွေ အပြိုင်းအရိုင်း’

‘မပြောနဲ့တော့ ညီမလေးရယ်’

‘ပြောစရာရှိတာတော့ ပြောရတော့မှာပဲ အစ်မတော်ရေ၊ ညီမလေး ရင်ထဲမှာ မျိုသိပ်မထားနိုင်လွန်းလို့ပါ’

‘ခက်တာပဲ ညီမလေးရယ်’

‘ကြည့်ပါဦး၊ သူတို့မှာတော့ သုဒ္ဓေါဒနမင်းသား၊ သက္ကောဒနမင်းသား၊ အမိတာဒနမင်းသား၊ မိန်းကလေးတွေက အမိတာတဲ့၊ ပါလိတာတဲ့၊ မောင်နှမ ခြောက်ယောက်တောင်၊ ညီမတော်တို့မှာတော့ အစ်မတော်ရယ်၊ ညီမတော်ရယ်၊ ဒဏ္ဍပါဏိရယ်၊ သုပ္ပဗုဒ္ဓရယ် လေးယောက်တည်း ရှိရတဲ့ကြားထဲမှာ ဒဏ္ဍပါဏိ ကွယ်လွန်ခဲ့ပြန်တယ်၊ ကျန်တဲ့ သုံးယောက်မှာလဲ သုပ္ပဗုဒ္ဓတစ်ယောက်တည်း ယောကျ်ားသားကိုင်း … စဉ်းစားကြည့်ပါ အစ်မတော်၊ ဒီမှာတင်ပဲ ကပိလဝတ်ဟာ ဒေဝဒဟထက် သာနေပြီမဟုတ်လားလို့’

‘အစ်မတော်တော့ ဘာမှမပြောချင်တော့ဘူးကွယ်’

‘အို … အစ်မတော် မပြောပါနဲ့၊ ညီမတော် ပြောမှာပါ’

‘ပြောတာတော့ ပြောပေါ့ ဂေါတမီ၊ ဒါပေမဲ့ ဆင်ဆင်ခြင်ခြင် …’

‘ခမည်းတော် အဥ္စနနဲ့ မယ်တော် ယသော်ဓရာတို့ရဲ့ သမီးပါ အစ်မတော်၊ ဆင်ခြင်တိုင်းထွာတတ်တဲ့ အသိ ရှိပြီးသားပါ၊ ဒါပေမဲ့ ဒေဝဒဟနဲ့ ကပိလဝတ်ကြားမှာ ကိုယ်က ဆင်ဆင်ခြင်ခြင်ရှိပေမယ့် ကျန်တဲ့သူတွေက ကိုယ့်လိုမဟုတ်ကြလေတော့ ဒီဆင်ခြင်တိုင်းထွာဉာဏ်ကို သိပ်ထည့်တွက်စရာ မလိုပါဘူး’

‘ကျန်တဲ့သူတွေ … ဟုတ်လား’

‘ဟုတ်တယ်လေ အစ်မတော်၊ ကဲ … သူများ မကြည့်နဲ့၊ မောင်ငယ် သုပ္ပဗုဒ္ဓကိုပဲ ကြည့်၊ သူများနှမတစ်ယောက်ကို ကိုယ်ယူတာနဲ့ပဲ ကိုယ့်အစ်မတစ်ယောက်ကို သူများလက်ထဲ ထိုးအပ်လိုက်တယ်လေ၊ ဒါဟာ ဒေဝဒဟဘုရင်ရဲ့ ဆင်ခြင်ဉာဏ်တဲ့လား၊ ဒါဟာ သုပ္ပဗုဒ္ဓဆိုတဲ့ လူသားတစ်ဦးရဲ့ ဆုံးဖြတ်ချက်တဲ့လား၊ ဒီလို ယူကြပေးကြခန်းမှာ မဟာမာယာနဲ့ မဟာပဇာပတိဆိုတဲ့ မိန်းမသားနှစ်ဦးရဲ့ နှလုံးသားကိုကော ထည့်မတွက်ကြဘူးတဲ့လား။ မဟာမာယာနဲ့ မဟာပဇာပတိညီအစ်မ နှစ်



ယောက်ဟာ ဒေဝဒဟရဲ့ ထီးသွေးနန်းသွေးမကလို့ စကြဝတေးမင်းရဲ့ သမီးတော်တွေ ဖြစ်နေနေ လူသားတွေပဲ၊ လူသားမိန်းမတွေပဲဆိုတာကို အဲဒီ သုပ္ပဗုဒ္ဓဘုရင်တို့၊ ကပိလဝတ်က သုဒ္ဓေါဒနဘုရင်တို့ ထည့်မစဉ်းစားကြတော့ဘူးတဲ့လားဟင်’

‘………’

‘သြော် … အစ်မတော်မျက်ရည်ကျတယ်လား၊ ငိုလိုက် အစ်မတော် … ငိုပစ်လိုက်ပါ၊ မျက်ရည်သည်သာလျှင် မိန်းမသားတို့ရဲ့ အဖော်ပဲ မဟုတ်လား၊ ဒီ မဇ္ဈိမမှာ၊ ဒီသာကီနွယ်ဝင် မျိုးရိုးကြီးထဲမှာ ညီမတော်တို့ မိန်းမသားတွေရဲ့ ခိုအောင်း လဲလျောင်းရာဟာ ငိုကြွေးခြင်းပဲ ရှိတာမဟုတ်လား၊ ငို … ငိုပစ်လိုက် အစ်မတော်၊ ဒေဝဒဟ ဘုရင်ရဲ့ အစ်မတော်ကြီး မဟာမာယာဟာ မိန်းမသားတစ်ဦးဖြစ်တယ်ဆိုတာ သက်သေပြရအောင်၊ ဟောဒီ လောကကြီး သိသွားအောင် ငိုသာ ငိုပစ်’

‘တော်ပါတော့ ညီမလေးရယ်၊ ဆက်မပြောပါနဲ့တော့’

‘အခုမှတော့ တားဖို့ မကြိုးစားနဲ့တော့ အစ်မတော်ရေ၊ ကပိလဝတ်နဲ့ တစ်စတစ်စ နီးလာတဲ့ ခရီးအကြားမှာ ညီမတော်ရဲ့ ဝေဒနာတွေကိုလဲ တစ်ဆင့်ပြီး တစ်ဆင့်သာ ထုတ်သွားပါရစေတော့၊ ဒီခရီးကို ညီမတော်တို့ရဲ့ ဝေဒနာနဲ့ခင်းပြီး လျှောက်သွားကြတယ်လို့သာ သဘောထားပါတော့၊ ကပိလဝတ်ရောက်ရင် ညီမတော်တို့ဟာ ခုလို ပြောနိုင် ဆိုနိုင် ဖွင့်နိုင် အန်နိုင်ဖို့ အခွင့်အရေး ရကြတော့မှာ မဟုတ်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ မဟာမာယာနဲ့ မဟာပဇာပတိတို့ဟာ ကပိလဝတ်ဘုရင် သုဒ္ဓေါဒနရဲ့ မယား …’

‘ဟဲ့ ဟဲ့ … အို … ဂေါတမီ၊ နားရက်စရာတွေ’

‘ရှက်စရာမလိုပါဘူး အစ်မတော်ရယ်၊ ရှက်ရမှာက ညီမတော်တို့ မဟုတ်ပါဘူး၊ သူတို့ပါ၊ သူတို့ပါ၊ သုပ္ပဗုဒ္ဓဘုရင်နဲ့ သုဒ္ဓေါဒနဘုရင်ပါ၊ ပြီးတော့ မိန်းမသားတွေရဲ့ နှလုံးသားကို ပြက်ရယ်ပြုတော်မူနိုင်ကြတဲ့ သာကီနွယ်ဝင်တွေပါ’

‘ညီမလေး၊ အစ်မတော် တောင်းပန်ပါရစေတော့ကွယ်’

‘ညီမတော် တကယ်ပဲ စိတ်မကောင်းပါဘူး အစ်မတော်၊ ဒါပေမဲ့ အချစ်ဆိုတာ ဘာမှန်းမသိရဘဲနဲ့ တစ်ယောက်ကိုတစ်ယောက်တောင် သေချာစွာ မတွေ့ဖူးမလေ့လာဖူးသေးတဲ့ အမျိုးသားနဲ့ အမျိုးသမီးတွေရဲ့ မဟာလက်ထပ်ပွဲသဘင်ကြီးကို ရင်နာလွန်းလို့ပါ’



www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် သုဒ္ဓေါဒနဘုရင်ဟာ ယောကျ်ားကောင်းတစ်ယောက်ပါ ညီမလေးရယ်'

'သြော်... ယောကျ်ားကောင်း၊ သူ့ဆီကို လက်ထပ်ဖို့ ခရီးဝေးက လာကြတဲ့ မိန်းမသားနှစ်ဦးကို နန်းတော်က ထိုင်စောင့်နေတဲ့ ယောကျ်ားကောင်းပေကိုး၊ အင်း လေ... ဘုရင် သုဒ္ဓေါဒနဟာ ယောကျ်ားကောင်းဆိုတော့ မဟာမာယာနဲ့ မဟာပဇာပတိ တို့ဟာ မိန်းမ...'

'ဂေါတမီ... တော်တော့လို့ အစ်မတော် ပြောနေတယ်'

'ကောင်းပါပြီ အစ်မတော်၊ ကောင်းပါပြီ၊ အစ်မတော်ရဲ့အမိန့်ကို နာခံရမယ့် ညီမလေးပါ၊ ဒီက ရှေ့ကို ညီမလေး ဘာမှမပြောတော့ပါဘူး၊ နှုတ်လျှာ ဆွံ့အသူ တစ်ယောက်နဲ့မခြား ညီမတော် နေပါတော့မယ်၊ မဇ္ဈိမဒေသမှာ ကပိလဝတ်ဘုရင် ရဲ့ စကားမပြောသော မိဖုရား မဟာပဇာပတိဆိုတဲ့ အမည်နာမကို ဆင်ယင်လိုက် ပါတော့မယ်'

'အေး၊ စကားမပြောခြင်းဟာ ညီမလေးရဲ့ ဘေးကင်းလုံခြုံမှုပဲ၊ ဟောဟိုရှေ့ မှာ ဘာလဲ၊ ကြည့်စမ်း ညီမလေး'

'.........'

'အဲဒါ လုမ္ဗိနီပဲ ညီမလေး၊ အင်ကြင်းပင်တွေ ခက်ချင်း ပွင့်ချင်း ယှဉ်ပြိုင်နေ ကြတဲ့ လုမ္ဗိနီဟာ ဒေဝဒဟနဲ့ ကပိလဝတ်တို့ရဲ့ခရီး ဗဟိုစခန်းလေ'

'.........'

'ကပိလဝတ်ဘုရင်က လုမ္ဗိနီက လာကြိုနေမယ်လို့ အထောက်တော်များ သတင်းပို့ထားကြတယ်'

'.........'

'ဆင်၊ မြင်း စစ်သည်တော်တွေ၊ တံခွန် အလံတော်တွေနဲ့ အကြိုတော်တပ်ဖွဲ့ တွေကို မြင်နေရပြီ၊ ညီမတော် ဟောဟိုရှေ့ဆုံးက မြင်းဖြူကြီးကို စီးလာတာ ကပိ လဝတ် ဘုရင်ပေါ့၊ ကဲ... ထ၊ ညီမလေး'

'.........'

'သြော်... ခက်ပါလား ညီမလေးရယ်'



(၃)

တကယ်ပင် ကျွန်မ ရေငုံနှုတ်ပိတ် နေလိုက်တော့သည်။ ကပိလဝတ်ဘုရင် သုဒ္ဓေါဒနသည် အစ်မတော်ပြောသလို ယောကျ်ားကောင်းတစ်ဦး ဖြစ်ကောင်း ဖြစ် မည်။ သို့သော် ကျွန်မ စိတ်မဝင်စား။ ကျွန်မတို့ကို ကြီးစွာသော အဆောင်အယောင် ဖြင့် ကြိုဆိုသည်ကိုလည်း ကျွန်မ မသိကျိုးကျွန်ပြုထားလိုက်သည်။ လုမ္ဗိနီမှ ကပိ လဝတ် နန်းတော်အရောက် ခရီးတစ်လျှောက်လုံးတွင် မည်သူ့ကိုမျှ စကားမပြော တော့ဘဲ အားလုံးကို ဘာသိဘာသာ နေလိုက်သည်။ ကပိလဝတ်ဘုရင်သည် ပြုံး ရွှင်သော မျက်နှာဖြင့် ကျွန်မကို ကြိုဆိုနှုတ်ဆက်စကား ဆိုလာပေသည်။ ရင်းရင်း နှီးနှီး မတွေ့ဖူး၊ မဆိုဖူး။ အို... အချစ်ဆိုသော နှောင်ကြိုးဖြင့် သွယ်တန်းဖို့ ဆိုသည် မှာ ဝေးစွ၊ ပီဘိ သူစိမ်းပြင်ပြင်ဖြစ်ပေသော ထိုကပိလဝတ်ဘုရင်အပေါ်တွင် ကျွန်မ ၏ စိတ်နှလုံးကို ညွတ်နူးစေအောင် ကျွန်မ ဖန်တီး၍မရ၊ ဖန်လည်း မဖန်တီးနိုင်။ ထို့ကြောင့် သူ၏ ညွှန်ခံကြိုဆိုမှုသည်လည်း မည်မျှပင် ခမ်းနားကြီးကျယ်နေစေ၊ ကျွန်မအတွက်ကား ခြောက်သွေ့သော တွေ့ဆုံပွဲပင် ဖြစ်နေသည်။

အစ်မတော်ကား အံ့သြလောက်စရာ အမျိုးသမီးပါပေ။

အစ်မတော်၏ သဘောထားပြည့်ဝမှု၊ ရင့်ကျက်တည်ငြိမ်မှုတို့သည် ဒေဝဒဟ ဆွေတော်မျိုးစုတို့အတွက် ဂုဏ်ယူစရာဖြစ်နေမည်မှာ မလွဲ။ ရင့်ကျက်သော ဣန္ဒြေ ဖြင့် တင့်တယ်စွာ လှပနေသော အစ်မတော်လို မိန်းမသားမျိုးကို မည်သည့် မဇ္ဈိမ ဘုရင်မဆို မြတ်နိုးနှစ်ခြိုက်ကြပေမည်။ အစ်မတော်၏ တည်ငြိမ်ခိုင်ခံ့မှုကို တွေ့ရ သောအခါ အလိုလိုပင် အစ်မတော်နှင့် ကျွန်မကို နှိုင်းယှဉ်မိတော့သည်။

ဒေဝဒဟက ညီအစ်မနှစ်ယောက် မဟာမာယာနှင့် မဟာပဇာပတိ၊ အင်း... ကွာလိုက်လေခြင်းဟု ဆိုရတော့မည်သာ။

သို့သော်လည်း ဤကွာဟချက်အတွက် ကျွန်မစိုးစဉ်းမျှ စိတ်အနှောင့်အယှက် မဖြစ်မိရိုး အမှန်ပင်။ အစ်မတော်၏ တည်ငြိမ်လေးနက် ရင့်ကျက်ခြင်းမျိုး ကျွန်မ မှာ မရှိသည့်အတွက်လည်း ကျွန်မ ဝမ်းမနည်းပါ။ ပြောကြစတမ်းဆိုလျှင် အစ်မ တော်၏ ဗဟိဒ္ဓနှင့် အဇ္ဈတ္တသဏ္ဍာန် နှစ်ခုစလုံးကို ကျွန်မ လေးစားချစ်ခင်သည် မှန် သော်လည်း အားကျစိတ်ကား ဖြစ်မလာပါ။

အကြောင်းက အစ်မတော်မှာလည်း ကျွန်မလို မဟုတ်လျှင်မခံ၊ မမှန် ထင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ပြော၊ ဟောဟောဒိုင်းဒိုင်း။ ခပ်ရိုင်းရိုင်း ခပ်ရမ်းရမ်း မိန်းမကြမ်းတစ်ယောက်၊ သဏ္ဌာန်မျိုး မရှိသောကြောင့်ပင် ဖြစ်သည်။ ဤအတွက်လည်း အစ်မတော်သည် ကျွန်မနှယ်ပင် အားကျစိတ် ဖြစ်ပေါ်လိမ့်မည်မဟုတ်။

ကျွန်မ ထင်သည်။

လောကမှာ မိန်းမသား နှစ်မျိုးနှစ်စား ရှိသည်။ မဟာမာယာလို မိန်းမသားမျိုးနှင့် ကျွန်မလို မိန်းမသားမျိုး။

ဤနှစ်မျိုးနှစ်စားဖြင့် လောကသည် ပြည့်စုံလှပနေသည်ဟု။

ပန်းပင်တစ်ပင်နှင့် သာဓကဆောင်ရလျှင်…

အစ်မတော်သည် နှင်းဆီပွင့်ဖြစ်သည်။ ကျွန်မက ဆူးဖြစ်သည်။ နှင်းဆီပင်၏ ဂုဏ်အင်္ဂါမှာ အပွင့်နှင့် ဆူးပဲ ဖြစ်သည်။ ကျွန်မလို ဆူးသာ မရှိပါက နှင်းဆီပွင့်၏ အန္တရာယ်မှာ ပြောမဆုံးအောင် ကြီးမားပေတော့မည်။

အကြင်သူသည် နှင်းဆီတစ်ပင်ကို စိုက်ပျိုးအံ့၊ သို့မဟုတ် စိုက်ပြီး ပွင့်ပြီး နှင်းဆီပင်ကို အလိုရှိအံ့၊ သူသည် အပွင့်နှင့်တကွသော ဆူး၊ ဆူးနှင့်တကွသော အပွင့်တို့ကို မလွှဲမသွေ လက်ခံရလိမ့်မည်။ ရတနာပန်းအိုးထဲမှာ နှင်းဆီကိုင်းကို ချိုး၍ အပွင့်ကို ထည့်ထားဦးမလား။ ထည့်ထားစမ်းပါစေလေ။ ကိုင်းတွင် အစီအရီပေါက်နေသော ဆူးချွန်လေးများကို အရုပ်ဆိုး အကျည်းတန်သည်ဟု ဆိုကာ ဆူးချွန်လေးများကို ဖယ်ရှားကြည့်စမ်းလေ။ အဲဒီကိုင်းဟာ အင်္ဂါမစုံလင်တဲ့ကိုင်း ဖြစ်သွားမည်။ ဆူးရှိသော နှင်းဆီပင်သာလျှင် ဂုဏ်မြောက်သော နှင်းဆီပွင့် ဖြစ်သည်။

ကိုင်း…အစ်မတော် မာယာဒေဝီရေ၊ အစွမ်းကုန် ပွင့်လိုက်စမ်း၊ အစွမ်းကုန် လှလိုက်စမ်း။ အကိုင်းရဲ့ ပတ်ပတ်လည်မှာ ညီမတော် မဟာပဇာပတိဆိုတဲ့ ဆူးလေးတွေ ရှိနေတယ်။

ကပိလဝတ်ဘုရင်ရေ…ရတနာပန်းအိုးထဲမှာ နှင်းဆီပွင့်ကိုထိုးစိုက်မလို့လား။ ဆူးချွန်လေးတွေကို ရှင် ဖယ်ရှားလို့ မရပေဘူးနော။

'ညီမလေးတစ်ယောက်တည်း ဘာတွေ စဉ်းစားပြီး ပြုံးနေတာလဲ၊ ကပိလဝတ်ပြည်ထဲ ဝင်လာပြီ။ ဣန္ဒြေနဲ့ နေစမ်း'

ဣန္ဒြေနဲ့…၊ ကောင်းပါပြီ အစ်မတော်၊ ကပိလဝတ်ဘုရင်ရဲ့ ကြင်ရာတော်လောင်း ဆိုတော့ ရာဇဣန္ဒြေလေး ဆောင်ရပေမပေါ့။ ကျွန်မ မျက်နှာထား တင်းပြလိုက်တယ်။



'ခက်ပါလား ဂေါတမီရယ်၊ အပြုံးကို ရုပ်သိမ်းပြန်တော့လဲ မျက်နှာကြီးက တင်းလို့၊ ညီမလေး အဲဒီလို နေတော့လဲ တစ်မျိုးလှတာပါပဲ၊ တင်းမာသော အလှပေါ့လေ'.

သည်လို ကြားလိုက်ရပြန်တော့လည်း ကျွန်မ ရှက်သွားသည်။ ဩော်…ဘာပဲဖြစ်ဖြစ် မိန်းမသားသည် မိန်းမသားပါလား။ ကိုယ့်ကို လှတယ်ပြောတော့လည်း ရှက်မိသေးသည်။ ရှက်သည့်ကြားထဲက သဘောကျသည်။ ပြီးတော့ အစ်မတော်က အကြီး၊ အကြီး၏ရှေ့တွင် အငယ်သည် အငယ်သာဖြစ်သည်။

ရှက်ခြင်း၊ သဘောကျခြင်း။ အစ်မတော်ကို ချစ်ခြင်း၊ ပြီးတော့… ပြီးတော့… အို…ဂေါတမီ၊ နင် ဘာဖြစ်သွားတာလဲ၊ ရင်ထဲမှာ တလှပ်လှပ်ရင်တွေခုန်နေသည်။ ကပိလဝတ်နန်းတော် လှေကားမုခ်သို့ ရောက်နေပြီ။ ဝေါယာဉ်တော်ထမ်းတို့က ကျွန်မ၏ ဝေါကို အသာအယာ အောက်သို့ချသည်။

အစ်မတော်ကတော့ ဝေါပေါ်မှ ဆင်းနေပြီ။ ကပိလဝတ်ဘုရင်က အစ်မတော်ကို လေးမြတ်ခြင်းအပြည့်ပါသော အသွင်ဖြင့် ရွှေလက်တော် ဆွဲကိုင်ကာ ဝေါပေါ်မှ တွဲခေါ်ယူနေသည်။

ကပ်လျက်ပါလာသော ကျွန်မ၏ ဝေါယာဉ်တော် မြေသို့ ထိသွားသည်။

ကပိလဝတ်ဘုရင်က ကျွန်မရှိရာ လျှောက်လာသည်။ အစ်မတော်ကို ရွှေလက်တွဲကိုင်လျက်သား။ ပြုံးရွှင်သော မျက်နှာ၊ ခန့်ထည်လေးနက်သော မျက်လုံးများ၊ သာကီမင်းတို့၏ ဖြူဆွတ်နီကျင်သော အသားအရေ။

အို…ကျွန်မ ဘယ်လိုဖြစ်သွားပါလိမ့်။

မျက်လွှာချလိုက်မိသည် ထင်သည်။

ကျွန်မလက်ကို ပူနွေးနူးညံ့သော လက်တစ်ခုက တင်းကျပ်စွာ ဆုပ်ကိုင်လာသည်။ ကပိလဝတ်ဘုရင်၏ လက်ဝဲလက်။

'ဟောဟိုက နန်းဆောင်လှေကားထစ်တွေဆီ သွားလိုက်ကြစို့ နှမတော် ဂေါတမီ၊ အဲဒီလှေကားထစ်တွေက အစပြုပြီး မောင်တော်ရယ်၊ နှမတော်မာယာဒေဝီရယ်၊ နှမတော် ဂေါတမီရယ် သုံးဦးသား လေးနက်ကြွယ်ဝတဲ့ဘဝဆီကို လှမ်းတက်သွားကြစို့၊ လာပါ ဂေါတမီ'

တုန်လှုပ်စွာ မျက်လွှာပင့်ကြည့်မိသည်။

ရွှန်းလက်သော မျက်ဝန်းနှစ်စုံကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အို…ကပိလဝတ်ဘုရင်နဲ့ တခြားနန်းတွင်းသားတွေသာ ရှိမနေဘူးဆိုရင် ညီမလေးလေ အစ်မတော်ရဲ့ ရင်ခွင်ထဲ ခေါင်းဝင်ဝှေ့ပြီး 'ညီမလေး ရှက်လိုက်တာ အစ်မတော်ရယ်' လို့ ပြောမိမှာ အမှန်ပါပဲ။

(၄)

ဒေဝဒဟတွင် ပင်တိုင်နန်းစံအဖြစ် နေခဲ့ရသည့်ဘဝနှင့် ယခုကပိလဝတ်တွင် ဘုရင်သုဒ္ဓေါဒန၏ မိဖုရားခေါင်အဖြစ် နေရသည့်ဘဝတို့မှာ များစွာကွာခြားသွားသည်ကို ကျွန်မ တွေ့လာရလေသည်။

ဟိုတုန်းက ဘုရင် သုပ္ပဗုဒ္ဓ၏ အစ်မတော်ငယ်အဖြစ် ရရှိသုံးစွဲခဲ့ရသော အာဏာသည်လည်း ကျယ်ဝန်းကြီးမားခဲ့ရိုး မှန်ပေသည်။ သို့သော် ဒေဝဒဟ၏ တကယ့်သက်ဦးဆံပိုင် ဘုရင့်အာဏာမှာ မောင်ငယ် သုပ္ပဗုဒ္ဓလက်ထဲတွင်သာ အပြည့်အဝရှိခဲ့သည်။ ဘုရင့်အစ်မတော်ဟူသည့် ဂုဏ်ပုဒ်သာ ရှိသည်။ အစ်မတော်မှာ ပင်ကိုကတည်းက အေးဆေးတည်ငြိမ်သူဖြစ်သည့်အလျောက် ထီးမူနန်းရာတွင် အစ်မတော်သည် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခြင်း မရှိခဲ့။ ခမ်းနားသိုက်မြိုက်လွန်းသော မဟာဣန္ဒြေအားဖြင့်ပင် အစ်မတော်၏ မိဖုရားခေါင်ကြီးဘဝမှာ ပြည့်စုံပြီးသား ဖြစ်သွားသည်။

မောင်တော် သုဒ္ဓေါဒနကိုယ်တိုင်ပင်လျှင် အစ်မတော်အပေါ်၌ မြတ်နိုးလေးစားမှု ရှိနေသည်ကို ကျွန်မတွေ့ရသည်။ မိဖုရားခေါင်ကြီးတစ်ပါးအဖြစ်ထက် အစ်မတော်ကြီးတစ်ပါးအဖြစ် ပို၍လေးစားပုံရသည်။

ထိုအခါ မြားမြောင်လှစွာသော ကပိလဝတ် ထီးနန်းရေးရာတို့အတွင်းသို့ ကျွန်မသည် အလိုအလျောက် ဝင်ရောက်မိလျက်သား ဖြစ်သွားလေသည်။ မောင်တော် ဘုရင်မင်းမြတ်သည် အကြောင်းကိစ္စကြီးငယ် ရှိလေတိုင်း ကျွန်မနှင့်သာ တရင်းတနှီးတိုင်ပင်ဆွေးနွေးခဲ့သည်။ ကပိလဝတ်မိဖုရားခေါင်ကြီး ဖြစ်လာသော ကျွန်မသည် ဒေဝဒဟဘုရင်၏ အစ်မ ဖြစ်နေခြင်းကလည်း နှစ်ပြည်ထောင် ချစ်ကြည်ရေးကို ကောင်းစွာ အထောက်အကူဖြစ်စေလေသည်။

ဒေဝဒဟနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမရှိသော်လည်း ကပိလဝတ်နှင့် နယ်ခြားချင်း တစ်ဆက်တည်းစပ်နေသော ကောလိယပြည်ကား လျစ်လျူရှု



ထား၍မရသော ပြဿနာဖြစ်နေသည်။ ကောလိပြည်အရေး ဆွေးနွေးလေတိုင်း မောင်တော်သုဒ္ဓေါဒနသည် ကျွန်မထံမှ အကြံဉာဏ်တောင်းခံတတ်လေသည်။

တစ်ခါတစ်ရံ ကောလိယကို စစ်ထိုးရန် အမှူးအမတ်တို့က အကြံပေးတတ်ကြသောအခါများ၌ မောင်တော်သုဒ္ဓေါဒနသည် ကျွန်မအဆောင်တော်သို့ ရောက်လာတတ်သည်။

'ကောလိယကို စစ်မျက်နှာဖွင့်ဖို့ပဲ သူတို့ အတွင်းသား ဆိုနေကြတယ် နှမတော်ခေါ်တမိ'

'ဘယ်သူတွေကလဲ မောင်တော်'

'နန်းတွင်းက အထက်တန်း အမှူးအမတ်တွေပေါ့ နှမတော်'

'ခေါင်းဆောင်လုပ်သူက ဗက အမတ်ကြီးမဟုတ်လား'

'ဟုတ်တယ်၊ ဗက ခေါင်းဆောင်မှန်း နှမတော် ဘယ်လိုလုပ် သိသလဲ'

'နှမတော်ဒေဝဒဟ ပင်တိုင်စံဘဝကတည်းက ဗက အမတ်ကြီးအကြောင်း သိတာပါ မောင်တော်ရယ်၊ ဗက ဟာ ဉာဏ်ပညာအမြော်အမြင် ကြီးမားတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ စိတ်လှုပ်ရှားလွယ်တယ်၊ စိတ်ဆတ်တယ်၊ သူ့စိတ်ထဲမှာ တစ်ခုခုကို မမှန်ဘူးထင်ရင် တစ်စုံတစ်ယောက်ကို ရန်သူအဖြစ် သတ်မှတ်ဖို့ ဝန်မလေးတဲ့သူပဲ'

'ဗက, က စိတ်လှုပ်ရှားလွယ်သတဲ့လား၊ ဒါဖြင့် နှမတော်ကကော'

မောင်တော် သုဒ္ဓေါဒနက ကျွန်မကို ပြုံးကြည့်ရင်း မေးသည်။

'နှမတော်ကလား၊ အို…နှမတော်က စိတ်လှုပ်ရှားလွယ်တာမဟုတ်ဘူး၊ အမြဲတမ်း စိတ်လှုပ်ရှားနေတတ်တာ'

'ဟား…ဟား…ဟား' ရယ်၍ သူ ဆက်ပြောလေသည်။

'ထားပါတော့လေ၊ အဲဒီကောလိယ အရေးကို နှမတော် ဘယ်လို သဘောရလဲ'

'ကောလိယအရေး…'

'ဟုတ်တယ်လေ၊ အမြဲတမ်းလိုလို ရန်စောင်နေကြတဲ့ နယ်ခြားစောင့် ကင်းစခန်းတွေရဲ့ ပြဿနာတွေဟာ နန်းတော်ဆီကို ခဏခဏရောက်လာတာ နှမတော် မသိပဲ'

'ရောဟိနီမြစ်ရေကို အကြောင်းပြုတာချည်းပဲမဟုတ်လား မောင်တော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ရောဟိနီကလဲ ကပိလဝတ်နဲ့ ကောလိယနှစ်မြို့အကြားအလယ် ဗဟိုနေရာမှ ဖြတ်ပြီး စီးနေတာကိုး'

'မိုးခေါင်တဲ့ အခါတွေမှာ ပြဿနာကြီးငယ် ပိုများလာတတ်တယ် မဟုတ်လား မောင်တော်၊ ရောဟိနီမြစ်ရေနဲ့ ရေသွယ်မြောင်းဖောက် စိုက်ပျိုးလုပ်ကိုင်ကြတဲ့ လူတွေကနေ ပြဿနာစ,တာ မဟုတ်လား'

'နှမတော်အသိပဲ'

'မိန်းမသားတစ်ယောက်အနေနဲ့ စကားတစ်ခွန်း၊ ကပိလဝတ်ဘုရင်ရဲ့ မိဖုရားခေါင်ကြီး အနေနဲ့ စကားတစ်ခွန်း၊ နှစ်ခွန်းသောစကားနဲ့ နှမတော် အကြံပေးချင်ပါတယ် မောင်တော်'

'ပြောစမ်း ဂေါတမီ... ပြောစမ်း၊ မင်းပေးမယ့် အကြံဉာဏ်ကို မောင်တော် အင်မတန်စိတ်ဝင်စားပါတယ်'

မောင်တော်သုဒ္ဓေါဒနသည် စိတ်အားတက်ကြွလာသောအခါများတွင် ဤသို့ ပင် ထီးရိပ်နန်းရိပ်သွင်များကို မေ့လျော့ကာ မင်းတစ်ခွန်း ကိုယ်တစ်ခွန်း ဖြစ်လာ တတ်သည်။

ကျွန်မ အသက်ပြင်းပြင်း ရှိုက်လိုက်သည်။

'ပြောပါ့မယ် မောင်တော်၊ ပထမပြောမယ့်စကားက မိန်းမသားတစ်ယောက် အနေနဲ့ ပြောမှာပါ၊ မိန်းမသားဆိုတာဟာ စကြဝဠာ မန္တတ်မင်းရဲ့ မဟေသီ မိဖုရားခေါင်ကြီးကအစ ဖုန်းတောင်းယာစကာ ဇာတ်အနိမ့်ဆုံးသူများရဲ့ ဇနီးမယားအဆုံး ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ မောင်ဖားမိဘ လင်သား သားသမီးတို့ရဲ့ ခွန်အားနဲ့ အလင်္ကာရောင် တောက်ပရသူပါ'

'အင်း...'

'ဖြစ်နိုင်မယ်ဆိုရင် ကိုယ့်ခင်ပွန်း၊ ကိုယ့်သား၊ ကိုယ့်သမီးကို ရင်အုပ်မကွာ ကိုယ်ကပဲ ပြုစုစောင့်ရှောက်ထားချင်ကြတဲ့ သူတွေပါ၊ ကိုယ့်ချစ်သူများကို လက် တစ်ကမ်းအကွာရဲ့ ဟိုဘက်အထိတောင် အဝေးမရောက်စေချင်သူတွေပါ'

'ဂေါတမီ စကားပြောကောင်းလိုက်လေကွယ်'

'ဂေါတမီက စကားပြောကောင်းတာမဟုတ်ပါဘူး မောင်တော်၊ မိန်းမသား တစ်ဦးရဲ့အဖြစ်က စကားပြောကောင်းတာ နေမှာပါ'

'အေးပါကွယ်၊ ဆက်ပြောစမ်း...ဆက်ပြောစမ်း'



'အဲဒီလို ကိုယ့်လင်သား ကိုယ့်သားသမီးကို အမြဲ အရိပ်တကြည့်ကြည့် နေ ချင်ကြတဲ့ မိန်းမသားအဖို့ အချိန်တန်လို့ အိမ်ပြန်လာမှာကို သိပါလျက်နဲ့တောင် လယ်ယာဈေးခင်း ရေခြားမြေခြား မလွှတ်ချင်ပါဘူး'

'အင်း...'

'ဒီလောက်တောင် သံယောဇဉ်ကြီး တင်းရာကြတဲ့ မိန်းမသားတွေအဖို့ ကိုယ့် ခင်ပွန်း ကိုယ့်သား အိမ်ပြန်ရောက် မရောက် မသေချာတဲ့၊ အို... ပြန်မရောက်ဖို့ များ တဲ့ စစ်မြေပြင်ဆိုတဲ့ အရပ်ကို ဘယ်လိုများ လွှတ်ချင်ကြမလဲ၊ မောင်တော် စဉ်းစား ကြည့်ပါ'

'ဂေါတမီ...မင်း ကိုယ့်ကို ချည်နှောင်ပြီး စကားပြောနေပြီ'

'မောင်တော်ကြိုက်သလို ယူဆပါ၊ နိုင်ငံရဲ့ မျိုးနွယ်စုအတွက် အသက်ပေးသွား တဲ့ သူရဲကောင်းကြီးရဲ့ မိခင်အာဇာနည်ဆိုတဲ့ ဘွဲ့ကြီးကိုတောင် မလွဲသာလို့ လက်ခံ ကြရရှာတာပါ၊ တကယ်တော့ အဲဒီဘွဲ့ထက် အသက်ရှင်သန်နေရင်းနဲ့ လောက ကောင်းကျိုးပြုသော သူရဲကောင်း၏ မိခင်ဆိုတဲ့ အမည်နာမကိုသာ ပိုပြီး မြတ်နိုး လိုလားကြပါတယ်'

'ကိုယ် မငြင်းနိုင်ဘူး ဂေါတမီ'

'ဒီကမ္ဘာမြေပြင်မှာ စစ်ဆိုတဲ့ သားရိုင်းတိရစ္ဆာန်ကြီး ကွယ်ပျောက်စေချင်တဲ့ ဆန္ဒဟာ မိခင် မိန်းမသားတွေမှာ အပြင်းထန်ဆုံးပါ မောင်တော်'

'ဂေါတမီ... မင်းဟာ မိခင်တစ်ဦး ဖြစ်မလာသေးဘဲနဲ့တောင် မိခင်တို့ အကြောင်း ပြောတတ်နေပြီလား'

'မိန်းမသားတိုင်းမှာ မိခင်အမြုတေ ရှိပါတယ် မောင်တော်'

'ဒါကိုလဲ မောင်တော် ကန့်ကွက်စရာမရှိပေဘူး'

'ဒါကြောင့်လဲ စစ်ကို မလိုလားတဲ့ မိခင်များကိုယ်စား မိန်းမသားတစ်ဦး ဖြစ် တဲ့ နှမတော်က ကောလိယစစ်မြေပြင်ကို မဖွင့်ပါနဲ့လို့ နှလုံးသားနဲ့ အရေးစကား ဆို ပါရစေ မောင်တော်'

သူ အတော်ကြာကြာ တိတ်ဆိတ်နေသည်။ အဝေးဆီသို့ မျှော်ငေးရင်း တစ်စုံ တစ်ရာကို လေးနက်စွာ တွေးနေဟန်ရှိသည်။ ပြီးမှ ကျွန်မဘက် လှည့်ကာ...

'မောင်တော် နားလည်ပြီ၊ နောက်တစ်ခု ဆက်ပြောစမ်း'

'ကောင်းပါပြီ မောင်တော်၊ နောက်တစ်ခုကတော့ ကပိလဝတ်ဘုရင်ရဲ့ မိဖုရား



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကြီးအနေနဲ့ ပြောရမယ့်စကား ဖြစ်ပါတယ်၊ စိတ်လှုပ်ရှားလွယ် သွေးဆူလွ
တဲ့ ဗကအမတ်ရဲ့စကားကို နားမဝင်ပါနဲ့၊ ကပိလဝတ်နဲ့ ကောလိယ နယ်ခြားစ
ကင်းတပ်တွေနဲ့ ရောဟိနီမြစ်ရေကို သွယ်ယူစိုက်ပျိုးရေး လုပ်ငန်းနှစ်ခုအတွ
လျောက်ပတ်တဲ့ အကြီးအမှူးတစ်ယောက်ကို အမြန်ခန့်ထားဖို့ပါ'

'လျောက်ပတ်တဲ့ အကြီးအမှူးတဲ့လား၊ ကဲ... ဘယ်လိုအရည်အသွေးမျိုး ရှိ
မလဲ၊ ဂေါတမီ ဆက်ပြောစမ်း'

'ကောလိယသားတွေ ရန်စောင်ပုတ်ခတ်တာကိုလဲ မျက်ကွယ်ပြုနိုင်ရမယ
ကပိလဝတ်ရဲ့ ဂုဏ်သိက္ခာကိုလဲ ထိန်းသိမ်းတတ်ရမယ်၊ တစ်ဖက်က အစပျိုးလ
တဲ့ပြဿနာကို ပြဿနာနဲ့ မတုံ့ပြန်ဘဲ ညင်သာသိမ်မွေ့စွာ ကျေအေးမယ့် နည်
လမ်းမျိုး အသုံးပြုနိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ရမယ်'

'အင်း... နှမတော် ပေးတဲ့အကြံဟာ သင့်မြတ်တဲ့ အကြံပေပဲ၊ သို့သော် ဒီလ
အရည်အသွေးမျိုးနဲ့ ပြည့်စုံတဲ့ အကြီးအမှူး အတော်ရှားလိမ့်မယ် နှမတော်'

'ဒီအရည်အသွေးမျိုးနဲ့ တစ်ထပ်တည်း မပြည့်စုံသော်မှ အလားအလာရှိသ
တစ်ယောက်ယောက်ကို ရွေးချယ်ပြီး နယ်ခြားပို့ပေးလိုက်ရင် ဒီဌ သင်ခန်းစာတွေ
က သူ့ကို တောက်ပြောင်ထက်မြက်လာစေပါလိမ့်မယ် မောင်တော်'

မောင်တော်သုဒ္ဓေါဒနသည် ထိုင်ရာမှ ထကာ ကျွန်မ၏လက်ကို အသာအယာ
ဖျစ်ညှစ်ဆုပ်ယမ်းလေသည်။

'ကောင်းလှပေတယ် နှမတော် ဂေါတမီ၊ ကိုယ့်ထက်ငယ်ရွယ်သူ မိဖုရား ဖြစ်
သော်လဲ နှမတော်ကို မောင်တော်ကျေးဇူးတင်စွာနဲ့ ချစ်မြတ်နိုးရကြောင်း ပြောချင်
တယ်၊ ကိုင်း... မောင်တော် သွားမယ်'

'ကောင်းပါပြီ မောင်တော် ဘုရင်မင်းမြတ်'

(၅)

ကပိလဝတ်၊ ကောလိယ နှစ်နိုင်ငံအကြား မည်သည့်ပြဿနာမျှ မပေါ်ခဲ့ပေ
ဤသည်မှာလည်း နယ်ခြားစောင့်ကင်းတပ်နှင့် ရောဟိနီမြစ်ရေ သွယ်ယူစိုက်ပျိုးရေး
လုပ်ငန်းကို ကြီးမှူးရသော အမတ်စစ်သည် ခေါင်းဆောင်၏ ကျွမ်းကျင်လိမ္မာမှု
ကြောင့်သာ ဖြစ်ပေလိမ့်မည်။



သို့သော်လည်း မောင်တော်သုဒ္ဓေါဒနကမူ ဤအရေးအတွက် ကျွန်မကိုသာ
တဖွဖွ ချီးကျူးမဆုံးရှိခဲ့လေသည်။ လင်သည်၏ ချီးကျူးဂုဏ်ပြုမှုကို ကြည်နူး သာ
ယာမိသည် မှန်သော်လည်း တကယ့်တကယ်မှု စိတ်မလုံလှပါ။ အစ်မတော်များ
ဤအကြောင်းကို ကြားခဲ့လျှင် 'ဂေါတမီတစ်ယောက် တိုင်းရေးပြည်ရာတွေ ဘာ
တွေများ ဝင်လို့၊ တယ်လဲ ပြောင်းလဲနေပါလား' ဟု ပြောမည်လား မသိ။

စင်စစ်မူ အပြောကျယ်လှသော တိုင်းရေးပြည်ရာ နန်းတွင်းအရေးအရာများ၌
ကျွန်မသည် တတ်သိနှံ့စပ်သည် မဟုတ်လှကြောင်း၊ ကျွန်မကိုယ် ကျွန်မ အသိဆုံး
ပင် ဖြစ်ပေမည်။ ကပိလဝတ်နန်းတော်တွင် ဆိုင်ရာဆိုင်ရာ အစုစု အမှုထမ်းများ၊
အမှူးအမတ် အကြီးအကဲများ များစွာ ရှိနေလေသည်။ သူတို့ဝန်တာနှင့် သူတို့ ကျွမ်း
ကျင်လိမ္မာကြသူများလည်း ဖြစ်ပေသည်။ သို့သော် ကျွန်မသည် ကပိလဝတ် – ကော
လိယ ရေးမှုစ၍ ထိုရှုပ်ထွေးမြားမြောင်လှသော အရေးကိစ္စများထဲသို့ တဖြည်းဖြည်း
ချဉ်းနင်းဝင်ရောက်မှန်းမသိ ဝင်ရောက်လာခဲ့မိသည်။

မိဖုရားခေါင်ကြီးတစ်ပါးအနေနှင့် အုပ်ချုပ်မှုတာဝန်များကို မလွှဲမရှောင်သာ
ယူလာရသည်တွင် ကျွန်မသည် ဒေဝဒဟ ပင်တိုင်စံဘဝက လေ့လာဆည်းပူးခဲ့ရ
သော ပညာရပ်များကို ပြန်လည်ဖော်ထုတ်ဆင်ခြင်၍ အစွမ်းကုန် အသုံးချရတော့
သည်။ ဘုရင့်သမီးတော်များ တတ်သိနားလည်အပ်သော ရာဇ၊ လောက၊ ဥပဒေသ
များနှင့် နီတိဗျူဟာတို့သည် ဤနေရာတွင် များစွာအသုံးကျကြောင်း ကျွန်မဝန်ခံ
ရပါမည်။

သို့သော်...

အရေးကြီးသော အမှုကိစ္စများနှင့် ပတ်သက်၍ အဆုံးသတ် ဆုံးဖြတ်ချက်မျိုး၊
မိဖုရားခေါင်ကြီး၏ အာဏာတော်ကို အသုံးပြုကာ အမိန့်တော်ပြန်ရမည့် အခါမျိုး
ရောက်လေတိုင်း ကျွန်မ တကယ်တမ်းအသုံးချသောအရာမှာ ဦးနှောက်မဟုတ်ပေ။
ကျွန်မ၏ အသည်းနှလုံးသာ ဖြစ်သည်။ ထိုအသည်းနှလုံးသည်လည်း ဤကမ္ဘာ
မဟာကတွင် ရှိလေသမျှသော မိန်းမတကာတို့ထက် ပို၍ အားကောင်းမောင်းသန်
ထူးထူးခြားခြား အသည်းနှလုံးမျိုး မဟုတ်ပါ။ အခြားမိန်းမသားတို့တွင်း ကိန်းဝပ်
သော အသည်းနှလုံးမျိုးသာလျှင် ကျွန်မ ဂေါတမီ၌ ပိုင်ဆိုင်ထားလေသည်။

ထိုနှလုံးသားကိုပင် ကျွန်မ အဓိကအင်အားအဖြစ် ကျွန်မ အသုံးပြုခဲ့ခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုနှလုံးသားဖြင့်ပင် လောကကို ကျွန်မကြည့်မြင်သည်။ ထိုနှလုံးသားအ
ပင် ကျွန်မသည် မိဖုရားခေါင်ကြီး အမိန့်တော်များကို ချမှတ်သည်။

ဤအမှုသည် အလွန်ရိုးစင်းသောအမှုပင် ဖြစ်ချေသည်။

ရိုးစင်းမှုသည်ပင်လျှင် အခိုင်ခံ့ဆုံးအင်အား၊ အကြွယ်ဝဆုံးအလှ ဖြစ်သည်ပ
ကျွန်မ တစ်စထက်တစ်စ သဘောပေါက်လာခဲ့တော့သည်။ ခမ်းနားကြွယ်ဝ သိုက်
မြိုက် ထည်ဝါလွန်းလှသော ကပိလဝတ်မိဖုရားခေါင်ကြီးတစ်ပါး၏ ဘဝအဖြစ်ထ
၌ ရိုးစင်းသော နှလုံးသား မပျောက်မပျက် ပိုင်ဆိုင်ထားရခြင်းအတွက် ကျွန်မကိုယ
ကျွန်မ ကျေးဇူးတင်မိတော့သည်။

ဤသို့ဖြင့်ပင် ...

ဘုရင် သုဒ္ဓေါဒန၏ မိဖုရားကြီးတစ်ပါးအဖြစ် စိတ်ဝင်စားဖွယ် နှစ်ကာလမျ
ကို ကျွန်မ ဖြတ်သန်းခဲ့လေသည်။

ဤကာလများအတွင်း ကျွန်မသည် မောင်တော် သုဒ္ဓေါဒနနှင့်အတူ မြင်
ရထားဖြင့်လည်းကောင်း၊ ဆင်ဖြင့်လည်းကောင်း၊ ဝေါယာဉ်တော်ဖြင့်လည်းကောင်
ကပိလဝတ်နိုင်ငံတော်အတွင်း တစ်နံတစ်လျား ခရီးလှည့်လည်ဖြစ်ခဲ့သည်။ အစ်မ
တော်ကား ဤခရီးများတွင် လိုက်ပါမလာသည်က များသည်။

အစ်မတော် မဟာမာယာကား ထူးထူးခြားခြား လေးနက်လွန်းလှပေသူပင်
ကပိလဝတ်၏ မဟေသီဖြစ်လာသည့်အခါ ယခင်ကထက် ပို၍ နက်ရှိုင်းသောအသွ
ကို ဆောင်လာသည်။ သို့သော် အစ်မတော်၏ ကျက်သရေရှိလွန်းသော အလှမှ
မဟာဣန္ဒြေကြောင့် တင်းမာနေခြင်းမရှိ။ အစ်မတော်၏ မျက်နှာတော်ကား ဘယ
တော့မျှ ဆုတ်ကွယ်လိမ့်မည်မဟုတ်သော ထာဝစဉ်ပြည့်ရွှန်းနေသော လဝန်းကြီ
အလားပင် ဖြစ်သည်။

အေးမြတည်ငြိမ်သော ရောင်ခြည်တို့ အစဉ်မပြတ် ထွန်းဖြာနေသည်။ ပြုံးရယ
ခြင်း ကင်းသော်လည်း အမြဲပင် ချိုမြနေသည်။ ကျွန်မလို နေရာတိုင်းတွင် ပါဝ
လှုပ်ရှားခြင်း မရှိသော်လည်း အရာရာကို တိုးလျှိုပေါက်သိထားသည့် မျက်လုံးမျ
ကို ပိုင်ဆိုင်ထားသည်။

တိုင်းရေးပြည်မှုတို့ဖြင့် ပင်ပန်းနွမ်းနယ်လာသောအခါများတွင် အစ်မတော
ထံ ကျွန်မ အခစားဝင်ရသည်။ အစ်မတော်၏ မျက်နှာကို မြင်လိုက်ရသည်ဆိုလျှင်



ပင် ကုန်ခန်းလျော့ပါးနေသော ကျွန်မ၏ အင်အားများမှာ အလိုလိုပြည့်ဖြိုး လန်း
ဆတ်လာခဲ့သည်ချည်းပင်။

ဪ... လောကကို မြင့်မားဝေသီတောင်ထွတ်ကြီးများ တစ်ခုပမာ စကား
ဆိုရပါက အစ်မတော်သည် ထိုတောင်ထွတ်ပေါ်သို့ အလိုလိုပကတိ ရောက်နေသူ
ပင် ဖြစ်လေမည်။ ကျွန်မကား မြပဝါ ရင်မှာစည်း၍ ချွေးဒီးဒီးကျကာ ကုပ်ကုပ်ခဲခဲ
တက်ပြီးမှ ရောက်ရသူ ဖြစ်လေမည်။

ချမ်းမြေ့စွာ တည်ငြိမ်လှသော အစ်မတော်၏ ဘဝ။ နွေးထွေးစွာ လှုပ်ရှားရ
သော ကျွန်မ၏ ဘဝ။ ဒေဝဒဟဘုရင့်သမီးတော် ညီအစ်မများ ဖြစ်ပါလျက်ချင်း
အတူတူ ဘာကြောင့်များ အစ်မတော်နှင့် ကျွန်မ ဤမျှခြားနားရလေသနည်းဟု တစ်
ခါ တစ်ခါ တွေးမိသည်။ ကျွန်မ အဖြေရှာမတွေ့ခဲ့ပါ။

တစ်ခုပဲ ရေးရေးမှုန်မှုန် နားလည်သလိုလိုရှိသည်။

ကျွန်မ၏ ရုန်းကန်လှုပ်ရှား ကြိုးပမ်းမှုများသည် ယခုမှ အစ ရှိသေးသည်။

အစ်မတော်ကား နှစ်ကာလပေါင်း ထောင်သောင်းချီ၍ လှုပ်ရှားရုန်းကန် ကြိုး
ပမ်းခဲ့ပြီးသူ ဖြစ်သည်။

ကျွန်မက အခုမှ အပင်စိုက်နေသူ။

အစ်မတော်ကား အပွင့်ကိုပင် ဆင်မြန်းနေနိုင်ခွင့် ရထားသူ။

အားကျနစ်လို ကြည်ညိုလိုက်ပါဘိ အစ်မတော်ရယ်။

(၆)

မလွဲသာ မရှောင်သာသော ဘဝ။

ဒေဝဒဟနှင့် ကပိလဝတ် နှစ်နိုင်ငံ၏ မဟာမိတ်ကို ပိုမိုလေးနက်ခိုင်မာ မြဲမြံ
စေမည့် နှောင်ကြိုးအသစ်ကို ဖွဲ့ချည်မိလေပြီ။

နှစ်ပြည်ထောင်၏ လုပသော အနာဂတ်ကို အားကောင်းမောင်းသန် ဖန်တီး
ကြမည့် ရတနာနှစ်ပါးသည် အစ်မတော်နှင့် ကျွန်မတို့ နှစ်ဦးစလုံးအထံ၌ ကိန်းဝပ်
ကြပြီ ဖြစ်သည်။

မောင်တော် သုဒ္ဓေါဒနကား ရာဇဣန္ဒြေကိုပင် မငဲ့ကွက်နိုင်တော့အောင် လှုပ်
ရှား ဝမ်းမြောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သားယောကျ်ားလေးတွေပဲ ဖြစ်ရမယ်၊ မဏ္ဍိမဒေသနဲ့ ဇမ္ဗူဒိပ်တစ်ခွင်လုံ
အစိုးရမယ့် သားကောင်း ယောကျ်ားမြတ်တွေပဲ ဖြစ်ရမယ်'

အစ်မတော်က မျက်လွှာချနေသော်လည်း ကျွန်မကတော့ မနေနိုင်။

'နှမတော်တို့လဲ သိပါတယ်၊ သားပဲဖြစ်မှာပါ'

ကောင်းခြင်းမင်္ဂလာသတင်းသည် ကပိလဝတ်တစ်ပြည်လုံးသို့ ကူးပျံ့သ
သည်။ အစ်မတော်တော့ဘယ်သို့နေမည်မသိ၊ ကျွန်မအဖို့ကား မိခင်တစ်ယော
ဖြစ်ရတော့မည်ဟူသော အသိက ထူးထူးခြားခြား ထိနိုက်ကြည်နူးစေလေသ
အချိန်ရှိသရွေ့ မွေးဖွားလာမည့် ရင်သွေးငယ်အကြောင်းကို တွေးနေမိသည်။ အ
တော်ကလည်း သားယောကျ်ား ဖွားမြင်မည်။ ကျွန်မကလည်း သားယောကျ်ား
မြင်မည်။ မိခင်နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး လွန်စွာချစ်ခင်မြတ်နိုးခဲ့ကြသည်
သောကြောင့် သားနှစ်ယောက်တို့လည်း ခေါင်းတက်ခြေနင်း တစ်အူထုံ့ဆင်း
မခြား တစ်ယောက်အပေါ်တစ်ယောက် လွန်စွာချစ်ခင်မြတ်နိုးကြရမည်။ အစ်မ
အပေါ်၌ ကျွန်မ ကြည်ညိုလေးမြတ်ချစ်ခင်သလို အစ်မတော်၏ သားကိုလ
ကျွန်မ၏သားက ကြည်ညိုလေးမြတ် ချစ်ခင်ရမည်။ ဟုတ်သည်။ အစ်မတော်
သားသည် ကျွန်မ၏သားအတွက် လေးစားအားထားဖွယ် ဖြစ်ရမည်။

နှုတ်ကြာငုံသန္ဓေရင့်မာလာပြီဖြစ်သောကြောင့် မောင်တော်သုဒ္ဓေါဒနသ
ကျွန်မကို ယခင်ကလိုတိုင်းရေးပြည်ရာ နန်းတွင်းအမှုအခင်းများ၌ ပင်ပင်ပန်းပ
ပါဝင်စေခြင်း မပြုတော့ဘဲ အေးဆေးသက်သာစွာ အနားယူစေသည်။ နှစ်ကို
ကျန်းမာရေးကိုလည်း ကျွန်မတို့ ဂရုစိုက်ကြရသည်။ အထိန်းအယု အမှုတော်လ
မောင်းမ အခြွေအရံများကိုလည်း ယခင်ထက်တိုး၍ ခစားစေသည်။ လိုအပ်သ
မှန်သမျှ မရှိဘဝ မရောက်စေရအောင် အထူးထူးသော ပဏ္ဏာပစ္စည်းများဖြင့် အ
ပယ် ကြွယ်ဝစေသည်။

မဏ္ဍိမတစ်ခွင်မှ ကောင်းချီးမင်္ဂလာစကား ဆိုလာသော သဝဏ်များလ
ရောက်မစဲ တဖွဲဖွဲပင်။ သဝဏ်နှင့်အတူတကွ ပါရှိလာသော လက်ဆောင်များ
လည်း အဖိုးထိုက် အဖိုးတန် အစုံအလင်။ သားတော်တို့၏ ဘုန်းတန်ခိုးကို မ
မြင်ကတည်းက ကျွန်မ သိနေရသလိုပင်။

ဆက်လာသမျှ သဝဏ်တိုင်းလိုလိုမှာပင် ကပိလဝတ်၏ ရတနာနှစ်ပါးသ



မဏ္ဍိမသာမက ဇမ္ဗူဒိပ်တစ်ခွင်ကိုပင် ကျက်သရေဆောင်ကြမည်ဟု ယုံကြည်ပါ
ကြောင်း၊ လေးမြတ်ခံညားပါကြောင်း စသည်ဖြင့် ရေးသားထားကြသည်။

သို့သော်...

သဝဏ်စေ၍တစ်ဖုံ၊ တမန်တော်လွှတ်၍ တစ်နည်း၊ ကိုယ်တိုင် ကြွရောက်၍
တစ်သွယ် အမျိုးမျိုး ဝမ်းမြောက်ဂုဏ်ပြုကြသော နိုင်ငံအများအပြားထဲတွင် တစ်ခု
သော နိုင်ငံသည် ပါမလာခဲ့။

ယင်းမှာ ဒေဝဒဟ ဖြစ်သည်။

(၇)

မောင်ငယ် သုပ္ပဗုဒ္ဓ ဤမျှအထိ ရာဇဂုဏ်မောက်နေမည်ဟု ကျွန်မ မထင်မိခဲ့။
ငယ်စဉ်က နန်းတော်အတွင်း မောင်နှမတစ်တွေ အတူကြီးပြင်းခဲ့ကြရာတွင် သုပ္ပ
ဗုဒ္ဓကို မောင်ငယ်အထွေးဆုံးအဖြစ် ကျွန်မတို့ အလိုလိုက် အရေးပေးခဲ့ကြသည်။
ဟိုစဉ်ကတည်းကပင် သုပ္ပဗုဒ္ဓသည် ရွှေနန်းတော်တစ်ခုလုံး၏ ဖူးဖူးမှုတ် အရေး
ပေးမှုခံရသည်ဖြစ်လေရာ အားလုံး၏ မေတ္တာအပေါ်တွင် ဆိုးချင်တိုင်း ဆိုးခဲ့ပေ
သည်။ ကွယ်လွန်သွားရှာသော မောင်အကြီး ဒဏ္ဍပါဏိခမျာမှာ သုပ္ပဗုဒ္ဓ၏ ထိုးနှက်
မှုကို အများဆုံး ခံရရှာသူဖြစ်သည်။ သုပ္ပဗုဒ္ဓနှင့်တကျက်ကျက် ခဏခဏဖြစ်ရသူ
မှာ ကျွန်မပင်။

ခမည်းတော်အဥ္စနမင်းကြီးကိုယ်တော်တိုင်ကပင် တစ်နေ့မှာ ဒေဝဒဟ ထီး
နန်းကိုဆက်ခံမယ့် သားတော်လေး သုပ္ပဗုဒ္ဓကို ငယ်စဉ်ကတည်းက အမျက်စောင်
မာန် မပြင်းထန်ရအောင် သုခမိန်များက ကွပ်ညှပ်ဆုံးမပေးရလိမ့်မည်ဟု မိန့်တော်
မှုခဲ့ဖူးသည်။

ခမည်းတော်၏စကား မှန်လေပြီ။

ဒေဝဒဟ၏ ရွှေနန်းရှင်ဖြစ်လာသောအခါ သုပ္ပဗုဒ္ဓ၏ ခက်ထန်မောက်မာခြင်း
အကွင်းသဏ္ဌာန်သည် ပို၍ကြီးထွားလာချေသည်။

'ညီမတော် ဟိုကတည်းက ပြောတယ် မဟုတ်လား အစ်မတော်၊ သုပ္ပဗုဒ္ဓရဲ့
မောက်မာတတ်တဲ့ စိတ်သဏ္ဌာန်ဟာ ဒေဝဒဟထီးနန်းသခင်ဆိုတဲ့ဘဝနဲ့ ပေါင်းစပ်
မိရင် မီးလျှံလို ပူပြင်းတောက်လောင်လာလိမ့်မယ်ဆိုတာ'



www.burmeseclassic.com

www.burmeseclassic.com



အစ်မတော်က ငြိမ်သက်နေသည်။

ကျွန်မသာလျှင် မခံချိမခံသာ အဖြစ်ရဆုံး။

'သိပ်ရှက်စရာကောင်းနေပြီ မောင်တော်မင်းကြီး၊ မဇ္ဈိမမှာ ရှိတဲ့ တခြားနို တစ်ခုခုက ဆိုပါစို့၊ ဟိုဂဏနဲ့ အုပ်ချုပ်နေကြတဲ့ လိစ္ဆဝီမျိုးစုတွေကနေပြီး သဝ မပို့ ဝမ်းမြောက်စကား မဆိုဘူးဆိုရင် ဒါဟာ အံ့ဩစရာမရှိပါဘူး၊ အခုဟာက ဒဟ၊ ကိုယ့်မောင်ငယ်ရဲ့ တိုင်းပြည်၊ ကပိလဝတ်ရဲ့မျိုးဆက်အဆွေ အရင်းချာ နိုင်ငံက...'

စိတ်ထိခိုက်လှုပ်ရှားလွန်းသဖြင့် ကျွန်မ စကားပင် ဆက်မပြောနိုင်တော့

မောင်တော်သုဒ္ဓေါဒနလည်း နဖူးရေများ တွန့်လိပ်လာသည်အထိ စိတ်ရှု ရှားစွာ တွေးနေဟန်ရှိသည်။

'သဝဏ်တွေ၊ ပဏ္ဏာတွေ စရောက်လာကတည်းက နှမတော်လေးဒေဝဒ က သုပ္ပဗုဒ္ဓရဲ့ တံဆိပ်တော်ပါတဲ့ သဝဏ်ကို စောင့်ခဲ့မိတယ်၊ ရှာခဲ့မိတယ်၊ မပါ ဒေဝဒဟ မပါဘူး'

'သက်သက်သာသာနေစမ်းပါ နှမတော်'

'အို...မနေနိုင်ဘူး မောင်တော်၊ ဒါဟာ စားလုံဆင်မြင်းနဲ့ စစ်မက်ပြုတာထ ပိုပြီးဆိုးတဲ့ ရန်စမှုပဲ'

ကျွန်မ၏စကားကို မည်သူမျှ မငြင်းနိုင်ကြ။ အစ်မတော်နှင့် မောင်တော်မ ကြီးတို့မှာတော့ ရင့်ကျက်လေးနက်သူများပီပီ အမျက်ကို ထိန်းသိမ်းနိုင်ကြပေလ မည်။ ကျွန်မအဖို့ကား ဤအရာသည် စော်ကားမှုတစ်ခုဟု နားလည်လိုက်ပြီး ဖြ သောကြောင့် အမျက်ကို မထိန်းသိမ်းနိုင်၊ ထိန်းသိမ်းရန်လည်း မကြိုးစား။

ကပိလဝတ်၏ ထီးညွန့်နန်းလျာသစ်ကို သိရိမင်္ဂလာ မဟာမာယာဒေဝီမိဖု ခေါင်ကြီး နှုတ်ကြာငုံ ဆောင်ရကြောင်း သတင်းထူး သတင်းမြတ်ကို အတိုင်းတို အပြည့်ပြည့်က ဝမ်းမြောက်စကား ဆိုကြ၊ ပဏ္ဏာပို့ကြသည်။

ဒေဝဒဟကား သဝဏ်စာတစ်ကြောင်း မစေ၊ စကားတစ်ခွန်းမဆို၊ ထို့ထ ဒေဝဒဟ ရောက် ကပိလဝတ်နွယ်ဖွား ပြည်သားများ၊ ကုန်သည်များထံမှ အ အမာ ကြားသိရသည့် သတင်းမှာ...

ကပိလဝတ်ဘုရင် သုဒ္ဓေါဒန၏ မိဖုရားကြီး မာယာဒေဝီ၌ ပဋ္ဋမြားရှေ့ကြ နှုတ်ငုံတော်ဆောင်ပြီဟူသော သတင်းသည် မမှန်သတင်းဖြစ်ကြောင်း၊ ဒေဝဒ



ဘုရင် သုပ္ပဗုဒ္ဓ၏ မိဖုရားခေါင်ကြီး အမိတာဌ ဒေဝဒဟ ထီးညွန့်နန်းလျာအတွက် ကယ်ပင် ပဋ္ဋမြားရှေ့ကြတ် နှုတ်ငုံဆောင်ပြီကို သိသောကြောင့် မရှုဆိတ် မနာလို န်တိုမစ္ဆရိယဖြင့် မိမိတို့လည်း ကပိလဝတ်ထီးညွန့်နန်းလျာကို ရပြီဟု ကြွေးကြော် ငြင်း ဖြစ်ကြောင်း။

'နေပါဦး မောင်တော်၊ ဒေဝဒဟကို ဒီမင်္ဂလာသတင်းအတွက် သဝဏ်စေခဲ့ သေးတယ် မဟုတ်လား'

'စေခဲ့တယ် နှမတော်ဂေါတမီ'

'ဘယ်လိုတုံ့ပြန်ခဲ့သလဲ မောင်တော်၊ ရွှေကြိုး ငွေကြိုး ဘယ်အမျိုးအစားကို လှုပ်ယမ်းလိုက်သလဲ'

မောင်တော်မင်းကြီးက ခေါင်းကို လေးပင်စွာ ခါယမ်းလျက်...

'ဒေဝဒဟမှာ ကပိလဝတ်အတွက် ရွှေကြိုး ငွေကြိုး ဘာကြိုးမှ လှုပ်ယမ်းစရာ မရှိဘူးတဲ့၊ တုံ့ပြန်စကားကတော့ ရယ်မောလှောင်ပြောင်ခြင်းနဲ့ မယုံကြည်ခြင်းပဲ တဲ့'

'ဟင်...ဒီလောက်ထိအောင်ပဲလား၊ မင်းလိုဘုရင်မျိုး မောင် တော်ရတာ ရှက် ရာကောင်းလိုက်လေ သုပ္ပဗုဒ္ဓရယ်'

'ကိုင်း...နှမတော်များ'

မောင်တော်မင်းကြီးက ပကတိတည်ငြိမ်သောအသွင်ဖြင့် ပြောလေသည်။

'ဒေဝဒဟအတွက် ဘာမှစိတ်နှလုံး ပူပန်မနေကြနဲ့၊ မှန်သောစကား၊ ရိုးသား သာ အကျင့် ဘယ်သူပြောဆိုကျင့်ကြံသလဲဆိုတာ မဝေးတော့တဲ့ကာလမှာ အဖြေ ပါမှာပဲ၊ နှမတော်တို့ရဲ့ ကျန်းမာမှုကိုသာ အထူးဂရုပြုရမယ့်ချိန်မှာ အခြား ဘာကို စိတ်မထွေပြားကြလေနဲ့'

မောင်တော်မင်းကြီး၏ စကား မှန်လှသည်ဖြစ်သောကြောင့် ကျွန်မ ဘာမှ ဆက် မပြောနိုင်။ သို့သော် အစော်ကားခံရလေခြင်းဟူသော အသိကြောင့် ရင်ထဲမှာ မီးစ ကို မျိုထားရသလို ဖြစ်တော့သည်။

ဤတွင် တစ်ချိန်လုံး တိတ်ဆိတ်နေခဲ့သော အစ်မတော်ထံမှ အသံထွက်လာ လေသည်။

'မောင်ငယ်ရဲ့ လှောင်ပြောင်မှု၊ အထင်လွဲမှု၊ ဒေဝဒဟရဲ့ အမြင်မှားမှုတွေကို ချေဖျက်ဖို့ နှမတော်မှာ အရေးတာဝန် သင့်ပေတယ်မောင်တော်'

အစ်မတော်အသံမှာ ထူးထူးခြားခြား ရှင်းလင်းပြတ်သားလှချေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သုပ္ပဗုဒ္ဓရဲ့ အစ်မ၊ ကပိလဝတ်ရဲ့ ကြင်ရာ၊ သားကောင်းအာဏာနည်ရဲ့ မိခ နှစ်နိုင်ငံ ဆက်သွယ်မှုရဲ့ သံတမန်အဖြစ်တွေနဲ့ နှမတော်ဟာ ဒီအရေးမှာ ပါဝ ပေလိမ့်မယ်၊ အားလုံးအပေါ်မှာ ရှိနေကြတဲ့ တိမ်သလ္လာတွေကို ဖယ်ရှားပစ်ဖို့ တစ်ဦးတည်း ရှိတယ်ဆိုရင် အဲဒီသူဟာ အခြားဘယ်သူမှ မဖြစ်နိုင်၊ နှမတော်ကို တိုင်သာ ဖြစ်ချေတယ်'

တစ်ပွင့်ချင်း ကုံးသီရင်းဖြင့် လုပသော ပန်းကုံးတစ်ခု ဖြစ်ပေါ်လာသည် မျက်ဝါးထင်ထင် မြင်ရသလို တဖြည်းဖြည်းအင်အားကြီးလာသော အစ်မတော် စကားလုံးများကို ကြားနေရလေသည်။

'ဒီအရေးမှာ နှမတော်တို့အားလုံး အစော်ကားခံရလေခြင်း၊ မထိမဲ့မြင် အ ခံရလေခြင်းရယ်လို့ အရှက်၊ ဝမ်းနည်းမှု၊ အမျက်ဒေါသ၊ မာန်မာနတွေနဲ့ တုံ့ပြန်မ ဆိုရင် အမှားတွေချည်း ဖြစ်ပေါ်လာလိမ့်မယ်၊ ဂေါတမီလဲ ကိုယ့်ကိုယ်ကို ထိန်းချ စမ်း၊ မြင့်မားကျယ်ပြောတဲ့ မျက်စိနဲ့ ကြည့်မြင်စမ်း'

'သံသယကို ဒိဋ္ဌအဖြစ်နဲ့ ရှင်းလင်းရတယ်၊ ပုတ်ခတ်စော်ကားမှုကို ရင်ဆ ခွင့်လွှတ်မှုနဲ့ ဖယ်ရှားရတယ်၊ အမျက်စောင်မာန်ကို သည်းခံမှုနဲ့ ချေဖျက်ရတယ် မိမိရဲ့ မှန်ကန်မြင့်မြတ်မှုအပေါ် မိမိ ယုံကြည်ရတယ်၊ ဒါကြောင့်...'

အစ်မတော်သည် မောင်တော်သုဒ္ဓေါဒနဘက်လှည့်ကာ လက်အုပ်ချီလေသည်

'မောင်တော်ဘုရင်မင်းမြတ်၊ အလုံးစုံသော တိမ်သလ္လာတို့ကို ဖယ်ရှားနိုင် အဟွက် နှမတော်ကို ဒေဝဒဟသို့ သွားခွင့်ပေးတော်မူပါ'

'ဘယ်လို...မာယာဒေဝီ၊ ဒေဝဒဟကို သွားမယ်'

'ဟုတ်ပါတယ်မောင်တော်၊ ဒေဝဒဟကို နှမတော်သွားပါမယ်၊ မသွားလို့မဖြ တဲ့ အခြား အဓိကအကြောင်းတစ်ခုလဲ ရှိနေပါတယ်၊ အဲဒါကတော့ နှမတော် သာကီနွယ်ဝင်တွေရဲ့ ထုံးဓလေ့ကြောင့်ပဲ ဖြစ်ပါတယ်၊ သာကီဝင် မိန်းမများဟ အိမ်ထောင်ရက်သားကျပြီးနောက်မှာ ဘယ်လောက်ပဲ ဇာတိဒေသရဲ့ အဝေးဆီ ရောက်နေရောက်နေ မီးဖွားခါနီးမှာတော့ မိမိရဲ့ မိဘမောင်ဖားများ ရှိရာဒေသ ပြန်လေ့ရှိပါတယ်၊ ဒီဓလေ့ကို မောင်တော်ဘုရင်မင်းမြတ်လဲ သိပြီးသားပါ၊ အခြ အကြောင်းများထက် ဒီအကြောင်းက ပိုပြီး အဓိကကျတယ်လို့လဲ ဆိုနိုင်ပါတ မောင်တော်'

အစ်မတော် စကားထပ်မပြောတော့ပေ။



မောင်တော်မင်းကြီးကား ယခုမှပင် ရေတမံတုတ်ကို ဖောက်ချလိုက်သည့် ပမာ တသဲသဲ မစဲစတမ်း ပြောလာတော့သည်။

ကပိလဝတ် ဒေဝဒဟခရီး၊ ဂိမ္မန္တဥတု၏ အပြောင်းအလဲ ရာသီကို ရှွန်းရှွန်း ဝအောင် ပြောကာ ခရီးမထွက်ရန် တားမြစ်သည်။ အစ်မတော်ကား ခပ်မဆိတ်၊ ငုတ်ကြာငုံ အရင့်အမာဆောင်သော မိန်းမသားတို့၏ သျှတ္တရသဘောကို အသေး စိတ် ပြောကာ တားမြစ်သည်။ အစ်မတော်ကား မတုန်မလှုပ်။ မီးရှူးသန့်စင် ဖွား မြင်လာချိန်တွင် သံသယအားလုံး ရှင်းလင်းသွားပါလိမ့်မည်ဟု ဆိုကာ တားမြစ် သည်။ အစ်မတော် မရွှေ့မလျား။

'ကပိလဝတ်သက်ဦးဆံပိုင် ရှင်ဘုရင်မင်းမြတ်တစ်ပါးရဲ့ အမိန့်အာဏာတော် နဲ့ တားမြစ်မယ်ဆိုရင်ကော နှမတော် မာယာဒေဝီ'

မောင်တော်မင်းကြီးက တင်းမာခက်ထန်စွာ မေးလိုက်သည်။

အစ်မတော်က ငုံ့ထားသော မျက်နှာကို ပြန်ဖော်သည်။ ပူးယှက်ထားသော လက်အစုံနောက်မှ မျက်လုံးစုံ၏ မျက်နက်ဝန်းတို့ ဘယ်လောက်အထိများ ခွန်အား ကြီးစွာ နက်ရှိုင်းနေကြသည် မသိ။

'ကြီးစွာသော ချစ်ခြင်းမေတ္တာအပေါ် အားကိုးအားထားပြုပြီး သွားခွင့် ဆက် တောင်းပါ့မယ် မောင်တော်'

မောင်တော်သုဒ္ဓေါဒန၏ မျက်နှာပြင်တွင် သွေးရောင်များ ဖြန်းသွားသည်ဟု ကျွန်မ ထင်လိုက်မိလေသည်။

ထို့နောက် မောင်တော်မင်းကြီးက ကျွန်မကို လှည့်ကြည့်သည်။ ကျွန်မက အစ်မတော်ကို လှမ်းကြည့်လိုက်သည်။ အစ်မတော်၏ ခွင့်ပန်ချက်ကို လိုက်လျော ရုံမှအပ အခြားမရှိတော့ပြီ ဆိုသည့်သဘော။ မောင်တော်သည် ကျွန်မ၏ မျက်နှာ ရိပ် မျက်နှာကဲကို နားလည်သွားလေသည်။

မောင်တော်သုဒ္ဓေါဒနကို ကျွန်မတို့နှစ်ယောက် လက်အုပ်ချီ ကန်တော့ကြ ချိန်တွင် ထူးထူးခြားခြား တိတ်ဆိတ်နေကြသော သူတို့နှစ်ဦးအကြား ရင်ထဲတွင် သို့နစ်နေသူမှာ ကျွန်မပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၈)

ကာလအပိုင်းအခြား အလျားဟူသည် ကြိုးတစ်ချောင်းသာဖြစ်ပါက ကျွန်မ
သည် ထိုကြိုးကို တစ်စုံတစ်ခုသော နေရာ၌ ဖြတ်တောက်ထုတ်ပယ်ကာ ပြီးမှ အခ
နှစ်ခုကို ပြန်လှန်ဆက်လိုက်ချင်ပါသည်။

သို့သော် ကာလဟူသည် ကြိုးတစ်ချောင်းမဟုတ်။

ကျွန်မ မလိုလားသော အပိုင်းအခြားနေရာကို ကျွန်မ မည်သို့မျှ ဖြတ်တောက်
ထုတ်ပယ်၍ မရပါ။ ဖြစ်ခဲ့ပြီးသည့် အစဉ်အတိုင်းသာ ကျွန်မ မငြင်းပယ်နိုင်ဘဲ လက်ခံ
တော့မည် ဖြစ်ပေသည်။

အို ... ကျွန်မသာ အချိန်ကာလကို အစိုးရသူဖြစ်ပါက အစ်မတော်နှင့် ကျွန်မ
ကပိလဝတ်မှ ဒေဝဒဟသို့ ထွက်ခွာခဲ့သော ကာလကို ဖြတ်တောက်ထုတ်ပယ်ထား
လိုက်မည်ပင်။

ဆယ်ယူဇနာ ကွာဝေးသော ကပိလဝတ်နှင့် လုမ္ဗိနီခရီးတစ်လျှောက်လုံးကို
မောင်တော်မင်းကြီးသည် အစခပ်သိမ်း လိုလေသေးမရှိအောင် စီမံပေးခဲ့သည်။ လမ်း
တစ်လျှောက်လုံးတွင် ကွန်းထောက်စခန်း အဆင့်ဆင့်ထား၍ နန်းတော်တွင် နေစဉ်
ကထက် နှစ်ဆ ပိုများသော ရံရွေမိသံ အစောင့်အကြပ် သမားတော်အဖွဲ့ များကို
လည်း ထည့်ပေးလိုက်ရာသည်။

ဖြစ်လာနိုင်မည့် အခက်အခဲမှန်သမျှကို မောင်တော်သည် ဆိုင်ရာ အမှုးအမတ်
နှင့် တိုင်ပင်ကာ ထိုအခက်အခဲတို့ မပေါ်ပေါက်စေရအောင် တားဆီးကာကွယ်သည့်
အစီအမံများအားလုံး ချမှတ်ပေးခဲ့သည်။ ဤသို့ဖြင့် ...

လုမ္ဗိနီရှိ အင်ကြင်းဥယျာဉ်သို့ ကျွန်မတို့ ဝင်ခဲ့ကြလေသည်။

အင်ကြင်းပွင့်၊ စံကားပွင့်၊ သော်ကပွင့်တို့၏ ရနံ့များဖြင့် ဥယျာဉ်တစ်ခုလုံး
ထုံမွှမ်း ကြိုင်သင်းနေသည်။ အစ်မတော်သည် ကြည်နူးသော စိတ်နှလုံး၏ အရိပ်
အယောင် ထင်ဟပ်နေသည့် မျက်နှာတော်ဖြင့် ကျွန်မကို အပါးသို့ခေါ်ကာ လုမ္ဗိနီ
၌ စခန်းတစ်ထောက် နားမည်ဖြစ်ကြောင်း ပြောလေသည်။

ရွှေဝေါတော် မြေသို့ သက်သည့်တိုင် အစ်မတော်သည် ဝေါပေါ်မှ မဆင်းသေး
ဘဲ အင်ကြင်းဥယျာဉ်ကို မော့ကြည့်ကာ မျက်လုံးအစုံမှေးမှိတ်လိုက်သည်။ ထို့နောက်
ထူးထူးခြားခြား အစ်မတော်သည် ကျက်သရေရှိလှသော နှုတ်ခမ်းအစုံကို ဖွင့်ကာ
တိုးတိတ်စွာ ရယ်နေသည်။ အစ်မတော်၏ ကြည်နူးရွှင်လန်းမှုများ ကျွန်မထံသို့ ကူ



စက်လာသည်။ အို ... ကျွန်မတို့ ညီအစ်မနှစ်ယောက် ဝေါယာဉ်ပေါ်တွင် ကိုယ်စီ
ထိုင်ကာ ရှေးဖြစ်ဟောင်းများကို ပြောမိကြသေးသည်။

လုမ္ဗိနီ၏ အခြားတစ်ဖက်ကို ကျော်လိုက်လျှင် ဒေဝဒဟမြေသို့ နင်းမိတော့
မည်။ မွေးရပ်မြေ ဒေဝဒဟသို့ ရောက်ရတော့မည်ဟူသော အသိကြောင့် ကျွန်မမှာ
ကပိလဝတ်၏ မိဖုရားခေါင်ကြီးအဖြစ်ကိုပင် မေ့လျော့နေမိခဲ့သည်။

ကျွန်မတို့ စကားတွေ အများကြီး ပြောပါသည်။

လုမ္ဗိနီအကြောင်း၊ ဒေဝဒဟအကြောင်း၊ ကပိလဝတ်အကြောင်း၊ မောင်တော်
သုဒ္ဓေါဒနအကြောင်း၊ မောင်ငယ် သုပ္ပဗုဒ္ဓအကြောင်း၊ ခမည်းတော် ကစ္စနမင်းကြီး
အကြောင်း၊ မယ်တော် ယသော်ဓရာအကြောင်း သောင်းပြောင်းအစုံအလင်။

ဤကဲ့သို့သော တောရိပ်တောင်ရိပ်ကို လွတ်လပ်စွာ မခိုရသည်မှာ ကြာပြီဖြစ်
သောကြောင့် နွေးထွေးလန်းဆတ်သော အရသာကို ကျွန်မ ခံမင်ကြည်နူးစွာ ခံစားနေ
မိသည်။ လုမ္ဗိနီ၏ သာယာပုံကလည်း ကျွန်မတို့၏ ဆွတ်ပျံ့ကြည်နူးရခြင်းကို
ကောင်းချီးပေးနေသယောင်ပင်။

အင်ကြင်းကိုင်း ကွေးညွတ်နိမ့်ဆင်းသွားခြင်း၏ ထူးဆန်းအံ့သြဖွယ်ရာကို
ကျွန်မ ငေးကြည့်နေချိန်မှာပင် အစ်မတော်ဆီမှ လှုပ်ရှားမှုတစ်ခုခုကို ရိပ်ခနဲ မြင်
လိုက်ရသောကြောင့် ကျွန်မ အစ်မတော်အနီးသို့ ချဉ်းကပ်သွားလိုက်သည်။

အင်ကြင်းကိုင်းကို ကိုင်လျက်သားပင် အစ်မတော်၏ မျက်နှာပြင်၌ ချွေးသီး
များ စို့နေကာ သွေးရောင်လည်း ဖျော့တော့လာသည်။

ရုတ်ခြည်း ... ခြောက်သွေ့ဖြူလျော်သွားသော နှုတ်ခမ်းမြွာတို့ လှုပ်ရှားသွား
ကြောင်း တွေ့ရသည်။ အစ်မတော် တစ်စုံတစ်ခုကို ရေရွတ်သည်။ ကျွန်မအနီးသို့
တိုးကပ်နားထောင်ကြည့်ပါသည်။

အားယူထားသော မောဟိုက်သည့်အသံသည် တိုးညင်းလှသော်လည်း ကျွန်မ
ကောင်းစွာ ကြားလိုက်ရသည်။

'ကမ္ဗဇလေ'

ကျွန်မရင်ထဲမှာ ထိတ်သွားသည်။ ကိုယ်လုပ်တော်များ၊ မောင်းမရံရွေများတို့
ကျွန်မ ဘယ်စကားလုံး စ,၍ အော်ဟစ်အမိန့်ပေးလိုက်မိသည်ကို မသိတော့။ အင်
ကြင်းပင်အောက်တွင် စောင်တင်းတိမ် ကာရံသော အခန်းငယ်လေး ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သမားတော်အမြောက်အမြား ပါလာခဲ့သော်လည်း သူတို့ ဘာတစ်ခုမှ စီ[illegible] ချိန် မရလိုက်တော့ပေ။

တင်းတိမ်နှင့် အနီးဆုံးကပ်လျက် ကျွန်မ ရပ်နေမိသည်။ ကျွန်မကိုယ်တို[illegible] ကလည်း ပတ္တမြားရွှေကြုတ် အရင့်အမာ ဆောင်ထားသည်ဖြစ်သောကြောင့် တင်[illegible] တိမ် အတွင်းသို့ ဝင်ခွင့်မရ။

တင်းတိမ်အပြင်မှနေပြီး အစ်မတော် ညည်းညူသံ၊ ကလေးငယ်၏ ငိုကြွေး[illegible] တို့ကို ကြားရတော့မည်ဟု စိုးရိမ်ခြင်း၊ မျှော်လင့်ခြင်းကြီးစွာ စောင့်နေမိသည်။

ကျွန်မ မျှော်လင့်နေသည်များ တစ်ခုမျှ ဖြစ်ပေါ်မလာပါ။

ယင်းတို့အစား တကယ်ဖြစ်ပေါ်လာသည်များကား ...

ကောင်းကင်ယံမှ ရေအလျဉ်နှစ်သွယ် ကျဆင်းလာကာ တင်းတိမ်အတွင်းသ[illegible] ဝင်ရောက်သွားသည်။ လုမ္ဗိနီရှိ အင်ကြင်းပင်၊ စံကားပင်၊ သော်ကပင် အားလုံး[illegible] အသီးအပွင့်များ အားလုံးသည် ထီးဖွင့်ဘိသည့်အလား တစ်ခဲနက် တစ်ပြိုင်တည်[illegible] ပွင့်ကြသည်။ ကျွန်မ ရပ်နေသည့် ပထဝီမြေကြီး သွက်သွက်ခါတုန်လှုပ်သွားသည်[illegible] ကောင်းကင်ထက်မှ ထူးခြားသော အုတ်အုတ်သဲသဲ အသံများ ပေါ်လာသည်။

အမျိုးအမည် မသိတတ်နိုင်တော့သည့် စိတ်လှုပ်ရှားမှုများဖြင့် ကျွန်မ၏ မျက်[illegible] လုံးများ အလိုလိုမှေးမှိတ်သွားကြတော့သည်။ ကျွန်မ မျက်လုံးပြန်ဖွင့်သည်။

အို ...

မြောက်အရပ်ဆီသို့ ရှေးရှုလျက် မြေပေါ်တွင် တစ်ပွင့်စီ ပွင့်အာသွားကြသော[illegible] ကြာပွင့် ခုနစ်ပွင့်။ ကြာပွင့်များပေါ်တွင် နင်းကာ ခြေဖဝါးခုနစ်လှမ်း လှမ်းနေသော[illegible] ကလေးငယ်၊ သတ္တမကြာပွင့်ပေါ်တွင် ခြေစုံရပ်ကာ ကျူးရင့်လိုက်သော အသံ။

'အဂ္ဂေါဟ မသ္မိလောကဿ'

'ဇေဋ္ဌောဟ မသ္မိလောကဿ'

'သေဋ္ဌောဟ မသ္မိ လောကဿ'

အံ့မခန်း အခြင်းအရာများ၌ ကျွန်မ ဘယ်လောက်ကြာကြာ ငေးမောနေမိသည် မသိပါ။ အလောင်းတော်မင်းသားလေး၏ တန်ခိုးအာနုဘော်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပါသည်။ ကောဏ္ဍညပုဏ္ဏားတော်၏ ဟောချက်ကို ဖျတ်ခနဲ အမှတ်ရ လိုက်သည်။

သို့သော် ရုတ်ခြည်းပင် တင်းတိမ်အတွင်းရှိအစ်မတော်ကို သတိရလိုက်သည်။



အစ်မတော်ကော ... အစ်မတော် ဘယ်လိုများ ...

ကျွန်မ တင်းတိမ်အတွင်းသို့ ပြေးဝင်သွားလိုက်သည်။

'ဟင် ...'

အစ်မတော် မရှိတော့ပါ။

ကျွန်မ သတိမေ့မျောသွားတော့မည်ဟု သိနေရင်းမှာပင် ...

အစ်မတော်ကို ဖက်လျက်သား၊ အစ်မတော်၏ မျက်နှာပြင်တွင် ကျွန်မ၏ မျက်ရည်များ လိမ်းကျံလျက်သား ...။

ကျွန်မ ဘာမှ မသိတော့ပါ။

(၉)

နှလုံးကြေကွဲ ပူပန်မှု အဆုံးစွန် ဝေဒနာအထိ ရောက်သွားခြင်းသည်ပင်လျှင် ကျွန်မအတွက် သက်သာရာ သက်သာကြောင်း ဖြစ်ခဲ့သည်။

ထိုစဉ်က ကျွန်မသည် အစ်မတော်၏ အသက်မဲ့ကိုယ်ပေါ်တွင် ပုံလျက်လဲကာ သတိမေ့သွားခြင်း မရှိခဲ့ပါက၊ အသိနှင့် ကိုယ်သာ မကွာခဲ့ပါက ပြင်းထန်သော နှလုံးကြေကွဲခြင်းဖြင့် ကျွန်မပါ အစ်မတော်နှင့်အတူ လိုက်ပါသွားရမည် ဧကန်ပင်။

မည်မျှကြာကြာ ကျွန်မ သတိမေ့မျောနေခဲ့သည် မသိပါ။

အစဉ်တစိုက် ဘဝတစ်လျှောက်လုံး အစ်မတော်အပေါ် ချစ်ခင်ကြည်ညို မြတ်နိုးခဲ့ရပေသော သံယောဇဉ်အထုအထည်တို့သည် အစ်မတော် အနိစ္စရောက်တော်မူပြီဟု သိသိချင်းမှာပင် သောက ပရိဒေဝအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြသည်။ သံယောဇဉ် အားကြီးသလောက် သောကပရိဒေဝ အားကြီးခဲ့ရကား ထိုမီးပုံကြီးသည် ကျွန်မ၏ ရင်တွင်း၌ အလျှံညီးညီးတောက်လောင်လာခဲ့လေတော့သည်။

ကျွန်မ သတိပြန်ရသောအခါ ကျွန်မသည် ကပိလဝတ်ရွှေနန်းတော်ရှိ ကျွန်မ၏ နန်းဆောင်ထဲသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သော်လည်း မျက်စိနှစ်လုံး ဖွင့်ဖွင့်ချင်း ပထမဆုံးတွေ့လိုက်ရသည်မှာ မောင်တော်သုဒ္ဓေါဒန၏ မျက်နှာ ဖြစ်သည်။ မောင်တော်မင်းကြီးကား မယုံနိုင်လောက်အောင် အိုမင်းနွမ်းရော်ခဲ့လေပြီ။

မောင်တော်မင်းကြီး၏ မျက်နှာကို တွေ့တွေ့ချင်းမှာပင် ကျွန်မသည် အစ်မတော် မရှိတော့ခြင်းကို ချက်ချင်းသတိရလိုက်သည်။ သို့သော် ကျွန်မ၏ မျက်ရည်များသည် ပရိဒေဝမီးကြောင့် ကုန်ခန်းသွားကြပြီထင်သည်။ ကျွန်မ မငိုတော့ပါ



www.burmeseclassic.com

www.burmeseclassic.com



သတိပြန်ရရချင်း ပထမဆုံး ကျွန်မ မေးလိုက်မိသောမေးခွန်းမှာ…

'သားတော်လေးကော…ဟင်'

'သားတော်လေး ကျန်းမာပါတယ် နမတော်'

ကျွန်မ မျက်စိအစုံ ပြန်မှိတ်သွားသည်။ မောင်တော့်ထံမှ နူးညံ့သော အသံကို ကြားရသည်။

'နမတော်လေး နေကောင်းအောင် နေပါ၊ နမတော်လဲ ကမ္ဘာ့ဇလေ…'

မျက်စိပြန်ဖွင့်လိုက်သည်။ ကျွန်မ မောင်တော့်ကို ပြုံးပြလိုက်သည်။

ဤအပြုံး၏ တစ်ဖက်ဝယ် သောကဗျာပါဒဖြစ်ရာ အားလုံးကို ထားရစ်ခဲ့ပြီဟု ကျွန်မဆိုလိုကြောင်း မောင်တော်မင်းကြီး နားလည်နိုင်ပါစေ။

မှန်ပါသည်။ အစ်မတော်၏ သားကို ကျွန်မ ဆက်လက်မွေးမြူရဦးမည်။ ပြီးတော့… ပြီးတော့…ကျွန်မကိုယ်တိုင်လည်း သားငယ်တစ်ယောက် မွေးဖွားရဦးမည်။

မိခင်တို့ အားမာန်ဖြင့် သောကပရိဒေဝကို စားသုံးကြိတ်ချေကာ ရင်သွေး အတွက် အင်အားများ ပေါက်ဖွားလာအောင် အနိဋ္ဌာရုံကို ဣဋ္ဌာရုံသို့ ပြောင်းလဲရမည် ဖြစ်ပေသည်။

(၁၀)

ဤလောက၌ မဟာပဇာပတိဂေါတမီ အမည်ရှိ မိန်းမသားတစ်ဦးတွင် အကြင် မျှလောက်သော အင်အားစွမ်းပကားတို့ဖြင့် ပြည့်စုံသည် ဆိုပါအံ့။ ထို ရှိသမျှ အင် အားစွမ်းပကားတို့သည် အမိမဲ့သားတော် သိဒ္ဓတ္ထမင်းသားလေးအား စောင့်ရှောက် ထိန်းသိမ်း မွေးမြူရန်အတွက် ပေါ်ပေါက်လာခြင်းပင် ဖြစ်ပါလိမ့်မည်။

ကျွန်မ၏ နန္ဒမင်းသားလေးကို နို့ထိန်းလက်သို့ အပ်ခဲ့၏။

ကပိလဝတ်ရှိ အကောင်းဆုံး နို့ထိန်းသည်ကို ရွေးချယ်ခန့်အပ်ကာ သားတော် နန္ဒမင်းသားအား စောင့်ရှောက်စေခဲ့သည်။

ကျွန်မကိုယ်တိုင်ကား အစ်မတော်၏သားတော်သိဒ္ဓတ္ထမင်းသားလေးကိုသာ အချိန်နှင့်အမျှ ပြုစုစောင့်ရှောက်ခဲ့လေသည်။ ဤနေရာတွင် လုမ္ဗိနီ၌ မွေးဖွားပြီးပြီး ချင်း ခုနစ်ပွင့်သော ကြာပွင့်အစီအရီတို့အထက်၌ ခြေ ခုနစ်လှမ်း လှမ်းကာ…



'အဂ္ဂေါဟ မသ္မိလောကဿ၊ ဇေဋ္ဌောဟ မသ္မိ လောကဿ၊ သေဋ္ဌောဟ မသ္မိ လောကဿ'ဟု ကျူးရင့်ခဲ့သော သားတော်ကလေး၏ ဘုန်းတန်ခိုးတေဇော်ကြောင့် လည်း ဖြစ်ပါလိမ့်မည်။

သို့သော် ကျွန်မအနေဖြင့်မူ အမိမဲ့သား ဖြစ်ရှာချေသည်ဟူသော ကြီးစွာသော သနားစိတ်၊ ကျွန်မဘဝတွင် ချစ်မြတ်နိုး အလေးစားရဆုံး အစ်မတော်၏ ရင်သွေး ဖြစ်ပေသည်ဟူသော သက်ဝင်နူးညွတ်စိတ်တို့ဖြင့် သားတော်လေးအပေါ် ချစ်ခင် ကြင်နာခဲ့ရလေသည်။

မဟာပဇာပတိဂေါတမီဟူသော အမိပွာယ်ကား အဘယ်နည်း။

ဤသို့ လောကမှ မေးလာပါအံ့။

ကျွန်မအတွက် တစ်ခုတည်းသော ဝေကန်စကားအဖြေကား…

'သိဒ္ဓတ္ထကို စောင့်ရှောက်မွေးမြူသူ…'။

(၁၁)

နှစ်ကာလတို့ တရိပ်ရိပ်ကုန်ဆုံးခဲ့လေပြီ။

သားတော်သည် မဟာပုရိသ စင်စစ်ကေန် ဖြစ်တော်မူလေသည်။

တစ်ရာ့သုံးခုနှစ်၏ ကဆုန်လပြည့်နေ့တွင် သားတော်သည် သဗ္ဗညုတွတ်ထား ဘုရားရှင် ဖြစ်တော်မူခဲ့ပြီ။

နောက်နှစ် ကဆုန်လတွင် ဘုရားရှင်သည် ကာဠုဒါယီ၏ ပင့်ဖိတ် လျှောက် ထားမှုဖြင့် ကပိလဝတ်သို့ ကြွရောက်တော်မူလာသည်။ ဘုရားရှင် ရောက်တော်မူ ပြီး နိဂြောဓာရုံဥယျာဉ်ကျောင်းတော်၌ သီတင်းသုံးနေပြီဟု ကြားသိရကတည်းက ကျွန်မမှာ လောကသုံးပါး၏ အထွတ်အထိပ် ဘုရားရှင်ထံသို့ ဖူးမြင်ဝင်တွေ့လိုက် ချင်သည်မှာ ပြောမပြတတ်အောင် ရှိတော့သည်။

သို့သော် ကိုယ့်အမျိုးအနွယ်ကို ကိုယ်ကိုယ်တိုင် ရက်ရက်နှင့်ပင် ပြောရတော့ မည်။ ကျွန်မတို့ မဟာသာကီနွယ်များကား မောက်မာခက်ထန်လွန်းပေစွ။

'သိဒ္ဓတ္ထက အခု ဗုဒ္ဓဖြစ်သွားပြီတဲ့လား၊ သြော်…သြော် ဖြစ်တာ မဖြစ်တာ အရေးမကြီးပါဘူး၊ သွေးသားချင်း စပ်ရင် သူဟာ ကျုပ်ရဲ့တူတော်စပ်တယ်၊ သူ့ကို ဦးရိုးတော်က ရှိခိုးရမယ်လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တာပေါ့၊ ကျုပ်လဲ သိဒ္ဓတ္ထရဲ့ အရိုးတော်ပဲ၊ သာကီဝင် ရာဇနွယ်တွေရဲ့ ရာဇဝင်မှာ အရိုးတော်က တုကို ဦးခိုက်တယ်ဆိုတာ မရှိဖူးဘူး'

'မှန်တယ်၊ ဂုဏဝယ အစဉ်အလိုက် ကြီးသူကို ငယ်သူကသာ ရှိခိုးရမယ် ဆိုတဲ့ ကျုပ်တို့ရဲ့ မဟာသာကီထုံးစံကို ဘာကြောင့် ကျူးလွန်ရမှာလဲ'

'ဟင်း...ဟင်း၊ ကျုပ်လက်ထပ်မင်္ဂလာပွဲစဉ်က သိဒ္ဓတ္ထဟာ နန်းတော်ဥယျာဉ်ထဲမှာ ပြေးလွှားဆော့ကစားတုန်းပဲ ရှိသေးတာပါ'

'အို...ဘာတွေမှ ရှည်ရှည်ဝေးဝေး ပြောမနေကြနဲ့ဟေ့၊ သိဒ္ဓတ္ထဟာ ဝုဒ္ဓိနှစ်ခုစလုံးမှာ အငယ်ဆုံး သာကီဝင်မင်းသား၊ ဘာအကြောင်းနဲ့မှ သူ့ကို ရှိခိုးဦးခိုက်စရာမလိုဘူး'

'မှန်ပေတယ်၊ ဘကြီးတော် ပြောတာ မှန်ပေတယ်'

'ဟေ့ ဟေ့...နေကြဦး၊ မင်းကြီးသုဒ္ဓေါဒနကတော့ ဘာပြောဦးမလဲ မသိဘူး'

'ဘာပြောရမလဲ၊ မင်းကြီးဟာ သိဒ္ဓတ္ထရဲ့ခမည်းတော်၊ သိဒ္ဓတ္ထဟာ မင်းကြီးရဲ့သား'

'ဟား ဟား ဟား... ဟုတ်တယ်...ဟုတ်တယ်'

'တိတ်ကြစမ်း...'

အသံများ ရပ်သွားကြပြီး လှည့်ကြည့်ကြသည်။ ကျွန်မမှန်း သိသွားသောအခါ သူတို့အားလုံး ကိုယ်ကိုယို့ကာ မျက်နှာများ ငုံ့သွားကြသည်။ ကျွန်မကိုတော့ မိဖုရားခေါင်ကြီးအနေနှင့်ရော နှုတ်စောင်းလျှာစ ပြင်းသည့် မိန်းမကြီးတစ်ဦးအနေနှင့်ပါ သူတို့ ကြောက်ရွံ့ရင်းစွဲ ရှိကြလေသည်။

'မျိုးနွယ်စုရဲ့ မာန်မာနကို အလွဲသုံးနေကြတဲ့ လူတွေ၊ သိဒ္ဓတ္ထဟာ ငါတို့ညီ၊ ငါတို့သား၊ ငါတို့တူ ဆိုပြီး ဂုဏ်ယူဝင့်ကြွားမဆုံး ရှိနေတယ်ပေါ့ ...ဟုတ်လား၊ ရှိမခိုးနိုင်ဘူး၊ ဦးမခိုက်နိုင်ဘူး...ဟုတ်လား၊ ဒီမှာ နားထောင်ကြစမ်း၊ ဂေါတမီဟာ သိဒ္ဓတ္ထမင်းသား မြပုခက်အတွင်းကတည်းက ပြုစုမွေးမြူလာတဲ့သူ၊ သားရင်းကိုတောင် နို့ထိန်းနဲ့ လွှဲထားပြီး မင်းသားလေးကို စောင့်ရှောက်ခဲ့သူ၊ ခြေနဲ့ သွားနိုင်တဲ့အထိ လက်က မချ၊ ရင်က မခွာ ထိန်းခဲ့သူ၊ အို...ဘဒ္ဒကစ္စနာနဲ့ ထိမ်းမြားခဲ့စဉ်တုန်းကပြီးတော့ ရာဟုလာလေးကို မွေးဖွားသည်အထိ သားစဉ်မြေးဆက် မိခင်ရင်းပမာ မွေးမြူခဲ့သူ ဒါတွေ ကပိလဝတ်တစ်နန်းတော်လုံး အသိ၊ ဂေါတမီပြန်ပြောနေစရာ မလိုဘူး။



'...အေး၊ ဂုဏဝယ ဝုဒ္ဓိဂုဏ်တွေကို ဖော်ပြီး ပြောကြမယ်ဆိုရင် မဟာပဇာပတိဂေါတမီမှာ ရွှေစာရင်းနဲ့ ကမ္ဘည်းထိုးလောက်အောင် ရှိတယ်ဆိုတာ မင်းတို့အားလုံး သိထားလိုက်ကြစမ်း၊ ဒါပေမဲ့ မင်းတို့ ထပ်ပြီးနားလည်ထားရမှာက အဲဒီလို ဂေါတမီသည်ပင်လျှင် ဒီနေ့ သဗ္ဗညုတွတ်ထား ဂေါတမဘုရားရှင်ရယ်လို့ ဖြစ်တော်မူလာတဲ့ သားတော်မြတ်ကို ကြည်ညိုပူဇော်ဖို့ အဆင်သင့်ဖြစ်နေတယ်၊ သာကီမျိုးနွယ်တွေရဲ့ မာန်မာန ဆိုတာကို အကောင်းထင်ပြီး ယစ်မူးနေကြဦးမယ်ဆိုရင် မင်းတို့ရဲ့ ကပိလဝတ်နန်းတော်ကြီးဟာ လောကမှာ အရုပ်ဆိုး အကျည်းတန်ဆုံး နေရာကြီး ဖြစ်သွားမယ်၊ ဒါကို နားလည်ကြ'

သူတို့ အလျှိုလျှို ထွက်သွားကြသည်။ ကျွန်မမို့သာ သူတို့ နှုတ်လှန် စောဒကတက်ရဲကြခြင်း ဖြစ်သည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းများနှင့် နီမြန်းသော နှုတ်ခမ်းများက သူတို့၏ မာန်မာနကို အထင်းသားပေါ်စေ၏။

သို့သော်...

ဘုရားရှင်၏ ရေမီးအစုံ တန်ခိုးပြာဋိဟာကို တွေ့ကြရသောအခါတွင်ကား တစ်နန်းတော်လုံး ပြားပြားဝပ်ကာ သူ့ထက်ငါ ရှိခိုးဦးခိုက်ကြလေတော့သည်။ ထို့မှတစ်ဖန် ဗုဒ္ဓဝင်ဝရားတော်မြတ်နှင့် စရိယာပိဋကတရားတော်မြတ်ကို နာကြားကြရသောအခါတွင်ကား သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက်ရန် သောင်းသောင်းဖျဖျ ထကြွကြသွားကြတော့သည်။

ဤသို့ဖြင့်...

ဘုရားရှင်ကိုယ်တော်မြတ် တန်ခိုးပြာဋိဟာ ပြတော်မူပြီးသည်၏ တတိယမြောက် နေ့၌ ကျွန်မသားတော် နန္ဒမင်းသားသည်လည်းကောင်း၊ ခုနစ်ရက်မြောက်သော နေ့၌ မြေးတော်လေး ရာဟုလာသည်လည်းကောင်း သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက်ကာ ရဟန်းသာမဏေပြုသွားခဲ့ကြလေသည်။

ချွေးမတော်ဘဒ္ဒကစ္စနာကား ကျွန်မကို အားကိုးတကြီး အကူအညီတောင်းရှာပါသေးသည်။ မောင်တော်သိဒ္ဓတ္ထ သုံးလောကသခင် ဘုရားရှင်ဖြစ်တော်မူသည့်အတွက် မဖော်ပြနိုင်တတ်အောင် ကြည်ညိုသဒ္ဓါပွားရသော်လည်း ကလေးအရွယ် ရာဟုလာလေးအား သာမဏေဖြစ် သွတ်သွင်းလိုက်သည်ကိုကား မိခင်တစ်ဦးအနေဖြင့် နှလုံးပူပန်မိကြောင်း ဘဒ္ဒကစ္စနာက ပြောရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒကစ္စနာကို ကျွန်မ ချစ်ခဲ့ပါသည်။ မြေးတော် ရာဟုလာလေးကိုလည်း တွယ်တာခဲ့ရိုးအမှန်။ သို့သော် ယခုအချိန်တွင် ...

ဤသံယောဇဉ် အနှောင်အဖွဲ့များသည် အပိုင်းပိုင်းဖြတ်ချေလျက် ကျွန်မ၏ ခြေရင်းတွင် အပုံလိုက် လဲကျခဲ့လေပြီ။ သမုဒယ၏ ပူလောင်မှုကို ကျွန်မ ပြက်ပြက် ထင်ထင် နားလည်ပြီ။ ကျွန်မ၏ နှလုံးအိမ်တွင် မောင်တော်သုဒ္ဓေါဒနမင်းကြီးလည်း မရှိတော့။ သားတော်နန္ဒမင်းသား၊ သမီးတော်ဇနပဒကလျာဏီ၊ ဘဒ္ဒကစ္စနာ၊ ရာဟုလာ။ အို ... ကျွန်မ ဘဝတစ်လျှောက်လုံး၏ ဦးကင်းတံခွန်ဖြစ်လေသော အစ်မတော် မဟာမာယာပင်လျှင် မရှိတော့။

ကျွန်မ၏ သွားရာလမ်းကို ကျွန်မ တွေ့မြင်ခဲ့ပြီ။

အလုံးစုံသော ဒုက္ခတို့၏ ချုပ်ငြိမ်းရာကို ကျွန်မတွေ့မြင်ခဲ့ပြီ။

မဟာပဇာပတိ ဂေါတမီ၏ နှလုံးအိမ်သည် ဆန့်ကျင်တူရှုသို့ အပြောင်းကြီး ပြောင်းသွားပြီဟု ဆိုရမည်သာပင်။

ခပ်သိမ်းသော အရာတို့ကို ကျော်ခိုင်းလျက် တစ်စုံတစ်ခုသောအရာကို ကျွန်မ ရင်ဆိုင် မျက်မှောက်ပြုနေပြီ ဖြစ်သည်။

ဘဒ္ဒကစ္စနာ၏ နဖူးဆံစထက်သို့ ကျွန်မ လက်တင်ကာ ပြောလိုက်သည်။

'ဘဒ္ဒကစ္စနာ၊ သံသရာက လွတ်မြောက်ရာ လွတ်မြောက်ကြောင်း သွားတဲ့ လမ်းဟာ တကယ်ရှိနေတယ်မဟုတ်လား၊ ဒီလမ်းအတိုင်း လျှောက်သွားကြသူများ အတွက် ဘာမျှပူပင်နှောင်ဖွဲ့နေစရာ မရှိဘူး၊ လျှောက်သွားကြသူများ ဖြောင့်ဖြူးစွာ သွားနိုင်ဖို့ မိမိကိုယ်တိုင်က ဖြည့်ဆည်းကူညီပေးရမယ်၊ ကြားလား'

ဘဒ္ဒကစ္စနာ၏ မော့လာသောမျက်နှာကို ကျွန်မ ကြင်နာစွာပြုံးပြလိုက်သည်။

'နားထောင်စမ်း သမီးတော်လေး၊ ကိုယ်တိုင်မသွားနိုင်သေးရင် သွားတဲ့သူကို ကူညီရမယ်၊ ကိုယ်တိုင် သွားနိုင်ပြီဆိုရင်တော့ အကောင်းဆုံးဖြစ်တယ်၊ အခု မယ်တော် ကိုယ်တိုင် သာသနာတော်တွင်း ဝင်ရောက်ရဟန်းပြုခွင့်ရဖို့အတွက် ဘုရားရှင်ကို ခွင့်ပန်မလို့'

ဘဒ္ဒကစ္စနာကို ထားခဲ့ကာ ကျွန်မ နန်းဆောင်တွင်းမှ ထွက်လာခဲ့သည်။



(၁၂)

သုံးကြိမ်တိုင်တိုင် ကျွန်မ လျှောက်ထားတောင်းပန်ခဲ့ပါသည်။

'အရှင်ဘုရား၊ အရှင်ဘုရား၏ တန်ခိုးပြာဋိဟာ အစုံစုံကိုလဲ အံ့မခန်း ဖူးတွေ့ ကြည်ညိုခြင်း ဖြစ်ခဲ့ရပါပြီ၊ သုဒ္ဓေါဒနမင်းမှ အစပြုသော သာကီဝင်အပေါင်းတို့လဲ အရှင်ဘုရား၏ ခြေဖဝါးတော်အစုံကို ဦးတိုက်လျက် ဦးခေါင်းညွှတ်လျှိုး ရှိခိုး ကန်တော့ခဲ့ကြပါပြီ၊ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်မြတ်၏ တောင်းပန် ခြင်း ရတနာစင်္ကြံတော်ကြီးတွင် လူးလာဖန်ဖန် စင်္ကြံကြွတော်မူပြီးသည်၏နောက် တွင် ဟောကြားတော်မူခဲ့သော ဗုဒ္ဓဝင်တရားတော်ကြီးကိုလဲ တပည့်တော်မ အပါ အဝင် သာကီဝင်ဆွေတော်မျိုးတော်အပေါင်းတို့ နာကြားခဲ့ရပါပြီ၊ ထိုမှတစ်ဖန် စရိယာပိဋကတရားတော်မြတ်ကိုလဲ ကြည်နူးသော နှလုံးဖြင့် နာကြား ကြည်ညိုခဲ့ ရပါပြီ။

'...ယခုအခါ သားတော် နန္ဒမင်းသားသည်လည်းကောင်း၊ မြေးတော် ရာဟု လာသည်လည်းကောင်း၊ အခြားတစ်ပါးသော သာကီဝင် မင်းအပေါင်းတို့သည် လည်းကောင်း သာသနာတော်တွင်းသို့ ဝင်ရောက်ခဲ့ကြပြီးပါပြီ၊ အခြားမဲ့၌မူ တပည့် တော်မ မဟာပဇာပတိ ဂေါတမီ သာသနာတော်သို့ ဝင်ရောက်ရဟန်းပြုခွင့်ပေးတော် မူပါရန် ရှိခိုးလျှောက်ထား တောင်းပန်ပါသည် အရှင်မြတ်ဘုရား'

သုံးကြိမ်စလုံးပင် ပယ်မြစ်တားဆီးတော်မူပါသည်။

'မိထွေးတော် မသင့်၊ မြင်စွာဘုရားရှင်၏ ဓမ္မဝိနယသာသနာတော်၌ မာတု ဂါမတို့ လူ့ဆောင်မှ ရဟန်းဆောင်သို့ ဝင်ရောက်ရဟန်းပြုခြင်းကို မိထွေးတော် နှစ် သက် လိုလားခြင်း မဖြစ်ပါလင့်'

နန်းကြမ်းပြင်ပေါ်သို့ တပေါက်ပေါက်ကျနေသော ကျွန်မ၏ မျက်ရည်စက် များထဲတွင် ကျွန်မ၏ နှလုံးသားများ တစ်ဖွဲ့စီ တစ်စစီ ကြွေကျနေပါပြီ။

သြော် ... ငါဟာ သာသနာတော်ရဲ့ အဝကို ရောက်နေရသူပါလား၊ သားတော် သိဒ္ဓတ္ထကိုယ်တိုင် ဂေါတမဗုဒ္ဓရယ်လို့ သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဖြစ်တော်မူတာတောင် မိထွေးတော်ကြီးဟာ သာသနာတော်တွင်း ဝင်ခွင့်မရပါလား၊ ဂေါတမီ ... နင် စစ် မှန်သော အမြိုက်သုခနဲ့ ဝေးပြီ၊ သံသရာမှာ အလျားအနံ မဆုံးနိုင် ကူးခတ်ပေတော့၊ ဂေါတမီ ... နင့်ကို ဘုရားရှင်ကိုယ်တော်မြတ်က လက်မခံဘူးတဲ့၊ မာတုဂါမတွေ ရဟန်းဆောင် ဝင်ခြင်းကို မနှစ်သက်နဲ့တဲ့၊ ဝေးပြီ ... ဂေါတမီ ဝေးပြီ'



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

လေးနှစ်မျှသောအချိန် ကုန်လွန်သွားခဲ့လေပြီ။

ကျွန်မ၏ စိတ်အာရုံသည် မြတ်စွာဘုရားထံ၌သာ ရောက်ရှိစေစားနေခဲ့သည်။ သာသနာတော်တွင်းသို့ ဝင်ရေးမှအပ အခြားဘာကိုမျှ ကျွန်မ ဝင်စားသိမှတ်ခြင်း မရှိတော့။

'မဟာပဇာပတိဂေါတမီတစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲသွားပြီ' ဟု ကပိလဝတ်နန်းတော်တစ်ခုလုံး ပြောနေကြသည်ကိုလည်း ကျွန်မ လျစ်လျူပြုထား လိုက်သည်။ 'ယခုအခါ ဘုရားရှင်သည် ပဉ္စမဝါဆိုတော်မူရန်အတွက် သာဝတ္ထိ ဇေတဝန်ကျောင်းတော်တွင် ရောက်ရှိသီတင်းသုံးတော်မူပြီ' ဟု ဆိုသည်။

သာဝတ္ထိသို့ ကျွန်မ သွားမည်။ ဇေတဝန်ကျောင်းတော်ပေါ် တက်ကာ ဘုရားရှင် ခြေတော်အစုံကို ဦးခိုက်တောင်းပန်မည်။

သို့သော်…

ကျွန်မ သာဝတ္ထိသို့ မသွားဖြစ်တော့ပါ။ အကြောင်းမူ ဘုရားရှင် ကိုယ်တော်တိုင် ကပိလဝတ်သို့ ကြွတော်မူလာသောကြောင့် ဖြစ်သည်။ အတိအကျဆိုရပါမူ ကပိလဝတ်နှင့် ကောလိယနယ်စပ် ရောဟိနီမြစ်အရပ်သို့ ကြွတော်မူလာခြင်း ဖြစ်သည်။

ကြီးမားထူးခြားသော ဖြစ်ရပ်ကြီး တစ်ခုပေပင်။

ထိုနေ့က မောင်တော်သုဒ္ဓေါဒနမင်းကြီးက ကျွန်မကို အခစားဝင်ရန် ခေါ်ခဲ့သည်။ ယခုချက်ချင်းဟု အမိန့်တော်ပါသောကြောင့် ကျွန်မ မောင်တော်ထံ ဝင်ခဲ့ပါသည်။

ညီလာခံနန်းမဆောင်တွင် အမှူးအမတ် ဗိုလ်ဝန်း အစုံအညီ ရှိနေကြသည်။

ကျွန်မ နေရာယူပြီးသည်နှင့် မောင်တော်မင်းကြီးက နိဒါန်းမသွယ်ဘဲ တိုက်ရိုက် ပြောလေသည်။

'ရောဟိနီမြစ်မှာတော့ စစ်ကြီးတစ်ခု ဖြစ်တော့မယ် နမတော်၊ ကောလိယတပ်တွေ မြစ်ကမ်းကို ချီလာပြီလို့ အထောက်တော်များဆီက သတင်းရောက်လာတယ်'

ကျွန်မ ခပ်မဆိတ်သာ နေလိုက်သည်။ စင်စစ် စိတ်ဝင်စားမှုလည်း မရှိလှ။

'ဒီနှစ် မိုးဦးကလဲ ခေါင်တယ်မဟုတ်လား၊ ရောဟိနီဟာ ဟိမဝန္တာကတည်း



က မြစ်ရေအား မသန်လှဘူး၊ ကပိလဝတ်–ကောလိယ နယ်စပ်ရောက်တဲ့အခါမှာ ရေအင်မတန်နည်းနေပြီ၊ နှစ်ဖက်လယ်သမားတွေဟာ ရှိရှိသမျှ ရေကို အလုအယက် ယ်ကြရင်းက ခြေလွန်လက်လွန် ခိုက်ရန်ဖြစ်ပွားကြသတဲ့၊ လယ်သမားချင်းက နေ ရပ်ရွာချင်း၊ ရပ်ရွာချင်းကနေ မြစ်ကမ်းစောင့်တပ်ချင်း၊ နောက် နယ်ခြားတပ် ချင်း တိုက်ပွဲတွေ တစ်စထက်တစ်စ ကျယ်ပြန့်လာခဲ့တယ်'

မောင်တော်မင်းကြီးသည် မောဟိုက်နွမ်းနယ်စွာ အသက်ရှူရင်း ခေတ္တရပ်နား နေသည်။ ပြီးမှ…

'အခုတော့ ကောလိယတပ်တွေဟာ ရောဟိနီရဲ့တစ်ဖက်ကမ်းမှာ တဖြည်း ဖြည်း တပ်စွဲနေကြပြီတဲ့ နမတော် ဂေါတမီ'

စစ်ဟူသော အနိဋ္ဌာရုံအသွင်သည် ကျွန်မရင်တွင်းသို့ ဟပ်လာသည်။ သို့သော် မိန်းမသားတစ်ဦးမျှသာဖြစ်သော ကျွန်မက ထိုအခြင်းအရာကို မည်သို့တန့်ဆည် နိုင်မည်နည်း။ ထို့ထက်မူ ထိုမိန်းမသားသည် လောကီရန့်အားလုံးကို ငြီးငွေ့နေသူ။

'ကောလိယတွေကို ရောဟိနီတစ်ဖက်ကမ်းကနေ မောင်းထုတ်ပြီးတော့ ကပိ လဝတ် သာကီဝင်တွေရဲ့ ဂုဏ်သရေကို ဆည်ရပါလိမ့်မယ် ဘုရင်မင်းမြတ်'

သာကီဝင်မင်းသားတစ်ဦး၏ သံ ပေါ်လာသည်။

'စစ်မှတစ်ပါး အခြားပြုဖွယ် မရှိတော့ဘူးလား'

'ရောဟိနီကို ကောလိယတွေရဲ့ လည်ချောင်းသွေးနဲ့ ဆေးပစ်ရမယ်'

'မဟာသာကီဝင် မျိုးနွယ်တွေရဲ့ ဂုဏ်ကို စော်ကားတဲ့ ကောလိယတွေကို အပြီး ပိုင် ချေမှုန်းပစ်ရမယ်'

'အခုပဲ ခေါ်ဘဏ်တပ်ချီခွင့် အမိန့်ပေးတော်မူပါ ဘုရင်မင်းမြတ်'

'ကောလိယ လူ့အနွတွေကို တိုက်ခိုက်ပစ်ရမယ်'

ညီလာခံနန်းမဆောင်အတွင်း ကျွက်ကျွက်ညံအသံများ ပေါ်လာသည်။ သာကီ သွေးတို့ ပွက်ဆူနေကြလေပြီ။ မောင်တော်မင်းကြီး၏ မျက်နှာလည်း နီရဲလာသည်။ ာင်တော့်ကိုယ်တွင်း၌ ပြင်းထန်နီစွေးသော သာကီသွေးများ လှည့်ပတ်ဆူကြွလာ နေပြီဖြစ်ကြောင်း သိလိုက်သည်။

ဤနေရာတွင် ကျွန်မရှိနေသည်မှာ အချည်းအနှီးပင်။ ဤအရာသည် ဂေါတမီ ၏အရာမဟုတ်။ စစ်အင်္ဂါဗျူဟာ သေနင်္ဂကိုခင်းကျင်းစီမံကြတော့မည်။ နန်းဆောင် အတွင်းတွင် ကျွန်မအတွက် နေစရာမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်တော်မင်းကြီးကလည်း ကျွန်မအား အမိန့်တော်နှင့် အခစားဝင်စေစဉ်ကတော့ ကျွန်မထံမှ အကြံဉာဏ်နည်းလမ်းကို ရယူတိုင်ပင်ရန် ဆင့်ခေါ်ခြင်း ဖြစ်ပေလိမ့်မည်။ သို့သော် စစ်ကို မွတ်သိပ်စွာ တောင်းဆိုနေကြသည့် သာကီဝင် ဆွေတော် မျိုးတော်တို့အလယ်၌ ကျွန်မသည် အချည်းနှီးဖြစ်ကြောင်း သဘောပေါက်သွားဟန်တူသည်။ ကျွန်မကိုမေ့လျော့သွားသည်။ စစ်သံညံနေသော နန်းခန်းမဆောင်မှ ကျွန်မ တိတ်တဆိတ် ထွက်ခွာခဲ့လေသည်။

အဆောင်တော်သို့ပြန်လာခဲ့သည့် နန်းတော်စင်္ကြံလမ်းတစ်လျှောက်လုံး ခြေလှမ်းတိုင်းတွင် ကျွန်မရင်တွင်း၌ သိမ်ငယ်စိတ်များက တစ်ထစ်ပြီး တစ်ထစ် ကြီးစိုးလာသည်။ အို…ဝမ်းနည်းအားငယ်လိုက်ပုံများ…။

မြတ်စွာဘုရားရှင်အား အလိုအလျောက် အာရုံပြုရှိခိုးမိတော့သည်။

အရှင်မြတ်ဘုရား…သတ္တဝါတို့အား ကယ်တော်မူပါဘုရား။

(၁၄)

ဘုရားရှင်၏ မဟာကရုဏာတော်နှင့် တန်ခိုးတော်တို့ကြောင့် ရောဟိနီမြစ်ရေကို အကြောင်းပြု၍ဖြစ်ပွားလတ္တံ့သော ကပိလဝတ်–ကောလိယ စစ်ပွဲလည်း သွေးတစ်စက် မစို့ဘဲ ပြီးဆုံးအေးချမ်းသွားခဲ့ပါသည်။

ငြိမ်းချမ်းရေး၏ နောက်ဆက်တွဲ အကျိုးရလဒ်ကား ပို၍ပင် ကြီးမားလှပါပေသည်။ ကောလိယမှ မင်းသား နှစ်ရာ့ငါးဆယ်နှင့် ကျွန်မတို့ ကပိလဝတ်မှ သာကီဝင် မင်းသား နှစ်ရာ့ငါးဆယ်တို့သည် သာသနာတော်အတွင်း ဝင်ရောက်ရဟန်းပြုကြကာ ဘုရားရှင်နှင့်အတူ ကပိလဝတ်မြို့တော်အနီးရှိမဟာဝုန်တောကြီးသို့ ထွက်ခွာသွားကြလေသည်။

ထိုနေ့မှစ၍ ရဟန်းငါးရာနှင့်အတူတကွ မြတ်စွာဘုရားသည် ကပိလဝတ်သို့ နံနက်တိုင်း ဆွမ်းခံတော်မူလေသည်။ ကျွန်မမှာ ပီတိသဒ္ဓါ ဖြစ်၍ မဆုံးတော့ပြီ။ အစုစုသော ဆွမ်းဘောဇဉ်အမှုတို့ကို စီမံချက်ပြုတ် လှူဒါန်းခြင်း၌ မရောင့်ရဲနိုင်အောင် ရှိရတော့သည်။ ပုဗ္ဗေသန္နိဝါသကြီးစွာဖြင့် ကျွန်မ၏ မွတ်သိပ်မှုကိုဖြည့်ဆည်းမိတော့သည်။

သို့သော် မမျှော်လင့်သောအကြောင်းတစ်ခုက ပေါ်လာပြန်သည်။



ရောဟိနီ အရေးအခင်းအပြီးတွင် သာသနာ့ဘောင်သို့ဝင်ရောက်သွားကြသော ကပိလဝတ်ရဟန်း နှစ်ရာ့ငါးဆယ်နှင့် ကောလိယသား ရဟန်းနှစ်ရာ့ငါးဆယ်တို့မှာ သဒ္ဓါထက် ဘယာကြောင့် ရဟန်းပြုခဲ့ကြခြင်းပေလား မသိပါ။

နဂိုကတည်းက ခက်ထန်မောက်မာသော မင်းမျိုးမင်းနွယ်များ ဖြစ်သည့်အလျောက် ဘုရားရှင်ကိုမလွန်ဆန်ဝံ့သောကြောင့်သာ ရဟန်းပြုခဲ့ကြသည်ဖြစ်ရကား သာသနာတော်တွင်း မွေ့လျော်ပျော်ပိုက်ခြင်း မရှိကြပေ။

ရဟန်းများကိုယ်တိုင်က သက်န်းလျော့ရဲနေချိန်တွင် ကျွန်မတို့ မိန်းမသား သာကီဝင် မင်းသမီးတို့ကလည်း တစ်ဆိတ် အကဲပါလွန်းသည်ဟု ဆိုလိုက်ချင်ပါသည်။ ဤသတင်းကိုကြားကြားချင်း ကျွန်မစိတ်ထဲ၌ ကရုဏာယှဉ်သော ဒေါသဖြင့် သာကီဝင် မင်းသမီးတို့အပေါ် မောင်းမဲပြစ်တင်လိုက်မိသည်။

သာသနာ့ဘောင်တွင် ပျော်မွေ့၍ ကြာရှည်စွာ မနေနိုင်တော့မည့်အတူတူ အမြန် လူဝတ်လဲ၍ ထွက်ခဲ့ကြရန် မယ်မင်းကြီးမများက သူတို့ ခင်ပွန်း ရဟန်းသစ်များထံ စကားပို့လွှတ်လိုက်ကြသည်…တဲ့။

ကိုယ်တိုင်လည်း အားမထုတ်၊ အားထုတ်ရကောင်းမှန်း မသိ။ ထို့ထက်မူ အတိုင်းအတာတစ်စုံတစ်ရာအရ သာနာတော်တွင်း ရောက်ရှိသွားကြသည့် ခင်ပွန်းသည်တို့ကိုလည်း ပါရမီဖြည့်ဆည်းကူညီရန် နားမလည်ကြ။ အားမပေး မကူညီလျှင် ရှိပါစေတော့။ ယခုမူ လွတ်မြောက်လမ်းသို့ ရှေးရှုနေကြသော ကိုယ့်လင်သားများကို အနှောင်အဖွဲ့ထဲသို့ပြန်ဆွဲခေါ်ရန် သူတို့ မျက်ကန်းတစ္ဆေမကြောက် ကြိုးစားဝံ့ကြပါပေသည်။

မူလကတည်းက ခပ်နဲ့နဲ့ ရဟန်းသစ်အချို့ကလည်း ဇနီးမယားတို့၏ 'အိမ်ခေါ်သံ' ကို ကြားရသည်တွင် သာသနာ့ဘောင်ကို ပို၍ပျင်းရိငြီးငွေ့စရာသာ ဖြစ်လာကြသည်ဟု ကျွန်မ ကြားရပြန်သည်။

ဤအရာကား ဘုရားရှင်၏ အရာသာတည်းဟု ကျွန်မ ဖြည်တမ်းမိပြန်ပါသည်။ အဝိဇ္ဇာ ချောက်ကမ်းပါးကို ပန်းမန်ဥယျာဉ်ထင်နေကြသော ခုန်ချအံ့ဆဲဆဲ သတ္တဝါများအား ကယ်တင်ဆယ်မနိုင်မည့်သူမှာ ဘုရားရှင်ကိုယ်တော်မှတစ်ပါး အခြားမည်သူမျှ တတ်နိုင်စကောင်းသော အရာမဟုတ်ပါချေ။

အရှင်မြတ်ဘုရား…အချိန်မီ ကယ်တင်ကုစားတော်မူပါ။

ကျွန်မမှာ စိတ်ထဲက ဆုတောင်း တောင်းပန်ခြင်းသာ ပြုနိုင်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ဆုတောင်း ပြည့်ခဲ့လေသည်။

များမကြာမီ တစ်ခုသော နံနက်မှာပင် ကပိလဝတ်၌ သတင်းထူးတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ စံအိမ်တော် နန်းဆောင်ရှေ့ ကွက်လပ်၌ ခါတိုင်းလိုပင် ဆွမ်းလောင်းရန် ပြင်ဆင်နေသည့်အချိန်မှာ ကျွန်မ ကြားရခြင်း ဖြစ်သည်။

ကျွန်မ စီမံချက်ပြုတ်ထားသော ဆွမ်းဘောဇဉ်များကို လောင်းလှူပူဇော်ခြင်း မပြုလိုက်ရတော့။ သို့သော် ကျွန်မ ကျေနပ်ပါသည်။

'ရဟန်းသစ်ငါးရာတို့ကို မြတ်စွာဘုရားက တန်ခိုးတော်နဲ့ ဟိမဝန္တာကုဏာလ အိုင်အရောက် ခေါ်ဆောင်သွားပြီ'

နောက် များမကြာမီ သတင်းတစ်ခု ကြားရပြန်ပါသည်။

'ရဟန်းသစ်ငါးရာတို့ ရဟန္တာဖြစ်တော်မူကြပြီ၊ ကုဏာလအိုင်မှာ တရားဓမ္မနဲ့ မွေ့လျော်နေကြပြီ'

ခင်ပွန်းကိုယ်စီ ဆုံးရှုံးရပြီကောဟူ၍ သာကီဝင်မင်းသမီးများ ဝမ်းပန်းတနည်း ငိုကြွေးနေကြချိန်တွင် ကျွန်မ ဂေါတမီတစ်ယောက်တည်း ပြုံးလိုက်မိပါသည်။

စိတ်ကူးထဲမှ ဗိမာန်ကြီးသည် တဖြည်းဖြည်း တစ်စတစ်စ ရုပ်လုံးပေါ်လာပါပြီ။ မဟာပဇာပတိဂေါတမီအတွက် လမ်းပွင့်ပါပြီ။

(၁၅)

နှလုံးသည်းပွတ်၏ အလွန်ကြီးမားသော အစိတ်အပိုင်းတစ်ခု ပြုတ်ကြွေပျက်ပြုန်းခဲ့ရပြန်လေသည်။

ဘုရားရှင်သည် ပဉ္စမမြောက် ဝါကို ဝေသာလီပြည် မဟာဝုန်တောရှိ ကူဋာဂါရသာလာမည်သော ကျောင်း၌ သီတင်းသုံးဝါဆိုနေစဉ်မှာပင် မောင်တော်သုဒ္ဓေါဒန မင်းကြီးလည်း အရဟတ္တဖိုလ်ရောက်ကာ ထီးဖြူတော်အောက်၌ ပရိနိဗ္ဗာန် စံဝင်ခဲ့လေသည်။

မောင်တော်မင်းကြီး၏ လွတ်မြောက်မှုအတွက် အနုမောဒနပွားရသော်လည်း နှစ်ပေါင်းကြာရှည် ဖွဲ့နှောင်ခဲ့ရသော သံယောဇဉ်တစ်ခုကို အပြီးအပိုင် ဆုံးရှုံးရသည့်အတွက် ကျွန်မမှာ ဆောက်တည်ရာမဲ့ ဖြစ်ခဲ့ရလေသည်။

အစ်မတော်ကား ဦးစွာ ခွဲခွာသွားသည်။



ထို့နောက် သားတော် သိဒ္ဓတ္ထ။

ထို့နောက် သားတော် နန္ဒ၊ မြေးတော် ရာဟုလာ။

ယခု မောင်တော်မင်းကြီး။

သြော်... ချစ်သောသူများကား အသီးသီး အသက ဝဲဩဃမှ ရုန်းထွက် လွတ်မြောက်သွားခဲ့ရလေသည်။ ကျွန်မကား ကြီးစွာသော သံယောဇဉ်သမုဒ္ဒယဖြင့် ချစ်သောသူများအပေါ် ကွန်ရက်ဖွဲ့ချည်ခဲ့ပေသည်။ ချစ်သောသူတို့သည် ထို နှောင်ကြိုးများကို ဖယ်ရှားကျော်ဖြတ်နိုင်သော စွမ်းပကားနှင့် ပြည့်စုံကြပါပေသည်။

သမုဒ္ဒယ အမျှင်တန်းများကို အဆက်မပြတ် ထုတ်လွှင့်ရက်ယှက်နေသော ကျွန်မသာလျှင် နောက်ဆုံး အထီးတည်း ကျန်ရစ်ခဲ့လေသည်။

ဂေါတမီတွင် ဘာကျန်ခဲ့သနည်း။

ဗလာဟင်းလင်းဖြစ်သော ရင်။

ထိုရင်ထဲတွင် မြင်မကောင်း ရှုမကောင်း ထောင်းထောင်းပြတ်ကြွေ ဖရိုဖရဲ အစုစု အပုံပုံ သမုဒ္ဒယနှောင်ကြိုး အပိုင်းအစတွေ။

ဂေါတမီ...ညည်း ဘာကိုများ အစိုးရသလဲ။ ကပိလဝတ် မိဖုရားခေါင်ကြီး၊ ညည်းမှာရှိတဲ့ ရာဇအာဏာကြီးနဲ့ ဘာကိုများ ပိုင်စိုးနိုင်ပါသလဲ။ ညည်းရဲ့ဝန်းကျင်ကို ကြည့်လိုက်စမ်း။ ခရီးသည်တွေဟာ သူ့လမ်းကိုသူ လျှောက်သွားခဲ့ကြပြီ။ ညည်းချစ်လှတဲ့၊ ညည်း တွယ်တာလွန်းလှတဲ့သူတွေဟာ သူ့ခရီးနဲ့သူ အရှိန်အဟုန် ကြီးစွာ နှင်သွားခဲ့ကြလေပြီ။

ရွှေနန်းတော်ကြီးထဲမှာ တစ်ဦးတည်း ကျန်ရစ်ခဲ့တဲ့ ညည်းမှာတော့ 'သွားကြလေသူများ' ကိုပဲ တမ်းတပြီး ကာလဆိုတဲ့ အလျဉ်ထဲမှာ ကျွမ်းထိုးမှောက်ခုံ စီးမျောနေပါပေါ့လား။

ရွှေနန်းတော်ကြီးနှင့်တကွသော ကပိလဝတ်ပြည်ကြီးသည် ခရောင်းတောသဲ ကန္တာရကြီး ဖြစ်နေသည်။ ထိုသဲကန္တာရကြီးထဲတွင် အရိုးပြိုင်းပြိုင်း အခက် ကိုင်းကိုင်း ဒဏ်ရာအထပ်ထပ်နှင့် အထီးတည်း ကျန်နေသော အပင်အိုကြီး တစ်ပင်သည် အရုပ်ဆိုးစွာ ရှိနေသည်။

ထိုအပင်အိုကြီးကား ကျွန်မ ဂေါတမီ။ သြော်... အပင်အိုကြီးတစ်ပင်တည်း ကျန်ခဲ့ရှာပါပကောဟူ၍ မုန်တိုင်းကလည်း၊ သက်ညှာသနားနေမည် မဟုတ်။ ဤ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းသာ သွားနေပါက အပင်အိုကြီးသည် ကန္တာရအလယ်၌ ဗိုင်းဗိုင်းလဲကျကာ မြဲင်မကောင်း ရှုမကောင်းဘဝဖြင့် အဆုံးသတ်ပေတော့မည်။

လူ့ဝတ်ကြောင်ဘဝကား စက်ဆုပ်ဖွယ်ကောင်းလေစွ။

အဆုံးစွန်သော စိတ်အားငယ်မှုသည်ပင်လျှင် ဆတူ တန်ပြန်အင်အားကောင်းသော စိတ်တက်ကြွထက်သန်မှုအဖြစ်သို့ ကူးပြောင်းခဲ့လေသည်။

ထိုနေ့က ကပိလဝတ်နန်းတော်သို့ သူတို့ ရောက်လာကြပုံမှာ ကမ်းထက်သို့ အလုအယက် တက်သော သမုဒ္ဒရာလှိုင်းတံပိုးများနှင့်ပင် တူသေးတော့၏။

'သူတို့' ဆိုသည်မှာ အခြားမဟုတ်။

ရောဟိနီအရေးအခင်းအပြီးတွင် ဘုရားရှင်နောက်သို့ လိုက်ပါသွားကြသော ကပိလဝတ် မင်းသား နှစ်ရာ့ငါးဆယ်နှင့် ကောလိယမင်းသား နှစ်ရာ့ငါးဆယ်၊ စုစုပေါင်း ငါးရာသော ရဟန်းတို့၏ ဇနီးကောင်း မင်းသမီးငါးရာတို့ပင် ဖြစ်သည်။

မင်းသမီးငါးရာတို့၏ အကြီးအကဲအဖြစ် သူတို့ဘာသာ သူတို့ တင်မြှောက်လာကြဟန်တူသည့် ကပိလဝတ်မင်းသမီးတစ်ဦးက မရဲတရဲအသွင်ဖြင့် ကျွန်မရှေ့သို့ တိုးလာသည်။

'အစုအဝေး တယ်ကောင်းပါလား၊ ဘာကိစ္စရှိလာသလဲ'

'ခေါင်ကြီးဖုရားထံ သံတော်ဦးတင်စရာ ရှိလို့ပါဘုရား'

မင်းသမီး ငါးရာကို ကျွန်မ တစ်ချက်သိမ်းကျုံးကြည့်လိုက်သည်။ ပုပ့ံပန်းမျက်နှာများ ကိုယ်စီပေါ်တွင် တစ်ခုခုကို အားလုံးသဘောတူညီနိုင်း ဆုံးဖြတ်ထားကြဟန်ပင်။

'ပြောစရာရှိတာ လွတ်လွတ်လပ်လပ် ပြောလေကွယ်'

'မှန်ပါ ခေါင်ကြီးဖုရား၊ ညီမတော်တို့ မင်းသမီးငါးရာအားလုံး စည်းဝေး တိုင်ပင် သဘောတူညီညွှတ်မှု ရလာကြပါတယ်'

'အင်း'

'အခုဆိုရင် မောင်တော်များ...'

သူ့စကား မှားသွားသည်ကို သိဟန်ဖြင့် ပြောလက်စ စကား ရပ်သွားပြီးမှ...

'အရှင်မြတ်များဟာ ဝေသာလီပြည် မဟာဝုန်တောက ကူဋာဂါရသာလာကျောင်းတော်ကြီးမှာ သီတင်းသုံးနေကြတယ်လို့ သိရပါတယ်ဘုရား'

'ကူဋာဂါရသာလာမှာ မြတ်စွာဘုရားကိုယ်တော်တိုင်လဲ ရှိနေတယ်လေ'



'မှန်ပါတယ်ဘုရား'

ဘုရားရှင်ကို သူတို့ မေ့နေကြမည်စိုး၍ ကျွန်မ သတိပေးလိုက်ရသည်။

'ညီမတော်တို့က ဘာများ စည်းဝေးတိုင်ပင် ဆုံးဖြတ်လာကြသလဲ'

မင်းသမီးများအားလုံးက သူ့ကို ဝိုင်းကြည့်ကြသည်။ အားယူကြိုးစားဟန်ဖြင့် သူ နှုတ်တပြင်ပြင် ပြုပြီးမှ...

'မှန်ပါ ခေါင်ကြီးဖုရား၊ ညီမတော်တို့မှာ သျှောင်နောက်ဆံထုံးပါ ဆိုသလို မောင်တော်တို့နဲ့ လက်ထပ်မင်္ဂလာပြုပြီးနောက်မှာ မိဘမောင်နှမ ဆွေမျိုးသားချင်းများကို စွန့်ပယ်ပြီး ကိုယ့်ခင်ပွန်းနောက် ကောက်ကောက်ပါအောင် လိုက်ပါ၊ လင့်မျက်နှာ တစ်ရှာထင်ပြီး ကိုယ့်ဘဝအလုံးစုံကို လင်သည်အပေါ် ပုံအပ်ခဲ့ရသူ မိန်းမသားများ ဖြစ်ပါတယ်ဘုရား'

ကျွန်မ ပြုံးမိသည်။ စကားပြောအကောင်းဆုံးသူကို ရွေးချယ်လာကြပေသည်။

'အင်း... ဆက်ပြောစမ်း ညီမတော်'

'အခုတော့ မောင်တော်၊ အဲ... အရှင်မြတ်ဘုရားများဟာ ညီမတော်တို့ကို အပြီးအပိုင် စွန့်ပယ်စိမ်းကားသွားခဲ့ပြီမို့ ရေထဲက ငါး ကုန်းပေါ် ပစ်တင်လိုက်သလို နိုကိုးရာမဲ့ဘဝနဲ့ လောကအလယ် မျက်နှာငယ်နေရပါတယ်ဘုရား'

'အင်း'

'ကပိလဝတ်နဲ့ ကောလိယ သာကီဝင် ဆွေတော်မျိုးတော်တွေကြားမှာလဲ ကြားမရှိသော ရေကန်၊ အလံမရှိသော ရထား အသွင်မျိုးနဲ့ တိုးလို့သာ အားငယ်နိမ့်ကျရပါတော့တယ်ဘုရား'

'အေးလေ၊ အဲဒီတော့ မင်းတို့က ဘာများ စီစဉ်ထားကြသလဲ'

နောက်သို့ လှည့်ကြည့်သည်။ ပြီးမှ အားယူလျက်...

'အရှင်မြတ်များ သီတင်းသုံးရာ မဟာဝုန်တောကို လိုက်သွားချင်လို့ ခေါင်ကြီးဖုရားကိုယ်တိုင် အမှူးပြုပြီး...'

'တော်စမ်းပါကွယ်'

ကျွန်မ စိတ်ထဲမှာ သနားခြင်းနှင့် ယှဉ်၍ ပြုံးရယ်နေမိသော်လည်း သူတို့ ငွေ့တွေ၏ အမိုက်မှောင်ကို လျှပ်တစ်ပြက် အလင်းသွားဖြင့် ရှုးရှူးရှရှ ထိုးဖောက်ပေးစိမှ ရတော့မည်ဟု သိလိုက်သောကြောင့် ခပ်ထန်ထန် ငေါက်ငမ်းလိုက်ရသည်။

ခေါင်းဆောင်လုပ်သူ မင်းသမီးမှာ ဆတ်ခနဲ တုန်သွားပြီးနောက် လက်အုပ်ချီ

www.burmeseclassic.com

www.burmeseclassic.com



ရှင်း ဖေါင်းငုံ့သွားလေသည်။ ကျန် မင်းသမီးများမှာလည်း သူတို့ခေါင်းဆောင် အခြေအနေမလှသည့်အတွက် လှုပ်လှုပ်ရွရွဖြစ်နေကြသည်။

ကျွန်မခေါင်းထဲတွင် အသိဉာဏ်တစ်ခု လင်းခနဲ ပြက်လာသည်။ နုနယ်မိုက်မဲကြရှာသေးသော ဤသာကီဝင် မင်းသမီးတို့ကို ကျွန်မ ကျွမ်းကျင်စွာ ကိုင်တွယ်ရန်လိုသည်။

'ညီမတော်'

ခေါင်းဆောင်မင်းသမီးကို ကျွန်မ နူးညံ့စွာ ခေါ်လိုက်သည်။ သူ့မျက်နှာ ပြန်ဖော်လာသည်။ အားကိုးအားထားဖြင့် ကြောက်ရွံ့နေသော မျက်လုံးများကို ကျွန်မ ကြင်နာသော အပြုံးဖြင့် တုံ့ပြန်ပေးလိုက်သည်။

'မဟာဝုန်တောကို လိုက်သွားချင်တယ်လို့ ညီမတော် ပြောခဲ့တယ်၊ လိုက်သွားပြီး ကိုယ့်ခင်ပွန်း ကိုယ်ပြန်ခေါ်ဖို့ပေါ့၊ ဟုတ်လား ညီမလေး'

ရှက်ရွံ့စွာ ခေါင်းညိတ်လေသည်။

'သူတို့ ပြန်လိုက်မယ်ထင်သလား ညီမတော်'

တဖျတ်ဖျတ် ပုတ်ခတ်လိုက်သော သူတို့၏ မျက်တောင်အောက်မှ မျက်လုံးရိဝေဝေများတွင် သူတို့ခင်ပွန်းကို သူတို့ပြန်ခေါ်၍ ကျိန်းသေပေါက် ရနိုင်မည် ဟူသော ယုံကြည်မှုများ ရှိနေကြောင်း ကျွန်မ တွေ့လိုက်ရသည်။

'ညီမတော်တို့ရဲ့ ခင်ပွန်းတွေဟာ ရောဟိနီမြစ်ရေ အရေးအခင်းရဲ့နောက်ပိုင်း ရဟန်းပြုသွားကြတဲ့ ပထမအကြိမ်တုန်းကနဲ့ မတူတော့ဘူးဆိုတာ ညီမတော်တို့ မသိကြဘူးလား'

သူတို့ နားစွင့်နေကြသည်။

'ပထမအကြိမ်တုန်းကတော့ ဘုရားရှင်ရဲ့ တန်ခိုးတော်နဲ့ အရှိန်အဝါတော်ကို ကြောက်ရွံ့လေးစားပြီး ရဟန်းပြုခဲ့ကြခြင်းဖြစ်တယ်၊ တကယ်တမ်း သာသနာတော်ထဲမှာ မွေ့လျော်ချင်လွန်းလို့ မဟုတ်ခဲ့ကြဘူး'

တိတ်ဆိတ်ငြိမ်သက်နေသည်။

'ဘုရားရှင်ကိုယ်တော်က ရဟန်းတွေရဲ့ ဒီအဖြစ်ကိုသိတော်မူပြီး ဟိမဝန္တာက မဟာကုဏာလအိုင်ရဲ့ သာယာတင့်တယ်ပုံကို မြင်တွေ့ချင်လာအောင် ဟောပြပြီး တန်ခိုးတော်နဲ့ ရဟန်းတွေအားလုံးကို မဟာကုဏာလအိုင်အရောက် ခေါ်၊ ပိုပြီး လေးနက်ခမ်းနားတဲ့ တရားဓမ္မနဲ့ ဟောကြားတော်မူတဲ့အခါမှာ မူလက လော်လည်နေကြ



တဲ့ ရဟန်းတွေဟာ ရဟန္တာတွေဖြစ်တော်မူသွားကြတယ်၊ ဒါကိုညီမတော်တို့ အားလုံး သိပြီးသား'

'သိပြီးဖြစ်ပါတယ် ခေါင်းကြီးဖုရား'

'ရဟန္တာအရှင်မြတ်တွေဆီ လိုက်သွားပြီး အိမ်ပြန်ခေါ်မယ်ဆိုတဲ့ အကြံဟာ ဦးချိုကို နို့ညှစ်ခြင်းပဲ ညီမတော်၊ ကိလေသာ အာသဝေါကုန်ခန်းသွားပြီဖြစ်တဲ့ ပုဂ္ဂိုလ်များကို ကိလေသာ အာသဝေါနွံထဲ ပြန်ခေါ်ဖို့ ကြိုးစားတယ်ဆိုတာဟာ အချဉ်သော မိုက်မဲမှု၊ အလုပ်အားဖြင့် မိမိကိုယ်မိမိ နှိပ်စက်ညှဉ်းပန်းခြင်း ဖြစ်တယ်'

မင်းသမီး၏ မျက်နှာ သွေးရောင်ဖြန်းသွားလေသည်။

'အလွန်ရှက်စရာကောင်းတဲ့ ကိစ္စလဲ ဖြစ်တယ်'

မျက်နှာများ နီရဲသွားကြသည်။

'မိန်းမသားတို့ရဲ့ အရှက်နဲ့ အကြောက်ဆိုတဲ့ ဂုဏ်ပုဒ်နှစ်ခုကို လွှင့်ပစ်ပြီး ကျွန်မတို့ မိန်းမသားများဟာ ရှင်တို့ယောကျ်ားများ မရှိရင် ဘယ်လိုမှ အသက်ရှင်နေလို့ မရတော့ပါဘူး ဆိုပြီး ယောကျ်ားတို့ခြေရင်းမှာ ခေါင်းငုံ့လည်စင်းခံလိုက်တဲ့ အပြုအမူလဲ ဖြစ်တယ်၊ အလွန်နိမ့်ကျသော အဆင့်ကို ခုန်ဆင်းလိုက်တာနဲ့ အတူတူပဲ'

'ညီမတော်တို့ ဘာလုပ်ရပါမလဲ ခေါင်းကြီးဖုရား'

ကျွန်မ ဆက်ပြောမည်ကို မခံနိုင်တော့သည့်အသွင်ဖြင့် မင်းသမီးက အလျင်စလို မေးလာလေသည်။

'ကိုယ့်ခင်ပွန်းဖြစ်သူများက အလွန်မြင့်မားတဲ့ နေရာဆီကို တက်လှမ်းရောက်ရှိသွားကြချိန်မှာ ဇနီး သားမယားလုပ်သူများက ခင်ပွန်းသည်နဲ့အတူ မြင့်မားသော နေရာဆီ လိုက်ပြီး တက်လှမ်းဖို့ မကြိုးစားဘဲ အောက်ကိုခုန်ဆင်းဖို့ကြိုးစားနေတယ်၊ ဒါဟာ အမြင့်နဲ့အနိမ့် ပိုပြီး ဝေးသထက်ဝေးအောင် ပြုမူတဲ့ သွေးရူးသွေးတန်း အပြုအမူပဲ မဟုတ်လား'

'ဟုတ်ပါတယ် ခေါင်းကြီးဖုရား'

'နားထောင်စမ်း ညီမတော်များ၊ အစ်မတော်တို့ မိန်းမသားများက ဟောဒီ မရှိမှာ သာကီဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အနှိပ်ခံ အဖိခံ ကျဉ်းမြောင်းနိမ့်ကျနေရတဲ့ အမျိုးအစားတွေဖြစ်တယ်၊ အပျိုစင်ဘဝ ရောက်သည်ကစပြီး သားသမီးမြေးမြစ်တွေ ရသည်အထိ အစ်မတော်တို့ရဲ့ ဆန္ဒ ဆုံးဖြတ်ချက် ရွေးချယ်မှုနဲ့ ဘဝတစ်ခုကိုမှ လုပ်ခွင့်မရဘူး၊ အစ်မတော်တို့ရဲ့ ဘဝအလုံးစုံကို ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းထံမှာပဲ ပုံအပ်မြှုပ်နှံလိုက်ရတော့တယ်၊ ကြာလာတဲ့အခါမှာတော့ အဲဒီမိန်းမသားတွေကိုယ်နှိုက်ကလဲ တို့ဘဝကို တို့မပိုင်ပါလားဆိုတဲ့ အသိ စွဲမြဲသွားပြီး အရာရာမှာ အမြဲတမ်း တစ်ဆင့်နိမ့်ကျနေရတော့တယ်၊ အစ်မတော်တို့မှာ နှလုံးသား ဆိုတာ ရှိပေမယ့် အဲဒီနှလုံးသားဟာ ရှင်သန်နေတာမဟုတ်ဘူး၊ နှလုံးသား အသေ'

သူတို့အားလုံး၏ ရင်တွင်းသို့ ထိုးစိုက်ထိခိုက်သွားသော အမှန်စကားကို ကျွန်မဆိုလိုက်ခြင်း ဖြစ်သည်။ အံလွှမ်းကို အနာဖြင့် ဖျက်ရပေတော့မည်။ ပြီးမှ ထိုအနာအတွက် ...

'ညီမတော်တို့ ဘာလုပ်ရပါ့မလဲ ခေါင်ကြီးဖုရား၊ ညီမတော်တို့ရဲ့ နှလုံးသားကို ပြန်ပြီး အသက်ရှင်လာအောင် ပြုပေးတော်မူပါဘုရား'

ကျွန်မ ပြုံးမိပါသည်။ သို့သော် ဤအပြုံးသည် ယခင်အခါများတုန်းကလို မချိသော အပြုံး၊ သရော်သောအပြုံး၊ ကရုဏာယှဉ်သော အပြုံးမျိုး မဟုတ်တော့ပေ။ ရှေ့ဆက်ရမည့် ခြေလှမ်းများအတွက် အားအင်ကို မွေးယူလိုက်သောအပြုံး ဖြစ်လေသည်။

(၁၆)

ဆံပင်ကို ရိတ်ပယ်ကာ ဖန်ရည်ဆိုး အဝတ်ကို ဝတ်ဆင်လျက် ပရိဗိုဇ်အသွင်သို့ ပြောင်းလဲရောက်ရှိကြပြီ ဖြစ်သည့် ကျွန်မနှင့်တကွသော သာကီဝင် မင်းသမီးငါးရာ။

'မဟာပဇာပတိဂေါတမီနဲ့ မင်းသမီး ငါးရာတို့ဟာ ရဟန်းအဖြစ်နဲ့ ဘုရားရှင်ရှိရာ ဝေသာလီကို သွားကြတော့မယ်'ဟူသော သတင်းသည် ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်စလုံးသို့ တောမီးထက် မြန်သောအဟုန်ဖြင့် ပျံ့နှံ့သွားလေသည်။

ကျွန်မတို့၏ ခရီးကို ဟန့်တား၍မရတော့မှန်း သူတို့ သိကြသည်။ ထို့ကြောင့် ရွှေထမ်းစင်များပင် စီစဉ်၍ ပေးကြသည်။ နူးညံ့သိမ်မွေ့သော နန်းတွင်းသူများ ဖြစ်သောကြောင့်ဟု သူတို့က ဆိုသည်။ ကျွန်မက လက်မခံပေ။

'ညီမတော်တို့ ရွှေထမ်းစင်ဝေါယာဉ်ထက် ပိုပြီး အဆပေါင်းများစွာ မြင့်မြတ်ကြီးကျယ်တဲ့ ယာဉ်ကြီးကိုစီးနင်းရန် အစ်မတော်တို့ သွားကြမှာဖြစ်တယ်၊ ဒါကြောင့် မင်းသမီးဘဝက အသုံးအဆောင်ဖြစ်တဲ့ ရွှေထမ်းစင်ကို သုံးစရာမလိုဘူး၊ ပြီးတော့ ယာဉ်ကို စီးပြီး သွားတယ်ဆိုရင် ဘုရားရှင်ကို မရှိသေ မလေးမြတ်ရာ ရောက်တော့



မယ်၊ ရွှေထမ်းစင်ဟာ လိုအပ်သလား ညီမတော်များ'

'မလိုပါဘူး အစ်မတော်ဘုရား'

'ကောင်းပြီ၊ ကပိလဝတ်နဲ့ ဝေသာလီဟာ ငါးဆယ့်တစ်ယူဇနာ ရှိတယ်၊ ဒီခရီးကို အစ်မတော်တို့ ခြေလျင်ပဲ သွားကြမယ်၊ လိုက်နိုင်ပါ့မလား'

'အခုပဲ သွားကြပါစို့ အစ်မတော်ဘုရား'

ယာဉ်အမျိုးမျိုးကို စီစဉ်ပေး၍ မရသည့်အဆုံးတွင် သာကီဝင်မင်းတို့သည် အစောင့်အရှောက်များ၊ ရှေ့မှ ကြိုတင်သွားနှင့်သော၊ နောက်မှ အဆင်သင့် လိုက်လာသော အမှုတော်ထမ်းများ၊ စားရေရိက္ခာများ၊ တစ်ဆင့်ပြီး တစ်ဆင့် စခန်းချရန် နေရာဒေသများ ... စသည်တို့ကို လိုလေသေးမရှိအောင် စီမံပေးကြလေသည်။

ငယ်ရွယ်သူ အချို့မင်းသမီးလေးများကမူကား ...

'တွေ့ကြလား၊ တို့မိန်းမသားတွေကို သူတို့ သာကီဝင်မင်းတွေဟာ တစ်ခါမှ ဒီလို ဂရုတစိုက် လုပ်ပေးဖူးတာ မဟုတ်ဘူး၊ အခုကြည့်စမ်း၊ ဂရုစိုက်လိုက်ကြတာများ၊ ဒါဟာ တို့များ ဝေသာလီကိုတောင် မရောက်သေးဘူးနော်၊ ဝေသာလီကို သွားတဲ့ ခရီးလမ်းပဲ ရှိသေးတယ်'

ဟု ကျူးရင့်ကြရှာသည်။

ကပိလဝတ် – ဝေသာလီခရီးကား ကျွန်မတို့အတွက် ကြမ်းတမ်းသော ခရီးပင်။ ဝေါယာဉ်၊ နန်းရင်ပြင်၊ ကတ္တီပါဖုန်တို့ဖြင့်သာ ကျွမ်းဝင်ထိတွေ့ခဲ့လေသော ကျွန်မတို့၏ ခြေဖဝါးများသည် မြေမှုန့်၊ ကျောက်စရစ်၊ လယ်ကန်သင်းမှ ပုစွန်ကျစ်စာများ၊ နံပျော့ရွံ့ညွှန်များကို ခက်ခဲပင်ပန်းစွာဖြင့် ဖြတ်ကျော်ရလေသည်။

သို့သော် ကျွန်မတို့သည် စားချိန်နှင့် အနားယူချိန်မှအပ အနားမနေကြ။ အချိန်ကို လေးဖင့်အောင် မဆွဲကြ။ ဘုရားရှင်နှင့် တွေ့ရန် တစ်ရက် တစ်နေ့ နောက်ကျလျှင် ဘိက္ခုနီဖြစ်ရန် တစ်ရက် တစ်နေ့ ဆုံးရှုံးခြင်းဟု သဘောပိုက်ကာ ခရီးကြမ်းကို မနားတမ်းပင် နှင်ခဲ့ကြလေသည်။

နွမ်းနယ်နေသော အသွင်များ အားလုံးတွင် တူညီသောအရာ ကိုယ်စီ ရှိလေသည်။

ယင်းကား ရွှန်းလက်တက်ကြွနေကြသော မျက်လုံးအစုံပင်။



www.burmeseclassic.com

www.burmeseclassic.com



(၁၇)

ဝေသာလီ၏ ကူဋာဂါရသာလာကျောင်းတော်မုခ်ဝသို့ ရောက်ခဲ့ကြလေပြီ။

သူစိမ်းရပ်ရွာ၊ တိုင်းတစ်ပါး ဝေသာလီသို့ရောက်ပြီဟူသော အသိကြောင့် အားငယ်နေကြသူများလည်း ရှိသည်။ ခရီးကြမ်း၏ ပင်ပန်းမှုကြောင့် ဖူးရောင်အက်ကွဲသော ခြေဖဝါးမှ ဒဏ်ရာဖြင့် မလှုပ်နိုင်မရှားနိုင် ဖြစ်နေသူများလည်း မနည်းမနော။

သူတို့အားလုံး နွမ်းနယ်နေသော မျက်နှာများဖြင့် ကျွန်မကို ကြည့်နေကြသည်။

ကျွန်မမှာ နွမ်းနယ်ပင်ပန်းမှုမှန်သမျှကို မေ့ပျောက်ပစ်နိုင်သော်လည်း အားငယ်စိတ် တစ်ခုကိုမူကား ဖယ်ရှား၍မရ၊ အထူးသဖြင့် ဘုရားရှင်ကိုယ်တော်သီတင်းသုံးနေတော်မူသော ကျောင်းတော်မုခ်ဝကြီးကို ကြည့်၍ အားငယ်စိတ်များ မကြုံစဖူးဝင်လာသည်။

ကျောင်းတော်မုခ်ဝကြီးကား ကျွန်မအတွက် အဆမတန် ကြီးမားလှပါဘိခြင်း။

ကူဋာဂါရသာလာကျောင်းတော်ကြီး၏ အရှိန်အဝါအောက်တွင် ကျွန်မသည် အချိန်နှင့်အမျှ သေးငယ်သွားနေသလို ခံစားရတော့သည်။ ကျွန်မ၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်၍ သူတို့ခမျာလည်း မျက်ရည်ဝဲလာကြသည်။

မုခ်ဝကြီးကို မော့ကြည့်ရင်း မလှုပ်မရှားရှိနေသော ကျွန်မအနီးသို့ သူတို့ စုဝေးလာတော့သည်။

'အစ်မတော်၊ ညီမတော်တို့ ကျောင်းတော်ထဲ ဝင်ခွင့်မှ ရပါ့မလားဟင်'

ထိုအမေးစကားကို ကျွန်မ မဖြေနိုင်ပါ။

'ခေါင်းကြီးဖုရား၊ အခု ညီမတော်တို့ဟာ ဘုရားရှင်က ခွင့်ပြုတော်မမူသေးဘဲ ကိုယ့်ဘာသာကိုယ် ပရိဗိုဇ်ရဟန်းမအသွင်ယူလာကြပြီ၊ ဒီအသွင်နဲ့ပဲ ဝေသာလီကို ရောက်လာကြပါပြီ၊ ဒါကို ကပိလဝတ်၊ ကောလိယသာမက အခုဆိုရင် အခြားတိုင်းပြည်တွေကပါ ကြားသိနေကြပြီ၊ ဘုရား ဘုရား... တကယ်လို့များ ဘုရားရှင်က ညီမတော်တို့ကို ရဟန်းဘောင်ဝင်ဖို့ ခွင့်ပြုတော်မမူခဲ့ရင်တော့...'

'ဟုတ်တယ် အစ်မတော်၊ အဲဒီလိုသာဆိုရင်တော့ မဇ္ဈိမတစ်ဒေသလုံး ညီမတော်တို့ကို အလွန်အကျူး ကဲ့ရဲ့ရှုတ်ချကြတော့မှာပဲ၊ အို...ဘုရား...ဘုရား'

စိတ်နုသော အချို့ငယ်ရွယ်သူများမှာ မုခ်ဝရှေ့မှာပင် ငိုကြတော့သည်။

ကျွန်မမှာ မုခ်ဝကြီးကို မော့ကြည့်ရင်း မလှုပ်မရှားနိုင်။



မုခ်ဝမှတစ်ဆင့် ကျောင်းတော်ပရဝုဏ်အတွင်းသို့ ငေးနေမိသည်။ ကျောင်းတော်အတွင်းသို့ ကျွန်မ မဝင်ရဲ။ ကပိလဝတ်တွင် ရှိစဉ်က ဝေသာလီသို့ လာခဲ့ရလမ်းတစ်လျှောက်လုံးတွင် ရှိခဲ့သမျှသော တက်ကြွထက်သန်မှုတို့သည် ယခုအခါ ပျောက်ဆုံးနေသည်။ မိမိ၏ အပြုအမူကို မိမိဘယ်သောအခါကမျှ သံသယမဝင်ဖူးခဲ့သည့် ဂေါတမီသည် ယခုအခါ သံသယဖြင့် ကိုယ့်ကိုယ်ကို စစ်ဆေးနေမိသည်။

ကိုယ်တိုင်ရော မင်းသမီးငါးရာပါ ဆံကေသာပယ်ရှင်း၍ ဖန်ရည်ဆိုး အဝတ်ကို ဆင်မြန်းကာ ပရိဗိုဇ်အသွင် ယူခဲ့ခြင်းသည် မှားယွင်းများ မှားယွင်းနေပြီလား၊ ဘုရားရှင် ခွင့်ပြုချက်ကို မရသေးဘဲ ရဟန်းဘောင်သို့ကူးရန် စီစဉ်ခဲ့ခြင်းသည် ရှေ့လောကြီးရာ ရောက်နေပြီလား။ ကျွန်မကြောင့် သာကီဝင်မင်းသမီး ငါးရာတို့မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရတော့မည်လား...။

အားငယ်သော အတွေးသည် လှိုင်းဂယက်လို ကျယ်ပြန့်သွားသည်။

ဤအရေးသာ မအောင်မြင်ခဲ့ပါက ကျွန်မတို့ မိန်းမသားတစ်ရပ်လုံး လောက၏ မျက်စောင်းဒဏ်အောက်တွင် အလူးလူး အလိမ့်လိမ့် ဖြစ်ကြရတော့မည်။ နဂိုကတည်းကမှ အနိမ့်အဖိခံ ကျွန်မတို့မှာ ပို၍သာ ပြားပြားဝပ် အခွင့်အရေးဆုံးရှုံးရတော့မည်။

ဤအရာခပ်သိမ်းတို့အတွက် တာဝန်အရှိဆုံး၊ အပြစ်အရှိဆုံးကား ကျွန်မ။ ဂေါတမီ။

နှလုံးကို ကြိတ်ချေဖိညှစ်ခြင်းကြောင့် ဝေသီလာသော မျက်ရည်စများဖြင့် ကျွန်မ၏ မြင်ကွင်းသည် မပီမသဖြစ်လာသည်။ ကျောင်းတော်ပရဝုဏ်အတွင်းသို့ ကျွန်မအမြင် ကောင်းစွာ မသဲကွဲတော့။

ထိုမသဲမကွဲမြင်ကွင်းထဲ၌ ဝါရွှေသော အရောင်အဆင်းတစ်ခု လှုပ်ရှားသည်။ ထိုအရာသည် မုခ်ဆီသို့ တရွေ့ရွေ့ချဉ်းကပ်လာသည်။ ကျွန်မ မျက်တောင် ပုတ်ခတ်၍ မျက်ရည်စများကို ရှင်းလင်းလိုက်ရသည်။ မြင်ကွင်း ကြည်လင်ပြီ။

အို... အရှင်အာနန္ဒာ ကိုယ်တော်မြတ်ပါလား။

ကျွန်မ အားတက်ရွှင်လန်းလိုက်ပုံမှာ ပြောဖွယ်မရှိ။

အရှင်မြတ်သည် ကျွန်မ၏ရှေ့မှောက်တွင် ခြေစုံရပ်တော်မူသည်။ ကြည်နူးဝမ်းမြောက်ဖွယ် လက်အုပ်ချီ ရှိခိုးပြီးနောက် ကျွန်မ အရှင်မြတ်ကို လျှောက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အရှင်မြတ်ဘုရား ... သာသနာတော်အတွင်းမှာ မာတုဂါမ၏ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုခြင်းကို မြတ်စွာဘုရား ခွင့်ပြုတော်မမူခြင်းကြောင့် တပည့်တော်မ ဂေါတမီနှင့်တကွသော သာကီဝင် မင်းသမီးငါးရာတို့ ဤနေရာမှာပင် ရပ်တန့်နေရပါတယ်ဘုရား'

အရှင်မြတ်ထံမှ ကရုဏာငွေ့စကားကို ကြားရပါသည်။

'မိထွေးတော် ... ဤနေရာမှာပဲ ခေတ္တငံ့လင့်နေပေဦး၊ မာတုဂါမများရဲ့ ရဟန်းပြုခွင့်ကို ယခုပဲ မြတ်စွာဘုရားထံ သွားပြီး ကျွန်ုပ်လျှောက်ထားပေးပါ့မယ်'

ပရဝုဏ်အတွင်းသို့ ပြန်ကြွသွားသည့် အရှင်အာနန္ဒာကိုကြည့်ရင်း ကျွန်မတို့အားလုံး ငြိမ်သက်သွားကြသည်။ ဤတိတ်ဆိတ်မှုထဲတွင် ရဟန်းဘောင်သို့ ဝင်ရောက်ရတော့မည်ဟူသော မျှော်လင့်ယုံကြည်ချက်သည် တဖြည်းဖြည်း တစ်စစကြီးမားနိုင်မာလာလေသည်။

(၁၈)

'တပည့်တော်မသည် ဘိက္ခုနီပဥ္စင်းဖြစ်၍ ဝါတစ်ရာပင် ရှိသော်ငြား၊ ထိုနေ့ပင် ပဥ္စင်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီ ရိုသေခြင်းအမှုကို ပြုပါမည်၊ ဤတရားကို အသက်ထက်ဆုံး စောင့်ထိန်းကာ ရိုသေလေးစားမြတ်နိုးပူဇော်ပါအံ့'

'တပည့်တော်မသည် လ၏ ထက်ဝက် ဆယ့်ငါးရက်တိုင်းတွင် ဘိက္ခုသံဃာထံမှ ဥပုသ်ကို မေးခြင်း၊ အဆုံးအမ ခံယူရန် ချဉ်းကပ်ခြင်းဟူသော တရားနှစ်ပါးကို လိုလားတောင့်တပါမည်၊ ဤတရားကို အသက်ထက်ဆုံး စောင့်ထိန်းကာ ရိုသေလေးစား မြတ်နိုးပူဇော်ပါအံ့'

'တပည့်တော်မသည် ဝါကျွတ်သောအခါ နှစ်ဖက်သံဃာ၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းတည်းဟူသော အကြောင်းသုံးမျိုးအားဖြင့် ပင့်ဖိတ်ပါမည်၊ ဤတရားကို အသက်ထက်ဆုံး စောင့်ထိန်းကာ ရိုသေလေးစား မြတ်နိုးပူဇော်ပါအံ့'

'တပည့်တော်မသည် နှစ်နှစ်ပတ်လုံး တရားခြောက်ပါးကို ကျင့်ပြီးသော သိက္ခမာန်အား နှစ်ဖက်သော သံဃာ၌ ပဥ္စင်းခံခြင်းကို ရှာပါမည်၊ ဤတရားကို အသက်ထက်ဆုံး စောင့်ထိန်းကာ ရိုသေလေးစား မြတ်နိုးပူဇော်ပါအံ့'



'တပည့်တော်မသည် ရဟန်းယောကျ်ားတို့ကို မည်သည့် တစ်စုံတစ်ခုသောအကြောင်းနှင့်မျှ ပုတ်ခတ်ရေရွတ်ပြောဆိုခြင်း မပြုပါ၊ ဤတရားကို အသက်ထက်ဆုံး စောင့်ထိန်းကာ ရိုသေလေးစား မြတ်နိုးပူဇော်ပါအံ့'

'တပည့်တော်မသည် ရဟန်းဖြစ်သည့်နေ့မှစ၍ ရဟန်းယောကျ်ားတို့အပေါ်၌ ဘိက္ခုနီမတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်တားဆီး သိနေပါမည်၊ ဘိက္ခုနီမတို့အပေါ် ရဟန်းယောကျ်ားတို့၏ ပြောဆိုခွင့်ကို မပိတ်ပင် မတားဆီးပါ၊ ဤတရားကို အသက်ထက်ဆုံး စောင့်ထိန်းကာ ရိုသေလေးစား မြတ်နိုးပူဇော်ပါအံ့'

လေးစားစွာ လိုက်နာကျင့်သုံးရမည့် ဂရုဓမ္မတရား ရှစ်ပါးတို့ကို ဝန်ခံလိုက်နာကာ ကျွန်မသည် ဘိက္ခုသံဃာကဥတ္တိစတုက္ကကမ္မဝါစာဖြင့် ရဟန်းအဖြစ်သို့ရောက်ခဲ့ပါပြီ။

ဘုရားရှင်၏ ခွင့်ပြုတော်မူခြင်းကို လွယ်လွယ်နှင့် ရခဲ့သည်ကား မဟုတ်ပါ။

အရှင်အာနန္ဒာ ကိုယ်တော်သည် ဘုရားရှင်အား အကြိမ်ကြိမ် ခွင့်တောင်းလျှောက်ထားခဲ့ရပေသည်။ ခက်ခက်ခဲခဲ ကြိုးကုတ်၍ ရရှိသောအရာကိုမှ ပို၍ တန်ဖိုးထားတတ်သော ကျွန်မတို့ မိန်းမသားသဘာဝကို ဘုရားရှင် ကောင်းစွာ သိမြင်နားလည်တော်မူပါပေသည်။

ဂရုဓံတရား ရှစ်ပါးကို ဝန်ခံလိုက်နာနိုင်မည်လောဟု အရှင်အာနန္ဒာက မေးသောအခါ ကျွန်မမှာ ပီတိသဒ္ဒါဖြင့် တစ်ကိုယ်လုံး ညွှတ်နူးပျောင်းအိစွာ လျှောက်ထားမိခဲ့ပါသေးသည်။

'အရှင်မြတ်ဘုရား၊ နုနယ်ပျိုမျစ်၍ လှပတင့်တယ်မှုကို အလွန်အကျူး တပ်မက်သော မိန်းမပျိုသည် ဦးခေါင်းဆေးလျှော် ဆံကေသာကို ဖြီးသင်ရှင်းလင်းပြီးသကာလ လှပထုံသင်း ပန်းမင်းမာလာတို့ကို အစုံသော လက်တို့ဖြင့် ယုယနှစ်သက်စွာ ပွေ့ယူချီမ ဖွဖွ အုပ်ကိုင်ကာ ဆံကေသာထက်တွင် ပန်ဆင်ဘိသကဲ့သို့ တပည့်တော် ဂေါတမီသည်လဲ ဤဂရုဓံတရား ရှစ်ပါးတို့ကို မြတ်နိုးစွာ ပန်ဆင်ပါမည်ဘုရား'

သာကီဝင်မင်းသမီး ငါးရာတို့လည်း ရဟန်းဖြစ်ခဲ့ကြပါသည်။

ကျွန်မကိုယ်တိုင်မှုကား မဟာပဇာပတိ ဂေါတမီ ထေရီမဟူ၍ ဝါ အရင့်ဆုံးဥဏ်ထူးဘွဲ့ဖြစ်ပေသော ရတ္တညုတေဒဂ်ဘွဲ့ ရရှိခဲ့သည့် သာသနာ့သမီးတော်မြတ်ဘွဲ့ပါးအဖြစ်သို့ ရောက်ရှိခဲ့ပါပြီ။

**သီရိဆွေစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သံသရာ၏ အခြားတစ်ဖက် ကော့ဥသုံ လွတ်မြောက်ခြင်းသို့ ကျွန်မ ဦးတည် ရှေးရှုနေပြီ ဖြစ်ပါသတည်း။

ချစ်ဦးညို

BURMESE CLASSIC .com

**သိရိဆွေစာအုပ်တိုက်မှ**
**ဆက်လက်ထွက်ရှိမည့် စာအုပ်များ**

# ချစ်ဦးညို

## နဝရတ်ကိုးသွယ်

စာမူခွင့်ပြုချက်–၈၄၉/၂၀၀၄(၁၂)

## ဦးတင်ဦး (ကျူရှင်)

ဆင်တစ်ကောင်တည်းပေါ် နှစ်ယောက်အတူစီး၍ စီးခြင်းထိုးကြခြင်း
နှင့်
အခြားဆောင်းပါးများ

စာမူခွင့်ပြုချက်–၇၅၂/၂၀၀၃(၈)

www.burmeseclassic.com